www.burmeseclassic.com

# နန်းကျဘုရင်သီပေါ

တက္ကသိုလ်စိန်တင်
မြန်မာပြန်သည်

# MANDALAY THE GOLDEN

By
E. C. V. FOUCAR



ဒုတိယအ

www.burmeseclassic.com

www.burmeseclassic.com


# နန်းကျဘုရင်သီပေါ

တက္ကသိုလ်စိန်တင် (မြန်မာပြန်)

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ်၊ နလုံးလှစာပေ၊ ၁၉၇၃ ခုနှစ်၊ အုပ်ရေ- ၂၀၀၀

ဒုတိယအကြိမ်၊ ဂုဏ်ထူးစာပေ၊ ၂၀၀၃ ခုနှစ်၊ ဇွန်လ၊ အုပ်ရေ- ၂၀၀၀

စာမူခွင့်ပြုချက်

၄၄/၂၀၀၁(၁၂)

မျက်နှာဖုံးခွင့်ပြုချက်

၂၀/၂၀၀၃(၃)

မျက်နှာဖုံးပန်းချီ

**ပန်းချီ မောင်ကျော်ညွန့်**

မျက်နှာဖုံးပုံနှိပ်

ဦးတိုးဝင်း၊ နေလရောင် ပုံနှိပ်တိုက်

အမှတ်- ၉၆/ခ၊ ၁၁ လမ်း၊ ရန်ကုန်မြို့။

ကွန်ပျူတာစာစီ

**ဦးခင်ဇော်မောင် *KZ*AW DTP**

အတွင်းဖလင်

**ပန်းချီ ကိုမြင့်အောင်**(တောက်တောက်ဝင်း)

စာအုပ်ချုပ်

**ဦးတင်အေးနှင့်အဖွဲ့၊** ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်

ရောင်းဈေး

၂၅၀၀ ကျပ်

စာအုပ်ကို တက္ကသိုလ်စိန်တင် (မြ-၀၁၀၉၆) ညောင်ရမ်း စာအုပ်တိုက်၊ မိုးမခမြိုင်၊ အမှတ်-၁၁၈၇/၁၁၈၈၊ မိုးမခလမ်း၊ (၄၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဦးအောင်ကြီး(ယာယီ-၁၃၈၉) တောက်တောက်ဝင်း အော့ဖ်ဆက်၊ အမှတ် ၁၆၉၊ ၃၃ လမ်း(အထက်)၊ ရန်ကုန်မြို့ကပုံနှိပ်သည်။


## တက္ကသိုလ်စိန်တင်၏ စာအုပ်များ

၁။ နှင်းမှုန်ကြားမှ တပ်နီတော်
၂။ ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာ ဦးသန့်
၃။ ဟစ်တလာ၏ သစ္စာဇကရီ
၄။ ၁၉၄၅ မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်း
၅။ ရဲဘော်သုံးကျိပ်မော်ကွန်း
၆။ ငွေမားဗိုလ်
၇။ အန္တရာယ်တောင်ကြား
၈။ နွေမင်းသားနှင့် ဆောင်းဇကရီ
၉။ ကဲ့ကော်မြိုင်တန်း လွမ်းပန်းဝေဝေ
၁၀။ နန်းကျဘုရင်သီပေါ
၁၁။ အကျဉ်းခံသီပေါ
၁၂။ မင်းတုန်းမင်း၏ နောက်ဆုံးနေ့များ
၁၃။ မြန်မာ့နိုင်ငံရေးဇာတ်ခုံမှ စောစံဖိုးသင်
၁၄။ ၁၉၇၃ အာရပ်-အစ္စရေး သဲကန္တာရစစ်ပွဲ
၁၅။ ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း
၁၆။ ဇကရီစုဖုရား
၁၇။ မုန်တိုင်းဗိုလ်ရဲဒင်
၁၈။ အိုဘယ့်အနော်ရထာ
၁၉။ ပုဂံမှာကျန်စစ်သား
၂၀။ ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို
၂၁။ သိင်္ဂီဆောင်အခန်းအမှတ် (၃)
၂၂။ မိန်းမချောကလေးများ မချစ်ရ
၂၃။ ထို့ကြောင့် မိန်းမဟုခေါ်သည်
၂၄။ စတီရီယိုမင်းသမီး
၂၅။ ကျွန်တော်တို့အမေ
၂၆။ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနှင့် သခင်ဗစိန်
၂၇။ ပခုက္ကူဦးအုံးဖေ (ဘဝခရီးနှင့် အောင်မြင်နည်း အတွေ့အကြုံများ)
၂၈။ ဆိုဗီယက်ယူနီယံပြိုကွဲခြင်း
၂၉။ မြန်မာ့တော်လှန်ရေးအာဇာနည် ပုဂံဗိုလ်ချို
၃၀။ ပုဂံရှာပုံတော် (၁) (နရသီဟပတေ့မင်း၊ မိဖုရားစောလုံနှင့် မိဖုရားစွာစော)
၃၁။ မြင်ကွန်းနှင့် ကနောင်
၃၂။ ပုဂံရှာပုံတော် (၂) (အနန္တသူရိယ၊ နရပတိစည်သူမင်းနှင့် ဝေဠုဝတီမိဖုရား)

www.burmeseclassic.com

www.burmeseclassic.com


## တက္ကသိုလ်စိန်တင်နှင့် ဆက်သွယ်ရန်လိပ်စာသစ်

**တက္ကသိုလ်စိန်တင်**


မိုးမခမြိုင်၊ အမှတ်-၁၁၅၇/၁၁၅၈၊

မိုးမခလမ်း၊ (၄၆) ရပ်ကွက်၊

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။

☎ ၅၈၀၄၅၅


## သမိုင်းဝင် ဓာတ်ပုံများ




၁) အေဒီ ၁၇၁၈တွင်၊ မြန်မာနိုင်ငံသမိုင်းကို ပြုပြင်ရေးသားမည့် ပုဂ္ဂိုလ်ထူး တစ်ယောက်၊ ရွှေဘိုတွင် ဖွားမြင်ခဲ့၏။ (စာမျက်နှာ- ၂၆)

ရွှေဘိုမြို့အဝင်မှ၊ လှပခံ့ထည်သော မုခ်ဦးကြီး


www.burmeseclassic.com

www.burmeseclassic.com



(၂) အလောင်းဘုရားကား၊ မြန်မာပြည်ကို ကျယ်ဝန်း ခံ့ညားသော၊ အမျိုးသား နိုင်ငံတော်ကြီး တစ်နိုင်ငံ အဖြစ်သို့ ရောက်အောင် တည်ထောင် နိုင်ခဲ့သူ ဖြစ်သည်။ (စာမျက်နှာ- ၂၇)

ရွှေဘိုမြို့ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ရုပ်တု




(၃) မင်းတုန်းမင်းကား၊ ဗြိတိသျှတို့ကို အလွန်မုန်းတီးသူ ဖြစ်၏။ သူသည် မိမိ နယ်မြေပိုင်နက်များ ဆုံးရှုံးခဲ့ရပြီဟု ဝန်ခံသော၊ စစ်ပြေငြိမ်း စာချုပ်၊ ချုပ်ဆိုရန် ဆန္ဒမရှိ။ (စာမျက်နှာ- ၃၄)

မန္တလေး ရတနာပုံ နေပြည်တော်၊ ပဉ္စမသင်္ဂါယနာတင်၊
ဘဝရှင်မင်းတုန်းမင်းတရားကြီး

www.burmeseclassic.com

www.burmeseclassic.com



(၄)  နန်းမြို့ရိုးကို တံခါး (၁၂) ခု ကာရံထား၏။ မြို့ရိုးတစ်ဖက်စီတွင် တံခါး (၃) ခု ရှိသည်။  (စာမျက်နှာ– ၃၇)

မြန်နန်းစံကျော် ရွှေနန်းတော် တံခါး (၁၂) ခုမှ၊ ကြေးမုံ တံခါး





၅)  ရွှေပိန်းချ ကျွန်လုံးတိုင်ကြီးများ၊ ယွန်းအနုပညာ မွမ်းမံထားသော သက်ရာကောင်း၊ လက်ရာမွန်များဖြင့် ဆောက်လုပ် သွယ်တန်းထားသော အဆောင်များ၊ နန်းတော်၏ တံစက်မြိတ်နှင့် စုလစ်မွန်းချွန်ဖြင့် ပြီးသော ပြာသာဒ်ဆောင်တို့မှာ။  (စာမျက်နှာ–၃၈)

ခံ့ညားထယ်ဝါလှသော၊ မြန်နန်းစံကျော် ရွှေနန်းတော် မြေနန်းပြာသာဒ်တော်ကြီး၊


www.burmeseclassic.com

www.burmeseclassic.com



(၆) နန်းတော်တွင်း၌ အဆောင်ဆောင် အခန်းခန်း များစွာ ရှိပေရာ၊ မိဖုရားများ၊ သားတော် သမီးတော်များနှင့်၊ ယင်းတို့၏ မောင်းမ မိသံ ခြွေရံသင်းပင်းတို့ အတွက် နန်းဆောင် အသီးသီး သတ်မှတ်ပေးထားသည်။ (စာမျက်နှာ- ၄၄)

မန္တလေး ရတနာပုံ နေပြည်တော်၊ မြနန်းစံကျော် ရွှေနန်းတော်ကြီး အတွင်းမှ၊ အဆောင်ဆောင် အခန်းခန်းများ




၇) နန်းတော်သည် နိုင်ငံတော်၏ အချက်အချာ ဖြစ်ရုံမျှမကသေး၊ ဘုရင့် စံအိမ်တော်လည်း ဖြစ်သည်။ တစ်ဖန် တကယ်ပစ်၍ ရသည်၊ မရ သည် အပထား၊ ဘုရင့် အမြောက်၊ သေနတ်၊ မီးပေါက် လက်နက်မ ... ခဝဲ သိမ်းဆည်းထားရာ နေရာဆိုကလည်း မမှား။ (စာမျက်နှာ- ...)

မြနန်းစံကျော် ရွှေနန်းတော်ကြီးရှေ့မှ ခံ့ညားလှသော အမြောက်ကြီး၊

www.burmeseclassic.com

www.burmeseclassic.com



၈၊ အရှေ့တံခါးမကြီးကို မျက်နှာမူ၍ နေသော၊ ခန်းမကြီးမှာ၊ အရေးကြီးသော၊ ညီလာခံခန်းမဆောင်ကြီး ဖြစ်သည်။ ဤနေရာကား၊ သီဟာသနပလ္လင် တည်ရှိရာ နေရာ ဖြစ်သည်။ (စာမျက်နှာ−၄၄)

မြနန်းစံကျော် ရွှေနန်းတော်ညီလာခံ ခန်းမဆောင်ကြီးအတွင်းမှ၊
ခြင်္သေ့ရုပ်ခံ သီဟာသန ပလ္လင်တော်။



(၉) ဝန်ကြီးများထဲတွင်၊ အထင်ရှားဆုံးမှာ၊ ကင်းဝန်မင်းကြီး ဖြစ်သည်။ မြန်မာဘုရင်များ အုပ်ချုပ်ပုံ စံနစ်မှာ၊ ဝန်ကြီးချုပ် ရာထူးဟု မရှိသော်လည်း၊ ကင်းဝန်မင်းကြီးရာထူးမှာ၊ ဝန်ကြီးချုပ် ရာထူးမျိုးပင် ဖြစ်သည်။ (စာမျက် နှာ− ၄၇)

ထင်ရှား ကျော်ကြားသော ကင်းဝန်မင်းကြီး ဦးကောင်း။

www.burmeseclassic.com

www.burmeseclassic.com



(၁၀) မန္တလေးတောင်မှာ အတိတ်ကောင်း နိမိတ်ကောင်းဖြင့်၊ ပြည့်စုံသည်ဟု၊ အယူတော် မင်္ဂလာရှိပြီး ဖြစ်၏။ မင်းတုန်းမင်းကလည်း၊ မိမိ၏ အိပ်မက်များတွင်၊ မန္တလေးတောင်ကို၊ အမြဲမြင်နေကြောင်း၊ မိန့်ကြားသည်။ (စာမျက်နှာ- ၃၅)

မန္တလေး ရတနာပုံ နေပြည်တော် သမိုင်းဝင် မန္တလေးတောင်တော်




၁၁) မင်းတုန်းဘုရင်သည် မန္တလေးတောင်ခြေတွင် မဟာလောကမာရဇိန်ဘုရား တည်ထားကိုးကွယ်ရန် စီစဉ်သည်။ (စာမျက်နှာ- ၈၉)

မင်းတုန်းမင်းကြီးကာသိုလ်တော်မန္တလေးမြို့မဟာလောကမာရဇိန်စေတီ

www.burmeseclassic.com

www.burmeseclassic.com



(၁၂)  ၁၈၆၆ ခုနှစ်တွင်၊ ပြဿနာသည်၊ ပေါက်ကွဲထွက်လာလေသည်။ တောင်ရွှေရေး၊ မိဖုရား၏ သားတော်များ ဖြစ်ကြသော၊ မြင်ကွန်းနှင့် မြင်းခုန်တိုင် မင်းသားတို့သည် မိမိတို့ နန်းရရေးတွင်၊ အတားအဆီး ဖြစ်နေသော၊ အိမ်ရှေ့မင်းကို ဖယ်ရှားရန် ဆုံးဖြတ်လိုက်ကြလေသည်။

(စာမျက်နှာ– ၉၀)

**နိုင်ငံခြားရောက်၊ ပြည်ပြေး မင်းသားကြီး မြင်ကွန်းမင်းသား (အလယ်) နှင့် သား နှစ်ယောက်၊ *(ခာတ်ပုံကို၊ ဦးအုန်းမြင့်၊ အထပြ၊ သရက်ချောင်း အထက၊ ထားဝယ်ခရိုင် မှ ကျေးဇူးပြုသည်။)***




(၁၃)  အိမ်ရှေ့စံ ကနောင်မင်းသားမှာ၊ မြင်းခုန်တိုင် မင်းသား၏ လုပ်ကြံမှုကြောင့် နေရာတွင် ကျဆုံးသွားရ၏။ (စာမျက်နှာ– ၉၁)

> အိမ်ရှေ့စံမင်း၊ သီရိပဝရ မဟာသုဓမ္မရာဇာ ကနောင်မင်းသားကြီး (၂-၈-၁၈၆၆) နေ့တွင် ကျဆုံးခဲ့ပုံ၊ ကျောက်သား ကမ္ပည်းစာ၊ မန္တလေးမြို့ စန္ဒာမုနိ ဘုရားဝင်း အတွင်း၌ ထားရှိသည်။


www.burmeseclassic.com

www.burmeseclassic.com



(၁၄) ဗြိတိသျှ သံကိုယ်စားလှယ် ကပ္ပတိန် စလေဒင်သည်၊ ထိုအချိန်က၊ မန္တလေး နေပြည်တော်တွင် ရှိနေခဲ့ပြီး၊ အိမ်ရှေ့စံ ကနောင်မင်းသား လုပ်ကြံခံရသော အဖြစ်ဆိုးကြီးကို မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့သည်။ (စာမျက်နှာ– ၉၇)

ကပ္ပတိန် စလေဒင်၊
(နောင် ရတနာပုံပြည်သိမ်းတပ်မှူး ကာနယ်စလေဒင်)



(၁၅) မိဖုရားခေါင်ကြီး၊ နတ်ရွာစံ ကံတော်ကုန်ရှာသည်။ မိဖုရားခေါင်ကြီး အတွက်၊ သတိရ အထိမ်းအမှတ်၊ သချိုင်းဂူကို၊ မင်းတုန်းဘုရင်မင်းမြတ်က အထူးစီမံဆောက်လုပ်ခဲ့၏။ (စာမျက်နှာ–၁၁၆)

မြနန်းစံကျော် ရွှေနန်းတော်ဝင်းမိဖုရားခေါင်ကြီး
စကြာဒေဝီ၏ အုတ်ဂူ


www.burmeseclassic.com

www.burmeseclassic.com



(၁၆) မင်းတုန်းဘုရင်၏ အတုမရှိ စေတီတော်မြတ်၊ ၁၈၇၈ ခုနှစ်တွင်၊ အပြီးသတ် တည်ဆောက်နိုင်ခဲ့သည်။ (စာမျက်နှာ– ၁၁၇)

မန္တလေး ရတနာပုံ နေပြည်တော်၊ မင်းတုန်းဘုရင်မင်းမြတ်၏ ကုသိုလ်တော်၊ အတုမရှိ စေတီတော်ကြီး



၁၇) ၁၈၇၈ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့တွင်၊ ဘုရင်မင်းမြတ် ်တ်ရှာစံ ကံတော်ကုန်သွားခဲ့လေသည်။ (စာမျက်နှာ– ၁၃၅)

မန္တလေး ရတနာပုံ နေပြည်တော်၊ နန်းမြို့အတွင်းရှိ မင်းတုန်းမင်းကြီး၏ သင်္ချိုင်းတော်။


www.burmeseclassic.com

www.burmeseclassic.com



(၁၈) သီပေါမင်းတရားသည်၊ ရွှေနန်းရှင် အဖြစ်၊ စိုးစံလေပြီ၊ (စာမျက်နှာ- ၁၄၀)

မန္တလေး ရတနာပုံ နေပြည်တော်၊ မြနန်းစံကျော် ရွှေနန်းတော် အတွင်းမှ၊ သီပေါဘုရင်နှင့် မိဖုရားခေါင်ကြီး စုဖုရားလတ် ရုပ်တု။




(၁၉) အပျိုစင် မိခင်ကြီးမှာ၊ ခန်းပတ် ဝန်ကြီး၏ မြေး ဖြစ်၍၊ ပုဂံအတွင်း ဝန်၏၊ တူမလည်း တော်စပ်သူ ဖြစ်သည်။ (စာမျက်နှာ- ၁၈၉)

သီပေါဘုရင်မင်းမြတ်၏ အချစ်တော်၊ ကံဆိုးမလေး ဒိုင်းခင်ခင်။


www.burmeseclassic.com

www.burmeseclassic.com



(၂၀) စုဖုရားလတ်သည်၊ မိမိကြားရသော သတင်းကို၊ မယုံရကား၊ ဗဟိုစည် စင်ပေါ်သို့၊ ကိုယ်တိုင် တက်ရောက်၍ ကြည့်လေသည်။ (စာမျက် နှာ- ၂၇၀)

နယ်ချဲ့ စစ်တပ်များ၊ မန္တလေး ဆိပ်ကမ်းမှ၊ တက်ရောက်လာပုံကို၊
မိဖုရားခေါင်ကြီး စုဖုရားလတ်၊ တက်ရောက် ကြည့်ရှုခဲ့သော၊
မြနန်းစံကျော် ရွှေနန်းတော် အတွင်းမှ၊ ဗဟိုစည် နန်းမြင့် မျှော်စင်။




(၂၁) သယ်ဆောင်သွားဖွယ်ရာ ပစ္စည်း အဝဝကို၊ ထုပ်ပိုး ပြင်ဆင်ပြီးသော အခါတွင်၊ ဥယျာဉ်တော် အတွင်းရှိ၊ နွေရာသီ စံနန်းတော်၌၊ အရှင် နှစ်ပါး သွက်ကြွစံမြန်းလျက် ရှိ၏။ (စာမျက်နှာ- ၂၇၉)

မန္တလေး ရတနာပုံ နေပြည်တော်၊ မြနန်းစံကျော် ရွှေနန်းတော်
တောင်ဥယျာဉ်ရှိ၊ ပါတော်မူ ရှခင်း။

www.burmeseclassic.com

www.burmeseclassic.com



(၂၂) နွားဆွဲသော၊ ဘီရိုလှည်း တစ်စီးကို၊ ရှာဖွေရလာသည်။ သည်တော့မှ၊ ဘုရင်နှင့် မိဖုရားတို့၊ လှည်းပေါ် တက်ကြသည်။ (စာမျက်နှာ- ၂၈၄)

မန္တလေး ရတနာပုံ နေပြည်တော်၊ မြနန်းစံကျော်၊ နန်းတော်အတွင်းရှိ၊ ပြတိုက်မှ၊ ဘီရိုလှည်း တစ်စီး။



(၂၃) သီပေါဘုရင်သည်၊ သင်္ဘောပေါ်သို့၊ တက်ရာတွင်၊ ကုန်းဘောင်ပေါ် သို့၊ ဘုရင်မင်းမြတ်၊ ခြေလှမ်းသည်နှင့် တပြိုင်နက်၊ သူစိုးစံပိုင်ဆိုင်ခဲ့ သော၊ မြန်မာနိုင်ငံတော်၏၊ မြေပထဝီကို၊ တစ်ခါတည်း စွန့်လွှတ်ပြီး ဖြစ်သွားပြီ။ (စာမျက်နှာ- ၂၈၆)

သီပေါဘုရင်နှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်၊ [illegible] သင်္ဘောပေါ်သို့ အတက် ရှုခင်း။

www.burmeseclassic.com

www.burmeseclassic.com



(၂၄) ဧရာဝတီမြစ်ထဲတွင်၊ သင်္ဘော စတင် ထွက်ခွာနေပြီကို တွေ့ရသည်။ တရိပ်ရိပ် ကျန်ခဲ့သော အဝေးဆီတွင်၊ မန္တလေး နေပြည်တော်၏ ဘုရားစေတီများ၏ စုလစ်မွမ်းချွန်များနှင့် ပြီးသော၊ ပြာသာဒ် ထိပ်ဖျားများကို၊ လှမ်းမြင်နေရသည်။

ရတနာပုံ ကျွန်နိဒါန်း ဇာတ်လမ်း စတင်ခဲ့ရာ မန္တလေး ရတနာပုံ နေပြည်တော်၊ ဂေါ်ဝိန်ဆိပ်ကမ်း။




(၂၅) . သီပေါဘုရင်နှင့် မိဖုရား စုဖုရားလတ်တို့ လိုက်ပါသော၊ ပင်လယ်ကူး သင်္ဘောသည်၊ အိန္ဒိယပြည်သို့ ဦးတည်လျက်။ (စာမျက်နှာ-၂၉၁)

အိန္ဒိယပြည်၊ ရတနာ ဂီရိမြို့ သီပေါဘုရင် နတ်ရွာမစံမီ နောက်ဆုံး ညီလာခံ။

www.burmeseclassic.com

www.burmeseclassic.com



(၂၆) သီပေါဘုရင်၊ မိဖုရားခေါင်ကြီး စုဖုရားလတ်၊ (အလယ်) နှင့်၊ မိဖုရား စုဖုရားငယ်တို့၊ ရတနာပုံ နန်းတွင်း၌ စံမြန်းစဉ်၊ အမှတ်တရ၊ ရှားပါး ဓာတ်ပုံ။

မန္တလေး ရတနာပုံ နေပြည်တော်၊ ရွှေနန်းတော်တွင်းမှ ရရှိခဲ့သည်ဟု သိရ၏။



၂၇) ကြည်လင်၊ သာယာ၊ အေးမြသော၊ သည်နန်း၊ သည်စံအိမ်တွင် ဘစ်ချိန်သောအခါက၊ ကြေကွဲနာကြည်းဖွယ် ဓာတ်လမ်းများ၊ ဖြစ်ပွားခဲ့ သည်ကို၊ ပြောမယုံကြုံဖူးမှ သိကြမည်ထင့်။

မန္တလေး ရတနာပုံ နေပြည်တော်၊ နွှေနှောင်းရှုက် ကျန် ရှုခင်း

www.burmeseclassic.com

www.burmeseclassic.com



(၂၈) မန္တလေး၊ နဂါးစာပေ၊ ဦးထွန်းရွှေ၊ ဒေါ်ခင်မာဦး တို့၏ အလှူမင်္ဂလာပွဲသို့ တက်ရောက်ခဲ့သော ရန်ကုန်မှ စာရေးဆရာများ၊ ယူနီဗာ့စ် ဟိုတယ် ဧည့်ခန်းဆောင်တွင်။ (စာအုပ်ပြုစုသူ၏ ဒုတိယ အကြိမ်အမှာစာ၊ ကြည့်ပါ)

ဝဲမှယာ၊ ဇင်ယော် (မာန်) ၊ လုကျော်နေ၊ တိုးထက်၊ တက္ကသိုလ် စိန်တင်၊ စိမ့် (ပညာရေး)၊ ဒေါ်ပြုံး (ပြုံး စာပေ) နှင့်၊ မသက်ဆွေ၊

## ဒုတိယအကြိမ် ပုံနှိပ်ခြင်းအတွက် မြန်မာပြန်သူ၏ အမှာစာ

### သီပေါဘုရင်၏ မန္တလေးမြို့နှင့် ဂီတဝိမာန် သီချင်းသံ

(၁)

"ကျွန်လိုခေတ်မှာ အလင်းရောင် ပေးတာ တို့အသံ၊ သခင်လို ဖြစ်အောင် လမ်းညွှန်ပေးတာ. . . တို့အသံ"

ဂီတစာဆို တက္ကသိုလ်စိုး ရေးသီဖွဲ့၍၊ တေးသံရှင် တက္ကသိုလ်မြကြီး သီဆိုခဲ့သော ဂီတဝိမာန် သီချင်းသံသည်၊ မန္တလေးမြို့၊ အိုရီယံတယ် ဟိုတယ်ခန်းမဆောင်ကြီးကို လွှမ်း၍ လွှမ်း၍ ထွက်ပေါ်လာသည်။

ယခု သီချင်း သီဆိုနေသူမှာ၊ ဘယ်သူ ဖြစ်မည် ထင်ပါသလဲ။ ဂီတဝိမာန် သီချင်းကို ယခုလို အောင်အောင် မြင်မြင် သီဆိုနေသည်ဆိုတော့၊ ဘယ်သူ ဖြစ်ရမှာလဲ၊ ရန်ကုန်မြို့မှ ရောက်ရှိနေသော၊ ဆရာဝန်အဆိုတော်၊ စာရေးဆရာ၊ အယ်ဒီတာချုပ် ဒေါက်တာ လွှမ်းဝေ ဖြစ်ပါသတဲ့။

အို. . .၊ သည် တေးသံရှင်ကလည်း၊ နာမဝိသေသနပုဒ်တွေ များလှပါကလား။ ကဲ. . . မေးရဦးမည်။ ဆရာကိုလွှမ်းဝေ ဘယ်

www.burmeseclassic.com

www.burmeseclassic.com

အတွက်ကြောင့်၊ အိုရီယံတယ် ဟိုတယ်ခန်းမဆောင်ကြီး အတွင်း၌၊ ယခုလို စိတ်ဓာတ် တက်ကြွဖွယ်ရာ သီချင်းတစ်ပုဒ်၊ ရွှေထုတ် ဟစ်ဆိုနေပါလိမ့်...

အမေးရှိမှဖြင့်၊ အဖြေရှိရပါမည်။ အဖြေကို၊ စကားလက်တံ အနည်းငယ် ဆန့်၍ ဖြေဆိုရပါတော့အံ့။

(၂)

၁၃-၂-၂၀၀၃ နေ့က စာရေးဆရာ တက္ကသိုလ် စိန်တင်နှင့် စိမ့် (ပညာရေး) တို့၊ ရတနာပုံ မန္တလေးမြို့သို့ ခရီးထွက်ခဲ့ကြသည်။

ယခု တစ်ခေါက် မန္တလေးခရီးမှာ ယခင့်ယခင် အကြိမ်များကလိုပင်၊ အလုပ်တာဝန်ကလေးတွေ များစွာပါလာခဲ့သည်။

"အောင်မယ်လေး... ကြီးကျယ်လိုက်တာဗျ။ စာရေးဆရာ မောင်နှံက၊ ဘယ်လောက် အရေးပါနေလို့၊ အလုပ်တာဝန်တွေ များစွာနှင့် ခရီးသွားရကြောင်း ပြောနေပါသတဲ့လဲ"...။

သည်းခံကြပါ ခင်ဗျာ၊ တက္ကသိုလ် စိန်တင်ဆိုတဲ့ စာရေးဆရာကား၊ ဘာကောင်မှ မဟုတ်ပါ။ ကိုယ့်ကိုယ်ကို အလုပ်များချင်ယောင် ဆောင်၍၊ သူများ အထင်ကြီးအောင်၊ ရေးပြတာ မဟုတ်ရပါ။ တကယ့်ကို၊ ကိုယ့်ဖာသာ ရှာဖွေ လုပ်ဆောင်ရမည့်၊ စာပေတာဝန်အချို့နှင့်၊ အဓိက ထမ်းဆောင်ရမည့် ကိစ္စကြီး နှစ်ခုတော့ ပါလာပေသည်။

ပထမ တာဝန်ကတော့၊ ဂုဏ်ထူး စာပေမှ၊ မကြာမီ ထုတ်ဝေတော့မည့်၊ "နန်းကျ ဘုရင် သီပေါ" ဘာသာပြန် စာအုပ်အတွက် လိုအပ်မည် ထင်သော၊ မန္တလေး နန်းတွင်း ဓာတ်ပုံကလေးများ၊ ရှာဖွေ ရိုက်ကူးရန်။ ဒုတိယ တာဝန်ကတော့၊ မန္တလေးမြို့၊ နဂါးစာပေ ဖြန့်ချိရေးနှင့် ယောစာအုပ်တိုက် တို့၏ ပိုင်ရှင် ဦးထွန်းရွှေ၊ ဒေါ်ခင်မာဦးတို့၏ သားလှ သည်းချာများ ဖြစ်သော၊ မောင်မြင့်သိန်းခိုင်နှင့် မောင်ကြည်နူးမောင်တို့၏ ရှင်ပြု အလှူတော် မင်္ဂလာပွဲကြီးကို ချီးမြှင့် တက်ရောက်ရန်တည်း။

(၃)

"ဒီအလှူ မင်္ဂလာဧည့်ခံပွဲကို ဆရာစိန်တင်နဲ့၊ ဆရာမ စိမ့်တို့ ဆက်ဆက် တက်ရောက် စေချင်ပါတယ်။ ဆရာနဲ့ ဆရာမတို့ မန္တလေး ရောက်ရင်၊ တည်းခိုဖို့လည်း မန္တလေးက ယူနီဗတ်စ် ဟိုတယ်မှာ၊ အစစရာရာ စီစဉ် ထားပြီးပါပြီ"

အလှူရှင် ကိုထွန်းရွှေ၏ အစ်ကိုကြီး ဦးထွန်းဦး(ထွန်းဦး စာပေ၊ မန္တလေး) က၊ ရန်ကုန်မြို့၊ စင်ထရယ် ဟိုတယ်၊ လက်ဖက်ရည် ခန်းမဆောင်တွင်၊ အလှူဖိတ်စာကြီး၊ (တကယ့်ကို၊ ကြီးမား လှပ ခံ့ထယ်လှသော ဖိတ်စာကြီးပါ) ကို၊ တက္ကသိုလ် စိန်တင်ထံ၊ ကမ်း၍၊ အထက်ပါ အတိုင်း ဖိတ်ကြား ပြောဆိုခဲ့သည်။

ဟိုတလောက၊ သည်လက်ဖက်ရည် ခန်းမဆောင်မှာပင်၊ နဂါးစာပေ ဖြန့်ချိရေး ပိုင်ရှင် ကိုထွန်းရွှေနှင့်၊ ဆုံကြစဉ်ကလည်း၊ ထိုကဲ့သို့ပင် ပြောဆို ဖိတ်ကြားခဲ့သေးသည်။

ကိုထွန်းဦးနှင့် ကိုထွန်းရွှေ သည်ရွှေညီအစ်ကို နှစ်ယောက်ကား၊ ပြောစကားနှင့် ညီညွတ်ကြပါပေ၏။ ယခင့် ယခင် အခါများကလည်း၊ နဂါးစာပေ တိုက်သစ်ကြီး ဖွင့်ပွဲမှာ တစ်ခါ၊ ထွန်းဦး စာပေတိုက် ဖွင့်လှစ်ခဲ့က တစ်ခါ၊ နှစ်ကြိမ် နှစ်ခါ တိတိပင်၊ ကိုစိန်တင်နှင့် စိမ့်တို့၊ မန္တလေးသို့ ရောက်ခဲ့စဉ်၊ ခမ်းနားလှပသော၊ ဟိုတယ်ကြီးများတွင်၊ တည်းခိုရန် စီစဉ်ပေး၍ နံနက်တွင်၊ ထမင်းစားပွဲ၊ ညနေပိုင်းတွင် အထူး ညစာစားပွဲ ကြီးများဖြင့် ခမ်းနားကြီးကျယ်စွာ၊ ဧည့်ခံပြုစုခဲ့သည် မဟုတ်လား။ ထားပါ။

ဤသို့ဖြင့် ၁၃-၂-၀၃ ညနေ၊ (၃) နာရီ (၁၅) မိနစ်၊ ဒဂုံမန္တလေးရထားကြီးဖြင့် တက္ကသိုလ် စိန်တင်နှင့် စိမ့် (ပညာရေး) တို့ မန္တလေးမြို့သို့ လိုက်ပါခဲ့ကြသည်။ "ခင်ဗျာ... ဘာမေးတာလဲ... ဒဂုံမန္တလေးရထား အထက်တန်းတွဲနဲ့၊ ခရီးသွားကြတာ အဆင်ပြေရဲ့လား... ဟုတ်လား" သည်းခံပါ စာဖတ်သူ မိတ်ဆွေ။ ထပ်မပြောချင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

သည့်ကိစ္စကိုတော့ ဖြစ်ကြောင်းရယ် ကုန်စင်၊ နတ်သံနှောလို့ ပြောထားပါတယ်။ သတင်းစုံ ဖျာနယ်မှ၊ "ချစ်သော 'မမ' သို့ စာကလေး တစ်စောင်" ဆောင်းပါးမှာ ဖတ်ကြည့်ပါတော့နော်. . . ။

(၄)

၁၄-၂-၀၃ နေ့နံနက်တွင် ဒဂုံမန်း ရထားကြီးသည် မန္တလေး ဘူတာရုံသစ်ကြီးသို့ ချောချော မောမော၊ စောစော စီးစီး ရောက်ရှိခဲ့သည်။ ထိုနေ့က မန္တလေးမြို့ ထွန်းဦးစာပေ ဖြန့်ချိရေး ပိုင်ရှင်၊ ဦးထွန်းဦး ကိုယ်တိုင်၊ မန္တလေး ဘူတာရုံသစ်ကြီးသို့ လာရောက်၍ ရန်ကုန်မှ၊ လာကြမည် ဖြစ်သော စာအုပ်ထုတ်ဝေသူ ဖြန့်ချိသူ၊ စာနယ်ဇင်း မိတ်ဆွေများနှင့် စာရေးဆရာများကို ကြိုဆိုခဲ့သည်ဟု သိရ၏။ တက္ကသိုလ် စိန်တင်တို့မှာ ရန်ကုန် ပြန်ရန်၊ မီးရထား အထက်တန်းတွဲ လက်မှတ် ကြိုတင်ဝယ်ယူနေ၍၊ ဦးထွန်းဦးနှင့် မဆုံဖြစ်ခဲ့ကြ။

သို့ဖြင့် မန္တလေး ဘူတာကြီးမှ၊ လေးဘီး အငှားကား တစ်စင်းငှားပြီး နဂါး စာပေ ဖြန့်ချိရေးသို့ သွားကြသည်။ နဂါးတိုက်မှ လိုက်ပို့ပေးသဖြင့်၊ ယူနီဗာစ် ဟိုတယ်သို့ ရောက်ရှိခဲ့ကြလေသည်။

(၅)

"ဟာ. . . ဆရာ တက္ကသိုလ် စိန်တင်နဲ့ တွေ့ရတာ ဝမ်းသာလိုက်တာ၊ ကျွန်တော်က ဆရာ့ စာဖတ် ပရိသတ်ပါ၊ လိုအပ်တာ ရှိရင် ပြောပါ ဆရာ၊ ကျွန်တော် ကူညီပါမယ်"

၁၄-၂-၀၃ နေ့က၊ ရွှေစာရံ ဘုရားမှ ဓာတ်ပုံ ဆရာဦးသန်းထွန်းက၊ ဤသို့ ပြောနေသည်။ ယူနီဗာစ် ဟိုတယ်မှာ ပစ္စည်းတွေ နေရာချထားပြီး နောက် ဦးထွန်းဦးနှင့်၊ ဦးထွန်းရွှေတို့၏ စာအုပ်ဆိုင်များသို့ သွားရောက်၍ နှုတ်ခွန်းဆက်ကြပြီး ယူနီဗာစ် ဟိုတယ် ရှေ့မှ၊ ကားဆရာ ကိုနိုင်၏ ကိုယ်ပိုင်တာ ကားကလေးကို ငှားကာ၊ ရွှေစာရံ ဘုရားသို့ ထွက်လာခဲ့ကြသည်။

တက္ကသိုလ် စိန်တင်နှင့် စိမ့်(ပညာရေး) တို့ မန္တလေးသို့ ရောက်ခဲ့သည်မှာ အခေါက်ပေါင်း များစွာမှ များစွာ။ သို့သော် မန္တလေးနှင့် သိပ်ဝေးလှသော၊ ရွှေစာရံ ဘုရားဆီသို့၊ တစ်ကြိမ် တစ်ခါမျှ ဘုရားဖူး ရောက်ခဲ့ကြသေး။ တကယ်ဆို 'အိုဘယ့် အနော်ရထာ' စာအုပ်မှာ၊ အခန်း တစ်ကဏ္ဍ ရေးဖွဲ့ခဲ့သော၊ ရှမ်း မင်းသမီးကလေး၊ 'စောမွန်လှ' တည်ထားခဲ့သည့်၊ ရွှေစာရံ ဘုရားသို့ အခေါက်ပေါင်း များစွာပင်၊ အရောက် သွားသင့်ပါရဲ့ စာရေးဆရာရယ်။ ယခုတော့ နှစ်ပေါင်း များစွာကြာမှပင်၊ သည်စေတီ သည်ဘုရားသို့၊ တို့ စာရေးဆရာ၊ အဖူးအမြော် ရောက်သွားရ၏။ တက္ကသိုလ် စိန်တင် ခမျာ၊ ရွှေစာရံ ဘုရား တန်ဆောင်းထဲက၊ စောမွန်လှ မိဖုရား ရုပ်တုကို ကြည့်ပြီး မျက်နှာပင် ပူချင်သလိုလို ဖြစ်မိပါသေး။

ရွှေစာရံ ဘုရား ပရဝုဏ်တွင် ထိုနေ့က ခင်မင် သိကျွမ်းခဲ့ရသော၊ စာရေးဆရာ၊ ဓာတ်ပုံဆရာ၊ ကိုသန်းထွန်းကတော့၊ တက္ကသိုလ် စိန်တင်၊ စိမ့် (ပညာရေး) တို့နှင့် အတူလိုက်ပါပြီး အစစ အရာရာ ကူညီပေးခဲ့၍ ကျေးဇူးတင်ရပါသေးသည်။

ရွှေစာရံ ဘုရားတွင် ဓာတ်ပုံတွေ ရိုက်၊ ဘုရားသမိုင်းကို လေ့လာ၊ သိစရာ မှတ်စရာတွေ ဖွေရှာပြီးတော့၊ ကိုစိန်တင်က ဘုရား သမိုင်းမှာပါသော၊ စောမွန်လှ မိဖုရား နားတောင်းကျခဲ့သော "နားတောင်းကျချောင်း" ကို လိုက်လံ မေးမြန်း ရှာဖွေပြီး ဓာတ်ပုံ တစ်ပုံ နှစ်ပုံ ရိုက်ခဲ့သေးသည်။

ကောင်းလှပေစွ။ ဂုဏ်ထူးစာပေမှ နောက်တစ်ကြိမ် 'အိုဘယ့် အနော်ရထာ' စာအုပ် ထုတ်ဝေသောအခါ၊ မြတ်ဘုရား ရွှေစာရံပုံတော်နှင့် ဘုရား ဒါယိကာမ၊ မိဖုရား စောမွန်လှ၏၊ တင့်တယ်လှပသော ရုပ်တု ဓာတ်ပုံများကို ထပ်မံ ဖော်ပြပေးနိုင်တော့မည် မဟုတ်ပါလား။

ထိုနေ့က မွန်းလွဲ (၁) နာရီတွင် ရွှေစာရံ ဘုရားဝင်း အတွင်းက ယာဉ်မောင်း ဆရာ ကိုနိုင် မောင်းသော ကားကလေး ဖြည်းဖြည်း မှန်မှန်

www.burmeseclassic.com

www.burmeseclassic.com

မောင်းထွက်လာ၏။ တက္ကသိုလ် စိန်တင်သည် ဝေး၍ ဝေး၍ ကျန်ခဲ့သော ရွှေစာရံ စေတီသို့ လက်အုပ်ချီ ဦးခိုက် ကန်တော့ရင်းမှ "နေရစ်ခဲ့ပေဦးတော့ ရွှမ်း မင်းသမီးကလေး စောမွန်လှရေ" ဟု နှုတ်ဆက်စကားကို နှလုံးသား ထဲမှ တိုးတိုး ညင်သာ ပြောဆိုနေမိသည်။

(၆)

၁၅ - ၂ - ဝ၃ နေ့။

ထိုနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ အိုရီယံတယ် ဟိုတယ်ကြီး၌ နဂါးစာပေဖြန့်ချိရေးနှင့် ယောစာပေတိုက်ပိုင်ရှင် ဦးထွန်းရွှေဒေါ်ခင်မာဦးတို့၏ အလှူမင်္ဂလာပွဲကြီး ဖွဲ့ချီး ကျင်းပခဲ့သည်။ အလှူ မင်္ဂလာပွဲကြီးတွင် နံနက်စာဖြင့် ဧည့်ခံ ကျွေးမွေးရာ လာလိုက်ကြသော ဧည့်ပရိသတ်မှာ ကြိတ်ကြိတ် တိုးနေသည်။ အလှူ့ရှင် ဦးထွန်းရွှေတို့ ဇနီး မောင်နှံသာ မဟုတ်၊ ဦးထွန်းရွှေ၏ အစ်ကို ဦးထွန်းဦးနှင့် ဇနီး ဒေါ်နွဲ့နွဲ့ရီ တို့ကလည်း စားပွဲစေ့၊ ကိုယ်တိုင် ကိုယ်ကျ လိုက်လံ ဧည့်ခံ နှုတ်ဆက် နေသည်ကို တွေ့ရလေသည်။

ထိုနေ့ ညနေတွင်တော့ အိုရီယံတယ် ဟိုတယ်မှာပင် ရန်ကုန်မှ ရောက်ရှိနေသော စာပေ ဆွေမျိုး မိတ်သင်္ဂဟများနှင့် မန္တလေးမြို့ပေါ်မှ အထူး ဖိတ်ကြားထားသော ဧည့်သည်များကို ညစာစားပွဲကြီးဖြင့် တည်ခင်း ဧည့်ခံခဲ့ပြန်သည်။

ပြောရဦးမည်။ ညစာစားပွဲမှာ တီးကြ မှုတ်ကြ၊ သီကြ ဆိုကြ၊ စားကြ သောက်ကြနှင့် စည်စည်ကားကား ရှိနေကြစဉ်၊ ရန်ကုန်မှ လာသော စာပေအဖွဲ့မှ ကဗျာဆရာ မောင်သွေးသစ်က ကိုစိန်တင်တို့ စားပွဲသို့ ရောက်လာသည်။ "ဆရာ စိန်တင်. . . မပြန်နဲ့ဦးနော်၊ ဒေါက်တာ လွမ်းဝေ သီချင်းဆိုမယ်၊ အားပေးသွားပါဦး"

ကိုစိန်တင် "ဟုတ်လား၊ နားထောင်ချင်တယ်ဗျာ၊ မပြန်သေးပါဘူး"

ထိုအချိန်စွင် ကိုစိန်တင်တို့ စားပွဲ၌ ရန်ကုန်၊ ပြုံး စာပေမှ ဆရာမ ဒေါ်ပြုံး၊ စာရေးဆရာမ မသက်ဆွေတို့အပြင် ကိုစိန်တင်တို့ စာပေရဲဘော် ဆရာဇင်ယော်(မာန်) လည်း ရှိနေသည်။ မကြာမီ ဆရာ ဒေါက်တာ လွမ်းဝေ စင်မြင့်ပေါ်သို့ တက်၏။ ကြည်မြ ပီသသော စန္ဒယား သံနှင့် အတူ၊ အောင်မြင်သော အသံနှင့် တေးသီချင်း တစ်ပုဒ် လေထဲသို့ လွှင့်ပျံလာပါပြီ။

"ရွှေးက တေးသံ. . . မင်္ဂလာရှိလို့ နေပြန်၊ မြန်မာတွေ
အမှန်. . . လွတ်လပ်ရေးရပြန်၊ ဆင်းရဲခြင်း ကင်းအောင်လည်း
ကြံ၊ မြူးချိုစွာသံ. . . ဗိမာန်. . . ဗိမာန်. . . ဂီတအသံ. . ."

သြော်၊. . . ဆရာ လွမ်းဝေ သီဆိုနေတဲ့ သီချင်းက ဂီတဗိမာန် သီချင်းပါလား၊ သီချင်းစာသားထဲမှာ ဘာတွေပါပါလိမ့်. . . မြန်မာတွေ လွတ်လပ်ရေး ရဖို့၊ ဂီတသံနဲ့ တိုက်ပွဲဝင်ခဲ့တာကို ဖွဲ့ဆိုထားတဲ့ သီချင်းပါလား ဗျို့. . . .၊

"ကျွန်လိုခေတ်မှာ အလင်းရောင် ပေးတာ. . . တို့ အသံ. . .
သခင်လို ဖြစ်အောင် လမ်းညွှန်ပေးတာ. . . တို့အသံ"

ကိုလွမ်းဝေက သီချင်း၏ သံပြိုင်အပိုဒ်ကို တက်ကြွစွာ သီဆိုနေပါပြီ။ ယခုအခါမှာတော့ တို့ ကိုစိန်တင်ကြီး သီချင်းသံမှာ နစ်မျော ပျော်ဝင်သွားပြီ ထင်ပါရဲ့ ဗျို့။ နေရာမှ မတ်တပ်ရပ်၍ လက်ခုပ်ကို စည်းချက် ညီညီတီး ပရိသတ်ကြီးနှင့် အတူ။ သီချင်းကို စိတ်တက်ကြွ စွာဖြင့် လိုက်ဆိုနေပါပြီ။

"ကျွန်လို ခေတ်မှာ အလင်းရောင် ပေးတာ. . . တို့အသံ. . .
သခင်လို ဖြစ်အောင် လမ်းညွှန်ပေးခဲ့တာ. . . တို့အသံ. . ."
တဲ့။

(၇)

"မြန်မာတွေ စည်းကမ်း ဖောက်လို့ ထီးနန်း ပျောက်ဖြစ်ပြီ" ဟု အချုပ်တန်း ဆရာဖေက တေးထပ်တစ်ပုဒ် ရင်ထုမနာ ရေးဖွဲ့ခဲ့သော ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာ့ နောက်ဆုံး ဘုရင်၊ သီပေါမင်း

www.burmeseclassic.com

www.burmeseclassic.com

တရားနှင့် မိဖုရား စုဖုရားလတ်တို့အား ငြိတိသျှ နယ်ချဲ့သမားတို့က ကြတ်တာလေး ငှက် ကလေး ဖမ်းသလို ဖမ်းဆီးသွားစဉ်၊ သီပေါဘုရင် နန်းကျခဲ့သည်။ သည်တုန်းက စလို့ မြန်မာ တိုင်းရင်းသား အားလုံး နှစ်ပေါင်းများစွာမှ များစွာ၊ လက်နက်ကိုင် တော်လှန်၍ တစ်မျိုး၊ နိုင်ငံရေး နည်းလမ်း ပေါင်းစုံနှင့် တစ်ဖုံ တိုက်ပွဲဝင်ခဲ့ကြသည်တွင်၊ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့၌ 'မြန်မာ့လွတ်လပ်ရေး ကြေညာ စာတွန်းကြီး' တို့ ဖတ်ကြား၍ ကမ္ဘာ့အနှံ့ ကြေညာ ဖြန့်ဝေနိုင်ခဲ့သည်။

မြန်မာတွေ သူ့ကျွန်ဘဝတုန်းက နည်းအမျိုးမျိုးနှင့် နယ်ချဲ့ကို တိုက်ပွဲ ဝင်ခဲ့ရာ၊ အထက် ဖော်ပြပါ၊ ဂီတဗိမာန် သီချင်းထဲ၌ ရေးသီဖွဲ့ဆိုထားသည့် အတိုင်း၊ "ကျွန်လိုခေတ်မှာ အလင်းရောင် ပေးတာ တို့အသံ၊ သခင်လို ဖြစ်အောင် လမ်းညွှန်ပေးတာ တို့အသံ" ဆိုတာ မှန်ကန်လှပါ၏။ တိကျ သေချာ လှပါ၏။ သည်အကြောင်းကို ထိုသီချင်းက သက်သေထူ၊ မော်ကွန်းတင်ခဲ့ပြီ မဟုတ်ပါလား. . .။

(၈)

၁၆ - ၂ - ၀၃

သည်ကနေ့တော့ မန္တလေးမြို့ရောက် တက္ကသိုလ် စိန်တင်နှင့် စိမ့် (ပညာရေး) တို့၊ မန္တလေး ရတနာပုံ၊ မြနန်းစံကျော် ရွှေနန်းတော်ကြီးသို့ မိတ်ဆွေကြီး ကိုနိုင်၏ ကားကလေးဖြင့် ချီတက်ခဲ့ကြသည်။ "နန်းကျဘုရင် သီပေါ" စာအုပ်အတွက် လိုအပ်သော ဓာတ်ပုံကလေးတွေ ထပ်မံရိုက်ကူးရန်တည်း။

ထိုနေ့မှာ ရွှေရောင် တဝင်းဝင်းနှင့် နန်းပလ္လင် အဆောင်ဆောင် အခန်းခန်းကို လွမ်းပတ် ကြည့်ရှုရင်း ဓာတ်ပုံကလေးတွေ ရိုက်၊ ခြေညောင်းလျှင် မြက်ခင်းကလေးတွေမှာ တအောင့်တနား ထိုင်လို့နား၊ တိုင်ေး. . .၊ သည်ငေး။

စိတ်အာရုံထဲတွင်တော့ တစ်ချိန်သောအခါက "နန်းကျဘုရင် သီပေါ" စာအုပ်ထဲတွင် ဖော်ပြပါရှိသော မင်းတုန်းမင်းနှင့် သီပေါမင်းတို့ ခေတ်၊ ရှင်ဘုရင်နှင့် မိဖုရားတို့ ကြွသွား လှုပ်ရှား ဟန်၊ မင်းညီ မင်းသားတို့ အားခုတ် လှံထိုး၊ အမျိုးမျိုးသော စစ်ပညာများ လေ့ကျင့်သင်ကြားနေကြ ဟန်။. . . ပြီးတော့. . . ပြီးတော့. . .၊ နန်းတွင်းမှာ ဖြစ်ပေါ်ခဲ့သော အာဏာလုပွဲများ၊ ကွပ်မျက်မှုများ. . . ထိုမှတစ်ဆင့် နောက်ဆုံး မြန်မာ့ဦးစွန်းမြေသို့ ယွန်းခဲ့ရသော ကာလ၊ နန်းကျဘုရင်သီပေါ၏ နေဝင်ချိန် ဖြစ်ရပ်များ. . .။ ထားပါတော့။

စာရေးဆရာ E. C. V. Foucar ရေးသားသော Mandalay The Golden- စာအုပ်ကို စာရေးဆရာ တက္ကသိုလ် စိန်တင်က ဘာသာပြန်၍ ၁၉၇၃ ခုနှစ်တွင် နှလုံးလှ စာပေ တိုက်မှ ပထမအကြိမ် ထုတ်ဝေခဲ့သည်။ ယခု ဂုဏ်ထူး စာပေ တိုက်မှ ဒုတိယအကြိမ် ထုတ်ဝေနိုင်ခြင်း ဖြစ်သည်။ ပထမအကြိမ် စာအုပ်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း (၃၀) ကြာမှ ယခု ဒုတိယ အကြိမ် ထုတ်ဝေခဲ့ခြင်းမှာ ထူးခြားသော သင်္ကေတ တစ်ခု ဖြစ်နေမည်လား၊ အတွေးပွားချင်သူများ ရှိနိုင်ပါ၏။ ထားပါ။

ဤအမှာစာကို နိဂုံး မချုပ်မီ၊ စာရေးဆရာ ပြောချင်သော အချက်တစ်ချက် ဖော်ပြပါရစေ။ မြန်မာ့လွတ်လပ်ရေးကြီး ဆုံးရှုံးခဲ့ရသည်ကို "မြန်မာတွေ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်ဖြစ်ပြီ" ဟု အချုပ်တန်း ဆရာဖေကဲ့သို့ ဝေဖန် ပြစ်တင် ချင်ကြပါသလား။ ဒါမှမဟုတ်၊ သီပေါဘုရင် မင်းတရား၏ အရည်အချင်း ညံ့ဖျင်းလို့ဟု မျက်စိမှိတ်ပြီး အုပ်ချုပ်သူ ဘုရင်တစ်ပါး အပေါ် တစ်ဖက်သတ် စီရင်ချက် ချချင်ကြပါသလား။ သည်းခံကြပါ။ ဤသို့ဤနှယ် ပြစ်တင် ဝေဖန်ကြမည့် အစား၊ "သင်္ခါရ အနိစ္စာ" 'အလုံးစုံသော ပြောင်းလဲခြင်း တရားတို့သည် အမြဲမရှိကုန်၊ အနိစ္စ သားကောင် ဖြစ်ပါက ပျက်စီးရမည်သာဟု ဗုဒ္ဓ ဂေါတမ မြတ်စွာဘုရား၏ တရားမေ့မှုနှင့် အညီ မျက်မှောက်ခေတ် လူသားအားလုံး သင်ခြင်နှိုင်းဆ သင်ခန်းစာ ယူနိုင်ကြ မည်ဆိုလျှင်. . .။

တက္ကသိုလ်စိန်တင်

၉ - ၄ - ၀၃

www.burmeseclassic.com

www.burmeseclassic.com

ရွှေအိမ်နန်းနှင့်
ကြငှန်းလည်းခံ
မတ်ပေါင်းရံလျက်
ပျော်စံရိပ်ငြိမ်
စည်းစိမ်မကွာ
မင်းချမ်းသာကား
သမုဒ္ဒရာ
ရေမျက်နှာထက်
ခဏတက်သည့်
ရေပွက်ပမာ
တစ်သက်လျှာတည်း။ ။

(အနန္တသူရိယ)

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာပြန်သူ၏အမှာ

ငယ်စဉ်က ကြုံခဲ့ရသော လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲ ရှခင်း တစ်ခုကို ဤစာရေးသူ ပြန်လည် သတိရမိ၏။

လေးကောင်ဂျင် ဝိုင်းက ဒိုင်ဖြစ်သူ ပေါက်ဖော်ကြီးသည် အောက်လင်း လက်ဆွဲ မာတ်မီး အောက်မှ နေ၍ အသံပြကြီးနှင့် အော်နေလေသည်။

"ကဲ. . . ရပ်ကြည့်လို့ အမြတ် မရှိဘူးနော်။ ထိုးကြည့်မှ အကျိုးရှိမယ်၊ ဝက်၊ ကြွက်၊ လိပ်၊ ဖား ကြိုက်ရာကို အဝ ထိုးကြဗျား။ ကဲ. . . ကျေနပ်ကြပြီလား။ ပေါက်ကောင် ဖွင့်မယ်။ လက်ရှောင်. . ."

ပေါက်ဖော်ကြီး၏ အော်သံ အဆုံးတွင် ထိုးသားတို့၏ လက်များ ရုပ်သွား၏။ ထိုအခါတွင် ပန်းကန်ပြားထဲရှိ အုပ်ဆောင်း အောက်မှ ပေါက်ကောင်ကို ပေါက်ဖော်ကြီးက ဖွင့်လိုက်လေသည်။

"ဟယ်. . . ဟာ. . . ဟင်. . ."

လေးကောင်ဂျင် ထိုးသူ လောဘသားတို့၏ အာမေဋိတ်သံများ ဖြစ်၏။ ဖွင့်လိုက်သော ပေါက်ကောင်မှာ ထိုးသားတို့ ပိုက်ဆံ အထိုးနည်းသော အကောင်ဖြစ်ရာ ကံဆိုးသူ ထိုးသားအများ၏

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံများကို ပေါက်ဖော်ကြီးသည် ဝမ်းသာ ကျေနပ်စွာဖြင့် သိမ်းယူတော့သည်။

ပေါက်ကောင်ကို အပိုင်ရသွားသော ပေါက်ဖော်ကြီးသည် ပျော်နေလေပြီ။

## ၂

'နန်းကျဘုရင်သီပေါ' စာအုပ်ကို မြန်မာပြန်နေစဉ် စာရေးသူတို့ငယ်စဉ်က မြင်တွေ့ခဲ့ဖူးသော အထက်ပါ ဖြစ်ရပ်ကလေးကို မကြာခဏ သတိရမိသည်။

သီပေါဘုရင် နန်းကျရခြင်း၏ လတ်တလော အကြောင်းများတွင် အထက်ပါ ပေါက်ဖော်ကြီး၏ ပုံစံမျိုး ဖြစ်နေသည်ကို တွေ့ရ၏။ မြန်မာ့ နယ်မြေများမှ အဆီအနှစ်ကို ကုပ်သွေးစုပ်ရန် ဆန္ဒရမ္မက်ကြီးနေသော နယ်ချဲ့ဗြိတိသျှ အစိုးရနှင့် မြန်မာဘုရင်ကို စစ်တုရင်ရုပ်နှယ် ကိုင်တွယ် ကစားလိုသော နယ်ချဲ့ ပြင်သစ်အစိုးရတို့သည် နောက်ဆုံးတွင် တစ်ဦးကို တစ်ဦး မျက်ထောင့်နီများဖြင့် ကြည့်ကာ အကွက်ကောင်းကို ချောင်းနေကြလေသည်။

မြန်မာဘုရင်ကို ခါးပိုက်ထဲ ထည့်ရန် အကြံဖြင့် လက်နက်ခဲယမ်းမီးကျောက်များ တင်ပို့ပေးရင်း မဆွယ်မည့် ပြင်သစ်၏ အကြံအစည်ကို သူလျှိုများ၏ လက်ချက်ဖြင့် ဗြိတိသျှအစိုးရက သိသွားသေ၏။ ထိုအခါတွင် ဗြိတိသျှအစိုးရသည် ပြင်သစ်အာဏာပိုင်တို့နှင့် တွေ့ဆုံပြီး၊ မြန်မာပြည်မှ 'လက်ရှောင်' ဟု ရာဇသံပေးခဲ့သည်။ မြန်မာပြည်၏ နောက်ဖေး ခြံစည်းရိုးမှ တိတ်တဆိတ် ကျော်ဝင်ရန် ကြိုးစားနေသော ပြင်သစ်သည် ဗြိတိသျှအစိုးရ၏ အကျပ်ကိုင်ခြင်းကို ခံရပြီး တကယ်ပင် 'လက်ရှောင်' သွားခဲ့ရလေ၏။

ပြင်သစ်က 'လက်ရှောင်' သွားသည်နှင့် ဗြိတိသျှအစိုးရသည် လက်နက်ကိုင် တပ်ကြီးကို မန္တလေးသို့ ချီတက်စေလျက် ပေါက်ကောင်ကို ဖွင့်တော့သည်။



ဗြိတိသျှအစိုးရ၏ ကိုလိုနီအုပ်ဆောင်းကို ဖွင့်လိုက်သောအခါ ပေါ်လာသော ပေါက်ကောင်ကား 'ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူလှသော၊ ကရားမင်းအပေါင်းတို့၏ သခင်၊ ဆင်ဖြူများရှင်၊ ရွှေနန်းရှင်ဘုရင်၊ သီပေါမင်းတရား' ပင်တည်း။

## ၃

ဗြိတိသျှအစိုးရက သီပေါဘုရင်နှင့် မိဖုရားတို့ကို ကြက် ငှက် သဖွယ် ဖမ်းဆီးသွားပြီး (အခက်အခဲများစွာ ရှိခဲ့သော်လည်း နောက်ဆုံးတွင်) မြန်မာနိုင်ငံတစ်ဝန်းကို သိမ်းပိုက်နိုင်ခဲ့ပေသည်။

သီပေါဘုရင် ဘာကြောင့် နန်းကျသနည်း။

'ဦးကောင်းလိမ်ထုတ် မင်းဆက်ပြုတ်' ဟူဘိသို့ မင်းဆက်ပြုတ်ခဲ့ရသော ၁၂၄၇ ခုနှစ်ကို အမှတ်ရလွယ်စေလိုသော ရည်ရွယ်ချက်ဖြင့် ကင်းဝန်မင်းကြီး ဦးကောင်းကို စွဲချက်တင်၍ မဖြစ်ပါ။

'သီပေါဘုရင် အရည်အချင်း ညံ့ဖျင်းလို့' ဟူသော အကြောင်းပြချက်ဖြင့်လည်း ပုဂ္ဂိုလ် တစ်ဦးတည်းကို သမိုင်းတရားခံ အဖြစ် တရားသေ မသတ်မှတ်သင့်ပါ။

'မြန်မာတွေ စည်းလုံးညီညွတ်မှု မရှိလို့'၊ 'ခေတ်မီလက်နက် မရှိလို့' စသော အကြောင်းပြချက် တစ်ခု၊ နှစ်ခုဖြင့်လည်း အဖြေကို မရမက ရှာ၍ မဖြစ်ပါ။

သီပေါဘုရင် နန်းကျရခြင်းတွင် အကြောင်းရင်း များစွာကို အခြေခံနေပါသည်။ ထိုအကြောင်းရင်းတို့သည် သီပေါဘုရင် အုပ်စိုးသော နန်းစံသက် မတိုင်မီ ကာလများက စတင်၍ နန်းကျခံရသည့် အချိန်ထိ ဖြစ်ပွားခဲ့၏။

ဤအချက်ကို ယခု စာရေးသူ မြန်မာပြန်သော စာအုပ်က ဘာတော်အသင့် ဖြေဆို ထောက်ပြနိုင်မည်ဟု မျှော်လင့်ပါသည်။ မည်သို့ပါလိမ့် ဆိုသည်ကိုမူ စာရှုသူ ရှာဖွေ တွေးခေါ်နိုင်ရန် ချန်ထားခဲ့ပါရစေ။

www.burmeseclassic.com

www.burmeseclassic.com



၄

ဤစာအုပ်၏ မူရင်းဖြစ်သော Mandalay The Golden ကို ရေးသားသူ 'အီး-စီ-ဗွီ-ဖူးကား' သည် မြန်မာ့ရာဇဝင်တွင် မပါရှိဖူးသေးသော အချက်အချို့ကို ရှာဖွေ ထည့်သွင်း ရေးသားထားသည်ကို တွေ့ရပါလိမ့်မည်။ သို့သော် အချို့နေရာများ၌ မူရင်းစာရေးသူသည် ဗြိတိသျှတို့ အလိုကျ ဘက်လိုက်သော သဘောဖြင့် မြန်မာတို့၏ အခြေအနေကို အရှိအတိုင်း မတင်ပြဘဲ လိုသလိုဆွဲ၍ ရေးသားထားသည်ကို ဖတ်ရှုရပါသည်။

ဤနေရာတွင် မြန်မာပြန်သူကလည်း ဘက်လိုက်ခဲ့သည်ကို ရိုးသားစွာ ဝန်ခံလိုပါသည်။ သို့သော် မူရင်း စာရေးသူ 'အီး-စီ-ဗွီ-ဖူးကား' ၏ အယူအဆကို ပြင်ဆင် ပြောင်းလဲ၍ ရေးသား ပြန်ဆိုခြင်းကား မဟုတ်ပါ။ မူလ စာရေးသူက ဘက်လိုက်၍ လိုသလိုဆွဲပြီး ရေးသားထားသည်ဟု ယူဆသော အချက်များကို မြန်မာဘာသာသို့ မပြန်ဆိုဘဲ ချန်ထားခဲ့ခြင်း ဖြစ်ပါသည်။

ယင်းအချက် အနည်းငယ်မှ လွဲ၍ မူရင်း စာရေးသူ တင်ပြသော အချက်အလက် အတော်များများမှာ ဖြစ်နိုင်ဖွယ် ရှိသည်က များ၍ အချို့အချက်များမှာ သမိုင်းစာအုပ် အသီးသီးတွင် ပါရှိပြီးသော အချက်များလည်း ဖြစ်ပေသည်။

၅

'နန်းကျဘုရင် သီပေါ' စာအုပ်တွင် မြန်မာတို့ဘက်မှ ချွတ်ယွင်း အားနည်းမှုများကို မူလ စာရေးသူက ထောက်ပြထားပါသည်။ ဤစာအုပ်ကို ဖတ်ရှုရခြင်းဖြင့် သက်ဦးဆံပိုင် ပဒေသရာဇ် စနစ်၏ ချွတ်ယွင်း အားနည်းမှုများ၊ ယင်းခေတ်၏ ဆိုးဝါး နိမ့်ကျသော လူနေမှုစနစ်နှင့် အတွေးအခေါ် အယူအဆများကိုပါ မျက်ဝါးထင်ထင်



တွေ့မြင်နိုင်ကြမည် ဖြစ်ပါသည်။ ထို့ပြင် မြန်မာ့ထီးနန်းကို အပိုင်သိမ်းရန် ကြံစည်ခဲ့သော အင်္ဂလိပ်နှင့် ပြင်သစ် အစိုးရတို့၏ နန်းတွင်းရေး အခြေအနေတို့ကိုလည်း တစ်စွန်းတစ်စ သိခွင့်ရခဲ့ပါသည်။

ထိုခေတ် မြန်မာတို့၏ ချွတ်ယွင်း အားနည်းမှုများနှင့်၊ ဆိုးဝါး နိမ့်ကျသော လူနေမှုစနစ်နှင့် အတွေးအခေါ် အယူအဆများကို သိရခြင်းဖြင့် သတိမူဖွယ်၊ စံပြုဖွယ်၊ သံဝေဂပွားဖွယ် စသည်တို့ကို ရရှိမည်ဟု မျှော်လင့်ပါသည်။ ထိုအချက်များကို တွေ့မြင် ထောက်ဆဆင်ခြင်နိုင်သည်နှင့်အမျှ တစ်စုံတစ်ခုသော အတိုင်းအတာ အထိ အကျိုးကျေးဇူး ရရှိနိုင်မည်ဟုလည်း ယုံကြည်ပါသည်။

ထို့ထက်ပို၍ကား ဤစာအုပ်ကို သမိုင်းဆိုင်ရာ စာတစ်အုပ်အနေဖြင့် အသိအမှတ်ပြု ကိုးကားရန် မလွယ်ကူပါ။ စာရေးသူ 'ဖူးကား' သည် သူ့နည်း သူ့ဟန်ဖြင့် ဝတ္ထုပုံစံ ဖွဲ့ ဆို ရေးသားထားခြင်း ဖြစ်ပြီး သူ့ဟန်၊ သူ့မူအတိုင်း ဝတ္ထုသွား ပုံစံဖြင့်ပင် မြန်မာပြန်သူက ပြန်ဆိုထား၍ ဖြစ်ပါသည်။

၆

ဤစာအုပ်ကို မြန်မာပြန်ဆိုရာတွင် စာရေးသူအား ကူညီခဲ့သော ညီဖြစ်သူ မောင်ဝမ်း(မန်းတက္ကသိုလ်) ၏ ကျေးဇူးကို မှတ်တမ်းပြုလိုပါသည်။

နောက်ဆုံးတွင် သီပေါဘုရင်မင်းမြတ် နန်းကျခဲ့စဉ် အချိန်က အသက်ရှင်လျက် ရှိနေသူတစ်ဦး ဖြစ်ပြီးလျှင် မြန်မာ့ ဦးစွန်း မြေခရခြင်းအတွက် စိတ်ထဲတွင် မချင့်မရဲ ဖြစ်ကာ မိမိ၏ ခံစားချက်အား ကဗျာ ရေး၍ တစ်တစ်ခွခွ ရင်ဖွင့်ခဲ့သော အချုပ်တန်းဆရာဖေ၏ တေးထပ်ဖြင့် ဤအမှာစာကို နိဂုံးချုပ်ပါရစေ။

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာတွေ စည်းကမ်းဖောက်လို့၊
ထီးနန်းပျောက် ဖြစ်ပြီ၊
မိုးငြမ်းထောက် အသစ်မှီတယ်၊
ညစ်ပလီ လူမျိုး၊
မိပစ်လို့ ဖရှောင်သွေ့တယ်၊
ဝွကောင်တွေ ခွေးဖြစ်ပေါ့ဗျိုး၊
မြန်မာများ ကြွားကြတာမှာ၊
မါးပြကာ လူဆိုး၊
ကုလားမြင် သူ့အမေရိုးတော့မလိုပ၊
ခုမြေလျှိုး ပုန်းရှောင်၊
မိုက်မနော် ပြုမပေးတို့က၊
သူ့ပတွေးတော့ ခွေးသို့မဟောင်၊
ပြောရောဟဲ့ ရာဇဝင်ပြောင်အောင်၊
စာဇင်တောင် ဦးချလို့၊
ပလူးရ ပြေးကြို့ခါခါ၊
ခွေးသို့ပမာ၊
တွေးမိတိုင်း အရိုးနာသည်၊
အမျိုးပါ ဆဲချင်ပေါ့လေး. . . ။

မြန်မာပြန်သူ

တက္ကသိုလ်စိန်တင်
တိုက် ၃၀/၀၂၊ ကြို့ကုန်းရိပ်သာ
အင်းစိန်မြို့၊
၁၉၇၃ ခုနှစ်၊ ဒီဇင်ဘာလ

# ပထမပိုင်း

# မင်းတုန်းဘုရင်

www.burmeseclassic.com

www.burmeseclassic.com

## မန္တလေး မတိုင်မီကာလ

တိမဝန္တာတောင်တန်း၏ အရှေ့ဘက် တောင်စွယ်မှ နေ၍ တောင်ဘက်သို့ စီးဆင်းသွားသော ဧရာဝတီမြစ်မင်းသည် မုတ္တမပင်လယ်အော်တွင်းသို့ ငြိမ့်ညောင်းစွာ လိုမ့်ဝင်သွားပေသည်။ နိုင်ငံတစ်နိုင်ငံ၏ အဖြစ်အပျက်များသည် မြစ်ရေ စီးဝင်ခြင်းအပေါ်တွင် အမှီပြုလျက် ရှိရကား မြစ်ကမ်းဝဲယာ ဒေသတစ်ခွင်တွင် ဇာတ်လမ်း ဇာတ်ကွက်များကို ဖန်တီးသွားတတ်၏။ ထို့ပြင် ကြေကွဲ ဝမ်းနည်းဖွယ်ရာသော ရာဇဝင် သမိုင်း အဖြစ်အပျက်ကြီးများကိုလည်း ရေးသားသွားတတ်ပေသည်။ မြို့တော်ကြီးများကို ခမ်းနား ထည်ဝါစွာ တည်ဆောက်ပြီးသည့် ကာလဝယ် ဘုရား၊ ကျောင်း၊ တန်၊ နန်းတော်တို့၏ တောက်ပ ထွန်းလင်းသော အရိပ်များသည် အလျဉ်မပြတ် စီးဆင်းနေသော မြစ်ရေကြေးမုံပြင်တွင် ထင်ဟပ်လာကြ၏။ ထို့နောက်တွင်တော့ ဤအရိပ်များသည် မကြာမတင်မှာဝင် ပျောက်ကွယ်သွားကြပြန်လေသည်။

မြစ်မင်းသည်ကား စီးဆင်းမြဲ စီးဆင်းလျက်ပင်။ ယနေ့အချိန်အခါ၌ ဤမြစ်မင်းသည် စီးပွားရေးအတွက် အရေးအပါဆုံး ရေကြောင်းလမ်းတစ်ခု ဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အောက်မြန်မာပြည် လွင်ပြင်ဒေသနှင့် ချမ်းသာ ကြွယ်ဝသော မြစ်ဝကျွန်းပေါ်ဒေသ တစ်ခုလုံးသည် ကမ္ဘာ့အရေးအပါဆုံးသော စပါးကျီကြီးများ ဖြစ်နေ၏။ နှစ်တွေ အိုမင်း ကြာညောင်းလာသည်နှင့် အမျှ မြစ်ကမ်း ဝဲယာ ဒေသတစ်လျှောက်လုံးသည် စပါးပင်တို့ဖြင့် စိမ်းလန်းစိုပြည်ခဲ့၏။ သည့်နောက် ရာစုနှစ်ပေါင်းများစွာ ကျော်လွန်ခဲ့သော အခါ၌ ဧရာဝတီမြစ်ကမ်းများသည် နက်ရှိုင်းသော တောအုပ်များ အဖြစ်သို့ ပြောင်းလဲသွားခဲ့လေ၏။ ထိုအခါတွင်ကား ဤနေရာတစ်ဝိုက်တွင် ဆင်းရဲသား လူတန်းစားတို့၏ သက်ငယ်တဲအိမ်များဖြင့် ပြည့်နှက်သွားတတ်ပြန်ပေသည်။

၁၅ ရာစုခန့်ဆီက မြန်မာပြည်၏ မြို့ကြီး၊ ရွာကြီးများနှင့် အတော်အတန် ကွာလှမ်းသော ဒေသများဆီ၌ တိုးတက် ဖွံ့ဖြိုးမှု ဟူ၍ မဆိုစလောက်သာလျှင် ရှိခဲ့၏။ နယ်ချဲ့လာသူတွေ၊ တိုင်းပြည် တည်ထောင်အုပ်စိုးသူတွေ၊ မင်းအဆက်ဆက် ပြောင်းလဲလာခဲ့သော်လည်း ကျေးတောနေလူထုအနေဖြင့် ဝါးရိုးတိုင်ထူ၍ ဖျာကို မိုးကာလျက် ဆင်းရဲစွာ ကျင်လည်လှုပ်ရှားခဲ့ရသော ဘဝမှ တိုးတက်မလာခဲ့ချေ။ နန်းအဆက်ဆက်တွင် စားထက်ခဲ့ကြသော အုပ်စိုးသူ အသီးသီးသည် ဤလူဆင်းရဲများကို ယောင်၍မျှ လှည့်မကြည့်ခဲ့ကြပေ။

မြန်မာလူမျိုးများမှာ မွန်ဂို အနွယ်ဝင်များ ဖြစ်ခဲ့ကြ၏။ ရှေးနှစ်ပေါင်းများစွာကပင် စစ်ပွဲများကြောင့် လည်းကောင်း၊ ကပ်ရောဂါများကြောင့်လည်းကောင်း ထောင်ပေါင်းများစွာသော ဤသူတို့သည် ရေကြည်ရာမြက်နုရာ ရှာဖွေရင်း တောင်ဘက်သို့ ရောက်ရှိလာခဲ့ကြ၏။ သူတို့ထဲမှ အချို့သည် မြန်မာနိုင်ငံ အတွင်းသို့ အနောက်မြောက်ဘက်ဆီမှ နေ၍ ဝင်ရောက်လာခဲ့ကြ၏။ သူတို့သည် လူသိ ထင်ရှား ကျော်ကြားသော အိန္ဒိယပြည် မြောက်ပိုင်းမှနေ၍ ဝင်ရောက်လာခဲ့ကြခြင်းလည်း ဖြစ်ပေသည်။ တစ်ဖန် မဒရပ်နှင့် မလဘာ အရပ်ဒေသမှ လူများသည် သင်္ဘောသားများ အဖြစ်နှင့် မြန်မာနိုင်ငံသို့ ရောက်ရှိလာကြပြီး ဧရာဝတီ



မြစ်ဝကျွန်းပေါ် ဒေသများတွင် အခြေချခဲ့ကြလေ၏။ ဤသို့ဖြင့် တရုတ်ပြည်နှင့် အိန္ဒိယပြည်တို့မှ ရှေးဟောင်းယဉ်ကျေးမှု အမွေကို ခံယူထားကြသူတို့သည် မြန်မာနိုင်ငံအတွင်း၌ သွေးချင်း ရောနှော ပေါင်းစပ်ခဲ့ကြ၏။ ယင်းမှဆက်၍ ယနေ့ မြန်မာအမျိုးသားများ အဖြစ် ရောက်ရှိခဲ့ကြခြင်း ဖြစ်ပေသည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံ အတော်များများမှာ အိန္ဒိယနိုင်ငံမှ ဆင်းသက် ရယူခဲ့ခြင်းကို ငြင်းကွယ်ရန် မရှိပေ။ ယနေ့ မြန်မာနိုင်ငံ၏ ပင်မ ကိုးကွယ်ရာ ဗုဒ္ဓဘာသာကိုပင် ကြည့်ပါ။ မဇ္ဈိမမှ ဝင်ရောက်လာသော ခရီးသည်များ ထံမှ တစ်ဆင့် အမွေ ဆက်ခံ ရယူခဲ့သည်မှာ ခရစ်တော်ပေါ်ပြီး နှစ်ပေါင်း ၅၀၀ ခန့်က ဖြစ်လေသည်။

တန်ခိုးရှင်၊ အာဏာရှင်၊ လက်နက်အင်အား ပိုင်ရှင်တို့၏ ကြိုးစားတည်ဆောက်မှုဖြင့် ဒေသရပ်ရွာကလေးများကို စုစည်းပြီးသည့်ကာလဝယ် ကျယ်ဝန်း ခံ့ညားသော နိုင်ငံတော်နှင့် ပုဂံမြို့တော်ကို တည်ဆောက်နိုင်ခဲ့ကြ၏။ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် တည်းဟူသော မြစ်နှစ်သွယ် စီးဆင်းရာဒေသရှိ ပြည်သူအားကို ယူကာ ဤနိုင်ငံတော်ကို တည်ဆောက်နိုင်ခဲ့ကြခြင်း ဖြစ်၏။ ဤ ပုဂံနိုင်ငံတော်ကြီးမှာ ဘုရင်အဆက်ဆက် နှစ်ပေါင်းများစွာ နန်းထိုင် စိုးစံခဲ့ကြပြီးနောက် အေဒီ ၁၂၈၇ ခုနှစ်တွင် တာတာ လူမျိုးတို့၏ ခေါင်းဆောင် ကူဗလေခန်၏ လက်ထဲသို့ ကျရောက်သွားခဲ့၏။ အာရှတစ်လွှား၌ ထင်ရှား ကျော်ကြားသော စစ်ဘုရင် ကူဗလေခန်၏ လက်တွင် ပုဂံသည် မြို့ပျက်ကြီး အဖြစ်သို့ ကျရောက်ခဲ့သည်။ ယခုအခါတွင် ပုဂံသည် 'ထီးသုဉ်း၊ နန်းသုဉ်း၊ မြို့သုဉ်းသည်' ဘဝသို့ ကျရောက်ခဲ့ပြီ ဖြစ်သော်လည်း ဘုရားစေတီ အများကမူ တစ်ချိန်က ပုဂံ၏ ကြီးကျယ်ခြင်း အဖြစ်ကို ဖော်ပြနေကြဆဲ ဖြစ်သည်။

နောက်ပိုင်းတွင် နိုင်ငံတော်သည် ရာစုနှစ်ပေါင်း များစွာ ကြာသည်အထိ 'တစ်နေရာ တစ်မင်းစံ' အဖြစ်သို့ ပြိုကွဲ ပျက်စီးသွားနေခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အင်းဝတွင် ဘုရင် အုပ်စိုး၍ ပဲခူးတွင်လည်း မင်းတစ်ပါး ရှိနေသည်။ သထုံတွင်လည်း အခြားမင်းတစ်ပါး စိုးစံနေ၏။ ၁၆ ရာစုနှစ် စောစောပိုင်းသို့ ရောက်သော အခါတွင်ကား ပေါ်တူဂီ အမျိုးသားများ ဖြစ်ကြသော ကုန်သည် လူစွန့်စားများသည် ရှင်ဘုရင် ပေါသော ဤနိုင်ငံသို့ ခြေချလာခဲ့ကြပေသည်။

ပေါ်တူဂီ ကုန်သည်တို့၏ နောက်မှ အရှေ့အိန္ဒိယ ကုမ္ပဏီနှင့် ဒတ်ချ်ကုန်သည်များ၊ ပြင်သစ် ကုန်သည်များက လိုက်ပါလာကြ၏။ သို့သော် ဤ တိုင်းခြားဧည့်သည်များသည် နိုင်ငံတော်ကို ဟုတ္တိပတ္တိ စိတ်ပါဝင်စားဟန် မပြခဲ့ကြ။ ဥရောပတိုက် အနေဖြင့်ကား မြန်မာပြည်ကို တဖြည်းဖြည်း နားလည် သိရှိလာချိန် ဖြစ်ပေသည်။

အေဒီ ၁၇၁၈ ခုနှစ်၌ မြန်မာနိုင်ငံ သမိုင်းအား ပြုပြင်ရေးသားမည့် ပုဂ္ဂိုလ်ထူး တစ်ယောက်ကို ရွှေဘိုတွင် ဖွားမြင်ခဲ့၏။ နောင်တွင် အလောင်းဘုရားဟု ကျော်ကြားတော့မည့် ဤပုဂ္ဂိုလ်သည် လယ်သမားကြီး တစ်ဦးဖြစ်ပြီး သူ၏ မွေးဇာတိဖြစ်သော မုဆိုးဘို ကျေးရွာတွင်လည်း ရွာသူကြီး ဖြစ်ပေသည်။

ထိုအချိန်က မုဆိုးဘိုရွာသည် မွန်တို့၏ နိုင်ငံတော်ဖြစ်သော ပြည်နှင့် တောင်ငူတို့အတွက် ဆူးငြောင့်ခလုတ် ဖြစ်နေ၏။ အလောင်းဘုရားသည် ရသမျှ လူသူလက်နက် စုဆောင်း ဦးစီးလျက် တောင်ဘက်မှ ရောက်လာသော ကျူးကျော်သူများကို ခုခံ တွန်းလှန် နေခဲ့သည်။ ဤသို့ဖြင့် သူသည် စစ်တပ် တစ်တပ်ကို ဦးစီးဦးဆောင် ပြုခဲ့ရသော အဆင့်သို့ ရောက်ခဲ့၏။ နောက်ဆုံးတွင် မွန်တို့ကို လုံးဝ အောင်မြင်လိုက်ပြီး အလောင်းဘုရားသည် မြန်မာနိုင်ငံတော်၏ ရေမြေသနင်း ပြည့်ရှင်မင်း ဖြစ်လာခဲ့တော့သည်။

ထို့နောက် အလောင်းဘုရားသည် အနောက်မြောက်ဒေသရှိ မဏိပူရသို့ ချီတက်တိုက်ခိုက် အောင်မြင်ခဲ့လေရာ အင်္ဂလိပ်ပိုင် အိန္ဒိယနှင့် အဧ ဘင်းဘုရား၏ နိုင်ငံတော်မှာ နယ်စပ်ခြင်း ထိဆက်နေခဲ့လေသည်။



နောက်ဆုံးတွင် အလောင်းဘုရားသည် ယိုးဒယား(ထိုင်း)နိုင်ငံကို အောင်နိုင်ရန် ကြိုးစားတော့သည်။ ယင်းသို့ ကြိုးစားရင်းပင် အသက် ၄၆ နှစ် အရွယ်၌ နတ်ရွာစံခဲ့၏။ အလောင်းဘုရားကား မြန်မာပြည်ကို ကျယ်ဝန်း ခံ့ညားသော အမျိုးသားနိုင်ငံကြီး တစ်နိုင်ငံ အဖြစ်သို့ ရောက်အောင် တည်ထောင်နိုင်ခဲ့သူ ဖြစ်သည်။ သူသာ အသက်ထင်ရှား ရှိနေဦးမည်ဆိုလျှင် သူ၏ မျှော်မှန်းချက်များကို ပြည့်ပြည့်ဝဝ အကောင်အထည် ဖော်သွားမည့်သူပင် ဖြစ်၏။

သူ့ရာထူးတွင် ချက်ချင်း ဝင်ရောက် ဆက်ခံသူတို့မှာ အရည်အချင်း ပြောပလောက်အောင် ပြည့်ဝသူများ မဟုတ်သော်လည်း ယိုးဒယား (ထိုင်း)-မြန်မာ စစ်ပွဲကို ဆက်လက် တိုက်ခိုက်ခဲ့ကြသည်။ ဤသို့ဖြင့် ၁၇၆၇ ခုနှစ်တွင် ယိုးဒယား(ထိုင်း)မြို့တော် 'အယုဒ္ဓယ' ကို မြန်မာ တပ်မတော်က မြေလှန် ဖြိုဖျက်လိုက်နိုင်ပေသည်။

အလောင်းဘုရားသည် သူ့ကို ဆက်ခံသူများအတွက် ကြီးမားခံ့ညားသော နိုင်ငံတော်ကို အမွေအဖြစ် ချန်ထားပေးခဲ့နိုင်သည်ကား မှန်၏။ သူ့ကို ဆက်ခံသော ဘုရင်များမှာ အရည်အချင်း ညံ့ဖျင်းကြလေရာ တိုင်းပြည်၏ အင်အားမှာ တစ်စတစ်စ နည်းပါးလာခဲ့ရပေသည်။ ဘုရင်များသည် သက်ဦးဆံပိုင် အသက်သခင် ကျေးဇူးရှင်များ ဖြစ်ကြ၏။ မြန်မာလူမျိုးများ၏ သဘာဝအတိုင်း စိတ်တိုတတ်ပြီး ရည်မှန်းချက် ကြီးကြီးမားမား ထားရှိကြသည်။ နိုင်ငံကို စိုးမိုးအုပ်ချုပ်ရာတွင် ဒေါသစောင်းမာန်ထက်၍ သည်းခံနိုင်ခြင်းတရား နည်းပါးလှ၏။ ဤအရည်အချင်းများသည် မြန်မာနိုင်ငံကို အနေးနှင့် အမြန် ဆိုသလို ဒုက္ခဝဲဩဃ အတွင်းသို့ တွန်းပို့သလို ဖြစ်ခဲ့လေသည်။

မြန်မာနိုင်ငံ၏ ပင်လယ်ကူး သင်္ဘောဆိပ်တွင် နိုင်ငံရပ်ခြား တိုင်းတစ်ပါးသားတို့၏ အိမ်များဖြင့် ပြည့်နှက်လာ၏။ နိုင်ငံတော်၏ နယ်စပ်ဒေသများ ဖြစ်ကြသော မဏိပူရ၊ အာသံ၊ ရခိုင်ဒေသတို့မှာ

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်အစိုးရပိုင် ဒေသများနှင့် နယ်စပ်ချင်း ဆက်စပ်လျက် ရှိနေဆဲလည်း ဖြစ်သည်။

မဏိပူရနိုင်ငံမှာ မြန်မာနိုင်ငံ၏ လက်အောက်ခံ နိုင်ငံငယ် တစ်နိုင်ငံ အဖြစ် မြန်မာဘုရင်များက အသိအမှတ် ပြုခဲ့ကြ၏။ ယင်းနိုင်ငံသို့ မြန်မာစစ်တပ်များ မကြာခဏ ဝင်ရောက် တိုက်ခိုက်ပြီး လူအများအပြားကို ကျေးကျွန်များအဖြစ် ဖမ်းဆီး ခေါ်ဆောင်သွားလေ့ ရှိခဲ့သည်။ မြန်မာစစ်တပ်များသည် ၁၈၁၉ ခုနှစ်က မဏိပူရနိုင်ငံသို့ ဝင်ရောက် တိုက်ခိုက်ကြပြီး ၁၈၂၄ ခုနှစ် အထိ ယင်းဒေသတွင် တပ်စွဲ နေထိုင်ခဲ့ကြသည်။ ထိုသို့ နေထိုင်ရင်းဖြင့် အိန္ဒိယနိုင်ငံကို ထိပါးရန်နှင့် အင်္ဂလိပ်ကုန်သည်ကြီး အများအပြား ရှိနေသော၊ ကြွယ်ဝချမ်းသာသည့် မြို့တော်ဟု ယူဆထားသည့် ကာလကတ္တားမြို့ကိုပါ သိမ်းပိုက်ရန် မျက်စောင်းထိုးခဲ့ကြ၏။ ဤသို့ဖြင့် ဗြိတိသျှတပ်များနှင့် အိန္ဒိယစစ်ပါရီ တပ်သားများကို မြန်မာတို့က မထီလေးစား ပြုမူဆက်ဆံခဲ့ကြ၏။

၁၈၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာတပ်သားများသည် မဏိပူရ နယ်စပ်ကို ကျော်ဖြတ်လျက် အိန္ဒိယနိုင်ငံ အတွင်းသို့ ချဉ်းနင်း ဝင်ရောက်ခဲ့ကြသည်။ တိုက်ပွဲများ သဲသဲမဲမဲ ဖြစ်ခဲ့၏။ ထိုနှစ် မတ်လတွင် အိန္ဒိယ ဘုရင်ခံက မြန်မာပြည်နှင့် စစ်ဖြစ်နေပြီဟု ကြေညာခဲ့သည်။ ထိုနှင့် တစ်ဆက်တည်းမှာပင် အိန္ဒိယနှင့် ဗြိတိသျှတပ်များကို ပူးပေါင်းလျက် ရန်ကုန်မြို့သို့ ချီတက်စေခဲ့သည်။ အိန္ဒိယမှ ချီတက်လာသော တပ်များသည် မြို့တော်၏ အရေးပါသော နေရာဖြစ်သည့် ရွှေတိဂုံစေတီ တုန်းတော်ကို သိမ်းပိုက်လိုက်ကြလေသည်။

ထိုအချိန်တွင် အိန္ဒိယသို့ ဝင်ရောက် တိုက်ခိုက်နေသော ဗိုလ်ချုပ် မဟာဗန္ဓုလသည် မိမိ၏ တပ်များနှင့်အတူ ရန်ကုန်မြို့သို့ အပူတပြင်း ဆုတ်ခွာလာခဲ့၏။ ရန်ကုန်မှ နေ၍ အင်္ဂလိပ်စစ်တပ်များကို ခံရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့။ ထို့ကြောင့် ဗိုလ်ချုပ် မဟာဗန္ဓုလသည် ဒနုဖြူသို့ ဆုတ်၍ ခံပြန်သည်။ ဒနုဖြူတွင် ဗုံးကျည် ထိမှန်သဖြင့် ဗိုလ်ချုပ်



မဟာဗန္ဓုလ ကျဆုံးခဲ့ရ၏။ သည်နောက်တော့ မြန်မာတို့ ခံတပ်များ ပြိုကွဲ ပျက်စီးခဲ့ရသည်နှင့်အမျှ အင်္ဂလိပ်စစ်တပ်များသည် အင်းဝမြို့တော်သို့ ဦးတည် ချီတက်လာခဲ့ကြသည်။ ထို့ကြောင့်ပင် ရန္တပို စစ်ပြေငြိမ်း စာချုပ်ဖြင့် မြန်မာတို့က စစ်ပွဲကို ရပ်စဲခဲ့ရသည်။ မြန်မာတို့သည် တန်ဖိုးကြီးသော လျော်ကြေးများ ပေးဆပ်ခဲ့ရသည်။ ရခိုင်နှင့် တနင်္သာရီ နယ်မြေများကို အင်္ဂလိပ်စစ်တပ်များသို့ ပေးအပ်လိုက်ရလေတော့သည်။

ဘကြီးတော်မင်းတရားသည် ရောဂါဝေဒနာ စွဲကပ်လာသည့် အခါ၌ ၁၈၃၇ ခုနှစ်တွင် ညီတော် သာယာဝတီမင်းသည် ထီးနန်း အရိုက်အရာကို ဆက်ခံလေသည်။ သာယာဝတီမင်းကား အင်္ဂလိပ်-မြန်မာ စစ်ပွဲတွင် တပ်မှူးတစ်ဦးအဖြစ် ဦးစီး ပါဝင်ခဲ့သူ ဖြစ်၏။ သို့စဉ်လျက် သူက လက်ရှိ နိုင်ငံတော်၏ အခြေအနေများကို အသိအမှတ် မပြုနိုင်ဟု ဆိုနေသည်။ သူ့ အဆိုအရ အင်္ဂလိပ်များအပေါ် စစ်ရှုံးနိမ့်ခဲ့သော ဘုရင်မှာ မိမိ မဟုတ်၊ ထို့ကြောင့် စစ်ပြေငြိမ်းစာချုပ်ကို မိမိက ဆက်လက် တာဝန်မယူနိုင်ဟု ဆိုသ်။

ဤကိစ္စနှင့် ပတ်သက်၍ သူ့တွင် ခိုင်လုံသော အကြောင်းပြချက် ရှိပေသည်။ မြန်မာဘုရင်များ၏ ဓလေ့ထုံးစံအရ ယခင် အုပ်စိုးသွားသော ဘုရင်ခေတ်က သတ်မှတ် ဆောင်ရွက်ခဲ့သော အကြောင်းအရာများမှာ နောက်တက်သော ဘုရင်သစ်၏ လက်ထက်တွင် အားလုံး တရားမဝင်တု ပယ်ဖျက်ပြီး ဖြစ်နေ၍ပင်။

သာယာဝတီမင်းသည် မင်းနေပြည်ကို အင်းဝမှ အမရပူရသို့ ပြောင်းရွှေ့လိုက်ပြီး နေပြည်တော်ကို ထည်ဝါ ခံ့ညားအောင် တည်ဆောက် စိုးစံလေသည်။ သို့သော် သာယာဝတီမင်းမှာ ကျန်းမာရေး ချို့တဲ့ လေရကား ၁၈၄၆ ခုနှစ်တွင် သားတော် ပုဂံမင်းသည် အမရပူရရွှေနန်း တို့ သိမ်းမြန်း စိုးစံလေသည်။

ပုဂံမင်းမှာ မဟာမေဒင် အမျိုးသားနှစ်ဦး၏ ခြယ်လှယ် လွှမ်းမိုးမှုနှင့် ကြုံတွေ့နေရလေရာ တိုင်းပြည်သူပြည်သားများ၏ မုန်းတီးရွံရှာမှုကို ခံနေ

www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။ နိုင်ငံတော်မှာ မင်းမဲ့တိုင်းပြည်ကဲ့သို့ ဖရိုဖရဲ ဖြစ်နေပြီး နေပြည်တော်နှင့် ဝေးကွာသော ရန်ကုန်မြို့တွင် နိုင်ငံခြားကုန်သည်များနှင့် ပြဿနာမျိုးစုံ ဖြစ်ပွားနေပေသည်။

ဤသို့ဖြင့် ၁၈၅၂ ခုနှစ်တွင် ဗြိတိသျှတပ်များသည် ရန်ကုန်မြို့သို့ နောက်တစ်ကြိမ် ချီတက်လာကြပြန်လေသည်။ နောက်ဆုံးတွင် ပဲခူး၊ ရန်ကုန်နှင့် ပုသိမ် ဆိပ်ကမ်းမြို့များသည် ကျူးကျော်သူတို့၏ နယ်သစ်ပယ်သစ်များ စာရင်းသို့ ဝင်ရောက်သွားတော့၏။

ဤစစ်ပွဲတွင် ပုဂံမင်းသည် ပြည်သူလူထု ထောက်ခံမှုကို မရရှိဘဲ အခက်တွေ့နေစဉ် ညီတော် မင်းတုန်းမင်းသားသည် ပုဂံမင်းကို တော်လှန် ပုန်ကန်၍ နန်းမှ ဆွဲချလိုက်၏။ ဤသို့ဖြင့် မြန်မာ့ထီးနန်း၏ နေဝင်ချိန်သို့ နီးကပ်လာခဲ့ရပေသည်။

မင်းတုန်းမင်း၏ နိုင်ငံတော်မှာ လွန်ခဲ့သော နှစ်ပေါင်း ၆၀၀ လောက်က ကူဗလေခန် ဘုရင်လက်ထက် တာတာလူမျိုးတို့ မြန်မာပြည်သို့ ဝင်ရောက် ဖျက်ဆီးသည့် အချိန်နှင့် ဘာမျှ မခြားနားလှချေ။

မင်းတုန်းမင်းသည် မိမိအား ဆန့်ကျင်နေသော အင်အားစုအချို့ ရှိနေသည်ကို ကောင်းစွာ နားလည်သည်။ သို့သော် ဤအင်အားစုထဲတွင် သူ့ကို ဆက်ခံသော သီပေါမင်းသား မပါဝင်ပေ။

မင်းတုန်းမင်းသည် အမရပူရတွင် လည်းကောင်း၊ ထည်ဝါ ခံ့ညားစွာ တည်ဆောက်ခဲ့သော ရတနာပုံ မန္တလေး နေပြည်တော်တွင် လည်းကောင်း နန်းစံလျက်၊ သူ့ ဘိုးဘေး မင်းဆက်အသီးသီး ပိုင်နယ်မြေတလွှားကို အုပ်ချုပ် စိုးစံခဲ့၏။ သူသည် ပြည်သူတို့၏ သက်ဦးဆံပိုင်ဘုရင် ဖြစ်သည်ကား မှန်၏။ သို့သော် ကြင်နာတရားနှင့် ပြည့်စုံသော သက်ဦးဆံပိုင် ဘုရင်ဖြစ်ပေသည်။ သူသည် တရားစီရင်ရေးကို နေသားတကျ ဖြစ်အောင် ပြုပြင်စီမံ၏။ ဥရောပငှက်သား ဧည့်သည်များက သူ့ရှေ့သို့ ဝင်ရောက် ခစားသောအခါတွင် ဖိနပ်ခြေနင်း ချွတ်ပြီး



တုပ်ကွရိုကျိုး၍ ဝင်မှ ကျေနပ်၏။ ထို့ပြင်လည်း များပြား ရှည်လျားသော ဘွဲ့နာမည် တစ်ပွေ့တစ်ပိုက်ကြီးကို ခံယူခဲ့၏။

'ဘုန်းမီးနေလ တောက်ပစွာသော၊ ဆင်ဖြူများရှင်၊ ဆဒ္ဒန်ဆင်မင်းသခင်၊ လက်နက်နိုင်ငံတော်၏အရှင်၊ တရားမင်းအပေါင်းတို့၏ ကေရာဇ်နေထွက်ဘုရင်၊ ဘဝရှင်မင်းတရားကြီး' ဟူသော အချီးအမွမ်း၊ ဘွဲ့နာမည်တို့ကို သီဟာသနပလ္လင်ပေါ်တွင် စံမြန်းနေသော မင်းတုန်းမင်းတရားကြီး ကျေနပ်အားရစွာ ခံယူ စံစားနေခဲ့လေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

# ဘုရင့်ရွှေမြို့တော်

သရက်မြို့နှင့် တောင်ငူမြို့တို့သည် ၁၈၈၅ ခုနှစ် အထိ ဗြိတိသျှပိုင် မြန်မာနိုင်ငံ၏ မြောက်ပိုင်း နယ်စပ်မြို့များ ဖြစ်နေကြသည်။ ဤနယ်မြေ၏ တစ်ဖက်နိုင်ငံ၀ယ် တန်ခိုးအာဏာ အပြည့်အ၀ရှိသော ရေမြေသနင်း ပြည့်ရှင်မင်းတို့သည် မိမိတို့ ထီးနန်းအရိုက်အရာ၏ ဆူးပြောင့်ခလုတ်ဟူသမျှကို ပြတ်ပြတ်သားသား ရှင်းလင်း သုတ်သင်လျက် စိုးစံနေကြ၏။

၁၈၅၃ ခုနှစ်တွင် မင်းတုန်းမင်းသည် နောင်တော် ပုဂံမင်းကို တော်လှန် ပုန်ကန်လျက် အမရပူရရွှေနန်းကို သိမ်းမြန်း ရရှိခဲ့ပြီး ဗြိတိန်ပြည့်ရှင် ဝိတိုရိယဘုရင်မကြီးနှင့် နန်းပြိုင်စိုးစံသူ ဖြစ်၏။

ပုဂံမင်းကို တော်လှန် ပုန်ကန်၍ ထီးနန်းကို ရယူခဲ့သည် ဆိုသော်လည်း မင်းတုန်းမင်းသည် တော်လှန်ရေးတွင် အခန်းကဏ္ဍ အနည်းငယ်မျှသာ ပါ၀င်ခဲ့သူ ဖြစ်သည်။ သူကား ကြင်နာတရား ပြည်၀ဖြိုးဗုဒ္ဓဘာသာကို သန့်စင်စွာ ယုံကြည် ကိုးစားသူ တစ်ဦးဖြစ်၏။ ထို့ကြောင့်ပင် လုပ်ထုံးလုပ်နည်းကို ဖယ်ခွာလျက် နောင်တော် နန်းကျဘုရင် ပုဂံမင်းကို အဆုံးစီရင်ခြင်း မပြုဘဲ အဆောင်အယောင် ရုပ်သိမ်းရုံမျှသာ ပြုလုပ်ခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းအတွက် ဆောင်ရွက်ရန် တာဝန်တွေကား များပြားခတ်ခဲလှ၏။ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲသည် မြန်မာတို့၏ ဂုဏ်သိက္ခာကို တောင်းကောင်းကြီး ကျဆင်းစေခဲ့၏။ ပဲခူး၊ ရန်ကုန်နှင့် ပုသိမ် ဆိပ်ကမ်းမြို့များကို ဆုံးရှုံးခဲ့ရသဖြင့် မြန်မာနိုင်ငံသည် ပြင်ပကမ္ဘာနှင့် အဆက်အသွယ် ပြတ်တောက်သွားခဲ့ရ၏။

ရန်ကုန်မြို့မှာ ဆိပ်ကမ်းမြို့ တစ်ခုမျှသာ မဟုတ်သေး။ အရှေ့အာရှ၏ ဗုဒ္ဓဘာသာမြို့တော် တစ်ခုလည်း ဖြစ်၏။ ရန်ကုန်မြို့တွင် ရွှေရောင်တဝင်းဝင်းဖြင့် တင့်တယ်စွာ တည်ရှိနေသော ရွှေတိဂုံစေတီတော်မြတ်ကြီးသည် မရေမတွက်နိုင်သော ဗုဒ္ဓဘာသာဝင်အများစုကြီး၏ ကြည်ညိုဦးခိုက်ရာ စေတီတော်မြတ်ကြီး ဖြစ်နေပေသည်။ ဤစေတီတော်မြတ်ကြီးကို မြန်မာနိုင်ငံတစ်ဝန်းမှ ဘုရားဖူးများ အပြင် အိန္ဒိယ၊ သီဟိုဠ်၊ ကမ္ဘောဒီးယားနှင့် တရုတ်ပြည်တို့မှ ဘုရားဖူးအများအပြား လာရောက် ဖူးမြော်နေကြရ၏။ ယခုကား ဤစေတီတော်မြတ်ကြီးကို ဆုံးရှုံး လက်လွှတ်ခဲ့ကြရပြီ။

ရန်ကုန်မြို့တွင် ဗြိတိသျှကုန်သည်ကြီးတို့သာလျှင် မိမိတို့ စီးပွားရေးလုပ်ငန်းများကို ခိုင်မာစွာ အခြေချ ဆောင်ရွက်နေကြ၏။ မြန်မာ့နယ်မြေမှ ပြည်သူလူထု အများတို့သည် ပဲခူးနှင့် တနင်္သာရီ ဒေသများဆီသို့ ပြောင်းရွှေ့သွားကြရင်း မင်းတုန်းမင်း၏ နိုင်ငံတော်ကို စွန့်ခွာလျက်ရှိကြပေသည်။

ထိုအခြေအနေသစ်များကို မင်းတုန်းမင်းသည် မိမိ တစ်ဦးတည်း၏ ဆုံးဖြတ်ချက်ဖြင့် ထိန်းသိမ်း ဆောင်ရွက်ရတော့မည် ဖြစ်၏။

မင်းတုန်းမင်းကား ဗြိတိသျှတို့ကို အလွန် မုန်းတီးသူ ဖြစ်၏။ သူသည် မိမိ၏ နယ်မြေပိုင်နက်များ ဆုံးရှုံးခဲ့ရပြီဟု ဝန်ခံသော စစ်ပြေငြိမ်းစာချုပ်ကို ချုပ်ဆိုရန် ဆန္ဒမရှိချေ။ သို့သော် မိမိ၏ လက်ငင်း အခြေအနေကို နားလည်သည့်။ ဆုံးရှုံးပြီးခဲ့သော မိမိ ပိုင်နက်နယ်မြေတို့ကို ပြန်လည်သိမ်းပိုက်နိုင်ရန်မှာ လက်နက်အင်အား တောင့်တင်း ခိုင်မာအောင် ပြုပြင်



တိုးပမ်းရဦးမည်ကို ရိပ်စားမိ၏။ သူသည် ဗြိတိသျှအမှုထမ်းများကို မိမိ၏ နိုင်ငံတော် အတွင်းသို့ ဝင်ထွက်သွားလာခွင့် ပြုထား၏။ စစ်ပြေငြိမ်းစာချုပ်ကို ချုပ်ဆိုရန် သူ ဆန္ဒမရှိသော်လည်း ဗြိတိသျှတို့ သတ်မှတ်ထားသော နယ်နိမိတ်ကိုမူ လက်ခံထားပေသည်။

အမရပူရရွှေနန်းတွင် စံမြန်းနေစဉ် မင်းတုန်းမင်းကြီးသည် ရန်ကုန်မြို့၏ တိုးတက် ဖွံ့ဖြိုးလာပုံများကို ကြားသိနေရ၏။ သက်ငယ်မိုးနှင့် ကျူထရံ ကာထားသော ခေတ်ဟောင်းက တဲငယ်များ နေရာတွင် လှပသော အဆောက်အအုံသစ်များ ဆောက်လုပ်နေပြီး ကျယ်ဝန်းသော လမ်းမကြီးများ ဖောက်လုပ်ထားကြောင်း သတင်းများသည် အမရပူရရွှေနန်းသို့တိုင် လွင့်ပျံလာပေသည်။

ဤတွင် မင်းတုန်းမင်းကြီးသည် မိမိလည်း မြို့တော်သစ် တည်ထောင်ရန် အကြံဖြစ်ပေါ်လာ၏။ ပြိုကျနွမ်းပါးနေသော နိုင်ငံတော်၏ သိက္ခာကို ပြန်လည် ဆယ်တင်နိုင်ရန်အတွက် ရှေး ဘိုးဘေးတို့ ခေတ်ကထက် ထည်ဝါ ခံ့ညားသော နေပြည်တော်ကို မိမိ တည်ဆောက်မည်။ ဤသို့ဖြင့် မိမိနာမည်သည် သမိုင်းတွင် မော်ကွန်းထိုး ကျန်ရစ်မည်ဟု သူ မျှော်လင့်လေသည်။ မိမိ တည်ထောင်မည့် မြို့တော်သစ်ကို ရတနာပုံနေပြည်တော်ဟု ခေါ်တွင်စေရမည်။ ဤကား သူ့ရင်တွင်းမှ ပေါ်ထွက်လာသော ဆန္ဒတည်း။

ထို့ကြောင့်ပင် ဘာသာရေး ခေါင်းဆောင်များကို ခေါ်ယူ၍ ညှိနှိုင်းပြီး အဆောက်အအုံများ ဆောက်လုပ်ရန် တိုင်ပင် ဆွေးနွေးစေသည်။ မန္တလေးတောင်မှာ အတိတ်ကောင်း နိမိတ်ကောင်းဖြင့် ပြည့်စုံသည်ဟု ယခင်ကပင် အယူတော်မင်္ဂလာ ရှိပြီးဖြစ်၏။ မင်းတုန်းမင်းကလည်း မိမိ၏ အိပ်မက်များတွင် မန္တလေးတောင်ကို အမြဲ မြင်နေကြောင်း မိန့်ကြားသည်။ ယင်းသို့ဖြင့် ဘုရင့်အိပ်မက်နှင့် အတူ ဆရာတော်၊ ပညာရှိတော်များ၊ နိမိတ်ဖတ်ဆရာများ၊ ဘုရင့် မှူးကြီးမတ်ကြီးများ၏ ပေါင်း ဆုံးဖြတ်ချက်တစ်ရပ် ပေါ်ထွက်လာသည်။ "မန္တလေးတောင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ရောဝတီမြစ်အကြား ဒေသတွင် ရတနာပုံနေပြည်တော်သစ်ကို တည်မြဲစေ"။

သို့သော် နေပြည်တော်ကို မြစ်ဖက်သို့ လွန်စွာ မနီးကပ်စေနှင့်။ အမရပူရနေပြည်တော်တွင် နန်းစံခဲ့စဉ် ဧရာဝတီဖလုတ်တီလာ မီးသင်္ဘောများ၏ အချက်ပေး ဥဩသံကို မင်းတုန်း ဘုရင်မင်းမြတ် နားနှင့်ဆတ်ဆတ် ကြားခဲ့ရသည်။ ဤ မီးသင်္ဘောများ၏ ဥဩသံသည် အောက်မြန်မာပြည်၌ ဗြိတိသျှအစိုးရတို့ ရှိနေကြောင်း သတိပေးနေသလိုလို။ ထို့ကြောင့် မကြားလိုပြီ။ နေပြည်တော်ကို မြစ်ဘက်သို့ နီးနီး မဆောက်မိစေရန် သတိပြုကြရမည်။

အမှန်ဆိုသော် မြို့တော်သစ်တစ်ခု တည်ဆောက်ရန် ဆိုသည်မှာ လွယ်တူ ပေါ့ပါးသောကိစ္စကား မဟုတ်။ အုပ်ချုပ်ရေးဆိုင်ရာ လွှတ်တော်ရုံးတော်များကိုသာ ရွှေ့ပြောင်းသည် မဟုတ်သေး၊ အမရပူရ မင်းနေပြည်ရှိ မြို့တော်သူ၊ မြို့တော်သား တစ်သိန်း ငါးသောင်းတို့ကိုလည်း သယ်ပို့ပေးရဦးမည် ဖြစ်သည်။ ဘုရင့်နန်းတော်နှင့် အတူ ဘုရားစေတီများ ဈေးများကိုလည်း စနစ်တကျ တည်ဆောက်ရဦးမည်။

ဤတွင် မန္တလေးရတနာပုံ နေပြည်တော်ကို စတင်၍ တည်ဆောက်ရသည်။ နေပြည်တော်မှာ ရှေးဟောင်း နေပြည်တော် အသွင်အတိုင်း ဖြစ်၏။ နေပြည်တော်၏ အလယ်ဗဟိုတွင် နန်းတော်ရှိသည်။ နန်းတော်ကို ခံတပ်နှစ်ခုက ရံတားထားသည်။ ယင်းပတ်ပတ်လည်ကာမှ တပ်မတော်သားတို့၏ နေအိမ်များ၊ ရုံးတော် လွှတ်တော် ဝန်ကြီးများ အမှုထမ်းများ၏ နေအိမ်များ ပါရှိသည်။ ယင်းတို့၏ ပတ်ပတ်လည်တွင်ကား နန်းမြို့ရိုး ရှိသည်။ မြို့ရိုးအပြင်မှာ ကျုံးဖြင့် ကာရံထား၏။ ကျုံးတူးဖောက် ကာရံထားခြင်းဖြင့် တိုင်းခြားရန်သူတို့၏ ရန်မှ ကာကွယ်ထားပြီး ဖြစ်နေမည်။ ထို့ပြင် သစ်သား၊ ဝါး၊ ထရံတို့ဖြင့် ဆောက်လုပ်ထားသော ပြည်သူတို့၏ အိုးအိမ်များနှင့် ဤနန်းတော်သည် တသီးတခြားကာဆီးထားပြီးလည်း ဖြစ်ပေတော့မည်။



မင်းတုန်းမင်းကြီးသည် ကိုးကွယ်အပ်သော ဆရာတော် သံဃာတော်တို့၏ ဩဝါဒကို ပစ်ပယ်၍ ဘယ်တော့မှ ဆောင်ရွက်လေ့မရှိပေ။ ဆရာတော်များက နန်းပန္နက်ရိုက်ရမည့် နေ့ရက်၊ မင်းလာယူရမည့် အနေအထားနှင့် ဘာသာရေး ကျောင်းဇရပ်များ ဆောက်လုပ်ရေးအတွက် အကြံဉာဏ်ဩဝါဒများ ပေးကြသည်။ ထို့ပြင် ဘိုးဘေးရွှေနန်းသုံး မလေ့ထုံးစံများနှင့် အညီ ဆောင်ရွက်ရမည်ကိုလည်း ညွှန်ပြကြပေသည်။

၁၈၅၇ ခုနှစ်၊ ဇွန်လတွင် မင်းတုန်းမင်းကြီးသည် နေပြည်တော်သစ်သို့ စတင် ပြောင်းရွှေ့လေသည်။ ရှည်လျားလှသော ဆင်တန်းကြီးနှင့်အတူ ရွှေဝါရောင်သင်္ကန်းများ ဆင်းမြန်းထားသော သံဃာတော်များ ပါရှိလာသည်။ ထို့နောက်တွင် နွားလှည်းများပေါ်၌ ပိုးဖဲကတ္တီပါများ ဆင်ယင်ထားသော မိဖုရားများနှင့် မင်းသမီးများ ပါလာကြ၏။ လယ်ကွင်းများကို ဖြတ်သန်းလျက် ပြောင်းရွှေ့ ထွက်ခွာလာသူတို့သည် နှင်းဆီနီရောင် ဆေးသုတ်ထားသော နေပြည်တော်သစ်၏ မြို့ရိုးဆီသို့ ဦးတည်၍ လာလျက် ရှိကြပေသည်။ လင်းကွင်းနှင့် နှဲသံများ ဆူဆူညံညံ တီးမှုတ်လျက် ရှိစဉ်ကြိုက်ဝယ် မင်းတုန်းဘုရင်မင်းမြတ်သည် ရတနာခုနစ်ပါး စီခြယ်ပြီး ထီးဖြူများ ဖြန့်ကြက် ကာမိုးထားသော ဆင်ထက်ဝယ် စီးနင်း လိုက်ပါလာလေသည်။

မန္တလေးသို့ ရောက်သောအခါတွင် မင်းတုန်းမင်းသည် ယာယီစံနန်း၌ ခေတ္တ စံမြန်း နေထိုင်ရသည်။ နေပြည်တော်သစ်မှာ တည်၍ မပြီးသေး။ သို့သော် ဘုရင်မင်းမြတ်ကိုယ်တိုင် အမှုတပြင်း ဆောက်လုပ်၍ ထင်၏၊ နေပြည်တော် တည်ဆောက်ရေး လုပ်ငန်းများမှာ မကြာမီ အကောင်အထည် ပေါ်လာသည်။ မြို့ရိုးများသည် တဖြည်းဖြည်း မြင့်တက်လာ၏။ နန်းမြို့ရိုးကို တံခါး ၁၂ ခု ကာရံထား၏။ မြို့ရိုး တစ်ဖက်စီတွင် တံခါး သုံးခုစီ ရှိသည်။ ဤတံခါးများမှာ မကြာမီ အားလုံး ပြီးစီးသွားကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



နန်းတော်ကို တည်ဆောက်နေစဉ်အတွင်း အမေရိကန်ပြည်မှ သံအဖွဲ့ တစ်ဖွဲ့သည် ရတနာပုံနေပြည်တော်သို့ ရောက်လာ၏။ အမှန်ဆိုသော် တခြားကမ္ဘာမှ ဧည့်သည် လူစိမ်းများအဖို့ နန်းတော် အတွင်းပိုင်းဒေသများကို ကြည့်ရှုနိုင်ရန် အခွင့်အရေး လုံးဝမရှိပေ။ သို့သော် ဘုရင့်မှူးမတ်များက မိမိတို့၏ ဆောက်လုပ်မှု အနုပညာကို ဂုဏ်ယူစွာ ပြသလိုကြသည်။ အမေရိကန် ဧည့်သည်များသည် သူတို့နိုင်ငံမှ ဗိသုကာပညာနှင့် ဤနိုင်ငံ၏ ဗိသုကာပညာကို နှိုင်းယှဉ် သိရှိသွားနိုင်ကြမည်။

ရွှေပိန်းချ ကျွန်းလုံးတိုင်ကြီးများ၊ ယွန်းအနုပညာ မွမ်းထားသော လက်ရာကောင်း လက်ရာမွန်များဖြင့် ဆောက်လုပ် သွယ်တန်းထားသော အဆောင်များ စသည်တို့ကို ပြသလိုကြသည်။ နန်းတော်၏ တံစက်မြိတ်နှင့် စုလစ်မွန်းချွန်ဖြင့် ပြီးသော ပြာသာဒ်ဆောင်တို့မှာ ပန်းပုံစံ၊ တိရစ္ဆာန်အမျိုးမျိုး၏ ပုံသဏ္ဌာန်များ ဖြစ်အောင် ထုလုပ်၍ တပ်ဆင်ထား၏။ ယင်းတို့ကို တောက်ပ ပြောင်လက်သော ရွှေနှင့် ဟင်္သာပြဒါးရောင် လွှမ်းသော ယွန်းအနုပညာဖြင့် ထုလုပ်ထားခြင်း ဖြစ်ပေသည်။ ထို့ပြင် အရောင်အမျိုးမျိုး ရှိသော မှန်ကွက်ကလေးများနှင့် မှန်စီရွှေချထားသည်များလည်း ရှိ၏။ နန်းတော်အတွင်း ခန်းမဆောင်ရှိ အတော်များများသော ပစ္စည်းများနှင့် ကျွန်းတိုင်များ၊ ပလ္လင်များမှာမူ အမရပူရမှ သယ်ယူ ရွှေ့ပြောင်းလာခဲ့ခြင်း ဖြစ်ပေ၏။

မင်းတုန်းမင်းသည် အမေရိကန် ဧည့်သည်တော်များကို သူ၏ ယာယီစံနန်းတော်တွင် လက်ခံ တွေ့ဆုံလေသည်။ ရွှေသလွန်ထက်ပေါ်တွင် လက်ထောက် မှီလျောင်းနေသော မင်းတုန်းမင်းသည် မိမိရှေ့ ကြမ်းပြင်ပေါ်၌ တုပ်ကွ ခစားနေကြသော ဧည့်သည်များကို ခံ့ခံ့ညားညား ဧည့်ခံ နှုတ်ဆက်လေသည်။ စကားပြန်တစ်ဦးမှ တစ်ဆင့် အမေရိကန်ပြည်အကြောင်းကို ဘုရင်မင်းမြတ်က မေးမြန်းနေ၏။ ထို့နောက် သူတို့၏ ဘာသာရေးအမြင်နှင့် ဗုဒ္ဓဘာသာအပေါ် မည်သို့ သဘောထားသည်ကိုပါ မေးမြန်းခဲ့လေသည်။ အမေရိကန် ဧည့်သည်တော်များ ဆက်သလာသော



ပဏ္ဏာလက်ဆောင်များ အတွက်လည်း မင်းတုန်းမင်းဘုရင်က ကျေးဇူးစကား ဆိုလိုက်သေးသည်။ သည့်နောက် အမေရိကန် သံအဖွဲ့ဝင် မစ္စတာမက်ကားတစ်နှင့် အဖွဲ့ဝင်များကို ဝန်ကြီး တစ်ဦးက ဦးဆောင်၍ ဘုရင့် အဖိုးတန် ရတနာပစ္စည်းများကို ပြသလေသည်။ တမ္ဘာတို ဖြတ်သန်း၍ ခရီးထွက်ခဲ့ကြသော အမေရိကန် သံအဖွဲ့ဝင်တို့မှာ မြန်မာတို့ တန်ဖိုးထားသော အလှအပ ရတနာပစ္စည်းများကို ကြည့်ရှုရင်း မိမိတို့သည် ရာစုနှစ်ပေါင်းများစွာ ခေတ်နောက်ကျသော နိုင်ငံ တစ်နိုင်ငံသို့ ရောက်နေကြောင်း သတိပြုမိလိုက်ကြ၏။

သံအဖွဲ့ဝင်များကို ဦးဆောင် ပြသနေသူက ဆင်ဖြူတော်ကို မပြနိုင်ခြင်းကြောင့် နှမြောတသ ဖြစ်နေရကြောင်း ပြောပြနေသည်။ မြန်မာဘုရင်များအဖို့ ဆင်ဖြူတော် ပိုင်ဆိုင်ရရှိရေးမှာ အလွန် အရေးပါသော ကိစ္စတစ်ရပ် ဖြစ်သည်။ မင်းတုန်းဘုရင်သည်ပင် အမရပူရရွှေနန်းတွင် စိုးစံစဉ်က ဆင်ဖြူတော် တစ်စီး ပိုင်ဆိုင်ခဲ့ဖူးသည်။ သို့သော် ယင်းဆင်ဖြူတော်မှာ အသက်ကြီးပြီဖြစ်၍ မန္တလေးသို့ မရွှေ့ပြောင်းမီမှာပင် ကွယ်လွန်သွားခဲ့၏။

ဆင်ဖြူတော် ကွယ်လွန်အနိစ္စ ရောက်ရှိရာတွင် နိုင်ငံတော် ဈာပနအဖြစ် အသိအမှတ်ပြုလျက် ထီးဖြူမိုးကာ၍ ဖုတ်ကြည်း သင်္ဂြိုဟ်ခဲ့ကြလေသည်။ ဆင်ဖြူတော်၏ အရိုးပြာကို အရိုးအိုးတွင် ထည့်လျက် စေတီတစ်ဆူ၌ ဌာပနာခဲ့လေသည်။ ယင်း ဆင်ဖြူတော်မှာ မင်းတုန်းမင်း၏ အဘိုးတော်သော ဘိုးတော်ဘုရားမင်းတရား ရှိစဉ်ကပင် နေပြည်တော်သို့ လာရောက် ဆက်သ၍ ရရှိထားခြင်း ဖြစ်ပေရာ ဆင်ဖြူတော် ကွယ်လွန်အနိစ္စ ရောက်ရှိသွားခြင်းကို ပြည်သူလူထုတစ်ရပ်လုံးကပင် ဝမ်းနည်းပူဆွေးမဆုံး ဖြစ်နေကြတော့သည်။

မင်းတုန်းမင်းသည် ကွယ်လွန်သွားသော ဆင်ဖြူတော် နေရာတွင် အစားထိုးနိုင်ရန် ဆင်ဖြူတော် ရှာဖွေဖို့ အမိန့်ထုတ်သည်။ ထို့ကြောင့် မြန်မာပြည် အရပ်ရပ်ရှိ သစ်တောများသို့ ဆင်ဖြူတော် ရှာပုံတော်

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ခဲ့ကြသည်။ အမေရိကန် ပြည့်သည်တော်များ ပြန်သွားတော့မှပင် ဆင်ဖြူတော် တစ်စီးကို နယ်စားတစ်ဦး၏ တပည့်များက ချင်းတွင်း သစ်တောတွင်းမှ ဖမ်းယူ ရရှိခဲ့ကြ၏။ အမှန်ဆိုသော် မည်သည့် ဆင်ဖြူတော်မှ လုံးလုံး မဖြူချေ။ ဆင်ဖြူတော်၏ အသားအရေမှာ ဖြူညိုညို မျှသာ ဖြစ်၏။ သို့သော် ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာများကို သတ်မှတ်ပြီး ရှိနေ၏။ သာမန်ဆင်၏ နောက်ခြေထောက်တွင် ခြေချောင်း ကလေးများ လေးချောင်း ရှိရမည့်အစား ဆင်ဖြူတော်၏ နောက်ခြေထောက် တွင် ခြေချောင်းကလေး ငါးချောင်း ပါရမည်။ သာမန် ဆင်များ၏ ကိုယ်ပေါ်သို့ ရေလောင်းချလျှင် အနက်ရောင်သာ ရှိမည့်အစား ဆင်ဖြူတော် ကိုယ်ပေါ်သို့ ရေလောင်းချလျှင် အရေခွံသည် အနီရောင်သို့ ပြောင်းလဲသွားရမည်။ ဆင်ဖြူတော်၏ မျက်လုံးမှာ အဝါရောင်ဖြစ်၍ အနီရောင် မျက်ရစ်ဝန်း ပါရှိရမည် ဖြစ်၏။

ယခု ဖမ်းဆီးမိသော ဆင်ဖြူတော်မှာ ဆင်ဖြူတော် ကြန်အင် လက္ခဏာများနှင့် ပြည့်စုံသော်လည်း အသားရောင်မှာ ညိုပြာပြာ ဖြစ်နေ ပေသည်။ အစွယ်များမှာမူ ရှည်လျားပြီး လှပ တင့်တယ်လှပေသည်။ ဆင်ဖြူတော်ကို မန္တလေးနေပြည်တော်သို့ ကြီးစွာသော အခမ်းအနားဖြင့် ပို့ဆောင်ပြီး မင်းတုန်းမင်း၏ နန်းမြို့ရိုးအတွင်းရှိ ဆင်နန်းတွင် ထားရှိ ကြ၏။ ဆင်ဖြူကို ထိန်းသိမ်း စောင့်ရှောက်ရန် ဝန်ကြီးတစ်ဦး ခန့်ထား ပြီးလျှင် ဆင်ဖြူတော်ကို နယ်စား ရွာစားတစ်ဦးအဖြစ် သတ်မှတ်၍ သီးသန့် နယ်တစ်နယ်ကို စားခွင့်ပေးထားလေသည်။

ဆင်ဖြူတော် ရောက်ရှိလာပြီးနောက် မိန်းမများသည် ဆင်ဖြူတော် ကို နို့တိုက် ပြုစုရသည်။ မိန်းမများသည် ဆင်ဖြူတော်ကို နို့ချို တိုက်ကျွေးရန် နံနက်တိုင်းပင် စီတန်းလျက် စောင့်ဆိုင်းနေရ၏။ ဆင်ဖြူတော်ကို နို့တိုက်ခွင့်ရသော မိန်းမများမှာ အလွန် ဂုဏ်ရှိသည်ဟု မှတ်ယူကြပေသည်။ ထို့ကြောင့် မိန်းမများသည် နန်းတော်သို့ သူ့ထက်ငါ လာရောက်၍ ဆင်ဖြူတော်ကို နို့တိုက်ခွင့်ရရန် ကြိုးပမ်းကြ၏။



ဆင်ဖြူတော်၏ ကကြိုးတန်ဆာများမှာ ရှင်ဘုရင် ကဲ့သို့ ခြယ်သ ထားပေသည်။ သူ၏ ဦးကင်းထိပ်တွင် ကျောက်သံပတ္တမြားတို့ဖြင့် စီခြယ် ထား၏။ ဆင်ဖြူတော်၏ နဖူးပြင်တွင် ဆွဲထားသော ရွှေပြား၌ ရှည်လျား များပြားလှသည့် ဆင်ဖြူတော်၏ ဂုဏ်ထူး ဘွဲ့ထူးများကို ရေးထိုးထား သည်။ သူ၏ ကကြိုးတန်ဆာမှာ အနီရောင် ဖြစ်ပြီး ရွှေပွင့်များ ချိတ်ဆွဲ ထား၏။ ရှည်လျား သွယ်ပျောင်းသော နှာမောင်းကိုမူ ပန်းထိမ်လက်ရာ အကောင်းဆုံးဖြင့် မွမ်းထုံ ပြုလုပ်ထားသော ကျောက်မျက်ရတနာများဖြင့် စီခြယ်ထားပေသည်။ ဘုရင်များမှ အသုံးပြုခွင့်ရသော ထီးဖြူကို ဆင်ဖြူတော်အား ၈ ချိုးမြှင့် ပေးအပ်ထားခြင်းမှာကား ထူးခြားလှတော့ သည်။

တစ်ကြိမ်တွင် ဆင်ဖြူတော်နှင့် ပတ်သက်၍ မင်းတုန်းမင်းတရားကြီး စိတ်တွင် ကသိကအောက် ဖြစ်ရသေးသည်။ အခမ်းအနားသဘင် တစ်ခု၌ ဆင်ဖြူတော်သည် အိန္ဒိယအမျိုးသား မင်းမှုထမ်း တစ်ဦးကို နင်း၍ သတ်လိုက်၏။ ထိုသတင်းကို မင်းတုန်းမင်းတရားကြီး ကြားသိတော် မူသောအခါတွင် ဆင်ဖြူတော်၏ ဂုဏ်အင်နှင့် ပတ်သက်၍ အထင်တကြီး ရှိခဲ့သော မင်းတုန်းမင်း၏ သဘောထားများမှာ များစွာ လျော့ပါးသွားပြီး စိတ်ပျက်အားငယ် ဖြစ်ခဲ့လေသည်။

ဤတွင် မင်းတုန်းမင်းကြီးအား ဝိုင်းဝန်း နှစ်သိမ့်ကြရသည်။ ထိုသို့ နှစ်သိမ့် ဖျောင်းဖျသူများက ဆင်ဖြူတော် နင်း၍ သေရသူမှာ မြန်မာ မဟုတ်၊ နိုင်ငံခြားသား တစ်ဦးမျှသာ ဖြစ်၍ ဘုရင်မင်းမြတ် စိတ်ပျက် အားငယ် မဖြစ်သင့်ပါကြောင်း တင်လျှောက်ကြသောကြောင့် မင်းကြီးမှာ အနည်းငယ် စိတ်ဖြေစရာ ရသွားခဲ့ပေသည်။

နန်းတော်တွင်း၌ ဆင်ဖြူတော် ရောက်ရှိလာခဲ့ခြင်းကြောင့် မန္တလေးမြို့တော်မှာ မင်းနေပြည်၏ ကြန်အင်လက္ခဏာများနှင့် ပြည့်စုံ လာပြီး မင်းတုန်းမင်းကြီးမှာလည်း ဆင်ဖြူတော်အတွက် ဂုဏ်ယူနိုင်ခွင့် ရလာခဲ့ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သရက်နှင့် တောင်ငူမြို့များ၏ ဟိုမှာဘက် နယ်မြေရှိ အင်္ဂလိပ်စစ်သားများသည် မြန်မာမင်း၏ နယ်မြေနှင့် အင်္ဂလိပ်အစိုးရ၏ နယ်မြေများကို နယ်စပ်မှ နေ၍ ခွဲခြားထားကြ၏။ တစ်ဖက် နယ်မြေသည်ကား ကုလားဖြူ တပ်သားတို့၏ ပိုင်နက်ဖြစ်ကြောင်း သူတို့က သက်သေပြနေကြပေသည်။

တစ်ချိန်တွင်တော့ နယ်စပ်ဒေသမှ ဗြိတိသျှတပ်များ ဆုတ်ခွာသွားရေးအတွက် ဖျောင်းဖျရနိုင် ကောင်းပါရဲ့။ ယင်းသို့ မင်းတုန်းဘုရင်တွေးမိသည်။ သို့သော် အတွေးသည် အတွေးမျှသာ။ ကိုယ့်ဘာသာကိုယ်ထားရှိသော မျှော်လင့်ချက် ရောင်ခြည်မျှင်ကလေးမျှသာ ဖြစ်သည်။ အကြောင်းသော်မူ အိန္ဒိယကို ကြည့်။ အိန္ဒိယပြည်ကြီးသည် ဗြိတိသျှတို့လက်ထဲသို့ ရောက်နေသည်မှာ ကြာပြီ။ အိန္ဒိယမှ သူတို့ ဆုတ်ခွာပေးမည့်အရိပ်အယောင်မျှ မတွေ့ရသေးဘူး မဟုတ်လား။

## မိဖုရား၊ ဝန်ကြီးနှင့် တရားသူကြီးများ

နန်းတော်သည် နိုင်ငံတော်၏ အချက်အချာဒေသ ဖြစ်ရုံမျှ မကသေး ဘုရင့်စံအိမ်တော်လည်း ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်၏ အဖိုးတန်ရတနာများကို စုစည်း သိမ်းဆည်းထားရာ ဘဏ္ဍာသိုက်ကြီးလည်း ဖြစ်၏။ တစ်ဖန် တကယ်ပစ်၍ ရသည် မရသည်ကို အပထား၊ ဘုရင့်အမြောက်၊ သေနတ်၊ မီးပေါက်၊ လက်နက်များကို စုဝေး သိမ်းဆည်းထားရာ နေရာဆိုကလည်း မမှားပါချေ။

နန်းတော်ဝင်း အတွင်း၌ပင် လွှတ်တော်ဆောင်နှင့် နိုင်ငံတော်၏ အရေးပါသော အရာရှိကြီးများ၏ စံအိမ်၊ ဘုရင့်တပ်မတော်သားတို့၏ နေအိမ်များကိုလည်း ထားရှိပေသေးသည်။

နန်းတော်အတွင်း၌ရှိသော ဤအဆောက်အအုံပေါင်း များစွာတို့ကို လေးဖက်ညီ နန်းမြို့ရိုး နှစ်ထပ် ကာရံထားပေသည်။ အပြင်မြို့ရိုးကို ကျွန်းသစ်လုံးများဖြင့် ဆောက်လုပ်ထားပြီး သစ်တပ်ဟု ခေါ်တွင်သည်။ ယင်း သစ်တပ်အတွင်း ပေခြောက်ဆယ်မျှ အကွာတွင် ဒုတိယမြို့ရိုး ရှိသည်။ နန်းမြို့ရိုးတွင် ရှိသော အရှေ့ဘက်တံခါးသည် ဘုရင်နှင့် နန်းညွန့် နန်းလျာ မဟာဆီ မဟာသွေးများသာ ဝင်ခွင့် ထွက်ခွင့် ရှိလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အရှေ့တံခါး၏ ဘေးမှ ပဟိုရ်စင်ရှိ ပဟိုရ်စည်ကြီးကို အစောင့်စစ်သားများက တီးခတ်၍ အချိန်နာရီ ကြေညာပေးလျက် ရှိပေသည်။

အရှေ့တံခါးမကြီးကို မျက်နှာမူ၍ နေသော ခန်းမကြီးမှာ အရေးကြီးသော ညီလာခံခန်းမကြီး ဖြစ်သည်။ ဤနေရာကား စကြဝဠာ၏ ဗဟိုချက်မ ဖြစ်သည်ဟု ဂုဏ်ယူ ပြောဆိုသော ဂုဏ်သရေရှိ ညီလာခံခန်းမကြီး ဖြစ်ပြီး သီဟာသနပလ္လင်တော် တည်ရှိရာ နေရာလည်း ဖြစ်ပေသည်။

တခြားသော အဆောင်ဆောင် အခန်းခန်း တို့တွင်လည်း ခုနစ်ခုထက် မနည်းသော အခြား ပလ္လင်တော်များ ရှိသေး၏။ ယင်းပလ္လင်များမှာလည်း သူ့အကြောင်းအရာနှင့် သူ စည်းကမ်း နည်းလမ်းဖြင့် အခမ်းအနားသဘင်များ ကျင်းပရန် သတ်မှတ်ထား၏။

ဤပလ္လင်များတွင် ငန်းရုပ်ခံသော ပလ္လင်မှာ နိုင်ငံခြားသားများကို လက်ခံ တွေ့ဆုံရန်နှင့် သကြံန် နှစ်သစ်ကူး ရေသဘင်ပွဲ ကစားရန်အတွက် ဖြစ်ပြီး၊ ဆင်ရုပ်ခံပလ္လင်နှင့် သမင်ရုပ်ခံပလ္လင်တို့မှာ ဆင်ဖြူတော်နှင့် သက်ဆိုင်သော အခမ်းအနားများ ကျင်းပရန် ဖြစ်လေ၏။ ခရုရုပ်ခံပလ္လင်မှာ နန်းမွေနန်းလျာ သတ်မှတ်သော အခမ်းအနားအတွက် ဖြစ်၍ ဒေါင်းရုပ်ခံပလ္လင်နှင့် ကြာပွင့်ခံ ပလ္လင်တို့မှာမူ ဘုရင်ထံသို့ လာရောက်ဆက်သသော မိဖုရားများအတွက် အခမ်းအနားများ ကျင်းပရန် ဖြစ်လေသည်။

နန်းတော်တွင်း၌ အဆောင်ဆောင် အခန်းခန်း များစွာ ရှိပေရာ မိဖုရားများ၊ သားတော်၊ သမီးတော်များနှင့် ယင်းတို့၏ မောင်းမမိဿံ ခြွေရံသင်းပင်းတို့ အတွက်ပါ နန်းဆောင် အသီးသီး သတ်မှတ်ပေးထားခဲ့ပေသည်။

နန်းတော်၏ အနောက်ပိုင်းတွင် မိဖုရားများနှင့် ခြွေရံ အပျိုတော်၊ ကိုယ်လုပ်တော်များအတွက် သီးသန့်နေရာ ဖြစ်သည်။ ဤအဆောင်များဆီသို့ ဘုရင်မင်းမြတ်မှ တစ်ပါး တခြားသော ယောကျ်ားဆို၍ မည်သူမျှ



ကျူးကျော်ခွင့် မရှိပါချေ။ ဘုရင်သည် မိဖုရား အများအပြား ယူပိုင်ခွင့်ရှိ၏။ ဘုရင်က မိဖုရား ယူရာတွင် မည်မျှသာ ယူရမည်ဟု ကန့်သတ်ခွင့်မရှိ။ မိဖုရားခေါင်ကြီးမှာ အများအားဖြင့် ဘုရင်၏ ညီမတော်* သို့မဟုတ် အဖေတူ အမေကွဲ ညီမတော်သူ ဖြစ်၏။ ဤမိဖုရားခေါင်ကြီးမှာ ဘုရင့်မိဖုရား မဖြစ်မီကပင် တပင်တိုင်မင်းသမီး အဖြစ် သီးသန့်နန်းတွင် စံမြန်းနေရ၏။ တပင်တိုင်မင်းသမီးမှာ ဘုရင် နန်းတက်တော်မူသော အချိန်အထိ အပျိုစင်အဖြစ် သန့်စင်စွာ နေရပေသည်။

မိဖုရားခေါင်ကြီးကို နန်းမတော်ကြီးဟု လည်းကောင်း၊ တောင်နန်းမတော်ဟု လည်းကောင်း ခေါ်ဝေါ်၏။ မြောက်နန်းမိဖုရားနှင့် အနောက်နန်းမိဖုရားတို့သည်လည်း ပထမတန်း အခွင့်ထူးရ မိဖုရားများ ဖြစ်ကြ၏။ ထို့ပြင် ဒုတိယတန်းစား မိဖုရားများနှင့် ကိုယ်လုပ်တော်များ ဟူ၍လည်း ဘုရင့်အတွက် သီးသန့် ရှိသေးသည်။ ဤမိဖုရားများထဲမှ အတော်များများတို့မှာ သူတို့အတွက် သီးသန့် အခွန်အကောက် ကောက်ခံယူနိုင်ခွင့်ပြုထားသော မြို့များ၊ နယ်များကို အပိုင်စား ရရှိထားကြပေသည်။

မင်းတုန်းဘုရင်ကြီးတွင် မိဖုရားပေါင်း ၄၅ ပါး ရှိသည်။ ယင်းတို့ထဲမှ အချို့မိဖုရားများမှာ မင်းတုန်းဘုရင် စိတ်တိုင်းကျ ရွေးကောက်ယူထားရသည် မဟုတ်။ လက်အောက်ခံ နယ်စား ပယ်စားများ ထံမှ သစ္စာတော် ခံမြဲ ခံနေဆဲ ဟူသော အထိမ်းအမှတ်ဖြင့် သမီးကညာများ သာရောက် ဆက်သသောကြောင့် လက်ခံ ရယူထားခြင်း ဖြစ်၏။

မင်းတုန်းမင်းကြီး၏ မိဖုရားခေါင်ကြီးမှာ သူ့ထက် အသက်အနည်းငယ် ကြီးပေသည်။ ထို့ပြင် မင်းတုန်းမင်းကြီး ကဲ့သို့ပင် ဘာသာရေးဘွင် အထူး စိတ်ဝင်စားသူလည်း ဖြစ်နေ၏။ တစ်ဖန် ပလ္လင်တော်ပေါ်တွင် ဘုရင့် ညာဘက်မှ ထိုင်ခွင့်ရသူ တစ်ဦးတည်းသော မိဖုရားခေါင်ကြီးသည်း ဖြစ်၏။ ထီးဖြူတစ်လက်ကို မိုးကာခွင့် ရသည့်အပြင် ဘုရင်အား

* ညီမတော်- ဝမ်းကွဲညီမတော် ဖြစ်မည်။ (မြန်မာပြန်သူ)

www.burmeseclassic.com

www.burmeseclassic.com



ပြောဝံ့ ဆိုဝံ့ လျှောက်တင်ဝံ့သော တစ်ဦးတည်းသော ပုဂ္ဂိုလ် ဖြစ်လေသည်။

မင်းတုန်းမင်း၏ မိဖုရား များစွာတို့တွင် မင်းမျိုးမင်းနွယ် ဖြစ်သော အလယ်နန်းမတော် မိဖုရားမှာ ဘုရင်၏ အရေးပေး အခံရဆုံး ဖြစ်သည်။ ဤမိဖုရားကား စိတ်နေမြင့်မားပြီး အလိုရမ္မက်လည်း ကြီးမားသူ ဖြစ်၏။ မင်းတုန်းမင်း၏ အခြားသော မိဖုရားများက မုန်းတီးခြင်းကို ခံရပြီး မကြာခဏလည်း မသင့်မတင့် ဖြစ်ခဲ့ရ၏။

မကွေး မိဖုရားမှာ အလယ်နန်းမတော်နှင့် မသင့်သူ ဖြစ်ရကား အလယ်နန်းမတော်က အဆိပ်ကျွေးသတ်မည့် အန္တရာယ်ကို ကြောက်နေရကြောင်းဖြင့် မင်းတုန်းမင်းကြီးအား လျှောက်တင်ခဲ့သေး၏။ မကွေး မိဖုရားက ဘုရင်အား မကြာခဏ နားပူနေသော ကိစ္စတစ်ရပ် ရှိသည်။ ယင်းမှာ မိမိအား နန်းတော်မှ ထွက်ခွာခွင့်ပြုပြီး မိမိ၏ ချစ်သူဟောင်းနှင့် ပြန်လည် ပေါင်းသင်းခွင့်ပြုရန် ဖြစ်သည်။ မိဖုရား၏ ချစ်သူဟောင်းမှာ ဧရာဝတီမြစ်ရိုးမှ သာမန် ကုန်သည်တစ်ဦးမျှသာ ဖြစ်လေသည်။ အံ့ဩစရာ ကောင်းသည်မှာကား တောင်းပန်ချက်ကို လက်ခံပြီး မိဖုရားကို ရပ်ရွာသို့ ပြန်ခွင့်ပြုလိုက်၏။ မိဖုရားပိုင် ပစ္စည်းများကိုမူ ပြန်လည် သိမ်းယူထားလိုက်ပေသည်။ မိဖုရား၏ ချစ်သူမှာ မန္တလေးမြို့ဝန်၏ ဖမ်းဆီးခြင်းကို ခံနေရ၏။ သူ့ကို အရေးယူထားသော စွဲချက်မှာ နိုင်ငံတော် မုန်ကန်မှု ဖြစ်၏။ ဖမ်းဆီးထားသူကို မင်းတုန်းမင်း၏ အမိန့်ဖြင့် လွှတ်လိုက်ရသည်။ ထိုသူမှာ မကွေးမိဖုရားနှင့် လက်ထပ်ရန် ခွင့်ပြုထားသူ ဖြစ်၍ လွှတ်လိုက်ရန် မင်းတုန်းမင်းက အမိန့်ချလေသည်။

မိဖုရားတစ်ပါး၏ ဖြစ်ရပ်တစ်ခုလည်း ရှိသေး၏။ မိဖုရားများတွင် ထိုမိဖုရားမှာ သတ္တမအဆင့်တွင် ရှိပေသည်။ ဤမိဖုရားမှာ သာသနာပိုင် ဆရာတော်ကျောင်းမှ ပုဂ္ဂိုလ်တစ်ဦးနှင့် ငြိစွန်းခဲ့သည်ဟု ဆို၏။ ဤဖြစ်မှုအတွက် မိဖုရားကို မယ်သီလရင်ကျောင်းသို့ ပို့အပ် ဒဏ်ခတ်



လိုက်သည်။ သူနှင့် ငြိစွန်းသည်ဆိုသော ပုဂ္ဂိုလ်မှာမူ အကျဉ်းထောင်ထဲတွင်ပင် ရုတ်တရက် သေဆုံးသွားခဲ့လေသည်။

ဝန်ကြီးများထဲတွင် အထင်ရှားဆုံးမှာ ကင်းဝန်မင်းကြီး ဖြစ်၏။ မြန်မာဘုရင်များ အုပ်ချုပ်ပုံ စနစ်မှာ ဝန်ကြီးချုပ်ရာထူးဟု မရှိသော်လည်း ကင်းဝန်မင်းကြီး၏ ရာထူးမှာ ဝန်ကြီးချုပ် ရာထူးမျိုးပင် ဖြစ်သည်။ ကင်းဝန်မင်းကြီးသည် နိုင်ငံခြားရေးဝန်ကြီး ရာထူးကိုလည်း ပူးတွဲ တာဝန်ယူရ၏။ အမှန်ဆိုသော် ဤတာဝန်မှာ 'ကုလားဝန်' ၏ တာဝန်ဝတ္တရားဖြစ်၏။ ကုလားဝန်သည် မန္တလေးနေပြည်တော်သို့ ဝင်ထွက် သွားလာနေသော နိုင်ငံခြားသားများနှင့် ပတ်သက်၍ ကြီးကြပ် ကွပ်ကဲရသူဖြစ်၏။ တစ်ကြိမ်က ကုလားဝန်မှာ အမေရိကန်အမျိုးသား မစ္စတာမန္တတ်ဖြစ်၏။ သူ၏ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုကို အထောက်အထားပြု၍ ဤရာထူးတွင် ခန့်ထားခဲ့ခြင်း ဖြစ်သည်။

ကင်းဝန်မင်းကြီးသည် ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် အချိန်အတော်ကြာ နေခဲ့ဖူး၏။ ထိုအရည်အသွေးကြောင့်ပင် ဘုရင်မင်းမြတ်က ဤရာထူးကို ခန့်ထားရန် မျက်စိကျခဲ့ခြင်းဖြစ်ကြောင်း သံသယရှိရန် မလိုပေ။ ကင်းဝန်မင်းကြီးသည် မြန်မာသံတမန်အဖွဲ့ကို ခေါင်းဆောင်၍ ဥရောပနိုင်ငံ နှစ်နိုင်ငံသို့ ရောက်ရှိခဲ့ဖူး၏။ ဤအတွေ့အကြုံအရ မိမိနိုင်ငံ၏ အင်အား နည်းပါးသည့်ဖြစ်ရပ်ကို နားလည်သွားပြီး အနောက်နိုင်ငံကြီးများ၏ တိုးတက်နေသော သတ်နက်အင်အားကိုလည်း အသိအမှတ် ပြုမိခဲ့လေသည်။

သူသည် ဗြိတိသျှတို့နှင့် ချစ်ကြည် ရင်းနှီးစွာ ဆက်ဆံနိုင်ခဲ့သူဖြစ်သည့်အတိုင်း သီပေါမင်း နန်းကျသွားသည့် နောက်ပိုင်းတွင် ဗြိတိသျှအစိုးရထံ၌ ဆက်လက်၍ အမှုထမ်းခဲ့ရသေး၏။

ကင်းဝန်မင်းကြီးမှာ ဝန်ကြီးလေးပါးတွင် တစ်ပါး အပါအဝင်ဖြစ်လေသည်။ ဝန်ကြီး တစ်ပါးစီတွင် လက်ထောက် အရာရှိအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဝန်ထောက် တစ်ဦးစီ ရှိကြ၏။ ယင်း ဝန်ထောက်များသည် အစိုးရ၏ အတွင်းဝန် သဘောမျိုးပင် ဖြစ်ကြသည်။

ဝန်ကြီးလေးပါးသည် လွှတ်တော်ကို ဦးစီး အုပ်ချုပ်ရပြီး သူတို့၏ ဝန်ထောက်များနှင့်အတူ လွှတ်တော်သို့ တက်ရသည်  ထို့ပြင် ဗြတိုက်ကို ဦးစီးရသော အတွင်းဝန် လေးဦးလည်း သီးသန့်ရှိသေး၏။ ဗြတိုက်ကို ဦးစီးရသူတို့၏ သာမန် တာဝန်မှာ နန်းတွင်းရေးရာများကို ကြီးကြပ် ကွပ်ကဲရန် ဖြစ်သော်လည်း မင်းတုန်းမင်း၏ ဗြတိုက်ဝန်တို့မှာ နိုင်ငံတော်၏ ဘဏ္ဍာရေးဌာနနှင့် တပ်မတော်ကိုပါ ကိုင်တွယ် အုပ်ချုပ်ရပေသည်။

ဘုရင်မင်းမြတ်အတွက် လွှတ်တော်နှင့် ဗြတိုက် ဟူ၍ ဌာနကြီး နှစ်ခု ရှိနေသော်လည်း ဤဌာနရှိ ပုဂ္ဂိုလ်တို့သည် ဘုရင်၏ အယူအဆ များကို ဆန့်ကျင် ဝေဖန်မှု ပြုရဲကြသည် မဟုတ်ပေ။

ဘုရင့်အား အကြံပေး တင်ပြချက်များသည် လက်ခံနိုင်ဖွယ် များသာ ဖြစ်စေရပြီး မည်သည့် ဝန်ကြီး မင်းကြီးကမျှ ဘုရင် လက်ခံ သဘောတူခြင်း မပြုနိုင်သော အချက်များကို အကြံမပေးရ။

လွှတ်တော်သည် တရားစီရင်ရေး ကိစ္စများကို ဆောင်ရွက်ရပြီး နိုင်ငံတော်တွင် အမြင့်မားဆုံး တရားလွှတ်တော်ချုပ် ဖြစ်ပေသည်။

တရားဥပဒေတို့မှာ ယေဘုယျသဘောနှင့် ဖျော့ကျသော အယူအဆ ဓလေ့ထုံးစံများ ရောနှော၍ နေလေ၏။ ဥပဒေအားဖြင့် လင်မယား ကွာရှင်းလိုလျှင် အလွန် ရှင်းလင်း ပြတ်သား၍ လွယ်ကူလှသည်။ တရားရုံးသို့ သွားရောက်ပြီး အသိအမှတ်ပြု ခံယူရန် မလို။ နှစ်ဦးနှစ်ဖက် က ကွာရှင်းရန် သဘောတူပါက ကိစ္စပြီး၏။ ရာဇဝတ်မှု ကျင့်ထုံးတို့မှာမူ အနည်းငယ် ကြမ်းတမ်းသည်။ ပြစ်မှုကျူးလွန်သူအား လက်စား ပြန်ချေသည့်သဘော ပါဝင်သည့် ပြစ်ဒဏ်များ ရှိတန်သရွေ့ ရှိသေး သည်။ သို့သော် ချမ်းသာကြွယ်ဝသူ တစ်ဦးအနေဖြင့် ပြစ်ဒဏ် မကျခံရဘဲ ကွင်းလုံးကျွတ် လွတ်သွားသည်လည်း ရှိသည်။ ခြေဖြတ်၊ လက်ဖြတ်ခြင်း၊ ကျေးကျွန်အဖြစ် သတ်မှတ်ထားခြင်းနှင့် သေဒဏ်



ပေးခြင်းတို့မှာ ဟရားဝင် သတ်မှတ်ထားသော ပြစ်ဒဏ်များ ဖြစ်ပြီး သေဒဏ်ပေးလျှင် ခေါင်းဖြတ်၍ အဆုံး စီရင်လေသည်။

ကျေးကျွန်အဖြစ် အပြစ်ဒဏ်ပေးခံရလျှင် ပြစ်ဒဏ်ကျခံရသူ၏ ဆွေစဉ်မျိုးဆက် တစ်ခုလုံး ကျွန်အဖြစ် အမွေခံရသည်။ ဘုရားကျွန်များ အဖြစ်၊ ပြစ်ဒဏ်ကျခံကြရသော ကံဆိုးသူတို့မှာ တောင်းရမ်း စားသောက် ခြင်းဖြင့် အသက်မွေးရပြီး လူ့အဆင့်အတန်း ခွဲခြားမှုဒဏ်ကို ခံကြရ သည်။ ဗြိတိသျှအစိုးရခေတ်သို့ ရောက်သည့်တိုင် ဤ ဘုရားကျွန်များ၏ အဆက်အနွယ်တို့သည် ရှေးရိုးဓလေ့ထုံးစံများအတိုင်း လက်ခံ ကျင့်သုံး နေကြဆဲ ဖြစ်လေသည်။

ဤသို့ဖြင့် များပြားလှစွာသော မိဖုရားများ၊ မင်းညီမင်းသားများ၊ ဝန်ကြီးမင်းကြီးများနှင့် နန်းတွင်းအမှုထမ်း အရာထမ်းများ နေထိုင်ကြ သော နန်းတော်အတွင်း၌ လူတိုင်း လူတိုင်း အလုပ်ရှုပ်နေကြသည်။

သူတို့သည် ရှုပ်ထွေးပွေလီသော ဇာတ်လမ်း အသီးသီးကို ကပြ နေကြသည်။ လူတစ်ဦးစီ၏ ကံကြမ္မာ အဆိုးအကောင်းမှာ ဘုရင်မင်းမြတ် ၏ စိတ်ပြောင်း စိတ်လွဲပေါ်တွင် အမှီသဟဲ ပြုနေ၏။ ထို့ပြင်လည်း တစ်ဦးနှင့်တစ်ဦး မကောင်းကြံစည်မှုများကို တန်ပြန် ကြံစည်မှုများ သည်လည်း ဖြစ်ပေါ်လျက် ရှိနေပြန်သေးသည်။

ဝန်ကြီးများသည် မိဖုရားများ၏ မျက်နှာသာပေးမှုကို ရအောင် ကြိုးပမ်းနေကြရရှာ၏။ အချို့ကလည်း ဘုန်းတော်ကြီးများ၏ အထင်ကြီးမှု ကို ရယူရန် အားထုတ်နေကြရသည်။ မင်းဆရာ ဘုန်းတော်ကြီးများ၏ အဆိုအမိန့်ကို ဘုရင်က လိုက်နာ၍ ဖြစ်သည်။ လွှတ်တော်တွင် တရား ဆိုင်နေကြရသော အမှုသည်တို့ကမူ မိမိတို့ အမှုနိုင်ရန် လာဘ်ငွေ ကြီးကြီးမားမား ပေးရန် ကြိုးစားနေကြရသည်။ မိမိတို့နှင့် ဖက်ပြိုင်သော တရားပြိုင်ကလည်း အလားတူ လာဘ်ငွေ ထိုးမည်ကို သိပြီးဖြစ်ပေရာ သူထက်ငါ ဦးအောင် ငွေဝင်ထားဖို့သာ ကြိုးပမ်းနေကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းညီမင်းသားတွေကကော၊ မင်းသားတစ်ပါးပါး သို့မဟုတ် နှစ်ပါးလောက်က ဘုရင့်မကိုဋ်တော်ကို ရယူရန် ကျိတ်၍ အံခဲနေကြမည်ဖြစ်သည်။ ရွှေနှင့် ကျောက်သံပတ္တမြား ရတနာများ စီခြယ်ထားသော မင်းတုန်းမင်း၏ မကိုဋ်တော်ကို အရယူရန် ဘယ်လို ကြိုးစားရပါ့မလဲ။ ဘုရင်မင်းတရားကြီး၏ မကိုဋ်တော်ကို အရယူရန်အတွက် နောက်လိုက်နောက်ပါ စုသူတွေက စုနေကြမည် ဧကန်။ တချို့ကတော့ နန်းရရေးကို ကူညီနိုင်မည့် မင်းသမီး တစ်ပါးပါးနှင့် ချစ်ကြိုးသွယ်ရန် ကြံကြမည်။ သည်နည်းကမှ အသက်အန္တရာယ်နှင့် ဝေးသည်။ မည်သည့်နည်းနှင့်ဖြစ်စေ ဘုရင့် အမှိုက်အရာတော်ကို ဆက်ခံမည်။ မကိုဋ်တော်သည် လက်တစ်ကမ်း၌ စောင့်နေလိမ့်မည် ဧကန်။

ဤအခြင်းအရာတွေကို မင်းတုန်းမင်းတရားကြီး မသိဘဲ ရှိမည်မဟုတ်၊ သိမည်မလွဲ။ သူ၏ သူလျှိုတွေ ဆိုသည်က နေရာအနှံ့အပြားမှာ ရှိ၏။ သို့သော် စုံစမ်း ထောက်လှမ်းမှု ပြုရာတွင် စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ခြင်း မရှိလေရကား အချိန်နှင့်အမျှ၊ နေ့စဉ်နှင့်အမျှ ပြောင်းလဲနေသော အခြေအနေအရပ်ရပ်ကိုကား သိရန် မလွယ်ချေတကား။

●

# တစ်ရာသော ထီးဆောင်းမင်းတို့၏ အရှင်

ရွှေနန်းတော်တွင်း၌ ထီးသည် အဆင့်အတန်းကို ခွဲခြား ပြသသော ပစ္စည်းဖြစ်သည်။ ဘုရင်မင်းမြတ်သည် တစ်ရာသော ထီးဆောင်းမင်းတို့၏ အရှင်သခင် ဖြစ်ပြီး ဤနိုင်ငံသည် ထီးဆောင်းမင်းဘို့၏ အရှင်သခင်ပိုင်သော နိုင်ငံတော်ပင် ဖြစ်ပေသည်။ ဘုရင်မင်းမြတ်အတွက် အဆောင်အယောင်အဖြစ် အထူးသတ်မှတ်ထားသော ထီးမှာ ထီးဖြူတော်ဖြစ်သည်။ နိုင်ငံတော် အခမ်းအနားများတွင် ဘုရင်မင်းမြတ်အတွက် ထီးဖြူ ရှစ်စင်းကို မိုးကာ စိုက်ထူရသည်။ မိဖုရားခေါင်ကြီး အတွက်မူ ထီးဖြူ တစ်စင်း သုံးပိုင်ခွင့် ရှိ၏။ ဘုရင့် အဆောင်အယောင်အဖြစ် သီးသန့်ထားသော ထီးဖြူတော်၏ အရှည်မှာ ၁၅ ပေ ရှိပြီး၊ ထီးရွက်မှာ ၆ ပေခန့် ရှိသည်။ ဤထီးဖြူတော်များကို ရွှေပွင့်လွှာများ အပါအဝင် ရတနာများဖြင့် စီခြယ်ထားလေ၏။ ထီးရိုးမှာလည်း ရတနာများ စီခြယ်ထားပြီး ရွှေချထားပေသည်။

ဘုရင်မင်းမြတ်ထက် အဆင့်နိမ့်သူများအတွက် အဆောင်အယောင်အဖြစ် ရွှေထီးများသာ သုံးစွဲခွင့် ရှိ၏။ နန်းမွေခံမည့် အိမ်ရှေ့မင်းသားသည် ရွှေထီး ရှစ်စင်းကို ဆောင်းနိုင်သည်။ အခြား မင်းညီမင်းသားများအတွက်မူ ဘုရင်မင်းမြတ်က သတ်မှတ်ပေးထားသော အရေအတွက်

www.burmeseclassic.com

www.burmeseclassic.com



အလိုက် ရွှေထီးကို သုံးစွဲခွင့်ရ၏။ ရှမ်းစော်ဘွားများ အပါအဝင် အခြား အထက်တန်း မှူးကြီးမတ်ကြီး အရာရှိကြီးများ အတွက်လည်း ရွှေထီး ဆောင်းခွင့် ပေးထား၏။ ရွှေထီးစင်းရေ မည်မျှ ဆိုသည်ကိုမူ ဂုဏ်နှင့် ရာထူးဌာနန္တရအလိုက် ကြည့်၍ စစ်ဆေး၍ သတ်မှတ်ပေးထားသည်။ ယင်းတို့ထက် တစ်ဆင့် နိမ့်ကျသော ပုဂ္ဂိုလ်တို့ အတွက်ကား ပိုးထီးနှင့် ဆေးရောင်ခြယ်ထားသော အဝတ်ထီးများကိုသာ ဆောင်းခွင့် ပြုလေသည်။

မြန်မာတို့သည် ရှေးက ဦးထုပ်ဆောင်းလေ့ မရှိကြပါ။ ဗြိတိသျှ အစိုးရ သိမ်းပိုက် စိုးမိုးလာပြီးသည်မှ ဤမှာဘက်တွင် ဦးထုပ် ဆောင်း လာကြသည်။ ရှေးမြန်မာတို့၏ တဘောင်များတွင် ဦးထုပ်ဆောင်းသူ လူမျိုးတစ်ဦးက မြန်မာနိုင်ငံကို စိုးမိုး အုပ်ချုပ်လာလိမ့်မည်ဟု ပါရှိခဲ့သည် ဆို၏။ အနောက်နိုင်ငံမှ ဗြိတိသျှအမျိုးသားတို့ကလည်း ဦးထုပ်သမားတွေ ဖြစ်သည်။ သို့ဆိုလျှင် ဦးထုပ်ဆောင်းသော ဗြိတိသျှအမျိုးသားတွေ မြန်မာ ကို ကျွန်ပြုကြလေတော့မည်။ ကဲ. . . ဒါဖြင့် ယတြာချေကြရအောင်။ ဘယ်လို ယတြာချေကြမလဲ။

ဤတွင် သာမန် အဆင့်အတန်းရှိသော အရာရှိများကို ဂုဏ်ပြု ချီးမြှင့်ရာတွင် ဝါးဦးထုပ်ကို ပေးအပ်ခဲ့ကြသည်။ ဦးထုပ်ဆောင်း လူမျိုး တွေ ရောက်မလာမီ ဦးထုပ်ကဲ့သို့ ဆောင်းရသော ဝါးဦးထုပ်ကို ဦးစွာ ဆောင်းကြခြင်းဖြင့် ယတြာချေကြသည်ဟု ဆို၏။ ဝါးဦးထုပ်မှာ အနားရွက် ကြီးသော ဦးထုပ်တစ်မျိုးပင် ဖြစ်ပြီး တရုတ်ကူလီများ ဆောင်းသော ခေါင်းဆောင်းနှင့် တူ၏။ သို့သော် ဦးထုပ်ကို ယတြာ ချေလောက်အောင် ဦးထုပ်နှင့်ကား မတူလှချေ။

ခါးဝတ် အဆောင်အယောင် အဖြစ် ရွှေနှင့် ငွေတို့ဖြင့် စီခြယ် ထားသော ပိုးထည်များကို ဝတ်ဆင်ခွင့်ပြုသည်။ ယင်းတို့ကို မင်းသား မင်းသမီးများနှင့် အခြားသော အထူး အခွင့်အရေးရ ပုဂ္ဂိုလ်များသာ ဝတ်ဆင်ခွင့်ရှိသည်။ အလားတူပင် မှူးကြီးမတ်ကြီးများ အတွက်



အကျီရှည်ကြီးများ သတ်မှတ်ထားပြီး ရွှေကြယ်သီးများ တပ်ဆင်ခွင့်ကိုမူ အကန့်အသတ်ဖြင့် ပေးထားသည်။ ကြက်သွေးရောင် ပိန္နဲတန်းဖိနပ်များ ကို မင်းမျိုးမင်းနွယ်များအတွက် ခွင့်ပြုပြီး ယင်းတို့တွင် စိန်၊ မြနှင့် ပတ္တမြား စသော ရတနာများ စီခြယ်ထားသည်။ ဘုရင့်အနွယ်တော်များသာ သုံးစွဲရန် သတ်မှတ်ထားသော ကွမ်းအစ်၊ ထွေးခံ၊ ရေခွက် စသော အသုံးအဆောင် ပုံစံအရွယ်အစားများကို သာမန် လူတန်းစားများ ကိုင်ဆောင် သုံးစွဲခွင့် မရှိပေ။

တိုင်းသူပြည်သားတို့သည် ချမ်းသာတိုင်း အဖိုးတန်ပစ္စည်းများကို ကိုင်တွယ် သုံးစွဲခွင့် မရပါ။ ပိုး၊ ဖဲ၊ ကတ္တီပါ၊ စိန်ရွှေရတနာ အဖိုးတန် ပစ္စည်းတွေကို သာမန်လူတွေ အနေဖြင့် စိတ်တိုင်းကျ ဆင်ယင်ခွင့် မရကြ။ သာမန် ကုန်သည်တစ်ဦး၏ ဇနီးမယားသည် အဖိုးထိုက် အဖိုးတန် အဝတ်အထည်များကို လည်းကောင်း၊ အဖိုးတန် လက်ဝတ် ရတနာပစ္စည်းများကို လည်းကောင်း ဝတ်ဆင်သည်ဟု သတင်းကြားလျှင် သူကို သူကြီး သို့မဟုတ် မြို့စား၊ ရွာစားများ ထံသို့ ဖမ်းဆီး ပို့ဆောင် အရေးယူခြင်း ခံရမည် ကေန်။

သူကြီးကား အခွင့်အာဏာ အထူးရရှိသူ ဖြစ်၏။ မြို့ရွာနယ်ပယ် တွင် သူသည် အုပ်ချုပ်သူနှင့် အခွန်ကောက်ခံသူ ဖြစ်သည်။ ဘုရင့် တပ်မတော်အတွက် စစ်သား လိုအပ်သည်ဆိုလျှင် အရေးပေါ် တပ်သား များကို သူကြီးက ရှာဖွေ စုဆောင်း ခေါ်ယူပေးရသည်။ ထို့ပြင် သူ့ အခွင့်အာဏာဘောင်အတွင်း တရားဥပဒေအရ ဒဏ်ငွေရိုက်ခြင်း၊ အပြစ်ဒဏ်ပေးခြင်း ပြုလုပ်နိုင်သည်။ သူ၏ ခွင့်ပြုချက် မရရှိဘဲ မည်သူမျှ ခရီးမသွားနိုင်ချေ။ သူ၏ ခွင့်ပြုချက်ဖြင့် ခရီးသွားသည် ဆိုဦး၊ အထူး အာဏာရ သူကြီးမင်း ကျေနပ်စေရန် သက်သေခံတစ်ခုခု ထားပေးခဲ့ပြီးမှ ခရီးထွက်ရသူလည်း ရှိတတ်သည်။ မည်သည့်နေ့ရက်တွင် ပြန်လာပါမည်ဟု ကတိပေးရပြီး ထိုကတိအတွက် အာမခံပစ္စည်း ထားခဲ့ရခြင်း ဖြစ်လေ သည်။

www.burmeseclassic.com

www.burmeseclassic.com



သူကြီးမင်းကို အုပ်ချုပ်နေသူကား 'နယ်စား' က ခန့်ထားသော ကိုယ်စားလှယ် မြို့စားမင်းပင် ဖြစ်သည်။ မြို့စားသည် အများအားဖြင့် မင်းမျိုးမင်းနွယ်ထဲက သော်လည်းကောင်း၊ လွှတ်တော်နှင့် နီးစပ်သူထဲက သော်လည်းကောင်း ဖြစ်တတ်သည်။ သူ့တာဝန်မှာ ဘုရင်မင်းမြတ် စီမံခန့်ခွဲလိုက်သော အခွန်တော်ငွေကို ပြည့်ပြည့်ဝဝ ရရှိအောင် ကောက်ခံပေးရန် ဖြစ်၏။ နေပြည်တော်တွင် နေထိုင်သော နယ်စား ဝန်မင်းများ အဖို့ တစ်နှစ် တစ်ကြိမ်မျှသာ မိမိ စားသော နယ်သို့ အခွန်တော်ငွေ သိမ်းယူရန် ဆင်းလာလေ့ရှိသည်။ ထိုသို့ တစ်နှစ်တစ်ကြိမ် နယ်ဆင်းရုံမှ အပ နယ်စားဝန်မင်းသည် နေပြည်တော်မှ ခွာလေ့မရှိပေ။ ထိုသို့ နယ်သို့ ဆင်းသောအခါ၌ သူ၏ ဇနီးကို နေပြည်တော်တွင် ထားခဲ့ရပေသည်။ နယ်စားဝန်မင်းသည် အခွန်တော် ငွေများနှင့် အတူ မန္တလေး နေပြည်တော်သို့ မပျက်မကွက် ပြန်လာရန်အတွက် အာမခံထားခဲ့ရခြင်း ပင်တည်း။

သူကြီးမင်းသည် နယ်စားဝန်မင်း ကျေနပ် နှစ်သက်သည် အထိ အခွန်တော်ငွေများ ကောက်ခံပေးရပြီး ဝန်မင်းကလည်း သူ့အထက်က ပုဂ္ဂိုလ်များ ကျေနပ်သည်အထိ ကြိုးပမ်း ဆက်သရသည်။ အမှန်ဆိုသော် အခွန်ကောက်ခံသူတိုင်းသည် အခွန်ထမ်း ပြည်သူတို့၏ အကျိုးစီးပွားကို လုံးဝ ထောက်ထား ငဲ့ညှာခြင်း မရှိဘဲ မိမိတို့ အကျိုးစီးပွား အခွင့်အလမ်း အမြတ်အစွန်းကိုသာ ကြည့်ရှုလေ့ ရှိပေသည်။ အခွန်တော်ငွေထဲမှ မိမိအတွက် ငွေသားအမြတ် များစွာကိုလည်း အခွန်ကောက်ခံသူတို့က ရရှိကြသည်။

မင်းတုန်းဘုရင် နန်းစံနေစဉ်အတွင်း နယ်ပယ်အသီးသီးမှ ဘုရင့်ရွှေတိုက်တော် အတွင်းသို့ နှစ်စဉ် အခွန်ဘဏ္ဍာတော်ငွေ မည်မျှ တင်ဆက် ပို့ဆောင်စေရမည် ဆိုသည်ကို တင်းတင်းကြပ်ကြပ် သတ်မှတ် တောင်းဆိုလေ့ ရှိပေသည်။ ဘုရင့်ရွှေတိုက်တော်မှ သတ်မှတ် တောင်းဆိုသည့် စံချိန် ပြည့်ပြီးသည့် နောက်တွင်ကား နယ်စားဝန်မင်း၏



စိတ်တိုင်းကျ အခွန်ကောက်ပေရော့။ သူ့ဘဏ္ဍာတိုက်သို့ အခွန်ငွေ ဘယ်လောက်ပဲ ရောက်သွားသွား အရေးမကြီးတော့ပြီ။

သို့သော် မင်းတုန်းဘုရင်မင်းမြတ်မှာ သူ၏ ဘိုးလောင်းတော်၊ ဘေးလောင်းတော် မင်းတရားများထက် ပို၍ ထောက်ထား စာနာမှု ရှိတတ်သော မင်းတရား ဖြစ်ပေ၏။ ထို့ကြောင့်ပင် အခွန်ထမ်း ပြည်သူတို့၏ ပန်ကြား လျှောက်ထားမှုကို ကြားရလျှင် အရေးယူ စဉ်းစား ဆောင်ရွက်စေသည်။ ဤသို့ဖြင့် မင်းတုန်းဘုရင်က မူတစ်ခု ရေးဆွဲသည်။ အခွန်ကောက်ယူသူတို့သည် ဆယ်ခိုင် တစ်ခိုင်နှုန်းသာ အကျိုးခံစားခွင့် ရရှိမည် ဖြစ်သည်။ ထိုအတိုင်းဆိုလျှင် အခွန်တော်ငွေ ကောက်ခံသူတို့သည် ပုံမှန်ဝင်ငွေကိုသာ အချိုးကျ ခံစားနိုင်ခွင့် ရှိကြပေတော့မည် ဖြစ်၏။

ဤနည်းအတိုင်း ဘုရင့်ဘဏ္ဍာတိုက်သို့ အခွန်ငွေများ သင့်တင့်မျှတစွာ ဝင်လာမည် ဧကန်ဖြစ်၏။ သို့သော် နေပြည်တော်နှင့် အခွန်ကောက်ခံသော မြို့များ၊ နယ်များ၊ ရွာများမှာ အလှမ်းကွာလွန်းလှပါ၏။ ထိုမြို့နယ် ရွာများတွင် အခွန်ကောက်ခံသူတို့က သူတို့ သဘောကျ ကောက်ခံ ယူနေပါလျှင် အခွန်ထမ်းပြည်သူသည် တောင်းသမျှ အခွန်ငွေတို့ အငြင်းမဆန် ပေးဆက်ရုံမှ တစ်ပါး တခြား ဘာမျှ ပြောနိုင်မည် မဟုတ်ချေ။

အမှန်ဆိုသော် မြန်မာနိုင်ငံကို အုပ်စိုးခဲ့သူတို့ကား ကံကောင်းသည်ဟု ဆိုရတော့မည်။ သူတို့၏ အုပ်စိုးခြင်းကို ခံခဲ့ကြရသော ပြည်သူတို့သည် ထားရာနေ၊ စေရာသွားမည့်သူများ ဖြစ်သည်။ အစိုးရထံမှ နည်းနည်းသာ မျှော်လင့် တောင့်တ၍ ရသမျှယူ ပေးသမျှ စားပြီး ပျော်ပျော်သာ နေချင်ကြသူများ ဖြစ်ကြ၏။ ကံပေးသမျှပေါ့လေဟု စိတ်ကို လျှော့ထားတတ်ကြ၏။ ယင်းသို့သော စိတ်နေသဘောထား ရှိနေကြခြင်းမှာ ဗုဒ္ဓဘာသာ၏ အဆုံးအမတွင် တည်ကြသောကြောင့် ဖြစ်ကြောင်း ဒိုဗေဒံသယ

www.burmeseclassic.com

www.burmeseclassic.com



ရှိစရာ မလိုပေ။ ယခင် ဘဝဟောင်းက မကောင်းမှု အကုသိုလ်ကံကြောင့်သာ ယခုဘဝတွင် ဒုက္ခနှင့် ကြုံတွေ့ရသည်ဟု ဖြေသိမ့်ကြသည်။

ရှင်ဘုရင်နှင့် မှူးကြီးမတ်ကြီး အပါအဝင် အကြီးအကဲ ပုဂ္ဂိုလ်တို့သည် ယခင်ဘဝဟောင်းက ပြုခဲ့သမျှသော ကောင်းမှုကုသိုလ်ကံ၏ အကျိုးကျေးဇူးကို ခံစားနေကြရသူများ ဖြစ်ကြသည်ဟု နားလည်ထားကြလေသည်။ ထို့ကြောင့် ရှင်ဘုရင်နှင့် အပေါင်းပါ လူတစ်စုက ပြုလုပ်နေသမျှကို စေသည့်ကျွန်၊ ထွန်သည့်နွားလို လိုက်နာ ဆောင်ရွက်ရန်မှာ မိမိတို့ ဘဝပေး တာဝန်သာ ဖြစ်သည်ဟုလည်း သဘောထားလိုက်ကြတော့၏။

နိုင်ငံတော်အတွင်း ပုန်ကန်ထကြွမှု ဖြစ်သည်ဆိုလျှင် လယ်သမားသည် လယ်ကွင်းကို စွန့်ခွာ၍ မြို့စား နယ်စားတို့ ဆင့်ခေါ်ရာသို့ အပြေးသွားလေသည်။ အလားတူပင်လျှင် မင်းတုန်း ဘုရင်မင်းမြတ်က ရတနာပုံနေပြည်တော်ကို တည်ဆောက်ရန် အလုပ်သမားတွေ အပူတပြင်း အလိုရှိသည်ဟု ဆင့်ခေါ်လိုက်သောအခါ တည်ဆောက်ရေး အလုပ်သမားတွေ အားတိုက်ခွန်တိုက် ရရှိခဲ့ပေသည်။

ဒါ ကံ မဟုတ်ဘူးလား။ မင်းတုန်းမင်းရဲ့ အရင်ဘဝက ပြုခဲ့တဲ့ ကုသိုလ်ကံကြောင့် မဟုတ်ဘူးလား။

ဟုတ်ပါ၏။ တစ်ရာသော ထီးဆောင်းမင်းတို့၏ အရှင်သည် ကံကောင်းသူပေတကား။

●

## နိုင်ငံခြား လွှမ်းမိုးမှုများ

ဧရာဝတီမြစ်နှင့် ရှမ်းရိုးမတောင်တန်းတို့၏ အကြားတွင်ရှိသော ဖြန့်ပြူးသာယာသည့် လွင်ပြင်ဝယ် နေပြည်တော်ကို တည်ဆောက်ထားပေသည်။ ကြာပွင့်များဖြင့် ပန်းသင့်နေသည့် ကျုံးရေ၏ ကြေးမုံလွင်ပြင် တွင် နှင်းဆီနီရောင် သမ်းနေသော မြို့ရိုးကြီးသည် အရိပ်ထင်လျက် ရှိ၏။ ဦးနှင့် ပဲ့ပိုင်းတွင် လှပ ဝင့်ကြွားသော ပန်းပုရုပ်များဖြင့် တင့်တယ်နေသည့် ရွှေရောင်တဝင်းဝင်းနှင့် ဖောင်တော်များသည် ကျုံးရေပြင်တွင် တငြိမ့်ငြိမ့် လှုပ်မျောနေကြပေသည်။ ဖောင်တော်ပေါ်၌မူကား အခမ်းအနားသဘင်များအတွက် မျက်စိပသာဒ ရှိစေရန် လှလှပပ ဆင်ယင် ခြယ်သထားလျက် ရှိနေ၏။

ရွှေဝါရောင်သင်္ကန်းကို ဆင်မြန်းထားသော ဘုန်းတော်ကြီးများ အနီရောင် ဆင်တူဝတ်စုံကို ဝတ်ဆင်ထားသော်လည်း ဆေးရောင်ညီးညိုးမှိန်မှိန် ရှိလှသော ဘုရင့်တပ်သားများ၊ တစ်ခေါင်းလုံးတွင် ပန်းတွေ ဝေဝေဆာဆာ ပန်ထားသော ဈေးသည်မကလေးများ စသည်တို့သည် နေခြည်ဖွေးဖွေးတွင် လှုပ်ရှား သွားလာလျက် ရှိကြ၏။

သို့သော် ဤမြင်ကွင်းဝယ် ထူးဆန်းသော လူတချို့ကို တွေ့ရ၏။ နောက်ဦးထုပ်ကြီး တစ်လုံး ဆောင်းထားသော အနောက်တိုင်းသား

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖြူတစ်ဦးသည် ဥရောပသူ မျက်နှာဖြူအမျိုးသမီး တစ်ဦးနှင့် အတူ နွားဆွဲသော ဘီဒိုလှည်းကို စီး၍ သွားလာနေ၏။ သူတို့ကား နေပြည်တော်ရှိ နိုင်ငံခြား သံအဖွဲ့ဝင်များ ဖြစ်ကြသည်။ ဤ သံအဖွဲ့ဝင်တို့တွင် ဗြိတိသျှနှင့် အခြားနိုင်ငံ အသီးသီးမှ သံအဖွဲ့ဝင်များ၊ ကုန်သည်များ၊ သာသနာပြု အဖွဲ့ဝင်များ ပါဝင်ကြလေသည်။

မန္တလေးသို့ လာရောက်သော နိုင်ငံခြားသားများကို မင်းတုန်းမင်းသည် အမြဲတမ်း ကြိုဆိုနေပေသည်။ နိုင်ငံခြားသားများကို လွှတ်တော်တွင် လည်းကောင်း၊ အခြား သူ ဆန္ဒရှိရာ တစ်နေရာရာတွင် လည်းကောင်း အလုပ်အကိုင် နေရာချထားပေးသည်။ ပြင်သစ်နှင့် အီတလီနိုင်ငံမှ မှူးမတ်နွယ်ဝင် ပုဂ္ဂိုလ်များ၊ သင်္ဘောသားများ၊ ကုန်သည်ကလေးများတို့သည် နေပြည်တော်၌ အလုပ်အကိုင် ရရှိထားကြ၏။ ပြောစမှတ်ကြီး ဖြစ်နေသော အချက်တစ်ရပ် ရှိခဲ့၏။ နိုင်ငံခြားသား မျက်နှာဖြူတစ်ဦးသည် လက်နက်ခဲယမ်းပညာနှင့် ပတ်သက်၍ တတ်ကျွမ်း နားလည်သူ ဖြစ်လျှင် ဘုရင့် လက်နက်တိုက်တွင် သူ့အတွက် အလုပ်နေရာ အမြဲတမ်း ရှိနေသည် ဟူ၏။

မင်းတုန်းမင်းကား အနောက်နိုင်ငံတို့၏ တိုးတက် ဖွံ့ဖြိုးမှုများကို အမြဲမပြတ် အကဲခတ်နေသူ ဖြစ်၏။ ထို့ပြင်လည်း ယင်းတို့၏ စက်မှု သိပ္ပံပညာ တိုးတက် ဖွံ့ဖြိုးမှုများကို မိမိတို့လက်ဝယ် ရောက်ရှိစေရန် အားထုတ် ကြိုးပမ်းမှုများကိုလည်း ပြုလုပ်ခဲ့ပေသည်။ သူသည် မန္တလေးမြို့တွင် စက်ရုံများစွာကို တည်ဆောက်ရန် အားထုတ်ခဲ့သည်။

ထိုသို့ အားထုတ်ရင်းဖြင့် အလိမ်မိခဲ့သည်လည်း ရှိသည်။ ဥပမာအားဖြင့် မိမိကိုယ်ကို မိမိ လက်နက်ပါရဂူ တစ်ဦးအဖြစ် ဘုရင့်ထံ ဝင်၍ လျှောက်ထားသူ တစ်ဦးထံမှ ဘာလက်နက် တစ်ခုမျှ ထွက်မလာသည် ဖြစ်ရပ်မျိုး ဖြစ်သည်။ အချိန်တန်၍ လက်နက် အသစ်အဆန်း ထုတ်လုပ်မှု မရှိသောအခါ ပါရဂူ ဆိုသူတို့သည် အကြောင်းပြချက် အသင့်ရှာထား၏



စက်ပစ္စည်းများ မရှိသေး၍ ဥရောပတိုက်သို့ မှာကြားရဦးမည်... စသည်ဖြင့်...။

ဤသို့ဖြင့် လပေါင်းများစွာ ကြာသွားသော အခါတွင် နောက်ထပ် ဆင်ခြေသစ် ပေးရန် ထိုသူသည် အသင့် စဉ်းစားပြီး ဖြစ်နေပြန်လေပြီ။

၁၈၆၁ ခုနှစ်အထိ မြန်မာနိုင်ငံတွင် ငွေကြေးစနစ်ကို မသုံးစွဲဖြစ်သေးပေ။ ယခင်က ရှိပြီး စနစ်အတိုင်း ကုန်ပစ္စည်း အချင်းချင်း လဲလှယ်မှုဖြင့်သာ သုံးစွဲ လုပ်ကိုင်နေရ၏။ ဤသို့ဖြင့် ကမ္ဘာ့ဈေးကွက်သို့ ဝင်ရန် မြန်မာနိုင်ငံအတွက် တံခါးပိတ်လျက် ရှိလေသည်။

ထိုအချိန်တွင် ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံနှင့် အထက် မြန်မာနိုင်ငံ အကြား၌ ကုန်သွယ်မှု တိုးတက် ဆောင်ရွက်ရန် အခြေအနေ ပေးလျက်ရှိရာ တည်ငြိမ် ခိုင်မာသော ငွေကြေးစနစ်ကို အခြေခံထား၍ ဆောင်ရွက်ရန် လိုအပ်နေသည်။ ဤအခြေအနေကို ကောင်းစွာ နားလည်သော မင်းတုန်းဘုရင်သည် ငွေဒင်္ဂါးစနစ်ကို အကောင်အထည် ဖော်ရန် စီစဉ်ပြီး ငွေဒင်္ဂါးစက်ရုံကို တည်ဆောက်လေသည်။

အီတလီ သာသနာပြုအဖွဲ့ ဘုန်းတော်ကြီး ဖားသား စန်ဂျာမနိုသည် ၁၈ ရာစု ပြည့်လုနီးသည် အထိ မြန်မာနိုင်ငံ၌ နေထိုင်ခဲ့သည်။ သူသည် ထင်ရှားသော စာရေးဆရာ တစ်ဦးလည်း ဖြစ်လေသည်။

သူ နေထိုင်ခဲ့စဉ်က မြန်မာနိုင်ငံ ဖြစ်ပေါ်နေသော ကုန်ပစ္စည်း လဲလှယ်မှု စနစ်ကို ဖားသားစန်ဂျာမနိုက ဤသို့ ဖော်ပြ၏။ "မြန်မာများတွင် ဒင်္ဂါးစနစ် မရှိပေ။ သို့သော် သူတို့ စီးပွားကုန်သွယ်ရာတွင် ခဲနှင့် ငွေစင်ကို ကိုင်တွယ် သုံးစွဲကြသည်။ ဤသို့ဖြင့် ပေးဆပ်စရာ ရှိသည်တို့ကို နေ့စဉ်တကျ တိုင်းထွာ၍ ပေးဆပ်ကြသည်။ ထိုသို့ ပေးဆပ်ရာ၌ 'ကျပ်' ကို အခြေခံထားသည်။ အလေးချိန် တစ်ကျပ်သည် အောင်စဝက်ခန့် ရှိသည်။ ခဲနှင့် ငွေစင်တို့မှာ တစ်ခါတစ်ရံ၌ အလွန် သန့်စင်ပေသည်။ သို့သော် အများအားဖြင့် ယင်းတို့ကို သတ္တုအချို့ဖြင့် ရောစပ်လေ့ ရှိကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤသို့ဖြင့် ယင်းတို့၏ သန့်စင်မှုကို အတိုင်းအတာပြု၍ ဈေးဆိုခြင်း ပြုကြပေသည်"

မင်းတုန်းမင်း၏ ခေတ်သို့ ရောက်သည့်တိုင် ကုန်သွယ်မှုတွင် အထက်ပါ အခြေအနေမှ မတိုးတက်သေးပေ။ ဤတွင် ဒင်္ဂါးစက်ရုံ တည်ဆောက်မှု ဖြစ်ပေါ်ခဲ့ပေသည်။

မင်းတုန်းမင်းသည် အနောက်တိုင်း ဆေးပညာနှင့် အနောက်တိုင်း ဆေးဆရာဝန်များကို အလေးထား၍ ဆက်ဆံမှု ပြုခဲ့၏။ သူ့ခေတ် သူ့အခါ တိုင်းအောင်ပင် နိုင်ငံသားတို့သည် ခေတ်မမီတော့သော အတွေးအခေါ်များကို အားကိုးနေကြဆဲ ဖြစ်သည်။ ဤအခြေအနေတွင် ဘုရင်သည် နေပြည်တော် အတွင်းရှိ ရပ်ကွက်များ၌ ဗီဇိတဒါန ဆေးကုဌာနများနှင့် ဆေးရုံ အများအပြား ဆောက်လုပ် ဖွင့်လှစ်စေခဲ့ သည်။ ပင်မဆေးရုံကြီးတွင် ဂျာမန်အမျိုးသား ဆရာဝန်ကြီး ဒေါက်တာ မာဖဲလ်ကို ဆေးရုံအုပ်ကြီး အဖြစ် ခန့်ထားခဲ့၏။ မင်းတုန်းမင်းကား မြန်မာ လူထုနှင့် အနောက်တိုင်း ဆေးပညာတို့ ရင်းနှီး ကျွမ်းဝင်အောင် အပတ်တကုတ် ကြိုးပမ်းမှုပြုခဲ့သူ ဖြစ်လေသည်။

●

## သိပေါမင်းသား၏ ကျောင်းသားဘဝ

ရတနာပုံရွှေမြို့တော်တွင် နာမည်ကျော်ကြား လူသိအများဆုံးသော နိုင်ငံခြားသား ပုဂ္ဂိုလ်မှာ ခရစ်ယာန် သာသနာပြုအဖွဲ့ဝင် ဂျူးသွေး ပါသော ဒေါက်တာမတ်ပင် ဖြစ်နိုင်ပေသည်။

မင်းတုန်းမင်းသည် ဒေါက်တာမတ်ကို အလွန် ခင်မင် ရင်းနှီးစွာ ဆက်ဆံခဲ့၏။ မုတ်ဆိတ်မွေး ထူလပျစ်နှင့် အသားမည်းမည်း ပုဂ္ဂိုလ် တစ်ဦးဖြစ်သော ဒေါက်တာမတ်ကို နန်းတော်အတွင်း၌ မသိသူ ရှားပြီး ဘုရင်မင်းမြတ် ထံသို့ ကြိမ်ဖန်များစွာ ဝင်ရောက် ခစားနိုင်ခွင့် ရသူလည်း ဖြစ်၏။ သူ၏ ပါးနပ် လိမ္မာသော အရည်အချင်းနှင့် ထူးခြား ပြောင်မြောက်စွာ ဆောင်ရွက်နိုင်မှုများသည် သူ၏ ခရစ်ယာန်သာသနာပြု လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အထောက်အကူ ပေးခဲ့ သည်။ မင်းတုန်းမင်းကို ကောင်းစွာ ချဉ်းကပ်နိုင်သူတစ်ဦး ဖြစ်၍သည်း ဒေါက်တာမတ် ဆောင်ရွက် လုပ်ကိုင်မှုများမှာ ခရစ်ယာန် သာသနာပြု ဝန်ကြီးတစ်ဦး၏ ဆောင်ရွက်လုပ်ပိုင်နိုင်ခွင့် အခြေအနေ မျိုးဝင် ရရှိခဲ့လေသည်။

မန္တလေးသို့ မရောက်လာမီက ဒေါက်တာမတ်သည် ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံတွင် တာဝန် ထမ်းဆောင်နေခဲ့ရာ သူသည် မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



စကားကို ကျွမ်းကျင်စွာ ပြောဆိုတတ်ပြီး မြန်မာများနှင့်လည်း အလွန်ကျွမ်းဝင် ခင်မင်စွာ ပေါင်းသင်းခဲ့ဖူး၏။ သို့ဖြစ်သောကြောင့်ပင် သူ၏ ခရစ်ယာန် သာသနာပြုလုပ်ငန်းနှင့် ပတ်သက်၍ ကြုံတွေ့ခဲ့ရသော အခက်အခဲများကို လွယ်ကူစွာ ဖယ်ရှင်းနိုင်ခဲ့လေ၏။

နန်းတော်နှင့် ဆက်ဆံရာတွင် အချို့သော ဥရောပတိုက်သားတို့၏ အပြုအမူမှာ ရယ်စရာ ကောင်းနေပေသည်။ ဥပမာအားဖြင့် အနောက်တောင်တံခါး ကိစ္စကို ကြည့်။ ဤတံခါးသည် စင်စစ်တော့ အမင်္ဂလာတံခါး ဖြစ်၍ လူသေကောင်များ ထုတ်ယူရန်သာ ဖြစ်၏။ ကိုယ့်ကိုယ်ကို တန်ဖိုးထားသော မြန်မာအမျိုးသားတိုင်းက ဤတံခါးမှ အကြောင်းမဲ့ ဖြတ်သန်းသွားခြင်း ပြုမည်မဟုတ်ပေ။ သို့သော် နန်းမြို့တံခါးနှင့် မြစ်အကြားတွင် မိမိတို့ အိမ်များ ရှိနေသော ဥရောပတိုက်သားတို့သည် ဤ အမင်္ဂလာတံခါးမှ နေ၍ ဥဒဟို ဖြတ်သန်း သွားနေကြလေ၏။ ဤတံခါးကို ဘုရင်မင်းမြတ်သည်ပင် နန်းစွန့်လွှတ်သော အခါမှသာ အသုံးပြုရသည်ကိုလည်း သူတို့ ဂရုမပြု။ ဝင်ချင်တိုင်း ဝင်၊ ထွက်ချင်တိုင်း ထွက်နေကြသည်။

နန်းတော်တွင်း၌ အခမ်းအနားသဘင်များ ကျင်းပ ပြုလုပ်၍ ဥရောပတိုက်သား ဧည့်သည်များကို ဖိတ်ကြားခြင်း ခံရသောအခါ ဧည့်သည်များသည် အရှေ့တံခါးမှ ဝင်ခွင့်ရကြသည်။ ဤတံခါးမှ ဝင်လျှင် တံခါးနီကို တက်ရောက် ဖြတ်သန်းသွားကြရမြဲ ဖြစ်၏။ ဥရောပတိုက်သားများသည် အခမ်းအနား တက်ရောက်ရန် လာကြစဉ် နန်းတော်ခြေရင်းလှေကားထစ်သို့ ရောက်သော အခါမှသာ သူတို့၏ ဖိနပ်များကို ချွတ်ကြရလေသည်။

ထိုနေရာတွင် သူတို့၏ ရှူးဖိနပ်များကို ချွတ်ထားခဲ့ကြရပေရာ သူတို့ ပြန်လာလျှင် ရှူးဖိနပ်များ ပြန်ရမည်၊ မရမည်မှာ မသေချာပါ။ သို့သော် မတတ်နိုင်ပြီ။ သူတို့ ရှူးဖိနပ်များကို စွန့်စား၍ ထားရစ်ခဲ့ရ၏။ တစ်ကြိမ်တွင် အင်္ဂလိပ် နိုင်ငံရေးရာ အရာရှိတစ်ဦးမှာ ညီလာခံမှ အပြန်



တွင် သူ၏ ရှူးဖိနပ် တစ်ရံလုံး ပျောက်ဆုံးနေသည်ကို တွေ့ရတော့သည်။ ဤတွင် သူသည် မြေကြီးကြမ်းကြမ်းပေါ်တွင် ဖိနပ်မပါဘဲ ခုန်ဆွ ခုန်ဆွ လုပ်၍ တံခါးနီ အထိ ပြေးသွားခဲ့ရသော ဟူ၏။

မင်းတုန်းဘုရင်၏ ဝန်ကြီးများထဲတွင် နိုင်ငံခြား အတွေ့အကြုံများစွာရှိသော ဝန်ကြီးတစ်ပါး ရှိနေခဲ့သည်။ သူကား ဖန်ချက်ဝန် ဖြစ်လေသည်။ နိုင်ငံတော်၏ ဖန်ချက်စက်ရုံကို ကြီးကြပ် ကွပ်ကဲရသူ ဖြစ်၏။ သူသည် ကမ္ဘာ့အတွေ့အကြုံ များစွာရှိပြီး ပြင်သစ်နိုင်ငံ၊ ပဲရစ်တက္ကသိုလ်မှ ဘွဲ့ရထားသူလည်း ဖြစ်၏။ တစ်ကြိမ်တွင် မင်းတုန်းဘုရင်က မေးခွန်းတစ်ခု မေးလာသောအခါ ဖန်ချက်ဝန်မင်းသည် လိမ္မာပါးနပ်စွာဖြင့် အဖြေကို ပေးနိုင်ခဲ့သည်။

'ဥရောပတိုက်ရှိ အဆောက်အအုံများသည် မန္တလေးနေပြည်တော်ရှိ ဘုရင့်နန်းတော်လောက် ခမ်းနား ထည်ဝါရဲ့လား' ဟု မင်းတုန်းဘုရင်က မေးခွန်းထုတ်ခဲ့သည်။ ဖန်ချက်ဝန်က ဖြေ၏။

"အရှင်မင်းကြီး. . . ဥရောပတိုက်သားများမှာ ကျွန်းသားကို သုံးစွဲနိုင်ခြင်း မရှိပါ။ သို့ဖြစ်ခြင်းကြောင့် သူတို့သည် အရှင်မင်းကြီး၏ နန်းတော်ကို တုပြိုင် ဆောက်နိုင်သောအင်အား မရှိနိုင်ပါ"

ဖန်ချက်ဝန်ကား ဤသို့သော လိမ္မာပါးနပ်သည့် ဉာဏ်အမြော်အမြင်ဖြင့် ပြည့်စုံသူ ဖြစ်၏။ ထို့ကြောင့်ပင် ဖြစ်မည်။ အခြားဝန်ကြီး ဝန်ငယ် အသီးသီးတို့မှာ နန်းတော်တွင်းမှ တစ်ယောက်ပြီးတစ်ယောက် ပျောက်ကွယ်သွားကြသော်လည်း ဖန်ချက်ဝန်မှာ သူ့ရာထူးနေရာတွင် နေမြဲအတိုင်း ရှိခဲ့၏။ မန္တလေးနန်းတော်မှ သီပေါဘုရင်ပါတော်မူသွားပြီး နောက်ပိုင်း နှစ်အတော် ကြာသည်အထိပင် သူသည် ရာထူးတွင် ဆက်လက် ထမ်းဆောင်နေခဲ့ရပေသည်။

မင်းတုန်းဘုရင်နှင့် ဆက်ဆံရာတွင် ဒေါက်တာမတ်မှာ သီးသန့်ရှိ ဆက်ဆံနိုင်ခွင့် ရခဲ့ပေသည်။ သူသည် မင်းတုန်းဘုရင်နှင့် သဘောတရားရေးရာများကို အချိန်ကြာမြင့်စွာ အခြေအတင် ဆွေးနွေးခွင့်ရသူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဗုဒ္ဓဘာသာကို နှစ်နှစ်ကာကာ ယုံကြည် ကိုးကွယ်သော မင်းတုန်းဘုရင်သည် အခြားသော ဘာသာတရားတို့နှင့် ပတ်သက်၍လည်း စိတ်ရှည်လက်ရှည် လေ့လာတတ်ပေသည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၏ အရှိန်အဝါကြီးမားသည် ဖြစ်ရာ မင်းတုန်းဘုရင် ကိုယ်တိုင်ပင် ဘုန်းတော်ကြီးများ၏ ဩဇာအာဏာစက် အောက်တွင် သက်ရောက် ကျိုးနွံနေခဲ့ပေသည်။ အင်္ဂလန်နိုင်ငံပြည့်ရှင် ဗိတိုရိယဘုရင်မကြီးသည်လည်း ဤသို့ပင် ဘုန်းတော်ကြီးများ၏ ဩဇာအရှိန်အဝါတွင် တည်လိမ့်မည်ဟု မင်းတုန်းဘုရင်က ရိုးသားစွာ ယုံကြည်နေ၏။ ဤတွင် ဒေါက်တာမတ်က မင်းတုန်းဘုရင်၏ ထင်မြင် ယူဆချက်များ မမှန်ကန်ကြောင်းကို လည်းကောင်း၊ အစိုးရ၏ အုပ်ချုပ်ရေးစနစ် အနေအထားကို လည်းကောင်း ပြည့်ပြည့်စုံစုံ လျှောက်ထား တင်ပြခဲ့လေသည်။

ဒေါက်တာမတ်၏ သာသနာပြုလုပ်ငန်းများအတွက် မင်းတုန်းဘုရင် ထံမှ အကူအညီများ ရခဲ့သည်။ ခရစ်ယာန် သာသနာပြုလုပ်ငန်း လုပ်ရန် မြေကွက် တစ်ကွက်၊ စာသင်ကျောင်းနှင့် ဘုရားရှိခိုးကျောင်း ဆောက်ရန် ရန်ပုံငွေများကို မင်းတုန်းဘုရင် ထံမှ အလှူခံ၍ ရရှိခဲ့၏။ စာသင်ကျောင်းကို အချိန်မီ ဆောက်လုပ် ပြီးစီးခဲ့သည်။ သို့သော် အချိန်ကြာမြင့်လာသည်နှင့်အမျှ ဘုရားရှိခိုးကျောင်း ဆောက်လုပ်ရေးအတွက် မင်းတုန်းဘုရင်၏ ကူညီ အားပေးမှု လျော့ပါးသွားခဲ့ရာ ဒေါက်တာမတ်မှာ သူ၏ လုပ်ငန်းများအတွက် ရန်ပုံငွေ အခက်အခဲနှင့် ကြုံတွေ့ရတော့သည်။

သို့သော် စာသင်ကျောင်းကိုမူ မင်းတုန်းဘုရင် အလွန် စိတ်ဝင်စားကြောင်း ဖော်ပြခဲ့သည်။ ကျောင်းအပ်ရန် အသက်ပြည့်သော သူ့သားတော်များကို ဒေါက်တာမတ်၏ စာသင်ကျောင်းသို့ ပို့လွှတ်ခဲ့ရာ သီပေါမင်းသားလည်း ပါလာခဲ့ပေသည်။ အဆင့်မမြင့်သည့် မိဖုရားတစ်ပါးမှ မွေးဖွားသော ဤမင်းသားငယ်မှာ အခြားသော ဘုရင့်



သားတော်များ၏ အလယ်တွင် ထင်ထင်ရှားရှား မရှိပေ။ မင်းတုန်းဘုရင်မှာ သားတော် ၇၀ မျှမက ရှိသည်ဟု ဒေါက်တာမတ်ကို မင်းတုန်းဘုရင်က မိန့်ကြားဖူးပေသည်။

သာသနာပြု စာသင်ကျောင်းသို့ မင်းသားများ ရောက်လာသည့် နေ့တာ ဖြစ်ရပ်မှာ ပျော်စရာပင် ကောင်းသေးတော့သည်။ တပည့်ကျောင်းသား တစ်ဦးသည် ဒေါက်တာမတ်၏ အခန်းတွင်းသို့ ပြေးဝင်လာပြီး ကျောင်းသားသစ်များ ရောက်လာကြောင်း သတင်းပေး၏။ ဒေါက်တာမတ်က ထွက်ကြည့်သောအခါ ကကြိုးတန်ဆာ ဆင်ထားသော ဆင်ပေါ်တွင် လိုက်ပါလာသော မင်းသားငယ်များကို တွေ့ရ၏။ မင်းသားငယ်များကို ရွှေထီးများ မိုးကာထား၏။ မင်းသားများနှင့် အတူ လက်နက်ကိုင် အစောင့်များ၊ နောက်တော်ပါ အစေအပါးများ ပါလာကြသည်။ သူတို့၏ အစေအပါးတို့မှာ ကွမ်းအစ်များ၊ ရေတကောင်းများကို သယ်ဆောင်လာကြ၏။

မင်းသားများ စာသင်ခန်းထဲသို့ ဝင်လာကြသည်နှင့် တစ်ပြိုင်နက် စာသင်ခုံများတွင် ထိုင်နေကြသော သာမန် ကျောင်းသားများသည် နေရာမှ ရုတ်တရက် ထပြီး ကြမ်းပြင်တွင် ဝပ်တွားချလိုက်ကြ၏။ သူတို့သည် မိမိတို့၏ မျက်နှာကို လက်ဖဝါးများဖြင့် အုပ်ထားပြီး အရိုအသေပေးနေကြသည်။ ဤကား ဘုရင့်မျိုးနွယ်များနှင့် သာမန်လူတို့ တွေ့ဆုံသည့်အခါ အရိုအသေ ပေးရမြဲ ထုံးစံပင်တည်း။

ဒေါက်တာမတ်သည် ကြမ်းပြင်၌ ဝပ်နေသော ကျောင်းသားတစ်ဦးကို နေရာမှ ဆွဲထူ၏။ သို့သော် တစ်ယောက်ကို လွှတ်၍ နောက်တစ်ဦးကို ဆွဲထူနေသည်နှင့် ပထမတစ်ဦးမှာ ကြမ်းပြင်၌ ပြန်ဝပ်သွားတော့သည်။ ထိုဖြစ်ရပ်ကို မင်းသားငယ်များက မြင်သော် တသောသောပင် ရယ်မော၍ နေပြန်သေးသည်။

မင်းတုန်းဘုရင်၏ သားတော်များကား ကျောင်းပြေးများ ဖြစ်ကြသည်။ တစ်ကြိမ်တွင် အများပြည်သူတို့ ရှေ့၌ သေဒဏ် ပေးမည့်ပွဲကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရန်ဟု ဆိုပြီး ကျောင်းမှ စောစောဆင်းရန် နားပူကြ၏။ ဒေါက်တာမတ် စုံစမ်းကြည့်သောအခါ သူပုန် အတော်များများကို ခေါင်းဖြတ် သတ်မည့်ပွဲ ဖြစ်ကြောင်း သိရ၏။ ဤတွင် ဒေါက်တာမတ်သည် မင်းသားတို့ တောင်းဆိုသည့်အတိုင်း ကျောင်းကို နေ့ဝက်ဖြင့် လွှတ်ပေးလိုက်ပြီး မိမိကိုယ်တိုင် နန်းတော်သို့ အပြေးဝင်ရောက် ခစားလေသည်။

ဖြစ်ရိုးဖြစ်စဉ်အရ ဆိုလျှင် သေဒဏ် စီရင်မည့်ဆဲဆဲ ရာဇဝတ်သားများနှင့် ပတ်သက်၍ မည်သည့် အယူခံကိုမှ မင်းတုန်းဘုရင် လက်မခံပေ။ သို့သော် ရာဇဝတ်သားများကို နေမွန်းလွဲလျှင် စီရင်တော့မည်ဟု သိရှိရသည်နှင့် တစ်ပြိုင်နက် ဒေါက်တာမတ် မရမနေ တောင်းပန်ချက်ကို လက်ခံပြီး ရာဇဝတ်သားများ၏ သေဒဏ်ကို မင်းတုန်းဘုရင်က လွတ်ငြိမ်းခွင့် ပြုလိုက်ပေသည်။

ဤအကြောင်းကို သိရသည်နှင့် မင်းသားတစ်စုမှာ အကြီးအကျယ် အံ့ဩစိတ်ပျက် ဖြစ်သွားကြတော့သည်။

စာသင်ကျောင်းတွင် ပညာသင်ကြားစဉ်အတွင်း သီပေါမင်းသားနှင့် ပတ်သက်သော မှတ်တမ်းများအရ ဒေါက်တာမတ် အမြင်တွင် သီပေါမင်းသားသည် တည်ငြိမ်သည်၊ မှတ်ဉာဏ်ကောင်းပြီး စာသင်၌ တတ်လွယ်သော လူငယ်တစ်ဦး ဖြစ်သည်။ စိတ်နေသဘောထား မှန်ကန်သည်၊ ခေတ်မီသည်ဟု ဆိုလေသည်။ ဤသည်မှာ သီပေါမင်းသားအပေါ် နှစ်လို ခင်မင်သော ဒေါက်တာမတ်က သာသာထိုးထိုး မှတ်တမ်းတင်ခြင်းလည်း ဖြစ်နိုင်သည်။ အခြား လေ့လာသူများကမူ မင်းသားသည် စိတ်တိုတတ်သူ၊ စိတ်မမှန်ကန်သူဟု ဆိုကြပြန်သည်။ သူ၏ ညီအစ်ကို မင်းသားများ၊ အခြား ကစားဖော်များနှင့် အတူ သီပေါမင်းသားသည် ကျောင်းဝင်းထဲတွင် ခရစ်ကက် ရိုက်ကစားလေ့ရှိ၏။ ထိုသို့ ကစားရာတွင် မင်းသားသည် အရိုက်ကောင်းသူ တစ်ဦးဖြစ်၏။ သို့သော် သူက



ဘောလုံး ဖမ်းရသည့် အလှည့်များတွင်မူ သီပေါသည် မင်းသားသွေး ပြလာတတ်ပေသည်။

ဒေါက်တာမတ်သည် နောင်အခါတွင် သီပေါ၏ မိဖုရား ဖြစ်လာသော မင်းသမီးငယ်ကလေး စုဖုရားလတ်ကိုလည်း ကောင်းစွာ သိကျွမ်းထား၏။ စုဖုရားလတ်မှာ အလယ်နန်းမတော် မိဖုရား၏ သမီးတော် ဖြစ်သည်။ အလယ်နန်းမတော် မိဖုရားမှာ နောင်တွင် 'ဆင်ဖြူမရှင်' ဟု အမည်တွင်ခဲ့သူ ဖြစ်ပေသည်။

ဩဇာအရှိန်အဝါ အပြည့်ရှိသော အလယ်နန်းမတော်မိဖုရားသည် မင်းတုန်းဘုရင်နှင့် အဖေတူ အမေကွဲ မောင်နှမ တော်စပ်လေသည်။ မြန်မာဘုရင်များ၏ ဓလေ့ထုံးစံအရ အဖေတူ အမေကွဲ မောင်နှမ တော်စပ်သူတို့ကို မိဖုရားမြှောက်လေ့ ရှိခဲ့၏။

စုဖုရားလတ် မင်းသမီးမှာ အလွန် ရဲရင့်ပြီး ခေါင်းမာသော မင်းသမီးတစ်ပါးဟု သူ၏ မယ်တော်က အသိအမှတ်ပြုထား၏။ သို့သော် ဒေါက်တာမတ်ကမူ စုဖုရားလတ်မှာ ရက်စက် ရှန့်ရင်းသော မိန်းမငယ် တစ်ဦးဖြစ်ပြီး ငှက်ကလေးများအား ဖမ်းဆီး ညှဉ်းဆဲရခြင်းကို အလွန် သဘောကျသူတစ်ဦး ဖြစ်သည်ဟု မှတ်ချက်ချလေသည်။

ဒေါက်တာမတ်သည် မန္တလေးနေပြည်တော်သို့ ၁၈၆၈ ခုနှစ်တွင် ရောက်ရှိခဲ့၏။ သူသည် မန္တလေးတွင် အနည်းဆုံး ၁၈၇၅ ခုနှစ်အထိ နေထိုင်ခဲ့သည်။

ထို့နောက်တွင် သူ့ တာဝန်ဝတ္တရားများကို သင်းအုပ်ဆရာ မစ္စတာ ဘောလ်ဘက်က ဆက်လက် တာဝန်ယူသည်။ ဒေါက်တာမတ် နေပြည်တော်မှ မထွက်ခွာမီ မင်းတုန်းဘုရင်နှင့် မသင့်မတင့် ဖြစ်ခဲ့လေသည်။ အသက်အရွယ် အိုမင်းလာသည့်ပြင် ကျန်းမာရေးလည်း ချုတ်ယွင်းလာသော မင်းတုန်းဘုရင်သည် စိတ်သဘောထား မပြည့်မဝ ဖြစ်လာသည်။ ထို့ပြင် ဒေါက်တာမတ်သည် မိမိအဖို့ အကျိုးရှိ အသုံးဝင်ခြင်း မရှိတော့ပြီဟုလည်း မင်းတုန်းဘုရင် သဘောပိုက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ မင်းတုန်းဘုရင်၏ လက်ထဲတွင် နိုင်ငံတော် အတွင်းရှိ လုပ်ငန်းအားလုံးကို ဆုပ်ကိုင်ထားမိပြီးပြီ။ ထို့ပြင် သူသည် မိမိအဖို့ အမြတ်အစွန်း ကြီးမားသော နိုင်ငံခြားနှင့် ကုန်သွယ်ရေးကိုလည်း စိတ်အပါကြီး ပါနေပြီ။ အသက်အရွယ်ကလည်း အိုမင်းလာပြီ ဖြစ်သော မင်းတုန်းဘုရင်က မိမိတစ်သက်တွင် စိတ်ပါဝင်စားဖွယ် အရှိဆုံး လုပ်ငန်းဟု ယူဆထားသည်။

တစ်နေ့တွင် မင်းတုန်းဘုရင်နှင့် ဒေါက်တာမတ်တို့ နှစ်ကိုယ်ချင်း တွေ့ဆုံကြစဉ် မင်းတုန်းဘုရင်က သူ့စိတ်ထဲတွင် အချိန်ကြာမြင့်စွာ ပုံစံချထားခဲ့သော စီမံကိန်းကို ဒေါက်တာမတ်အား ပြောပြလေသည်။

မင်းတုန်းဘုရင်၏ အစီအစဉ်အရ ဒေါက်တာမတ်နှင့် မင်းညီမင်းသား နှစ်ပါး သို့မဟုတ် သုံးပါးတို့သည် မင်းတုန်းဘုရင်၏ တစ်စင်းတည်းသော ပင်လယ်သွား သင်္ဘောဖြင့် အင်္ဂလန်သို့ ခရီးထွက်ခွာသွားရမည် ဖြစ်၏။ လန်ဒန်မြို့တော်သို့ ရောက်ရှိသော အခါတွင် ဒေါက်တာမတ်သည် ဝိတိုရိယဘုရင်မကြီးထံ အခစားဝင်လျက် မြန်မာနိုင်ငံ အောက်ပိုင်းရှိ ပင်လယ်ကူးသင်္ဘော ဆိပ်ကမ်းမြို့ဖြစ်သော ပုသိမ်မြို့ကို မြန်မာဘုရင်၏ လက်တွင်းသို့ ပြန်လည် ပေးအပ်ပါရန် တောင်းပန်ပြောဆိုရမည် ဖြစ်လေသည်။ ပုသိမ်မြို့ကို ပြန်ရပါမှ နိုင်ငံတော်၏ ကုန်သွယ်ရေးလုပ်ငန်းများကို တိုးမြှင့်နိုင်မည် ဖြစ်ပေ၏။

မင်းတုန်းဘုရင်၏ ဆန္ဒမှာ လန်ဒန်သို့ ဒေါက်တာမတ် ရောက်ရှိပြီးသောအခါ ဝိတိုရိယဘုရင်မကြီးထံ လျှောက်တင်ရမည့် စကားရပ်များတွင် မင်းတုန်းဘုရင်မင်းမြတ်၏ ချစ်ကြည်ရင်းနှီးမှု စိတ်ဓာတ်နှင့် ဗြိတိသျှ အမှုထမ်းတို့အပေါ် ကြင်နာတရား ပြည့်ဝစွာ ဆက်ဆံမှုကို ဖော်ပြရမည် ဖြစ်၏။ ထို့ပြင် မန္တလေး ရွှေပြည်တော်တွင် ခရစ်ယာန်ဘုရားရှိခိုးကျောင်းကို ဖွင့်လှစ်ထားရှိပြီး ဖြစ်သည့်ပြင် ဗြိတိသျှမစ်ရှင်အဖွဲ့တစ်ဖွဲ့က လက်ဆောင် ပေးအပ်ခဲ့သော ဝိတိုရိယဘုရင်မကြီး၏ ရုပ်ပုံကိုလည်း နန်းတော်တွင်း၌ ဂုဏ်ပြုလျက် ထားရှိကြောင်း၊ ဗြိတိန်-



မြန်မာ နှစ်နိုင်ငံတို့မှာ ရွှေလမ်း ငွေလမ်း ခင်းကာ ချစ်ကြည်မှု ခရီးစဉ်တို နှင်နေပြီဖြစ်ကြောင်း လျှောက်ထားရမည် ဖြစ်၏။ ထို့ပြင် ဒေါက်တာမတ်နှင့်အတူ ဝိတိုရိယဘုရင်မကြီးအတွက် ပန်းအိုးတစ်လုံးနှင့် ဗြိတိန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဂလက်စတုံးအတွက် ဂုဏ်ပြုရွှေစလွယ် တစ်ခုလည်း လက်ဆောင်ပါးလိုက်မည်ဟု မိန့်ကြားလေတော့သည်။

မင်းတုန်းဘုရင်၏ မျှော်လင့်ချက်များမှာ ခဲလေသမျှ သဲရေကျ ဖြစ်သွားရလေသည်။ ဒေါက်တာမတ်၏ ပြန်လည် လျှောက်ထားချက်တို့မှာ သူ့စိတ်တိုင်းကျ မဖြစ်လာပေ။ ဒေါက်တာမတ်က မင်းတုန်းဘုရင်၏ မစ်ရှင်အဖွဲ့ကို မိမိ ခေါင်းဆောင်၍ သွားနိုင်မည် မဟုတ်ကြောင်း ပြန်လည် လျှောက်ထားသော အခါတွင် မင်းတုန်းဘုရင်မှာ ဒေါသအိုးပေါက်ကွဲလေတော့သည်။

“ဒါဖြင့် မင်းဟာ ငါ့အတွက် ဘာမှ အသုံးမကျတော့ပါလား” ဟု ဘုရင်မင်းမြတ်က ကြိမ်းမောင်း ပြစ်တင်ခဲ့လေသည်။

မင်းတုန်းဘုရင်က ဒေါက်တာမတ်ကို နောက်တစ်ကြိမ် မိမိ ရှေ့တော်သို့ မသွင်းကြရန် အမိန့်ထုတ်လိုက်၏။

ဒေါက်တာမတ်၏ စာသင်ကျောင်းသို့ ပေးနေသော ဘုရင့်ထောက်ပံ့ကြေးကိုလည်း ရုပ်သိမ်းလိုက်လေသည်။ ထို့ပြင် မင်းတုန်းဘုရင်က နောက်ဆုံး စကားတစ်ခွန်း ပြောလိုက်သေး၏။ ဒေါက်တာမတ်သည် နေပြည်တော်တွင် ဆက်လက် နေထိုင်မည် ဆိုပါက အသက်အန္တရာယ်ဘေးနှင့် နီးလိမ့်မည် ဟူသတည်း။

သို့သော် ဤခြိမ်းခြောက်မှုမှာ ခြိမ်းခြောက်မှုမျှသာ ဖြစ်ခဲ့ပေသည်။ အကြောင်းသော်မူ သာသနာပြုအဖွဲ့ကို ရန်ပြုရိုးထုံးစံ မရှိသည့်ပြင် ဒေါက်တာမတ်သည် မိမိ တာဝန်သက်တမ်း ကုန်ဆုံးသည် အထိ နေပြည်တော်တွင် ဆက်လက် နေထိုင်သွားခဲ့ရ၍ ဖြစ်သည်။ ဒေါက်တာမတ်ကိုယ်တိုင်ကပင် သူ့အိမ်၌ မည်သည့် အကာအကွယ်မျှ မလုပ်ဘဲ ဆက်လက် နေထိုင်သွားခဲ့၏။ သူကလည်း တွေးမိမည် ဖြစ်၏။ မင်းတုန်း

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်သည် နှုတ်မှ ခြိမ်းခြောက်ခြင်းက လွဲပြီး ရှေ့သို့ ခြေတစ်လှမ်း တိုး၍ ဆောင်ရွက်မည် မဟုတ်။ အကယ်၍ တစ်စုံတစ်ရာ ပြုလုပ်ခဲ့ပါလျှင် အကျိုးကျေးဇူးမဲ့သော ဖြစ်ရပ်များနှင့် ရင်ဆိုင်ရမည်ကို နားလည်ပေလိမ့်မည်. . . ဟု။

မန္တလေးနေပြည်တော်တွင် အခြားသော သာသနာပြုအဖွဲ့များ ရှိနေသေးသည့်ပြင် ဤအဖွဲ့များသည် မင်းတုန်းဘုရင်မင်းမြတ် ထံမှ ထောက်ပံ့ကြေးများကို ရရှိနေခဲ့၏။ ပြင်သစ်နှင့် အီတလီနိုင်ငံများမှ ရိုမန်ကက်သလစ် ဘုန်းတော်ကြီးများကို ငွေကြေးနှင့် မြေနေရာဌာနများ ထောက်ပံ့ ကူညီခဲ့သည်။ ပြင်သစ် သာသနာပြု အဖွဲ့အတွက် စာသင်ကျောင်း တစ်ကျောင်း ဆောက်လုပ်ပေးပြီး သူ၏ အခြားသားတော် အချို့ကို ပို့လွှတ်၍ ပညာသင်ကြားစေခဲ့၏။

မင်းတုန်းဘုရင်သည် ခရစ်ယာန်ဘုန်းတော်ကြီး ဘီဂင်းဒက်ကို သဒ္ဒါတရား လွန်ကဲစွာ ချီးမြှင့် ကူညီမှုများ ပြုခဲ့၏။ ဘုန်းတော်ကြီး ဘီဂင်းဒက်ကမူ မင်းတုန်းဘုရင်နှင့် ပတ်သက်သော စိတ်နေသဘောထားကို အမှတ်တရ မှတ်တမ်းတင်ပေးခဲ့လေသည်။ ဘီဂင်းဒက်က မင်းတုန်းဘုရင်၏ ရက်ရောသော အပြုအမူနှင့် သည်းခံနိုင်မှု သဘောတရားများကို ချီးကျူး ပြောဆိုပြီးနောက် ဆက်လက်၍ "ဘုရင်မင်းမြတ်ဟာ ပါးနပ်လိမ္မာတဲ့ နိုင်ငံရေးသမား တစ်ဦးဖြစ်တယ်။ အမှန်တရားကို မြတ်နိုးတယ်။ ပြီးတော့လည်း သူ လုပ်ဆောင်သမျှအတွက် ညီမျှတဲ့ တုံ့ပြန်မှုကို အမြဲမျှော်လင့်တယ်။ ပြီးတော့ သူ့ရဲ့ ဂုဏ်ပုဒ် အရည်အချင်းကိုလည်း အမြဲ ဂုဏ်ပြု ချီးကျူးခြင်းကို ခံယူလိုသူလည်း ဖြစ်တယ်" ဟု ပြောဆိုခဲ့လေသည်။

မင်းတုန်းဘုရင် အဖို့ရာတွင် အရှေ့တိုင်း၌ ပြင်သစ်နိုင်ငံ တန်ခိုးထွားလာခြင်းကို အရေးကြီးသော ကိစ္စတစ်ရပ်ဟု မှတ်ယူခြင်း မပြုပေ။ ၁၈၆၇ ခုနှစ်တွင် မြန်မာနိုင်ငံပိုင် ရှမ်းပြည်နယ်ဒေသနှင့် မဲခေါင်မြစ်သာ ခြားထားသော ကမ္ဘောဒီးယားနိုင်ငံ၌ ပြင်သစ်သည် မိမိ၏ အာဏာစက်



ကို ဖြန့်ကြက် မိုးကာထားလိုက်လေသည်။ ဤတွင် မင်းတုန်းဘုရင်အတွက် အခွင့်အရေးတစ်ရပ် ပေါ်လေပြီ။

ဗြိတိသျှတို့၏ အနိုင်ကျင့်မှုကို ပြန်လည် အန်တုနိုင်ရန်အတွက် ကမ္ဘောဒီးယားရှိ ပြင်သစ်အာဏာပိုင်တို့ ထံမှ အကူအညီရမည် ကောင်းဖြစ်သည်။ မင်းတုန်းဘုရင်သည် ဤအကြံအစည်ကို အကောင်အထည်ဖော်ရန် ဘုန်းတော်ကြီး ဘီဂင်းဒက်ကို အောင်သွယ်တော် အဖြစ် စိတ်ကူးကြည့်လေသည်။

မိမိ၏ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများကကော ဤအရေးအခင်းမျိုးတွင် ပါဝင် ဆောင်ရွက်နိုင်ခြင်း မရှိတော့ဘူးလား။ သို့သော် ကက်သလစ်သာသနာ မစ်ရှင်ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံသို့ လာရောက် နေထိုင်သော ဘုန်းတော်ကြီး ဘီဂင်းဒက်ကို ဤကိစ္စမျိုးတွင်မှ အသုံးမချရလျှင် အခြား အသုံးချစရာ မမြင်ဟု ဘုရင်မင်းမြတ်က စဉ်းစားမိလေသည်။

မင်းတုန်းဘုရင်က ထိုကိစ္စအတွက် ဘီဂင်းဒက်အား ချဉ်းကပ်တိုင်ပင်သော အခါတွင် ဘီဂင်းဒက်က ပြင်သစ် အာဏာပိုင်များထံ ဆက်သွယ် ကြိုးပမ်းရန်ကိစ္စကို ခါးခါးသီးသီး ငြင်းပယ်ပြန်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ဖိနပ်အရေးတော်ပုံ

၁၈၁၀ ခုနှစ်၊ အင်းဝနေပြည်တော် ထွန်းကားစဉ်အခါက အင်္ဂလိပ်ကိုယ်စားလှယ် အဖြစ် အင်းဝနေပြည်တော်ကို ရောက်ရှိနေခဲ့သော ကပ္ပိတန်ကန်းနင်းကို မြန်မာဝန်ကြီး တစ်ဦးက တွေ့ဆုံ၍ စကားဆိုခဲ့သည်။ အင်္ဂလိပ်အစိုးရကသာ မိမိတို့ မြန်မာဘုရင်အား အကူအညီ တောင်းပါလျှင် မြန်မာ့တပ်မတော်ကို ဥရောပတိုက်သို့ စေလွှတ်ပြီး နပိုလီယံနှင့် တိုက်ခိုက်စေမည်။ ဤသို့ဖြင့် ဥရောပတွင် ဖြစ်ပွားနေသော မီးတစ်မီးကို ငြိမ်းသတ်ရာတွင် ပါဝင် ကူညီမည်ဟု အဆိုပါဝန်ကြီးက စကားကမ်းလှမ်းခဲ့၏။

၁၇၉၅ ခုနှစ်၊ ကပ္ပိတန်ကန်းနင်း၏ အလျင် အင်းဝသို့ မစ်ရှင်အဖွဲ့ကို ခေါင်းဆောင်၍ ရောက်နေသော ကာနယ်ဆိုင်း အမည်ရှိ အင်္ဂလိပ်ဗိုလ်မှူးကြီး တစ်ဦးကို ဧရာဝတီမြစ်လယ်ရှိ ကျွန်းပျက်တစ်ခုပေါ်တွင် နေရာချထားပေးခဲ့၏။ ဤနေရာမှာ လူသေများ မြှုပ်နှံ သင်္ဂြိုဟ်ရန်နှင့် ရာဇဝတ်သားများကို ခေါင်းဖြတ်သတ်သော သုသာန်တစပြင် တစ်ခု ဖြစ်နေသည်ဟု သိရ၏။

ရက်သတ္တ ခြောက်ပတ် ကြာမှ ဤနေရာတွင် သီးခြား ထားရှိသော အခါမှသာ ကာနယ်ဆိုင်းမှာ ဖိနပ်ချွတ်လျက်ဖြင့် ဘုရင့် ရွှေတော်သို့ ဝင်ခွင့်ရခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၈၂၆ ခုနှစ်၊ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ပြီးဆုံးသွားသော အခါတွင် ချုပ်ဆိုခဲ့သော ရန္တပိုစာချုပ်အရ ဗြိတိသျှ သံတမန်တစ်ဦးကို မြန်မာ့လွှတ်တော်သို့ တက်ရောက်ခွင့်ပြုရန် အချက်တစ်ချက် ပါရှိခဲ့သည်။ ဤတွင် ဗြိတိသျှတို့ အနေဖြင့် အပေါ်စီး ရသွားခြင်းဖြစ်၏။ ဗြိတိသျှ ကိုယ်စားလှယ်သည် စာချုပ်တွင် ဖော်ပြထားသော စစ်လျော်ကြေးငွေများ မှန်မှန်ကန်ကန် ရရှိရေးအတွက်ပါ ကြိုးပမ်း အားထုတ်နိုင်မည် ဖြစ်လေသည်။

ရွှေမြို့တော်ရောက် ဗြိတိသျှကိုယ်စားလှယ်၏ အခြေအနေမှာ အဆင်ပြေလှသည် မဟုတ်ပေ။ ဘုရင့်ရှေ့တော်သို့ ဝင်ရန်အရေးမှာ အလွန် ခက်ခဲသော မဟာအခွင့်အရေးတစ်ရပ် ဖြစ်ခဲ့လေသည်။ ၁၈၄၀ ပြည့်နှစ်သို့ ရောက်သောအခါ ဗြိတိသျှကိုယ်စားလှယ်မှာ နာဖျားမကျန်း ဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် ရွှေမြို့တော်မှ ရုပ်သိမ်းသွားခဲ့သည်။ အခြေအနေ အရပ်ရပ်မှာ မကောင်းလှချေ။ ရန်ကုန်တွင် အင်္ဂလိပ်ကုန်သည်များ ကြုံရသော ပြဿနာများကို အခြေခံလျက် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲမှာ မရှောင်မလွှဲသာ ဖြစ်ပွားလာခဲ့တော့သည်။ ဤစစ်ပွဲတွင် မြန်မာနိုင်ငံအောက်ပိုင်းရှိ ကျန်ရှိနေသေးသော နယ်ပယ်အချို့မှာ အင်္ဂလိပ်စစ်တပ်များ သိမ်းယူခြင်းကို ခံရလေသည်။ စစ်ပွဲဖြစ်ပြီး မကြာမီပင် မြန်မာ့ထီးနန်းကို မင်းတုန်းဘုရင်က ရရှိ စိုးစံခဲ့လေသည်။

အင်္ဂလိပ်တို့ သိမ်းယူသွားသော ရန်ကုန်မြို့ကို ပြန်လည် ရယူရန် အတွက် မင်းတုန်းဘုရင်သည် ကာလကတ္တားရှိ အိန္ဒိယဘုရင်ခံချုပ် ထံသို့ မြန်မာကိုယ်စားလှယ် အဖွဲ့ကို စေလွှတ်ခဲ့၏။ နှစ်နိုင်ငံ ဟန်ပြ ချစ်ကြည်ရေး စကားဆိုကြရာတွင် အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီမှာ မင်းတုန်း ဘုရင် ထံမှ လက်ဆောင်ပဏ္ဏာအများကို လက်ခံရရှိခဲ့သည်။ သို့သော် ဒါလဟိုဇီသည် မြန်မာတို့ ဆန္ဒကို လိုက်လျောခြင်း မရှိခဲ့။ သူက မြန်မာ ကိုယ်စားလှယ် အဖွဲ့ကို ပြတင်းတံခါးဝသို့ ခေါ်သွားပြီး ဤသို့ ပြောဆို ခဲ့သည်။ "ဟောဟိုက ကောင်းကင်မှာ နေရောင် ထွန်းပနေသမျှတော့



မြန်မာပြည်အောက်ပိုင်းဒေသများမှာ ဗြိတိသျှ အလံတော်ဟာ တလူလူ လွင့်ပျံနေဦးမှာပဲဗျ" တဲ့။

ဤသို့ဖြင့် မင်းတုန်းဘုရင်၏ ကြိုးပမ်းမှုမှာ လိုက်ကာချ၍ ဇာတ်သိမ်းခဲ့လေတော့သည်။

အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီကလည်း အပြန်အလှန် သဘောဖြင့် မစ်ရှင်အဖွဲ့ တစ်ဖွဲ့ကို မင်းတုန်းဘုရင် ထံသို့ စေလွှတ်လိုက် လေသည်။ သို့သော် စစ်ပြေငြိမ်းရေး စာချုပ် တစ်ရပ်ကို ချုပ်ဆိုရန် အတွက် ယင်း မစ်ရှင်ခေါင်းဆောင် ကာနယ်ဖယ်ရာက မင်းတုန်းဘုရင်ထံ တင်ပြသောအခါ မင်းတုန်းဘုရင်က စာချုပ် ချုပ်ရမယ် ဆိုရင်တော့ အပြန်အလှန် အကျိုးကျေးဇူး ဖြစ်ထွန်းစေနိုင်မှ ဖြစ်တော့မပေါ့ဟု မိန့်ကြားခဲ့လေသည်။ မှန်ပါ၏။ စစ်ပြေငြိမ်းစာချုပ် ချုပ်ဆိုခြင်းကြောင့် မိမိ ဆုံးရှုံးပြီးသော နယ်ပယ်များကို ပြန်လည် ရယူနိုင်စရာ အခွင့်အရေး တစ်စုံတစ်ရာကို ဘုရင်မင်းမြတ်က မမြင်ခဲ့ချေ။

ဤတွင် ကာနယ်ဖယ်ရာက ချေးဆစ်ခဲ့သည်။ နှစ်နိုင်ငံ အကြားတွင် စာချုပ် ချုပ်ဆိုမထားပါက လက်နက် ခဲယမ်းမီးကျောက်များကို အောက် မြန်မာနိုင်ငံတွင်းမှ ဖြတ်၍ အထက်မြန်မာနိုင်ငံသို့ သယ်ယူ ပို့ဆောင်ရန် မဖြစ်နိုင်ကြောင်း တင်ပြလေသည်။ ထို့ပြင်လည်း နှစ်နိုင်ငံ ရွှေလမ်း၊ ငွေလမ်း ခင်းနိုင်ရန်အတွက် ဤစာချုပ်သည် မုချ လိုအပ်သည်ဟု ဖယ်ရာက ထောက်ပြလေသည်။ သို့သော် စာချုပ် ချုပ်ဆိုရေးကိစ္စကို မင်းတုန်းဘုရင်သည် ခါးခါးသီးသီး ငြင်းဆိုနေခဲ့တော့၏။

ဗြိတိသျှအစိုးရသည် မကြာမီပင် ကာနယ်ဖယ်ရာကို ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံတွင် ဘုရင်ခံချုပ်အဖြစ် ခန့်ထားလိုက်၏။ ၁၈၆၂ ခုနှစ်တွင် ကာနယ်ဖယ်ရာ ခေါင်းဆောင်သော နောက်ထပ် သံအဖွဲ့ တစ်ဖွဲ့သည် မင်းတုန်းမင်းဘုရင် ထံသို့ ရောက်ရှိခဲ့ပြန်သည်။ ဤတစ်ကြိမ် တွင်မူ မင်းတုန်းဘုရင်နှင့် ဖယ်ရာတို့သည် နှစ်နိုင်ငံ စီးပွားရေးစာချုပ် တစ်ရပ်ကို ချုပ်ဆိုဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤစာချုပ်အရ ဗြိတိသျှတို့က နယ်စပ်တွင် ကောက်ယူသော အကောက်အခွန်များကို တစ်နှစ်တာမျှ မကောက်ယူဘဲ နေမည်ဖြစ်သည်။ ယင်းအစီအစဉ်ကို မြန်မာတို့ဘက်မှ သဘောတူလျှင် သုံးနှစ်အတွင်း တုံ့ပြန် အကောင်အထည် ဖော်ရမည် ဖြစ်၏။ သို့သော် မြန်မာတို့က သဘောမတူသဖြင့် မြန်မာပြည်သို့ တင်သွင်းသော ကုန်ပစ္စည်းများအတွက် ဗြိတိသျှတို့က နယ်စပ်၌ အကောက်ခွန်များကို ဆက်လက် ကောက်ခံခဲ့လေသည်။

သို့သော် အထက်ပါစာချုပ်သည် အချည်းနှီးတော့ မဖြစ်သွားခဲ့ပေ။ စာချုပ်ပါ သဘောတူညီချက်အရ ဗြိတိသျှ သံအဖွဲ့ကို မြန်မာ မင်းနေပြည်တော်၌ လက်ခံထားရှိရေး အစီအစဉ်တစ်ရပ် ပေါ်ပေါက်ခဲ့လေသည်။ ယင်းအစီအစဉ်အရ ကပ္ပတိန်စလေဒင်သည် မန္တလေး ရွှေမြို့တော်သို့ လာရောက်လျက် နှစ်ပေါင်းများစွာ နေထိုင်သွားခဲ့လေသည်။

ထိုအချိန်မှစ၍ ငါးနှစ်တာ ကာလအတွင်း နှစ်နိုင်ငံ နယ်စပ်ကို ဖြတ်ကျော်၍ ကုန်သွယ်မှုလုပ်ငန်းများ တိုးချဲ့လာခဲ့သည်။ မင်းတုန်း ဘုရင်ကမူ ယင်းသို့ တိုးတက်လာသော ကုန်သွယ်မှုကို ကြည့်၍ မိမိ၏ ကိုယ်ပိုင်စီးပွား တိုးတက် ကြွယ်ဝလာသည်ဟု မှတ်ယူလေ၏။ ဘုရင်ပိုင် စီးပွားကုန်သွယ်မှု လုပ်ငန်းမှာ အမှန်ပင် ကြီးပွားလာသည်။ စပါးနှင့် ကျွန်းသစ်ကို ပြည်သူတို့ ရောင်းဝယ် ဖောက်ကားခွင့် မရှိ။ ထို့ပြင် ပတ္တမြား နှင့် ကျောက်စိမ်းတွင်းများ အပြင် ရေနံချောင်းရှိ ရေနံတွင်းများကိုလည်း ဘုရင်သည် လက်ဝါးကြီး အုပ်စီးထားပေသည်။ ရေနံမှာ ထိုအချိန်က ယနေ့ အခါကာလကဲ့သို့ အရေးပါသော ကုန်ပစ္စည်း မဟုတ်သေးသော်လည်း သူ့ဒေသအလိုက် ဈေးအဝယ်လိုက်လျက်ကား ရှိနေပေသည်။ နိုင်ငံ၏ စီးပွားကုန်သွယ်မှု တိုးတက်လာသည်ကို အခွင့်ကောင်းယူ၍ ဗြိတိသျှအစိုးရသည် ၁၈၆၂ ခုနှစ် စာချုပ်ကို နောက်ထပ် တိုးချဲ့ ချုပ်ဆိုရန် စီစဉ်လာခဲ့လေသည်။



ထိုအချိန်တွင် မန္တလေးနေပြည်တော်၌ နန်းတွင်းပုန်ကန်မှုကြီး ဖြစ်ပွားခဲ့လေသည်။ မင်းတုန်းဘုရင်၏ ညီတော် အိမ်ရှေ့စံ ကနောင်မင်းမှာ သူပုန်တို့၏ လက်ချက်ဖြင့် ကျဆုံးသွားရ၏။ သူပုန်မင်းသားများ သည် ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံသို့ ထွက်ပြေးသွားကြရာ ကာနယ် ဖယ်ရာက သူတို့ကို ဖမ်းဆီး၍ အကျယ် ချုပ်ထားခဲ့လေသည်။

သည့်နောက်ပိုင်းတွင် မင်းတုန်းဘုရင်သည် ဗြိတိသျှတို့နှင့် ပိုမို ပျော့ပျောင်းစွာ ဆက်ဆံလာသည့်အတိုင်း အိန္ဒိယအစိုးရသည် ကာနယ် ဖိုက်ချ်ကို ၁၈၆၇ ခုနှစ်တွင် မန္တလေးနေပြည်တော်သို့ စေလွှတ်ခဲ့ပြန်လေသည်။ ဖိုက်ချ်သည် ဗြိတိသျှပိုင် မြန်မာနိုင်ငံတွင် အချိန်အတော်ကြာမျှ တာဝန် ထမ်းဆောင်ခဲ့ပြီးနောက် ကာနယ်ဖယ်ရာ၏ ရာထူးကို ဆက်ခံနေသူ ဖြစ်လေသည်။

ယခု ကာနယ်ဖိုက်ချ်၏ မစ်ရှင် မန္တလေးသို့ လာရောက်ချိန်တွင် ထူးထူးခြားခြား ကြိုဆို ဧည့်ခံမှုများနှင့် ကြုံတွေ့ရသည်။ ကာနယ်ဖိုက်ချ် နှင့်အတူ သူ၏ ဇနီးလည်း လိုက်ပါခဲ့ရာ မစ်ရှင်အဖွဲ့ဝင်တို့သည် သင်္ဘော နှစ်စင်းဖြင့် ဧရာဝတီမြစ်ကို ဆန်တက်ကြလေသည်။ ဗြိတိသျှ သင်္ဘောများ သည် မြန်မာ့ပိုင်နက်သို့ ဝင်ရောက်လာသည်နှင့် မန္တလေးနေပြည်တော်မှ အကြိုတော်အဖွဲ့က ဆီး၍ ကြိုဆိုပြီး တစ်ပါတည်း ဆန်တက် လိုက်လာ ကြလေသည်။ ရွှေချထားသော စစ်သုံးလှေကလေးများသည် သင်္ဘော များ၏ နောက်မှ လိုက်ပါလာကြပြီးလျှင် သင်္ဘောများ ဝင်ရောက် ရပ်နား သော ဆိပ်ကမ်းမြို့တိုင်း၌ပင် ကြိုဆို ဧည့်ခံမှုများကို တွေ့ရလေသည်။ မြန်မာ့ရိုးရာ တီးဝိုင်းများမှ ဆူဆူညံညံ တီးမှုတ် ဧည့်ခံနေစဉ် မြန်မာ မိန်းမပျိုကလေးများသည် ဆိပ်ကမ်းတွင် ဆောက်လုပ်ထားသော ဇာတ်ခုံ ပေါ်မှနေ၍ ကပြ ဖျော်ဖြေကြသည်။

မန္တလေးရွှေမြို့တော်သို့ ဆိုက်ရောက်ကြသော အခါတွင် ကာနယ် ဖိုက်ချ်နှင့် သူ၏ အဖွဲ့ဝင်များ စီးရန် ဆင်များဖြင့် အသင့် ကြိုဆိုပြီး ဧည့်ရိပ်သာသို့ ခေါ်ဆောင်သွားကြ၏။ ကာနယ်ဖိုက်ချ်၏ ဇနီး မစ္စက်

www.burmeseclassic.com

www.burmeseclassic.com



ဖိုက်ချ်ကိုမူ မင်းတုန်းဘုရင်၏ မိဖုရားခေါင်ကြီး ပို့လွှတ်လိုက်သော ရွှေဝေါဖြင့် ကြိုဆိုလာကြလေသည်။ မင်းတုန်းဘုရင်က ဖိုက်ချ်နှင့် သူ့ဇနီးတို့အတွက် တရားဝင် အမိန့်ထုတ်ဆင့်လျက် ရွှေထီးနှစ်လက် ဆောင်းခွင့်ပြုလေသည်။ ဤကား တကယ့် မဟာအခွင့်အရေးကြီး ဖြစ်ပေသည်။ အကြောင်းမှာ နေပြည်တော် အတွင်း၌ မဟာဆီ မဟာသွေး ပါသော ဘုရင့်သားတော်၊ သမီးတော်တို့မှ တစ်ပါး မည်သူမျှ ရွှေထီးဆောင်းခွင့် မရှိ၍ ဖြစ်ပေသည်။

သို့သော် ဖိနပ်စီးခွင့် ပြဿနာနှင့် ပတ်သက်၍ကား မင်းတုန်းဘုရင်သည် သဘောထား ပြောင်းလဲခြင်း မရှိခဲ့ပေ။ ဘုရင်မင်းမြတ်၏ နန်းတော်အတွင်းသို့ ဖိနပ်စီး၍ ဝင်ရောက်ခွင့်ကို မည်သည့် သံတမန်များကိုမှ မပေးခဲ့ဘူးချေ။ သို့ဖြစ်ရကား ဘုရင်မင်းမြတ်ကို ဝင်ရောက်ဖူးမြော်လိုပါလျှင် ကာနယ်ဖိုက်ချ်သည် ဓလေ့ထုံးစံဟောင်းကို လိုက်နာကျင့်သုံးရမည်သာ ဖြစ်ပေသည်။ ကာနယ်ဖိုက်ချ်သည် မိမိ၏ လုပ်ငန်းတာဝန် ပြီးစီး အောင်မြင်ရေးကို ဦးစားပေးလိုသူ ဖြစ်ရကား ဖိနပ်ချွတ်၍ပင် ရှေ့တော်သို့ ဝင်ရောက်ခဲ့ပေသည်။

သံတော်ဆင့် လုပ်သူက ညီလာခံသို့ ဖိုက်ချ်၏ မစ်ရှင် ရောက်ရှိကြောင်း ရှေ့တော်သွင်း စာချွန်တော်ဖြင့် ရှည်လျားစွာ လျှောက်ထားပြီးသော အခါတွင် ဘုရင်မင်းမြတ်၏ ရှည်လျားလှစွာသော ဘွဲ့ဂုဏ်ပုဒ်များကို ချီးကျူး ဂုဏ်မြှ ဖတ်ကြားရပြန်လေသည်။ ထို့နောက်တွင်မှ မင်းတုန်းဘုရင်သည် ကာနယ်ဖိုက်ချ်နှင့် သူ့အဖွဲ့ဝင်များကို ရင်းနှီးကျွမ်းဝင်စွာ နှုတ်ခွန်းဆက်စကား မိန့်ကြားလေသည်။ ဘုရင်မင်းမြတ်က ဖိုက်ချ်အား မာကြောင်း သာကြောင်း မေးမြန်းပြီး တစ်ဆက်တည်းပင် အိန္ဒိယနှင့် အင်္ဂလန်နိုင်ငံရှိ အစိုးရမင်းများအကြောင်း ပဋိသန္ဓာရစကားကို ပြောဆို မေးမြန်းခဲ့၏။

ဖိုက်ချ်၏ ဇနီးသည်လည်း မင်းတုန်းမင်း၏ မိဖုရားခေါင်ကြီး ထံသို့ ဝင်ရောက် ခစားခဲ့၏။



ဖိုက်ချ်နှင့် မင်းတုန်းဘုရင်မင်းမြတ်တို့ အကြားတွင် စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ကြ၏။ နှစ်နိုင်ငံ နယ်စပ်အကောက်ခွန်များကို အနည်းငယ်မျှသာ ကောက်ခံရန်နှင့် မန္တလေးမြို့ရှိ ဗြိတိသျှသံရုံးသည် မိမိ၏ အဖွဲ့ဝင်များနှင့် ပတ်သက်သော အမှုကိစ္စအဝဝတွင် မိမိတို့ သဘောကျ တရားစီရင်နိုင်ခွင့် အာဏာ ရရှိလာသည်။

သို့သော် မင်းတုန်းဘုရင်သည် စာချုပ်ရန် ကိစ္စကို ဖိုက်ချ်နှင့် တိုက်ရိုက် ဆွေးနွေးခြင်း မပြုပေ။ သူ ဆွေးနွေး ပြောဆိုသည်မှာ ဗုဒ္ဓဘာသာအကြောင်း၊ အုပ်ချုပ်ရေး လုပ်ငန်းများတွင် တွေ့ကြုံရသော အခက်အခဲများနှင့် အမျိုးသမီးများအပေါ် မိမိ ထားရှိသော အတွေးအခေါ် သဘောတရားများသာ ဖြစ်လေသည်။ ထို့ပြင် မင်းတုန်းဘုရင်မင်းမြတ်က ဘုရင့်မိသားစုအတွင်း တွေ့ကြုံနေရသော အခက်အခဲပြဿနာနှင့် အိမ်ရှေ့စံမင်းသား လုပ်ကြံခံရပြီးသည့် အချိန်မှစ၍ မိမိ၏ နန်းမွေကို ဆက်ခံရန် ရွေးချယ် သတ်မှတ်ရေး အခက်တွေ့လာကြောင်းကို မိန့်ကြားခဲ့၏။ မြန်မာ့ ထီးနန်း ဓလေ့ထုံးတမ်းစဉ်လာ အရ ဘုရင်မင်းမြတ်သည် မိမိ၏ ထီးနန်းအမွေကို ဆက်ခံမည့် နန်းမွေခံ မင်းသားနာမည်ကို သတ်မှတ်ရွေးချယ်ပိုင်ခွင့် ရှိပေသည်။ ဤသို့ ရွေးချယ် သတ်မှတ်လျှင် မင်းသားငယ်များထဲမှ တစ်ပါးပါး၏ စိတ်ကို ကြိုတင် နှိုးဆွပေးသလို ဖြစ်သွားမည်ဟု သူ စိုးရိမ်နေလေသည်။ ထို့ကြောင့် မင်းတုန်းဘုရင်သည် အစဉ်အလာကို ပယ်ဖျက်လျက် မိမိ နတ်ရွာစံလွန်တော်မူချိန် နီးသည့်တိုင် နန်းမွေခံမင်းသား၏ နာမည်ကို ထုတ်ဖော် ရွေးချယ်ခြင်း မပြုဘဲ ထားဦးမည် စဉ်းစားမိသည်ဟု ဆို၏။

ယင်းအကြောင်းရပ်နှင့် ပတ်သက်၍ ဖိုက်ချ်က ဤသို့ မှတ်တမ်းတင်ခဲ့လေသည်။ "သူက နန်းမွေခံမင်းသားကို ကြိုတင် ရွေးချယ်သည်ဖြစ်စေ၊ မရွေးချယ်ဘဲ ထားသည်ဖြစ်စေ နတ်ရွာစံခါနီး မိမိ မကျန်းမမာဖြစ်နေသော အခါတွင် နန်းမွေ ဆက်ခံရေးအတွက် တုတ်တပြက် ဓားတပြက် ဖြစ်နေကြမည်ကို ဘုရင်မင်းမြတ်က ကြိုတင် စိုးရိမ်နေလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ယင်းသို့သော အခြေအနေတွင် အင်္ဂလိပ်အစိုးရက ဝင်ရောက်ပတ်သက်လာမည်လား၊ သို့မဟုတ် ကင်းကင်းရှင်းရှင်း နေပါ့မလား ဆိုသည်များကို ဘုရင်မင်းမြတ်က သောက ရောက်နေပေသည်" စသည်ဖြင့် ၁၈၇၈ ခုနှစ်က ထုတ်ဝေသော 'မြန်မာပြည်၏ အတိတ်နှင့် အနာဂတ်' အမည်ရှိ စာအုပ်၌ ဖော်ပြခဲ့၏။

ဤအချက်သည်ပင် မင်းတုန်းဘုရင်သည် မိမိ နတ်ရွာစံပြီးသည့်နောက်၌ တွေ့ကြုံလာရမည့် ကံကြမ္မာကို တင်ကြို နိမိတ်ဖတ်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

ထိုစဉ်က ဗိုလ်မှူးကြီးဖိုက်ချ် အဖြစ်မှ နောင်တွင် ဗိုလ်ချုပ်ကြီး ဖိုက်ချ် ဖြစ်လာသော၊ စာရေးဆရာ ဖိုက်ချ်သည် မင်းတုန်းဘုရင်၏ စိတ်နေသဘောထားကို ဤသို့ ဖော်ပြလေသည်။

"မြန်မာ့ထီးနန်းဝယ် စံမြန်းခဲ့သမျှ ဘုရင် အပေါင်းတို့တွင် အထင်ရှားဆုံး မင်းတစ်ပါး ဖြစ်သည်မှာ ယုံမှား သံသယရှိရန် မလိုပေ။ နိုင်ငံရေးရာ ကိစ္စအဝဝနှင့် ပတ်သက်၍ စဉ်းစားဆင်ခြင်ဉာဏ်နှင့် ပြည့်ဝပြီး မိမိနိုင်ငံနှင့် အခြား နိုင်ငံအသီးသီးတို့၏ အခြေအနေကို ကြိုတင်တွက်ဆ နှိုင်းချိန်နိုင်သူ ဖြစ်သည်။ နှစ်လို ချစ်ခင်ဖွယ်ရာ အမူအကျင့်ရှိပြီး သူ ယုံကြည် ကိုးကွယ်သော ဘာသာတရား၏ အဆုံးအမအတိုင်း ကြင်နာတရား ပြည့်ဝသူလည်း ဖြစ်ပေသည်။"

ကာနယ်ဖိုက်ချ် ရန်ကုန်သို့ ပြန်ရောက်ခဲ့ပြီးသည့် နောက်တွင် မြန်မာဘုရင်နှင့် ဆက်ဆံရေး အခြေအနေများ ပိုမို အဆင်ပြေလာသည်ကို တွေ့ရပေသည်။ အသက်အရွယ် ကြီးရင့် အိုမင်းလာသည်နှင့်အမျှ မင်းတုန်းဘုရင်သည် ချမ်းသာ ကြွယ်ဝရေးကို ပိုမို၍ အားထုတ်လာသည်။ အင်္ဂလန်နှင့် ဆက်ဆံနေသည်ထက် တစ်ဆင့် တိုးပြီး ဥရောပတိုက် နိုင်ငံအသီးသီးနှင့် မိတ်ဆွေအဖြစ် ဆက်ဆံနိုင်ရေးကို မျှော်ကြည့်လာလေသည်။



ထိုအခါတွင် ပြင်သစ်ကို သူ ပထမဦးစားပေး ရွေးချယ်လေသည်။ အကြောင်းမှာ တုံကင်နှင့် အင်ဒိုချိုင်းနားတို့သည် မြန်မာနိုင်ငံ၏ အရှေ့ဘက် နယ်စပ်ဒေသတွင် တည်ရှိနေကြ၍ ဖြစ်ပေသည်။ အင်္ဂလန်၏ ဆန့်ကျင်ဘက် ပြင်သစ်နှင့် ဆက်ဆံရလျှင် မိမိအဖို့ အမြတ်ချည်းသာဟု မင်းတုန်းမင်းက စိတ်တွက်ဖြင့် တွက်ကြည့်လေသည်။

ထို့ကြောင့်ပင် မင်းတုန်းဘုရင်သည် ၁၈၇၂ ခုနှစ်တွင် ကင်းဝန်မင်းကြီး ခေါင်းဆောင်သော သံအဖွဲ့ တစ်ဖွဲ့ကို ဥရောပတိုက်သို့ စေလွှတ်လိုက်လေသည်။ ကင်းဝန်မင်းကြီးကား ထင်ရှား ကျော်ကြားသူ တစ်ဦးဖြစ်ပြီး ဥရောပတိုက်၏ လက်နက်အင်အားကို အမှန်အတိုင်း သိရှိထားသော ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်ခဲ့၏။

ဤသံအဖွဲ့တွင် ဖန်ချက်ဝန်လည်း ပါသွားခဲ့၏။ သူကား ပြင်သစ်နိုင်ငံနှင့် ပြင်သစ် ပြည်သူတို့ကို ရင်းနှီး ကျွမ်းဝင်ပြီးသူ ဖြစ်သည်။ မြန်မာသံအဖွဲ့သည် ပထမတွင် အီတလီနှင့် ပြင်သစ်နိုင်ငံသို့ သွားရောက်ကြရာ အစစအရာရာ ချောမော ပြေပြစ်ခဲ့သည်။ ထို့နောက် အင်္ဂလန်နိုင်ငံသို့ ဝင်ရောက်ခဲ့ရာ ကင်းဝန်မင်းကြီးကို ဗြိတိသျှဘုရင်မကြီး ဗိတိုရိယ ကိုယ်တိုင် လက်ခံ တွေ့ဆုံလေသည်။ အခြေအနေ အရပ်ရပ်မှာ ပြောင်းလဲသွားခဲ့လေပြီ။ ပြင်သစ်နှင့် မြန်မာနိုင်ငံ ဆက်ဆံရေး တိုးတက်နေပြီကို သိရှိထားသော ဗြိတိသျှတို့သည် မြန်မာသံအဖွဲ့ ခေါင်းဆောင် ကင်းဝန်မင်းကြီးနှင့် သူ့အဖွဲ့ကို ကောင်းစွာ ကြိုဆို ဧည့်ခံခဲ့လေသည်။

သို့သော် ပြင်သစ်-မြန်မာ စာချုပ် ချုပ်ဆိုရာတွင် အင်္ဂလန်သည် ချည်သို့မျှ ဟန့်တားနိုင်ခြင်း မရှိခဲ့ပေ။ ထို့နောက်တွင် မြန်မာအဖွဲ့သည် ပြင်သစ်နိုင်ငံသို့ တစ်ခေါက် ပြန်သွားပြီး စီးပွားရေးစာချုပ် တစ်ရပ် ချုပ်ဆိုခဲ့၏။ အဆိုပါ စာချုပ်အရ မြန်မာနိုင်ငံအတွင်းရှိ တွင်းထွက် ဓာတ်သတ္တုနှင့် ကျောက်သံပတ္တမြားများကို ပြင်သစ်နိုင်ငံက တူးဖော်ခွင့် ရရှိမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဤသို့ စာချုပ် ချုပ်ဆိုခြင်းကို မင်းတုန်းဘုရင် သဘောတူခြင်း မရှိပေ။ ကင်းဝန်မင်းကြီးသည် ဤစာချုပ်ကို မိမိ သဘောအတိုင်း ချုပ်ဆိုနိုင်ခွင့် မရှိဟု မင်းတုန်းဘုရင်က ပြောဆို အပြစ်တင်လေသည်။ ကမ္ဘာပေါ်တွင် တန်ဖိုး အကြီးမားဆုံး ဖြစ်သော ကျောက်မျက်ရတနာများကို နိုင်ငံခြားသားများ တူးဖော်ယူခွင့် ပြုရန်ဆိုသည်မှာ စိတ်ကူးထဲပင် ထည့်ကြည့်ရန် မဖြစ်နိုင်ချေ။

ထိုအချိန်တွင် မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်မှာ တိုး၍ ဆိုးဝါးလာလေသည်။ ၁၈၅၇ ခုနှစ်တွင် ဗြိတိသျှ ကိုယ်စားလှယ် ဆာဒေါက်ဂလပ်ဖိုစ်သည် မန္တလေးနေပြည်တော်သို့ ရောက်ရှိခဲ့ရာ ဘာမျှ အလုပ်မဖြစ်ခဲ့။ မင်းတုန်းဘုရင်လည်း ဇရာထောင်း၍ သေဘက် နီးပြီ။ သူ နတ်ရွာစံလေသော် ပြဿနာအရပ်ရပ်ကို သူ့နောက်လူများအတွက် ထားရစ်ခဲ့မည်မှာ သေချာသလောက် ရှိနေချိန် ဖြစ်၏။ နေပြည်တော်တွင် ဘာမျှ အလုပ်မဖြစ်ခဲ့သော ဆာဒေါက်ဂလပ်ဖိုစ်သည် ပြဿနာတစ်ရပ်ကိုတော့ ပြုစုပျိုးထောင် ဖော်ထုတ်ခဲ့လေသည်။ သူက အိန္ဒိယအစိုးရထံ အစီရင်ခံစာ တင်သွင်းရာတွင် ဘုရင့် ရှေ့တော်သို့ ဝင်သောအခါ မိမိ ဂုဏ်သိက္ခာကို ထိပါးခံရလျက် မိမိ ရှူးဖိနပ်ကို ချွတ်၍ ဝင်ခဲ့ရပါသည်ဟု နတ်သံနှော၍ အစီရင်ခံတော့သည်။

ဤတွင် အိန္ဒိယအစိုးရက မြန်မာနိုင်ငံအစိုးရထံသို့ စာတစ်စောင်ကို ချက်ချင်း တင်ပို့လိုက်၏။ နောင်အခါတွင် ဘုရင့် ရှေ့တော်သို့ ဝင်သော မည်သည့် ဗြိတိသျှသံအဖွဲ့ဝင်မျှ ဖိနပ် ချွတ်လိမ့်မည် မဟုတ်ဟူသော ရာဇသံပင်တည်း။

ဤရာဇသံ၏ အကြောင်းခြင်းရာကို မန္တလေးရှိ ဗြိတိသျှ သံအမတ်သို့လည်း ပေးပို့ အကြောင်းကြားလိုက်၏။ ဘုရင့် နန်းတော်သို့ ဝင်သော အခါတွင် ဖိနပ်ချွတ်ရန် မလိုပြီ။

မန္တလေးရှိ ဗြိတိသျှသံအမတ်က မိမိအစိုးရ၏ ညွှန်ကြားချက်ကို တစ်သဝေမတိမ်း လိုက်နာ၏။ သို့ဖြစ်သောကြောင့် သူသည် မင်းတုန်းဘုရင်၏ ညီလာခံသို့ ဘယ်တော့မျှ တက်ရောက်ခွင့် မရတော့ချေ။



မင်းတုန်းဘုရင်၏ နန်းစံသက်တမ်းတွင် သူ၏ ဂုဏ်သိက္ခာကို ထိပါး စော်ကားမှုများ လုံးဝမရှိခဲ့။ ထို့ပြင် သူ့နိုင်ငံတော်သည် ပြည်ပ ကျူးကျော် စော်ကားမှုများ လုံးဝ ကင်းရှင်းမြဲ ဖြစ်ခဲ့၏။

သို့ဖြစ်ပါလျက် ယခုမှ သူတို့ကို ဘာကြောင့် ဖိနပ်စီးပြီး နန်းတော်သို့ ဝင်ခွင့်ပေးရမည်နည်း။

ဖိနပ်ပြဿနာမှာ ဤမျှနှင့်ပင် နိဂုံးချုပ် အဆုံးသတ်ခဲ့သည်။ အကြောင်းမှာ မြန်မာ့ ဘုရင့်နန်းတော်သို့ နောက်တစ်ကြိမ် အင်္ဂလိပ်နိုင်ငံအစိုးရ၏ ကိုယ်စားလှယ်တော်ကြီး ဝင်ရောက်လာသော အခါတွင် အောင်နိုင်သော ကျူးကျော်သူအဖြစ် ဝင်ရောက်လာခဲ့၍ ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# နန်းတွင်း ပုန်ကန်မှု

မင်းတုန်းဘုရင်သည် မြန်မာနိုင်ငံတော် အတွင်း၌ ဗုဒ္ဓတရားတော်များ စည်ပင် ပြန့်ပွားရေးအတွက် အတတ်နိုင်ဆုံး ကြိုးပမ်း အားထုတ်တော်မူခဲ့သည်။ ၁၈၇၁ ခုနှစ်တွင် မင်းတုန်းဘုရင်သည် သံဃာတော် ၂၄၀၀ ပါဝင်သော ပဥ္စမ သင်္ဂါယနာတင် အခမ်းအနားကို မိမိ၏ နန်းတော်တွင်း၌ ကျင်းပခဲ့လေသည်။ ဤသင်္ဂါယနာတင်ပွဲ သဘင်သို့ မြန်မာနိုင်ငံ အရပ်ရပ်မှ ဆရာတော်၊ သံဃာတော်များ တက်ရောက် ချီးမြှင့်ခဲ့ကြ၏။ ပဥ္စမသင်္ဂါယနာ သဘင်တွင် ဆရာတော်ကြီးများသည် ဗုဒ္ဓတရားတော်များ၏ ကွဲလွဲ ခြားနားမှုများကို ငြင်းခုံ ညှိနှိုင်း ဆွေးနွေးကြလျက် စစ်မှန်သော တရားဓမ္မများ တည်တံ့စေရန် ကြိုးပမ်း အားထုတ်ကြပေသည်။

လအတော်ကြာ ဆွေးနွေး ညှိနှိုင်းပြီးကြသော အခါတွင် ပဥ္စမ သင်္ဂါယနာတင်မှုကို အားလုံး သဘောတူ အတည်ပြုပြီး ကျောက်ထက် အက္ခရာ တင်ကြလေသည်။

ထိုသို့အတည်ပြုပြီးသော ဗုဒ္ဓ၏ အဆုံးအမ တရားတော်ကို အပေါင်းများစွာသော ကျောက်ပြားများပေါ်တွင် ထွင်းထုလျက် နန်းတော်အနီးတွင် မင်းတုန်းဘုရင် အသစ်တည်ထား ကိုးကွယ်သော ကုသိုလ်တော် စေတီဝင်း အတွင်း၌ စိုက်ထူထားခဲ့လေသည်။ ဤသို့

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ခြင်းဖြင့် ရှေးယခင်က ပေထက်အက္ခရာ တင်ခဲ့သည်ထက် ယခု ကျောက်ထက်အက္ခရာ တင်ခြင်းက ပို၍ တည်မြဲစေမည်ဟု ဘုရင်က မျှော်လင့်ခဲ့လေသည်။ ထို့ပြင်လည်း မင်းတုန်းဘုရင်ကိုယ်တိုင် အနေဖြင့် ဘွဲ့ထူး ဂုဏ်ထူးသစ် ရခဲ့၏။ 'ပဉ္စမသင်္ဂါယနာတင် ဘဝရှင် မင်းတုန်း မင်းတရားကြီး' ဟူသော ဘွဲ့ဖြစ်သည်။ စတုတ္ထသင်္ဂါယနာတင်မှာ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ခန့်က သီဟိုဠ်နိုင်ငံတွင် ကျင်းပခဲ့လေသည်။

မင်းတုန်းဘုရင်သည် ရွှေတိဂုံ စေတီတော်မြတ်ကိုလည်း ထီးတော်သစ် တင်လှူရန် ဆန္ဒဖြင့် ပြင်ဆင်မှုများ ပြုလုပ်ခဲ့၏။ ထီးတော်မှာ လက်မှုပညာသည် အကျော်အမော်တို့၏ လုပ်အားကို အရင်းပြု၍ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့ဖြင့် မွမ်းမံခဲ့သော ထီးတော်မြတ် ဖြစ်၍ အင်္ဂလိပ်ငွေ စတာလင်ပေါင် ငါးသောင်းမျှ တန်ဖိုးရှိသည်။ မင်းတုန်းဘုရင်သည် ထီးတော်ကို ဧရာဝတီမြစ်ကမ်းတစ်လျှောက် ရန်ကုန် အထိ ပင့်ဆောင်ရန်နှင့် ထီးတော်နှင့် အတူ မြန်မာတပ်သားများ စောင့်ရှောက် လိုက်ပါစေရန် အကြံရ၏။

ဆရာတော် သံဃာတော်မြတ်များနှင့် ဘုရင့် တပ်မတော်သားများက ထီးတော်ကို လိုက်ပါ စောင့်ရှောက်၍ ရန်ကုန် အထိ ပို့ဆောင်မည် ဖြစ်၏။ သို့သော် မြန်မာဘုရင်၏ အကြံအစည်ကို ဗြိတိသျှအစိုးရက ကန့်ကွက်လေသည်။ ထိုသို့ ပြုလုပ်ခွင့်ပြုခြင်းဖြင့် မြန်မာဘုရင်အတွက် အကွက်ကောင်း ရသွားမည်ကို စိုးရိမ်၏။ ထိုသို့ ခွင့်ပြုခြင်းဖြင့် မြန်မာတွေကို အလျှော့ပေးရာ ရောက်သွားပြီး ယင်းအပေါ်မှ မင်းတုန်းဘုရင်က အမြတ်ထုတ်လာမည်ကို အင်္ဂလိပ်အစိုးရက မလိုလားပေ။

ဤသို့ဖြင့် ယင်းကိစ္စကို သံတမန်အချင်းချင်း အပြေအလည် ညှိနှိုင်းလိုက်ကြပြီးလျှင် ၁၈၇၁ ခုနှစ်တွင် ဘုရင် လှူဒါန်းသော ရွှေတိဂုံ ထီးတော်ကို မန္တလေးမှ ရန်ကုန်သို့ ပင့်ဆောင်ခဲ့လေသည်။ ဘုရင့်



တပ်မတော်သားများသည် ထီးတော်ကို မြန်မာပိုင် နယ်စပ်အထိသာ လိုက်ပါ ပို့ဆောင်ခွင့် ရကြ၏။

ထို့နောက်တွင် မင်းတုန်းဘုရင်သည် ကမ္ဘာပေါ်၌ အကြီးဆုံး စေတီတော်ကြီး တစ်ဆူ တည်ထား ကိုးကွယ်ရန် စိတ်အကြံ ဖြစ်ပေါ်ခဲ့လေသည်။ ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသော ဗုဒ္ဓဘုရားရှင်အား ရည်စူးလျက် မိမိ ယုံကြည် ကိုးကွယ်သော ဗုဒ္ဓဘာသာ၏ စည်ပင် တိုးပွားရာ တိုးပွားကြောင်းအတွက် စေတီတော်ကြီး တည်ထားမည်ဟု အကြံရသည်။

မင်းတုန်းဘုရင်၏ ဘေးလောင်းတော် ဘိုးတော်ဘုရားမင်းသည် ဧရာဝတီမြစ်ကမ်းတွင် မင်းကွန်းစေတီကြီး တည်ထား ကိုးကွယ်ခဲ့ရာ စေတီကြီးကို အပြီးသတ် မတည်ထားနိုင်ခဲ့ပေ။ စေတီပျက်ကြီးမှာ သူ့ခေတ်အထိ ယခင်အတိုင်း ရှိနေခဲ့၏။

သို့သော် ဘိုးတော်ဘုရား၏ စေတီ မပြီးမစီး ဖြစ်နေခဲ့ခြင်းသည် မင်းတုန်းဘုရင်၏ ဘုရား တည်ထား ကိုးကွယ်လိုစိတ်ကို မတားဆီးနိုင်ချေ။

မင်းတုန်းဘုရင်သည် ညီလာခံခန်းမှ နေ၍ လယ်ကွင်းများကို ဖြတ်သန်းလျက် နေပြည်တော်၏ အရှေ့ဘက်ရှိ ရှမ်းရိုးမတောင်တန်းများဆီသို့ မျှော်ကြည့်လေသည်။ စိမ်းလန်းစိုပြည်သော တောအုပ်နှင့် တောင်စွန်းကို မေးတင်ထားသော နေရာတွင် ဘုရင်မင်းမြတ်သည် စေတီတော်မြတ်ကို တည်ထား ကိုးကွယ်မည် ဖြစ်သည်။ စေတီတော်မြတ်မှ တပြောင်ပြောင် တဝင်းဝင်းနှင့် သပ္ပာယ်လှသော ရွှေအဆင်းသည် ခရမ်းရောင် တောင်တန်းနှင့် ပန်ရလှပေတော့မည်။

သို့ဖြင့် နိုင်ငံတော်အတွင်းရှိ လှည်းနေ လှေအောင်း မြင်းဖောင်းတကျန် ဒေသခရိုင် အသီးသီးသို့ အမိန့်အမှာတော်များ စေပို့လိုက်၏။

စေတီတော်အတွက် လိုသမျှကို ထုတ်ပေး အပ်နှင်းစေ၏။

ရွှေစေတီတော်မြတ်ကို တည်ထား ကိုးကွယ်တော့မည်ဟု ကြေညာ ထုတ်ဆင့်လိုက်သည်နှင့် တစ်ပြိုင်နက် မြို့နယ် ကျေးရွာ အသီးသီးမှ

www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ရေး လုပ်အားပေးမည့် ပြည်သူတို့သည် တစ်ခဲနက် စုရုံးရောက်ရှိလာခဲ့လေသည်။ သူတို့ကား မင်းတုန်းဘုရင်အတွက် လည်းကောင်း၊ ဗုဒ္ဓ ဘုရားစေတီမြတ်အတွက် လည်းကောင်း လုပ်အားပေးလှူရန် အသင့် ရှိနေသူများတည်း။

စေတီ တည်ထားရန် ကျောက်လိုသည်၊ ကျောက်မိုင်းမှာ စေတီတည်မည့် ဒေသနှင့် မနီးလှပေ။ သို့သော် ကိစ္စမရှိ။ တူးမြောင်းများကို အဆောတလျင် တူး၍ လှေဖောင်များဖြင့် ကျောက်များကို သယ်ယူလေသည်။ ဤသို့ဖြင့် ထောင်ပေါင်းများစွာသော လုပ်သားတို့သည် စေတီတော်ကြီး တည်ဆောက်ရာတွင် ပင်ပန်းကြီးစွာဖြင့် ပါဝင် ဆောင်ရွက်ကြလေသည်။ သို့သော် ဤမျှ လုပ်သားများ တပ်ချီလျက် အလုပ် လုပ်နေကြသည်ကိုပင် ဘုရင်မင်းမြတ်သည် ကျေနပ်အားရတော်မူခြင်း မရှိပေ။ မင်းတုန်းဘုရင်၏ စိတ်အထင်၌ လုပ်ငန်းတိုးတက်မှု နှေးကွေးသည်။ မြစ်ကမ်းနဖူးပေါ်မှ စေတီတော်မြတ်၏ အရိပ်အယောင်မှာ အလွန် သေးငယ်လှသေးသည်ဟု မြင်လေသည်။ မင်းတုန်းဘုရင်က ပြင်သစ် အင်ဂျင်နီယာအား မိမိ၏ ရှေ့တော်သို့ ခေါ်ယူလိုက်၏။ ထို့နောက် စေတီ တည်ဆောက်ရေးလုပ်ငန်းမှာ ဘာမျှ မပြီးစီးသေးကြောင်း ထောက်ပြသည်။ စေတီတော်ကြီး တည်ဆောက် ပြီးစီးရန် နောက်ထပ် ရက်ပေါင်း မည်မျှ ကြာဦးမည်နည်း။ စေတီ တည်ဆောက်ရေး လုပ်ငန်းကို အမြန်ဆုံး ပြီးစီးစေရမည်ဟု ဘုရင်မင်းမြတ်က မိန့်ကြားတော်သည်။

ပြင်သစ် အင်ဂျင်နီယာ အနေဖြင့် ဆင်ခြေတက်ရန် အကြောင်း မရှိချေ။ ထို့ကြောင့် သူ၏ လျှောက်တင်ချက်မှာ မချောမောလှပေ။ သူက "တစ်နေ့ကို လူငါးထောင်ဖြင့် အလုပ် လုပ်သွားလျှင် နှစ်ပေါင်း ၈၀ အကြာတွင် ပြီးစီး အောင်မြင်ပါလိမ့်မည်" ဟု တင်လျှောက်လေသည်။

မင်းတုန်းဘုရင်ကား ရာဇမာန်ရှတော့သည်။ နိုင်ငံခြားသား အင်ဂျင်နီယာသည် မိမိကို သရော်လှောင်ပြောင် နေလေပြီ။ ပြင်သစ် အင်ဂျင်နီယာကား ကွပ်မျက်ခံရမည့်ဘေးနှင့် ရင်ဆိုင်နေရလေပြီ။



သို့သော် လုပ်ငန်းများ ဆက်လက် အကောင်အထည် ဖော်ခဲ့၏။ စေတီ တည်ဆောက်၍ လေးနှစ်မျှ ကြာသောအခါတွင် စေတီတော်သည် မြေကြီးမှ လေးပေမျှသာ မြင့်တက်လာနိုင်သေးသည်။ ထို့နောက် မင်းတုန်းမင်း နတ်ရွာစံခဲ့ရာ စေတီတော် တည်ဆောက်ရေး လုပ်ငန်းများမှာ ချက်ချင်း ရပ်ဆိုင်းသွားခဲ့လေသည်။ ကမ္ဘာ့အကြီးဆုံး စေတီတော်မြတ်ကို တည်ထားခဲ့သော ထိုနေရာတွင် ကျောက်တုံးကျောက်ခဲများ အကြား၌ ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ပြန့်ကြဲ ဖုံးလွှမ်းနေပြီကို တွေ့ကြရမည် ဖြစ်လေသည်။

မင်းတုန်း ဘုရင်မင်းမြတ်သည် မန္တလေးတောင်ခြေတွင် ရွှေကျောင်းတော်ကြီးကိုလည်း ဆောက်လုပ် လှူဒါန်းခဲ့၏။ ယင်းကျောင်းတော်ကြီးကား မြန်မာရိုးရာ ပန်းပုပညာကို အစွမ်းကုန် ထုတ်ပြထားသော အနုပညာလက်ရာ စစ်စစ် ဖြစ်လေသည်။ ယင်းကို ရွှေပိန်းချအနုပညာနှင့် ယွန်းအနုပညာတို့ဖြင့် မွမ်းမံထားသည်။ အခြား ထင်ရှားသော ဘုရင့်ကောင်းမှုတော်မှာ အတုမရှိ စေတီတော်ပင် ဖြစ်၏။ စေတီတော် ဖြူဖွေးဖွေးသည် ကောင်းကင်အမြင့်တွင် နေရောင်ခြည်ဖြင့် ပန်းရလှပေသည်။ စေတီ၏ ထီးတော်တွင် တန်ဖိုးကြီးလှသော စိန်ဖူးတော်ကို တင်လှူထားလေ၏။ အတုမရှိ စေတီတော်ကို မင်းတုန်းဘုရင် နတ်ရွာမစံမီ တစ်နှစ်၊ နှစ်နှစ်ခန့်အတွင်း ပြီးစီးအောင် တည်ထားနိုင်ခဲ့သည်။

မင်းတုန်းဘုရင်သည် နန်းစွန့်လုနီးနီး အခြေသို့ ရောက်ခဲ့သော နန်းတွင်းပုန်ကန်မှုကြီးကို ရင်ဆိုင်ခဲ့ရ၏။ သူသည် မန္တလေးတောင်ခြေတွင် မဟာလောကမာရဇိန်ဘုရား တည်ထား ကိုးကွယ်ရန် စီစဉ်သည်။ ထိုဘုရားမှာ ကြီးမားသော ကျောက်သားဖြင့် ထုလုပ်သည့် ဗုဒ္ဓရုပ်ပွားတော်ကြီး ဖြစ်၏။ ယင်းရုပ်ပွားတော်ကြီးကို တည်ဆောက်ရန် ကျောက်တုံးကြီးကို မြစ်ရိုးအတိုင်း ခက်ခဲစွာ သယ်ယူလာရပြီးလျှင် ယင်းလုပ်ငန်းအတွက် လူပေါင်း တစ်သောင်းကို အသုံးပြုခဲ့သည်။ ဆိပ်ကမ်းမှ သယ်ယူသော ခရီးမှာပင် ၁၃ ရက်မျှ ကြာရှိခဲ့သည်ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ပန်းပု အကျော်အမော်များက ရုပ်ပွားတော်ကြီးကို ထုလုပ်နေစဉ်တွင် ဘုရင်မင်းမြတ်သည် မကြာခဏ သွားရောက်၍ ကြည့်ရှုခဲ့သည်။ ရုပ်ပွားတော်ကြီး ပြီးစီးသွားသောအခါ အထိမ်းအမှတ် ပွဲသဘင် တစ်ရပ်ကို ကြီးကျယ် ခမ်းနားစွာ ကျင်းပ ပြုလုပ်ခဲ့၏။ ထိုပွဲသဘင်ကြီးတွင် မင်းတုန်းဘုရင်မင်းမြတ်သည် ယာယီစံနန်းတော် တည်ဆောက်၍ သွားရောက် စံမြန်းခဲ့သည်။ ထိုနှစ်မှာ ၁၈၆၅ ခုနှစ် ဖြစ်၏။ နောက်နှစ်တွင်လည်း ဘုရားပွဲတော် ကျင်းပပြန်ရာ မင်းတုန်းမင်းသည် ယာယီစံနန်းတော်၌ သွားရောက် စံမြန်း နေထိုင်ပြန်လေ၏။

ထိုသို့ ယာယီစံနန်းတော်သို့ မင်းတုန်းဘုရင် သွားရောက် စံမြန်းစဉ် နန်းတော်ကြီးတွင် မင်းတုန်းဘုရင်မင်းမြတ်၏ သစ္စာရှိ ညီတော် အိမ်ရှေ့စံ ကနောင်မင်းကို လုံးဝ လွှဲအပ်ထားခဲ့၏။ အိမ်ရှေ့မင်းကား မင်းတုန်းဘုရင်မင်းမြတ်ကို နန်းတင်ခဲ့သော ညီတော် ဖြစ်ပြီးလျှင် မင်းတုန်းမင်း ကံတော်ကုန်လျှင် ထီးမွေကို ခံယူရန်အတွက် လူသိရှင်ကြား ကြေညာပြီး ဖြစ်ပေသည်။

ဤတွင် ဘုရင်မင်းမြတ် အနေဖြင့် သူ့သားတော်များအား ထီးမွေ နန်းမွေ မပေးနိုင်တော့ဘဲ ရှိရာ အိမ်ရှေ့မင်းနှင့် မင်းတုန်းဘုရင်၏ သားတော်များ အကြားတွင် ရန်ငြိုးထားမှုများ ဖြစ်ပေါ်လာခဲ့လေတော့သည်။

၁၈၆၆ ခုနှစ်တွင် ပြဿနာသည် ပေါက်ကွဲထွက်လာလေသည်။ တောင်ရွှေရေး မိဖုရား၏ သားတော်များ ဖြစ်ကြသော မြင်ကွန်းနှင့် မြင်းခုန်တိုင် မင်းသားတို့သည် မိမိတို့ နန်းရရေးတွင် အတားအဆီး ဖြစ်နေသော အိမ်ရှေ့မင်းကို ဖယ်ရှားရန် ဆုံးဖြတ်လိုက်ကြလေသည်။

၁၈၆၆ ခု၊ ဇွန်လ ၁၈ ရက်နေ့။

ထိုနေ့နံနက်တွင် ပုန်ကန်မှု အစီအစဉ်များမှာ အိမ်ရှေ့မင်း နားသို့ ပေါက်ကြားသွားလေသည်။ သူသည် ချက်ချင်းပင် ဝန်ကြီးများကို ဆင့်ခေါ်၍ နန်းတော်တွင်း၌ ညီလာခံတစ်ရပ် ကျင်းပလေ၏။ ထိုသို့



အစည်းအဝေး ကျင်းပနေစဉ် မြို့တော်တစ်နေရာ၌ မီးတောက်မီးလျှံများ ကောင်းကင်သို့ လွင့်တက်လာခဲ့သည်။ ယင်းကား ပုန်ကန် ထကြွရန် အတွက် လျှို့ဝှက် အချက်ပြလိုက်ခြင်း ဖြစ်တော့၏။

သူပုန်မင်းသားများသည် နောက်လိုက် နောက်ပါများနှင့် အတူ နန်းတော်တွင်းသို့ ပြေးဝင်လာကြလေ၏။ အိမ်ရှေ့စံ ကနောင်မင်းသားမှာ မြင်းခုန်တိုင်မင်းသား၏ လုပ်ကြံမှုကြောင့် နေရာတွင် ကျဆုံးသွားရ၏။ အိမ်ရှေ့မင်းသား၏ ခေါင်းကို မင်းသားက ဖြတ်ယူလိုက်ပြီးလျှင် ခေါင်းပြတ်ကို လက်ဖြင့် ဆုပ်ကိုင် မြှောက်ပင့်လျက် မြင်းခုန်တိုင်မင်းသားသည် "အောင်ပြီ. . . အောင်ပြီ" ဟု ကြွေးကြော်လိုက်လေသည်။

နန်းတော်တွင်းသို့ ရောက်နေခဲ့သော ဝန်ကြီးအချို့နှင့် အခြား မင်းသား သုံးပါးတို့လည်း အသတ်ခံကြရသည်။

အကြံအောင်သဖြင့် စိတ်တက်ကြွနေကြသော သူပုန်မင်းသားတို့သည် ဘုရင်မင်းမြတ်ကို လုပ်ကြံရန်အတွက် ယာယီစံနန်း ဆီသို့ ဦးတည်၍ ထွက်သွားကြသည်။ သို့သော် ယာယီစံနန်း၏ အပြင်ဘက်တွင် မင်းတုန်းမင်း သစ္စာခံတပ်သားများ၏ ခုခံ တိုက်ခိုက်ခြင်းကို သူပုန်တပ်သားတို့ ရင်ဆိုင်ရလေသည်။ ထို သစ္စာခံတပ်သားတို့ကို ဦးစီးလျက် တိုက်ခိုက်သူမှာ ကင်းဝန်မင်းကြီး ဖြစ်လေသည်။

ယာယီစံနန်း၏ အပြင်မှ တိုက်ပွဲသည် မင်းတုန်းဘုရင်အား ရှောင်ထွက်သွားနိုင်ရန် အချိန် ရသွားလေသည်။ ထို့ကြောင့် မင်းတုန်း ဘုရင်သည် နောက်ပါ အနည်းငယ်ကို ခေါ်ယူလျက် နန်းတော်ကြီး ဆီသို့ ရှောင်ထွက်လာခဲ့၏။ နန်းမြို့တံခါးဝတွင် စောင့်ကြပ်ရန် သူပုန်တပ်သား တစ်ဦးကို မြင်ကွန်းမင်းသားက ထားခဲ့သည်။ ထိုတပ်သားသည် မင်းတုန်း ဘုရင် ရောက်လာလျှင် လုပ်ကြံ သတ်ဖြတ်ရမည် ဖြစ်ပေသည်။

သူပုန်တပ်သားသည် ဓားမြှောင်တစ်ချောင်းကို ပုဆိုးခြုံထဲ၌ ဝှက်လျက် ထိုနေရာမှနေ၍ စောင့်နေဆဲ မင်းတုန်းဘုရင် ရောက်ရှိလာသည်။ မင်းတုန်းဘုရင်က သူပုန်တပ်သားအား ခေါ်ယူလိုက်ပြီး မိမိ

www.burmeseclassic.com

www.burmeseclassic.com



ကို ကျောကုန်းဖြင့် ပိုး၍ နန်းမြို့အတိုင်း လိုက်ပို့ရန် အမိန့်ပေးလေတော့သည်။

သူပုန်တပ်သားသည် ရုတ်တရက် မင်းသက်မိသွားပြီးလျှင် မင်းတုန်းဘုရင်၏ အမိန့်ကို မလွန်ဆန်ဝံ့တော့ဘဲ ရှိနေလေသည်။ သူ၏ ကျောကုန်းပေါ်တွင် မင်းတုန်းဘုရင်ကို ပိုးလျက် နန်းမြို့အတွင်းသို့ ရောက်အောင် ပို့ပေးလိုက်ရတော့သည်။

သူတို့သည် နန်းမြို့တွင်းသို့ ဝင်လာကြစဉ် သစ်တပ်အတွင်း ရောက်သောအခါ မင်းတုန်းမင်းသည် သူပုန်တပ်သားများ၏ ကျောပေါ်မှ ဆင်းလိုက်၏။ ဤတွင် သူပုန်တပ်သား၏ ခါးပုံစထဲမှ ဓားသည် အပြင်သို့ လျှောဆင်း ထွက်ကျသွားတော့သည်။ ဓားထွက်ကျလာသည်ကို မြင်သော် ရုတ်တရက် အံ့အားသင့်သွားကြလေ၏။ လက်နက်ကိုင် လူတစ်ယောက် နန်းတော်တွင်း ရောက်ရှိနေပါလား။ သူကား သူပုန်တပ်သားတစ်ဦး ဖြစ်သည်မှာ မလွဲပြီ။

ထိုတစ်ခဏအတွင်း ဖျတ်ဖျတ်လတ်လတ်ရှိသော ဘုရင့် နောက်လိုက် တစ်ဦးသည် သူပုန်တပ်သား ထံမှ ထွက်ကျလာသော ဓားကို အလုအယက် ကောက်ယူပြီး သူပုန်တပ်သားကို ယင်းဓားဖြင့် တစ်ချက်တည်း အသေ ထိုးသတ်လိုက်လေ၏။

မင်းတုန်းဘုရင်သည် အဖြစ်အပျက်ကို ပြက်ပြက်ထင်ထင် မြင်တွေ့လိုက်ရကား သူ့နောက်လိုက် အမှုထမ်းကို အရာရှိငယ် တစ်ဦး အဖြစ် ချက်ချင်း ရာထူး တိုးပေးလိုက်လေသည်။ ထိုသူသည် ဖိနပ်တော်ကိုင်၊ လက်ဖက်ရည်တော်ကိုင်၊ ကွမ်းရေတော်ကိုင် စသည်ဖြင့် တဖြည်းဖြည်း ရာထူးတစ်ဆင့်စီ တက်လာခဲ့ရာ နောက်ပိုင်းတွင် သူသည် လှေသင်းအတွင်းဝန် ရာထူးအထိ တိုးမြှင့် ခန့်ထားခြင်း ခံရလေသည်။ သီပေါမင်း လက်ထက်သို့ ရောက်သောအခါတွင် ထိုပုဂ္ဂိုလ်မှာ ဝန်ကြီး အဆင့်ထိ ရာထူး တက်ခဲ့လေသည်။ ထိုပုဂ္ဂိုလ်မှာ ဥပမိရုပ် ခံ့ညားမှု မရှိလေရာ အထက်တန်း အရာရှိဖြစ်ရန် အလွန် ခဲယဉ်းသူတစ်ဦး ဖြစ်ခဲ့



သည်။ သို့သော် မင်းတုန်းမင်း မြှောက်စား၍ အရှင်မွေး နေ့ချင်း ကြီးခဲ့ပြီးသည့် နောက်တွင် သီပေါမင်း လက်ထက်တော်၌ နန်းပြိုင်မင်းသားတို့ သုတ်သင်ရာတွင် အသုံးဝင်ခဲ့သဖြင့် ဘုရင့်လက်ကိုင်တုတ် ဖြစ်ခဲ့ပေသည်။ သူ၏ ဥပမိရုပ် နွမ်းပါးခြင်းနှင့် သူ၏ ရက်စက်သော အမူအကျင့်တို့မှာ အညမည ဖြစ်နေလေသည်။

နန်းတော်ကို ပြန်လည် ထိန်းသိမ်းလိုက်ပြီးသည့် နောက်တွင် မင်းတုန်းဘုရင်သည် သူပုန်ရန်ကို ခုခံ ကာကွယ်ရေးအတွက် သူ့ နောက်လိုက် တပ်မတော်သားများကို ပြန်လည် စုရုံးရလေသည်။

ထိုအချိန်တွင် သူပုန်မင်းသားတို့သည် ယာယီစံနန်းတော် အတွင်း၌ တစ်ခန်းဝင် တစ်ခန်းထွက်ဖြင့် ဘုရင်ကို လိုက်ရှာနေကြသည်။ ဘုရင် လွတ်မြောက် ထွက်ပြေးသွားပြီကို သိရသောအခါမှ သူတို့သည် နန်းတော်ကြီး ဆီသို့ ပြန်လှည့်ကြရ၏။ သို့သော် ထိုသို့ ပြန်လှည့် လာကြစဉ်တွင် နန်းတော်ပြင်ပမှ နေ၍ ပစ်ခတ် ခုခံနေသော ဘုရင့် တပ်မတော်သားများနှင့် ရင်ဆိုင် တိုးမိကြလေသည်။

နန်းတော်ပြင်ပတွင် ဖြစ်ပွားနေသော တိုက်ပွဲမှာ ညပိုင်း အထိ ကြာမြင့်ခဲ့လေရာ မိမိတို့ အခြေမလှတော့ကြောင်းကို သူပုန်မင်းသား နှစ်ပါးတို့ နားလည်သွားကြလေသည်။

သူပုန်တို့သည် မြစ်ဆိပ်ကမ်းဆီသို့ ဆုတ်ခွာသွားကြပြီးနောက် ဘုရင့်သင်္ဘော 'ရေနန်းစကြာ' ကို သိမ်းယူပြီး ဧရာဝတီမြစ်အတိုင်း စုန်ဆင်း ပြေးကြလေသည်။ သူတို့သည် ကျေးရွာမြို့နယ် အသီးသီးတွင် ဆက်လက် လှုပ်ရှားနေခဲ့ကြသေး၏။ ထို့နောက် ဘုရင့်တပ်သားများက လိုက်လံ နှိမ်နင်းခြင်းကို ခံရသောအခါ မြန်မာနယ်စပ်ကို ဖြတ်ကျော် ပြေးကြပြီး ဗြိတိသျှအစိုးရ ထံတွင် လက်နက်ချအဂ် လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဘုရင့်တပ်မတော်

နိုင်ငံတော်သည် သောင်းကျန်းမှု မီးဖြင့် လောင်ကျွမ်းလျက် ကျန်ရစ်ခဲ့၏။ အိမ်ရှေ့မင်း လုပ်ကြံခံရသည့် နေ့တွင်ပင် အိမ်ရှေ့မင်း၏ သားတော်များတွင် အကြီးဆုံးဖြစ်သော ပန်းတိမ်မင်းသားသည် မန္တလေးမြောက်ဘက် ရွှေဘိုသို့ ထွက်ခွာသွားလေသည်။ အိမ်ရှေ့မင်းသား၏ သစ္စာတော်ခံ တပ်သားများသည် ပန်းတိမ်မင်းသား ထံသို့ ခိုဝင် လိုက်ပါသွားကြသည်။

မိမိ ခမည်းတော် ကနောင်မင်းသား ကျဆုံးသွားပြီးသည့်နောက်တွင် နန်းမွေကို ဆက်ခံခွင့် ရရေးမှာ မိမိအတွက် ဝေးလေပြီဟု ပန်းတိမ်မင်းသား နားလည်ခဲ့လေသည်။ အကြောင်းမှာ မင်းတုန်းဘုရင်သည် နန်းမွေခံ အိမ်ရှေ့မင်းသားသစ်ကို ရှာဖွေရတော့မည် ဖြစ်၍ပင်။

မင်းတုန်းဘုရင်မှာ ဖြစ်ရပ်ကို ကောင်းစွာ ဆင်ခြင်မိပြီး ပန်းတိမ်မင်းသား အပေါ်တွင် သနားကြင်နာမှု ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် ဘုရင်မင်းမြတ်က ပန်းတိမ်မင်းသား မန္တလေးသို့ ပြန်ဝင်လာလျှင် နန်းမွေခံပြဿနာကို အလေးဂရုပြု၍ စဉ်းစားမည် ဖြစ်ကြောင်းဖြင့် အကြောင်းကြားလေသည်။ သို့သော် ပန်းတိမ်မင်းသားမှာ စစ်ပြုရန် ဆုံးဖြတ်ပြီး ဖြစ်သဖြင့် မင်းတုန်းမင်း၏ လက်ကမ်းမှုကို ငြင်းဆိုလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းတိမ်းမင်းသားသည် မန္တလေးနေပြည်တော်သို့ ချီတက်သွားလေရာ လမ်းခရီးတွင် အောင်မြင်မှု အနည်းငယ် ရရှိခဲ့သည်။ သူ၏ တပ်သားများသည် မန္တလေးနေပြည်တော်ကို ဝိုင်းဝန်း ခြိမ်းခြောက်နေကြပြီ။

ညီတော် အိမ်ရှေ့မင်း ကျဆုံးသွား၍ ပူဆွေးသောက ရောက်နေရပြီးလျှင် ညီတော်၏ သားဖြစ်သူ ပန်းတိမ်းမင်းသားကို ရက်ရက်စက်စက် နှိမ်နင်းရန် ခက်ခဲနေသော မင်းတုန်းဘုရင်သည် သူပုန်အရေးအခင်းနှင့် ပတ်သက်၍ မည်သို့မျှ မဆုံးဖြတ်နိုင် ဖြစ်နေတော့သည်။

အလွယ်ကူဆုံးနည်းမှာ မိမိနန်းကို ပန်းတိမ်းမင်းသားထံ လွှဲအပ်ပေးလိုက်ရန်သာ ဖြစ်ကြောင်း မင်းတုန်းဘုရင် စဉ်းစားမိလေ၏။ ထိုကိစ္စနှင့် ပတ်သက်၍ မိဖုရားခေါင်ကြီးနှင့် အခြား မိဖုရားများကို မင်းတုန်းဘုရင်က တိုင်ပင် ဆွေးနွေးကြည့်လေသည်။ မင်းတုန်းဘုရင်ထက် အတွေ့အကြုံ ရင့်ကျက်သော ဤမိဖုရားများသည် စုဝေး တိုင်ပင်ကြ၏။

ယခင့်ယခင်က ကြုံတွေ့ခဲ့ရသော သင်ခန်းစာများအရ မိမိတို့အားလုံး၏ အသက်စည်းစိမ်တို့မှာ ပန်းတိမ်းမင်းသား၏ လက်တွင်းသို့ ဝကွက်၍ အပ်နှံရတော့မည် ဖြစ်သည်။ ပုဂံမင်း၏ လက်မှ နန်းတော်ကို မင်းတုန်းမင်း ရရှိခဲ့စဉ်က ပုဂံမင်း၏ အသက်ကို ချမ်းသာပေးပြီး ကောင်းမွန်စွာ ထားခဲ့၏။ သို့သော် ပန်းတိမ်းမင်းသားမှာ မင်းတုန်းဘုရင်ကဲ့သို့ မျှော်လင့်၍ မရချေ။ ထို့ကြောင့် ပန်းတိမ်းမင်းသားကို ခုခံတိုက်ခိုက်ရန်သာ မိဖုရားတို့က မင်းတုန်းဘုရင်အား တိုက်တွန်းကြလေသည်။

မင်းတုန်းဘုရင်သည် သုံးဆယ်မင်းသား၊ မကွေးရာမင်းသားနှင့် ညောင်ရမ်းမင်းသားတို့၏ ခေါင်းဆောင်မှုအောက်တွင် မိမိ၏ တပ်မတော်ကို စည်းရုံးစေပြီး သူပုန်တပ်ကို ရင်ဆိုင်စေခဲ့သည်။



သူပုန်မင်းသားတို့သည် ရှပ်ရှပ်ချွံချွံ တိုက်ခိုက်ကြပေသည်။ သို့သော် သူတို့တွင် လက်နက် ခဲယမ်းမီးကျောက် ချို့တဲ့ပြီး လူအင်အားသည်း နည်းပါးလာလေသည်။ မန္တလေးနေပြည်တော်ကို အသာတကြည် တိုက်ခိုက် ရယူနိုင်ရန် မလွယ်ကူတော့ကြောင်း နားလည်သောအခါ၌ သူပုန်တပ်သားတို့ စိတ်ဓာတ်ကျကုန်ကြပြီးလျှင် အတော်များများသည် အိမ်သို့ ပြန်ပြေးကြလေသည်။

ပန်းတိမ်းမင်းသား၏ သူပုန် တပ်မတော်ကြီးမှာ ဖရိုဖရဲ ဖြစ်သွားလေပြီ။

သူသည် နောက်လိုက် မရှိတော့သော ခေါင်းဆောင်တစ်ဦးမျှသာ ဖြစ်နေလေတော့သည်။ သူနှင့် ညီတော် မင်းသားများ အဖမ်းခံရပြီးလျှင် သူတို့ကို မန္တလေးနေပြည်တော်သို့ သုံ့ပန်းများ အဖြစ် ခေါ်ဆောင်သွားသည်။ သူတို့ကို လပေါင်း အတော်ကြာမျှ ထိန်းသိမ်းထားစဉ် မင်းသားများသည် နောက်ထပ် ပုန်ကန်မှုပြုလုပ်ရန် ကြံစည်နေကြကြောင်းဖြင့် မင်းတုန်းဘုရင်ထံ သတင်း ရောက်လာခဲ့သည်။ ထိုကြံစည်မှုတွင် သူပုန်မင်းသားများ၏ နမတော် 'ရန်အောင်မြင် မင်းသမီး' ကိုယ်တိုင်ပင် ခေါင်းဆောင်သည်ဟု ဆိုသည်။ ရန်အောင်မြင် မင်းသမီးနှင့် အကျဉ်းထောင် အမှုထမ်းများမှာ ဤအမှုတွင် ပါဝင်သည်ဟု စွပ်စွဲခံရပြီး [illegible]ဆိုး နှိမ်စက်ခြင်း ခံကြရလေသည်။ နောက်ဆုံးတွင် သူပုန်မင်းသားများအား လွှတ်တော်မှ သေဒဏ် အပြစ်ပေးလိုက်တော့သည်။

ဗြိတိသျှ သံကိုယ်စားလှယ် ကပ္ပတိန်စလေဒင်သည် ထိုအချိန်က မန္တလေးနေပြည်တော်တွင် ရှိနေခဲ့ပြီး အိမ်ရှေ့စံ ကနောင်မင်း လုပ်ကြံသော ဤအဖြစ်ဆိုးကြီးကို မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့လေသည်။ ရက်အတန်ကြာပြီးနောက် နေပြည်တော်၏ အခြေအနေမှာ အန္တရာယ်ဝိုင်းနေပြီဟု သိနားလည်သော အခါတွင် ကပ္ပတိန်စလေဒင်သည် ဗြိတိသျှ သံအဖွဲ့ဝင်များကို စုရုံးပြီးလျှင် သင်္ဘောတစ်စင်းဖြင့် သရက်မြို့သို့ စုန်ဆင်းသွားလေသည်။ ပန်းတိမ်းမင်းသားနှင့် သူ့ ညီတော်များကို သေဒဏ်

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ချပြီးသော အခါတွင် စလေဒင်သည် နေပြည်တော်သို့ ပြန်လာပြီးလျှင် သူ၏ မူလရာထူးတွင် ဆက်လက် တာဝန်ယူခဲ့လေသည်။

မင်းသားများကို ကွပ်မျက်ခြင်း မပြုမီ ထိုသတင်းများသည် စလေဒင် ထံသို့ ရောက်လာ၏။ စလေဒင်သည် ဒေါက်တာမတ်၏ နမူနာကို ယူလျက် မင်းသားများကို အဆုံးစီရင်ခြင်းမှ ခွင့်လွှတ်ရန် ပန်ကြားဖို့ နန်းတော်သို့ အပြေး သွားရောက်ခဲ့၏။ လမ်းခရီးတွင် သူသတ်ကုန်းသို့ ခေါ်ဆောင်သွားခြင်း ခံရသော သေဒဏ်ခံ မင်းသားများကို စလေဒင် တွေ့လိုက်ရသည်။

စလေဒင်သည် သူ့မြင်းကို ဒုန်းစိုင်း၍ နန်းတော်သို့ နှင်လေသည်။ ပြစ်ဒဏ်ခံ မင်းသားတို့မှာ အစောင့်အကြပ် ထူထပ်စွာဖြင့် လိုက်ပါလာကြ၏။ သူတို့ရှေ့တွင် အရက်သေစာ သောက်စား မူးယစ်နေကြသော ပါးကွက်အာဏာသား သူသတ်သမားတို့ လိုက်ပါလာ၏။ သူတို့သည် မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းကို မည်သို့မည်နှယ် ဆောင်ရွက်လိုက်မည် စသည်ဖြင့် အရက်မူးမူးဖြင့် ပြောဆို လိုက်ပါကြပေသည်။ သူတို့နောက်တွင် အမှုထမ်းတစ်ဦးသည် ကတ္တီပါ အိတ်အနီများကို ကိုင်၍ လိုက်ပါလာ၏။ ယင်းကား မင်းသားများ ကဲ့သို့သော မဟာ မဟာသွေးတို့၏ သွေးများ မြေပြင်သို့ မကျစေရအောင် ဖြစ်သည်။ နန်းဓလေ့များ အရ မင်းညီမင်းသားများကို ကွပ်မျက်ပါလျှင် သူတို့၏ သွေးများကို မြေသို့ မကျရအောင် ထိန်းသိမ်းရမည် ဖြစ်လေသည်။ ကတ္တီပါအိတ်ဖြင့် မင်းသားတို့၏ အလောင်းကို ထုပ်ပိုး ယူငင်ရမည် ဖြစ်ပြီး ကတ္တီပါ အနီရောင်ကို သုံးရခြင်းမှာ သွေးစက် သွေးကွက်များ စွန်းထင်းလျှင် မပေါ်စေရန် ဖြစ်ပေ၏။

ကပ္ပတိန်စလေဒင်သည် နန်းတော်သို့ အရေးတကြီး ဝင်ရောက်ခဲ့ရာ ဘုရင့် ညီလာခံချိန်နှင့် ကြုံကြိုက်နေလေသည်။

မင်းသားများအတွက် ချမှတ်ထားသော သေဒဏ်အမိန့်ကို ရွှေ့ဆိုင်းထားပါရန် စလေဒင်က မင်းတုန်းမင်းထံ ပန်ကြားလေသည်။



မင်းသားများသည် နိုင်ငံတော်ကို အန္တရာယ်ပြုနိုင်မည့် အနေအထားတွင် မရှိတော့ပါဟုလည်း စလေဒင်က ထောက်ပြလေသည်။ ဤသို့ သေဒဏ်ကို ရွှေ့ဆိုင်းပေးလိုက်ခြင်းဖြင့် ဘုရင်မင်းမြတ်၏ ဆောင်ရွက်ချက်များကို ကမ္ဘာက အသိအမှတ်ပြု လေးစားလာရမည်ဟုလည်း စလေဒင်က ထပ်မံ လျှောက်ထားခဲ့၏။

နောက်ဆုံးတွင် ပန်းတိမ်းမင်းသားနှင့် အပေါင်းပါများအား သေဒဏ် ပေးထားသော အမိန့်ကို ပယ်ဖျက်လိုက်ကြောင်း အမိန့်သစ်ကို ဘုရင်မင်းမြတ်က ထုတ်ပေးလိုက်သည်။ အမိန့်တော်စာတမ်း တစ်စောင်ကို စလေဒင်ထံတွင် တစ်ပါတည်း ပေးလိုက်သည်။

ခဏအကြာတွင် ဗြိတိသျှသံ စလေဒင်သည် မြင်းကို ကဆုန်စိုင်း၍ သူသတ်ကုန်း ဆီသို့ နှင်လေသည်။

မင်းသားများအား ကွပ်မျက်ရန် စီစဉ်ထားသည်မှာ တောင်စွယ်တွင် နေကွယ်ချိန်၌ ဖြစ်ပေသည်။ သူသတ်ကုန်းသို့ စလေဒင် ရောက်သွားချိန်၌ တောင်စွယ်သို့ နေမကွယ်သေး၍ ပါးကွက်အာဏာသားတို့သည် နေကွယ်ချိန်ကို စောင့်ဆိုင်းလျက် ရှိနေကြပေသည်။ သို့သော် စလေဒင်၏ မြင်းခွာသံပြင်းပြင်းကို ကြားကြရသော ပါးကွက်အာဏာသားတို့သည် အခြေအနေကို ရိပ်စားမိကြသဖြင့် ကွပ်မျက်ခြင်းအမှုတို အရေးတကြီး လုပ်လိုက်ကြ၏။ သူတို့သည် ပန်းတိမ်းမင်းသား၏ လည်ပင်းကို ဝါးရင်းတုတ်ဖြင့် စတင် ရိုက်နှက်ကြတော့သည်။

ပန်းတိမ်းမင်းသား အတွက်မှာကား သေဒဏ်မှ လွတ်မိန့်သည် လက်မတင်ကလေး နောက်ကျသွားလေ၏။ သို့သော် စလေဒင်၏ ကြိုးပမ်းမှုမှာ အချည်းနှီး မဖြစ်ပါလေ။ ကျန်သော မင်းသားငယ်တို့မှာ သေဒဏ်မှ ချမ်းသာခွင့် ရသွားကြလေသည်။ မင်းတုန်းဘုရင်၏ အမိန့်သည် သူတို့၏ အသက်ကို ကယ်တင်လိုက်နိုင်ပေပြီ။

ပုန်ကန်တော်လှန်မှုများကား နည်းမျိုးစုံ ရှိခဲ့သည်။ ယခု ပုန်ကန်မှုမှာ မင်းတုန်းဘုရင်၏ နန်းစံသက်တွင် ဤတစ်ကြိမ်သာ ရှိခဲ့၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



သူ့အရင်က နန်းစံခဲ့သော ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့မှာကား ဤနည်း ဤပုံဖြင့် လက်နက်ကိုင် တော်လှန်မှုများကို မကြာခဏ ကြုံတွေ့ခဲ့ကြရသည်။

သူပုန်များ အပေါ်တွင် မင်းတုန်းမင်း ရရှိလိုက်သော အောင်ပွဲမှာ စင်စစ်ဆိုလျှင် များစွာ အားထုတ် ကြိုးပမ်းလိုက်ရခြင်း မရှိလှပေ။ သူပုန်တို့မှာ လက်နက်ကိုင် အတွေ့အကြုံ နည်းပါး ညံ့ဖျင်းရုံမျှ မက သူတို့ရင်ဆိုင်ရသည်မှာ သူတို့ထက် အစစအရာရာ သာလွန်နေသော ဘုရင့်တပ်မတော် ဖြစ်နေသည်။ သူပုန်များကို နှိမ်နင်းရာတွင် ဘုရင့်တပ်မတော်သည် အတော်အသင့် သတ္တိစွမ်းအင် ပြသရုံဖြင့် အောင်ပွဲခံခဲ့ခြင်း ဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ သူပုန်များ အပေါ်တွင် ရလိုက်သော အောင်ပွဲကြောင့် မြန်မာဘုရင့်တပ်မတော်ကြီး ဂုဏ်သိက္ခာ တိုးတက်လာသည်မှာကား အမှန်ပင် ဖြစ်ပေသည်။

သို့သော် မြန်မာ့တပ်မတော်၏ အခြေအနေမှာ အဘက်ဘက်က လိုနေသေးသည်။ သီပေါဘုရင်၏ ခေတ်ကို ကြုံခဲ့သော ဆာဂျော့စကော့က ဤသို့ ရေးသား ဖော်ပြခဲ့၏။ "တပ်မတော်သားများမှာ အလွန် တောက်တောက်ပြောင်ပြောင် ရှိလှသည်။ အားလုံးသည် အနီရောင် ကိုယ်ကျပ်အင်္ကျီကို ဝတ်၍ ယင်း၏ အပေါ်လွှာမှာ အရောင်အမျိုးမျိုး ဝတ်ကြသည်။ အချို့က အဝါ၊ အချို့က အစိမ်း၊ အချို့က အပြာ၊ အချို့က ဘာရောင်ဟု သတ်မှတ်၍ မရသော အရောင်များ ဖြစ်၏။ ဘောင်းဘီတလည်း အမျိုးမျိုး ဖြစ်သည်။ အပြာခံတွင် ဘေးမှ အဝါစင်း သို့မဟုတ် ရှေ့နှင့် နောက်မှ အစိမ်းရောင်၊ အနီရောင်၊ အဝါရောင် အစင်းများ ထည့်လို ထည့်နှင့်။ ခေါင်းပေါ်တွင်မူ အဖျားချွန်သော မောက်ရှည် ခေါင်းဆောင်းကို ဆောင်းထားသည်။ မောက်ရှည်၏ ရှေ့ပိုင်းတွင် သတ္တုဖြင့် လုပ်သော နဂါးရုပ်ကလေး ပါရှိ၏။ သူတို့၏ ဆံပင်ရှည်နှင့် မောက်ရှည်မှာ ကြည့်၍ ပသာဒ မဖြစ်ချေ" ဟု သူက ရေးလေသည်။



မြန်မာ့တပ်မတော်၏ လက်နက်ကြီးများမှာမူ အပြကောင်းကြပေသည်။ အမြောက်ကြီးများကို ကောင်းစွာ သင်ကြား လေ့ကျင့်ထားသော နွားများ၊ ဆင်များဖြင့် ဆွဲယူကြသည်။ သို့သော် ဤတိရစ္ဆာန်များအတွက် အကောင်းဆုံး ပြကွက်မှာ အမိန့်ပေး စေခိုင်းသောအခါ ရှိခိုးပြခြင်းပင် ဖြစ်၏။ ဒူးထောက် ထိုင်ချလိုက်ပြီး ခေါင်းကို မြေကြီးနှင့် ထိသည် အထိ ငုံ့ပေးခြင်းမှာ သူတို့ ရှိခိုးနေကျ မြင်ကွင်းပင် ဖြစ်ပေသည်။ လက်နက်ကြီးများကို ကိုင်တွယ် အသုံးပြုခြင်း ပညာမှာကား မြန်မာတပ်သားတို့ အနေဖြင့် အလွန် ချို့တဲ့နေခဲ့ကြ၏။

အမြောက်ကြီးများကို နန်းတော်တွင်းသို့ ဆွဲယူလာပြီး ညီလာခံနန်းမ ရှေ့တွင် ထည်ထည်ဝါဝါ ဖြစ်စေရန် ရည်ရွယ်လျက် ပြသထားမှုသည်။

မြန်မာ ဘုရင့်တပ်မတော်ကို မကြာခဏ ဆိုသလိုပင် ဥရောပတိုက်သားများက စစ်ပညာများ သင်ကြားပေးခဲ့ဖူးပါ၏။ ဤသို့ သင်ကြားပေးခဲ့သော အရာရှိများတွင် အမ်ဒီဖေစီယူ ဆိုသူက စစ်ဦးစီးချုပ် အဖြစ် အုပ်ကဲခဲ့သည်။

သူနှင့် ပြင်သစ် မြင်းစီးတပ်တွင် ဗိုလ်မှူးကြီး အဖြစ် အမှုထမ်းခဲ့သော သူ့ဖခင်တို့မှာ ယခင်က အိန္ဒိယပန်ဂျပ်တပ်မတော်တွင် အရာရှိများ ဖြစ်ခဲ့ကြ၏။

ဒီဖေစီယူ အနေဖြင့် မြန်မာ့တပ်မတော်ကို စစ်ပညာများ သင်ကြား တတ်မြောက်စေရန် ရည်သန် ကြိုးပမ်းခဲ့သော်လည်း သူ၏ ရည်မှန်းချက်များ မအောင်မြင်ခဲ့ပေ။ စစ်သေနင်္ဂဗျူဟာမှူးတစ်ဦး အနေဖြင့် သူ၏ အမှုတော် ထမ်းရွက်မှုမှာ ဘာမျှ အရာမထင်ခဲ့။ သူ၏ အကြံပေးချက်များကိုလည်း လက်မခံကြပါချေ။

ပြင်သစ်နိုင်ငံသို့ မင်းတုန်းဘုရင်က စေလွှတ်သော သံအဖွဲ့နှင့် အတူ သူ့ကိုပါ မင်းတုန်းဘုရင်က ထည့်ပေးလိုက်သောအခါ သူ၏ ဇနီးနှင့် သမီးတို့ကို မန္တလေးနေပြည်တော်၌ ထားရစ်ခဲ့ရ၏။ မန္တလေး

www.burmeseclassic.com

www.burmeseclassic.com



နေပြည်တော်မှ ခရီးထွက်ခွာနေစဉ် သူ့ဇနီး မဒမ်ဒီဖေစီယူမှာ တစ်ပတ်လျှင် နှစ်ကြိမ်ကျ နန်းတော်သို့ အခစား ဝင်ရ၏။ မန္တလေးနေပြည်တော်တွင် မိမိ ရှိနေပါကြောင်း သက်သေပြရခြင်း ဖြစ်ပေသည်။

ထိုအချိန်တွင် မစ္စတာဒီဖေစီယူမှာ ပြင်သစ်နိုင်ငံတွင် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရင်း ဘုရင့် အလိုတော်ကျ ကိစ္စအဝဝကို အပြီးသတ် ဆောင်ရွက်ပေးလျက် ရှိရလေသည်။

●

## စလေဒင်၏ ရွှေဓား

ခင်းတုန်းဘုရင်၏ ဘေးလောင်းတော် ဖြစ်ခဲ့သော ဘိုးတော်ဘုရားမင်း၏ လက်ထက်တုန်းက ဖြစ်ရပ်ဆန်းတစ်ခု ပေါ်ပေါက်ခဲ့၏။

တစ်နှစ်တွင် ဧရာဝတီမြစ်သည် ခါတိုင်းထက် ပို၍ ရေကြီးလာခဲ့သည်။ မြစ်နား ကမ်းနားရှိ ဒေသတို့မှာ ရေဘေးအန္တရာယ်နှင့် ကြုံတွေ့နေရလေ၏။ ပြည်သူတွေ စိုးရိမ် ထိတ်လန့်နေကြပြီ။

ဤတွင် ဘုရင့်ဝန်ကြီးများက ဘိုးတော်ဘုရား ဘုရင်မင်းမြတ်အား တောင်းပန် အကြံပေးကြ၏။ ဘုရင်မင်းမြတ်သည် မြစ်ရေ ကျသွားစေရန် အမိန့်ထုတ်ဆင့်သင့်သည်ဟု။

ထိုအခါ ဘိုးတော်ဘုရားက သဘောကျသည်။ ဤတွင် အမိန့်တော်မြတ် ထုတ်ဆင့်သည့် အခမ်းအနား တစ်ရပ်ကို ရက်ကောင်း ရက်မြတ် တစ်နေ့တွင် ကျင်းပ၏။ အမိန့်တော်မြတ် ထုတ်ဆင့်ရန် စင်မြင့်ကို လှလှပပ ဆောက်လုပ်ထားသည်။ ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော ဘိုးတော်ဘုရား မင်းတရားက ဧရာဝတီမြစ်ရေကို ရှေ့သို့ တက်မလာရန် တားဆီးသော အမိန့်တစ်ရပ် ထုတ်ဆင့်လေသည်။ ဘုရင့် သံတော်ဆင့် အရာရှိများက ဘုရင်မင်းမြတ်၏ အမိန့်တော်ကို မြစ်ရေထဲသို့ ချပေးလိုက်ပြီးလျှင် မြစ်ရေပြင်ကို သိုင်းဖြင့် ရိုက်နှက်ကြသည် ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ဘုရင့် အမိန့်တော်ကို နာခံသည့် အနေဖြင့် မြစ်ရေ ကျစပြုလေသည်။ သို့သော် အချက်ကို သိကြသော ပြည်သူတို့ကမူ မြစ်ရေ ကျမည့်ရက်ကို ကြိုတင် တွက်ဆတတ်သော ဝန်ကြီးများက ဘုရင့်အမိန့်တော်ကို ထုတ်ပြန်ရန် အကြံပေးခဲ့ကြောင်း နားလည်ကြ၏။

မန္တလေးနေပြည်တော်ရှိ ဗြိတိသျှသံအမတ်၏ အတွင်းရေးအတွင်းဝန်ဖြစ်သူ မစ္စတာဒီအေနိကောလတ်စ် ကလည်း မင်းတုန်းမင်းလက်ထက်တွင် ဖြစ်ပွားခဲ့သော အလားတူ ဖြစ်ရပ်ဆန်း တစ်ခုကို မှတ်တမ်း တင်ခဲ့ဖူးသေးသည်။

၁၈၇၀ ပြည့်နှစ်တွင် နေပြည်တော်၏ တောင်ဘက် ဆင်ခြေဖုံး၌ မီးကြီး အကြီးအကျယ် လောင်ကျွမ်းခဲ့သည်။ မီးသည် နံနက်စောစောတွင် စတင် လောင်ကျွမ်းခဲ့ရာ မွန်းလွဲသည်ထိ မီးငြိမ်းမကျိုးသေးချေ။ ထိုအချိန်တွင် မီးလောင်ကျွမ်းရာ အရပ်မှ ခြေမြန်တော် တစ်ဦးသည် နန်းတော်သို့ အပြေးအလွှား ရောက်လာ၏။ သူနှင့်အတူ သံတော်ဦးတင်လွှာ တစ်စောင် ပါလာလေသည်။

'မီးဘေးအန္တရာယ်ကို ကယ်တင်တော်မူပါ အရှင်မင်းကြီး' ဟု မီးဘေး ဒုက္ခသည်များက တောင်းပန်လေသည်။

ဤတွင် ဝန်ကြီးများက မင်းတုန်း ဘုရင်မင်းမြတ်အား အကြံပေးလျှောက်တင်ကြ၏။ မီးဘေးအန္တရာယ်ကို ဘုရင်မင်းမြတ် ကိုယ်တော်တိုင် တားဆီးတော်မူမှ ဖြစ်မည်၊ ဘုရင်မင်းမြတ်က မီးဘေးကို တားဆီးရန် အမိန့်တစ်ရပ် ထုတ်ပြန်ရန် လိုပြီ။

မီးကြီး၏ အန္တရာယ်ကို တားဆီးရန် အမိန့်တော် တစ်စောင်ကို ရေးသားပြီး မင်းတုန်းဘုရင်မင်းမြတ်က ချက်ချင်း လက်မှတ် ရေးထိုးတော်မူလေ၏။ အမိန့်တော်ကို ညီလာခံခန်းမရှိ အမှုထမ်းဗိုလ်လု ပရိသတ်များ၏ ရှေ့တွင် ဖတ်ကြားလေသည်။ မစ္စတာနီကိုလတ်စ်က ဆက်လက်ဖော်ပြသည်။



"ရက်ရက်စက်စက် လောင်မြိုက်နေသော မီးကြီးမှာ ဆက်တိုက်လောင်သွားပြီး လောင်စာ ကုန်တော့မှ ရပ်ဆိုင်းသွားတော့သည်။ သို့သော် သာမန် အရပ်သူ အရပ်သားများကမူ မီးကြီး နောက်ထပ်ဆက်၍ မလောင်တော့ခြင်းမှာ ဘုရင့် တန်ခိုးအာဏာ အရှိန်အဝါကြောင့်သာ ဖြစ်သည်ဟု ယုံကြည်နေကြလေ၏"

မကွေးမိဖုရားအား သူချစ်သူဟောင်းနှင့် ပြန်ပေါင်းထုတ်ခွင့် ပြုရန်မင်းတုန်းဘုရင်က သဘောတူခဲ့ကြောင်း ရှေ့အခန်းတွင် ဖော်ပြခဲ့ပြီးခဲ့၏။ သို့သော် မင်းတုန်းဘုရင်သည် အခြား မိဖုရား သုံးပါး အပေါ်တွင်မူသဘော သိပ်မကောင်းခဲ့ပေ။ ထိုမိဖုရား သုံးပါးက နန်းတော်ကြီးအပေါ်တွင် မိမိတို့ ထင်မြင် ယူဆချက်ကို ထုတ်ဖော်၍ ပြောကြ၏။ မိမိတို့သည် ကျေးတောနေ လယ်သမားများကို လက်ထပ်ခဲ့ပါကယခုထက် ပို၍ ပျော်ရွှင်လိမ့်ဦးမည်။ ယခုတော့ ပျော်ရာမှာ မနေဘဲချောက်ည ရောက်နေရသလို ရှိတော့သည်ဟု ကွယ်ရာတွင် ပြောဆိုခဲ့ကြ၏။ မင်းတုန်းဘုရင်သည် ယင်းကိစ္စကို ကြားရသောအခါတွင် မိဖုရားသုံးပါးကို နန်းတော်မှ ချက်ချင်း နှင်ထုတ်လိုက်လေသည်။

ဗြိတိသျှ သံတစ်ဦး အနေဖြင့် စလေဒင်သည် တစ်စုံတစ်ခုသောအတိုင်းအတာ အထိ အောင်မြင်ခဲ့လေသည်။ သူသည် ရင်ဆိုင်ရသောပြဿနာရပ်များကို အကြိမ်ကြိမ် ကိုင်တွယ် ဖြေရှင်းနိုင်သူ ဖြစ်၏။ သူသည် မင်းတုန်းဘုရင်၏ နှစ်သက် မြတ်နိုးခြင်းကို ခံရပြီး ဝန်ကြီးများ၏ မျက်မုန်း ကျိုးခြင်းကိုလည်း ရင်ဆိုင်ခဲ့ရပေသည်။

၁၈၆၆ ခုနှစ် ပုန်ကန်မှုတွင် ဘုရင်မင်းမြတ်ကို ကူညီခဲ့သဖြင့် စလေဒင်ကို မင်းတုန်းဘုရင်က နည်းအမျိုးမျိုးဖြင့် ချီးမြှင့် မြှောက်စားခဲ့လေ၏။ စလေဒင်သည် ဘုရင့်ထံမှ ရွှေစလွယ်တစ်စုံကို ဂုဏ်ပြု ချီးမြှင့်ခံရသည်။ ထို့ပြင် ရွှေထီး နှစ်လက်ကိုလည်း ဆောင်းခွင့် ရထားပေ၏။

ပုန်ကန်မှု ဖြစ်ပွားပြီးသည့်နောက် တစ်နှစ်၊ နှစ်နှစ်ခန့် ကြာသောအခါ ဗြိတိသျှအစိုးရသည် စလေဒင်ကို တရုတ်ပြည် ယူနန်သို့ သံအဖွဲ့နှင့်

www.burmeseclassic.com

www.burmeseclassic.com



အတူ စေလွှတ်လိုက်၏။ မန္တလေးမှ ယူနန်သို့ ခရီးမှာ ရှည်လျား ဝေးကွာလှပြီး အန္တရာယ် ထူပြောလှပေသည်။ မင်းတုန်းဘုရင်သည် စလေဒင်၏ အသက်အန္တရာယ်အတွက် လုံခြုံစေချင်သည်။ ထို့ကြောင့် ဘုရင်က စလေဒင်ကို ရွှေဓား တစ်လက် လက်ဆောင်ပေးလိုက်၏။ ရွှေဓား ကိုင်ဆောင်ခွင့် ရသူကား အဆင့်အတန်း အလွန် မြင့်မားသူ ဖြစ်သည်။ စလေဒင်မှာ ရွှေဓား ကိုင်ဆောင်သွားခြင်းအတွက် တောတောင် ထူထပ်သော ခရီးတစ်လျှောက်နှင့် တရုတ်ပြည်တို့တွင် အများ၏ လေးစား ကြည်ညိုခြင်းကို ခံရမည် ဖြစ်ပေသည်။

စလေဒင်သည် သူ၏ သံအဖွဲ့နှင့် အတူ တရုတ်ပြည်သို့ သွားရောက်ခဲ့ပြီး သတ်မှတ်သော အချိန်ကွင်း ချောမောစွာ ပြန်လည် ရောက်ရှိခဲ့၏။ သူ ပြန်လည် ရောက်ရှိသော အခါတွင် မင်းတုန်းဘုရင် ပေးလိုက်သော ရွှေဓားလည်း သူနှင့်အတူ ပြန်၍ ပါလာသည်။ ရွှေဓားနှင့် ရွှေထီး နှစ်လက်တို့သည်ကား စလေဒင် ခရီးနှင်ခဲ့ရာ ခရီးလမ်း တစ်လျှောက်ရှိ ခရိုင်မြို့နယ် အသီးသီးတွင် စလေဒင်ကို တန်ခိုးထွားစေခဲ့လေသည်။

သို့သော် ပြဿနာတစ်ရပ် ပေါ်လာ၏။

စလေဒင်၏ ယူနန်ခရီးစဉ် အောင်မြင်မှုမှာ မင်းတုန်းဘုရင် ပေးသနားလိုက်သော ရွှေဓား၏ တန်ခိုးရှိန်ဝါကြောင့် ဖြစ်ကြောင်းနှင့် မင်းတုန်းဘုရင်မင်းမြတ်၏ တန်ခိုးအာဏာတို့သည် ရွှေဓားနှင့်အတူ ပါရှိသွားသည် ဖြစ်၍ ဓားကို ကိုင်ဆောင်သူကို ကူညီ ကာကွယ်မှု အပြည့်အဝ ပေးခဲ့ကြောင်းဖြင့် ပရောဟိတ်တစ်ဦးက ဟောကြားလေသည်။ စလေဒင် ထံတွင် ဤရွှေဓားသာ ရှိနေဦးမည် ဆိုလျှင် သူသည် ဓား၏ အရှိန်အဝါကြောင့် လုပ်သမျှ အောင်မြင်နေမည် ဖြစ်ပြီး သူ့ကို အမြဲ ကာကွယ်ပေးနေလိမ့်မည်ဟု ဆို၏။

ဤတွင် မင်းတုန်းဘုရင် စဉ်းစားစရာ ဖြစ်လာပြီ။

စလေဒင် ထံမှာ ဤဓားကို ပေးထားခဲ့ရမည် ဆိုလျှင်. . .

မင်းတုန်းဘုရင်က တွေး၍ တွေး၍ စိုးရိမ် ထိတ်လန့်လာလေ



သည်။ ထို့ကြောင့် စလေဒင် ထံမှ သူ လက်ဆောင်ပေးထားသော ဓားကို ပြန်လည် သိမ်းယူရန် ဆန္ဒဖြစ်လာ၏။ စလေဒင်ကို သူ ခင်မင်သော်လည်း ဗြိတိသျှသံတစ်ဦး၏ လက်တွင် တန်ခိုးအာဏာ ရှိမည့်ကိစ္စကို လျစ်လျူရှု၍ကား မဖြစ်ချေပြီ။

ဤကိစ္စကို ဝန်ကြီးများက အောင်မြင်စွာ ဖြေရှင်းပေးကြသည်။ စလေဒင်၏ အိပ်ခန်းမှ ဓားကို သူ့ အခိုင်းအစေများက ခိုးယူ ပေးအပ်လာ၏။ စလေဒင်က ဓား ပျောက်ဆုံးသွားကြောင်း ဘုရင်မင်းမြတ် ထံသို့ ချက်ချင်း တိုင်ကြား လျှောက်ထားလေသည်။ ဘုရင်မင်းမြတ်ကလည်း အမှုနှင့် ပတ်သက်သော တရားခံများကို စစ်ဆေးပြီး ဖမ်းဆီးထားလေသည်။ တရားခံများက ဝန်ခံ ဖြောင့်ဆိုကြသည်။ မိမိတို့သည် မန္တလေးမြို့ဝန်၏ စေခိုင်းချက်ဖြင့် ဓားကို ခိုးယူခဲ့သည် ဆို၏။ ဤတွင် အမှုသည် ထိုမျှနှင့် နိဂုံးတံသွားသည်။ စလေဒင်သည် ဓားကို ပြန်မရတော့ချေ။ မင်းတုန်းဘုရင်မင်းမြတ်လည်း စားဝင် အိပ်ပျော် ရှိသွားတော့သည်။

ထို့နောက် စလေဒင်နှင့် ခေါင်းလောင်း ပြဿနာတစ်ရပ် ပေါ်လာပြန်၏။ သို့သော် ဤပြဿနာတွင်မူ စလေဒင် ကံကောင်းသွားသည်။ မြန်မာနိုင်ငံတွင် ခေါင်းလောင်းကြီးများမှာ ဘုရားစေတီများတွင်သာ တပ်ဆင်ထားရိုး ရှိပြီး မြင့်မြတ်သော အမှုကိစ္စများနှင့်သာ သက်ဆိုင်သည်ဟု မှတ်ယူထားခဲ့ကြ၏။

စလေဒင်က မိမိအတွက် ခေါင်းလောင်းတစ်လုံး လုပ်ပေးရန် ပန်းတဉ်းတန်းသို့ စေခိုင်း မှာကြားခဲ့သည်။ ပန်းတဉ်းကလည်း ကြေးခေါင်းလောင်းကို သွန်းလုပ်ပြီး စလေဒင်ထံ ပေးအပ်ခဲ့သည်။ သို့သော် ခေါင်းလောင်းပေါ်မှ အမှတ်အသားအချို့ကို ပြင်ဆင် ရေးထိုးရန်အတွက် စလေဒင်က ပန်းတဉ်း ထံသို့ ခေတ္တ ပြန်ပို့လိုက်လေသည်။

စလေဒင်က ခေါင်းလောင်း မှာယူ လုပ်ခိုင်းသည် ဆိုသော သတင်းကို မှူးကြီးမတ်ကြီးများ ကြားသိရသော အခါတွင် ပန်းတဉ်း

www.burmeseclassic.com

www.burmeseclassic.com



ထံသို့ သွားပြီး နိုင်ငံခြားသားများအတွက် ခေါင်းလောင်း လုပ်ပေးခြင်း မပြုရဟု အမိန့်ပေးလိုက်၏။

စလေဒင် ပြန်ပြင်ခိုင်းထားသော ခေါင်းလောင်းကို မှူးကြီးမတ်ကြီးများ၏ စီစဉ်ပေးချက်ဖြင့် မြန်မာအလှူရှင် မောင်နှံအား ပန်းတည်းလုပ်သူက ရောင်းချလိုက်ရ၏။ အလှူရှင်များသည် ယင်း ကြေးခေါင်းလောင်းကြီးကို ဘုရားစေတီသို့ ချက်ချင်း သွားရောက် လှူဒါန်းလိုက်ပေသည်။

ဤသို့ ပြုလုပ်ခြင်းဖြင့် စလေဒင်သည် သူ့ခေါင်းလောင်းကို ပြန်မရနိုင်တော့ပြီဟု မြန်မာအရာရှိများက ယူဆသည်။ သို့သော် သူတို့သတိမပြုမိသော အချက်တစ်ရပ် ရှိသည်။ စလေဒင်မှာ အားကိုး ရှိနေကြောင်းကို မေ့နေကြသည်။ ဖြစ်ရပ်နှင့် ပတ်သက်၍ စလေဒင်သည် ငြိမ်၍ သည်းခံနေမည့်သူ မဟုတ်ပေ။ ခေါင်းလောင်း ပြန်ရဖို့ တိုက်ပွဲဝင်ရန် ဆုံးဖြတ်လိုက်၏။

သူက ခေါင်းလောင်းကို ပြန်တောင်းသည်။ ဝန်ကြီးများက အခြေအနေကို စုံစမ်းပြီးလျှင် အခြား ခေါင်းလောင်း အသစ်တစ်လုံး ပြန်လုပ်ပေးလိုက်ကြသည်။ သို့သော် စလေဒင်က မကျေနပ်ပေ။ သူသည် မင်းတုန်းဘုရင်မင်းမြတ်ထံ ဝင်၍ မိမိ၏ မူလ ခေါင်းလောင်းကိုသာ ပြန်ပေးရန် အရေးဆို လျှောက်တင်လေသည်။ ဘုရင်မင်းမြတ်က စလေဒင်၏ ဆန္ဒကို လိုက်လျောစေ၏။ ထို့ကြောင့် မူလက ခေါင်းလောင်းကိုပင် ဘုရားစေတီမှ ပြန်လည် ဖြုတ်ယူလျက် စလေဒင်ကို ပေးအပ်လိုက်ရတော့သည်။

စလေဒင်သည် မိမိ အောင်ပွဲရသည့် အထိမ်းအမှတ်ကို သိရှိကြစေရန် ခေါင်းလောင်းပေါ်တွင် မူလ အလှူရှင် မောင်နှံ ရေးထိုးထားသော အမည်များကို မပျက်စေဘဲ ထိုအတိုင်းပင် ထားရှိခဲ့သည်။ အမှန်ဆိုသော် ဤကိစ္စမှာ အသေးအဖွဲ့မျှသာ ဖြစ်၏။ သို့သော်လည်း



ဖြစ်ရပ်ကို ကြားသိရသော ပြည်သူတွေ အနေဖြင့်မူ များစွာ စိတ်နာကြည်းခြင်း ဖြစ်ခဲ့ကြရလေသည်။

မည်သို့ပင် ဖြစ်စေ စလေဒင်နှင့် မင်းတုန်းဘုရင်တို့ အကြားတွင် ဖြစ်ပေါ်ခဲ့သော ဤဖြစ်ရပ် နှစ်ခုတို့သည် မင်းတုန်းဘုရင်၏ စိတ်နေသဘောထားကို ထင်ရှား ပေါ်လွင် သိသာစေခဲ့သည်ကား အမှန် ဖြစ်ခဲ့၏။

●

www.burmeseclassic.com

www.burmeseclassic.com

## ရတနာပုံ၏ နေဝင်ချိန်

မင်းတုန်းဘုရင်သည် အိုမင်းလျက် ရှိပြီ။ ဘာသာရေးကို လေးစားကြည်ညိုသော သူ့ အမူအကျင့်ကြောင့်ပင် မင်းတုန်းဘုရင်သည် ဘွဲ့မြတ်ဘွဲ့ထူး တစ်ခုကို ထပ်မံ၍ ရရှိခဲ့လေသည်။ ယင်းကား ရဟန်းသံဃာ ၂၄၀၀ တို့ စုဝေး၍ သင်္ဂါယနာတင်ခြင်း အမှုကို ပြုလုပ်ပေးခဲ့သည်မှ စ၍ မင်းတုန်းဘုရင် ရရှိသော 'ပဉ္စမသင်္ဂါယနာတင်' မင်းတရား ဟူသော ဘွဲ့ပင်တည်း။

သူကား နှစ်ပေါင်း နှစ်ထောင် အတွင်းတွင် ပထမဆုံးအကြိမ်အဖြစ် သင်္ဂါယနာတင်ခဲ့သော ဘုရင်တစ်ပါး ဖြစ်ခဲ့သည်။ မန္တလေးနေပြည်တော် တစ်ရပ်လုံးမှာ အရေးပါသော သင်္ဂါယနာတင် အခမ်းအနားအတွက် စိတ်အား ထက်သန်လျက် ရှိကြ၏။ မကြာမီကပင် တပ်ဆင်ပြီးစီးခဲ့သော ကြေးနန်း ဆက်သွယ်မှုဖြင့် သင်္ဂါယနာတင် ပွဲသဘင်၏ သတင်းကောင်းများမှာ အခြားသော ဗုဒ္ဓဘာသာ နိုင်ငံအသီးသီးသို့ ပျံ့လွင့်သွားပြီ ဖြစ်လေသည်။

ဘာသာရေး ဆောင်ရွက်မှုများကို အလေးပေး၍ ပြုလုပ်နေခဲ့ပြီးလျှင် မိမိကိုယ်ပိုင် စီးပွားရေး ဖွံ့ဖြိုး တိုးတက်စေရန် ကြိုးပမ်း အားထုတ်

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့သည် ဖြစ်၍ မင်းတုန်းဘုရင်သည် နိုင်ငံတော်၏ အရေးပါသော ကိစ္စများကို ဆောင်ရွက်ရန် လစ်ဟင်းမှု ရှိခဲ့လေသည်။ ပြဿနာအရပ်ရပ်တို့သည် အမယ်ဘုတ်၏ သျှချည်ခင်နှယ် ရှုပ်ထွေးလျက် ရှိ၏။ နိုင်ငံတော်လုံခြုံရေး ကိစ္စများကိုလည်း မဆိုစလောက်သာလျှင် ဆောင်ရွက် လုပ်ကိုင်နိုင်ခဲ့သည်။

ဘုရင်မင်းမြတ်သည် မိမိ၏ အရိုက်အရာကို ဆက်ခံမည့် နန်းလျာနှင့် စုလျားရစ်ပတ် လက်ထပ်ရန် စလင်း စုဖုရားမင်းသမီးကို တစ်ပင်တိုင်မင်းသမီး အဖြစ် ရွေးချယ်ခဲ့သည်။ စလင်း စုဖုရားမှာ လင်းပင် မိဖုရား၏ သမီးတော် ဖြစ်၏။ သို့သော် ယင်း တစ်ပင်တိုင်မင်းသမီးနှင့် လက်ဆက်မည် ဖြစ်သော နန်းလျာ မိဖုရား ရွေးချယ်ထားခဲ့ရေး ကိစ္စကိုမူကား ခပ်ဆိုင်းဆိုင်း လုပ်နေခဲ့ပေသည်။ ၁၈၆၆ ခုနှစ်က ဖြစ်ပွားခဲ့သော နန်းတွင်း ပုန်ကန်မှုမျိုးကို နောက်တစ်ကြိမ် မကြုံချင်ပြီ။ နန်းလျာမင်းသားတစ်ပါးပါး ရွေးချယ်လိုက်ခြင်းဖြင့် အားလုံး သွေးဝမ်းကွဲစရာတွေ မုချဧကန် ဖြစ်ပေါ် လာပေတော့မည်ဟု မင်းတုန်းဘုရင်က တွေးမိခဲ့လေသည်။

ထိုအချိန်အတွင်း သီပေါမင်းသားငယ်လည်း အရွယ်ရလာပြီးလျှင် မြန်မာလူငယ်တို့ ထုံးတမ်းစဉ်လာအရ ရှင်ပြုမင်္ဂလာပြု၍ ဘုန်းတော်ကြီးကျောင်းတွင် သင်္ကန်းစည်းလျက် ရှိခဲ့၏။ ဒေါက်တာမတ် ထံတွင် ပညာသင်ကြား နေကြသူများထဲ၌ သီပေါမင်းသားသည် အမြဲတမ်း ရှေ့ဆုံးမှနေ၍ ပညာတော်သူ ဖြစ်ခဲ့သည်။ စာတော်ခြင်းနှင့် လက်ရေးလက်သားသေသပ် လှပခြင်းကြောင့် သူသည် ခမည်းတော် မင်းတရား၏ သဘောကျကျေနပ်မှုကို ရရှိခဲ့သည်။ စာမေးပွဲများတွင် အမှတ်ကောင်းကောင်း ရနေသော သီပေါမင်းသားအတွက် မင်းတုန်းဘုရင် ကိုယ်တိုင်ပင် မကြာခဏနှုတ်မှ ထုတ်ဖော် ကြွားဝါသည် အထိ ဖြစ်နေ၏။

သို့သော် သီပေါမင်းသားကို စာမေးပွဲ စစ်ဆေးသူတို့က ဘုရင့်သားတော် ဖြစ်နေ၍ မျက်နှာလိုက်ပြီး အမှတ်များ ပိုပေးခဲ့ခြင်း ရှိ မရှိ



တို့ကား မည်သူမျှ မသိနိုင်သော လျှို့ဝှက်ချက်အဖြစ် ထားရမည် ဖြစ်ပေသည်။

ယေဘုယျအားဖြင့် ဆိုလျှင် သီပေါမင်းသားနှင့် သူ၏ အပေါင်းအသင်းတို့သည် ဘုန်းတော်ကြီးကျောင်းတွင် ပညာ သင်ကြားနေစဉ်အချိန်ပြည့် စာသင်ခန်းထဲတွင် ရှိသည်တော့ မဟုတ်။ ဘာသာရေးသင်ခန်းစာများကိုလည်း လစ်ဟင်းမှု ရှိခဲ့သည်သာ ဖြစ်၏။ သင်္ကန်းစည်းနေသည့် အခိုက်အတန့်တွင်ပင်လျှင် နန်းတော်မှ မင်းသမီး အချို့ကလည်း ဘုန်းကြီးကျောင်းရှိ မင်းသားများ ထံသို့ ဝင်ထွက် သွားလာတွေ့ဆုံလျက် ရှိနေခဲ့လေသည်။

သီပေါမင်းသား၏ အနာဂတ် မည်မျှ တောက်ပြောင်လိမ့်မည်ဆိုခြင်းကို ကောင်းစွာ မသိရသေးမီကပင် အလယ်နန်းမတော် မိဖုရားသည် သမီးတော် စုဖုရားလတ်နှင့် သီပေါမင်းတို့ အကြား ရင်းနှီးကျွမ်းဝင်မှု ရှိစေရန် သမီးတော်ကို အားပေးအားမြှောက် ပြုနေခဲ့ပေသည်။ သီပေါမင်းသားသည် ဘာသာရေးတွင် ကိုင်းရှိုင်းသူ ဖြစ်၏။ ဤအရည်အချင်းသည် မင်းတုန်းဘုရင် မျက်စိကျစရာ ဖြစ်သည်။ တစ်နေ့နန်းလျာ ရွေးသောအခါတွင် မင်းတုန်းဘုရင်သည် သီပေါမင်းသားတို့ယင်း၏ ပြိုင်ဘက် ညီတော်၊ နောင်တော်များ၏ ရှေ့မှနေ၍ ဦးစားပေးရွေးချယ်နိုင်ဖွယ် ရှိသည်။ ဤသို့ အလယ်နန်းမတော် မိဖုရားက တွက်ချက်ကြည့်သည်။ သို့ဖြစ်၍ မိဖုရားသည် သမီးတော် စုဖုရားလတ်ကို သီပေါမင်းသားနှင့် ရင်းနှီး ကျွမ်းဝင်ရန် အားပေးခဲ့ခြင်း ဖြစ်ပေသည်။

အလယ်နန်းမတော်သည် မိဖုရားခေါင်ကြီး အပေါ်တွင် အမြဲတမ်းမနာလို ဝန်တိုစိတ် ပွားများနေခဲ့သည်။ ထို့ပြင် မိဖုရားခေါင်ကြီး၏ ရာထူးကိုလည်း အချိန် အတော်ကြာကပင် မျှော်လင့် တမ်းတနေသူ ဖြစ်သည်။ မိဖုရားခေါင်ကြီး တစ်ပါးတည်းက ဘာဖြစ်လို့ အခွင့်အာဏာတွေကို ရရှိနေတာလဲ၊ မိမိကဲ့သို့ အရည်အချင်းပြည့် မိဖုရား တစ်ပါးက မိဖုရားခေါင်ကြီးရဲ့ အခွင့်အာဏာမျိုး ဘာဖြစ်လို့ မရနိုင်ရတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် အလယ်နန်းမတော်က တွေးမိသည်။ မိမိလည်း ဘုရင့်သမီးတော် ဖြစ်ရာ မိဖုရားခေါင်ကြီး ရာထူးကို ရနိုင်ရေးအတွက် အခွင့်အလမ်းများကို စောင့်စားရင်း 'နေသေးသပ ချုံထဲက၊ ချိုသွေးသပ တမြုံမြုံ' ဖြစ်နေလေသည်။ မင်းတုန်းဘုရင်၏ သမီးတော်များ နားသမင်္ဂလာပွဲတွင် သူ စောင့်စားနေသော အခွင့်အရေးနှင့် ကြုံလေသည်။

အလယ်နန်းမတော် မိဖုရား၏ အငယ်ဆုံး သမီးတော်သည် နားသမင်္ဂလာ ပွဲတော်တွင် ပါဝင်ခဲ့သည်။ နားသမင်္ဂလာ ပွဲတော်ကို မင်းတုန်းဘုရင်နှင့် မိဖုရားခေါင်ကြီးတို့က ပလ္လင်တော်ပေါ်မှ နေ၍ ရှုစားတော်မူသည်။ မင်္ဂလာပွဲတော်လာ ပရိသတ်ကို ကပွဲဖြင့် ဧည့်ခံမည်ဖြစ်ပြီး မင်္ဂလာ ဆိုင်းဝိုင်းကြီးဖြင့်လည်း တီးမှုတ် ဖျော်ဖြေရန် စီစဉ်ထားပေသည်။

အခမ်းအနား စတော့မည့် အချိန်တွင် မင်းတုန်းဘုရင်နှင့် မိဖုရားခေါင်ကြီး အပါအဝင် အခြား ဧည့်သည်တော်များသည် မိမိတို့အတွက် သတ်မှတ်ထားသော နေရာအသီးသီးတွင် အသင့် ဖြစ်နေကြပြီ။ ကျောက်သံပတ္တမြားတို့ဖြင့် စီခြယ်ထားသော ကွမ်းအစ်နှင့် ရွှေထွေးခံတို့မှာ ပလ္လင်တော်ပေါ်ရှိ ဘုရင်မင်းမြတ်၏ ရှေ့တွင် အသင့် ချထားပြီး ဖြစ်ပေသည်။ မင်းတုန်းဘုရင်၏ လက်စွဲတော် ဖြစ်သော ပွဲကြည့်မှန်ပြောင်းသည်လည်း ဘုရင်မင်းမြတ်၏ ရှေ့တွင် အသင့် ချထားလျက်။

ထိုအချိန်တွင် မမျှော်လင့်သော အဖြစ်အပျက်တစ်ရပ် ရုတ်တရက် ဖြစ်ပေါ်ခဲ့လေသည်။ ဘုရင်နှင့် မိဖုရားခေါင်ကြီးတို့ စံမြန်းနေသော ပလ္လင်တော်၏ နောက်မှ တံခါးနှစ်ချပ် ပွင့်သွားပြီး အလယ်နန်းမတော် မိဖုရား ပေါ်ထွက်လာ၏။ မိဖုရားသည် မင်းတုန်းဘုရင်မင်းမြတ် ရှိရာသို့ လျှောက်လှမ်းလာပြီး ဘုရင်၏ ဘေးတွင် တည်ငြိမ်စွာဖြင့် ဝင်ရောက်နေရာယူလိုက်လေသည်။ အလယ်နန်းမတော်၏ အပြုအမူကို မြင်တွေ့ရသော မိဖုရားခေါင်ကြီးသည် ပြစ်တင် ရှုတ်ချသော အကြည့်ဖြင့် တစ်ချက်မျှ သိမ်သိမ်မွေ့မွေ့ ကြည့်လိုက်၏။ အခမ်းအနားသို့ တက်ရောက်နေရာယူပြီးကြသော မင်းသား၊ မင်းသမီးတို့မှာမူ အလယ်နန်းမတော်၏



အပြုအမူကို မြင်သော် အံ့ဩသွားပြီး တစ်ဦးနှင့် တစ်ဦး တီးတိုး တီးတိုး ပြောနေကြပေသည်။

မင်းတုန်းဘုရင်ကမူ အခြေအနေကို မြင်တွေ့ရပြီးနောက် မိမိကိုယ်ကို ထိန်းသိမ်းလျက် ဘာမျှ မပြောတော့ဘဲ အခမ်းအနား စတင်ရန် ညွှန်ကြားလိုက်သည်။

မိဖုရားခေါင်ကြီးသည် မိမိ အဆောင်တော်သို့ ချက်ချင်း ထ၍ ပြန်ကြွသွားလေတော့၏။ အလယ်နန်းမတော်၏ အပြုအမူမှာ မိမိကို ရိုင်းရိုင်းပျကျ စော်ကားလိုက်ခြင်း ဖြစ်သည့်ပြင် နန်းပလ္လင်ကိုလည်း အန်တု ဖက်ပြိုင်လိုက်ခြင်းလည်း ဖြစ်တော့သည်။ မင်းတုန်းဘုရင်သည် မိဖုရားခေါင်ကြီးကို နှစ်သိမ့် ဖျောင်းဖျရန်အတွက် သူ့ အဆောင်တော်သို့ လှမ်းကြွသွားလေ၏။ သို့သော် မိဖုရားခေါင်ကြီးမှာ ဘုရင်မင်းမြတ်၏ နှစ်သိမ့် ဖျောင်းဖျမှုကို နားမဝင်နိုင် ဖြစ်နေသည်။ အလယ်နန်းမိဖုရားက ဒိုလ်ပုံအလယ်တွင် မိမိကို ဤသို့ စော်ကားဝံ့သည်မှာ ဘုရင်မင်းမြတ်က သူ့ကို မြှောက်စား အလိုလိုက်ထား၍သာ ဖြစ်သည်ဟု မိဖုရားခေါင်ကြီးက စွပ်စွဲခဲ့လေသည်။ မင်းတုန်းဘုရင်က အလယ်နန်းမိဖုရား၏ အပြုအမူအတွက် အပြစ်ဒဏ် ချမှတ်ရန် စီစဉ်မည် ဆိုသော အခါတွင်မှ မိဖုရားခေါင်ကြီးသည် မိမိ စော်ကားခံရမှုအတွက် စိတ်ပြေခဲ့လေသည်။

သို့သော် အလယ်နန်းမိဖုရားသည် အပြစ်ဒဏ် တစ်စုံတစ်ရာ မခံခဲ့ရပါချေ။

မိမိ၏ သမီးတော်တစ်ဦး နားထွင်းမင်္ဂလာပွဲတွင် အလယ်နန်းမိဖုရား အနေဖြင့် ဂုဏ်ယူနိုင်ခွင့် မရှိပေဘူးလား။

ဘကြီးတော် ဘုရင်မင်းတရား၏ သမီးတော်တစ်ပါး အနေဖြင့် ပလ္လင်ပေါ်၌ တစ်ရက်တစ်လမျှပင် ခံစားခွင့် မရနိုင်တော့ပြီလော။

မင်းတုန်းဘုရင်သည် အဘက်ဘက်မှ ပြန်လှန် စဉ်းစားခဲ့ပြီး အလယ်နန်းမတော် မိဖုရား အပေါ်တွင် အပြစ်ပေးရန် စီစဉ်ထားချက်ကို ပြန်၍ ရုပ်သိမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



နောက် တစ်နှစ်မျှ မကြာမီပင် မိဖုရားခေါင်ကြီး နတ်ရွာစံ ကံတော်ကုန်ရှာလေသည်။ မိဖုရားခေါင်ကြီး နတ်ရွာစံခဲ့ခြင်းအတွက် ဘုရင်မင်းမြတ်မှာ များစွာ စိတ်ထိခိုက်ခြင်း ဖြစ်ရ၏။ မိဖုရားခေါင်ကြီးအတွက် ပူဇော်သည့် အထိမ်းအမှတ်ဖြင့် ဝတ်လဲတော် အဖြူကိုသာ ဆင်မြန်းနေခဲ့၏။ မိဖုရားကြီးအတွက် ကြေကွဲ ပူဆွေးခြင်းကြောင့်ပင်လျှင် ဘုရင်မင်းမြတ်လည်း အသက်တိုခဲ့ရခြင်း ဖြစ်ပေမည်။

မိဖုရားခေါင်ကြီးအတွက် သတိရ အထိမ်းအမှတ်အဖြစ် သချိုင်းဂူကို ဘုရင်မင်းမြတ်က အထူး စီမံ ဆောက်လုပ်ခဲ့၏။ သတိရ ပူဆွေးသည့် အနေဖြင့် ဘုရင်မင်းမြတ်သည် သချိုင်းဂူသို့ မကြာခဏ သွားရောက်ခဲ့သည်။ သချိုင်းဂူ အနီးတွင် နန်းတော်ငယ် တစ်ဆောင်ကို ဆောက်လုပ်ထားရှိပြီးလျှင် ရက်သတ္တပတ် အနည်းငယ် သွားရောက် စံမြန်းနေခဲ့လေသည်။

မိဖုရားခေါင်ကြီး နတ်ရွာ စံတော်မူသည်နှင့် တစ်ပြိုင်နက် အလယ်နန်းမတော်၏ တန်ခိုးအာဏာများ တစ်ရှိန်ထိုး မြင့်မားလာလေသည်။

မိဖုရားသည် ဘုရင်မင်းမြတ်ကိုပင် လွှမ်းမိုးစ ပြုလာ၏။ သို့သော်လည်း နတ်ရွာစံသွားသော မိဖုရားခေါင်ကြီး၏ နေရာတွင် မိမိကို အစားထိုးလျက် မိဖုရားခေါင်ကြီး အဖြစ် တင်မြှောက်ရန် အလယ်နန်းမိဖုရားက တောင်းဆိုသည်ကိုကား မင်းတုန်းဘုရင်က အလိုမလိုက်ခဲ့ပေ။ မိဖုရား၏ တောင်းဆိုချက်ကို ထင်ထင်ရှားရှား ငြင်းဆိုသည်ကား မဟုတ်။ မိမိ စဉ်းစားနေသည်ဟုသာ ပြန်ကြားခဲ့သည်။ မင်းတုန်းဘုရင်က အလယ်နန်းမတော်၏ အလိုဆန္ဒကို လိုက်လျော၍ ချက်ချင်းပင် မိဖုရားခေါင်ကြီး မြှောက်ပေးလိုက်လျှင် ရှေးဘုံနိဒါန်း၏ စည်းမျဉ်း ဥပဒေများနှင့် မကိုက်ညီဖြစ်မည်ကို စိုးရိမ်၍ ဖြစ်ပေသည်။

ဤတွင် မင်းတုန်းဘုရင်က ပြေလည်နိုင်မည့်နည်းကို စဉ်းစား ဆောင်ရွက်လေသည်။ သူသည် အလယ်နန်းမတော် မိဖုရားအား မိဖုရားခေါင်ကြီးတို့ ခံစားနိုင်သော အခွင့်အရေးများ ပေးထားလိုက်၏။



မိဖုရားခေါင်ကြီးမှသာ ခံစားခွင့်ရှိသော ထီးဖြူတော် တစ်လက် ဆောင်းခွင့်ပြုထားသည်။ ထားဝယ်နယ်မှ ဆင်ဖြူတော် အမ ကလေး ဖမ်းဆီးမိသဖြင့် နေပြည်တော်သို့ ဆက်သလိုက်ရာ ယင်း ဆင်ဖြူတော် ကလေးကို အလယ်နန်းမတော်အား ပေးအပ် ချီးမြှင့်လိုက်၏။ ဤဆင်ဖြူတော်ကလေး ရရှိသဖြင့် အလယ်နန်းမတော်မှာ 'ဆင်ဖြူမရှင်' ဆိုသော ဘွဲ့ထူးကို ရရှိ ခံစားခဲ့ရပေသည်။

မင်းတုန်းဘုရင်၏ အတုမရှိ စေတီတော်မြတ်သည် ၁၈၇၈ ခုနှစ်တွင် အပြီးသတ် တည်ဆောက်နိုင်ခဲ့ပေသည်။ ဤစေတီတော်မြတ်ကြီးကား မင်းတုန်းဘုရင် အသက်ထင်ရှား နေစဉ်အတွင်း နောက်ဆုံး တည်ထားနိုင်ခဲ့သော ဘာသာရေး အဆောက်အအုံကြီး တစ်ခု ဖြစ်ပေသည်။

ဘုရားစေတီ တစ်ဆူ တည်ပြီးလျှင် ပြုလုပ်နေကျ ထုံးစံအတိုင်း ခမ်းနား ကြီးကျယ်သော ဘုရားပွဲတော်ကြီးကို စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။ စေတီတော်အနီးတွင် ဘုရင်မင်းမြတ်နှင့် သူ၏ လွှတ်တော်အတွက် ယာယီစံနန်းတော်ကို တည်ဆောက်ထား၏။ နေပြည်တော်အတွင်းရှိ အခွန်ထမ်း ဆင်းရဲသားလူထုသည် ဘုရင်နှင့် သူ၏ အမှုထမ်းများအတွက် ညှိခံစရိတ်ကို အချိုးကျ လှူဒါန်း ထည့်ဝင်ကြရလေသည်။ ဥရောပတိုက်သားများ၊ တရုတ်၊ ကုလား စသော နိုင်ငံခြားသား အများအပြားကိုလည်း အလှူငွေ ထည့်ဝင်ရန် ဆော်ဩ ဖိတ်ခေါ်လေသည်။ ညဉ့်လုံးပေါက် မီးထိန်ထိန်ညီးစေလျက် ပွဲသဘင်များ၊ ယိမ်းများ၊ ထမင်းစားပွဲများ စသည်တို့ဖြင့် ဘုရားပွဲတော်ကို ခမ်းနား ထည်ဝါစွာ ကျင်းပခဲ့လေသည်။

ဘုရင်မင်းမြတ်သည် အတုမရှိ စေတီတော်သို့ ကျုံးတော်တွင်းမှ နေ၍ ကြွချီလာလေသည်။ ဖောင်တော်သည် ကြာပွင့် ကြာခက်များ ဝေဝေဆာဆာ ပွင့်နေသော ရေလမ်းမှ တစ်ဆင့် နန်းမြို့ကို ပတ်၍ တငြိမ့်ငြိမ့် ထွက်လာသည်။ နန်းမြို့ရိုး နောက်ခံနှင့် နန်းတော် ပြအိုးများမှ

www.burmeseclassic.com

www.burmeseclassic.com



စုလစ်မွန်းချွန် ပြာသာဒ် အဆောင်ဆောင်တို့၏ အကြားတွင် ခံ့ညားလှပစွာ ထွက်ပြူလာသော ဖောင်တော်ကို ကြည့်မြင်ရသည်မှာ ကြည်နူးဖွယ်ရာ ရှိလှတော့သည်။

ရွှေဖောင်များပေါ်တွင် လိုက်ပါလာသူတို့၏ ကိုယ်ပေါ်မှ ပိုး၊ ဖဲ၊ တတ္တိပါနှင့် ကျောက်သံပတ္တမြားတို့ အပေါ်သို့ နေရောင်ခြည်သည် တောက်ပစွာ ထွန်းလင်း ကျရောက်နေပေသည်။ တငြိမ့်ငြိမ့် ရွေ့လျားနေသော ဖောင်တော်ပေါ်မှ ဆိုင်းဝိုင်းများက သာယာငြိမ့်ညောင်းသော တေးသံများဖြင့် ဖျော်ဖြေ လိုက်ပါလျက် ရှိကြ၏။ ကျုံး၏ ဘေးတစ်ဖက်တစ်ချက်တွင် ရှိနေကြသော ပရိသတ်ကြီးမှာ တိုးမပေါက်အောင် စည်ကားနေပြီး ရွှေဖောင်ကြီးများ လှုပ်ရှား ရွေ့မျောနေကြသည်ကို ဝိုင်းကြည့်နေကြလေ၏။

တောက်တောက်ပပ ဆင်ယင်ထားသော စုလစ်မွန်းချွန်နှင့် ထည်ဝါနေသည့် လှေတော် တစ်စင်းပေါ်တွင် ပိဋကတ်သုံးပုံနှင့် အခြားကျမ်းစာအုပ်များကို အဆင့်ဆင့် မြင့်မားစွာ စီခြယ်၍ အဖိုးတန်ရတနာများအဖြစ် တယုတယ သယ်ဆောင်လာသည်ကို တွေ့ရ၏။ ကမ်းပေါ်မှ ပရိသတ်ကြီးသည် တရွေ့ရွေ့ တငြိမ့်ငြိမ့် သွားနေသော လှေတော်ပေါ်မှ ဤကျမ်းစာအုပ်များကို ရိုသေ ကိုင်းညွတ်စွာ ဦးခိုက် ကြည့်ရှုနေကြသည်။ ထိုခဏတွင် အဖိုးတန် ကျမ်းစာအုပ်များကို တင်ဆောင်လာသော လှေတော်သည် ကမ်းစပ်တွင် စိုက်ထူထားသော တိုင်တစ်တိုင်ကို အရှိန်ဖြင့် ဝင်ဆောင့်မိလေသည်။ ဤတွင် လှေတော်၏ ဦးကင်းတွင် ဆင်ယင်ထားသော ရွှေနားကွပ်သည် ပြာသာဒ်ထိပ်ဖျားမှ ကုန်းပတ်ပေါ်သို့ ပြိုလဲကျသွားတော့မည် ကဲ့သို့ ဖြစ်သွားခဲ့သည်။ အဖြစ်အပျက်ကို မြင်ရသူတိုင်းက စိုးရိမ်တကြီး ဖြစ်လျက် အဆိုပါ လှေတော်ကြီးသို့ ဝိုင်းလာကြ၏။ သို့သော် ကံကောင်း၍ပင် လှေတော်မှာ နောက်ထပ် ဘာမှ မဖြစ်တော့ဘဲ ရည်မှန်းသည့် နေရာသို့ ချောမောစွာ ရောက်သွားခဲ့ပေ၏။



ထိုအဖြစ်အပျက်ကို မင်းတုန်းဘုရင် ထံသို့ လျှောက်ထား အစီရင်ခံလေရာ ဘုရင်မင်းမြတ်မှာ များစွာမှ စိတ်မချမ်းမသာ ဖြစ်သွားခဲ့လေသည်။ အတိတ်နိမိတ်ကား သိပ်မကောင်းလှ။ ယင်းဖြစ်ရပ်ကြောင့် ဘုရင်မင်းမြတ် အနေဖြင့် လတ်တလော ဆုံးရှုံးမှုကား မရှိပါ။ သို့သော် ကံကြမ္မာဆိုးသည် အငြိုးနှင့် လာနေပါချေပြီ။

ဘုရားအနေကဇာ တင်လှူပွဲ ပြီးဆုံးသွားသော အခါတွင် မင်းတုန်းဘုရင်မင်းမြတ်သည် ဗုဒ္ဓရုပ်ပွားတော်ကို ဝင်ရောက် ဦးခိုက်ပူဇော် ကန်တော့၏။ သူသည် ဗုဒ္ဓရုပ်ပွားတော်၏ နဖူးဟော်တွင် စိန်ကြီးတစ်လုံးကို ကပ်လှူ ပူဇော်ရန် အစီအစဉ်ရှိသည်။ ရုပ်ပွားတော် အနီးသို့ တပ်လာစဉ် အနည်းငယ်မျှ အမြင့်သို့ တက်ရောက်ရလေ၏။ ထိုနေရာတွင် ဘုရင်မင်းကြီးသည် ခလုတ်တိုက်မိပြီး ဘေးသို့ လဲကျလုနီးနီးဖြစ်သွားသည်။

ဘုရင်မင်းမြတ် အနီးတွင် မင်းသမီးတစ်ပါး ရှိနေ၏။ မင်းသမီး၏ ပခုံးကို သူ လှမ်း၍ အားပြု ကိုင်တွယ်ခြင်း မပြုရလျှင် ဘုရင်အိုကြီးသည် ထိုနေရာတွင် မရှုမလှ လဲကျသွားတော့မည် ဖြစ်လေသည်။

ဤဖြစ်ရပ်ကြောင့် မင်းတုန်းဘုရင်မင်းမြတ်သည် နှလုံးတုန် ရင်ခုန်ရသည်အထိ ထိတ်လန့်သွား၏။

ဤနေရာတွင် ခလုတ်တိုက်မိ၍ လဲကျမည်သို့ ဖြစ်ရခြင်းနှင့် ကျုံးထဲတွင် လှေတော်၏ ကြုံခဲ့ရသော ဖြစ်ရပ်တို့ကို တစ်ဆက်တည်း တွေးတော ထိတ်လန့်နေသော ဘုရင်မင်းကြီးသည် နန်းမြို့ရိုးအတွင်းသို့ ချက်ချင်း ပြန်ကြွတော်မူရန် ဆုံးဖြတ်လိုက်လေသည်။

ဤ ယာယီစံနန်းတွင် မစံမြန်းလိုတော့ပြီ။

အပျော်ကြီး ပျော်ရမည့် အချိန်များသည် သောက မြူမှောင်များ ရစ်သိုင်း၍ နေလေပြီတကား။

ဤဖြစ်ရပ် သတင်းများသည် ဘုရားပွဲလာ ပရိသတ်အကြားတွင် ချက်ချင်း ပျံ့နှံ့သွားလေသည်။ ဤတွင် သတင်း ကြားရသူတိုင်းက သဘောတူညီကြသော အချက်တစ်ရပ် ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်အတွက် ကြမ္မာဆိုးနှင့် တိုးလေတော့မည် . . . ဟု။

ထိုနေ့က မင်းတုန်းဘုရင်မင်းမြတ် ကြုံခဲ့ရသော ဖြစ်ရပ်အတွက် အားလုံးကပင် တွက်ချက် ခန့်မှန်းမိကြသည်။ ဘုရင်မင်းမြတ်၏ နောက်ဆုံးနေ့များသည် နီးသည်ထက် နီးလာလေပြီ။

ယင်းသို့ ခန့်မှန်း စိုးရိမ်နေသူများတွင် ဆင်ဖြူမရှင် မိဖုရားလည်း ပါဝင်ခဲ့၏။ ယခုအခါတွင် မိမိအနေဖြင့် မင်းတုန်းဘုရင်၏ တရားဝင် မိဖုရားခေါင်ကြီး ဖြစ်ဖို့အရေးမှာ အခွင့်အလမ်း အလွန်ပင် နည်းနေပါပြီ။

ဘုရင် နတ်ရွာစံပြီးလျှင်ကား ပို၍ ဝေးလေတော့မည်။

ထိုအချိန်တွင် ဆင်ဖြူမရှင်သည် နန်းတော် အတွင်းရှိ မင်းသား၊ မင်းသမီးများကို စောင်းငဲ့ကြည့်သည်။ အချစ်ရေးရာ ဇာတ်လမ်းများ အကြား၌ နစ်မွန်းနေသော မင်းသား၊ မင်းသမီးတို့သည် မင်းတုန်းဘုရင် နတ်ရွာစံချိန်တွင် မည်သို့ ဖြစ်လာမည်ကို ကြိုတင် တွေးတောနေခြင်း မရှိကြပါ။

ဆင်ဖြူမရှင် မိဖုရားကမူ မြန်မာ့ထီးနန်း သမိုင်းအစဉ်အလာကို မျှော်ရှု၍ နန်းပလ္လင်သို့ သွားရာခရီးတွင် သွေးခင်းသော လမ်းသာ ရှိသည်ကို ကောင်းစွာ သဘောပေါက်၏။ ကတ္တီပါအိတ် အနီရောင်များနှင့် ဝါးရင်းတုတ်များဖြင့် ကွပ်မျက် သုတ်သင်ခြင်းများ၏ အဓိပ္ပာယ်ကို မိဖုရားသည် ကောင်းစွာ မျှော်ကြည့်ထားပေသည်။

ထို့ကြောင့် မိမိကိုယ်တိုင် ပြုလုပ် စီမံရမည့် အစီအစဉ်များနှင့် သမီးတော် စုဖုရားလတ်အတွက် လုံခြုံရေးကိစ္စများကို မိဖုရားသည် သေချာစွာ ကြိုတင် စီမံရသည်။

ရရှိသောအချိန်မှာ တိုတောင်းလှ၍ ဆောင်ရွက် စီမံစရာတွေကား များပြားလှဘိ၏။

ဆင်ဖြူမရှင် မိဖုရားသည် မိမိ၏ စီမံကိန်း သေချာ ကျနစွာ အောင်မြင်ရန် လျှို့ဝှက်စွာ ကျိတ်၍ ကြံစည်နေပါပြီ။

●

## မင်းတုန်းဘုရင် နတ်ရွာစံပြီ

မန္တလေးတောင်ခြေတွင် နှစ်စဉ် ကျင်းပ ပြုလုပ်မြဲဖြစ်သော စာတော်ပြန်ပွဲသို့ မင်းတုန်းဘုရင်မင်းမြတ် ကိုယ်တိုင် မပျက်မကွက် တက်ရောက် ချီးမြှင့်မြဲ ထုံးစံဖြစ်သည်။

သို့သော် မင်းတုန်းဘုရင် နတ်ရွာစံခါနီးနှစ် ဖြစ်သော ၁၈၇၈ ခုနှစ်တွင် ကျင်းပပြုလုပ်သည့် စာတော်ပြန်ပွဲတွင်မူ ဘုရင်မင်းမြတ် တက်ရောက် ချီးမြှင့်ခြင်းမပြုဘဲ သူ၏ ဝန်ကြီးများကို ဘုရင်၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်စေခဲ့ပေသည်။ ဘုရင်မင်းမြတ် ကိုယ်တိုင် တက်ရောက်လာခြင်း မရှိသောကြောင့် ဆရာတော်၊ သံဃာတော်များမှာ များစွာ စိတ်ပျက်သွားကြလေ၏။

ဘုရင်မင်းမြတ်ကိုယ်တိုင် တက်ရောက်လေ့ရှိသော ညီလာခံများလည်း မကျင်းပနိုင်သည်မှာ ကြာပြီ။ ဤတွင် ကောလာဟလ သတင်းများတဟိုမှ သည်မှ ထွက်ပေါ်လာကြလေသည်။

မန္တလေးနေပြည်တော် ဈေးထဲမှာ၊ ဧရာဝတီ မြစ်ကမ်းတစ်လျှောက်မှာ၊ ကျေးရွာမြို့နယ်တွေမှာ တီးတိုး ပြောနေကြသော သတင်းများအရ ဆိုလျှင် မင်းတုန်းဘုရင်မင်းမြတ် နတ်ရွာစံတော်မူပြီ။ ဖြိုးဖြောင့် အလောင်းတော်ကို မပုပ်မသိုးအောင် ဆေးစီရင်ထားပြီးပြီ ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးကိစ္စ အဝဝတွေကြောင့် ဘုရင် နတ်ရွာစံတော်မူသော သတင်းကို ထိန်ဝှက်ထားရသည်ဟုလည်း သတင်းတစ်ခုက ဆိုပြန်သည်။

ဤသတင်းများကို ချေဖျက်နိုင်ရန် ဘုရင်မင်းမြတ်သည် အတတ်နိုင်ဆုံး အားထုတ်လေသည်။ မင်းတုန်းဘုရင်သည် နာဖျားမကျန်း ဖြစ်နေသည်မှာ မှန်၏။ ဖျားနာနေပါလျက်နှင့် စက်ရာသလွန်ပေါ်မှ နေ၍ အားယူပြီး ထလာတော်မူသည်။ ထို့နောက် ညီလာခံခန်းမသို့ ကြွချီလာသည်။ သူသည် သီဟာသနပလ္လင်တော်ပေါ်သို့ အားယူ၍ တက်ခဲ့၏။ ဤပလ္လင်ပေါ်မှ နေ၍ မိမိအား ဂုဏ်ပြုချီးကျူး တင်ဆက် လျှောက်တင်အပ်သော ဘွဲ့ထူး ဂုဏ်ထူးများကို နောက်ဆုံးအကြိမ်အဖြစ် ဘုရင်မင်းမြတ်က ကြားနာတော် မူခဲ့လေသည်။

ဘုရင်မင်းမြတ်အတွက် ရွတ်ဆို ဖတ်ကြားနေသော ဘွဲ့ထူး ဘွဲ့မြတ်များ၏ ပဲ့တင်သံသည် ပန်းနုပန်းခက်များ ဝေဝေဆာနေသော နန်းတော်ညီလာခံ ခန်းမဆောင် အတွင်းဝယ် လွင့်ပျံ ပျောက်ကွယ်သွား၏။ အဖျားဝေဒနာကို ခံစား ဆောင်ကြဉ်းနေရသော ဘုရင်မင်းမြတ်သည် ကြားနိုင်ခြင်းငှာ မစွမ်းသာပြီ။

ကျောက်သံပတ္တမြားတို့ဖြင့် စီခြယ်ထားသော ပွဲကြည့်မှန်ပြောင်းသည်ပင် ဘုရင်မင်းမြတ်၏ ရှေ့တွင် ကိုင်ကွယ်မည့်သူ မရှိဘဲ ငြိမ်သက်စွာ လဲလျောင်း၍နေရရှာ၏။

ဘုရင်မင်းမြတ် တွေးတောနေသည်မှာ သူ၏ သလွန်ညောင်စောင်းပင် ဖြစ်သည်။ မိမိသည် ဤ သီဟာသနပလ္လင်ပေါ်မှ နေ၍ စက်ရာသလွန်ညောင်စောင်း ဆီသို့ သက်သက်သာသာဖြင့် မည်သို့ ပြန်လည် ကြွချီနိုင်မည်နည်း ဆိုသည်ကိုသာ တွေးတောလျက် ရှိ၏။ ဘုရင်မင်းမြတ်၏ ဦးခေါင်းပေါ်မှ ခေါင်းဆောင်းမကိုဋ်တော်ကို လည်းကောင်း၊ ကိုင်တွယ်ဆင်ထားသော အဖိုးတန် ကျောက်မျက်ရတနာများ စီခြယ်ထား၍ လေးလံလှသော ဝတ်လဲတော်အင်္ကျီကို လည်းကောင်း ဝတ်ဆင်ထားရသည်မှာ ပင်ပန်းလှပါပြီ။



နောက်ဆုံးတွင်ကား ဘုရင်မင်းမြတ်သည် သီဟာသန ပလ္လင်ပေါ်မှ နေ၍ ကြွလှမ်း ဆင်းသက်လာခဲ့၏။ ဤပလ္လင်တော်ပေါ်သို့ နောက်တစ်ကြိမ် ပြန်လည် လှမ်းတက်ရန်ကား ဝေးခဲ့လေပြီ။

ထိုအချိန်တွင် အလယ်နန်းမတော် ဆင်ဖြူမရှင် မိဖုရားသည် ဆောင်ရွက်ဖွယ်ရာတို့ကို ကျွမ်းကျွမ်းကျင်ကျင် အားထုတ် လုပ်ကိုင်လျက် ရှိပေသည်။ သူသည် မိမိဘက်တော်သားတွေကို အသေးစိတ် ရွေးချယ်ထားသည်။ ဝန်ကြီးများတွင် အကြီးအကဲ ဖြစ်သော ကင်းဝန်မင်းကြီးကို မိမိဘက်သို့ ပါအောင် စည်းရုံးရသည်မှာ အခက်အခဲဆုံး ဖြစ်သည်။

သို့သော် ကင်းဝန်မင်းကြီးကို မိမိဘက်သို့ ပါအောင် စည်းရုံးပြီးလျှင်ပင် အလုပ်ကိစ္စမှာ တစ်ဝက် သေချာနေပြီကို သိထား၏။

ဆင်ဖြူမရှင်က ကင်းဝန်မင်းကြီးကို ဆွဲဆောင်ရာတွင် မင်းတုန်းဘုရင်မင်းမြတ် နတ်ရွာစံပြီးသည့်နောက် တိုင်းပြည် ရင်ဆိုင်ရမည့် အတွင်းအန္တရာယ်များကို သေချာစွာ ရှင်းလင်း တင်ပြသည်။ မင်းသားအသီးသီးတို့ အကြားတွင် သွေးဖြင့် ဖြေရှင်းရသော နန်းလုပွဲ ဖြစ်လာမည့်အစွ၊ ထိုမှ ဆက်၍ မင်းမဲ့တိုင်းပြည်ပမာ တွေ့ကြုံရတော့မည့် ပြဿနာအရပ်ရပ်ကို တင်ပြလေသည်။

"သည်တော့ မင်းသားငယ် တစ်ပါးကို နန်းပေါ် ဆွဲတင်လိုက်တာဟာ အကောင်းဆုံး ဖြစ်မနေပေဘူးလား"

ဆင်ဖြူမရှင်က မေးခွန်းထုတ်လိုက်၏။

ဤသို့ မင်းသားငယ် တစ်ပါးကို နန်းတင်လိုက်သော်လည်း နန်းပလ္လင်၏ အာဏာအစစ်အမှန်မှာ သူ့ကို အကြံပေး ကွပ်ကဲမည့် ဝန်ကြီးများ၏ လက်ထဲ၌သာ ရှိရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဝန်ကြီးများကို ဦးစီးဦးကိုင် ပြုရမည့် ပုဂ္ဂိုလ်မှာလည်း ကင်းဝန်မင်းကြီးပင် ဖြစ်ကြောင်း တို့ကို ဆင်ဖြူမရှင်က ရှင်းပြပေသည်။

ထို့ပြင် ဗြိတိသျှအစိုးရကလည်း နယ်စပ်မြို့များ ဖြစ်သော တောင်ငူနှင့် သရက်မြို့များမှ နေ၍ မျက်စိကို ဒေါက်ထောက်၍ ကြည့်နေကြမည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ မိမိတို့နိုင်ငံကို အကြောင်းရှာပြီး ဝင်ရောက် သိမ်းပိုက်ရန် ဗြိတိသျှအစိုးရက ကြိုးပမ်းမနေဘူးလို့ ပြောနိုင်ပါ့မလား။

ဗြိတိသျှတို့၏ ရန်ကို ကာကွယ်ရန် ပြည်တွင်း၌ ငြိမ်းချမ်း သာယာမှု တို့ မရမနေ ကြိုးပမ်းယူရမည်ဟုလည်း ဆင်ဖြူမရှင်က ထောက်ပြပေသည်။

တိတ်ဆိတ် ငြိမ်သက်သော ညဥ့်အခါ နန်းတွင်းရှိ ပုဂ္ဂိုလ်အားလုံး စက်ခန်းဆောင်တွင် ငြိမ်သက်စွာ စက်တော်ခေါ်နေကြပြီ ဖြစ်သော အချိန်၌ ဆင်ဖြူမရှင် မိဖုရားသည် ကင်းဝန်မင်းကြီးကို အေးအေး ဆေးဆေး ရှင်းလင်း ပြောဆိုလျက်ရှိ၏။

မီးရောင် ခပ်မှိန်မှိန် ထွန်းညှိထားသော နန်းတော်အဆောင်၏ တံခါးဝတွင်ကား အပျိုတော်တစ်ဦး စောင့်ကြပ်နေသည်။ ဆင်ဖြူမရှင်နှင့် ကင်းဝန်မင်းကြီးတို့ တိုင်ပင် ပြောဆိုနေသည်များကို ချောင်းမြောင်း နားထောင်သူ ရှိက အချက်ပေးနိုင်ရန် စောင့်ကြပ် နေရခြင်းပင်တည်း။

ကင်းဝန်ကြီး၏ ဆေးပေါ့လိပ်မှ မီးရောင်ရဲရဲသည် ပတ္တမြားရတနာ သဖွယ် ညဥ့်အမှောင်၌ တောက်ပ၍ နေ၏။ ဆေးလိပ်မီးသည် အလင်းရောင် နည်းသော အခန်းတွင်းဝယ် ဝင်းဝင်းလက်လက် ဖြစ်နေပေသည်။ ပညာအမြော်အမြင် ကြီးမားသော ကင်းဝန်မင်းကြီးသည် စီမံကိန်းနှင့် ပတ်သက်၍ နက်နက်နဲနဲ စဥ်းစား တွေးတောလျက် ရှိ၏။ နန်းပလ္လင်ပေါ်တွင် တင်ထားသော ရုပ်သေးရှင်ဘုရင်သည် မိမိ လက်ခုပ်တွင်းက ရေ ဖြစ်နေပေလိမ့်မည်။

တစ်ခုတော့ မေးစရာရှိသည်။ ရုပ်သေးရုပ်သည် မည်သူနည်း။

နန်းပလ္လင်တွင် ရုပ်သေးရုပ် အဖြစ် တင်မြှောက်ထားမည့် ရှင်ဘုရင်သည် မည်သူ ဖြစ်မည် ဆိုသည်ကိုတော့ သိထားရန် လိုပေသေးသည်။

သီပေါမင်းသား မဖြစ်နိုင်ဘူးလား။ သူက ဆင်ဖြူမရှင်၏ သမီးတော် စုဖုရားလတ်နှင့် ချစ်ကြိုက်နေသည် မဟုတ်လား။



ဆေးပေါ့လိပ်ကို ဖွာရင်း ငြိမ်၍ စဥ်းစားနေသော ကင်းဝန်မင်းကြီးသည် တစ်ကိုယ်တည်း ပြုံးမိ၏။ မိမိ၏ အနာဂတ်တွင် ဆုပ်ကိုင်ထားနိုင်မည့် အခွင့်ထူးအတွက် သူသည် ကျေနပ်အားရစွာ ပြုံးမိခြင်း ဖြစ်သည်။ သီပေါမင်းသားနှင့် စုဖုရားလတ် မင်းသမီးတို့သည်ကား စင်စစ်ဆိုလျှင် ကလေးသာသာ အရွယ်မျှသာ ဖြစ်ကြ၏။ အတွေ့အကြုံ နုနယ်ကြပါသေး၏။ မိမိ လက်ထဲတွင် ဆုပ်ကိုင် ကစားနိုင်မည့် ရွှံ့ရုပ်ကလေးများ သာတည်း။

စီမံကိန်းသည် ဆက်လက် ရှင်သန် အကောင်အထည် ဖော်လျက် ရှိနေသည်။ သီပေါမင်းသား၏ ဖခင်အရင်း ဖြစ်ဖူးသော တိုင်တားမင်းကြီးသည် ဤစီမံကိန်းကို စိတ်ရော ကိုယ်ပါ ထောက်ခံလေသည်။ သူ့အနေဖြင့် သီပေါမင်းသားကို ငယ်စဥ်တောင်ကျေး ကလေးဘဝကပင် ပြုစု သိန်းကျောင်းလာရသည်။ ဒေါက်တာမတ်၏ ကျောင်းသို့ သီပေါမင်းသား ဘက်ရောက်ရစဥ်ကလည်း နောက်တော်က ပါခဲ့ဖူးသည်။ ယခုအခါတွင် မိမိအတွက် အကျိုးကျေးဇူး ဖြစ်ထွန်းရန် အခွင့်ကောင်းနှင့် ကြုံနေပေပြီ။ အတန့်အသတ် မရှိသော အောင်မြင်မှုများကို မိမိ ဆုပ်ကိုင်ရပေတော့ မည်။

လှေသင်းအတွင်းဝန်သည် သီပေါမင်းကို နန်းတင်ရေးနှင့် ပတ်သက်ပြီး ထောက်ခံရန် အသင့် ဖြစ်နေလေသည်။ သူကား ၁၈၆၆ ခုနှစ်က ဖြစ်ပွားခဲ့သော နန်းတွင်း ပုန်ကန်မှုတွင် မင်းတုန်းဘုရင်၏ အသက်ကို ဝင်ရောက် ကယ်ဆယ်ခဲ့ရာမှ ရာထူး တိုးတက်လာသူ ဖြစ်၏။ မိမိအနေဖြင့် အခွင့်ထူး ရတော့မည်ကို သူ တွက်မိသည်။ သီပေါမင်းသား ၏ အားနည်းချက်များ အပေါ်တွင် မူတည်၍ မိမိတို့ အမြတ်ထုတ်နိုင်မည် လော့ဟု သူ တွေးလေသည်။

မင်းတုန်းဘုရင် ကိုယ်တိုင်ကလည်း မိမိ၏ အရိုက်အရာ ဆက်ခံမည့် မြို့သနာအတွက် အဖြေတစ်ခု ထားရှိခဲ့ရန် စိတ်ဆုံးဖြတ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် နတ်ရွာစံလုဆဲဆဲ အသက်မြော့မြော့သာ ကျန်နေသော ဘုရင်မင်းမြတ်သည် မည်သို့သော ဆုံးဖြတ်ချက်ကို ပေးနိုင်ဦးမည်နည်း။

မိမိအနေဖြင့် အချိန်ကြာကြာ နေရတော့မည် မဟုတ် ဆိုသည်ကို ဘုရင်မင်းမြတ်သည် ကိုယ်တိုင်လည်း သိသည်။ သူ့ ပတ်ဝန်းကျင်တလည်း အရိပ်အမြွက် ဖော်ပြနေကြပေသည်။ နန်းတော်ထဲတွင် ရယ်မောသံ လုံးဝ မကြားရတော့ပြီ။ သွားလာ လှုပ်ရှားကြသူ အားလုံးမှာ ဖြည်းဖြည်းသာသာ လှုပ်ရှားကြရသည်။ မင်းတုန်းဘုရင် ဆုပ်ကိုင်ထားသော ဩဇာအာဏာ အရှိန်အဝါတို့ကို လွှဲပြောင်းရယူရန် ကြိုးပမ်းနေကြသော ဤအချိန်တွင် နန်းတော်အတွင်း၌ မည်သူမျှ ခြေသံပြင်းပြင်းပင် မနင်းဝံ့ကြပြီ။

သို့သော် စက်တင်ဘာ ၁၂ ရက်နေ့တွင် ဘုရင့်အမိန့်တော်တစ်ရပ် ထွက်ပေါ်လာလေသည်။ မင်းတုန်းဘုရင်မင်းမြတ်၏ မိန့်မှာချက်ကို နန်းတော်အတွင်းရှိ မင်းသားများ အားလုံး တက်ရောက်၊ နာယူကြရန် ပင်တည်း။

ဆင်ဖြူမရှင်မိဖုရား၏ အကြံအစည်ကို အကောင်အထည်ဖော်ရန် အချိန်ကျရောက်နေပေပြီ။ မိဖုရား၏ အကြံအစည်ကို ထောက်ခံထားကြသူ အားလုံးကမူ လျှို့ဝှက် ညွှန်ကြားချက်များကို လက်ခံ ရရှိထားကြပြီး ဖြစ်၏။

ဆင်ဖြူမရှင်မိဖုရား၏ အကြံအစည်မှာ ညောင်ရမ်းမင်းသား၏ မယ်တော်ဖြစ်သူ မြောက်ရွှေရေးဆောင်မိဖုရား ထံသို့ သတင်း ပေါက်ကြား ရောက်ရှိသွားလေသည်။ မိဖုရားက သားတော် ညောင်ရမ်း မင်းသားအား မင်းသားများ အစည်းအဝေးသို့ တက်ရောက်ခြင်း မပြုရန် သတိပေးထား လိုက်၏ ။ ညောင်ရမ်းမင်းသားမှာ ခါတိုင်းတွင် မင်းတုန်း ဘုရင်မင်းမြတ် ထံ၌ ခစားနေကျ ဖြစ်၏။ သို့သော် စက်တင်ဘာ ၁၂ ရက်နေ့တွင်မူ ညောင်ရမ်းမင်းသားနှင့် ညီတော် ညောင်အုပ်မင်းသားတို့သည် မင်းသားများ အစည်းအဝေးသို့ မတက်ဖြစ်ကြတော့ပေ။



မင်းတုန်းဘုရင်၏ ထူးခြားသော သားတော် မင်းသားများမှာမူ ဘုရင်မင်းမြတ်၏ အမိန့်အမှာကို ကြားနာရန် နန်းတော်သို့ စုဝေး တက်ရောက်ခဲ့ကြ၏။ သို့သော် မင်းသားတို့သည် ဘုရင်မင်းမြတ်ကို ဖူးမြော်ခွင့် မရကြပါပြီ။

နန်းတော်၏ ဓလေ့ထုံးစံအရ မင်းသားတို့သည် နန်းတွင်းသို့ လက်နက် တစ်စုံတစ်ရာ ကိုင်ဆောင်ခြင်း မပြုဘဲ ဝင်ရောက် ခစားရ သည်။ ဤတွင် မင်းသားတို့သည် ကင်းဝန်မင်းကြီး၏ လက်နက်ကိုင် တပ်သားများက ဝိုင်းဝန်း ဖမ်းဆီးခြင်းကို ခံကြရလေသည်။ မင်းသား များကို ဖမ်းဆီးပြီး အကျဉ်းချထားလိုက်သော အစီအစဉ်မှာ ဘာမျှ အခက်အခဲ မရှိဘဲ ပြီးပြည့်စုံသွားခဲ့ပေသည်။

သို့သော် လုပ်ကြံစီမံသူများ မေ့နေသော အချက်တစ်ခု ရှိနေ၏။ သူတို့သည် မင်းသားများကိုသာ ဖမ်းဆီးရန် အကြံရပြီး မင်းသားများ၏ မယ်တော်များကိုမူ မည်သို့မျှ ထိန်းသိမ်းရန် အစီအစဉ် မရှိခဲ့ပေ။ မိဖုရား များမှာ မင်းတုန်းဘုရင်မင်းကြီးထံ အခစားဝင်ခွင့် ရမြဲပင် ရနေပေသည်။

ရက်အတန်ကြာသောအခါ မင်းတုန်းဘုရင်မင်းမြတ်သည် မိမိ အမိန့်ပေးထားသည်ကို ပြန်လည်၍ သတိရလာသည်။

"မင်းသားတွေ ငါ့အမိန့် နာခံဖို့ ခေါ်ယူထားတာ ဘာလို့ မလာကြ သေးတာလဲ။ ငါ့အနားမှာ အမြဲမပြတ် ခစားပြီး စာသံပေသံ ရွတ်ဆို တော်ကြားနေကျ ဖြစ်တဲ့ ညောင်ရမ်းမင်းသားကော ဘယ်မှာလဲ"

ညောင်ရမ်းမင်းသားနှင့် သူ့ညီတော်တို့ကား ပျောက်ဆုံးနေလေ သည်။ နန်းတော်တွင်း၌ မင်းသားနှစ်ပါး ပျောက်ကွယ်နေခြင်းကို သတိ ပြုမိကြသည်၌ သူတို့ကို လိုက်လံ ရှာဖွေကြသည်။ မင်းသားများသည် ဆင်းရဲသားဟန် ဆောင်လျက် နန်းတွင်းမှ ထွက်ပြေးသွားပြီး နေပြည်တော် ဖြင်ပသို့ ရောက်သွားကြပြီကို နောက်မှ သိကြရ၏။

မင်းသားများသည် ဒေါက်တာမတ်၏ နေရာတွင် ဆက်ဆံသော ခရစ်ယာန် ဘုန်းတော်ကြီး 'မစ္စတာကောလ်ဘက်' ထံသို့ ပြေးဝင် ခိုလှုံ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ စိတ်ချရလောက်အောင် ပုန်းအောင်း နေထိုင်ကြပြီးမှ မင်းသားများက မစ္စတာကောလ်ဘက်ကို အကူအညီတောင်း၏။ "မိမိတို့၏ လွတ်မြောက်ရေးအတွက် အကြံပေး ကူညီပါ"

မင်းသားများ အနေဖြင့် မိမိတို့အတွက် စိတ်ချ လုံခြုံသော နေရာ တစ်နေရာသာ ရှိသည်ဟု မြင်ထားသည်။ ထိုနေရာမှာ ဗြိတိသျှသံရုံး အတွင်း၌ ဖြစ်၏။ သို့သော် သံရုံးအတွင်းသို့ ဝင်ရန်ကား မလွယ်ကူလှပါ။ အကြောင်းမှာ သံရုံး အဝင်ဝတွင် မြန်မာတပ်သားတစ်ဦး စောင့်ကြပ်နေ၍ ဖြစ်၏။ ဤ မြန်မာတပ်သားမှာ ဗြိတိသျှသံရုံးကို ကာကွယ် စောင့်ရှောက်ရန် အတွက် ရည်ရွယ်၍ ထားရှိခြင်းဖြစ်၏။ သို့သော် အဓိက ရည်ရွယ်ချက်မှာ မြန်မာဘုရင့် အမှုထမ်းများနှင့် ဗြိတိသျှသံရုံးတို့ အဆက်အသွယ်ကို သိရှိရန် ဖြစ်လေသည်။ ဗြိတိသျှသံရုံး အတွင်းသို့ ဝင်ရန် ကြိုးပမ်း အားထုတ်သော မည်သည့် မြန်မာအမျိုးသားကို မဆို ချက်ချင်း ဖမ်းဆီး ရမည်ဟု အမိန့်ထုတ်ထားပေသည်။ ဤအခက်အခဲကို ကျော်လွှန်လျက် မင်းသားများသည် ဗြိတိသျှသံရုံး အတွင်းသို့ မည်သည့်နည်းဖြင့် ဝင်ရောက်နိုင်အံ့နည်း။

ကံကောင်းသည်ဟု ဆိုရပေတော့မည်။

ညနေသို့ ရောက်သောအခါ မိုးရွာစ ပြုလာ၏။ မြန်မာတပ်သား အများမှာ သံရုံးဘေးရှိ တဲငယ်တွင် ဝင်ရောက် မိုးခိုနေစဉ် သံရုံးဂိတ်ဝရှိ အစောင့်တပ်သား တစ်ဦးတည်းကိုသာ ရင်ဆိုင်ရမည် ဖြစ်၏။

ဤတွင် လုပ်ငန်းကို စွန့်စား လုပ်ဆောင်ရန် မစ္စတာကောလ်ဘက် က ဆုံးဖြတ်လေသည်။

မင်းသားနှစ်ပါးသည် မစ္စတာကောလ်ဘက်၏ နောက်မှ နေ၍ ထီးနှင့် မီးအိမ်များကို ကိုင်လျက် အစေခံများသဖွယ် လိုက်ပါကြရသည်။ မစ္စတာကောလ်ဘက်က သံရုံးဝင်းအတွင်း နေထိုင်သူ မစ္စတာရှောထံ အလည်အပတ် သွားရောက်ခြင်း ဖြစ်၏။ သူတို့သည် ရွှံ့နွံထူထပ်သော လမ်းကလေးအတိုင်း လျှောက်လာကြရာ မစ္စတာကောလ်ဘက်က သူ့



အစေခံများအား မိမိနောက်က ဂရုစိုက်လိုက်ကြရန်၊ မီးအိမ်မှ အလင်းရောင် ကို သူ မြင်ရအောင် ပြကြရန် ကြိမ်းမောင်း ပြစ်တင်လျက်နေ၏။ သူတို့အနီးမှ ဖြတ်သန်းသွားသူ အချို့ကမူ "အင်္ဂလိပ်ဘုန်းကြီး တော့ မိုးရွာထဲမှာ သွားရလို့ စိတ်တိုနေလေရဲ့" ဟု ရယ်မောသွားကြ သည်။

သံရုံးအပြင်ဘက်တွင်မူ မိုးစိုနေ၍ စိတ်အပျက်ကြီး ပျက်နေသော အစောင့်တပ်သား တစ်ဦးသည် မြေကြီးပေါ်တွင် ဆောင့်ကြောင့် ထိုင်နေ သည်ကို တွေ့ရ၏။ သူသည် ပါးစောင်တွင် ခဲထားသော ဆေးပေါ့လိပ် ကို ဖွာလျက်ရှိ၏။ သူ့သေနတ်မှာ သူနှင့် ၁၂ ပေခန့် ဝေးသော ဝင်းထရံ တွင် ထောင်ထားသည်။ မိုးစိုထားသော သေနတ်၏ အရောင်မှာ အပြောင်ပြောင် တဝင်းဝင်း ရှိနေပေသည်။

သူသည် နေရာမှ မထဘဲ လှမ်း၍ အော်မေးနေ၏။ မှန်အိမ် တစ်လုံးကို မြှောက်၍ ကြည့်လိုက်သည်နှင့် သူ သိထားသော အင်္ဂလိပ် ဘုန်းတော်ကြီး ဖြစ်ကြောင်း နားလည်သွား၏။ ထို့ကြောင့် ၎င်းသည်ကို သံရုံးထဲသို့ ဝင်ခွင့်ပြုလိုက်သည်။ ဤသို့ဖြင့် မင်းသား နှစ်ပါးတို့လည်း သံရုံးအတွင်းသို့ ဘေးမသီရန်မခဘဲ ရောက်ရှိသွားရလေသည်။

နောက်တော့ ဗြိတိသျှသံအမတ်သည် ညောင်ရမ်းနှင့် ညောင်အုပ် မင်းသားနှစ်ပါးကို ဗြိတိသျှပိုင် မြန်မာနိုင်ငံသို့ ပို့ပေးလိုက်၏။ ထိုသို့ ပို့ဆောင်ရာတွင် အတော်ပင် ခဲခဲယဉ်းယဉ်း လုပ်ဆောင်ခဲ့ရသည်။ အကြောင်းမှာ မြန်မာအစိုးရသည် ဗြိတိသျှအမှုထမ်းများ၏ သွားလာ လှုပ်ရှားမှုများကို အထူးဂရုစိုက် ကြပ်မတ်နေချိန် ဖြစ်၏။

မင်းတုန်းဘုရင်၏ ကျန်းမာရေးမှာ 'တစ်နေ့ရွှေ တစ်နေ့ငွေ' ဖြစ်နေ သည်။ သူ သတိပြန်လည်ရရှိ၍ ညောင်ရမ်းမင်းသားနှင့် မိမိ၏ အခြား သားတော်များကို မေးမြန်းချိန်တွင် မိဖုရားအချို့သည် နန်းတွင်း လုပ်ကြံမှု ဇာတ်လမ်းကို ဘုရင်မင်းမြတ်ထံ သံတော်ဦး တင်နိုင်ကြလေသည်။ မိဖုရားများက ဘုရင်မင်းမြတ်ထံ လျှောက်ထားကြရာတွင် ဖမ်းဆီးထား သော သားတော်များ၏ အသက်ကို ကယ်တင်ပေးရန် ပါရှိလေရာ

www.burmeseclassic.com

www.burmeseclassic.com



သားတော်များအား အမြန်ဆုံး လွှတ်ပေးလိုက်ရန် မင်းတုန်းဘုရင်က အမိန့်ပေးလိုက်၏။

မင်းတုန်းဘုရင်မှာ စိတ်ကူးပြီးသား စီမံကိန်းတစ်ရပ် ရှိနေသည်။ ယင်းကို အကောင်အထည် ဖော်ပြီးသည့် အခါ၌ မိမိ၏ သားတော်များလည်း အသက်ဘေးအန္တရာယ်မှ လုံခြုံမည်၊ နိုင်ငံတော်လည်း ပြည်တွင်းစစ်မီးကြီးမှ လုံးဝ ကင်းဝေးတော့မည် ဖြစ်သည်။ ထိုအစီအစဉ်မှာ သူ့ခေတ် သူ့အခါ အနေဖြင့် အသင့်တော်ဆုံး ဖြစ်ပြီး သေလုမြောပါး ဖြစ်နေသော ဘုရင်မင်းမြတ်၏ ရှိသမျှ လုပ်ပိုင်ခွင့် ဩဇာအာဏာကို နောက်ဆုံး အသုံးပြုလိုက်ခြင်းလည်း ဖြစ်ပေသည်။

မင်းတုန်းဘုရင်သည် နန်းလျာ ရွေးချယ်ရန် မကြံရွယ်တော့ပြီ။ မိမိနိုင်ငံကို ပြည်နယ်ကလေးများအဖြစ် သုံးပိုင်း ပိုင်းလိုက်မည်။ ထို သုံးပြည်နယ်တို့တွင် သားတော်များ ဖြစ်သော သုံးဆယ်မင်းသား၊ မကွေးရာ မင်းသား၊ ညောင်ရမ်းမင်းသား သုံးပါးအား တစ်ပါးစီ ပေးအပ် အုပ်စိုးစေမည်။ အခြားသော သားတော်များမှာမူ မိမိတို့ ဆန္ဒရှိရာ ပြည်နယ်များသို့ လိုက်ပါ၍ နေထိုင်နိုင်ကြသည်။ ဘုရင်မင်းမြတ်သည် မင်းသား တစ်ပါးစီအား သင်္ဘောတစ်စင်းစီ ပေးအပ်လိုက်မည် ဖြစ်ရာ မင်းသားများ သည် မိမိတို့ ပိုင်စားရသော နယ်မြေများသို့ အချိန်မီ သွားရောက်ကြ မည်။ ဤနည်းဖြင့် မန္တလေးနေပြည်တော်မှ ထွက်ခွာပြီး ဖြစ်စေလိမ့်မည်။ တစ်ချိန်တည်းမှာပင် သူတို့၏ အသက်အန္တရာယ် အတွက်လည်း အာမခံချက် ရပြီး ဖြစ်နေပေတော့မည်။

ဘုရင်မင်းမြတ်၏ အမိန့်တော်ဖြင့် မင်းသားများကို အကျဉ်းမှ လွှတ်လိုက်၏။ သားတော်များသည် မင်းတုန်းဘုရင်မင်းမြတ်၏ ရှေ့တော် မှောက်သို့ ရောက်ရှိ ခစားလာကြသည်။ မိမိတို့အား အကျဉ်းမှ လွှတ်လိုက်ခြင်းအတွက် ကျေးဇူးတင်မဆုံး ဖြစ်နေကြ၏။

မင်းတုန်းဘုရင်က မိမိ၏ စီမံကိန်းကို ချက်ချင်း ကြေညာလိုက်လေ သည်။ "မင်းသားများသည် ဘုရင်မင်းမြတ် အပိုင်စားပေးလိုက်သော



ပြည်နယ်အသီးသီးသို့ ယခုချက်ချင်း သွားရောက် အုပ်စိုးကြ။ နှောင့်နှေး ကြန့်ကြာခြင်း လုံးဝ မရှိစေရ"

ယခုပင် မင်းသားတို့သည် သင်္ဘောများရှိရာသို့ တန်းပြီး ဆင်းကြ တစ်ခါတည်း ထွက်ခွာကြဟုလည်း ဘုရင်မင်းမြတ်က မိန့်မှာလျက်ရှိ၏။

သနားစရာကောင်းသော ဤမင်းသားငယ်များ၏ လွတ်မြောက်ရေး အတွက် မျှော်လင့်ချက်မှာ မရေမရာ ရှိလှ၏။ အကြောင်းမှာ မင်းတုန်း ဘုရင်မင်းမြတ်၏ အမိန့်သည် နန်းတော် ပြာသာဒ်ဆောင်၏ ဝန်းကျင် ဘုရင်မင်းမြတ် လဲလျောင်း စံမြန်းတော်မူရာ ဒေသတစ်ဝိုက်တွင်သာ အာဏာတည်နေ၍ ဖြစ်သည်။

မကွေးရာမင်းသားသည် မိမိတို့အား အသက်ဘေးအန္တရာယ်မှ လွတ်ကင်းစေရန် မင်းတုန်းဘုရင်မင်းမြတ်၏ ဆောင်ရွက်မှုအတွက် ကျေးဇူးတင်မဆုံး ရှိလှသောကြောင့် ဘုရင်မင်းမြတ်၏ သလွန်တော် အနီးတွင် ဒူးထောက်ချရင်း ဖခမည်းတော်ကို ရှိခိုး ဦးခိုက်လိုက်၏။ ဘုရင် မင်းမြတ်၏ ခြေတော်အစုံကို မိမိ ဆံပင်များဖြင့် ပွတ်သပ်လျက် အကြိမ်ကြိမ် ကန်တော့နေလေသည်။

မင်းတုန်းဘုရင်က မိမိ၏ အစီအစဉ်များအတိုင်း သားတော်များ အမြန် ဆောင်ရွက်ကြရန် အထပ်ထပ် တိုက်တွန်းနေသည်။

သားတော်များသည် သူတို့၏ မယ်တော်များ၊ နှမတော်များနှင့် မြောက်ဥယျာဉ်တော်တွင် တွေ့ဆုံ နှုတ်ဆက်ကြရန် အစီအစဉ် လုပ်ကြ သည်။ ထို့နောက် သူတို့သည် မန္တလေးနေပြည်တော်မှ အပြီးအပိုင် ထွက်ခွာကြမည်။ မင်းတုန်းဘုရင်မင်းမြတ် ကိုယ်တော်တိုင် လက်ခွတ် ထိုး၍ ထုတ်ပြန်သော အမိန့်အမှာတော် နောက်ထပ် မထွက်သမျှ မင်းသား တို့သည် မန္တလေးနေပြည်တော်သို့ ဘယ်တော့မှ ပြန်လာရန် မရှိတော့ပြီ။

ဘုရင်မင်းမြတ်၏ အမိန့်ကို သံတော်ဆင့်မှ တစ်ဆင့် လွှတ်တော် သို့ ပေးပို့လိုက်ရာ တိကျစွာ လိုက်နာကြမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကင်းဝန်မင်းကြီးသည် လွှတ်တော်သို့ တင်ပို့သော ဘုရင်အမိန့်ကို မိမိကိုယ်တိုင် ဆုံးဖြတ်ချက်ဖြင့် ပြန်လည် နုတ်သိမ်းပြီး ဘုရင်မြတ်၏ သလွန်စက်ရာ၌ မင်းသားများ စုဝေးနေကြဆဲ အချိန်မှာပင် လွှတ်တော် အစည်းအဝေးကို ချက်ချင်း ခေါ်ယူ ကျင်းပလေသည်။

အခြေအနေ အရပ်ရပ်နှင့် ပတ်သက်၍ ကင်းဝန်မင်းကြီးက ဝန်ကြီးများကို ရှင်းပြလေသည်။ ဘုရင်မင်းမြတ်၏ ဆုံးဖြတ်ချက်မှာ မှားယွင်းကြောင်း ထောက်ပြလေသည်။

ကင်းဝန်မင်းကြီးက လက်ငင်း ကြုံတွေ့နေရသော အခက်အခဲများကို ပြေလည်စေရန် သီပေါမင်းသားကိုသာ နန်းတင်လိုက်ရန်သာ ရှိကြောင်း ပြောဆိုလေသည်။

ဘုရင့်သံတော်ဆင့် အတွင်းဝန်က တင်ပြသော ဘုရင်မင်းမြတ်၏ အမိန့်ကို လွှတ်တော်ဝန်ကြီးများသည် အောင့်အည်း သည်းခံလျက် နားထောင်နေရပြန်သည်။ သံတော်ဆင့် အတွင်းဝန်က ထိုအမိန့်ကို ထုတ်ပြန် ပြောဆိုပြီး ထွက်ခွာသွားသည်နှင့် ကင်းဝန်မင်းကြီးသည် နန်းတော်စောင့် တပ်မှူးကို ခေါ်ယူလိုက်သည်။ ကင်းဝန်မင်းကြီးက အမိန့်တစ်ရပ်ကို ချက်ချင်း ထုတ်ပြန်လျက် တပ်မှူးအား ပေးအပ်လိုက်၏။ မင်းသားများကို ချက်ချင်း ပြန်လည် ဖမ်းစေရန် အမိန့်ပေးတည်း။

လက်နက်ကိုင် တပ်သားများသည် မြောက်ဥယျာဉ်တော်ကို ဝိုင်းလိုက်ကြ၏။ မင်းသားများမှာ သူတို့၏ မိခင်များနှင့် နှုတ်ဆက်စကား ဆို၍မှ အားမရသေးမီ လက်နက်ကိုင်တပ်သားများ၏ အဖမ်းအဆီးကို ခံလိုက်ကြရ၏။ ဖမ်းထားသော မင်းသားများကို အကျဉ်းထောင်သို့ ချက်ချင်း ပို့လိုက်လေသည်။

သုံးဆယ်မင်းသားနှင့် မက္ခရာမင်းသားတို့မှာ ခွန်နှင့်အားနှင့် ပြန်လည် ခုခံကြသေးရာ ရုန်းရင်းဆန်ခတ် ဖြစ်နေစဉ်မှာ ယင်း မင်းသား အချို့ ယွက်ပြေး လွတ်မြောက်သွားကြလေသည်။



နန်းတော်တွင်း၌လည်း မင်းတုန်းဘုရင် ထံသို့ အခြားမင်းသမီး…း မိဖုရားများ ဝင်ထွက် ခစားခွင့်ကို ဆင်ဖြူမရှင် မိဖုရားက ပိတ်ပင်…ားဆီးထားလိုက်သည်။ မင်းသမီးများနှင့် မိဖုရားများသည် မိမိတို့…ဆောင်များ အတွင်း၌သာ နေကြရပြီး အပြင်သို့ လုံးဝ ထွက်ခွင့်…ရတော့ပြီ။ သီပေါ၏ လူများသည် အခြေအနေအရပ်ရပ်ကို ပြန်လည်…ပ်ကဲသွားနိုင်ပြီ ဖြစ်ပေသည်။ သို့သော် အခြားမင်းသားများ သံသယ…င်းစေရန် သီပေါမင်းသားမှာလည်း ဖမ်းဆီး ထိန်းသိမ်းထားခြင်း…နေရဆဲ ဖြစ်သည်။

မင်းတုန်းဘုရင်မင်းမြတ်မှာမူ မိမိ အစီအစဉ်နှင့် ပတ်သက်၍…တ်ချလက်ချ ရှိနေပြီဖြစ်ရကား "အခုဆိုရင် သားတော်တွေ နန်းမြို့…ဖြင့် ရောက်လောက်ပြီ။ အခုဆိုရင် သဘော်ပေါ် ရောက်ရောပေါ့။ …ခုဆိုရင် ခရီးထွက်သွားကြပြီလေ" စသည်ဖြင့် တစ်ကိုယ်တည်း ပြောဆို…နေလေသည်။

ထို့နောက် တစ်ရက်၊ နှစ်ရက်ခန့် ကြာသောအခါတွင်မူကား "အခု…ိုရင် သားတော်တွေ သူတို့ နယ်တွေကို ရောက်ပြီး အုပ်ချုပ်နေကြရော…ါ့" ဟု ပြောနေပြန်သည်။ မိမိ၏ လူယုံတော် မိဖုရားများနှင့် အတူ…င်းတုန်းဘုရင်မင်းမြတ်၏ အပါးသို့ လာရောက် ခစားနေသော ဆင်ဖြူမရှင်…ဖုရားက မင်းတုန်းမင်း၏ ပြောသမျှကို နားထောင်ပြီး အားပေးစကား…ပြောကြားရင်း အယုံသွင်းနေလေသည်။

သို့သော် နန်းတွင်း လုပ်ကြံမှုကြီးမှာ တရားဝင် ဖြစ်အောင်…ဆောင်ရွက်ရန် လိုသေးသည်။ "မင်းတုန်းဘုရင်မင်းမြတ် ကိုယ်တိုင်က…မိ၏ အရိုက်အရာကို ဆက်ခံရန် သီပေါမင်းသားကို နန်းမွေပေးခဲ့…သည်။ ထိုသို့ ပေးခြင်းမှာ ဗြိတိသျှတို့၏ ရန်ကို ကာကွယ်ရန် ဖြစ်သည်" …သည်ဖြင့် ပြောဆိုနိုင်ရန် ဇာတ်တိုက်ကြရဦးမည်။

ဤတွင် လွှတ်တော်အစည်းအဝေးကို နောက်တစ်ကြိမ် ထပ်၍…ခေါ်ယူရပြန်၏။ ဤတစ်ကြိမ် ခေါ်ယူသော လွှတ်တော် အစည်းအဝေး

www.burmeseclassic.com

www.burmeseclassic.com



မှာ မင်းတုန်းဘုရင်မြတ်၏ နန်းမွေ ဆက်ခံမည့် မင်းသားတစ်ပါးကို ရွေးချယ်၍ ဘုရင်မင်းမြတ်ထံ တင်ပြရန် ဖြစ်သည်။

ကင်းဝန်မင်းကြီးက လွှတ်တော်တွင် ရှင်းပြသည်မှာ လွှတ်တော်ဝန်ကြီးများသည် နန်းမွေခံမင်းသား ရွေးချယ်ရေးအတွက် အကြံပေးရုံမျှ တစ်ပါး သည့်ထက် ပို၍ ဘာမှ လုပ်ဆောင်နိုင်ခွင့် မရှိကြောင်း၊ နန်းမွေ ဆက်ခံမည့် မင်းသားကို နောက်ဆုံးပိတ် ဆုံးဖြတ် ရွေးချယ်နိုင်ခွင့် အာဏာမှာ ဘုရင်မင်းမြတ်ထံ၌သာ ရှိကြောင်း စသည်ဖြင့် ပါရှိ၏။

မင်းသားများ နာမည် ပါရှိသည့် စာရင်းကို ကြည့်၍ ဝန်ကြီးများသည် မိမိတို့ သဘောတွေ့သော မင်းသား၏ နာမည်ကို အမှတ်အသား ပြု၍ ဆန္ဒပေးနိုင်ကြသည်။ ကင်းဝန်မင်းကြီးသည် သီပေါမင်းသား၏ နာမည်ဘေးမှာ အမှတ်အသားပြု၍ ဆန္ဒပေးလိုက်ပြီး စာရင်းကို တခြား ဝန်ကြီးများထံ လက်ဆင့်ကမ်းလေသည်။

အစည်းအဝေးတွင် အကျပ်ကိုင်ခြင်း မရှိပေ။ အရာရာကို ပွင့်ပွင့် လင်းလင်း တင်ပြ ပြောဆိုကြပြီး နံရံကပ် သင်ပုန်းတွင် ထင်ရှားစွာ ရေးသား ဖော်ပြသည်။ သီပေါမင်းသားမှာ လွှတ်တော်၏ သဘောတူ ရွေးချယ်ခံရသော နန်းမွေခံမင်းသား ဖြစ်လာလေသည်။ သီပေါမင်းသားမှ တစ်ပါး အခြားမင်းသားများ နန်းမွေ ဆက်ခံနိုင်ခွင့် အလားအလာ မရှိပြီမို့ ဝန်ကြီးများ သဘောကျ ကျေနပ်နေကြလေသည်။

ဤ ဆန္ဒပြုစာရင်းကို လွှတ်တော်မှ တစ်ဆင့် ဆင်ဖြူမရှင် မိဖုရားထံ လက်ဆင့်ကမ်းပြီး မိဖုရားက မင်းတုန်းဘုရင်ထံ တင်ပြမည် ဖြစ်တော့၏။ လွှတ်တော်က ရွေးချယ်ထားသော မင်းသားကို မင်းတုန်းဘုရင်မင်းမြတ်၏ အတည်ပြုချက်ရရန် ဆောင်ရွက်ကြရဦးမည်။

လွှတ်တော်မှ ရွေးချယ်ထားသော နန်းမွေခံမင်းသား၏ အမည် စာရင်းကို ဆင်ဖြူမရှင်မိဖုရားသည် မင်းတုန်းဘုရင်မင်းမြတ်ထံ တင်ပြ လေသည်။ ဘုရင်မင်းမြတ်သည် စာရင်းကို ယူကြည့်ပြီးနောက် ဘာမှ မပြောဘဲ အသာ ချထားလိုက်၏။



မင်းတုန်းဘုရင်သည် အဆိုပါ နန်းမွေခံမင်းသား စာရင်းတွင် သဘောတူကြောင်း လက်မှတ် ရေးထိုးခြင်း မရှိခဲ့ပေ။ ထို့ဖြင့် သံသယ ရှိစရာ တစ်ချက်မှာ ဘုရင်မင်းမြတ်သည် ဆင်ဖြူမရှင် မိဖုရား၏ ရှင်းလင်း တင်ပြချက်ကိုပင် နားလည်သော အခြေအနေတွင် ရှိမှ ရှိရဲ့လား။

ထို့နောက် တစ်ရက်၊ နှစ်ရက် အကြာ ၁၈၇၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ဘုရင်မင်းမြတ် နတ်ရွာစံ ကံတော်ကုန်သွားခဲ့လေသည်။ ဤတွင် နောက်ဆုံး ကြုံတွေ့ကြရတော့မည့် အန္တရာယ် ဘေးဒုက္ခများ သည် နီးသည်ထက် နီးလာလေပြီ။ နိုင်ငံတော်သည် မီးစာကုန်ဆီခန်း ဖြစ်ရလေတော့မည်။ အင်းဝရွှေနန်းတော်ကို လက်ဆင့်ကမ်း စိုးစံ ဆက်ခံ လာသော ခေတ်သည် နိဂုံးကမ္ပတ် အဆုံးသတ်ချိန် ရောက်ပေတော့မည်။

သို့သော် ကင်းဝန်မင်းကြီးနှင့် သူ၏ ဝန်ကြီးများကား အနာဂတ် ကာလအတွက် စိုးစိမ့် သံသယမရှိကြ။ ဆင်ဖြူမရှင်မိဖုရား အနေဖြင့် လည်း ဘာမှ တွေးတောနေစရာ မရှိ။ သူ၏ သမီးတော် စုဖုရားလတ် သည် သီပေါဘုရင်၏ တောင်ညာစံဒေဝီ မဟေသီ မိဖုရားကြီးအဖြစ် ဘိသိက်ခံတော့မည်မှာ သေချာ၍ နေလေပြီတည်း။

●

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယပိုင်း

# သီပေါနှင့် စုဖုရားလတ်

www.burmeseclassic.com

www.burmeseclassic.com

## ဘုရင်မင်းမြတ် သက်တော်ရှည်ပါစေ

င်းတုန်းဘုရင်မင်းမြတ်၏ အလောင်းတော်ကို ရက်သတ္တ ခုနစ်ပတ်မျှ သား၍ ပူဇော်ကန်တော့ကြလေသည်။

ပဟိုရ်ရှိစည်မှ နေ့ နှစ်ချက် တီးချိန်တွင်တွင် ဘုရင်မင်းမြတ်၏ အလောင်းတော်အား နောက်ဆုံး ကန်တော့ သင်္ဂြိုဟ်ခြင်းအမှုကို ပြုကြ၏။ ဘုရင်မင်းမြတ်၏ အလောင်းတော်ကို ပိတ်ဖြူကြိုးဖြင့် မှန်နန်းဆောင်သို့ န်ကြီးများက ဆွဲယူလာကြသည်။ အဖြူရောင်ကား နိုင်ငံတော်၏ မ်းနည်းခြင်း အထိမ်းအမှတ် အရောင်ပင် ဖြစ်သည်။ လွှတ်တော်အမှုထမ်း အားလုံးသည် အဖြူရောင်ဝတ်စုံများကို ဝတ်ဆင်ထားကြပေသည်။

ကောလာဟလတွေကား မကြားချင်အဆုံး ဖြစ်နေ၏။ အချို့ ကလည်း ပြည်တွင်းစစ်ကြီး ဖြစ်လုနေပြီဟု ဆိုကြသည်။ အချို့ကမူ အန္တရာယ်တွေ ကြားထဲက ဘယ်လို ဘုရင်များ ပေါ်ထွန်းလာမည်လဲဟု းစမ်းသည်။ တစ်စွန်းတစ်စမျှ သတင်းကြားပြီးသူတို့ကမူ သီပေါမင်းသား ၏ နာမည်ကို ထုတ်ဖော် ပြောဆိုလာကြသည်။ သို့သော် သည်သတင်း ကို ကြားသူတို့က မယုံဟန်ဖြင့် ပြုံးကြ၏။ သာမန်မိဖုရား တစ်ပါး၏ သားတော်က ဘုရင် ဖြစ်လာမယ်တဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်၏ အလောင်းတော်ကို ကျောက်မျက်ရတနာများ စီခြယ်ထားသော ရွှေသလွန်တော်ပေါ်၌ တင်ထားသည်။ မျက်နှာ၊ လက်နှင့် ခြေထောက်တော်များကို ရွှေချထား၏။ သလွန်တော်၏ ဘေးတစ်ဖက်စီတွင် ဘုရင့် ထီးဖြူ ရှစ်လက်ကို မိုးကာထားပေသည်။ သလွန်တော် အနီးတွင် ဘုရင့်မကိုဋ်တော်၊ ရွှေဓား၊ ကျောက်သံပတ္တမြားစီခြယ်သော ကွမ်းအစ်တော်နှင့် ထွေးခံ စသည်တို့ကို ဆင်ယင် ထားရှိ၏။ ဆင်ဖြူမရှင်မိဖုရား ကိုယ်တိုင် ရွေးချယ်ထားသော မိဖုရားနှင့် သမီးတော်များက ဘုရင့်အလောင်းတော် အနီးတွင် ဒူးထောက်လျက် ဒေါင်းမြီးယပ်များဖြင့် ယပ်ခတ်ပေးနေကြရ၏။

နန်းမြို့တံခါးများကို ရက်သတ္တပတ်လုံးလုံး ဖွင့်ထားသည်။ ထောင်ပေါင်းများစွာသော ပြည်သူတို့သည် ဘုရင်မင်းမြတ်ကို နောက်ဆုံးလာရောက် ကန်တော့ကြသည်။ အစောင့်တပ်သားများက ခပ်လှမ်းလှမ်းမှ နေ၍ စောင့်ကြပ် ကြည့်ရှုနေကြသည်။ ပြည်သူတို့သည် ဘုရင့်အလောင်းတော်ကို ဝပ်တွား ဦးခိုက်၍ အရိုအသေပြုပြီး ထွက်ခွာကြရသည်။

သီပေါမင်းသားသည် ရွှေနန်းရှင်အဖြစ် စိုးစံလေပြီ။ သူသည် နန်းတော်အတွင်း၌ ဟန်ချီ၍ ကြွလှမ်းသွားလာလျက် ရှိ၏။ တစ်ချိန်က မင်းတုန်းဘုရင်မင်းမြတ်၏ အနီးအပါးသို့ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် သွားလာနေရသော သီပေါမင်းသားသည် ယခုအခါတွင် နန်းတော်အတွင်း၌ စိတ်တိုင်းကျ သွားလာ လှုပ်ရှားလျက် အမိန့်ပေးနိုင်ပြီ ဖြစ်ပေသည်။ ဘုရင်မင်းမြတ် သက်တော်ထင်ရှား ရှိစဉ်အခါက မသွားဝံ့ မလာဝံ့ ဖြစ်နေသော နန်းတော်အဆောင် အသီးသီးသို့ မိမိ သွားရောက်လျှင် တားမြစ် ဟန့်တားဝံ့သူ မရှိတော့ပြီ။

လွန်ခဲ့သော ရက်သတ္တပတ် အနည်းငယ်ကဆိုလျှင် မှူးငယ် မတ်ငယ်များက ပင်လျှင် မိမိကို မင်းသားငယ်တစ်ပါးအဖြစ် အရိုအသေ မပေးချင်ကြ။ ယခု သူတို့သည် မိမိရှေ့တွင် ပြားပြားဝပ်နေကြပြီ။



ယခုအခါတွင် သီပေါမင်းတရားသည် စုဖုရားလတ် မင်းသမီးနှင့် လက်ဆက်ရတော့မည်။ ထို့နောက် တစ်ပင်တိုင် မင်းသမီးနှင့် အခြားသော မိန်းမပျိုများနှင့် လက်ဆက်ရပေဦးမည်ဟု သီပေါမင်းတရား တွေးမိသည်။

မင်းတုန်းဘုရင်မင်းမြတ် နတ်ရွာမစံမီကပင် ဘုရင်မင်းမြတ်၏ ဆန္ဒကို ကြိုတင်ပြီး ကြပ်ကြပ်မတ်မတ် မိန့်မှာခဲ့သည်။ မိမိ နတ်ရွာစံတော်မူလျှင် မီးသဂြိုဟ်ခြင်း မပြုလေနှင့်ဟု။

ဘုရင့် အမှာစကားအတိုင်း အလောင်းတော်ကို မြေမြှုပ် သဂြိုဟ်ခြင်း ပြုကြမည်ဖြစ်ရာ နန်းတော်မြို့ရိုးပြင်ပတွင် မြှုပ်နှံပြီး သင်္ချိုင်းဂူတစ်ဂူကိုလည်း ချက်ချင်း တည်ဆောက်ကြရမည် ဖြစ်ပေသည်။

ဘုရင်မင်းမြတ်အား နောက်ဆုံး ဖုတ်ကြည်းသဂြိုဟ် ကန်တော့ခြင်း ပြုရာတွင် ခမ်းနား ကြီးကျယ်စေရန် အထူး ဂရုစိုက်၍ စီစဉ်ခြင်း ပြုရပေသည်။ ထင်ရှားသော ပုဂ္ဂိုလ်များအတွက် သီးသန့် နေရာများကို စနစ်တကျ သတ်မှတ်ပေးရ၏။ ထို့ကြောင့် ဗြိတိသျှ သံအမတ်အတွက် အထူးနေရာကို သတ်မှတ် ချထားပေသည်။ ဘုရင်အသစ်နှင့် ဆက်ဆံရေးပြေလည် ကောင်းမွန်ရန် ဆန္ဒပြင်းပြနေသော ဗြိတိသျှသံ မစ္စတာရှောမှာ မသာတော် အခမ်းအနားတွင် မိမိအတွက် သီးသန့်နေရာ ပြုလုပ်ပေးခြင်းကို များစွာ ကျေနပ်လျက် ရှိတော့သည်။

မသာတော် အခမ်းအနားကို အောက်တိုဘာ ၇ ရက်နေ့တွင် ပရိသတ် ထောင်သောင်းတို့၏ ရှေ့မှောက်၌ စည်ကားစွာ ကျင်းပခဲ့သည်။ သံအမတ် မစ္စတာရှောသည် ယူနီဖောင်း အပြည့်အစုံနှင့် ဓား၊ ရှူးဖိနပ်တို့ကို ဆင်ယင်လျက် လက်ထောက်အရာရှိများ၊ ဘုန်းတော်ကြီး မစ္စတာ ကောလ်ဘက်တို့နှင့် အတူ တက်ရောက်လေသည်။ ဘုရင်၏ ရှေ့တော်တွင် ကျင်းပသော အခမ်းအနားသဘင်တွင် ရှူးဖိနပ်ကို မချွတ်ရဘဲ တက်ရောက်ခွင့် ရခြင်းအတွက် မစ္စတာရှောက ကျေနပ်နေ၏။ အနာဂတ် ဆက်ဆံရေးအတွက် ကောင်းသော အမှတ်အသားဟု သူက ယူဆလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်အလောင်းတော် ထည့်သွင်းမည့် ခေါင်းကို ရွှေပိန်းချထား၏။ သို့သော် ခေါင်းထဲတွင် မင်းတုန်းဘုရင်၏ အလောင်းတော် မရှိပေ။ ခေါင်း၏ နောက်ဘက်တွင် ကတ္တီပါ အဖြူဖြင့် ဆင်ယင်ထားသော ဆောင်ပန်းပုခက်ထဲ၌ မင်းတုန်းဘုရင်မင်းမြတ်၏ အလောင်းတော်ကို ထားရှိ၏။ ဆောင်ပန်းကို ကြိုးအဖြူဖြင့် ချည်နှောင်လျက် ယင်းကြိုးကို မင်းတုန်းဘုရင်၏ မိဖုရားများ၊ မင်းသမီးများနှင့် အကျဉ်းချခြင်း မခံရသော မင်းသားများက ဆွဲ၍ ဧယဉ်ကြူးကြလေသည်။ အားလုံးသည် ဝမ်းနည်းခြင်း အထိမ်းအမှတ် ဝတ်စုံဖြူကို ဝတ်ဆင်ထားကြသည်။ ထီးဖြူတော်များကို အလောင်းတော်တွင် မိုးကာထား၏။

မသာတော် အခမ်းအနားမှာ စတင် မကျင်းပနိုင်သေးပါ။ သီပေါဘုရင် ရောက်ရှိလာအောင် စောင့်ဆိုင်းနေရ၍ ဖြစ်၏။ နန်းတော်တွင်း၌ မင်းဆရာ ပုဏ္ဏားတို့သည် သီပေါမင်းသားကို ဘုရင်အဖြစ် ဘိသိက် သွန်းပေးနေကြသည်။ မင်းတုန်းဘုရင်မင်းမြတ်ကို ဆက်ခံသော ဘုရင်မင်းမြတ်အဖြစ် အသိအမှတ်ပြု ဘိသိက်ခံယူပြီးသော အခါမှ သီပေါဘုရင်သည် မင်းတုန်းဘုရင်၏ မသာတော် အခမ်းအနားသို့ တက်ရောက်လာပေသည်။ သီပေါဘုရင်သည် တောက်ပ ပြောင်လက်သော ဝေါတော်ကို စီးနင်း၍ ရောက်လာ၏။ သူ စီးလာသော ဝေါတော်ကို ၄၀ ထက်မနည်းသော လူများက ပိုင်းဝန်း ထမ်းဆောင်လာကြသည်။ တူညီဝတ်စုံဝတ် တပ်သားများက နှစ်လုံးပြူး သေနတ်များ ကိုင်စွဲလျက် ဘုရင်သစ်အတွက် သက်တော်စောင့် အဖြစ် ပါလာကြသည်။

သီပေါဘုရင်သည် တောက်တောက်ပပ ဝတ်ဆင်ထားပြီး အခမ်းအနားသဘင်အား ငြီးငွေ့သော အမူအရာကို သူ့မျက်နှာတွင် တွေ့ရသည်။ ဝမ်းနည်းခြင်း အထိမ်းအမှတ်ဖြင့် အဖြူရောင် ဝတ်လဲတော်ကို ဝတ်ဆင်ခြင်း မရှိ။ ဤကား နန်းဓလေ့ထုံးစံကို သူ မလိုက်နာခြင်း အပြုအမူတည်း။



သီပေါဘုရင်သည် မသာတော် အခမ်းအနားတွင် ကြာရှည်နေလိုဟန် မရှိ။ ထို့ကြောင့် မကြာခင် အခမ်းအနားကို စတင် ကျင်းပလေသည်။

ဘုရင်သစ်သည် နန်းတက်လျှင် တက်ခြင်း မိမိ၏ နေပြည်တော်အတွင်း လှည့်လည် ကြွချီမြဲဖြစ်၏။ ယင်းသို့ ကြွချီခြင်းဖြင့် နေပြည်တော်ကို လက်ခံ ရယူခြင်းသဘော သက်ဝင်သည်။ သို့သော် သီပေါဘုရင်၏ ဝန်ကြီးများက ယင်းအချက်ကို တားမြစ် လျှောက်တင်ကြသည်။ နန်းတော်မှ ထွက်ခွာခြင်းသည် ဘုရင်မင်းမြတ်အတွက် အလွန်ကြီးမားသော အန္တရာယ် ဖြစ်သည်ဟု ဆို၏။

သီပေါဘုရင်နှင့် စုဖုရားလတ်တို့၏ လက်ထပ်မင်္ဂလာ အခမ်းအနားကို အမြန်ဆုံး ကျင်းပမည် ဖြစ်သည်။ သို့သော် စုဖုရားလတ်မှာ ဆင်ဖြူမရှင်၏ အငယ်ဆုံး သမီးတော် ဖြစ်ပြီး ဘုရင်သည် စုဖုရားလတ်၏ အစ်မတော် စုဖုရားကြီးနှင့် အလျင် လက်ထပ်ရမည် ဖြစ်သည်။

ထို့ပြင် တစ်ပင်တိုင် မင်းသမီးလည်း ရှိသေး၏။ တစ်ပင်တိုင်မင်းသမီးကား မင်းတုန်းဘုရင်၏ အချစ်ဆုံး သမီးတော် တစ်ပါးဖြစ်သည်။ သို့တိုင် တစ်ပင်တိုင်မင်းသမီးသည် သီပေါဘုရင်နှင့် လက်ဆက်ရမည့် အရေးအခင်းကို မနှစ်မြို့လေရကား မိမိ ပြဿနာကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရှင်းလင်းခဲ့လေသည်။ သူသည် ခေါင်းက ဆံပင်ကို ယိတ်လိုက်ပြီး သစ်ခေါက်ဆိုး အဝတ်ကို ဝတ်လျက် သီလရှင် လုပ်သွား၏။ ဤသို့ဖြင့် မြတ်စွာဘုရား၏ အရိပ်အာဝါသကို ခိုလှုံသွားသော တစ်ပင်တိုင်မင်းသမီးသည် ဘုရင်မင်းမြတ်၏ အန္တရာယ်မှ လွတ်ငြိမ်းရာကို တွေ့ရှိသွားပြီ ဖြစ်ပေသည်။ သို့သော် တစ်ပင်တိုင်မင်းသမီး၏ အရှိတော် နှစ်ဦးမှာ ဘုရင်၏ အပြစ်ပေးခြင်းကို ခံကြရရှာလေသည်။

ဆင်ဖြူမရှင်၏ သမီးတော်ကြီး စုဖုရားကြီးသည် သီပေါဘုရင်၏ မိဖုရားခေါင်ကြီး ဖြစ်လာပေသည်။ သို့သော် မိဖုရားခေါင်ကြီး ဆိုရာ၌ အမည်ခံမျှသာ ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် စုဖုရားလတ်က

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ ကြင်ယာတော် သီပေါဘုရင်ကို အခြားတစ်ပါးသော မိဖုရား ဆိုး မည်သူနှင့်မျှ ဝေခွဲ၍ ချစ်ကြင်ခွင့် မပြု၍တည်း။

ဝန်ကြီးများက စုဖုရားလတ်မိဖုရားကို ရှင်းလင်း တင်လျှောက် သည်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရသူတို့အဖို့ မိဖုရားများစွာ ထားနိုင်ခွင့် ရှိသည်မှာ ထီးနန်း ဓလေ့ထုံးစံပင် ဖြစ်သည်ဟု ဆို၏။ စုဖုရားလတ်က ပြန်လည် ဖြေကြားရာ၌ ဤနန်းဓလေ့ကို သီပေါဘုရင်မင်းမြတ် လိုက်နာ ရမည် မဟုတ် ဟူ၏။

ဤတွင် စုဖုရားလတ်၏ မယ်တော် ဆင်ဖြူမရှင်က ကျိုးကြောင်း ထောက်ဆ၍ ဖျောင်းဖျရန် အားထုတ်သေးသည်။ စုဖုရားလတ်က လက်မခံချေ။

မိမိကိုယ်ကို အထင်ကြီးခြင်းနှင့် ခက်ထန် တင်းမာသော စိတ်ဓာတ် ကို မယ်တော် ဆင်ဖြူမရှင် မိဖုရားထံမှ အမွေရခဲ့သော စုဖုရားလတ် သည် အစ်မတော် စုဖုရားကြီးနှင့် ဆက်ဆံရာ၌ အဆင်မပြေ ဖြစ်လေ တော့သည်။ စုဖုရားလတ်သည် မိမိစိတ်ကို မိမိ ယတိပြတ် ဆုံးဖြတ်ပြီးပြီ။ အစ်မတော် စုဖုရားကြီးကို မိဖုရားခေါင်ကြီး နေရာမှ အပြီးတိုင် ဖယ်ရှား မည်။ မိဖုရားခေါင်ကြီးဟု အမည်သာ တွင်၍ ဘာမှ လုပ်ပိုင်ခွင့်မရှိ ဖြစ်နေသော အစ်မတော် စုဖုရားကြီး၏ နေရာတွင် မိမိမှ တစ်ပါး မည်သူမျှ ရယူ ခံစားပိုင်ခွင့် မရှိ။

ထိုအတွင်း စုဖုရားကြီး နာဖျားမကျန်း ဖြစ်လေသည်။ စုဖုရားကြီး ကို ပြုစုရသော အပျိုတော်ကြီးမှာ ဘုရား၊ တရား ကြည်ညိုသူ ဖြစ်သည်။ အပျိုတော်ကြီးက စုဖုရားကြီးအတွက် ဖယောင်းတိုင်များ မီးပူဇော်၍ ပေးသည်။ စုဖုရားကြီးအတွက် ဖယောင်းတိုင် မီးပူဇော်သော သတင်း သည် စုဖုရားလတ် ထံသို့ ချက်ချင်း ရောက်သွားလေ၏။ ဤတွင် စုဖုရားလတ်သည် ယမ်းပုံမီးက ဖြစ်ပြီး သီပေါဘုရင်ထံ အပြေးအလွှား သံတော်ဦးတင်လေသည်။



"စုဖုရားကြီးသည် မိမိ ဒုက္ခရောက်စေရန် စုန်းပညာဖြင့် ပြုစား နေပါသည်. . ."

စုဖုရားလတ်သည် ဘုရင်ကို လက်ဆွဲ ခေါ်ငင်၍ မှောင်မိုက်သော အဆောင်ဆောင် အခန်းခန်းကို ကျော်ဖြတ်ပြီး မိဖုရားခေါင်ကြီး၏ အဆောင်ဆီသို့ သွားရောက် ချောင်းကြည့်သည်။ ထို့နောက် ထွန်းထား သော ဖယောင်းတိုင်များကို သက်သေထူလျက် မိမိအား ဒုက္ခဖြစ်မည့် ဘေးမှ ကယ်တင်ပေးရန် စုဖုရားလတ်က ဘုရင်ကို အပူကပ်လေသည်။ သီပေါဘုရင်ပင် ထိတ်လန့်တကြား ဖြစ်သွား၏။ စုဖုရားကြီးကို ပြုစုနေ သော အပျိုတော်ကြီးကို ဖမ်းဆီးရန် သီပေါဘုရင်က အမိန့်ထုတ် လိုက်လေသည်။ ဆင်ဖြူမရှင် မိဖုရားကြီးကိုယ်တိုင် ဤကိစ္စကို ဝင်ရှင်း ၏။ ဖယောင်းတိုင် ထွန်းညှိ ပူဇော်ခြင်းမှာ စုဖုရားလတ် ထင်သလို မဟုတ်ကြောင်း ရှင်းပြသည်။ သို့သော် အချည်းနှီးပင်။ သီပေါဘုရင် ကိုယ်တိုင် စုဖုရားလတ် သက်သေပြထားသည်ကို ကြုံတွေ့ပြီး ဖြစ်သည်ကိုး။

အပျိုတော်ကြီးကို ဖမ်းဆီးပြီး ထောင်သွင်း အကျဉ်းချထားလိုက်ရာ ကံဆိုးရှာသော အပျိုတော်ကြီးသည် အကျဉ်းထောင်ထဲတွင် သေဆုံး သွားလေသည်။

သီပေါဘုရင် နန်းတက်စ ကာလတွင် ကင်းဝန်မင်းကြီးနှင့် တိုင်တားမင်းကြီးတို့သည် မိမိတို့ သဘောကျ လုပ်ပိုင်ခွင့် အာဏာကို အချိန်အတော်ကြာ ရရှိခဲ့၏။ ရုပ်သေးဘုရင်၏ အခြေအနေမှာ ခိုင်မြဲ လာသည်နှင့်အမျှ နိုင်ငံတော်မှာ လွှတ်တော်၏ ကွပ်ကဲ အုပ်ချုပ်မှု အောက်သို့ ပြန်လည် ရောက်ရှိခဲ့ပေသည်။

ထိုအတွင်း ဗြိတိသျှတို့နှင့် မပြေမလည်ဖြစ်ရန် အမှုအခင်းတစ်ရပ် ပေါ်လာလေသည်။

သီပေါဘုရင် နန်းတက်ပြီး အချိန်အတော် ကြာသောအခါ မြန်မာ လက်နက်ကိုင် အချို့သည် ဧရာဝတီ ဖလုတ်တီလာ မီးသင်္ဘော ကုမ္ပဏီပိုင်

www.burmeseclassic.com



သဘော်တစ်စင်းကို ဝင်ရောက် စီးနင်းပြီး သဘော် ကပ္ပိတန်နှင့် ခရီးသည် ၃၀ ခန့်ကို ဖမ်းဆီးသွားကြလေသည်။

အိန္ဒိယအစိုးရက ဤကိစ္စနှင့် ပတ်သက်၍ တင်းတင်းကျပ်ကျပ် တုံ့ပြန်ရန် စီစဉ်သည်။ ဗြိတိသျှအစိုးရက အသက် ငယ်လှသော သီပေါဘုရင်ကလေးသည် မင်းတုန်းဘုရင်ထက်ပင် နိုင်ငံခြားဩဇာ လွှမ်းမိုးမှုကို ခံယူနေရသည်ဟု ထင်မြင်သည်။ ဗြိတိသျှအစိုးရက နေပြည်တော်ရှိ သံအမတ် မစ္စတာရှောအား ညွှန်ကြားရာတွင် မကြာမီက ဖြစ်ပွားခဲ့သော ပြဿနာအတွက် ဗြိတိသျှဘက်သားတို့ကို ကာကွယ်မှုပေးရန် ပါရှိခဲ့၏။ ထို့ပြင် ဗြိတိသျှအစိုးရသည် မိမိဘက်သားများ၏ အခွင့်အရေးကို ကာကွယ်ရန်အတွက် မကြာမီ ထိထိရောက်ရောက် တုံ့ပြန်လိမ့်မည်ဟု မြန်မာအစိုးရအား အကြောင်းကြားရန်လည်း ပါရှိခဲ့သည်။

ဗြိတိသျှသံအမတ်ကြီး၏ ဆောင်ရွက်မှုမှာ အချိန်မီသွားသည်။ နိုင်ငံခြားသားများနှင့် ပတ်သက်နေသော အရေးအခင်းမှာ ပြေလည်မှု ရရှိသွားခဲ့ပေသည်။ ဗြိတိသျှ သဘော်ကပ္ပိတန်အား ဖမ်းဆီးခဲ့သော မြန်မာ အရာရှိများကို ထိထိရောက်ရောက် အရေးယူခဲ့ပြီး နောင်တွင်လည်း ဥရောပတိုက်သားများအား နှောင့်ယှက်ခြင်း မပြုရန် သတိပေး ညွှန်ကြားစာများကို မြန်မာအစိုးရက ထုတ်ပြန်ခဲ့လေသည်။

ထို့ပြင်လည်း မြန်မာအစိုးရ၏ သဘောထားကို ထုတ်ပြန်ကြေညာရာ၌ မြန်မာအစိုးရသည် အမြင်ကျဉ်းသော ခေတ်ကို ကျော်လွန်လာခဲ့ပြီး အနောက်နိုင်ငံများ ကျင့်သုံးနေသော မူဝါဒများနှင့် ညှိနှိုင်းမည်၊ အုပ်ချုပ်ပုံ စနစ်အသစ်ကို ရေးဆွဲ အုပ်ချုပ်မည် စသည်ဖြင့် ပါရှိခဲ့၏။

ဤကား မြန်မာဘုရင်သည် ဒီမိုကရေစီဝါဒကို လက်ခံလာပြီး သက်ဦးဆံပိုင်ခေတ်ကို ဖျက်သိမ်းတော့မည့် အဓိပ္ပာယ်ပင် ဖြစ်၏။ အထက်ပါ ကြေညာချက်ကို ထောက်၍ အရာရာကို သင့်တင့် မှန်ကန်စွာ ကြည့်တတသူ ကင်းဝန်မင်းကြီး၏ ဆောင်ရွက်မှုဟု အကဲခတ်နိုင်လေသည်။



ယခုအခါ မန္တလေး နေပြည်တော်သည် ပြင်ပကမ္ဘာနှင့် ကြေးနန်းဆက်သွယ်ရေး လုပ်ငန်းဖြင့် အဆက်အသွယ် ရရှိပြီးလျှင် မြန်မာ့ထီးနန်း၏ ခေတ်ဆန်းချိန်ကို ကမ္ဘာက သိရှိခွင့် ကြုံခဲ့လေသည်။

သို့သော် သီပေါဘုရင်၏ ညီတော်၊ နောင်တော်များနှင့် မင်းတုန်းဘုရင်၏ မိဖုရားများမှာမူ အကျဉ်းထောင် အတွင်း၌ ချုပ်နှောင်ထားခြင်းခံရဆဲဖြစ်၏။ နန်းတော်၏ ထောင့်တစ်နေရာတွင် အထူး အချုပ်စခန်းတစ်ခု တည်ဆောက်၍ အထက်ပါ အကျဉ်းသားများကို ချုပ်နှောင်ထားလျက် ရှိနေပေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

# သွေးစွန်းသည့် ကတ္တီပါအိတ်

သီပေါဘုရင်အား မိဖုရားများများ ထားခွင့်မပြုဘဲ တစ်လင် တစ်မယား စနစ်ဖြင့် ကန့်သတ်လိုခြင်းမှာ စုဖုရားလတ်၏ ခေတ်မီသော အတွေးအခေါ် တစ်ခုပင် ဖြစ်ပေလိမ့်မည်။ ဤကိစ္စမှာ စုဖုရားလတ် အနေဖြင့် မိမိ၏ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ရပ်နှင့် ပတ်သက်နေသောကြောင့်သာ ဤသို့ ခေတ်မီမီ တွေးခေါ် ဆောင်ရွက်ခြင်း ဖြစ်ပေမည်။ အခြားသော အရေးကိစ္စများတွင်မူကား စုဖုရားလတ်သည် ရှေးမလေ့ထုံးစံ အမူအကျင့်များကို ကိုးကွယ် မြတ်နိုးသူတစ်ဦး ဖြစ်နေ၍ပင်တည်း။

သီပေါဘုရင်ကား စုဖုရားလတ်ကို အမြဲ ထောက်ခံနေသူ ဖြစ်တော့သည်။ အရာရာကို စုဖုရားလတ်က ဦးဆောင်သည်။ ဘုရင်သည် နိုင်ငံတော်ကို နာမည်ခံမျှသာ အုပ်စိုး၏။ သူ့နောက်မှ ပဲ့ကိုင် ညွှန်ကြားနေသူကား စုဖုရားလတ် ဖြစ်သည်။ ပြောကြစို့ ဆိုလျှင် 'တို့ဘုရားသည် မယားဘက် ခပ်ပါပါ' တည်း။

သီပေါဘုရင်နှင့် စုဖုရားလတ်တို့သည် လွှတ်တော်တို အချိန် အတော်ကြာမျှ အာဏာ လွှဲအပ်ထားခဲ့သည်။ မင်းတုန်းဘုရင် နတ်ရွာစံသော အချိန်တွင် သီပေါဘုရင်နှင့် စုဖုရားလတ်တို့သည် အတော်ကြီး နုနယ်သေးသော ငယ်ရွယ်သူများသာလျှင် ဖြစ်နေသေး၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အရာရာကို လေ့လာ သိရှိလိုစိတ် ပြင်းထန်နေကြပြီး နိုင်ငံ၏ အချုပ်အခြာ အာဏာကို ကင်းဝန်မင်းကြီးနှင့် အခြားဝန်ကြီးများ ထံတွင် အချိန်ကာလ ကြာမြင့်စွာ အပ်နှင်းထားရန် ဆန္ဒမရှိကြပေ။ ဆင်ဖြူမရှင် ဆိုသော 'မိဖုရားအိုကြီး'က ဝင်ရောက် ခြယ်လှယ်ရန် ကြိုးပမ်း အားထုတ်မှုကိုလည်း လုံးဝ လက်မခံဘဲ ပယ်ချသည်။ စုဖုရားလတ်၏ အုပ်ချုပ်ရေး စီမံကိန်းများတွင် ဆင်ဖြူမရှင်အတွက် နေရာမရှိချေ။

စုဖုရားလတ်သည် မိမိတို့ ဖမ်းဆီးထားသော မင်းသားများ ပြဿနာကို စောစောစီးစီးပင် ဖြေရှင်းရန် စဉ်းစားသည်။ ဤတွင် စုဖုရားလတ်၏ ဖခမည်းတော် ဖြစ်သူ မင်းတုန်းဘုရင် လုပ်ဆောင်ခဲ့သော သက်သေ သာဓကတစ်ရပ် ပေါ်လာ၏။ မင်းတုန်းဘုရင်သည် မိမိကိုယ်တိုင် နန်းမှ ဆွဲချခဲ့သော ပုဂံမင်းကို အသက်ချမ်းသာပေးခဲ့သည်။ သက်ဆိုး ရှည်သော နန်းကျဘုရင် ပုဂံမင်းသည် ယခုထက်တိုင်ပင် နတ်ရွာစံခြင်း မရှိသေး။

ဤသို့ဆိုလျှင် ရှစ်ဆယ်မျှ ရှိသည့် ဖမ်းဆီးထားသော မင်းသားများ အား ပုဂံမင်း၏ နမူနာအတိုင်း ဆောင်ရွက်၍ ဖြစ်ပါ့မလား။ သူတို့ကို ဒီအတိုင်း မထားဘဲ အားလုံးကို ဖယ်ရှင်းပစ်နိုင်လျှင် ပိုပြီး မကောင်း ဘူးလား။

စုဖုရားလတ် အနေဖြင့် မည်သို့ ဆောင်ရွက်သင့်သည်ကို ဝေခွဲမရ ဖြစ်နေရလေသည်။

မင်းတုန်းဘုရင် ဆောင်ရွက်ခဲ့သော သာဓကရှိခဲ့သည် မှန်သော်လည်း တစ်ဖက်မှမူ ရှေးရှေးက မြန်မာဘုရင်များ ပြုလုပ်ခဲ့သော သမိုင်းသက်သေ များလည်း ရှိနေသည်။ မြန်မာဘုရင်များသည် မိမိ၏ ထီးနန်းအတွက် အန္တရာယ်ကင်းစေရန် ပြိုင်ဘက်ရန်သူများကို ဖြစ်နိုင်သမျှ ပယ်ရှားခဲ့ သည်များ ရှိခဲ့ဖူးပေ၏။

ဖမ်းထားသော မင်းသားများကို ကွပ်မျက်ပစ်ရန် ကိစ္စတွင် သီပေါ ဘုရင်နှင့် စုဖုရားလတ်တို့၏ သဘောတားကို ထောက်ခံသော ဝန်ကြီး



ဝန်ငယ် များစွာရှိသည်။ သို့သော် သူတို့ထဲတွင် ကင်းဝန်မင်းကြီး မပါဝင် ပေ။ ဤသို့သာ ပြုမူလျှင် အေးအေးဆေးဆေး နေကြသော ပြည်သူတို့ကို နှိုးဆွပေးလိုက်သည်နှင့် တူမည်ဟု ကင်းဝန်မင်းကြီးက ယူဆသည်။ ထို့ကြောင့် မင်းသားများကို ကွပ်မျက်ရန် ကိစ္စကို ကင်းဝန်မင်းကြီးက သဘောတူရန် ခက်ခဲနေသည်။

ကင်းဝန်မင်းကြီးသည် နှုတ်ခမ်းကို ခပ်တင်းတင်း ကိုက်ပြီး ခေါင်းကို ခါယမ်းလျက် ရှိ၏။ မင်းသားများစွာ၏ အသက်အား စတေး လိုက်သော သတင်းကို ဗြိတိသျှအစိုးရ ကြားသိပါလျှင် မည်ကဲ့သို့ ဆောင်ရွက်လိမ့်မည်ဟု ဘုရင်မင်းမြတ် စဉ်းစားမိပါရဲ့လား။

မြန်မာနိုင်ငံမှ သတင်းဆိုးများကိုသာ သရက်နှင့် တောင်ငူမြို့များ၌ ရှိနေသော ဗြိတိသျှဟပ်များက သိရှိပါလျှင် သူတို့သည် အထက် မြန်မာ နိုင်ငံသို့ ခုန်ပျံ ချီတက်လာကြပြီး တိုက်ခိုက် သိမ်းပိုက်ကြပေလိမ့်မည်။ မြန်မာနိုင်ငံမှ လူသတ်ပွဲသည် ဗြိတိသျှတို့အား အထက်မြန်မာပြည်သို့ လာရောက် ထိပါးရန် ခိုင်လုံသော အကြောင်းပြချက် ဖြစ်သွားပေလိမ့် မည်။

ကင်းဝန်မင်းကြီး၏ အထက်ပါသဘောထားကို အခြားဝန်ကြီးများက သဘောတူခြင်း မရှိကြပေ။ သူတို့က တိုင်တားမင်းကြီး၏ အယူအဆကို ထောက်ခံပြီး မင်းသားများကို ကွပ်မျက်ရမည်ဟု ဆန္ဒပေးကြသည်။ တိုင်တားမင်းကြီးကား အင်္ဂလိပ်တို့ကို အလွန် မုန်းတီးသည်။ သီပေါ ဘုရင်မင်းမြတ် အနေဖြင့် မိမိ သဘောကျသလို လုပ်ပိုင်ခွင့် ရှိသည်ဟု တိုင်တားမင်းကြီးက ဆင်ခြေတက်သည်။ အကယ်၍ ဗြိတိသျှတပ်များက နိုင်ငံတော်ကို လာရောက် ထိပါးခဲ့လျှင် ရင်ဆိုင်ရုံသာ ရှိသည်။ နိုင်ငံအား နယ်ချဲ့ ကျူးကျော်လာသူများကို ခုခံ တွန်းလှန်ရန်အတွက် မိမိတို့၏ တပ်များကို အဆင်သင့် ပြင်ထားမည်ဟု တိုင်တားမင်းကြီးက ဆိုလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် မန္တလေး နေပြည်တော်ရှိ ဥရောပတိုက်သားများ အကြားသို့ တိုးဝင်ပြီး မင်းသားများကို ကွပ်မျက်လျှင် မည်သို့ သဘောထားမည်နည်းဟု စူးစမ်းကြည့်သည်။ သို့သော် ဤအပြုအမူကို သဘောမတူညီနိုင်ကြောင်းဖြင့် ဗြိတိသျှသံအဖွဲ့ဝင်များက ခါးခါးသီးသီး ထုတ်ဖော် ပြောဆိုခဲ့ကြသည်။ မြန်မာအစိုးရ၏ လခကို စားနေကြသော နိုင်ငံခြားသား အမှုထမ်းအချို့ကသာ သဘောတူကြောင်း ပြောဆိုသည်။

ဤတွင် အဆုံးအဖြတ်ပေးမည့် အကြောင်းအချက်များ ပေါ်လာသည်။ ယင်းကား အင်္ဂလိပ်တို့၏ အင်အား ပြိုကွဲစ ပြုနေပြီဟု ယူဆလာကြခြင်းတည်း။ အာဖဂန်နစ္စတန်မှာ၊ အာဖရိကမှာ၊ အစ္စလန်ဒါလ်ဝါနာမှာ အင်္ဂလန်တို့ စစ်တိုက်နေရသည်။ သူ့ကို အနိုင်တု တိုက်ခိုက်နေသော စစ်မျက်နှာများတွင် အင်္ဂလန်သည် အကွဲကြီး ကွဲနေသည်။ ဤသို့သော အခြေအနေတွင် အင်္ဂလိပ်ကို မြန်မာနိုင်ငံက အဘယ့်ကြောင့် ကြောက်ရွံ့နေရမည်နည်း။ သီပေါဘုရင်မင်းမြတ်၏ ထူးချွန် ပြောင်မြောက်သော တပ်မတော်ကို အင်္ဂလိပ်အစိုးရသည် မည်သို့ ရင်ဆိုင်ရမည်နည်း။ ဤအခြေအနေ၌ အင်္ဂလိပ်အစိုးရသည် မဖြစ်နိုင်သော ကိစ္စတစ်ရပ်ကို ရင်ဆိုင်ဝံ့မည် မဟုတ်။ ထို့ကြောင့် မြန်မာအစိုးရသည် မိမိ ဆန္ဒသဘောရှိသလို ပြုမူ ဆောင်ရွက်နိုင်သည်။ ပြင်သစ်နှင့် အီတလာလျံ အမှုထမ်းများကလည်း အားပေးအားမြှောက်ပြုကြသည်။ သူတို့ကား မြန်မာဘုရင် အစိုးရ၏ မျက်နှာကဲကို ကြည့်၍ ဆက်ဆံနေရသူများ ဖြစ်ပေသည်။

ဖမ်းဆီးထားသော မင်းသားများကို ကွပ်မျက်ရန် ဆုံးဖြတ်လိုက်၏။

သို့သော် မဟာဆီ မဟာသွေး အကျဉ်းသားများကို အဆုံးစီရင်ရန် ကိစ္စမှာ အလွယ်တကူ လုပ်၍ မဖြစ်ပေ။ အချိန်ယူ၍ ပြင်ဆင်ရန် ကိစ္စများ၊ များစွာရှိပေသည်။ နန်းမြို့ အတွင်း၌ပင် အနီးဒွာရုံ လုပ်ငန်းကြီး အတွက် နေရာရှာဖွေကြသည်။ နေပြည်တော် အကျဉ်းထောင်အတွင်းမှ အကျဉ်းသားများကို နန်းမြို့အတွင်းသို့ ခေါ်ယူပြီး မြေကျင်းကြီး တစ်ကျင်းကို တူးစေသည်။ ယင်းမြေကျင်းကြီး၏ အနီးတွင် ဝါးကြမ်းခင်းသော



စင့်မြင့်တစ်ခုကို ဆောက်ကြရ၏။ အဆိုပါ စင်မြင့် ဝါးတိုင်များတို ရွှေစက္ကူများ၊ ပန်းစက္ကူများဖြင့် စီခြယ် ဆင်ယင်ထားသည်။

နန်းတော်တွင်းရှိ အပ်ချုပ်သည့် မိန်းကလေးများကမူ အနီရောင် ကတ္တီပါစများကို ဖြတ်ညှပ်၍ အိတ်များ ဖြစ်အောင် ချုပ်လုပ်ပေးကြရ၏။ မိမိတို့ ချုပ်နေသော ကတ္တီပါအိတ်အကြောင်း မသိကြသေးသော မိန်းကလေးများသည် ကတ္တီပါအိတ်များ ချုပ်နေရင်း မိန်းကလေးတို့ သဘာဝအလျောက် စကားစမြည် ပြောမိကြသည်။ ဤတွင် မိန်းမကြီးများက သူတို့ကို ငေါက်ငမ်း အော်ဟစ်နေကြ၏။ "အလုပ်ကို မြန်မြန် ပြီးအောင် လုပ်ကြ၊ မြန်မြန်လုပ်ကြ"

နန်းတော်စောင့် တပ်သားများ၊ အလုပ်သမကလေးများနှင့် အခြားသော အမှုထမ်းများမှာ နေပြည်တော်နှင့် နန်းမြို့တွင်းသို့ ဥဒဟို သွားလာနေကြသူများ ဖြစ်ရာ နန်းမြို့အတွင်းက ဖြစ်ရပ်များမှာ အများ ပြည်သူတို့ ထံသို့ နည်းအမျိုးမျိုးဖြင့် ရောက်ရှိသွားခဲ့ပေသည်။ လျှို့ဝှက် ရမည့် ကိစ္စများနှင့် ပတ်သက်၍ သူတို့ကို တင်းတင်းကျပ်ကျပ် ပိတ်ပင် တားဆီးထားပြီး ဖြစ်သည်။ သို့သော် ဘူးတစ်ရာ အပေါက်သာ ပိတ်ရမည်။ ပါးစပ် တစ်ပေါက်ကို ပိတ်၍ မရနိုင်ပေရာ။ နန်းမြို့အတွင်းမှ သတင်းဆိုးများသည် နေပြည်တော် အတွင်း၌ ပျံ့လွင့်နေသည်မှာ မဆန်းတော့ပေ။

ဤတွင် ကတ္တီပါအိတ် အနီများ ပြုလုပ်နေရသော သတင်းတို့မှာ တစ်အိမ်မှ တစ်အိမ်သို့ လက်ဆင့်ကမ်းသွား၏။ ဈေးတွင် သီးနှံများ ဝယ်ရင်း မိန်းမကြီးတွေ စုဝေး၍ ပြောကြသည်။ နံနက်စောစော ရေတွင်းမှာ ရေခပ်ရင်း၊ ဘုရားဖူးသွားကြရင်း ဤသတင်းကို တိုးတိုးတိတ်တိတ် သက်တို့ ပြောကြလေသည်။

ဗြိတိသျှ သံအဖွဲ့ဝင်များသည် သတင်းဆိုးကို သူတို့၏ အခိုင်းအစေ များမှ တစ်ဆင့် ကြားသိရသည်။ အဖမ်းခံရသော မင်းသားများသည်ပင် ဤသတင်းကို သူ့နည်းနှင့်သူ သိပြီး ဖြစ်နေကြတော့သည်။ မိမိတို့၏

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝသက်တမ်း ကာလမှာ တဖြည်းဖြည်းနှင့် တိုတောင်းလာပြီကို မင်းသားများ နားလည်ထားကြပြီး ဖြစ်၏။ သီပေါဘုရင်သည် သူ့ရာထူးကို လုမည်ဟု သံသယမကင်းသော ပြိုင်ဘက် မင်းသားများအား အသက်ရှင်လျက် မထားလိုတော့ပြီ ဆိုခြင်းမှာ သိသာနိုင်ပါပြီ။

နန်းတော်တွင်း၌ အခြားသော လုပ်ငန်း ပြင်ဆင်မှုများလည်း ရှိသေးသည်။ ပွဲသဘင်များ ပြုလုပ်ရန် အမိန့်ထုတ်ထားသည်။ လွှတ်တော်ကို ထိန်ထိန်ညီးအောင် မီးများ ထွန်းညှိစေပြီး ဂီတ၊ သဘင်ပွဲများဖြင့် စည်ကားနေရန် စီမံလျက်ရှိသည်။ နေပြည်တော် အတွင်းမှာလည်း ကြည့်ချင်ပွဲ၊ ဗလာပွဲများဖြင့် စည်စည်ကားကား ဖြစ်နေစေရန် အစီအစဉ်ရှိ၏။ လင်းကွင်းတီးသံနှင့် အဆိုကျော်များ၏ ကျယ်ကျယ်လောင်လောင် သီချင်းဆိုသံတို့ကို ၂၄ နာရီလုံးလုံး ကြားနေရသော်လည်း ဂီတသံတို့မှာ သုတိသာယာ မရှိလှပါချေ။ ဤအစီအစဉ်များ အားလုံးမှာ စုဖုရားလတ်၏ အမိန့်အရ ဆောင်ရွက်ရခြင်းများသာ ဖြစ်သည်။ သီပေါဘုရင်သည် ဘာမှ ဝင်ရောက် ခြယ်လှယ်ခွင့် မရှိပေ။ တစ်ချက်မျှပင် စောင်းငဲ့ကြည့်ရှုခွင့် မရှိသည့် အခြေအနေပင် ဖြစ်တော့သည်။

ဤတွင် သီပေါဘုရင် အဖို့ ရဲဆေးတင်ရန် အကြောင်းပေါ်လာသည်။ ယမကာကို အဖော်ပြုလာခြင်း ဖြစ်၏။ တဖြည်းဖြည်းနှင့် ယမကာကို ပိုစွဲလာသည်။ နိုင်ငံခြားကုန်သည်များ သွင်းလာသော ဂျင်နှင့် ဘရန်ဒီယမကာများသည် ဘုရင်မင်းမြတ်အတွက် ဖြစ်နေ၏။ သီပေါဘုရင်သည် ရွှေခွက်ဖြင့် ထည့်သော ယစ်ရွှေရည်ကို သူ့လက်စွဲတော် လူယုံတော်များနှင့် အတူ ပျော်ပျော်ပါးပါး သောက်စားလေသည်။ သူတို့ကား တိုင်တားမင်းကြီးနှင့် ရနောင်မင်းသားတို့ ဖြစ်၏။ ဤသူနှစ်ဦးသည် ဒေါက်တာမတ်၏ ကျောင်းသို့ တက်ရောက်စဉ်က သီပေါဘုရင်၏ ကျောင်းနေဖက်များ ဖြစ်ကြလေသည်။

တိုင်တားမင်းကြီးမှာ မင်းတုန်းဘုရင် လက်ထက်က ရာထူးကောင်းရရှိခဲ့ခြင်း ဖြစ်၏။ ရနောင်မင်းသားမှာမူ သီပေါဘုရင် ကိုယ်တိုင်က



မြှောက်စားထားခြင်း ဖြစ်သည်။ ဤသောက်ဖော်သောက်ဖက် နှစ်ဦးက သီပေါဘုရင်၏ လက်ရှိ အခြေအနေနှင့် ပတ်သက်၍ မကြာခဏ ကျီစားနောက်ပြောင်သည်။ သီပေါဘုရင်မှာ မပြုံးသလို ပြုံးသလိုနှင့် ယစ်ရွှေရည်ခွက်များကိုသာ ဖြည့်ပေးနေတတ်၏။ နှုတ်မှ ဘာမှ ပြန်မဆို။

ယမကာကို အဖော်လုပ်၍ ပျော်နေသော သီပေါဘုရင်သည် စိတ်ညစ်စရာတွေကို ဘာမှ မစဉ်းစားလိုပြီ။ နန်းတွင်းသူကလေးတွေ ဘတ္တီပါအိတ် အနီများ ချုပ်လုပ်နေသော ကိစ္စကို ဘုရင်မင်းမြတ်၏ ခေါင်းထဲမှာ မထား။ တောင်စွယ်တွင် နေကွယ်မည့် အချိန်ကို ရင်တမမ စောင့်စားနေရရှာသော အကျဉ်းခံမင်းသားများ၏ ကံကြမ္မာကိုလည်း သူ မစဉ်းစားလိုတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

## တေးဂီတနှင့် မရဏခေါ်သံ

၁၈၇၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်။

သုံးရက်တာ ကျင်းပမည့် မဟာပွဲသဘင်အတွက် ဤနေ့သည် ပထမဆုံးနေ့ ဖြစ်၏။ မင်းသားများအား ဖယ်ရှင်းပွဲကြီး အတွက်လည်း ပထမနေ့ ဖြစ်ပေသည်။

ရုပ်ကလပ်များ မြှုပ်နှံရန် ကျင်းကြီးမှာ အဆင်သင့် တူးနေပြီ။ လူရှင်းပွဲ ကျင်းပမည့် စင်မြင့်အတွက် ဆင်ယင်ထားသော ရွှေရောင် ငွေရောင် စက္ကူများကိုလည်း နောက်ဆုံး ခြယ်သ ဆင်ယင်၍ ပြီးလေပြီ။ ကတ္တီပါအိတ် အနီများကို ချုပ်လုပ်နေရသော နန်းတွင်း ပျိုမြူတလေး များသည်လည်း သူတို့၏ လုပ်ငန်းကို အပြီးသတ် ဆောင်ရွက်ခဲ့ပြီးလေပြီ။

ဂီတနှင့် အက ပညာရှင်တို့မှာမူ နန်းတော်ကြီးမှ မီးစိမ်းပြခြည် အချိန်ကို စောင့်ဆိုင်းနေကြရ၏။ တောက်ပ ပြောင်လက်သော ပိုးထည် များ၊ ခါးတောင်းအကျီများကို ဝတ်ဆင်ထားသော ကချေသည်တလေးများ ကလည်း ဇာတ်စင်ထောင့် တစ်နေရာတွင် အမွှေးနံ့သာ လိမ်းကျံရင်း လက်ဝတ်ရတနာ ဆင်ယင်ရင်း ကပြ အသုံးတော်ခံရမည့် အခိုက်ကို စောင့်ဆိုင်းလျက် ရှိနေကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကပြ အသုံးတော်ခံမည့် ဇာတ်မှာ သာမန်ဇာတ် မဟုတ်ပေ။ စုဖုရားလတ် မိဖုရားကိုယ်တိုင် ညွှန်ကြား ပြသထားသောဇာတ် ဖြစ်ပြီးလျှင် မိဖုရားကြီး၏ ညွှန်ကြားချက်ကို အထူး ဂရုစိုက် လိုက်နာကြမည် ဖြစ်ပေသည်။ အဆိုကျော်တွေ၊ လူရွှင်တော်တွေ၊ ဂီတပညာရှင်တွေ၊ သဘင်ပညာသည်တွေ အားလုံးမှာ ရင်နှစ်ခြမ်း ပြန်းပြန်းကွဲသွားအောင် အသုံးတော် ခံလိုက်မည်ဟု ဆုံးဖြတ်ထားကြလေသည်။ မိဖုရားတစ်ဦး၏ အရှိန်အဝါထက် ပိုမို ဓားစွမ်းထက်နေသော စုဖုရားလတ်ကို အားလုံးက ကြောက်ကြရသည်။ တာဝန် မကျေသူတို့မှာ စုဖုရားလတ်၏ ရက်စက်မှု ခြေဖဝါးအောက်တွင် မွှန်မွှန်ညက်ညက် ကြေသွားပေလိမ့်မည်။

ဤသို့ဖြင့် ပွဲသဘင်ကို စတင် ကျင်းပလေသည်။ ဝန်ကြီးများ၊ ဝန်ကြီးကတော်များနှင့် အမှုထမ်း အရာထမ်းများသည် မိမိတို့၏ နေရာအသီးသီးတွင် နေရာယူပြီးနေကြပြီ။ မကြာမီ သီပေါဘုရင်နှင့် မိဖုရားတို့ ကြွချီလာကြ၏။ အခမ်းအနားသို့ တက်ရောက်လာကြသော အရာထမ်း အမှုထမ်းတို့၏ အနားသို့ ဘုရင်နှင့် မိဖုရား ကြွလှမ်းလာသော အခါတွင် အားလုံးပင် မြေပြင်၌ ပြားပြားဝပ်မျှ ဦးညွှတ်၍ အရိုအသေ ပြုကြရသည်။

ရွှေထွေးခံ၊ ရွှေကွမ်းအစ်နှင့် ရွှေရေချိုင့်တို့ကို ဘုရင်နှင့် မိဖုရားတို့၏ အနီးတွင် ချထားလေသည်။ မကြာမီ ဘုရင်မင်းမြတ်၏ ခွင့်ပြုချက်ဖြင့် ဇာတ်ပွဲကို စတင် ကျင်းပသည်။ ဇာတ်ပွဲကို တစ်ညနေနှင့် တစ်ညလုံး မိုးအလင်း ကပြမည် ဖြစ်၏။

မြန်မာဇာတ်ပွဲတို့၏ ထုံးတမ်းစဉ်လာအရ ဆူဆူညံညံ အသံများဖြင့် လွှမ်းနေ၏။ ယခုအကြိမ်တွင်ကား စုဖုရားလတ်၏ အစီအမံဖြင့် ခါတိုင်းထက် ပိုမိုပြီး အသံ ဆူဆူညံညံ စည်စည်ကားကား ဖြစ်အောင် ကြိုးပမ်းကြရသည်။

သီပေါဘုရင်မှာမူ စိတ်နောက်ကျိလျက် နေဟန်တူ၏။ ထို့နောက် ဇာတ်စင်၏ အစွန်မှနေ၍ အဝေးတစ်နေရာသို့ ငေးကြည့်နေသည်။ စုဖုရားလတ်မှာမူ ဆူဆူညံညံ တီးမှုတ် ကခုန်နေသော ပွဲသဘင်ကို



ကြည့်ရင်း ကျေကျေနပ်နပ် ပြုံးလျက် ခေါင်းကို ညိတ်နေပေသည်။ စုဖုရားလတ်မိဖုရားသည် ဆေးပေါ့လိပ်ရှည်ကြီးကို အမှတ်မထင် ခွာနေ၏။ ထို့နောက် အရောင်တလက်လက် တောက်ပနေသော လက်စွပ်များ ဝတ်ဆင်ထားသည့် လက်ဖြင့် သူ့ အပေါ်ရုံအင်္ကျီမှာ တင်နေသော ဆေးလိပ်ပြာများကို ခါချနေလေသည်။

ဆိုင်းတော်မှ ချွဲချွဲပျစ်ပျစ် မှုတ်နေသော နှဲကြီး၏ အသံရှည်နှင့် အတူ အတော်ဝေးဝေးဆီမှ ကြောက်မက်ဖွယ် အော်သံများကို ကြားလိုက်ရ၏။ သီပေါဘုရင်မင်းမြတ်သည် ခေါင်းကို ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ သူ့လက်များမှာ တုန်ခါ၍နေ၏။ ဤသည်ကို မြင်လိုက်သော စုဖုရားလတ် မိဖုရားက မျက်မှောင်ကြုတ်၍ ပြန်ကြည့်၏။ ခဏအကြာတွင် ဆိုင်းတော်မှ လင်ကွင်းကြီးများကို တီးခတ်လိုက်သော အသံများ အဆက်မပြတ် ဆူဆူညံညံ ကြားနေရပြန်သည်။ မိဖုရား စုဖုရားလတ်သည် ဒုတိယအကြိမ် ပြုံးလိုက်ပြန်လေသည်။

ထိုအချိန်တွင် မင်းသားများကို ကွပ်မျက်ရန် စီစဉ်ထားသော နေရာရှိ စင်မြင့်ပေါ်တွင် အရေးပါသော အခြားပုဂ္ဂိုလ်ကြီး တစ်စုတို့ ရောက်ရှိနေကြပြီ။ တိုင်တားမင်းကြီး၊ ယခုအခါ မန္တလေးမြို့ဝန် ဖြစ်နေပြီ ဖြစ်သော လှေသင်းအတွင်းဝန်နှင့် ရနောင်မင်းသားတို့ ဖြစ်ကြ၏။ စင်မြင့်နှင့် မြေကျင်းကြီးများ၏ အကြား ကွက်လပ်တွင်မူ လက်နက်ကိုင် အစောင့်တပ်သားများကို တွေ့မြင်နိုင်ပေသည်။ တစ်နေရာ၌မူ တတ္တီပါ အိတ်အနီများကို ချထား၏။

အဆုံးစီရင်ရာတွင် ပါဝင် ဆောင်ရွက်ကြမည် ဖြစ်သော အာဏာပါးကွက်သားများကား အင်္ကျီမပါ ဗလာကိုယ်ထီး ဖြစ်ကြ၏။ သူတို့ကား ရာဇဝတ်ပြစ်ဒဏ် ကျခံထားရသော ဝါရင့် အကျဉ်းသားများ ဖြစ်ကြပြီး သူတို့ကိုပင် အာဏာပါးကွက်သားများ အဖြစ် ခန့်ထား အသုံးပြုရသည်။ သူတို့၏ ပါးတွင် အမှတ်အသားများ ရေးထိုးထား၏။ သူတို့၏

www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်းကို ဤအမှတ်အသားများက ဖော်ပြပေသည်။ အရက်သေစာများ သောက်စားထားကြသော ဤပါးကွက်သားများသည် ဝါးရင်းတုတ်များ ကိုင်စွဲလျက်က ရယ်မော ရွှင်ပျစွာ စကားတွေ ဖောင်လောက်အောင် ပြောနေကြ၏။

သူတို့သည် မကြာခဏပင် စင်မြင့်ဆီသို့ စောင်းငဲ့၍ ကြည့်ကြသည်။ မဟာဆီ မဟာသွေးများကို အဆုံးစီရင်မည့် အဖွဲ့တွင် တိုင်တားမင်းကြီးက ခေါင်းဆောင်ဖြစ်ပြီး အကျဉ်းခံမင်းသားများကို ခေါ်ထုတ်ရာတွင် သူ့အမိန့်ကို အားလုံးက နာခံကြရမည် ဖြစ်ပေသည်။

တိုင်တားမင်းကြီးသည် အချိန်ကို စောင့်ဆိုင်းနေဆဲ ဖြစ်၏။ ဘုရင်မင်းမြတ်နှင့် မိဖုရားတို့သည် ကပွဲသဘင်တွင် နေရာယူ၍ မပြီးမီ မိမိ၏ တာဝန်ကို ဆောင်ရွက်ခြင်း ပြုဦးမည် မဟုတ်ပေ။ ထို့ကြောင့် သူသည် ရနောင်မင်းသားနှင့် စကားပြောလိုက်၊ ပါးစပ်မှ ကွမ်းကို ဝါးလိုက် လုပ်နေ၏။ သူ့နှုတ်ခမ်းမှာ ကွမ်းတံတွေးဖြင့် ပေကျံနေပြီး သွေးနီရောင် ပေါက်လျက်ရှိ၏။

နောက်ဆုံးတွင် ပွဲသဘင်မှ ဆိုင်းသံ ဗုံသံများကို ကြားရသောအခါ တိုင်တားမင်းကြီးသည် သူ့အဖော်များ ဆီသို့ လှမ်းပြီး ပြုံးလျက် ခေါင်းကို ညိတ်ပြလိုက်ပေသည်။ ထို့နောက် အကျဉ်းခံမင်းသားများကို ခေါ်ထုတ်လာရန် အမိန့်ပေးလိုက်၏။ စင်မြင့်ပေါ်ရှိ ပုဂ္ဂိုလ်များသည် ယခုမှ လှုပ်လှုပ်ရှားရှား ဖြစ်လာကြပြီး တစ်နေရာသို့ လှမ်းမျှော် ကြည့်နေကြလေသည်။

မကြာမီ အကျဉ်းခံ မင်းသား၊ မင်းသမီးများ၊ ကလေးများသည် အစောင့်အကြပ်များနှင့် အတူ ရောက်ရှိလာ၏။ အချို့မှာ ကြောက်ရွံ့ခြင်း လုံးဝမရှိဘဲ ရှေ့ဆုံးမှ လျှောက်လာ၏။ အချို့မှာမူ အကြမ်းဖက်၍ ဆွဲခေါ်လာခြင်း ခံကြရပြီး အလှအပ ဆင်ယင်ထားသော စင်မြင့်ရှေ့သို့ ရောက်လာကြသည်။ ကလေးငယ်များမှာ ဖဲ့ဩနေဟန် ရှိပြီး သူတို့၏ မယ်တော်မင်းသမီးများ၏ ဝတ်လဲတော်ကို ကျစ်ကျစ်ပါအောင် ဆွဲထားလေသည်။



အချက်ပြလိုက်သည်နှင့် အာဏာပါးကွက်သားတို့သည် မိမိတို့၏ အဆုံးစီရင်ရေး လုပ်ငန်းကို စတင်လေသည်။ မင်းသားများမှာ လည်မျိုကို တုတ်ဖြင့် ရိုက်နှက် စီရင်ခြင်း ခံရသည်။ မိဖုရားများနှင့် မင်းသမီးများ လည်း လည်မျိုကို တုတ်ဖြင့် အရိုက်ခံကြရ၏။ သနားညှာတာ၍ အသက်ကို ချမ်းသာပေးရန် ငယ်သံပါအောင် အော်ဟစ်၍ တောင်းပန်ကြသော အသံများ ပေါ်ထွက်လာ၏။ သို့သော် အချည်းနှီးသာတည်း။

သူတို့ကို သနားမည့်သူ ဟူ၍ လုံးဝမရှိ။ တုတ်ဖြင့် တအားလွှဲ၍ အရိုက်ခံရပြီးနောက် အရိုက်ခံရသူမှာ အော်ရင်းဟစ်ရင်း ညည်းညူရင်း လဲကျ ငြိမ်သက်သွားသည်နှင့် ကတ္တီပါအိတ်နီထဲသို့ ထည့်လိုက်ပြီး မြေကျင်းကြီးထဲသို့ ပစ်ချလိုက်တော့၏။

မင်းညီမင်းသား အတော်များများမှာ သေခြင်းကို ရဲဝံ့စွာ ရင်ဆိုင်ကြလေသည်။ သုံးဆယ်မင်းသားမှာမူ သီပေါဘုရင်အား ကြိမ်းမောင်းကျိန်ဆဲရင်း သွေးအလူးလူးဖြင့် ဇာတ်သိမ်းသွားရ၏။ အခြားမင်းသား အချို့က အသက်ဘေးမှ ခွင့်လွှတ် သနားရန်အတွက် တောင်းပန်နေကြ၏။ ဤအသံများကို ကြားရသော မကွေးရာမင်းသားကမူ "ဟေ့. . . ငါတို့ သီပေါလို ဘုရင် ဖြစ်ခဲ့ရင်လည်း သူလိုပဲ လုပ်ကြမှာပဲ။ ဘာ ထူးဆန်းလို့လဲကွ" ဟု လှမ်းအော် သတိပေးနေသည်။

အမြဲ ကြင်နာတရား ပွားများတတ်သော မိုင်းတုံမင်းသားကမူ တား သီပေါဘုရင်နှင့် လူသတ် အာဏာပါးကွက်သားတို့အား သံသရာတွင် အပြစ်မယူလိုပါကြောင်း မသေမီ ပြောသွားရှာသေး၏။

တိုင်တားမင်းကြီး၊ လှေသင်းအတွင်းဝန်နှင့် ရနောင်မင်းသားတို့သည် စင်မြင့်ပေါ်တွင် ရှိနေကြစဉ် သူတို့ မျက်စိရှေ့၌ ဤအဆုံးစီရင်မှုကို မြင်တွေ့နေရသည်။ သို့သော် သူတို့သည် တစ်စုံတစ်ဦး၏ တောင်းပန် အသနားခံခြင်းကိုမျှ လက်ခံ ခွင့်လွှတ်ခြင်း မပြုကြပေ။

www.burmeseclassic.com

www.burmeseclassic.com



ဆေးပေါ့လိပ်ကို ဖွာရင်း ကွမ်းကို စားရင်းဖြင့် သူတို့သည် သူတို့နှင့် တစ်ချိန်က ရင်းရင်းနှီးနှီး ရှိခဲ့သူ မင်းညီမင်းသား မိဖုရားများအား တွပ်မျက်နေခြင်းကို အေးဆေးစွာ ကြည့်ရှုနေကြ၏။

တစ်ချိန်က နန်းတွင်း၌ ထောင်ထောင်ကြွားကြွား ဖြစ်ခဲ့ကြသော မင်းသားများ၊ မင်းသမီးများသည် ယခုအခါ၌ မိမိတို့ရှေ့တွင် အသနား ခံရင်း တောင်းပန်ရင်း ဘဝကူးသွားကြရပေပြီ။

အာဏာပါးကွက်သားတို့သည် လူပေါင်းရှစ်ဆယ် ရှိသော မဟာဆိမဟာသွေး အကျဉ်းသားများကို သုံးရက်တိတိ ကွပ်မျက် သုတ်သင်ကြရ၏။ ဤသူများတွင် မင်းညီမင်းသားများ၊ မိဖုရားများနှင့် သီပေါဘုရင့်အစိုးရကို မထောက်ခံဟု သင်္ကာမကင်းသူများ ပါဝင်ကြ သည်။

စုဖုရားလတ် မိဖုရားသည် မင်းညီမင်းသား၊ နန်းတွင်းသူ နန်းတွင်းသားများအား ကွပ်မျက်ရေး စီမံကိန်းကို ကိုယ်တိုင် ဦးစီးကွက်ကဲပြီး သီပေါဘုရင်အားလည်း မိမိ၏အကြံကို ထောက်ခံရန် ဆွဲဆောင်ခဲ့ရ၏။ ဤနည်းသာလျှင် မိမိတို့၏ နန်းကို လုမည့် ရန်သူများ၏ အန္တရာယ်မှ လုံခြုံ ကင်းဝေးနိုင်မည် ဖြစ်တော့သည်။

တတိယညတွင် မိမိအတွက် ကျုရာတာဝန်ကို သစ္စာရှိစွာ ထမ်းဆောင်ပြီးသော တိုင်တားမင်းကြီးသည် သူ့အရှင်သခင်များ ပွဲကြည့် နေသော နေရာသို့ လျှောက်လာခဲ့သည်။ ပွဲခင်းထဲသို့ သူ ဝင်လာလျှင်ပင် သူ့ကို လူတိုင်း လူတိုင်း သတိပြုမိကြလေသည်။ သူ့တာဝန်ကို သူ ကျေပွန် ပြီးခဲ့ကြောင်း သတင်းအား အရှင်သခင်များထံ အထူး တင်လျှောက်ရန် မလိုတော့ပြီ။ သူ ဝင်ရောက်လာသည်တွင် ရက်စက်ခြင်းကို ဖော်ပြ နေသော အပြုံးကို မြင်ရသည်နှင့်ပင် အခြေအနေကို အကဲခတ်နိုင်ပေပြီ။

စုဖုရားလတ်မိဖုရားလည်း ယခုမှပင် စိတ်အေးသွားတော့သည်။ သီပေါဘုရင်အား သုံးရက်နှင့် သုံးညလုံးလုံး ပြုံးရယ် ရွှင်ပျစွာဖြင့် ပွဲကြည့် ပရိသတ်ရှေ့တွင် ပြထားနိုင်ရန် စုဖုရားလတ်မှာ ပင်ပန်းစွာ ကြိုးစားခဲ့ရ



သည်။ လူသတ်ပွဲနှင့် သီပေါဘုရင် ဘာမျှမဆိုင်။ ဂရုထားခြင်းလည်း မရှိ ဆိုသည်ကို လူထုရှေ့၌ စုဖုရားလတ်က ပြသလိုသည်။ သို့သော် ထိုသို့ပြသရာ၌ သီပေါဘုရင်၏ ရှေ့ရှိ ယစ်ရွှေရည် ထည့်သော ရွှေဖလား လည်း အရေးပါသော အခန်းမှ ပါဝင် တာဝန်ယူခဲ့ရသည်ကိုတော့ မငြင်းနိုင်ပေ။

မိဖုရားစုဖုရားလတ်ကား နွမ်းလျနေပြီး ပေါင်ဒါမှုန့်များ ခြယ်သ ထားသော သူ့မျက်နှာမှာ မျက်တွင်းဟောက်ပက် ဖြစ်နေပြီ။ ယခုအခါ၌ မိဖုရားအနေဖြင့် ရယ်မောရွှင်ပျစွ နေပြရန်လည်း မလိုတော့ပါ။ သူ့ အပျိုတော်များနှင့်လည်း ပျော်ပျော်ပါးပါး စကားစမြည် ပြောဆိုနေရန် မလိုတော့။ ပွဲသဘင်ကို နိဂုံးချုပ် အဆုံးသတ်ရန် အချိန်လည်း ရောက်နေပြီ။ နားမည်၊ စက်တော်ခေါ်မည်။ မိဖုရားစုဖုရားလတ်သည် မိမိ၏ စက်ရာဆောင်ကို ပြန်၍ စိတ်ချလက်ချ အိပ်စက်နိုင်ပြီ ဖြစ်တော့ သည်။

ဘုရင်နှင့် မိဖုရားတို့သည် ပွဲကြည့်ဆောင်မှ နေ၍ ပြန်ကြွချီကြ လေပြီ။ ထိန်ထိန်ညီးနေသော ဇာတ်စင် အနီးတွင် ရှိနေကြသည့် ပရိသတ် သည် တဖြည်းဖြည်း နည်းသွားပြီ။ ဂီတဆိုင်းတော်သည်လည်း သူတို့၏ ပစ္စည်းများကို သိမ်းဆည်းနေကြပြီ။ ဇာတ်သဘင်မှ ခေါင်းဆောင် မင်းသမီးသည် ဇာတ်စင်ထောင့် တစ်နေရာ၌ ဇာတ်အကျႌကို ချွတ်လဲ နေလေသည်။

ညဥ့်သည် တိတ်ဆိတ် ငြိမ်သက်စွာ ကျန်ရစ်ခဲ့လေ၏။

သို့သော် အကျဉ်းထောင်မှ ပါးကွက်သားတို့ အဖို့ကား လုပ်စရာ ကိုင်စရာ များစွာ ကျန်ရှိနေသေးသည်။ မဟာဆိမဟာသွေးတို့၏ အလောင်းများဖြင့် ပြည့်နေသော မြေကျင်းကြီးကို ဖို့ရဦးမည်။ တစ္ဆေ၏ အိတ်တွေကို လူမြင်ကွင်းမှ ဖုံးကွယ်ရပေဦးမည်။ ပါးကွက်သားတို့သည် မြေကျင်းကို ဖို့၍ ထိုနေရာ၌ မူလကကဲ့သို့ မြေပြင် ညီညာနေစေရန် ပြုပြင်ကြရသည်။ မြေကျင်းအနီးမှ စင်မြင့်ကိုလည်း ဖြုန်းဖျက်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ထို့နောက် အာဏာပါးကွက်သားများနှင့် သူတို့ကို အုပ်ချုပ်လာသူတို့သည် တိတ်ဆိတ် ငြိမ်သက်စွာဖြင့် နန်းမြို့တံခါးမှ ထွက်ခွာလာခဲ့ကြတော့သည်။

ဤအမှုကိစ္စကို အောင်မြင်စွာ ရွက်ဆောင်နိုင်ခဲ့ခြင်းအတွက် တိုင်တားမင်းကြီးနှင့် သူ့အဖော်အသင်းတွေမှာ ဆုတော်လာဘ်တော်များ ရကြလေသည်။

သို့သော် ဤဇာတ်လမ်းသည် ဤမျှဖြင့် ပြီးဆုံးမသွားပေ။ မင်းသားမင်းသမီးတွေကိုမြှုပ်နှံထားသော မြေကျင်းကြီးက ဒုက္ခပေးလာသည်။ မြေညှိထားသော မြေကျင်းကြီးသည် အပေါ်သို့ ကြွ၍ တက်လာလေသည်။ ဤတွင် စောစောကမှ လိပ်ပြာမသန့် ဖြစ်နေကြသော နန်းတွင်းမှ လူများ ထိတ်လန့်လာကြသည်။ သို့သော် မကြာမီပင် စုဖုရားလတ်က အစီအစဉ်တစ်ခု လုပ်ပေးသည်။ ကြွတက်နေသော မြေကျင်းကြီးကို နန်းတွင်းရှိ ဆင်များဖြင့်ရှေ့တိုးနောက်ပြန် အကြိမ်ကြိမ် အဖန်ဖန် နင်းစေလေသည်။

သို့သော် နောက်ပိုင်းတွင် ကတ္တီပါအိတ်နီများနှင့် ရုပ်ကလပ်များကို ဧရာဝတီမြစ်ထဲသို့ သွားရောက် ပစ်ချရန် စီမံခဲ့လေ၏။ မှောင်မိုက်သော တစ်ညတွင် ကတ္တီပါအိတ်နီများကို နွားလှည်းများဖြင့် တင်၍ နန်းတော်အနောက်တံခါးမှ ထုတ်သွားလေသည်။ ဆီထည့်မထားသော လှည်းဝင်ရိုးများက တအီအီ မြည်နေသည့်နောက်တွင် ခွေးအူသံများကို ကြားနေရသည်မှာ မကောင်းဆိုးဝါးများ ဖြတ်သန်းသွားနေဘိသို့ ရှိတော့သည်။

မင်းညီမင်းသားတို့အား ရက်စက်စွာ အဆုံးစီရင်မှု သတင်းဆိုးကြီးမှာ ယခုအခါတွင် လူသိရှင်ကြား ဖြစ်ခဲ့လေပြီ။ ဤသတင်းမှာ ရန်ကုန်မြို့မှ တစ်ဆင့် ကမ္ဘာ့အရပ်ရပ်သို့ ကြေးနန်းသတင်းများအဖြစ် ပျံ့နှံ့သွားခဲ့လေသည်။

အင်္ဂလိပ်အစိုးရသည် ဤကိစ္စနှင့် ပတ်သက်၍ ဝင်ရောက်စွက်ဖက်လာခဲ့၏။ မန္တလေးနေပြည်တော်တွင် နေထိုင်သော ဗြိတိသျှ



သံအမတ်ကြီး မစ္စတာရှောက မြန်မာအစိုးရကို ပြင်းပြင်းထန်ထန် အပြစ်ဆိုသော စာတစ်စောင်ကို ပေးပို့လေသည်။

သူ့စာကို ပြန်ကြားသော စာတစ်စောင်ကို ကင်းဝန်မင်းကြီးက ပြန်လည် ရေးသားပေးပို့ရင်း မင်းသားများကို ထိန်းသိမ်း ဖမ်းဆီးခဲ့ရခြင်းနှင့် ကွပ်မျက် သုတ်သင်ခဲ့ရသော အကြောင်းရင်းများကို ရှင်းလင်းခဲ့လေသည်။

ဗြိတိသျှတို့သည် စစ်ပြင်ဆင်မှုများကို အားထုတ် ကြံစည်လာလေသည်။ အခြေအနေများကို ကြည့်ရှု သုံးသပ်ပြီး သီပေါဘုရင်သည် စိုးရိမ်မှုများ ဖြစ်ပေါ်လာ၏။ ရှမ်းတို့ဒေသတွင် စစ်သား စုဆောင်းခြင်း လုပ်ငန်းများ လုပ်သည်။ နေပြည်တော်သို့ စစ်သားတွေ တပ်ချီ၍ ရောက်လာ၏။ ဤမြန်မာဘုရင့်စစ်သားတွေကား စစ်သေနင်္ဂဗျူဟာနှင့် ပတ်သက်၍ အားနည်းသော်လည်း အရေအတွက်ကို ကြည့်၍ အားရစရာ ကောင်းလှပေသည်။

နေပြည်တော်ကို လေးဖက်လေးတန်မှ နေ၍ တပ်မတော်သားတို့နှင့် ဝိုင်းဝန်း ကာကွယ်ထားပြီးပြီ။ သူတို့ကို စစ်ပညာများလည်း သင်ပေးနေသည်။ အားလုံးကို လစာရိက္ခာ တစ်လအတွက် ကြိုတင် ပေးထား၏။

မြစ်ကြောင်းမှလည်း ကာကွယ်ရေးလုပ်ငန်းများ လုပ်ထားပေးသည်။ ခံတပ်များကို ပြင်ဆင် တည်ဆောက်စေပြီး အမြောက်လက်နက်များကိုပါ ခံတပ်ကြီးများတွင် တပ်ဆင်ထားလေသည်။

ဗြိတိသျှသံရုံးရှေ့တွင် ထားရှိခဲ့သော မြန်မာ အစောင့်တပ်သားများကို ယခုအခါ ပိုမို ဂရုစိုက် စောင့်ကြပ်ရန် မြန်မာအစိုးရက သတိပေးထားသည်။ ကံဆိုးသည်မှာ ဗြိတိသျှသံကြီး မစ္စတာရှော ကွယ်လွန်သွားခြင်း ဖြစ်၏။ မစ္စတာရှော၏ နေရာတွင် အင်္ဂလိပ်အစိုးရက နောက်ထပ် သံအမတ်အသစ် မခန့်တော့ချေ။

၁၈၇၉ ခုနှစ်တွင် ဗြိတိသျှတို့သည် မန္တလေးနေပြည်တော်တွင်ထားရှိသော သံရုံးကို လုံးဝပိတ်ရန် ဆုံးဖြတ်လိုက်လေသည်။ ဗြိတိသျှ

www.burmeseclassic.com

www.burmeseclassic.com



သံအမှုထမ်းများကို ဘင်္ဂါလီအမျိုးသား တစ်ဦးဖြစ်သော မစ္စတာစိန့်ဘာဘီ ဆိုသူက ဦးစီး၍ ပြန်လည် ရုပ်သိမ်းသွားရန် စီစဉ်လေသည်။

ဗြိတိသျှတို့က မိမိတို့ သံရုံးကို ရုပ်သိမ်းရန် စီစဉ်ရာတွင် မစ္စတာစိန့်ဘာဘီနှင့် သူ၏ လက်ထောက်များ၏ လုံခြုံရေးအတွက်ဟု ဆိုပြီး အထူး လျှို့ဝှက်၍ ဆောင်ရွက်သည်။ မစ္စတာစိန့်ဘာဘီနှင့် အဖွဲ့ဝင်များ သင်္ဘောပေါ်သို့ ရောက်ပြီးသည့် နောက်တွင်မှ မြန်မာအစိုးရက သိရှိ စေရန် တိတ်တဆိတ် စီစဉ်ခြင်း ဖြစ်ပေသည်။ တစ်ချိန်တည်းမှာပင် နေပြည်တော်တွင် ရှိနေကြသော ဥရောပတိုက်သားများနှင့် ဗြိတိသျှ အမျိုးသားများကို မစ္စတာစိန့်ဘာဘီတို့နှင့် အတူ တစ်ပါတည်း လိုက်ပါ ကြရန် နှိုးဆော် သတိပေးခဲ့၏။ အီတလီသံမှူး 'ချီဗေလီယာအင်ဒရီယို' ဆိုသူမှာ နေပြည်တော်မှ ထွက်ခွာခြင်းပြုရန် ငြင်းဆိုလေသည်။ မိမိ၏ အဖို့ ဘာမျှ အန္တရာယ်မရှိနိုင်ဟု သူက အကြောင်းပြသည်။ သူကား နေပြည်တော်တွင် အတော်အသင့် ဩဇာအရှိန်အဝါ ရှိသူ ဖြစ်ပြီးလျှင် ဧရာဝတီ ဖလုတ်တီလာ သင်္ဘောကုမ္ပဏီ၏ ကိုယ်စားလှယ် အဖြစ်လည်း ဆောင်ရွက်လျက် ရှိပေသည်။

မစ္စတာစိန့်ဘာဘီနှင့် အတူ ခရစ်ယာန် ဘာသာရေး မစ်ရှင် ခေါင်းဆောင် ဘုန်းတော်ကြီး မစ္စတာ ကောလ်ဘက်နှင့် အဖွဲ့လည်း ပြန်လည် လိုက်ပါသွား၏။ မင်းတုန်းမင်း လှူဒါန်းခဲ့သော ခရစ်ယာန် ကျောင်းတော်မှာ မကြာမီ ဗုဒ္ဓ ဘုရားကျောင်းတော် ဖြစ်လာ၏။ ဗြိတိသျှ သံရုံး လုပ်ထားသော အိမ်ကိုလည်း မြန်မာအရာရှိတစ်ဦးက လွှဲယူ လေသည်။

ဗြိတိသျှသံအဖွဲ့ဝင်များ နေပြည်တော်မှ ထွက်ခွာသွားခြင်းနှင့် ပတ်သက်ပြီး မြန်မာဘုရင့် အစိုးရ၏ အာဘော်ဖြစ်သော ရတနာ သတင်းစာက ဖော်ပြရာတွင် မြန်မာဘုရင် အစိုးရသည် မန္တလေး နေပြည်တော်တွင် ကျန်ရစ်ခဲ့သော ဗြိတိသျှ အမျိုးသားများနှင့် ပတ်သက်၍



မေတ္တာကရုဏာတရား ထားရှိမည်ဖြစ်ကြောင်း၊ ယင်းတို့နှင့်အတူ သူတို့၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ အတွက်လည်း အာမခံချက် ရအောင် စောင့်ရှောက် ကာကွယ်သွားမည် ဖြစ်ကြောင်း ပါရှိလေသည်။

အိန္ဒိယအစိုးရက သီပေါဘုရင်အစိုးရကို မကျေနပ်၍ မြန်မာနိုင်ငံမှ ဗြိတိသျှသံအဖွဲ့ကို ရုပ်သိမ်းလိုက်ပြီ ဖြစ်သော်လည်း သင့်တော်သည့် တစ်နေ့တွင် မိမိတို့ သံအဖွဲ့ကို ပြန်လည် ထားရှိရမည်ဟု ညွှန်ကြား ထား၏။

သီပေါဘုရင့်အစိုးရသည် ဗြိတိသျှအစိုးရ ထံသို့ အခြေအနေ အရပ်ရပ်ကို ရှင်းပြရန် သံအမတ်တစ်ဦးကို စေလွှတ်ခဲ့သည်။ ဗြိတိသျှ သံအဖွဲ့ ရုပ်သိမ်းခြင်း မပြုရန် တင်ပြ ပြောဆိုဖို့ ဖြစ်သည်။ သို့သော် မြန်မာသံအမတ်အား ဗြိတိသျှတို့က သရက်မြို့မှ ကျော်လွန်၍ ခရီးဆက်ခွင့် မပေးခဲ့ပေ။

ဖေဖော်ဝါရီလက နေပြည်တော်တွင် ဖြစ်ပွားခဲ့သော အဆုံးစီရင်မှု ကြီးမျိုးကို ထိုနှစ် စက်တင်ဘာလနှင့် နိုဝင်ဘာလများတွင် နေပြည်တော် ၌ ဆက်လက် ကြုံတွေ့ရပြန်၏။ သီပေါဘုရင်သည် မိမိ၏ ရန်သူများကို အပြတ်ရှင်းရန် ကြိုးစားနေလေပြီ။

အင်္ဂလိပ်အစိုးရကမူ အခြေအနေအရပ်ရပ်ကို စောင့်၍သာ ကြည့် နေခဲ့သည်။ ဤကိစ္စများနှင့် ပတ်သက်၍ မည်သည့် အရေးယူ ဆောင်ရွက်မှုမျိုးကိုမျှ မပြုလုပ်ခဲ့ချေ။ သို့ဖြစ်၍ မြန်မာဘုရင့်အစိုးရ၏ သုံးစ်တိုင် ဆောင်ရွက်မှုများကို မည်သည့် အင်အားကြီး နိုင်ငံတို့ကမျှ ဝင်ရောက် စွက်ဖက်နိုင်ဝံ့မည် မဟုတ်ဟု သီပေါဘုရင့်အစိုးရက ထင်မြင် လာသည်။

သီပေါဘုရင်သည် အင်္ဂလိပ်အစိုးရ၏ ဆောင်ရွက်မှုများကို ကျေနပ်သောကြောင့် နောင်တွင် မည်သည့် ကုလားဖြူ တစ်စုံတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တို့မျှ မိမိ မတွေ့မမြင်လိုတော့ပါဟု ဘုရားတွင် သစ္စာဆိုခဲ့လေသည်။ သို့ သစ္စာပြုခဲ့သည်နှင့်အညီ နန်းတော်တွင်းရှိ ဥရောပတိုက်သားအများအပြားကို ဖယ်ရှားလိုက်၏။ ဥရောပတိုက်သားများ ခံစားခွင့် ရရှိနေသော အခွင့်ထူးများ အားလုံးကို ပြန်လည် ရုပ်သိမ်းလိုက်လေသည်။

ဘုရင့်အစိုးရသည် နေပြည်တော်အတွင်း လေးပြင်လေးရပ်တို့၌ မောင်းကြေးနင်းခတ်၍ ပြည်သူတို့အား သတင်းထူး ကြားသိစေသည်။ ယခုအခါတွင် ဘုရင့်အစိုးရက မိစ္ဆာ ကုလားဖြူသံရုံးကို နေပြည်တော်မှ နှင်ထုတ်လိုက်ပြီး အောက်ပြည်အောက်ရွာ၌ ကျူးကျော် ဝင်ရောက်နေသော ကုလားဖြူတပ်များကိုလည်း မြန်မာဘုရင့် တပ်မတော်က အပြီးတိုင် ဖယ်ရှား တိုက်ထုတ်တော့မည်. . . ဟု။

●

## အဋ္ဌရာယ်မြို့တော်

မန္တလေးနေပြည်တော်တွင် ခရစ်ယာန် သာသနာပြု စာသင်ကျောင်း ဖွင့်ထားသော ဒေါက်တာမတ်က သူ၏ တပည့် ဖြစ်ခဲ့ဖူးသော သီပေါမင်းသား ဘုရင် ဖြစ်သွားခြင်းအတွက် ပမ်းသာကြောင်း စာတစ်စောင်ကို သီပေါဘုရင်ထံ ပေးပို့လိုက်လေ၏။

သို့သော် ဒေါက်တာမတ်သည် သီပေါဘုရင် ထံမှ ပြန်စာကို မရရှိခဲ့ပေ။

ခရစ်ယာန်သာသနာပြု စာသင်ကျောင်းမှာ ပိတ်ထားရ၏။ ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုခြင်း ... ဤကိစ္စနှင့် ပတ်သက်၍ ဒေါက်တာမတ်က ဘုရင်မင်းမြတ်ထံ တောင်းဝန်ခြင်း မရှိသလိုပင် သူ၏ ကျောင်းအုပ်ဆရာကြီး ဖြစ်ခဲ့ဖူးသော ဒေါက်တာမတ်ကို ကျောင်းပြန်ဖွင့်ခွင့် ပေးရန်အတွက် သီပေါဘုရင်၌ ဆန္ဒမရှိတော့ပြီ။ တကယ်ဆိုတော့ မိမိ၏ နေပြည်တော်တွင် နိုင်ငံခြားသားများကို နည်းနိုင်သမျှ နည်းစေချင်သည်မှာ ဘုရင်မင်းမြတ်၏ ဆန္ဒအမှန် ဖြစ်လေသည်။ ဒေါက်တာမတ် အနေဖြင့်လည်း မန္တလေးနေပြည်တော်သို့ ပြန်လာရန်ကို နှစ်ပေါင်းများစွာ ကြာသည်အထိ စိတ်မကူးသေးချေ။

သီပေါဘုရင်၏ နန်းစံသက်တွင် နိုင်ငံတော်မှာ ငြိမ်းချမ်းမှု ညှိုးငယ်လှလေသည်။ နန်းတွင်း ကွပ်မျက်မှုကြီး သတင်းသည် နိုင်ငံတော်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ တောမီးနှယ် ပျံ့လွင့်သွား၏။ ဤသတင်းကပင် ဆိုးချင်မိုက်ချင်သူတို့အတွက် ဓားပြတိုက်မှု၊ လူသတ်များ ကျူးလွန်ဖြစ်အောင် အားပေးနေသည်သို့ ရှိတော့၏။

ထို့ပြင် နေပြည်တော်၏ ပြင်ပတွင် တရားဥပဒေ စိုးမိုးရေးအတွက် အစိုးရအမှုထမ်းတို့၏ ကြိုးပမ်းမှုမှာ အနည်းငယ်မျှသာ ရှိခဲ့သည်။ တောလက်တောရွာ ဒေသများတွင် ဆိုလျှင် ဓားပြဂိုဏ်းများသည် မင်းမူချင်တိုင်း မင်းမူနေကြသည်။

မင်းတုန်းဘုရင် နတ်ရွာစံခါနီး အချိန်တွင် မြန်မာ ဗြိတိန် ကုန်သွယ်မှု လုပ်ငန်းများ ကျဆင်းခဲ့ရ၏။ သီပေါဘုရင် နန်းတက်လာသော အခါတွင် နိုင်ငံခြားသားများ၏ လုံခြုံရေးပြဿနာများ ထပ်ဆင့်ပေါ်ခဲ့လေရာ မြန်မာနှင့် ဗြိတိန်တို့၏ ကုန်သွယ်မှု လုပ်ငန်းများမှာ တိုး၍ ကျဆင်းခဲ့ပြန်တော့သည်။

နိုင်ငံတော်၏ စီးပွားရေး အခြေအနေများ ကျဆင်းမှုသည် နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးမှုများ နည်းပါးသည်ထိ အကျိုးဆက်များ ဖြစ်လာ၏။ လူဆိုး သူခိုးများသည် မည်မျှအထိ နယ်ကျယ်လာသနည်းဟူမူ နယ်စပ်ကို ဖြတ်ကျော်၍ ဗြိတိသျှပိုင် မြန်မာနိုင်ငံ အထိပင် ကူးပြီး ဝင်ရောက် လုယက် တိုက်ခိုက်ခဲ့ကြ၏။

ကျေးရွာများ၏ ညဥ့်အချိန် တိတ်ဆိတ် အေးချမ်းမှုကို ခွေးဟောင်သံများက ဖျက်ဆီးလေ့ရှိသည်။ မကြာမီ သေနတ်သံ တစ်ချက် နှစ်ချက်ကို ကြားရသည်။ ဓားပြလုပ်သူ၏ အဆင့်အတန်း အနိမ့်အမြင့်မှာ သေနတ်သံပေါ်တွင် တည်ရှိလေ၏။ ဓားပြတိုက် ခံရသူတို့မှာ ဓားပြတောင်းသလောက် ပေးနိုင်လျှင် ပေးပေရော့၊ မပေးနိုင်လျှင်ကား သူတို့၏ နှိပ်စက် ညှဥ်းပန်းမှုကို ကုန်း၍ ခံရတော့မည်။

တစ်ခါတစ်ရံ ဓားပြများ၏ မျက်နှာကို မှတ်မိနေတတ်သည်။ သို့သော် ဓားပြတိုက် ခံရသူတို့အဖို့ မိမိတို့ မှတ်မိကြောင်းကို မည်သို့မျှ ထုတ်ဖော် ပြောဆိုရန် မဝံ့ရဲကြ။ ဓားပြများမှာ မည်မျှ အတင့်ရဲနေကြ



သနည်း ဆိုသော် တစ်ကြိမ်တွင် ဘုရင့်အမှုတော်ထမ်း တစ်ဦးဖြစ်သော စလေမြို့ဝန်ကိုပင် သူ့ရုံးခန်း၌ ဝင်ရောက် တိုက်ခိုက်ခဲ့ရာ စလေမြို့ဝန်မင်းမှာ ဓားပြရန်မှ လွတ်ကင်းရန် ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ထွက်ပြေးရသည် ဆို၏။ မန္တလေးနေပြည်တော်ရှိ အစိုးရအမှုထမ်း အရာရှိများသည်ပင် လူဆိုးဓားပြများနှင့် အဆက်အသွယ်ယူ၍ အားပေး အားမြှောက်ပြုနေပြီး ဓားပြများထံမှ ဝေစုခွဲစားနေသည်ဆိုသော သတင်းများကိုလည်း ကြားနေရသည်။

သို့သော် ဤသတင်းဆိုးများသည် နန်းတော်တွင်း၌ စံမြန်းနေသော သီပေါဘုရင်နှင့် မိဖုရားတို့အား မည်သို့မျှ မတုန်လှုပ်စေခဲ့ပေ။ ယခုအခါတွင် ဘုရင်နှင့် မိဖုရားတို့သည် မိမိတို့၏ ရင်သွေးတော်ကလေး အတွက်သာ ရည်စူးပြီး ဆောင်ရွက်ဖွယ် ရှိသမျှကို ကြိုတင် ဆောင်ရွက်နေကြသည်။ ဗေဒင်ဟူးရားများ၏ ဟောကြားချက်အရ သားတော် တစ်ပါး မီးရှူးသန့်စင် ဖွားမြင်တော်မူလိမ့်မည် ဆိုသည်။ သီပေါဘုရင်ကလည်း သားတော် ဖွားမြင်တော်မူလာပါက မိမိ၏ ထီးနန်းအရိုက်အရာကို ဆက်ခံမည့် အိမ်ရှေ့မင်းသား ဖြစ်လာလိမ့်မည် မလွဲဟု ကြိုတင်တွက်ဆထားပေသည်။

သားတော်လေးအတွက် အထူးစီမံ ပြုလုပ်ထားသော ပုခက်တစ်လုံး ရရှိထားပြီ။ ပုခက်ဘောင်ကို သရက်သားဖြင့် ပြုလုပ်၍ အပြင်ဘက်မှ ရွှေပိန်းချထား၏။ အဖိုးတန် ကျောက်မျက်ရတနာများကို ပုခက်တွင် မြှုပ်နှံ စီခြယ်ထားပြီးလျှင် ဤ ရွှေပုခက်သည် အင်္ဂလိပ်ပေါင်ငွေ ၁၅၀၀ တန်သည်ဟု အဆိုရှိသည်။ အီတလီ အင်ဂျင်နီယာ တစ်ဦးက ဤ ရွှေပုခက်ကို လွှဲရန် စက်မှုပညာဖြင့် ဖန်တီး တပ်ဆင်ပေးထားသော အကြောင်းမှာ ပုခက်ကို လွှဲရာတွင် မိန်းမများ၏ လုပ်အားကို ဘုရင်က အသုံးမချလို၍ ဖြစ်ပေသည်။

စုဖုရားလတ် မိဖုရားက သဘောကျ နှစ်မြို့က်ခြင်း မရှိသော်လည်း မွေးဖွားလာမည့် နန်းလျာကလေးကို ဥရောပနည်းဖြင့် ပြုစု ပျိုးထောင်မည် စီမံသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗေဒင်ပညာရှင်များ၏ ဟောကိန်း မှန်လေသည်။ စုဖုရားလတ်မိဖုရားသည် သားတော်ကလေး တစ်ပါးကို ဖွားမြင်တော်မူ၏။ ဗေဒင်ပညာရှင်တို့၏ ဟောကြားချက် မှန်ကန်လှသဖြင့် ဘုရင်မင်းမြတ်က ဆုတော်လာဘ်တော်များ ချီးမြှင့် ပေးကမ်းခဲ့၏။

သီပေါဘုရင်ကား စိတ်အေးချမ်းသာ ရှိသွားလေပြီ။ မိမိ၏ ထီးနန်းကို လွှဲအပ်ပေးနိုင်မည် ဖြစ်သော နန်းလျာ ရှိနေပြီ။ နေပြည်တော်မှ ထွက်ပြေးပြီး တစ်ရပ်တစ်ကျေးသို့ ရောက်နေကြသော ပြည်ပြေးမင်းသားများ အနေဖြင့် ရတနာပုံထီးနန်းကို ပြန်ရဖို့လမ်း မရှိတော့၍ စိတ်ပျက် လက်လျှော့သွားကြပေတော့မည်။ နန်းလျာမင်းသားငယ်သည် ကေန် ဘုရင် ဖြစ်ရမည်တည်း။

သူ၏ မျှော်လင့်ချက်များအား စောလွန်းလှပါသေးသည်။

၁၈၈၀ ပြည့်နှစ်တွင် နေပြည်တော်တွင်း၌ ကျောက်ရောဂါကြီး ဖြစ်ပွား ခဲ့လေသည်။ နန်းကျဘုရင် ပုဂံမင်းမှာ ဤကပ်ရောဂါဖြင့် နတ်ရွာ စံသွားရှာသည်။ မကြာမီပင် နန်းလျာ မင်းသားကလေးလည်း ကျောက်ရောဂါ ကူးစက် ခံစားရတော့၏။ မင်းသားကလေး အသက်ရှင်စေကြောင်းအတွက် ဆုယုဆုတောင်းပြုခြင်း၊ အကောင်းဆုံး ဆေးဆရာများဖြင့် ကုသခြင်း စသည်ဖြင့် တတ်အားသမျှ ကြိုးစား ကယ်တင်ကြပါသော်လည်း အချည်းနှီး ဖြစ်ခဲ့ရသည်။ နေပြည်တော် အတွင်းရှိ များစွာသော ကလေးငယ်များမှာ ကျောက်ရောဂါဖြင့် ကွယ်လွန်သွားကြ၏။ သီပေါဘုရင်နှင့် စုဖုရားလတ်တို့၏ နန်းလျာမင်းသားကလေးသည်လည်း ဤရောဂါဖြင့်ပင် နတ်ရွာစံခဲ့ရလေသည်။ ဘုရင်နှင့် မိဖုရားတို့ အဖို့ကား မဆည်နိုင်အောင် ကြေကွဲ ဝမ်းနည်းခြင်း ဖြစ်ခဲ့ကြရတော့၏။

နေပြည်တော်ကား ကပ်ရောဂါကြီးတွေကို လက်ယပ်ခေါ်နေဘိသကဲ့သို့ ရှိနေသည်။ နွေရာသီတွင် ဖုန်တထောင်းထောင်း၊ မိုးရာသီ၌ ရွှံ့တွေ့ဗွက်တွေ ထူလှသော လမ်းများ၊ ထိုလမ်းများပေါ်တွင် ပြေးလွှားနေကြသော ခွေးဝင်စားများ၊ အစာရှာနေကြသော ဝက်များ၊ ကျီးများ



ဤသတ္တဝါများသည် မစင်တွင်းများကို မွှေနှောက် ကြဖွရင်း မိလ္လာသိမ်းတာဝန်ကို လိုင်စင် ယူထားသည့်အလား အစာ စားလျက်ရှိသည်။

မြို့တော်၏ ခွေးဝင်စားများကား နိုင်ငံခြားသားများကို အလွန်မျက်စိနောက်၏။ သူတို့သခင် မြန်မာများလိုပင် နိုင်ငံခြားသား ဆိုလျှင် အလွန် မုန်းသည်။ ဗြိတိသျှသံရုံးမှ သံအမတ် မစ္စတာရှော ကွယ်လွန်ပြီးနောက် သံရုံးအကြီးအကဲ အဖြစ် အမှုထမ်းနေသော မစ္စတာစိန့်ဘာဘီမှာ တစ်ကြိမ်တွင် ခွေးနှင့် ပြဿနာပေါ်ဖူး၏။

ထိုစဉ်က ဈေးအနီးတွင် စိန့်ဘာဘီကို ခွေးဝဲစား တစ်ကောင်က လိုက်၍ ကိုက်သည်။ စိန့်ဘာဘီက လက်ထဲတွင် အသင့် ပါသော တုတ်ဖြင့် ထိုခွေးကို ရိုက်သတ်လိုက်၏။ ယင်းသည့်အခိုက်တွင် ဒေါသထွက်နေသော လူအုပ်ကြီးသည် ခွေးကို သတ်မိသော စိန့်ဘာဘီအား ရန်ပြုကြရန် ဝိုင်း၍ လာလေသည်။

စိန့်ဘာဘီသည် လူအုပ်ထဲမှ တိုး၍ ထွက်ရန် ကြိုးစားပြီး ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ပြေးရင်း သံရုံးအတွင်းသို့ ပြန်ရောက်သွားသည်။ ဤသို့ဖြင့် သူသည် လူအုပ်ကြီး၏ ဘေးရန်မှ သီသီကလေး လွတ်လာခဲ့ရလေသည်။

နေပြည်တော်တွင် မီးဘေးကိုလည်း ကြောက်နေရသည်။ ထမင်းအိုး တည်ရာတွင် မီးကို ပေါ့ဆစွာ ကိုင်တွယ်၍ လည်းကောင်း၊ မီးနှင့် ဆေးလိပ်တို့ကို အမှတ်တမဲ့ စွန့်ပစ်ရင်းမှ လည်းကောင်း၊ မီးလောင်လေ့ရှိ၏။ မီးလောင်ပြီ ဆိုလျှင် ကုရန် ဆေးမရှိ။ မီးသည် လောင်စရာ ကုန်တော့မှ ငြိမ်းသွားသည်။ နေလောင်၍ ကျွမ်းနေသော သက်ငယ်မိုးများ၊ ဝါးထရံများနှင့် ပြီးသော တဲအိမ်များသည် မီးကြိုက်သော လောင်စာများ ဖြစ်ကြ၏။ ဆင်းရဲသားများ နေထိုင်သော ဤရပ်ကွက်မျိုးတို့ မီးလောင်ပြီ ဆိုလျှင် တစ်နာရီအတွင်း ပြာပုံ ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနှစ် ၁၈၈၀ ပြည့်နှစ်တွင် ရှမ်းတို့ဒေသမှ ထကြွ ပုန်ကန်မှုများ ဖြစ်ခဲ့သည်။ ဘုရင့်တပ်မတော်များကို စေလွှတ်၍ ပုန်ကန်သူများကို နှိမ်နင်းခဲ့၏။ အလားတူပင် ဗြိတိသျှ-မြန်မာ နယ်စပ်ဒေသများတွင်လည်း နှစ်ပေါင်း အတန်ကြာမျှ မငြိမ်မသက် ရှိခဲ့သည်။ ယင်း မငြိမ်သက်မှုများ တ အထက်မြန်မာနိုင်ငံကို ဗြိတိသျှတပ်များ သိမ်းယူခဲ့သည် အထိ ဆက်လက် ဖြစ်ပွားနေခဲ့လေသည်။

●

## စုဖုရားလတ်၏ ရတနာများ

သီပေါဘုရင်အတွက် ငွေလိုသည်။ အသုံးအစွဲ ကြီးသော မင်းတုန်းဘုရင်မင်းမြတ် နတ်ရွာစံသော အခါတွင် ရွှေတိုက်တော်မှာ အခွံသက်သက်မျှ ကျန်ခဲ့၏။ တန်ဖိုး ကြီးကြီးမားမား ကုန်ကျသည်ကို တွက်စစ်နေတတ်သော မင်းတုန်းဘုရင်၏ လက်ထက်တွင် ဘုရားစေတီများနှင့် နန်းတော် တည်ဆောက်ရေး လုပ်ငန်းတို့သည် ငွေများစွာ ကုန်ကျစေခဲ့ပေသည်။

မင်းတုန်းဘုရင်ကို ဆက်ခံသော သီပေါဘုရင်မှာ ကျမ်းစာပေစာများကို လေ့လာ လိုက်စားသော်လည်း ဘုရားစေတီ တည်ထား ကိုးကွယ်ရေးတွင် များစွာ စိတ်ထက်သန်ခြင်း မရှိလှပေ။ သို့သော်လည်း သူနည်းနှင့် သူ ဝါသနာထုံသော လုပ်ငန်းများ ရှိပေသေးရာ ငွေကုန်ကြေးကျ နည်းလှသည် မဟုတ်ချေ။ စုဖုရားလတ်အတွက် ဥရောပတိုက်မှ ဝယ်ယူသော ကျောက်မျက်ရတနာများကပင် တန်ဖိုး ကြီးလှစွာ၏။ ငွေကို အရမ်းကာရော ဖြုန်းတီးမှုတွေ များလာသည်။ ရွှေတိုက်တော်တွင် ငွေနည်းလာပြန်ပြီ။

ကုသန်းရောင်းဝယ်ရေးတွင် ပိုမို ကောင်းမွန်သော အခြေခံ စနစ်တစ်ရပ် ရှိမည်လားဟု သီပေါဘုရင်က ရှာဖွေကြည့်သည်။ သို့သော် မင်းတုန်းဘုရင် ကိုယ်တိုင်က လက်ဝါးကြီးအုပ် ခြယ်လှယ် ချုပ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



ရောင်းဝယ်သော စနစ်ထက် ပိုကောင်းသော ရောင်းဝယ်မှုကို သီပေါ ဘုရင် ရှာမတွေ့ပေ။

မကြာမီပင် ဘုရင့် ကိုယ်စားလှယ်များ ဖြစ်ကြသော ပွဲစားများသည် ပြည်ပ ကုန်တင်ပို့ရေး လုပ်ငန်းများကို ပြန်လည် စတင် လုပ်ကိုင်နေကြပြီ ဖြစ်၏။ သို့သော် ကုန်သည်တို့မှာ အရောင်းအဝယ်များ သိပ်မကောင်းလှချေ။ နယ်စပ်ကို ကျော်၍ ရောင်းဝယ်ရာတွင် လုံခြုံမှု မရှိခြင်းကြောင့် ကုန်များကို လက်ကားအဖြစ် အမြောက်အမြား ရောင်းဝယ်ခြင်း မရှိတော့ပြီ။

ဘုရင့် အရောင်းကိုယ်စားလှယ်များထံ၌ စီးပွားရေး တိုးတက်မှု မပြသော်လည်း စုဖုရားလတ် မိဖုရားထံတွင် ကျောက်မျက်ရတနာတွေ တိုးနေဆဲ ဖြစ်၏။ ဘုရင်နှင့် မိဖုရားတို့သည် ရတနာ အဝယ်တော်ကြီးများ ဖြစ်နေဆဲပင်။ မိုးကုတ်မှ ထွက်သော ပတ္တမြားနှင့် နီလာ ရတနာ အမျိုးမျိုးကိုလည်း ဝယ်သည်။ နေရာဌာန အသီးသီးမှ ရယူနိုင်သော စိန်၊ မြနှင့် တခြား ကျောက်မျက်ရတနာ အမျိုးမျိုးကိုလည်း ဝယ်ယူ၍ ဝယ်ယူလျက် ရှိနေ၏။

ထို့ကြောင့် ငွေ လိုသည်။ ငွေ အမြဲလိုနေသည်။ သို့သော် ဘုရင် လက်ဝါးကြီးအုပ် ကုန်သွယ်မှု လုပ်ငန်းများကလည်း စိတ်ပျက်စရာ အခြေအနေ ရှိနေ၏။

ဤတွင် သီပေါဘုရင်မင်းမြတ်အတွက် အမြတ် ထွက်စေမည့် စီမံကိန်းတစ်ရပ်ကို ဝမ်းမြောက်ဖွယ် တွေ့လာရသည်။ အစိုးရက ထီ ဖွင့်ရန်တည်း။

မြန်မာတို့ကား လောင်းကစားခြင်းကို ဝါသနာထုံကြသည်။ ထို့ကြောင့် ထီစီမံကိန်းကို အကောင်အထည် ဖော်လျှင် အောင်မြင်မည် မလားဟု သံသယဝင်နေရန် မလိုပါ။ ထို့ပြင် ဘုရင်ထံ လျှောက်တင်သူက လျှောက်တင်ပြန်၏။ အနောက်နိုင်ငံ အစိုးရများပင် ထီမှ ဝင်ငွေတွေ အများကြီး ရနေသေးသည် မဟုတ်လားတဲ့. . .။



ထီဖွင့်ပေးခြင်းဖြင့် ဘုရင့် ရွှေတိုက်တော်ထဲသို့ ငွေတွေ လှိမ့်ဝင်လာမည် ဖြစ်သည့်အပြင် ထီပေါက်သော ကံထူးသူတွေကလည်း မိမိတို့ ငွေတွေ ရသဖြင့် ဘုရင်ကို ကျေးဇူးတင်နေကြပေလိမ့်ဦးမည်။ ပျော်ရွှင်မှုလည်း ဖြစ်ကြရဦးမည်။

၁၈၇၉ ခုနှစ်တွင် ထီစီမံကိန်းကို စတင်၍ အကောင်အထည် ဖော်သည်။ မန္တလေးနေပြည်တော်သည် လောင်းကစား ဝါသနာပါသူတို့၏ နတ်ဘုံနတ်နန်းကြီး ဖြစ်နေပြီးလျှင် ဤရောဂါသည် နိုင်ငံအနှံ့အပြားသို့ ခုန်ပေါက် ပြေးလွှားလျက် ကူးစက်သွားလေသည်။

အလွန်တရာ ဣန္ဒြေသိက္ခာ ရှိလှသည်ဆိုသော ဘုရင့်အမှုတော်ထမ်း မှူးကြီးမတ်ကြီးများ၊ ယဉ်ကျေးသော နန်းတွင်းသူများမှသည် ဘုရား စောင်းတန်းတွင် ခိုမှီးနေထိုင်ကြသော သူတောင်းစားများ အထိ ထီရောဂါ ကူးစက်ခြင်း ခံနေကြရရှာ၏။ ယောကျ်ား၊ မိန်းမ၊ ကလေး သူငယ် မကျန် ထီအကြောင်းကို တွေးတော ပြောဆို စိတ်ကူးယဉ်ရင်း ထီ ထလာမည့် အချိန်ကို စောင့်နေကြ၏။

ထီမှာ နှစ်မျိုးနှစ်စား ရှိ၏။ အကြီးစားနှင့် အသေးစား ဖြစ်၏။ အသေးစားထီကို နေ့စဉ် ဖွင့်သည်။ ထီတစ်စောင် တစ်ပဲ ဖြစ်ရာ ဆင်းရဲသားများ အထိ အလွယ်တကူ ထိုးနိုင်ကြ၏။ ထီလက်မှတ်များကို ဈေးများတွင် ရှိနေသော ထီကိုယ်စားလှယ်များက ရောင်းချသည်။ ထီပေါက်သူ တစ်ဦးသည် မိမိ ထိုးထားသော ငွေ၏ ၄၈ ဆကို ထီဆုအဖြစ် ရရှိနိုင်၏။ ယင်းထီကို လူအများ စိတ်ဝင်စားမှု ရှိကြသည်။ ဈေးများတွင် ထီလက်မှတ် ရောင်းချသော ဆိုင်တို့မှာ ထီထိုးသူတို့ဖြင့် စည်ကားနေလေ၏။

ထီရုံကြီးတွင် အသေးစားထီကို နေ့စဉ် မွန်းတည့်ချိန်၌ ဖွင့်လှစ်သည်။

ထီဖွင့်သော နေရာသို့ စိတ်ဝင်စားသူများ တိုးမပေါက်အောင် သာရောက်ကြ၏။ လက်နက်ကိုင် တပ်သားတစ်ဦး အစောင့်အကြပ်ဖြင့်

www.burmeseclassic.com



ဝန်ကြီးတစ်ဦးလည်း ထိဖွင့်ပွဲသို့ လာရောက် ကြီးကြပ်သည်။ စည်ကြီး တစ်ခုထဲတွင် ဘောလုံး အလုံး ၆၀ ကို ထည့်ထား၏။ ယင်းတို့အထဲမှ တစ်လုံးမှာ အောင်ဘာလေ ပေါက်မဲ ဖြစ်သည်။ ထီနံပါတ် တစ်ခုကို ခေါ်ပြီးလျှင် ဘောလုံးတစ်ခုကို နှိုက်ယူ၏။ နှိုက်ယူလိုက်သော ဘောလုံးမှာ ပေါက်မဲ ဖြစ်နေပါက ထိုနံပါတ် ပိုင်ရှင်သည် အောင်ဘာလေဆုရှင် ဖြစ်ကြောင်း ကြေညာလေသည်။

မကြာမီပင် ထီပေါက်သူ၏ သဂၤင်းကို ဈေးအတွင်းသို့ သွား၍ ကြေညာ၏။ ထီပေါက်သူတွေကား ပျော်တပြုံးပြုံး မော်၍မဆုံး ဖြစ်နေသည်။ ထီမပေါက်သော ကံဆိုးသူမောင်ရှင် တို့မှာကား နောက်တစ်နေ့ ဖွင့်မည့် ထီပွဲတွင် မိမိ ပေါက်ပါမည်လားဟု စိုးရိမ်သောက ပွားလျက်။

အကြီးစားထီမှာမူ အသေးစားထီနှင့် ခြားနားပေသည်။ ယင်း၏ အောင်ဘာလေ အရေအတွက် ဆုမှာ ထောင်နှင့်ချီ၍ ပေးပြီး ထီလက်မှတ် တစ်စောင်ကို ငါးကျပ်ဖြင့် ရောင်း၏။ ပထမဆုမှာ ကျပ်တစ်သောင်း ဖြစ်၏။ ဆုငယ်များလည်း ရှိပါသည်။ ဤထီမှနေ၍ ဘုရင်မင်းမြတ် အစိုးရက ရသော အမြတ်ငွေမှာ များပြားလှ၏။

ထီဖွင့်ပွဲကို တစ်လ တစ်ကြိမ်သာ ကျင်းပ ပြုလုပ်ပြီး ထီဖွင့်ပွဲကို ခမ်းခမ်းနားနား ကျင်းပလေ့ရှိသည်။ ပထမဆု ပေါက်သူ အောင်ဘာလေ ဆုရှင်၏ နာမည်ကို ကြေညာသည်နှင့် ဝန်ကြီးကိုယ်တိုင်က ဆုရှင်အား ချီးကျူး ဂုဏ်ပြုလျက် 'သူဌေးမင်း' ဘွဲ့ကို ချီးမြှင့် ပေးအပ်ရလေသည်။ ထို့နောက် တစ်သောင်းဆုရှင် သူဌေးမင်းကို ဆင်ပေါ်တင်ပြီး မြို့ကို လှည့်စေ၏။ သူ့နောက်မှ ဂုဏ်ပြုလက်နက်ကိုင် အစောင့်တပ်ဖွဲ့နှင့် အတီးအမှုတ်ဝိုင်းများ လိုက်ပါရ၏။

သူဌေးမင်း၏ ရှေ့တွင် သူ ရရှိသော ရွှေဒင်္ဂါးများကို အိတ်များဖြင့် ထည့်၍ စုပုံထား၏။ ဤသို့ လူသိရှင်ကြား ပြုလုပ်ပေးခြင်းဖြင့် နောက်တစ်ကြိမ် ဖွင့်မည့် ထီအတွက် ထီထိုးသူတွေ တိုးပွားမည် ဖြစ်တော့သည်။



မှူးကြီးမတ်ကြီးများနှင့် အထက်တန်း အရာရှိများသည် ထီရောင်းပိုင်ခွင့် အခွင့်ထူးကို ရရှိကြ၏။ ထီလက်မှတ်များ ရောင်းချရာတွင် သူ့ထက် ငါ ပိုမို ရောင်းကြရအောင် အပြိုင်အဆိုင်များ လုပ်လာကြလေသည်။ ထီဆိုင် တစ်ဆိုင်က ထီထိုးသူများကို ဆေးပေါ့လိပ်များ လက်ဆောင် ပေးခြင်း၊ အစားအစာများ ကျွေးမွေးခြင်းနှင့် အချို့က အရက်သေစာများပင် တိုက်ကျွေးခြင်းဖြင့် လာဘ်ခေါ်ကြသလို အခြားတစ်ဆိုင်တမိန်းကလေးငယ်များ၏ အကနှင့် တေးဂီတများ ဖျော်ဖြေ တီးမှုတ် ညှို့ခံ၍ လည်းကောင်း၊ ထီလက်မှတ် တန်ဖိုးကို အနည်းငယ်မျှ လျှော့ချ၍ လည်းကောင်း ထီထိုးသူများကို မြှူကြလေသည်။

နေပြည်တော်ရှိ ပြည်သူလူထု၏ စိတ်ဓာတ်ရေးရာ အခြေအနေမှာ များစွာ ယိုင်နဲ့ ပျက်စီးလာလေသည်။ ဗေဒင်ဆရာများကလည်း ထီပေါက်မည့် နံပါတ်များကို တင်ကြို ဟောပြောကြပြီး အချို့ကလည်း အတိတ်နိမိတ်များကို ပြောဟောခြင်းဖြင့် ထီစွဲနေသူများ ထံမှ ငွေကို နှိုက်ယူလေသည်။ ထိုအတွင်း နေပြည်တော်၌ ငွေဒင်္ဂါး ရှားပါးလာသည်။ ဘုရင်နှင့် ထီရောင်းသူတို့သည် ဤအခွင့်အရေးကို ယူလျက် ငွေဒင်္ဂါးများကို သိမ်းဆည်းထားလေသည်။

ပြည်သူထုလူလက်တွင် ငွေဒင်္ဂါးများ ရှားပါးလာသဖြင့် ထီရောင်းဝယ်မှု ရပ်ဆိုင်းသွားခြင်း မရှိပေ။ ထီထိုးသူတွေက ကုန်ပစ္စည်းများ သယ်ယူလာပြီး ထီလက်မှတ်များနှင့် အလဲအလှယ် လုပ်လေသည်။ အချို့က အမျိုးသမီးများကို ထီဆိုင်သို့ ခေါ်လာပြီး ထီလက်မှတ်နှင့် လဲလှယ်ရန် လုပ်ကြသဖြင့် ထီရောင်းသူများက ငြင်းပယ်လွှတ်ရသည်။ ထို့ကြောင့် နေပြည်တော်တွင်း၌ မိန်းမရှုင်များ ပိုမို များပြားလာသည်။ ငွေကို အငမ်းမရ ရှာဖွေနေကြရပြီ ဖြစ်ရာ ကလေးသူငယ်များက မိဘတို့ ထံမှ ငွေကို မရ မရ ခိုးယူတတ်လာသည်။ နေပြည်တော်၌ အနှောက်အယှက်ပေးသူများ၊ သူခိုး၊ ဓားပြများ ထူပြောလာသည်။ ထီပေါက်သဖြင့် ငွေထုပ်ကြီးဆွဲ၍ ပြန်လာသော ဖိုးကံကောင်းမှာ မကြာခင်မှာပင် ငွေထုပ် လုယူခံရတတ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ လူသတ်မှုများနှင့် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မှုများလည်း တိုးပွားလာခဲ့လေသည်။

ကျေးတောနေ လယ်ယာလုပ်သားတို့သည် မိမိတို့ လယ်ယာမြေများကို ရောင်းချပစ်လိုက်ကြပြီး လက်ငုတ်ကို စွန့်လွှတ်၍ နေပြည်တော်သို့ တက်လာကြ၏။ နေပြည်တော်တွင် မိမိတို့ ကံကောင်းလျှင် ငွေတစ်သောင်း ပိုက်မိစေမည့် အခွင့်အလမ်းကို သူတို့ မျှော်ကိုးကြလေသည်။ တစ်ချိန်က စိမ်းစိမ်းစိုစို ရှိခဲ့သော လယ်ယာမြေတို့သည် ဤနည်းဖြင့် သုသာန်တစပြင်ကဲ့သို့ လူသူ ကင်းမဲ့လျက် ရှိလေပြီ။

ပဥ္စမသင်္ဂါယနာတင်စဉ်က အသုံးပြုခဲ့သော အဆောက်အအုံကို ယခုအခါ ထီရုံ ပြုလုပ်ထားပြီးလျှင် ဥပုသ်နေ့ပင် မရှောင်ဘဲ ထီဖွင့်ခြင်းများ ပြုလုပ်လာသည်။ ထီသာလျှင် ပထမ၊ ထီသာလျှင် အဓိက၊ ထီသာလျှင် ဦးစားပေးရမည့်အရာ ဖြစ်နေသည်။ အခြား ဘာကိုမျှ ဂရုထားစရာ မလိုပြီတည်း။

ရတနာပုံ နေပြည်တော်တွင် အချိန်အတော်ကြာ နေထိုင်သွားပြီး မန္တလေးခေတ် မြန်မာနိုင်ငံအကြောင်း စာအုပ်များ ရေးသား ပြုစုခဲ့သူ ဆာဂျော့စကော့၏ ထိ အတွေ့အကြုံကမူ တစ်မျိုး ထူးလေသည်။

ဆာဂျော့စကော့သည် နေပြည်တော်အတွင်း၌ မြန်မာဝတ်စုံ ဝတ်ဆင် သွားလာလေ့ရှိ၏။ ဤနည်းဖြင့် မြန်မာအမျိုးသားတို့၏ သွားလာနေထိုင်မှု သဘာဝကို သူ အနီးကပ် လေ့လာခွင့် ရပေသည်။ တစ်ကြိမ်တွင် မန္တလေးဈေးအတွင်း၌ သူ့ကို လူသန်ကြီး နှစ်ဦးက ဖ်ုတင်းအကျပ် ချုပ်နှောင်လေသည်။ ဤလူနှစ်ယောက်ကား ရနောင်မင်းသား မောင်မောင်တုတ်၏ နောက်လိုက်များ ဖြစ်၏။ သူတို့သည် ဆာဂျော့စကော့ကို အတင်းအကျပ် ဆွဲခေါ်သွားကြပြီး မိမိတို့၏ သခင်၊ ရနောင်မင်းသား၏ ထီဆိုင်တွင် ထီထိုးရမည်ဟု အေးအေးပြ တိုက်တော့သည်။ သူတို့ ပြောသည့် အတိုင်းသာ ထီးမထိုးပါလျှင် ဆာဂျော့စကော့ကို သူလျှိုဟု စွပ်စွဲပြီး ကားစင်တင် သတ်မည်ဟု ခြိမ်းခြောက်လေသည်။



ရနောင်မင်းသား မောင်မောင်တုတ်ကား ထီလက်မှတ်သာ ရောင်းချင်သည်။ လူလာရန် လာဘ်ကြိုခြင်း လုပ်ငန်းကို သူ မလုပ်လိုပေ။ မိန်းမပျိုကလေးတွေ ကခိုင်းရန် လည်းကောင်း၊ အကျွေးအမွေးဖြင့် ဧည့်ခံရန်လည်းကောင်း သူ မလိုလား။ ဤသို့ပြုခြင်းမှာ အလကား ငွေကုန်ကြေးကျ ခံနေသည်ဟု သူက ယူဆသည်။ ထို့ကြောင့် အလွယ်ဆုံးနှင့် အပြတ်ဆုံးနည်းကို သူ ရှာလေသည်။ တွေ့ပြီ။

မိမိ၏ နောက်လိုက်များသည် ထီထိုးမည့်သူကို အနုကြမ်းနည်းဖြင့် ဆွဲခေါ်လျှင် ဘာကြောင့် မဖြစ်နိုင်ရမှာလဲ။ ဤနည်းကို ရနောင်မင်းသားက ကောင်းကောင်း အသုံးချလေတော့သည်။

သို့သော် ဆာဂျော့စကော့သည် တန်ပြန်နည်းဖြင့် သူ့ပြဿနာကို သူ ဖြေရှင်းလေသည်။ အနုကြမ်းသမား နှစ်ယောက်သည် စကော့ကို ချုပ်နှောင်၍ ခေါ်လာစဉ် တရုတ်အရက်ဆိုင် ရှေ့သို့ ရောက်လာ၏။ ဆိုင်ရှင်တရုတ်မှာ စကော့နှင့် ရင်းနှီးသူ ဖြစ်သည်။ စကော့က သူ့ကို ဖမ်းလာသူတွေအား အရက်သောက်ကြရအောင်လားဟု စကား စသည်။ အနုကြမ်းသမား နှစ်ဦးကား စကော့၏ ဖိတ်ခေါ်ချက်ကို သွားရည်တမြားမြားဖြင့် ခေါင်းညိတ်ကြလေသည်။ ဆာဂျော့စကော့၏ အစီအမံဖြင့် ဆိုင်ရှင်တရုတ်က ရနောင်၏ တပည့်များကို မီးတောက်အရက်များ ချပေး၏။ ထိုလူနှစ်ဦးသည် တစ်ခွက်ပြီး တစ်ခွက် သောက်ရင်းက မကြာမီ အမူးလွန်၍ အိပ်ပျော်သွားကြလေသည်။ စကော့သည် ဤနည်းဖြင့် ထိုလူကြမ်းနှစ်ဦး လက်မှ လွတ်ခဲ့ရ၏။ သူ့အဖို့ ထူးခြားသော အတွေ့အကြုံ တစ်ရပ်ကို ရရှိလိုက်ပေသည်။

သီပေါဘုရင်မင်းမြတ်ကား ထီစီမံကိန်း အောင်မြင်နေသဖြင့် ပျော်၍မဆုံး တပြုံးပြုံး ဖြစ်နေသည်။ ထီရောင်းရငွေထဲမှ တော်တော်များများ ရသော ငွေတွေမှာ ဘုရင်မင်းမြတ်၏ ရွှေတိုက်တော်သို့ ဝင်လာမစဲ တသဲသဲ ဖြစ်နေပေပြီ။ အခြားသော ဘုရင့်စီးပွားရေး လုပ်ငန်းများသာ စီးပွားလမ်းမဖြောင့်သော်လည်း ဘုရင်မင်းမြတ်အဖို့ ပွင့်သောတာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်စရာ မလိုပြီ။ ငွေကျပ် ငါးထောင်လောက် အရင်းအနှီး မလုပ်ရဘဲနှင့် တစ်သောင်း မြတ်တဲ့ ဒီလုပ်ငန်းမျိုး တခြား ဘယ်ရှိမလဲဟု သူက ပြုံး၍ မှတ်ချက်ချ၏။

မန္တလေးနေပြည်တော်မှ လူထုတစ်ရပ်လုံးလည်း လက်ကြောတင်းအောင် အလုပ် မလုပ်ချင်ကြတော့ပြီ။ မပင်မပန်းဘဲနှင့် ငွေရလွယ်သော ထီလုပ်ငန်းကိုသာ သူတို့ မက်မောနေကြလေသည်။ သို့သော် နိုင်ငံ၏ အခြေအနေမှာ သေသေချာချာပင် ယိုင်နဲ့လာလေသည်။ နေပြည်တော်တွင် ခိုးဆိုးတိုက်ခိုက်နေကြသော လူဆိုးများမှာ ဘုရင့်တပ်သားများက လိုက်လံ ဖမ်းဆီးသောအခါ ကျေးလက်တောရွာများသို့ ထွက်ပြေးကြလေသည်။ သူတို့သည် ကျေးတောနေ လူထုကို သူတို့၏ သားကောင်များသဖွယ် သဘောထားပြီး နှိပ်စက် ညှဉ်းပန်း လုယူ တိုက်ခိုက်ကြတော့၏။

ဤဓားပြဂိုဏ်းများထဲမှ အတော်များများသည် မြန်မာ-ဗြိတိသျှ နယ်စပ်ကို ကျော်ဖြတ်ကြ၏။ ဗြိတိသျှပိုင် မြန်မာနိုင်ငံ အတွင်းရှိ ရွာများကို ဝင်ရောက်၍ ခိုးဆိုး တိုက်ခိုက်ကြသည်။ ထို့နောက် နယ်စပ်ကို ဖြတ်ကျော်၍ မြန်မာပိုင် နယ်မြေထဲတွင် ပုန်းခိုနေကြပြန်လေသည်။

ထီဖွင့်ပွဲကို သုံးနှစ်နီးပါးခန့် အဆက်မပြတ် ကျင်းပခဲ့၏။ သို့သော် ၁၈၈၁ ခုနှစ်သို့ ရောက်သောအခါတွင် လူထုက အခြေအနေမှန်ကို ရိပ်စားမိလာကြပြီး ထီထိုးသူတွေ နည်းပါးသွားလေသည်။ အမှန်တကယ် အောင်ဘာလေဆု ပေါက်သူကား ရှင်ဘုရင်သာ ဖြစ်၏။ သူ့အနေဖြင့် ရွှေတိုက်တော်သို့ ငွေတွေ အလုံးအရင်း ဖြည့်သွင်းနေချိန်တွင် တိုင်းသူပြည်သားများမှာကား ဖွတ်ကျောပြာစု ခရုဆံကျွတ် ဆိုသကဲ့သို့ အမွဲရတနာပုံ ဆိုက်နေတော့သည်။ သီပေါဘုရင် အဖို့ကား ဘာမျှ အကျိုးယုတ်သည်ဟု မရှိပြီ။ အမြတ်ချည်းပင်။

ဤအခြေအနေတွင် ထီရုံးများ၌ လူပါးလာသောကြောင့် ထီဖွင့်ပွဲတို ရပ်ဆိုင်းလိုက်ရန် ဘုရင်မင်းမြတ်က ဆုံးဖြတ်လေသည်။ ထီ



လောင်းကစားစိတ်ဓာတ်၏ ဆိုးပြစ်ကြောင့် လူအများ အကျင့်စာရိတ္တ ပျက်စီးရသည်ဟု သူက အကြောင်းပြသည်။

ထီဖွင့်ပွဲ ရပ်ဆိုင်းလိုက်သောအခါ ဘုရင့် ရွှေတိုက်တော်တွင် ငွေများ လျော့စပြုလာပြန်ပြီ ဖြစ်၏။ ဘုရင်က ဝန်ကြီးများကို နှိုးဆော်ပြန်သည်။ ငွေဝင်လမ်း ဖြောင့်စေမည့် လုပ်ငန်းများ တွေးတောမိပါက လျှောက်တင်ကြ။

ယခုအခါတွင် ဘုရင်၏ လက်ဝါးကြီးအုပ် စီးပွားရေးစနစ်ကို မြန်လည် ဂကောင်အထည်ဖော်လျက် ငွေရအောင် ဖြစ်နိုင်သည့် နည်းများဖြင့် ကြိုးပမ်းနေသည်။ နိုင်ငံခြားမှ သွင်းကုန်များထက် နိုင်ငံခြားသို့ တင်ပို့သော ကုန်က ပိုမိုစေရန် တိုးချဲ့ လုပ်ကိုင်နိုင်ခဲ့ပြီ။ သီပေါဘုရင်သည် ဤမျှနှင့်လည်း မကျေနပ်နိုင်သေး။ သူနှင့် ဘုရင့်ဝန်ကြီးများသည် နိုင်ငံခြားသား ငွေအိုးများကို မျက်စိကျကြပြန်ပေသည်။

ယခင်တစ်ကြိမ်က ဘုရင်မင်းမြတ်သည် သစ္စာစကားကို တိုင်တည်ဖူး၏။ နောင်တွင် မိမိသည် မည်သည့် ကုလားဖြူ တစ်စုံတစ်ယောက်ကိုမျှ မတွေ့မမြင်လိုတော့ပါဟု ဗုဒ္ဓရှင်တော်ရှေ့တွင် သစ္စာတိုင်ခဲ့ခြင်း ဖြစ်ပေသည်။

သို့သော် နိုင်ငံခြားသားများတွင် ငွေ ရှိသည်။ ကုန်သွယ်မှုအတွက် ဖြစ်စေ၊ အခြားကိစ္စများအတွက် ဖြစ်စေ နိုင်ငံခြားသားများ ထံမှ ငွေ ထွက်နိုင်သည်။ သီပေါဘုရင်သည် နိုင်ငံခြားသားများနှင့် ပတ်သတ်သော သစ္စာစကားကို ဆိုခဲ့ပြီး ဖြစ်နေ၍ စိတ်မကောင်း ဖြစ်ရလေသည်။

သို့သော် ဤနေရာ၌ ဘုရင်မင်းမြတ်သည် မိမိကိုယ်တို ဆုံးမ ချိုးနှိမ်နိုင်ခဲ့သည်။ မိမိသည် ဗုဒ္ဓဘုရားရှင်၏ အဆုံးအမတွင် တည်သူ ဖြစ်၏။ ထို့ကြောင့် သည်းခံခြင်းတရားကို လက်ကိုင်ထားရမည်။ ဗုဒ္ဓဝါဒ သမားစစ်စစ် တစ်ဦးသည် သတ္တဝါတိုင်းနှင့် ခင်မင် ရင်းနှီးစွာ မွေ့လျော်လျက် ဆက်ဆံ နေထိုင်ရမည်။ ဤသို့ဆိုလျှင် ဥရောပတိုက်သား ကုလားဖြူ များကို မိမိ ၏ နန်းတော်တွင်းသို့ ဝင်ရောက်ခွင့် မရှိဟု ပိတ်ပင်ထားခြင်း

www.burmeseclassic.com

www.burmeseclassic.com



သည် အလွန် မှားယွင်းသော လုပ်ရပ်ဖြစ်နေပြီ။ အခြား သာမန်ပုဂ္ဂိုလ်များ လိုပင် ဥရောပတိုက်သားများသည်လည်း ဘုရင်မင်းမြတ်၏ ရွှေဖဝါး တော်မြတ်အောက်သို့ လာရောက် ဖူးမြော်ခွင့် ရသင့်သည် ဖြစ်၏။ ဤသို့ ဆိုလျှင် မိမိ သစ္စာဆိုထားခြင်းကို ပြုပြင်ရပေတော့မည်။

ဤတွင် မြန်မာဘုရင့် နန်းတော်တွင်းသို့ နိုင်ငံခြားသားများ လာရောက် ဖူးမြော်ခွင့် ပြန်လည် ရရှိသွားလေ၏။ အရေးပါသော နိုင်ငံခြားသားများနှင့် သာမန် နိုင်ငံခြားသားများ နှစ်မျိုးစလုံးပင် ဘုရင့် ရှေ့တော်သို့ ဝင်ရောက်ခွင့် ရခဲ့ကြပြန်ပေသည်။ နိုင်ငံခြားသား ဧည့်သည် တို့သည် ဘုရင်မင်းမြတ် ရှေ့တွင် ဖိနပ်ချွတ်၍ ဝင်ရောက် ခစားခွင့် ရကြသည်။ ဘုရင်မင်းမြတ်က မေးရိုးမေးစဉ်အတိုင်း ဧည့်သည်တို့ ကျန်းမာရဲ့လား၊ အလုပ်အကိုင် ဘယ်လိုလဲ စသော မေးခွန်းများဖြင့် နှုတ်ခွန်းဆက်သသည်။ သို့သော် သီပေါဘုရင်သည် မိမိခမည်းတော် မင်းတုန်းဘုရင်အား ချီးမွမ်းပြောဆိုခြင်းကား လုံးဝမရှိခဲ့ဘဲ မင်းတုန်း ဘုရင်နှင့် ပတ်သက်၍ နှုတ်ပိတ်ထားခဲ့လေသည်။

သီပေါဘုရင်ကား ဝတ်လဲတော် ဝတ်ဆင်ရာတွင် သန့်ရှင်း သပ်ရပ်မှု နည်းပါးသူ ဖြစ်၏။ ဘုရင်မင်းမြတ်ကို ကိုယ်တိုင် ဖူးမြော်ခဲ့ရသော ဆာဂျော့စကော့က ဘုရင်မင်းမြတ်၏ ဝတ်လဲတော်ကို ပြန်လည် ရေးသားရာတွင် "ဘုရင်မင်းမြတ်၏ အပေါ်ရုံအင်္ကျီဖြူမှာ စွန်းကွက်နေ သည်။ သူ ဝတ်ဆင်ထားသော ပုဆိုးမှာလည်း သာမန် အရပ်သားတစ်ဦး ဝတ်သော အဝတ်အထည်မျှလောက်သာ ရှိသည်" ဟု ဆိုသည်။ သို့သော် သီပေါဘုရင် ဝတ်ဆင်ထားသော ရတနာများနှင့် ယှဉ်လျှင်ကား သူ၏ ဝတ်လဲတော် နွမ်းပါးခြင်းမှာ မဆိုစလောက်သာ ရှိပေလိမ့်မည်။

ဆာဂျော့စကော့က သီပေါဘုရင်ကို ဖူးမြော်ခွင့်ရစဉ် အာလာပ သလ္လာပ လျှောက်တင်ရင်း အစိုးရက ဖွင့်လှစ်သော ထီအကြောင်း ရောက်သွားသည်။ မြန်မာစကားကို ကြွယ်ကြွယ်ဝဝ ပြောဆိုနိုင်သော စကော့မှာ ဝန်ကြီးများ ပေးထားသော စည်းကမ်းချက်အရ စကားပြန်မှ



တစ်ဆင့်သာ လျှောက်တင်ခွင့် ရသည်။ စကော့က လျှောက်တင်ရာတွင် မိမိ ထီအကြိမ်ကြိမ် ထိုးခဲ့သော်လည်း တစ်ကြိမ်မျှ ကံမကောင်းခဲ့ပါဘူး ဆိုသည်။ သီပေါဘုရင်က ဤသို့ ဖြစ်ရခြင်းကြောင့် မိမိ စိတ်မကောင်း ဖြစ်ရသည် စသည်ဖြင့် ပြန်လည် ပြောဆိုခဲ့ပေသည်။

ယခုအခါတွင် ရွှေတိုက်တော်တွင် ငွေဒင်္ဂါးတွေ ဝင်လာပြန်ပြီ။ နိုင်ငံခြားသားများနှင့် ပြန်လည်၍ အဆက်အဆံ ပြုခြင်းဖြင့် ငွေဝင်သည်။ အရောင်းအဝယ် ဖြစ်သည်။ ဘုရင်ပိုင် သစ်တောများမှ ကျွန်းသစ်များကို ရောင်းချရသဖြင့်လည်း ငွေ ဝင်သည်။ ဗြိတိသျှကုမ္ပဏီများသည် မြန်မာ့ သစ်တောများကို စိတ်ဝင်စားနေကြပြီ။ စုဖုရားလတ်အတွက် ရတနာများ ဝယ်ယူရာတွင် ငွေကို ခြိုးခြံ သုံးစွဲနေရန် မလိုပြီ။

ဗြိတိသျှပိုင် ဖြစ်၍ ဘုံဘေမြို့တွင် ရုံးဖွင့်လှစ်ထားသော ဘုံဘေ ဘားမား ကုန်သန်း ရောင်းဝယ်ရေး ကော်ပိုရေးရှင်းသည် မြန်မာဘုရင့် နယ်မြေ၊ နင်းကြမ်း သစ်တောနယ်မြေတွင် ကျွန်းသစ်များ ခုတ်ယူရန် ကန်ထရိုက် ရသွားသည်။ ဘီဘီတီစီ အမည်ခံ ဘုံဘေဘားမား ရောင်းဝယ်ရေး ကော်ပိုရေးရှင်းသည် ရာပေါင်းများစွာသော လုပ်သားများ၊ ထိန်းကျောင်း သင်ကြားထားသော ဆင်များဖြင့် ကျွန်းသစ်များ ခုတ်လှဲ သယ်ယူရေးကို အွမ်းကျင်စွာ ဆောင်ရွက်ခဲ့လေသည်။

●

www.burmeseclassic.com

www.burmeseclassic.com

## "မိခင်ကြီး" ဆိုသော မိန်းမပျို

စုဖုရားလတ်သည် သမီးတော်တစ်ပါးကို ဖွားတော်မူပြန်လေသည်။ သားတော် မဟုတ်သဖြင့် များစွာ စိတ်ပျက်သွားကြရ၏။ သို့သော် နန်းလျာ မဟုတ်သဖြင့် ပေါ့ပေါ့လျော့လျော့ ပြုစုခြင်းမရှိ။ တန်ခိုးထက်သော စုဖုရားလတ်မိဖုရားက အမိန့်ထုတ်သည်။ သမီးတော်လေးကို ပြုစုရန် လွှတ်တော်အရာရှိများ၏ ဇနီးနှင့် သမီးများအားလုံး လာရောက်ကြရမည်။

လွှတ်တော်ရှိ ဝန်ကြီး၊ မှူးကြီး၊ မတ်ကြီးတို့၏ ဇနီး သမီးများသည် နန်းတော်သို့ စုရုံး ရောက်ရှိလာကြလေသည်။ ဤ မြောက်မြားစွာသော ဂုဏ်သရေရှိ မိန်းမများထဲမှ သင့်တော်သော အမျိုးသမီးကို ရွေးချယ်လျှက် သမီးတော်လေးအား ပြုစုရန် တာဝန်ပေးမည် ဖြစ်တော့သည်။

ဤသို့ ရွေးချယ်လိုက်သော ဂုဏ်သရေရှိ အမျိုးသမီးများတွင် မိခင်ကြီး ဆိုသော အမျိုးသမီးငယ် တစ်ဦးလည်း ပါဝင်ခဲ့လေသည်။ ဤအမျိုးသမီး၏ ချောမော ပြေပြစ်သော အလှနှင့် သူ၏ အပြုအမူ နူးညံ့ သိမ်မွေ့ခြင်းကြောင့်ပင် စုဖုရားလတ် မိဖုရားက မျက်စိကျခဲ့ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အပျိုစင် မိခင်ကြီးမှာ ခန်းပတ်ဝန်ကြီး၏ မြေးဖြစ်၍ ပုဂံ အတွင်းဝန်၏ တူမလည်း တော်စပ်သူ ဖြစ်သည်။ သည်မိန်းကလေးနှင့် ဆွေမျိုးတော်စပ်သူတွေမှာ အရေးပါသော ဝန်ကြီးများ ဖြစ်ပေရာ သူ့အနေဖြင့် အရှိန်အဝါ မသေးသူတစ်ဦး ဖြစ်နေပေသည်။

သမီးတော် မင်းသမီးလေးအား ပြုစုရန်အတွက် မိခင်ကြီးကို ရွေးချယ်လိုက်ပြီ ဖြစ်ရာ မိခင်ကြီးသည် နန်းတော်အတွင်းသို့ ပြောင်းရွှေ့နေထိုင်ရလေ၏။ သမီးတော် မင်းသမီးကလေးကို လာရောက် ကြည့်ရှုလေ့ရှိသော သီပေါဘုရင်သည် တစ်နေ့တွင် အပျိုတော် မိခင်ကြီးကို တွေ့မြင်သဘောကျသွားခဲ့သည်။ ဤတွင် ဘုရင်မင်းမြတ်သည် မိခင်ကြီးနှင့်တွေ့ရန် ရည်ရွယ်ချက်ဖြင့် သမီးတော် မင်းသမီးလေး ထံသို့ မကြာခဏ ရွှေစကြာ ဖြန့်လေတော့၏။ မိခင်ကြီး၏ ချစ်စဖွယ် ရုပ်ကာနှင့် အမူအရာတို့ကို တပ်မက် စွဲလမ်းနေသော သီပေါဘုရင်သည် သမီးတော်လေးထံ အလာများပြီး သမီးတော်လေးနှင့် ကြည်စယ်ကလူရင်း အချိန်ကုန်နေလေ့ရှိ၏။ သို့သော် ဘုရင်မင်းမြတ်သည် အမြဲ သတိ ဝီရိယနှင့် သွားလာခြင်းပြု၏။ အကြောင်းမှာ သူသည် မိဖုရားစုဖုရားလတ်၏ မနာလိုဝန်တိုစိတ်ကို ကိုယ်တွေ့ ကြုံရပြီးပြီ ဖြစ်၍ပင်။

သီပေါဘုရင်သည် တိုင်တားမင်းကြီးကို ယုံကြည်သည်။ ထို့ကြောင့်ပင် တိုင်တားမင်းကြီး၏ တူတော်သူ အသက် ၁၄ နှစ်အရွယ် နန်းတွင်းလူပျိုတော်သားကလေး၏ အကူအညီကို ယူ၍ မိခင်ကြီးနှင့် အဆက်အသွယ်ရရန် အားထုတ်လေသည်။ ထိုသူငယ်လေးကို မိခင်ကြီးထံ စေလွှတ်၍ ဘုရင်မင်းမြတ်၏ အချစ်ကို ဖွင့်ဟ ပြောဆိုစေသည်။ သို့သော် မိခင်ကြီးမှာ အန္တရာယ်များလှသော အခြေအနေကို နားလည်ပြီး ဖြစ်ရကား မိမိတို့ ချစ်ခင်နှစ်သက်လျှင် မိမိ၏ ဦးလေးတော်သူ ပုဂံအတွင်းဝန်နှင့် ဘုရင်မင်းမြတ်တို့ အကြား ဆက်သွယ် စီစဉ်ပါတော့ဟုသာ ထိုသူငယ်လေးအား ပြန်ပြောလိုက်၏။ ဘုရင်မင်းမြတ် ကိုယ်တိုင်က မိမိကို ချစ်ခင် နှစ်သက်နေသည်ကို မိမိက လက်ခံရန် ဆန္ဒပြင်းပြသော်လည်း စုဖုရားလတ်



မိဖုရားနှင့် ပတ်သက်သော ကိစ္စတစ်ရပ်ကို မိခင်ကြီးသည် အလွယ်တကူ စွန့်စားခြင်း မပြုဝံ့ပါချေ။

သီပေါဘုရင်သည် တိုင်တားမင်းကြီးနှင့် တိုင်ပင်ခဲ့၏။ အလားတူပင် ရနောင်မင်းသား မောင်မောင်တုတ်နှင့်လည်း ဤကိစ္စအကြောင်း ဆွေးနွေးခဲ့လေသည်။ ဤသူတို့ကား စုဖုရားလတ် မိဖုရားကို သဘောမတွေ့သူများဖြစ်ပြီး မိဖုရား၏ အရှိန်အဝါကို ကန့်သတ်လိုသူများ ဖြစ်ကြ၏။ နိုင်ငံအုပ်ချုပ်ရေးကဏ္ဍတွင် မိန်းမတစ်ဦးက ဝင်ရောက် ခြယ်လှယ် ဩဇာပေးနေခြင်းကို မကြိုက် မနှစ်သက်နိုင်ကြသည့်အပြင် မိဖုရားတစ်ပါးတည်းသာ ထားရမည် ဆိုသည်မှာ ဘုရင်မင်းမြတ်တို့၏ လုပ်ရိုးလုပ်စဉ် မဟုတ်ကြောင်း လျှောက်တင်ကြပေသည်။

ရနောင်မင်းသားကား ယခုခေတ်စကားနှင့် ဆိုသော် မြှာဝွေသူ ဖြစ်သည်။ လင်ရှိမယားများနှင့် အခြား မိန်းမပျိုများကို သူတို့၏ ခင်ပွန်းနှင့် ဖခင်များရှေ့တွင် အတင်းအဓမ္မ လုယူ ခေါ်ဝင်သွားတတ်သူ ဖြစ်၏။ သီပေါဘုရင်က မျက်နှာသာ ပေးထားခြင်း ခံရသူဖြစ်ရကား ရနောင်မင်းသားသည် အပြစ်တစ်စုံတစ်ရာကို ကြောက်ရွံ့ရန် မရှိပေ။

အကြံပေးပုဂ္ဂိုလ်တို့နှင့် တိုင်ပင် ဆွေးနွေးပြီးနောက် မိခင်ကြီးကို ဘုရင့် လက်သုံးတော် အမျိုးသားများ၏ နေအိမ်နှင့် ခပ်နီးနီးအိမ်တွင် နေရာ ချထားပေးရန် စီစဉ်လေသည်။ ဤနေရာတွင် ဆိုလျှင် မိန်းမပျို မိခင်ကြီးသည် စုဖုရားလတ် မိဖုရား၏ မျက်စိကွယ်၊ နားကွယ် နေရာဖြစ်၍ စိတ်ချရ၏။

သီပေါဘုရင်မင်းမြတ်က ပုဂံအတွင်းဝန်နှင့် ဝန်ကတော်တို့ကို နန်းတော်သို့ ပင့်ဖိတ်၍ အကြောင်းစုံကို ရှင်းပြပေသည်။ မိခင်ကြီးကို လုံခြုံစွာ ထားရှိပြီးလျှင် မြောက်နန်းမတော် မိဖုရားအဖြစ် တင်မြှောက်မည် ဖြစ်၏။ သင့်တော်သော တစ်နေ့နေ့ တစ်ချိန်ချိန်တွင် စုဖုရားလတ်မိဖုရားအား ဤသတင်းကို ဖွင့်ဟအသိပေးမည်။ ပုဂံအတွင်းဝန်နှင့် ဝန်ကတော်တို့မှာ အစီအစဉ်ကို များစွာ ဘဝင်မကျသော်လည်း မိမိတို့ဘူမှာ

www.burmeseclassic.com

www.burmeseclassic.com



သီပေါဘုရင်မင်းမြတ်က ပေးအပ်မည့် မြောက်နန်းမိဖုရား ဖြစ်မည်ဆို၍ လက်ခံ ကျေနပ်ကြရတော့သည်။

မိခင်ကြီးကို ဦးရီးတော် ပုဂံအတွင်းဝန်ကိုယ်တိုင် လာတွေ့ပြီး အိမ်သို့ ပြန်ခေါ်သွားခဲ့၏။ မကြာမီပင် သူ့ကို နန်းတော်တွင်းသို့ ပြန်ခေါ်လာပြီး သီးသန့်ထားသော သူ့အဆောင်တွင် နေရာချထားပေးလေသည်။ သို့သော် မိခင်ကြီးတစ်ယောက် နန်းတွင်းသို့ ပြန်လည် ဝင်ရောက်လာခြင်းကို သိရှိသူတွေ များကြရာ ထိုသတင်း စုဖုရားလတ်ထံ မရောက်စေရန် သီပေါဘုရင်က ပိတ်ပင်ထားရသည်။

စုဖုရားလတ်မိဖုရား ထံသို့ ဤသတင်းကို လျှောက်ကြားပေးပို့သူဆိုလျှင် သေဒဏ် အပြစ်စီရင်ခံရမည် ဖြစ်ကြောင်း စုဖုရားလတ်၏ အပျိုတော်များကို တင်းတင်းကြပ်ကြပ် သတိပေးထားပေသည်။

မိဖုရားကြီး၌ ကိုယ်ဝန် ရှိလာပြန်၏။

ထိုအတွင်း သီပေါဘုရင်နှင့် မိခင်ကြီးတို့ လွတ်လွတ်လပ်လပ် ပေါင်းသင်း စံမြန်းနိုင်စေရန် ဘုရင့် အသိုင်းအဝိုင်းတို့က အစီအစဉ်တစ်ရပ် ချမှတ် ဖန်တီးပေးကြ၏။ သူတို့ အစီအစဉ်အရ သီပေါဘုရင်က စုဖုရားလတ်ထံ ချဉ်းကပ်၍ နားချရသည်။

သီပေါဘုရင်က ပြောဆိုရာတွင် ပုဏ္ဏားပညာရှိများ၏ အကြံပေးချက်အရ မိမိတို့တွင် နန်းလျာသားတော် မွေးဖွားရန် ဘုရင်နှင့် မိဖုရားတို့သည် သီးသန့် အဆောင်တစ်ခုစီဖြင့် ဥယျာဉ်တော်သို့ ရဂ်သတ္တပတ်ခန့် ဥပုသ်ဆောင် ဝင်ရန်လိုကြောင်း၊ ဥယျာဉ်တော်တွင် ဘုရင်နှင့် မိဖုရားအတွက် ယာယီစံနန်းတော် တစ်ဆောင်စီ ဆောက်လုပ်ထားမည်ဖြစ်ကြောင်း ပြောဆိုလေသည်။ ဘုရင် မိန့်မှာသမျှ မိဖုရားက ကောင်းစွာယုံကြည်သည်။ နန်းလျာသားတော် ရရှိရန်အတွက် ဘုရင်နှင့် မိဖုရားတို့ သီးသန့် ဥပုသ်ဆောင် ဝင်ကြရန် အစီအစဉ်ကို စုဖုရားလတ် မိဖုရားက သဘောတူညီသည်။ ထို့ကြောင့် ဥယျာဉ်တော်ရှိ ယာယီစံနန်းတော်သို့ မိမိ၏ ခြွေရံအပျိုတော်များနှင့် အတူ ကြွသွားရန် စီစဉ်သည်။ ထို့ပြင်



ပုဏ္ဏားတော်ကြီးများ၏ အဆိုအမိန့်အတိုင်း ဘုရားဝတ်ပြုခြင်းနှင့် တသိုလ်ကောင်းမှုပြုခြင်း အလုပ်များကို ခုနစ်ရက်တိတိ ဆောင်ရွက်မည် ဖြစ်လေသည်။

သီပေါဘုရင်ကမူ စုဖုရားလတ် မိဖုရား ကဲ့သို့ မဟုတ်ပေ။ ဘုရှင်မင်းမြတ်သည် မိဖုရား ပူပူနွေးနွေး မိခင်ကြီးနှင့် အတူ ရနောင်မင်းသားမောင်မောင်တုတ်၊ ပင်သာမင်းသမီးနှင့် အခြားသော ခြွေရံသင်းပင်းများကိုပါ တစ်ပါတည်း ခေါ်ဆောင်၍ ဥယျာဉ်တော်ရှိ ယာယီစံနန်းသို့ သွားပြီး ပျော်ပွဲစားနေလေသည်။ စုဖုရားလတ် မိဖုရားက မိမိ၏ မောင်တော် သီပေါဘုရင်မင်းမြတ်၏ စံပြုနည်းယူလောက်သော ကိုယ်ကျင့်တရားများကို အပျိုတော်များရှေ့တွင် ဖော်ထုတ် ချီးကျူးနေချိန်ဝယ် သီပေါဘုရင်နှင့် သူ့အပေါင်းအသင်းများက မိဖုရားအပေါ် လှည့်ပတ်လိမ်လည်ခဲ့သော မိမိတို့ အစီအစဉ်အတွက် ဟားတိုက် ရယ်မောနေကြ၏။ ယမကာမှိုင်ဝဲရင်း ပျော်ပွဲစားရင်း အပျော်ကြီး ပျော်နေကြခြင်း ဖြစ်လေ၏။

ဥပုသ်ဆောင်မှ ထွက်၍ ရက်အတန်ကြာသော အခါတွင် မိဖုရားကြီးသည် ဒုတိယသမီးတော်ကလေးကို ဖွားမြင်ပြန်လေ၏။ ဤအချိန်တွင် မိမိ၏ မိဖုရားသစ်ကလေး မိခင်ကြီး၏ အကြောင်းကို စုဖုရားလတ်ထံ အသိပေးသင့်ပြီဟု ဘုရင်မင်းမြတ်က ယူဆလေသည်။ အခမ်းအနားငယ်တစ်ခု ကျင်းပရာတွင် ဤကိစ္စကို ထုတ်ဖော်ရန် ဘုရင်က ဆုံးဖြတ်လိုက်၏။ ထိုအခမ်းအနားသို့ မိဖုရား စုဖုရားလတ် တစ်ပါးတည်း ရောက်နေ၏။ ဘုရင်မူ မကြွလာသေး။ စုဖုရားလတ်သည် မိမိတစ်ပါးတည်း ဖြစ်နေရသဖြင့် ဘုရင်မင်းမြတ်ကို အလွန် စိတ်ဆိုးယျှာက်နေ၏။ သူ့အပျိုတော်တွေကမူ မိဖုရားကြီး စိတ်ဆိုးနေသည်ကိုပင် ကြည့်၍ ကျိတ်ပြီး ရယ်မောနေကြသည်။ ဤအချိန်တွင် သီပေါဘုရင်မင်းမြတ်သည် မိခင်ကြီးနှင့်အတူ ကြည်နူးစွာ စံမြန်းနေမည်ကို အပျိုတော်များက သိထားကြသည်ကိုး။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် စုဖုရားလတ်မိဖုရားသည် မိခင်ကြီးအကြောင်းကို သိရှိသွားလေသည်။ မိခင်ကြီးကို မိမိလက်သို့ အပ်ရန် ဒေါသထွက်နေသော စုဖုရားလတ်က တောင်းဆိုလေသည်။ မိခင်ကြီးကို အဆုံးစီရင်မည်။ သို့သော် တဖြည်းဖြည်းနှင့် ညှဉ်းပန်း သတ်ဖြတ်သည့်နည်းဖြင့် စီရင်ရန် သူ လိုလားသည်။

ရနောင်မင်းသား မောင်မောင်တုတ်၏ ထောက်ခံ အားပေးမှုဖြင့် သီပေါဘုရင်သည် စုဖုရားလတ်ကို မာမာတင်းတင်း ဆက်ဆံသည်။ မိခင်ကြီးကို စုဖုရားလတ်ထံ မအပ်နိုင်ကြောင်း ပြန်ကြား၏။ ထို့ပြင် မိခင်ကြီးကို မြောက်နန်းမတော် အဖြစ် တင်မြှောက်မည် ဖြစ်ကြောင်းကိုပါ တစ်ပါတည်း ကြေညာတော့သည်။

ဤကား သီပေါဘုရင်၏ တစ်သက်တာတွင် စုဖုရားလတ်ကို ပထမဆုံး ဆန့်ကျင် တော်လှန်ခြင်း ဖြစ်၏။ နန်းတွင်းစစ်ပွဲကလေးကား စလေပြီ။

အစတွင်မူ ဘုရင်မင်းမြတ်ဘက်မှ အသာရနေ၏။ မိဖုရားကလေး မိခင်ကြီးမှာ ဘုရင်မင်းမြတ်နှင့် အတူ ပျော်ရွှင်စွာ စံမြန်းလျက် ရှိပေသည်။ သို့သော် ယခုအခါ ပို၍ လုံခြုံစေရန် မိခင်ကြီးကို နန်းတော်တွင်းရှိ အခြား အဆောင်တစ်ခုသို့ ပို့ထားရ၏။ ထိုနေရာမှာ ရနောင်မင်းသား၏ မျက်စိအောက်တွင် ဖြစ်၍ စိတ်ချရသည်။ ထို့ပြင် ဘုရင်မင်းမြတ်၏ အဆောင်သို့ မိခင်ကြီးကို ခေါ်ယူသွားသောအခါ နန်းတွင်း လူပျိုတော်သား တစ်ဦးကဲ့သို့ ဝတ်ဆင်သွားပြီး အစောင့်အကြပ် ပြည့်စုံစွာ ပါရှိလေသည်။

အမှန်ဆိုသော် မြန်မာ့ထီးနန်း ဓလေ့ထုံးစံအရ ဘုရင်မင်းမြတ်သည် မိမိ စိတ်ပျော်ရွှင် ချမ်းမြေ့ရေးအတွက် ဘာပဲလုပ်လုပ် သင့်မြတ်သည်။ လုပ်ပိုင်ခွင့်ရှိသည်။ ဘုရင်မင်းမြတ်၏ စိတ်ကြိုက် ဆောင်ရွက်ရာတွင် မိဖုရားများ၏ သဘောထားကို စောင်းငဲ့ ကြည့်ရှု ထောက်ထားနေရန် ဘာမျှ မရှိပေ။ သို့ပါလျက် ယခုကိစ္စတွင် သီပေါဘုရင်သည် စုဖုရားလတ်ကို ကြောက်၍ ထိတ်လန့်လျက် ရှိပြီး မိမိကိုယ်တိုင်၏ ချစ်ဒေး



ကိစ္စအတွက် ဘာမှ မလုပ်ရဲ မကိုင်ရဲ ဖြစ်နေရှလေသည်။ သီပေါဘုရင်မှာ စိတ်ဓာတ် ရဲရင့်သူတစ်ဦး မဟုတ်ရကား ဤကိစ္စအတွက် အလွန်ခန်လေးလျက် ရှိလေသည်။

သို့သော် စုဖုရားလတ် မိဖုရားက တိုက်ကွက်ကို ပြောင်းလိုက်၏။ စုဖုရားလတ်သည် မယ်တော် ဆင်ဖြူမရှင်မိဖုရားကြီးနှင့် အတွင်းကျိတ် လျှို့ဝှက်တိုင်ပင်ခဲ့သည်။ ဖြစ်ပေါ်နေသော ပြဿနာအတွက် အကြမ်းမပြု အနုနည်းဖြင့် အောင်စေရန် ပရိယာယ်ဆင်လေသည်။

ထို့ကြောင့် စုဖုရားလတ်သည် သီပေါဘုရင်ကို မျက်ရည်ခံ ထိုးတော့သည်။ မျက်ရည်စက်လက် ဖြစ်နေသော စုဖုရားလတ်က မိခင်ကြီး၏ ကိစ္စတွင် မိမိသည် စိတ်ဆန္ဒစောပြီး ဆူဆူညံညံ လုပ်ခဲ့မိကြောင်း၊ နန်းဓလေ့ထုံးတမ်းစဉ်လာအရ ဘုရင်မင်းမြတ်သည် မိဖုရားများကို မိမိ သဘောကျသလောက် ထားနိုင်ကြောင်း၊ မိခင်ကြီးကိုလည်း ဘုရင်မင်းမြတ်က မြောက်နန်းမတော် အဖြစ် တင်မြှောက်ရန် မိမိ သဘောတူပါကြောင်း၊ ထို့ကြောင့် နန်းတော်တွင်း၌ မိခင်ကြီးကို မိဖုရားအဆောင်ဖြင့် စနစ်တကျ ထားနိုင်ပါကြောင်း စသည်ဖြင့် လျှောက်ထားလေသည်။

စုဖုရားလတ်က မိမိသည် မြောက်နန်းမတော် ဖြစ်လာမည့် မိခင်ကြီးကို ထိုက်ထိုက်တန်တန် လေးစားမှု ပြုပါမည်ဟုလည်း ဝန်ခံကတိပြု၏။

သီပေါဘုရင်ကား စုဖုရားလတ်၏ အာမခံချက်ကို ယုံကြည်လက်ခံလျက် အပျော်ကြီး ပျော်နေလေတော့သည်။ မိခင်ကြီး အနေဖြင့်မူ စုဖုရားလတ်၏ ပြောစကားကို မယုံရဲရဲ ဖြစ်နေသည်။ သို့သော် နောက်ဆုံးတွင် မိမိအား မိဖုရား တင်မြှောက်မည့် ကိစ္စကို မိခင်ကြီးက သဘောတူခဲ့၏။

ပထမတွင် အခြေအနေ အားလုံး အဆင်ပြေပြေ ရှိခဲ့သည်။ စုဖုရားလတ် မိဖုရားသည် မိခင်ကြီးကို ကြင်နာယုယစွာ ဆက်ဆံခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိခင်ကြီးနှင့် အပျော်ကြီး ပျော်နေသော သီပေါဘုရင် အနေဖြင့် စုဖုရားလတ်၏ ပရိယာယ် ညွှတ်ကွင်းကို လုံးဝ သံသယ မရှိစေရချေ။ သီပေါဘုရင်သည် တစ်နေ့နေ့တွင် မိဖုရားသစ် မိခင်ကြီးကို ငြီးငွေ့စ ပြုလာပေမည်။ ထိုအခါတွင် မိခင်ကြီးကို အပြတ်ရှင်းရန် အရေးမှာ အလွယ်ကလေး ဖြစ်မည်ဇကန်။ စုဖုရားလတ်မိဖုရားက ဤသို့ တွက်လေသည်။

သို့သော် စုဖုရားလတ်မိဖုရား တွက်သကဲ့သို့ သီပေါဘုရင်က ဖြစ်မလာခဲ့ချေ။ ထိုအခါတွင် စုဖုရားလတ်သည် ကြာရှည် သည်းခံ၍ မနေနိုင်တော့ပြီ။ ထို့ကြောင့် စုဖုရားလတ်မိဖုရားက မိမိ၏ ပရိယာယ် မျက်နှာဖုံးကို ခွာချလိုက်ပြီး မိဖုရား မိခင်ကြီးကို အလဲထိုးရန် အခွင့်အရေးကို စောင့်နေတော့သည်။ သည်အတွင်း အချက်ရတိုင်း မိခင်ကြီးကို စုဖုရားလတ်က ရန်ရှာနေခဲ့၏။ ယင်းကိစ္စနှင့် ပတ်သက်ပြီး ရနောင်မင်းသား နှင့် ပင်သာမင်းသမီး အပါအဝင် သီပေါဘုရင် ဘက်တော်သားတွေက ဘုရင်ကို မြှောက်ပင့် အားပေးကြလေသည်။ ဘုရင်မင်းမြတ်သည် မိမိ၏ တန်ခိုးအာဏာကို ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်ထားရန် လိုကြောင်း၊ ဘုရင် မင်းမြတ်၏ အမိန့်အာဏာကို လိုက်နာခြင်းမရှိသော မိဖုရား တစ်ပါးအပေါ် ထိထိရောက်ရောက် အရေးယူရမည် ဖြစ်ကြောင်းဖြင့် သူတို့က ဘုရင် ကို လျှောက်တင်ကြ၏။

သူလူတွေ လျှောက်တင်သမျှ ဘုရင်မင်းမြတ်က ခေါင်းညိတ်လေ သည်။ မိမိ၏ သဘောထားကို စုဖုရားလတ်မိဖုရားထံ အမြန်ဆုံး ပြောကြားရန် ဘုရင်မင်းမြတ်က ဆုံးဖြတ်ပြီး စုဖုရားလတ် အဆောင်တော် သို့ သွားလေသည်။ စုဖုရားလတ်မိဖုရား အဆောင်သို့ ရောက်လျှင် သီပေါဘုရင်က မိမိသဘောထားကို ဖွင့်ဟလိုက်၏။ စုဖုရားလတ်မိဖုရား သည် မိဖုရား မိခင်ကြီး အပေါ်တွင် မူလထားရှိသော ကတိအတိုင်း သင့်သင့်မြတ်မြတ် ဆက်ဆံရမည်ဟု ဘုရင်မင်းမြတ်က တစ်ချက်လွှတ် မိန့်ဆိုလေသည်။



ဘုရင့်စကားကို စုဖုရားလတ်က လက်မခံပေ။ ကတ်ကတ်လန် ပြန်လည် ရန်တွေ့တော့သည်။ ဤတွင် ရနောင်မင်းသားက မြှောက်ပေး ထားသဖြင့် သွေးကြွနေသော သီပေါဘုရင်သည် မှားသည် မှန်သည် မစဉ်းစားတော့ဘဲ လှံတစ်ချောင်းကို ဆွဲယူပြီး စုဖုရားလတ်ကို ထိုးရန် လိုက်လေတော့သည်။

စုဖုရားလတ်သည် ထဘီမနိုင် ပဝါမနိုင်ဖြင့် ထွက်ပြေးရလေ၏။ လှံကိုင်၍ ပြေးလိုက်နေသော သီပေါဘုရင်၏ ရန်မှ လွတ်ရန်အတွက် နန်းတော် အဆောင်အသီးသီးနှင့် ဥယျာဉ်တော်ကို ဖြတ်၍ လျှောက် ပြေးရလေသည်။ နန်းတွင်းရှိ အစောင့်စစ်သားများ၊ အပျိုတော်များနှင့် ဝန်ကြီးများလည်း အထက်ပါ မြင်ကွင်းကို မြင်သည်နှင့် ဖရိုဖရဲ အလဲလဲ အကွဲကွဲ ထွက်ပြေးကြလေသည်။ စုဖုရားလတ်သည် လှံထိုးခံရမည့် ဘေးမှ လွတ်သွားပြီး မယ်တော်မိဖုရားကြီး၏ အဆောင်တွင်း၌ သွားရောက် ပုန်းအောင်းနေရသည်။ ဆင်ဖြူမရှင် မိဖုရားကြီးက မိမိ၏ အဆောင်တွင်း သို့ သီပေါဘုရင်ကို ဝင်ခွင့်မပြုပေ။

ထိုအချိန်တွင် နန်းတော်တစ်ခုလုံးမှာ ဖရိုဖရဲ ဖြစ်သွားလေ၏။ ကြောက်လန့်နေသော အပျိုတော်ကလေးများသည် ဟိုမှ သည်မှ ပုန်းအောင်း ပြေးလွှားနေကြရသည်။ နန်းတွင်းမှ ပြဿနာ အရှုပ်အထွေး တို့ နေပြည်တော်တွင်းသို့ ပျံ့နှံ့သွားခြင်း မရှိရန် နန်းမြို့တံခါးများကို ပိတ်ထားရ၏။ နန်းတော်အတွင်း အဆောင်ကြို အဆောင်ကြားများနှင့် ဥယျာဉ်တော်တွင် ပုန်းအောင်းနေကြသော အပျိုတော်များကို နန်းတွင်း အမှုထမ်းတို့က ထိုနေ့ တစ်နေ့လုံး လိုက်လံ ရှာဖွေနေရင်း အချိန်ကုန် တော့သည်။

သို့သော် သီပေါဘုရင်၏ တဒင်္ဂ စိတ်တက်ကြွမှု အရှိန်အဟုန် သည် မကြာခင် လျော့ကျလာလေသည်။

မစဉ်းမစား မဆင်မခြင်နှင့် စိတ်လိုက်မာန်ပါ ပြုမိခဲ့သော မိမိ၏ အပြုအမူအတွက် ယခုလို သွေးအေးသွားချိန်တွင် သီပေါဘုရင်သည် စိုးရိမ်ထိတ်လန့်စ ပြုလာလေပြီ။

www.burmeseclassic.com



မှားများသွားပလေ့။

ယခု ကြင်ယာတော် စုဖုရားလတ် ဘာလုပ်မလဲ။

မိဖုရားသည် ဘုရင့် အပေါ်တွင် လှလှကြီး လက်စားချေပေတော့မည်။ ရနောင်မင်းသား အကြံပေးသည့်အတိုင်း မစဉ်းမစား လုပ်မိသော မိမိသည် အမှားကြီး မှားခဲ့ပြီ။ မဖြစ်ဘူး မဖြစ်ဘူး၊ ဘယ်အခြေအနေပဲ ရောက်နေ ရောက်နေ မိဖုရားကြီး စုဖုရားလတ် စိတ်ကျေနပ်အောင်တော့ လုပ်မှ ဖြစ်တော့မည်။ စိတ်ဓာတ် မခိုင်မာသော သီပေါဘုရင်မှာ ဤသို့ တွေးရှာလေသည်။

သီပေါဘုရင်သည် ဆင်ဖြူမရှင်၏ အဆောင်သို့ ဒုတိယအကြိမ် ပြန်သွားလေ၏။ ယခုအချိန်၌ စုဖုရားလတ်မိဖုရားကို ဘုရင်မင်းမြတ် တွေ့နိုင်ပေပြီ။ အကင်းပါးသော မိဖုရားသည် ဘုရင်မင်းမြတ်၏ အခြေအနေကို ကောင်းစွာ သတိပြုမိလိုက်၏။ သီပေါဘုရင်က မိမိ၏ အပြုအမူအတွက် တောင်းပန် ခယနေချိန်တွင် မိဖုရားသည် ဟိန်းလိုက် ဟောက်လိုက် လုပ်နေလေသည်။ ဘုရင်သည် 'ဆိတ်' ဆိုလျှင် မိဖုရားသည် ယခုအခါ 'ဆင်'၊ မိဖုရားက 'ကျားဘုရင်' ဆိုလျှင် ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော ဘုရင်မင်းမြတ်သည် ယခုအခါ၌ 'သားသမင်' ဖြစ်နေပြီတည်း။

သီပေါဘုရင်၏ ဆန္ဒအတိုင်း မိဖုရားသည် မိမိ အဆောင်သို့ ယခု ပြန်လိုက်မည်။ သို့သော် မိခင်ကြီးနှင့် ပတ်သက်၍ မိဖုရား လုပ်ဆောင်သမျှကို ဘုရင်က ဝင်မစွက်ဘဲ ရေငုံနှုတ်ပိတ် လုပ်နေရမည်။ ယင်းသို့ ပြုခြင်းမှာ မိဖုရားခေါင်ကြီး ဖြစ်သော မိမိ၏ လုပ်ပိုင်ခွင့်အတိုင်း ဖြစ်သည်။ ဤကား စုဖုရားလတ်၏ တောင်းဆိုချက် ဖြစ်လေ၏။

သီပေါဘုရင်မှာ မိဖုရားနှင့် စစ်ပြေငြိမ်းစာချုပ် ချုပ်ဆိုရေးအတွက် တောင်းဆိုသမျှ ခေါင်းညိတ်ရရှာပေသည်။

သို့သော် စုဖုရားလတ်သည် ဘီလူးဆိုင်းကို ချက်ချင်း မတီးချေ။ အခြေအနေနှင့် အချိန်အခါကို သူ နားလည်ပြီ။ ဘာမဆို လိမ္မာ



တတ်ပွန်စွာ ကိုင်တွယ်မှ ဖြစ်တော့မည်ဟု စဉ်းစားမိပြီး သို့ဖြစ်၍ သီပေါဘုရင်ကို ကြိုးရှည်ရှည်နှင့် လွှန်ထားလိုက်ပေသည်။ သီပေါဘုရင်မှာ မိခင်ကြီး၏ အဆောင်သို့ ကူးဝင်သွားလာမြဲ ရှိခဲ့၏။ ဤသည်တို့ စုဖုရားလတ်က မသိကျိုးကျွံပြု၍ နေလိုက်သည်။ အကြောင်းမှာ နန်းတော်ထဲတွင် မိခင်ကြီးကို ထောက်ခံသူ မင်းမှုထမ်း အတော်များများ ရှိနေသည်ကို သိရှိထား၍ ဖြစ်သည်။

သီပေါဘုရင်၏ အကြံပေး ရနောင်မင်းသား ကိုယ်တိုင်တ မိခင်ကြီးဘက်က ရှိနေပြီးလျှင် ဘုရင်ကလည်း မိခင်ကြီးကို အချစ်မပျက် ရှိနေပေသေးသည် မဟုတ်လား။

ဤအချိန်တွင် မိခင်ကြီးကို တိုက်ရိုက် ထိုးနှက် တိုက်ခိုက်ရန်မှာ မိုက်မိုက်မဲမဲ စွန့်စားရာ ကျပေမည်။ သည်တော့ ပိုမို သင့်မြတ် လျော်ကန်သော တိုက်နည်းတိုက်ကွက်ကို ရှာဦးမည်။ အကြံထုတ်ဦးမည်။ စီမံကိန်း ဆွဲဦးမည်။ စုဖုရားလတ်က ဤသို့ တွေးမိ၏။

ယခုတစ်ချီတွင် အားလုံးကို ရှင်းပစ်မှ ဖြစ်မည်။ မိခင်ကြီးနှင့် သူ့အသိုင်းအဝိုင်းတွေ အားလုံးကို ရှင်းတော့မည်ဆိုလျှင် ကျူပင်ခုတ် ကျူငုတ်မှ မကျန်အောင် ရှင်းပစ်မှ။

●

www.burmeseclassic.com

www.burmeseclassic.com

# အောင်ပွဲရ စုဖုရားလတ်

နိုင်ငံတော်ကို အသစ်အုပ်စိုးလာသော ဘုရင်သည် နေပြည်တော်တွင်းသို့ လှည့်လည် ကြွချီ အပူဇော်ခံရမြဲ ဓလေ့ထုံးစံ ရှိခဲ့သည်။ သီပေါဘုရင်မင်းမြတ်သည် နေပြည်တော်တွင်း၌ ထိုသို့ လှည့်လည်၍ အပူဇော်ခံခြင်း မရှိသေး။ ဤသည်မှာလည်း ဘုရင်မင်းမြတ်ဘက်မှ အကြောင်းပြချက်ကောင်းကောင်း ရှိနေသည်။ သီပေါဘုရင်သည် ရာဇပလ္လင် ပျောက်သွားမည်ကို စိုးရိမ်သဖြင့် နန်းတော်တွင်မှ တံစ်ဖဝါးမျှ မခွာဝံ့ခြင်းပင်တည်း။

ဘုရင်မင်းမြတ်အတွက် သီးသန့်ထားသော အရှေ့တံခါးမှ မိမိ ရွှေစကြာ ဖြန့်ချီသွားပြီး ပြန်လာသောအခါတွင် ရာဇပလ္လင်ပေါ်၌ အခြားဘုရင်တစ်ပါး တက်ရောက် စိုးစံနေတော့မည်ဟု သီပေါဘုရင်က စိုးရိမ်ထိတ်လန့်နေပေသည်။

သို့သော် ၁၈၈၁ ခုနှစ်၊ ဧပြီလတွင်မူ စုဖုရားလတ်က ဘုရင်မင်းမြတ်ကို တိုက်တွန်းလာသည်။ ရှေး ဘိုးလောင်းတော်၊ ဘေးလောင်းတော်တို့ ပြုနေကျအတိုင်း မောင်တော်ဘုရင်မင်းမြတ်လည်း နေပြည်တော်အတွင်း ရွှေစကြာ ဖြန့်ချီသင့်ပါပြီ။

ဆင်ဖြူမရှင် မိဖုရားနှင့် စုဖုရားလတ်တို့သည် မိမိတို့ လုပ်ဆောင်ရန် အစီအစဉ်ကို စနစ်တကျ၊ သိုသိုသိပ်သိပ် တိုင်ပင်ပြီးကြပြီ။ ထို့ပြင်

www.burmeseclassic.com



သီပေါဘုရင်၏ လက်ရုံး တိုင်တားမင်းကြီးသည် ယခုအခါ၌ စုဖုရားလတ်တို့နှင့် လာ၍ လက်တွဲလာခဲ့လေသည်။ မိခင်ကြီးကို ထောက်ခံ အားပေးခဲ့မိသည်မှာ မှားခြင်းကြီးမက မှားလေပြီဟု တိုင်တားမင်းကြီးက ယူဆသည်။

ထို့ပြင် ရနောင်မင်းသား တန်ခိုး ထွားလာသည်ကိုလည်း တိုင်တားမင်းကြီးက အလိုလို စိုးရိမ် ထိတ်လန့်လာခဲ့၏။ သီပေါဘုရင် အပေါ်တွင် ရနောင်မင်းသား၏ လွှမ်းမိုးမှုမှာ တဖြည်းဖြည်း ကြီးထွားလာပြီး ဝန်ကြီးအိုများမှာ ဘာမှ အရာမရောက်သည့်ပြင် အန္တရာယ်စက်ကွင်း၌ပင် ကျရောက်စ ပြုနေလေပြီ။

ထို့ကြောင့် ရနောင်မင်းသားအား နန်းတွင်းမှ ဖယ်ရှားပစ်ရန် အစီအစဉ်တစ်ရပ်ကို တိုင်တားမင်းကြီးနှင့် စုဖုရားလတ်တို့ သဘောတူညီမှု ရကြ၏။ စုဖုရားလတ်မိဖုရားသာ တန်ခိုးအာဏာ ပြန်တက်လာလျှင် မိမိ၏ ရာထူးအရှိန်အဝါ တည်မြဲ ခိုင်ခံ့ရေးအတွက် အာမခံချက်ရမည် ဧကန်ဟု တိုင်တားမင်းကြီးက ယုံကြည်ထားလေသည်။

ရှေ့လျှောက်ပြီးတော့လည်း စိတ်ဓာတ် ပျော့ညံ့သော သီပေါဘုရင်ကို အစွမ်းထက်သော ဤမိဖုရားက အောင်ပွဲခံလိမ့်မည် မလွဲဟု တိုင်တားမင်းကြီးက နားလည်ထားသည်။

ထို့ကြောင့်ပင် သူသည် စုဖုရားလတ်၏ ထီးရိပ်ကို ခိုလိုက်၏။ မိဖုရား ပြောသမျှ ခေါင်းညိတ်၏။ မိဖုရား အတွက်ဆို ဘာပဲ လုပ်ရ လုပ်ရ။

သူတို့နှစ်ယောက် ပေါင်းစည်းမိကြပြီးသည့် နောက်တွင် ပြိုင်ဘက်တွေကို တစ်ဦးပြီး တစ်ဦး ဖယ်ရှားပစ်ရန် စီမံကိန်း ရေးဆွဲကြလေတော့သည်။

ကဲ. . . ဘယ်သူကို စပြီး ရှင်းမလဲ၊ ဘယ်လို ရှင်းမလဲ။ အမေးရှိလျှင် အဖြေ မုချရှိရမည်။



ဘုရင်မင်းမြတ်ကို နန်းပလ္လင် ပြင်ပသို့ နာရီအနည်းငယ်မျှ ထွက်ခွာ ကြွချီဖို့ တိုက်တွန်း လျှောက်ကြားရန် မလွယ်ကူလှပါချေ။ သို့သော်လည်း နိုင်ငံတော်အတွက် အတိတ်ကောင်း နိမိတ်ကောင်း၊ မင်္ဂလာအဖြာဖြာ ပွားတိုး စည်ပင်ကြောင်းအတွက် ဘုရင်မင်းမြတ်သည် နေပြည်တော် အတွင်း လှည့်လည်၍ အပူဇော်ခံရန် မလွဲမသွေ စီစဉ်သင့်သည်ဟု မှူးမတ်တို့က တိုက်တွန်း လျှောက်တင်ကြ၏။

မင်းဆရာ ပုဏ္ဏားများကလည်း ဤ အခမ်းအနားသဘင်သည် ဘုရင်မင်းမြတ်အတွက် အလွန် အရေးပါလှကြောင်း လျှောက်တင်ကြပြန်သည်။ နောက်ဆုံးတွင် သီပေါဘုရင်က သဘောတူညီခဲ့လေသည်။

နေ့ကောင်းရက်သာ၊ အချိန်နာရီ၊ မင်္ဂလာအခါတော်ကို ရွေးချယ်သတ်မှတ်၍ အခမ်းအနားသဘင်ကို စတင် ကျင်းပရန် ပုရောဟိတ်ဆရာကြီးများက ဦးစီး စီစဉ်လေသည်။ နန်းတော်မှ ဘုရင်မင်းမြတ် ထွက်ခွာ ကြွချီနေစဉ်အခါ နန်းမြို့၏ လုံခြုံရေး အစီအမံများကိုလည်း စနစ်တကျ ထားရှိပေသည်။

ဤ မင်္ဂလာအခမ်းအနားနှင့် အဂူ တစ်ပါတည်း ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ကိုလည်း စုဖုရားလတ်က ဘုရင်မင်းမြတ်ကို နှိုးဆော်ထား၏။ ယင်းကား နန်းမြို့၏ အပြင်ဘက် မြို့ပြင်လေးရပ်တွင် 'ရွှေသေတ္တာ' ကြီးများကို ချထားရန် ဖြစ်၏။ ဤ ရွှေသေတ္တာကြီးများကို အလုံပိတ်ပြီး သော့ခတ်ထားရမည်။ ပြည်သူတို့သည် မိမိတို့ ဆန္ဒသဘောထားများကို စာရေးသားပြီး ဤ ရွှေသေတ္တာထဲသို့ လာထည့်နိုင်၏။ စာပါ အကြောင်းအရာများပေါ်တွင် မူတည်၍ ဘုရင်မင်းမြတ်သည် တရားနှင့်အညီ ဆောင်ရွက် စီရင် အရေးယူမည် ဖြစ်၏။

ဘုရင်မင်းမြတ် ကိုယ်တိုင် နေပြည်တော်အတွင်း လှည့်လည်၍ ပူဇော်ခံမည့် ပွဲသဘင်နေ့မှာ ဧပြီလ ဖြစ်သည့်အတိုင်း ကောင်းကင် တစ်ပြင်လုံး တိမ်သား ကင်းစင်၍ ကြည်လင် တောက်ပလျက် ရှိ၏။ သည်ဝါ တောက်ပသော ဘုရင်မင်းမြတ်၏ မျက်နှာမှာ အပြုံးပန်း ဝေနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့အနေဖြင့် နန်းပလ္လင်မှသည် အပြင်လောကသို့ ကြွချီ ထိတွေ့နိုင်ခြင်းမှာ ရောမ စွန့်စားခန်းကြီး ဖြစ်နေ၏။

သူ့ ဖောင်တော်တွင် ဆင်ယင်ထားသော ရွှေစက္ကူများသည် နေရောင်တွင် တလက်လက် တောက်ပနေတော့သည်။ မိဖုရားခေါင်ကြီး စုဖုရားလတ်သည်လည်း ဘုရင်မင်းမြတ်နှင့် အတူ တွဲဖက်လျက် ထွက်တော်မူလာလေသည်။ မြောက်နန်းမတော်မိဖုရား မိခင်ကြီးမှာကား ဤတဲ့သို့ အခမ်းအနားမျိုးနှင့် လားလားမှ ထိုက်တန်သူ မဟုတ်ပြီ။ သည်မျှသာမက မကြာမီကပင် မိခင်ကြီးကို လုံးဝ ပယ်ရှားပစ်တော့မည့်ပြင် သူ့ အပေါင်းအသင်းများလည်း ပျောက်ကွယ်ပေတော့မည်။

ဖောင်တော်သည် ကြာပင်များ ပြည့်နေသော ကျုံးတော်အတိုင်း တငြိမ့်ငြိမ့် ထွက်ခွာလာ၏။ ကျုံးဘေး ဝဲယာကမ်းပေါ်၌ ဘုရင့်တပ်သားများ၏ နောက်တွင် ပြည်သူပြည်သား လူအများသည် မြေတိုဦးခိုက်လျက် ဘုရင်မင်းမြတ်ကို ကန်တော့နေကြလေသည်။

ဘုရင့် ဖောင်တော်က တဖြည်းဖြည်း ဝေးသွားသည်နှင့် ကန်တော့ဦးခိုက်နေကြသော လူအများသည် ထိုနေရာမှ မတ်တတ်ရပ်လိုက်ကြလျက် ပြည်သူ့ဆန္ဒ ပေးစာများ ထည့်သွင်းရမည့် ရွှေသေတ္တာဆီသို့ ခြေဦးလှည့်လိုက်ကြသည်။ သည့်နောက် ပြည်သူအများအတွက် ခင်းကျင်းထားသော ကြည့်ချင်ပွဲများ ဆီသို့ သူတို့ ခြေဦးလှည့်ကြသည်။ ပျော်ပျော်ပါးပါး ပွဲကြည့်ကြရဦးတော့မည်။

နေညိုချိန်တွင် ဘုရင် ထွက်တော်မူသော အခမ်းအနားသည် ပြီးဆုံးသွားလေ၏။ ဖောင်တော်သည် ရေနန်းပြာသာဒ် ဆီသို့ ဦးတည်၍ ပြန်လှည့်လာလေသည်။ နန်းတော်တံခါးဝတွင် ဘုရင်နှင့် မိဖုရားကြီးတို့သည် ဖောင်တော်ပေါ်မှ ဆင်းကြွလာကြ၏။ ရွှေသေတ္တာများကို မင်းမှုထမ်းတို့က သိမ်းဆည်းပြီး စုဖုရားလတ်၏ အဆောင်သို့ သယ်ယူသွားကြလေသည်။



ဝန်ကြီးများက ဘုရင်မင်းမြတ်၏ ရှေ့တော်၌ပင် ရွှေသေတ္တာများကို သော့များကို ဖွင့်ပြီး ပြည်သူ့ဆန္ဒ စာတမ်းများကို ထုတ်ယူကြသည်။ စာများကို ယခုချက်ချင်း ဖွင့်လှစ်ဖတ်ရှုကြရန် ဘုရင်မင်းမြတ်က အမိန့်တော် မှတ်လေသည်။ စာတွေကား များလှစွာ၏။ အခွန်အတုတ်ကြီးလေးစွာ ထမ်းဆောင်နေရသော မုဆိုးမတို့၏ အသနားခံလွှာ၊ မြို့စားနယ်စားတို့က မတရားအပြစ်ဒဏ် ချမှတ်ထားမှုများ၊ ဘုရင့် အမှုထမ်းအရာရှိများက နိုင်ထက်စီးနင်း ခေါ်ဆောင်သွားခြင်း ခံရသော မိန်းမပျိုတို့၏ ရင်နာဖွယ် အမှုအခင်းများကို သံတော်ဆင့် အရာရှိက ဘုရင်မင်းမြတ်ထံ တင်ဆက် ဖတ်ကြားလေသည်။

သီပေါဘုရင်သည် ဆေးလိပ်ကို ဖွာရင်း ပြည်သူ့ဆန္ဒတွေကို နားထောင်လျက် ရှိ၏။ သို့သော် ထိုစာတွေထဲတွင် ရနောင်မင်းသားအကြောင်း တိုင်ကြားစာ ပါလာသောအခါ ဘုရင်မင်းမြတ် တုန်လှုပ်သွားလေသည်။

ရနောင်မင်းသား၏ အာဏာ အလွဲသုံးပြီး မတရား ပြုကျင့်မှုများကို ထို တိုင်ကြားစာတွင် ဖော်ပြထား၏။ ရေးသူ၏ အမည် ဘယ်သူလဲဟု ဘုရင်က စုံစမ်းသောအခါ ရေးသူအမည် မပါရှိချေ။ သီပေါဘုရင်က ပြုံးလိုက်ပြီး နောက်စာတွေကို ဆက်ဖတ်ရန် သံတော်ဆင့် အရာရှိကို ပြောလိုက်လေ၏။ ရေးသူ အမည်နာမ ပြည့်စုံစွာ မပါရှိသော စာတစ်စောင်ကို အလေးဂရုပြု နားထောင်ရန် မလိုပြီ။

သို့သော် မိနစ်အနည်းငယ် ကြာသောအခါတွင် ရနောင်မင်းသားအား စွပ်စွဲထားသော အခြား စာတစ်စောင် ပေါ်လာပြန်၏။ နောက်စာတစ်စောင်တွင် ပင်သာမင်းသားနှင့် ပုဂံအတွင်းဝန်တို့၏ နာမည်များပါဝင်လာပြီးလျှင် နိုင်ငံတော် ပုန်ကန်ရန် ကြံစည်မှုများနှင့် သူတို့အားလုံးတို့ စွပ်စွဲထားလေသည်။ သူတို့သည် နေပြည်တော် ပြင်ပသို့ ထွက်ပြေး

www.burmeseclassic.com

www.burmeseclassic.com



နေသော ညောင်ရမ်းနှင့် ညောင်အုပ်မင်းသားတို့နှင့် ပူးတွဲ၍ ဘုရင်မင်းမြတ်ကို ပုန်ကန် ကြံစည်နေကြသည်ဟု စာများက ဆိုလေသည်။

သီပေါဘုရင်ကား မပြုံးနိုင်တော့ပြီ။

ဘုရင်မင်းမြတ်၏ ဆေးပေါ့လိပ်သည်ပင် မဖွာနိုင်သဖြင့် မီးငြိမ်း၍ သွားပြီဖြစ်၏။

ဤစာများကိုလည်း လက်မှတ်ထိုးသူ မရှိ နာမည် မပါ၊ လိပ်စာ ဖော်ပြမထားချေ။ သည်တစ်ကြိမ်တွင်မူ သီပေါဘုရင်သည် သံသယ မျက်လုံးများဖြင့် စုဖုရားလတ် မိဖုရားကို ကြည့်လိုက်၏။ ဤစာများမှာ လုပ်ဇာတ်များဖြစ်ကြောင်း စုဖုရားလတ် ကိုယ်တိုင် ကောင်းစွာ သိပေလိမ့်မည်။

နောက်ထပ် ဖတ်သမျှ စာတွေမှာလည်း သီပေါဘုရင်အား လုပ်ကြံ၍ ထီးနန်းကို ရယူရန် ဤလူတစ်စုက ကြိုးစားနေကြောင်း ဖော်ပြထား၏။ ရက်များ မကြာမီမှာပင် ဤလူတစ်စုသည် ဘုရင်မင်းမြတ်ကို တော်လှန် ပုန်ကန်ကြတော့မည်။ သီပေါဘုရင်မင်းမြတ် အပေါ် သစ္စာရှိသော အမှုတော်ထမ်းတို့သည် သတိကောင်းစွာ ထားကြပေတော့ စသည်ဖြင့် ထိုစာများတွင် ပါရှိခဲ့ပြန်သည်။

စုဖုရားလတ်သည် မိမိ အခန်းကဏ္ဍကို မိမိကိုယ်တိုင် ပိုင်ပိုင်နိုင်နိုင် ဝင်ကလေသည်။

မိဖုရားသည် ဤစာများကို နာကြားရသောအခါ များစွာ ထိတ်လန့် တုန်လှုပ်သွားဟန် ပြလိုက်သည်။ မိမိ၏ မောင်တော်ဘုရား အတွက် စိုးရိမ်မှုများစွာ ဖြစ်ရကြောင်း ထုတ်ဖော်ပြသ၏။ ဘုရင်မင်းမြတ်က ဤစာတွေမှာ သံသယဖြစ်စရာ များစွာရှိကြောင်း ထုတ်ဖော် မိန့်ကြားသော အခါ၌ မိဖုရားက ဤစာများအပေါ် ယုံကြည်သင့်ကြောင်း၊ ဘုရင်မင်းမြတ်သည် မိမိ၏ အသက်ကို ရန်ရှာမည့်သူများကို ချက်ချင်း အရေးယူသင့်ကြောင်းဖြင့် အပူတပြင်း တိုက်တွန်းတော့သည်။ ထို့ပြင်



မိဖုရားကြီးက မိမိ ဤသတင်းတွေကို ဂိုးတိုးတိတ်တိတ် ကြားနေသည်မှာ ကြာပြီ။ မိမိ ကြားသိထားသော သတင်းများနှင့် ဤဘိုင်စာများမှာ တစ်ထပ်တည်း ဖြစ်နေပြီ စသည်ဖြင့် လျှောက်တင်ပြန်သည်။ စုဖုရားလတ်သည် မိမိ လျှောက်တင်ထားသော စကားများကို ဘုရင် ယုံကြည်စေရန် တိုင်တားမင်းကြီးကို သက်သေ ပြခဲ့ပေသည်။

ထိုည တစ်ညလုံးပင် ဤအမှုကြီးနှင့် ပတ်သက်သော သက်သေများကို သီပေါဘုရင် ကိုယ်တိုင် စစ်ဆေးသည်။ သက်သေ အားလုံးကပင် ရနောင်မင်းသား မောင်မောင်တုတ်၏ အပေါ်တွင် အပြစ်ကျအောင် ချ၍ ပြောဆို၏။ နောက်ဆုံး တိုင်တားမင်းကြီးကို စစ်ဆေးသည်တွင် စုဖုရားလတ် ပြောသည့်အတိုင်း တစ်သဝေမတိမ်း ထွက်ဆိုပြန်တော့သည်။ တိုင်တားမင်းကြီး၏ လျှောက်တင်ချက်များတွင် အထူးအဆန်းများ ပါလာပြန်သည်။ ညောင်ရမ်းမင်းသားကို နန်းတင်ရန် အစီအစဉ်မှာ ရနောင်မင်းသား၏ နောက်ဆုံးပန်းတိုင် မဟုတ်ကြောင်း၊ နောက်ဆုံး၌ ကိုယ်တိုင် ဘုရင်အဖြစ် အုပ်စိုးရန် ရနောင်မင်းသား ကြံစည်နေကြောင်း၊ ... ဆောက်လုပ်ထားသော ရနောင်မင်းသား၏ ခမ်းနား လှပသော အိမ်တော်တွင် နန်းပလ္လင်နှင့် တူသော ရွှေသလွန်တော်ကို အဆင်သင့် လုပ်ထားသည့်အပြင် မင်းမြောက်တန်ဆာများလည်း အဆင်သင့် ထားရှိပြီး ဖြစ်နေကြောင်း ပိုပိုမိုမိုကလေး လျှောက်တင်လေသည်။

သီပေါဘုရင်သည် နောက်ဆုံးတွင် စုဖုရားလတ်နှင့် တိုင်တားမင်းကြီးတို့၏ အလိုသို့ လိုက်ရ၏။ ရနောင်မင်းသားနှင့် သူ၏ အပေါင်းအပါ အားလုံးကို ချက်ချင်း ဖမ်းဆီးစေရန် အမိန့်ချလိုက်တော့သည်။

နောက်တစ်နေ့ နံနက်တွင် နေ့စဉ် ပြုနေကျဝတ်အတိုင်း ရနောင်မင်းသားသည် ဘုရင့်ရှေ့တော်သို့ အခစား ဝင်ရောက်ရာတွင် သူ့ကို ချက်ချင်း ဖမ်းဆီး၍ ချက်ချင်းပင် ထောင်သွင်း အကျဉ်းချထားလိုက်ကြ၏။ ထို့နောက် ဘုရင့်တပ်မတော်သားများသည် နန်းမြို့ [illegible]

www.burmeseclassic.com



သွားရောက်၍ ပင်သာမင်းသားနှင့် ပုဂံအတွင်းဝန် အပါအဝင် စုဖုရားလတ်၏ စွပ်စွဲခြင်းခံရသူ အားလုံးကို ဖမ်းဆီး ချုပ်နှောင်လိုက်ကြလေသည်။

ယခုအခါတွင် သီပေါဘုရင်၏ အရင်းနှီးဆုံး ပုဂ္ဂိုလ်အားလုံးမှာ ထောင်သွင်း အကျဉ်းချထားပြီးလေပြီ။ သို့သော် စုဖုရားလတ် မကျေနပ်သေး။ အားလုံး ကိစ္စတုံးကုန်မှ အေးမည်။ ရနောင်မင်းသားကို အလွန်မုန်းသည်။ ဒင်းကို လောကကြီးမှာ မထားချင်တော့ပြီ။

ဤကိစ္စအတွက်လည်း စုဖုရားလတ်သည် တိုင်တားမင်းကြီးကိုပင် အသုံးပြုပြန်သည်။

ရနောင်မင်းသားသည် တိုင်းပြည်ကို လုပ်ကြံရယူရန် ဆန္ဒကို ယခုထက်တိုင် မလျှော့သေးကြောင်း၊ အကျဉ်းထောင်ထဲတွင် အလွန် စိတ်ဆိုး ဒေါသထွက်နေကြောင်း၊ ဘုရင်မင်းမြတ် သေဒဏ်မပေးမီ မိမိကိုယ် မိမိ သတ်သေမည်ဟုလည်း ကြုံးဝါးနေကြောင်း စသည်ဖြင့် တိုင်တားမင်းကြီးက ဘုရင်မင်းမြတ်ထံ လျှောက်တင်လေ၏။ ရနောင်မင်းသား၏ အပေါင်းအသင်းများ အကြောင်းကိုလည်း တိုင်တားမင်းကြီးက ပိုပိုမိုမို လျှောက်တင်လိုက်တော့သည်။ နောက်ဆုံးတွင် သီပေါဘုရင်က အမိန့်တစ်ရပ် ချမှတ်လိုက်၏။

“ရနောင်မင်းသားနှင့် အပေါင်းအသင်းများကို သေဒဏ် စီရင်စေ”

ယခုအခါတွင် မြောက်နန်းမိဖုရား မိခင်ကြီး တစ်ဦးတည်းသာ ကျန်တော့ပြီ။ မိခင်ကြီးမှာ သီပေါဘုရင်နှင့် နှစ်ကိုယ်ကြား တွေ့ခွင့် မရတော့ပါ။ ရနောင်မင်းသား မရှိတော့သည့်နောက်တွင် သီပေါဘုရင်မှာ စုဖုရားလတ်၏ ဩဇာကို မပယ်ရှားနိုင်တော့ပေ။ အဆုံး စီရင်ပြီးသွားသော ပုဂံအတွင်းဝန်၏ ဇနီး မုဆိုးမ ဝန်ကတော်နှင့် မြောက်နန်းမိဖုရား မိခင်ကြီးတို့ကို စုဖုရားလတ်က သတိပေးထားသည်။ ဘုရင်မင်းမြတ်ထံ



မည်သည့် အသနားခံချက်မှ မလျှောက်တင်ရ၊ လျှောက်တင်ခဲ့လျှင် ဘုရင်အား လုပ်ကြံရာတွင် ကြံရာပါများအဖြစ် သူတို့ကိုပါ စွပ်စွဲပြီး အရေးယူမည်ဟု ခြိမ်းခြောက်ထား၏။

ဤသို့ဖြင့် သီပေါဘုရင်နှင့် မိခင်ကြီးတို့၏ ဆက်ဆံရေးမှာ အခြေအနေ ပြောင်းခဲ့ရပြီ။ သီပေါဘုရင်နှင့် မိခင်ကြီးတို့နှစ်ဦး တွေ့ဆုံကြလျှင် နောက်တော်ပါးမှ အပျိုတော်တစ်ဦးက အမြဲ ပါရှိရသည်။ မိခင်ကြီးကို ယင်းအပျိုတော်က စောင့်ကြပ်နေလေသည်။

နောင်သော် မိခင်ကြီးမှာ လူမသိ သူမသိ ပျောက်ကွယ်သွားတော့၏။ မိခင်ကြီးကို တိုင်တားမင်းကြီး၏ အိမ်သို့ စုဖုရားလတ်၏ အမိန့်ဖြင့် ပို့ထားလိုက်ခြင်း ဖြစ်သည်။ တိုင်တားမင်းကြီးက မိခင်ကြီးကို စောင့်ကြပ်ကြည့်ရှုထားရ၏။ သို့သော် တိုင်တားမင်းကြီးသည် မိဖုရား မိခင်ကြီးကို အကျဉ်းသားတစ်ဦးလို မထားဘဲ ကြင်ကြင်နာနာ ပြုစု ထားရှိခဲ့လေ၏။

တစ်နေ့တွင် တိုင်တားမင်းကြီး၏ မြေးမကလေး တစ်ဦးနှင့် တွေ့ရာမှ စုဖုရားလတ်က မိခင်ကြီး၏အကြောင်း စုံစမ်းသည်။

တိုင်တားမင်းကြီး၏ အိမ်ဝင်းအတွင်း၌ ပြုလုပ်သော ပွဲသဘင်တစ်ခုသို့ မိခင်ကြီးလည်း တက်ရောက် ကြည့်ရှုကြောင်းကို မြေးမကလေးထံမှ တစ်ဆင့် မိဖုရားကြီး သိရှိသွား၏။ ဤတွင် မိဖုရားစုဖုရားလတ် အကြီးအကျယ် စိတ်ဆိုးလေသည်။ မိခင်ကြီးကို တင်းတင်းကြပ်ကြပ် မထားလျှင် ရာထူးမှ ချပစ်မည်ဟု တိုင်တားမင်းကြီးကို စုဖုရားလတ်က ကြိမ်းဝါးလေတော့သည်။ တိုင်တားမင်းကြီးကို ပြစ်တင် မောင်းမဲရန် သီပေါဘုရင်ကိုလည်း မိဖုရားကြီးက တိုက်တွန်းပြန်လေသည်။

ယခုအခါတွင် သီပေါဘုရင်သည် မြောက်နန်းမိဖုရား မိခင်ကြီးကို များစွာ စိတ်ဝင်စားခြင်း မရှိတော့ပြီ။ တိုင်တားမင်းကြီးနှင့် တွေ့ဆုံစဉ် မိခင်ကြီး အသက်ရှင်လျက် ရှိပါသေးသလားဟု ဘုရင်မင်းမြတ်က မေး၏။ တိုင်တားမင်းကြီးက မှန်ပါဟု လျှောက်တင်သောအခါ၌

www.burmeseclassic.com

www.burmeseclassic.com



သည်မိန်းကလေးအကြောင်း နောက်ထပ် မကြားချင်တော့ဘူးဟု ပြန်လည် မိန့်ကြားခဲ့လေသည်။

မိခင်ကြီးကား ကံဆိုးရှာလေသည်။

နောက်ဆုံးတွင် အာဏာပါးကွက်သားတို့၏ အဆုံးစီရင်ခြင်းကို ခံရတော့၏။ မိခင်ကြီး သေ မသေကို စုဖုရားလတ် မိဖုရားက လူလွှတ်၍ ကြည့်ခိုင်းလိုက်သေးသည်။

မြောက်နန်းမိဖုရား မိခင်ကြီး၏ ကြေကွဲဖွယ် ဇာတ်သိမ်းခန်း သတင်းသည် မန္တလေး နေပြည်တော်တစ်ဝန်းသို့ လွမ်းစရာ ပုံပြင်တစ်ပုဒ် အဖြစ် ပျံ့နှံ့သွားလေသည်။

●

## ပြင်သစ် မြန်မာ ချစ်ကြည်ရေး

ယခုအခါတွင် နန်းတော်အဆောင်များ အတွင်း၌ သီပေါဘုရင်နှင့် စုဖုရားလတ် မိဖုရားတို့သာ ကျန်တော့သည်။ ဘုရင်မင်းမြတ်သည် ဘာအန္တရာယ်မှ မရှိ၊ အေးချမ်း သာယာစွာ စိုးစံနေနိုင်ပြီ၊ သည်တော့လည်း ဘုရင်မင်းမြတ်သည် ယမကာကိုသာ အဖော်ပြုလျက် သင့်တော်သည်ထက် ပိုမိုဝဲနေ၏။ သူ့ဝန်ကြီးတွေလည်း ဘုရင်ကို အားကျ၍ ထင်၏။ ယမကာကို ဖိသောက်နေကြလေသည်။

ဘုရင်သည် ဥယျာဉ်တော်ထဲရှိ အေးမြသော အရိပ်အာဝါသတွင် အချိန်ဖြုန်းသည့် အခါလည်း ရှိ၏။ ခြယ်လှယ် မွမ်းမံထားသော ဖောင်တော်နှင့် ကျုံးတော်ထဲတွင် လှည့်လည် စည်းစိမ်ယူသည့် အခါလည်း ရှိသည်။ ငွေလသာသော ညများတွင် ပန်းခြံတွင်း၌ ရောင်စုံ မီးအိမ်များကို လှပစွာ ထွန်းညှိထားသည်။ ထိုအချိန်၌ လှပသော နန်းတွင်းသူကလေးများ၏ ကပွဲသဘင်ကို အရသာခံ၍ ရှုစားနိုင်ပြန်သေး သည်။

နိုင်ငံအုပ်ချုပ် မင်းလုပ်နေရသော သီပေါဘုရင်ထား အသား အရွယ် ငယ်လှစွာ၏။ ထို့ကြောင့် အရာရာကို သိရှိ စဉ်းစားနိုင်စွမ်း မရှိ။ သူ သိသည်ကား ငွေကို ရအောင်ရှာရန်နှင့် သုံးရန်သာ ဖြစ်၏။

www.burmeseclassic.com



သို့သော် နောက်ပိုင်းတွင် ငွေဝင်လာသောအခါ ငွေကို မည်သို့ ရှာရသည်ကို သူ သိရန်မလိုတော့ပြီ။ သူ့ဝန်ကြီးတွေနှင့် မြို့စား နယ်စားတို့က ငွေကို ကောင်းကောင်းရအောင် ရှာပေးကြသည်။ သူတို့က အခွန်တော်ငွေတွေ တစ်ထမ်းတစ်ပိုး ရအောင် ရှာပေးလာကြလေသည်။

ယခုအခါတွင် ဝန်ကြီးများထဲ၌ ဗြိတိန်နှင့် အဆင်ပြေသူမှာ ကင်းဝန်မင်းကြီးသာ ဖြစ်သည်။ သို့သော် ကင်းဝန်မင်းကြီးမှာ နန်းတွင်း၌ မျက်နှာသာရသူ မဟုတ်ရှာပါ။ သူ့ အတွေ့အကြုံနှင့် အရည်အချင်းကို အသုံးချရန် ဆိုသည်မှာက 'မရခင် ဖျာလိုလိပ်၍ထိပ်ပေါ်တင်' ခဲ့ခြင်းသာ ဖြစ်သည်။ နောက်ပိုင်းတွင်ကား ဤဝန်အိုကြီး ပေးသော အကြံဉာဏ်တွေသည် သဲထဲရေသွန် ဖြစ်ရပြီး တိုင်တားမင်းကြီးနှင့် အပေါင်းအသင်းများသာလျှင် ဘုရင့် ပတ်ဝန်းကျင်၌ အရေးပါနေကြတော့၏။

နေပြည်တော်ရှိ ဗြိတိသျှသံရုံးကို ရုပ်သိမ်းသွားပြီး ကတည်းက ထိုနေရာတွင် သံမှူး နောက်ထပ် အစားမခန့်ထားခဲ့တော့ချေ။ သို့သော် ပြင်သစ်နှင့် အီတလီ သံရုံးများကိုကား နေပြည်တော်၌ ဆက်လက်ထားရှိခဲ့သည်။

အိန္ဒိယအစိုးရနှင့် အဆက်အသွယ် ပြန်လည် ပြုလုပ်ရန် မြန်မာတို့ဘက်မှ စိတ်မပါသော်လည်း ကြိုးစားပါသေးသည်။ သို့သော် အချည်းနှီးသာ ဖြစ်ခဲ့သည်။ ၁၈၇၉ ခုနှစ်က ဗြိတိသျှသံအဖွဲ့ကို နေပြည်တော်မှ ရုပ်သိမ်းသွားပြီးသည့်နောက် သီပေါဘုရင်သည် မြောင်လှ ဝန်ထောက်ကို လက်ဆောင်ပဏ္ဏာများနှင့် အတူ သဝဏ်လွှာ တစ်စောင် ပါးလျက် အိန္ဒိယဘုရင်ခံထံ စေလွှတ်လိုက်သည်။ သို့သော် မြောင်လှဝန်ထောက်မှာ ဘာမျှ ဆုံးဖြတ်ပိုင်ခွင့် အာဏာ မပါရှိသည့်ပြင် အထူး အာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်အဖြစ် အသိအမှတ် ပြုထားခြင်းမရှိရကား သရက်မြို့မှ လွန်၍ ခရီးထွက်ခွာခွင့်ကို သူ မရရှိခဲ့။

၁၈၈၂ ခုနှစ်တွင် မြန်မာ့သံအဖွဲ့ တစ်ဖွဲ့သည် အိန္ဒိယနိုင်ငံ ဆင်းမလားမြို့သို့ ရောက်ရှိခဲ့၏။ အချိန်အတန်ကြာမျှ ဆွေးနွေးပွဲများ



ပြုလုပ်ခဲ့ပြီးနောက် သီပေါဘုရင်မင်းမြတ်က ပြန်ခေါ်သဖြင့် မြန်မာနိုင်ငံသို့ ပြန်သွားခဲ့ရာ ဗြိတိသျှတို့နှင့် ဆက်ဆံရေး တိုးတက်ရန် ဘာမျှ မဆောင်ရွက်နိုင်ခဲ့ပေ။

နေပြည်တော်မှ ခက်ခက်ခဲခဲ ထွက်ပြေး လွတ်မြောက်သွားသော ညောင်အုပ်မင်းသားမှာ နောင်တော် ညောင်ရမ်းမင်းသားနှင့် အတူ ကာလကတ္တားမြို့သို့ ရောက်ရှိပြီး အကျယ်ချုပ်နှင့် နေရ၏။

ညောင်အုပ်မင်းသားသည် ကာလကတ္တားမှ ထွက်ပြေး လွတ်မြောက်လာပြီး သရက်မြို့ အနီးတွင် မြန်မာဘုရင်ကို ပုန်ကန်ရန် လူစု၍ ကြိုးပမ်းနေလေသည်။ ဤစီအစဉ်မှာ ဗြိတိန်အစိုးရက ဦးစီးလုပ်ပေးခြင်း ဖြစ်သည်ဟု သီပေါဘုရင်က မှတ်ယူခဲ့၏။ မြန်မာအစိုးရက ဗြိတိန်အစိုးရထံ ပန်ကြားချက်တစ်ခု ပို့လိုက်ပြီးလျှင် လူဆိုးဓားပြများ လဲလှယ်ရေး သဘောတူညီချက်အရ ညောင်အုပ်မင်းသားနှင့် အပေါင်းပါတို့ကို ဖမ်းဆီးပြီး မြန်မာဘုရင့် ထံသို့ ပေးအပ်ပါဟု တောင်းဆိုလိုက်သည်။

ဗြိတိန်အစိုးရက ငြင်းဆိုလေသည်။ ညောင်အုပ်မင်းသားနှင့် အပေါင်းအပါတို့မှာ လူဆိုးဓားပြများ မဟုတ်၊ နိုင်ငံရေးသမားများသာ ဖြစ်သည်ဟု အကြောင်းပြလေသည်။

ထိုအခါ ညောင်အုပ်မင်းသားနှင့် အပေါင်းပါတို့၏ ခိုးဆိုးလုယက်ဆီးမှုဖြင့် မြန်မာလူထုမှာ ငွေကျပ် ငါးသောင်းကျော်ဖိုး ပျက်စီးဆုံးပါးခဲ့ရကြောင်း မြန်မာအစိုးရက စွဲချက် တင်လိုက်လေသည်။

ဤနေရာတွင် ပြင်သစ်သည် ပွဲလန့်တုန်း ဖျာခင်းရန် ဝင်လာခဲ့သည်။

ထိုအချိန်က ပြင်သစ်သည် တုံကင်နှင့် အင်ဒိုချိုင်းနားတို့တွင် ကိုလိုနီ အင်အားစုများကို ချဲ့ထွင်ရန် ကြိုးပမ်းနေခိုက် ဖြစ်ပေ၏။ မြန်မာနှင့် ပြင်သစ်တို့သည် နှစ်နိုင်ငံ ချစ်ကြည်မှု ရှေ့လမ်း ဖွင့်လှစ်ရန် အခွင့်သာနေသည်။ သီပေါဘုရင်ကလည်း ပြင်သစ်နှင့် အဆင်ပြေလိုသဆန္ဒရှိလေသည်။

www.burmeseclassic.com



၁၈၈၃ ခုနှစ် မေလတွင် မြန်မာသံအဖွဲ့ တစ်ဖွဲ့ကို ဥရောပတိုက်သို့ စေလွှတ်လိုက်၏။ ဤအဖွဲ့၏ အဓိက ရည်ရွယ်ချက်မှာ စီးပွားရေး ကိစ္စများအတွက် ဖြစ်ပြီး သိပ္ပံပညာနှင့် စက်မှုပညာရပ်များကိုလည်း လေ့လာကြမည် ဖြစ်ပေသည်။

မြန်မာဘာသာမှ လွဲ၍ တိုင်းခြားဘာသာစကားကို နားလည်ခြင်း မရှိသော အတွင်းဝန်တစ်ဦးက အဖွဲ့ကို ခေါင်းဆောင်ပြီးလျှင် သူ၏ လက်ထောက် အဖြစ် လိုက်ပါမည့်သူ နှစ်ဦးမှာ မင်းတုန်းဘုရင် လက်ထက်တော်က ဥရောပတွင် ပညာသင်ကြားခဲ့သူများ ဖြစ်ပြီး အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာ နှစ်ဘာသာစလုံးကို ကျွမ်းကျင်စွာ ရေးဖတ် ပြောတတ်သူများ ဖြစ်ကြလေသည်။ ထို့ပြင် ယင်းအဖွဲ့ကို အကူအညီပေးရန်အတွက် ဒဿနိကဗေဒ ပညာရှင် အမ်ဒီ ထရီဗီလတ် ဆိုသူ ပုဂ္ဂိုလ်တစ်ဦး ပါဝင်မည် ဖြစ်ပြီး ပဲရစ်မြို့တွင် သွားရေးလာရေးမှ အစ ကူညီမည့်သူ ဖြစ်ပေသည်။ ပဲရစ်မြို့တော်သို့ ရောက်သောအခါတွင် မြန်မာသံအဖွဲ့ ခေါင်းဆောင်က မိမိသည် ရက်သတ္တပတ် အနည်းငယ်သာ နေထိုင်မည်ဟု ထုတ်ဖော် ပြောကြားခဲ့၏။ သို့သော် ပြင်သစ်နိုင်ငံရှိ စီးပွား နှင့် သိပ္ပံပညာရပ်များကို စိတ်ဝင်စားမှု များစွာ ရှိနေသည်ဖြစ်ရာ မြန်မာ အဖွဲ့သည် အချိန်အတော်ကြာမျှ ဆက်လက် နေထိုင်ရန် ဆုံးဖြတ်ခဲ့ရလေ သည်။

မြန်မာနှင့် ပြင်သစ်တို့၏ ချစ်ကြည် ရင်းနှီးမှုများကို တွေ့ရသော အခါ ပဲရစ်ရှိ ဗြိတိသျှသံအမတ် လော့ဒ်လိုင်ယွန်မှာ နေမထိ ထိုင်မသာ ဖြစ်ရတော့သည်။ ထို့ကြောင့် သူသည် ပဲရစ်ရှိ ပြင်သစ်အစိုးရ နိုင်ငံခြားရေး ဝန်ကြီး အမ်ဂျူးဖယ်ရီ ထံသို့ တစ်ကြိမ်မက သွားရောက် တွေ့ဆုံခဲ့သည်။ သူသည် မြန်မာတို့သည် ပထဝီဝင် အနေထားအရ ပြင်သစ်ထက် ပို၍ အင်္ဂလန်နှင့် ရင်းနှီးနေခဲ့သူများ ဖြစ်သည်။ သို့ပါလျက် ပြင်သစ်သည် မြန်မာနှင့် စာချုပ် ချုပ်ဆိုရန် စီစဉ်နေသည်ဟု သိရသည်ဟု ပြောဆိုခဲ့ သည်။



မစ္စတာဖယ်ရီက ပခုံးတွန့်ပြ၏။ မိမိတို့ ဘာအစီအစဉ်မှ မရှိဟု လည်း ငြင်းဆိုသည်။ မြန်မာတို့သည် စီးပွားရေးကိစ္စ အတွက်သာ လာရောက်ခြင်း ဖြစ်ပြီး ထို့ထက် ပိုမို၍ ဘာမှ ရည်ရွယ်ချက် မရှိ။ ထို့ပြင် မြန်မာသံအဖွဲ့ ခေါင်းဆောင်မှာ ဘာမျှ ဆုံးဖြတ်ပိုင်ခွင့် အာဏာ ပါမလာ ပေရာ မည်သည့် စာချုပ်ကိုမျှ ချုပ်ဆိုရနိုင်မည် မဟုတ်။ ဗြိတိသျှ သံအမတ် လော့ဒ်လိုင်ယွန်၏ စိုးရိမ်မှုမှာ အခြေအမြစ် မရှိပါဟု ပြန်ကြား ပြောဆိုလိုက်၏။

ပြင်သစ် နိုင်ငံခြားရေးဝန်ကြီး၏ ပြန်ကြားချက်ကို များစွာ ယုံကြည် သည် မဟုတ်သော်လည်း ဗြိတိသျှ သံအမတ်သည် ကျေနပ်ဟန် ပြလျက် နောက်ဆုတ် လာခဲ့ရလေသည်။

သို့သော် မြန်မာသံအဖွဲ့သည် ပဲရစ်တွင် အနေကြာခဲ့လေသည်။ သတင်းတွေကလည်း အမျိုးမျိုး ကြားရသည်။ ဗြိတိသျှသံအမတ်သည် ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးကို ထပ်မံ တွေ့ဆုံပြီး မိမိ ရရှိထားသော သတင်းများကို ထောက်ပြလေသည်။ ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးက မိမိတို့သည် ဗြိတိသျှနှင့် ချစ်ကြည် ရင်းနှီးပြီးဖြစ်ရာ မြန်မာနိုင်ငံသို့ လက်နက်များ တင်ပို့ ရောင်းချမည် မဟုတ်ပါဟု ပြန်ကြားလေသည်။

၁၈၈၄ ခုနှစ် တစ်နှစ် ကုန်ဆုံးသွားသည်ထိ မြန်မာသံအဖွဲ့သည် ပဲရစ်မြို့တွင် ဆက်လက် နေထိုင်ဆဲ ဖြစ်၏။ ပြင်သစ်အစိုးရ၏ ပြုစု ဧည့်ခံမှုများကို မြန်မာသံတို့ အကြိုက်တွေ့ မိန်းမောနေကြသည်။

၁၈၈၅ ခုနှစ် နှစ်သစ်ကူးပွဲတော်များ ကျင်းပ ပြီးစီးသွားသော အခါတွင် ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးက ပြင်သစ်-မြန်မာ စီးပွားရေး စာချုပ်တစ်ရပ် ချုပ်ဆိုပြီးကြောင်းဖြင့် ဗြိတိသျှသံအမတ်ကို သတင်း ပေးလေသည်။ မိမိတို့သည် စစ်မှုရေးရာနှင့် ပတ်သက်သော စာချုပ်ကို ချုပ်ဆိုခြင်း မရှိ၊ မြန်မာအစိုးရသို့ ပြင်သစ်က လက်နက် တင်ပို့မည် မဟုတ်။ ထို့ကြောင့် ဗြိတိသျှသံအမတ် အနေဖြင့် တစ်စုံတစ်ရာ ပူပန်ရန်

www.burmeseclassic.com

www.burmeseclassic.com



မရှိပါဟုလည်း ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးက ထပ်လောင်း ပြောပြလေသည်။

မြန်မာသံအဖွဲ့ကို ဗြိတိသျှသံရုံးက ဖိတ်ကြား၍ ညှိခံ ပြုစုခဲ့သည်။ ပြင်သစ်တို့ ညှိခံ ကျွေးမွေးသည်ထက် မညံ့ရအောင် ဗြိတိသျှသံရုံးက ကြိုးစား ညှိခံလေသည်။ မြန်မာသံအဖွဲ့ ခေါင်းဆောင်က မိမိသည် မကြာမီ အီတလီနိုင်ငံ၊ ရောမမြို့သို့ သွားရောက်ပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်မည်ဖြစ်ကြောင်းဖြင့် ဗြိတိသျှသံအမတ်ကို သတင်းပေးလေသည်။

မြန်မာအဖွဲ့သည် ရောမမြို့တွင် ဂျာမနီသံအမတ်ကြီးနှင့်လည်း ဆွေးနွေးခဲ့ပြီး ဂျာမန်-မြန်မာ ချစ်ကြည်မှုအတွက် လက်ကမ်းခဲ့ကြ၏။

မြန်မာသံအဖွဲ့သည် ပြုလုပ် ဆောင်ရွက်ပြီးသမျှ အမှုကိစ္စတို့ကို ကျေနပ်အားရစွာဖြင့် မန္တလေးနေပြည်တော်သို့ ပြန်ခဲ့သည်။ ပြင်သစ်တို့နှင့် ဆွေးနွေး သဘောတူချက်များ ပါရှိသော စာချုပ်ကို မြန်မာ သံအဖွဲ့ ခေါင်းဆောင် ကိုယ်တိုင် ကိုယ်နှင့်မကွာ သယ်ဆောင်၍ ပြန်လာခဲ့၏။

ဤစာချုပ်ကို ပြင်သစ်လွှတ်တော်မှ အတည်ပြုချက် ယူရဦးမည် ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ပြင်သစ် ကောင်စစ်ဝန်ရုံးကို မန္တလေး နေပြည်တော်၌ ဖွင့်လှစ်ရန် စီမံပြီးဖြစ်၏။ ကောင်စစ်ဝန် အဖြစ် အမ်ဟာက်စ်ကို ခန့်ထားရန် ရည်ရွယ်ထား၏။

ပြင်သစ်မှ အပြန်တွင် မြန်မာများအဖို့ မျှော်လင့်ချက် များစွာ ရှိနေသည်။ ယခုအခါ ဆူဒန်တွင် အထိနာနေသော အင်္ဂလိပ်အစိုးရကို အကျပ်ကိုင်ခြင်းဖြင့် ဆုံးရှုံးခဲ့သော မြန်မာပိုင်နက် နယ်မြေများကို ပြန်လည်ရယူရန် အခွင့်အလမ်း ရှိနေပြီ။ ဗြိတိန်စစ်ဗိုလ်ချုပ်ကြီး ဂျင်နရယ် ဂေါ်ဒန်သည် ၁၈၈၅၊ ဇန်နဝါရီလတွင် ဆူဒန်နိုင်ငံ ခါတွန်မြို့၌ အသတ်ခံရ၏။ ဤကား ဗြိတိန်အတွက် လက်ရုံးတစ်ဖက် ပြုတ်ခြင်း ဖြစ်တော့သည်။

●

## နောက်တစ်ကြိမ် မရလာရှုခင်း

နန်းတော်တွင်း၌ ဘုရင့်ကိုယ်ရံတော် တပ်သားများ အထပ်ထပ် ချထားလျက် လုံခြုံစွာ စံမြန်းနေရသော သီပေါဘုရင်သည် မိမိကိုများ တစ်ဦးဦးက လုပ်ကြံလေမလား၊ ဘယ်သူက သူပုန်ထဖို့ ကြံနေပါလိမ့် စသည်ဖြင့် တွေးတော ထိတ်လန့်နေလေသည်။ ကိုယ်က တခြားသူများ အပေါ် ကျူးလွန်ထားဘိသလို၊ သူတို့ကလည်း ပြန်၍ လုပ်နိုင်တာပဲ ဆိုသော အသိက ဘုရင်မင်းမြတ်ကို ခြောက်လှန့်နေခြင်း ဖြစ်ပေသည်။

သီပေါဘုရင်သည် သူ၏ ပြိုင်ဖက်များစွာတို့ကို အပြတ် ရှင်းခဲ့ပြီး ဖြစ်သည်ကား မှန်၏။ သို့သော် ရန်သူတချို့က သက်ရှိထင်ရှား ကျန်နေသေးသည်။ ညောင်ရမ်းနှင့် ညောင်အုပ်မင်းသားတို့သည် ဘုရင်မင်းမြတ်တော်တော်ခေါ်၍ မပျော်နိုင်အောင် ဒုက္ခပေးနိုင်ကြသေးသော အန္တရာယ်များအဖြစ် ဗြိတိသျှပိုင်နက်တွင် ယနေ့တိုင် ရှိနေကြလေသည်။ ၁၈၇၈ ခုနှစ်က ဤမင်းသား နှစ်ပါး လွတ်မြောက် ထွက်ပြေးသော အချိန်မှ၍ သူတို့နှစ်ပါးကို ကာလကတ္တားမြို့တွင် အကျယ်ချုပ်ဖြင့် အင်္ဂလိပ် အစိုးရက ထားရှိခဲ့၏။

ယင်းမင်းသား နှစ်ပါးကို လုပ်ကြံ သတ်ဖြတ်ရန် နေပြည်တော်မှ ချီတက် လူသတ်သမားများကို စေလွှတ်ခဲ့သေး၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အောင်မြင်မှု မရှိခဲ့ပေ။

အိန္ဒိယနိုင်ငံတွင် ခိုလှုံ နေထိုင်သော မြန်မာနိုင်ငံမှ အခြားမင်းသား တစ်ပါး ရှိသေး၏။ ယင်းကား မြင်ကွန်းမင်းသားကြီး ဖြစ်၏။ ၁၈၆၆ ခုနှစ်က အိမ်ရှေ့စံ ကနောင်မင်းကို လုပ်ကြံပြီးနောက် ထွက်ပြေး လွတ်မြောက်သွားပြီး အင်္ဂလိပ်အစိုးရက ဖမ်းဆီးထားသည်။ ထို့နောက် တွင် အင်္ဂလိပ်ပိုင် နယ်မြေမှ ထွက်ပြေးပြီး ပြင်သစ်ပိုင် ပွန်ဒီချယ်ရီ ဝင်ရောက် ခိုလှုံနေခဲ့၏။ ဤသတင်းကို ကြားရသောအခါတွင် သီပေါဘုရင် ကြက်သီးထရှမြန်၏။ ဤမင်းသားသည် နေပြည်တော်သို့ ပြန်လာပြီး မိမိ၏ လက်ထဲမှ နန်းပလ္လင်အား တိုက်ခိုက် လုယူသွားမည်ကို ထိတ်လန့် လျက် ရှိလေသည်။

၁၈၈၄ ခုနှစ် ရောက်သောအခါ သီပေါဘုရင်နှင့် မိဖုရားတို့ သိထားသည်မှာ တစ်ခုတည်း ဖြစ်၏။ ယင်းကား နန်းတော်ပြင်ပတွင် မိမိတို့ကို ချစ်ခင်သူ ဟူ၍ အလွန် နည်းပါးလှခြင်းပင်တည်း။

မိမိတို့ အုပ်စိုးခဲ့ကြသော ငါးနှစ် ကာလအတွင်း ဘုရင်နှင့် မိဖုရား တို့သည် ပြည်သူလူထု အကျိုးရှိရာရှိကြောင်း တွေးတော ဆောင်ရွက်မှု အလွန် နည်းပါးခဲ့သည်။ မိမိတို့ အကျိုးရှိရာ ရှိကြောင်းနှင့် ငွေရ မည်သည့်နည်းဖြင့် ရအောင် ဆောင်ရွက်ရမည်ကိုသာ အမြဲတမ်း စိတ်ထား နေခဲ့သည်။ ဤအခြေအနေတွင် ပြည်သူတို့သည် မြင်ကွန်းမင်းသားကို မျှော်နေကြမည်မှာ ဧကန်ဖြစ်၏။ နောက်အုပ်စိုးမည့် ဘုရင်သစ်သည် လက်ရှိဘုရင်ထက် ကောင်းချင်မှသာ ပိုကောင်းပေမည်။ ပို၍ ဆိုးမည် မဟုတ်သည်မှာ သေချာလှပြီ။

အကျဉ်းထောင်ထဲတွင် မင်းမျိုးမင်းနွယ် အချို့ ရှိနေသေး၏။ သူတို့မှာ နိုင်ငံရေးအရ ဖမ်းဆီး ချုပ်နှောင်ထားသူတွေ ဖြစ်ရာ သီပေါ



ဘုရင် ပြုတ်ကျမည်ဆိုလျှင် လက်ခမောင်း ထခတ်ကြမည်မှာ ဧကန် ဖြစ်သည်။ မြင်ကွန်းမင်းသားကလည်း အင်္ဂလိပ် လက်ထဲမှ လွတ်ထွက် သွားပြီဖြစ်ရာ နေပြည်တော် အကျဉ်းထောင်၌ မိမိကို ဆန့်ကျင်သည့် မင်းမျိုးမင်းနွယ် တစ်စုကို အသက်ရှင်လျက် ထားရသည်မှာ အန္တရာယ် ကြီးမားလှ၏။ စိတ်ဓာတ်အားအား ချို့တဲ့နေသော ဘုရင်သီပေါသည် ဤသို့ တွေးတောနေရှာပေသည်။

ဘုရင်က ဤကိစ္စနှင့် ပတ်သက်၍ တိုင်တားမင်းကြီးကို တိုင်ပင် ကြည့်ရာ တိုင်တားမင်းကြီးသည် မင်းလိုလိုက် မင်းကြိုက်ကို လျှောက်တင် လိုက်လေ၏။ ၁၇၇၉ ခုနှစ် နန်းတွင်း အဆုံးစီရင်ပွဲကြီးတုန်းကတောင် အင်္ဂလိပ်အစိုးရသည် အနည်းငယ် အသံပြုရုံမှ လွဲ၍ ဘာမှ မတတ်နိုင် ခဲ့ပေရာ ယခုလည်း ကိုယ် လုပ်ချင်တာကို ရဲရဲဝံ့ဝံ့ လုပ်ဖို့သာရှိသည်။ အင်္ဂလိပ်ကို စောင်းငဲ့ကြည့်စရာ မလိုပြီ။ မြန်မာသံအဖွဲ့ကလည်း ပြင်သစ် နှင့် အဆင်ပြေနေသည်။ ပြင်သစ်-မြန်မာ ခိုင်ခိုင်မာမာ လက်တွဲမိပြီ ဆိုလျှင် အခြား ဘာကိုမျှ ဂရုစိုက်စရာ မရှိတော့။ ဤသို့ တိုင်တားမင်းကြီး က လျှောက်တင်ရင်း မီးစိမ်းပြလိုက်ပေသည်။

ထို့ပြင် ယခုတစ်ကြိမ် အဆုံးစီရင်ပွဲ လုပ်မည်ဆိုပါက ပထမအကြိမ် တုန်းက အမှားမျိုး ထပ်မမှားစေရန် သတိပြုဦးမှ ဟု ဘုရင်နှင့် မိဖုရား တို့က နားလည်ထား၏။ ပထမအကြိမ်တုန်းက လူသိရှင်ကြား တိုးလေး တကျော် ကြော်ငြာ၍ လုပ်ခဲ့ကြသည်။ ယခုတစ်ကြိမ်၌ ထိုသို့ မဖြစ်စေရ ထို့ပြင် ကွပ်မျက်ရမည့် သူတွေကိုလည်း စွဲချက်တစ်ခုခု ရှိစေရမည်။ သူတို့ကို အဘယ့်ကြောင့် ကွပ်မျက်ရသည် ဆိုခြင်းကို ခိုင်လုံသော အကြောင်းပြချက်ရှိအောင် လုပ်ထားကြရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာဘုရင် လက်ထက်တော်တွင် အကျဉ်းထောင်နှင့် ပတ်သက်၍ ကိုယ်တွေ့ ကြုံခဲ့သော အင်္ဂလိပ်ကုန်သည် 'ဟင်နရီဂူးဂျား' ဆိုသူက သူ၏ ထောင်အခံတွေ့အကြုံကို မှတ်တမ်းတင်သွားခဲ့သည်။ သူ၏ ထောင်အတွေ့အကြုံမှာ စောစောပိုင်း ရာစုနှစ်များက ဖြစ်သော်လည်း သီပေါဘုရင် လက်ထက်တော်နှင့် များစွာ ခြားနားလှသည် မဟုတ်ပေ။

သူ့ မှတ်တမ်းအရ အကျဉ်းထောင်များမှာ ဖုန်၊ သဲ တို့ဖြင့် လွှမ်းပြီး ညစ်ပတ်လှသည်။ စ၍ တည်ဆောက်ခဲ့သည်မှ တစ်ကြိမ်တစ်ခါမျှ အမှိုက်သရိုက် လှဲကျင်းထားဟန် မရှိ။ ထောင်အတွင်းရှိ အနံ့အသက်တို့မှာ ဆိုးဝါး နံစော်လှသည်ဖြစ်ရာ ခြင်များပင် အသက်ရှင် နေနိုင်ဟန် မရှိပါဟု 'ဂူဂျား' က ရယ်စရာလုပ်၍ ရေးခဲ့၏။ အကျဉ်းသား အတော်များများကို အမြဲတမ်း ထိပ်တုံးခတ်ထား၏။ အချို့ အကျဉ်းသားများကိုမူ သူတို့ လှုပ်ရှား သွားလာနိုင်အောင် သစ်တုံးငယ်များနှင့် တွဲလွဲဆွဲ၍ ထိပ်တုံး ခတ်သည်။ သို့သော် ညဉ့်အချိန်၌မူ အကျဉ်းသားတိုင်းကို လုံခြုံအောင် ထားရပေရာ အချို့ အကျဉ်းသားများကို ခြေမှ ပူးတွဲ ချည်နှောင်၍ အမိုးတွင် တွဲလွဲ ဆွဲထားတတ်ပေသည်။

အစားအစာ အတွက်ကား အကျဉ်းသားတို့မှာ မိမိတို့ ဆွေမျိုးသားချင်းများနှင့် ဇီဝိတဒါန အလှူရှင်များကိုသာ အားထား၍ နေရ၏။ ယင်းမှာပင် ထောင်ကြပ် အာဏာသားတို့က ကြားမှ ဖြတ်တောက် ယူငင်ခြင်းကို ခံခဲ့ကြရသေးသည်။

မွန်းလွဲ သုံးချက်တီး အချိန်ကား အမင်္ဂလာအချိန် ဖြစ်သည်။ ဤအချိန်တွင် အာဏာပါးကွက်သားတို့ ပေါ်လာသည်။ သူတို့သည် ထိပ်တုံးခတ်ထားသော အကျဉ်းသားတို့ကို ထိပ်တုံးမှ ဖြုတ်ပြီး ကွပ်မျက်ရမည့် သုသာန်ကုန်းသို့ ခေါ်ဆောင်သွားကြမြဲ ဖြစ်၏။



ငရဲတမျှ ဆိုးဝါးလှသော ဤအကျဉ်းထောင်ထဲတွင် တိုင်တားမင်းကြီးက သူ၏ လျှို့ဝှက်သူလျှိုများကို ထည့်သွင်းထားသေး၏။ ထောင်ထဲရှိ အကျဉ်းသားများအား ထောင်ဖောက် ပြေးကြရန် ဤသူလျှိုများက မြှောက်ထိုးပင့်ကော် လုပ်ပေးသည်။

တစ်ချိန်တွင် နာမည်ကြီး ဓားပြ 'ရန်မင်း' ဆိုသူမှာ တိုင်တားမင်းကြီး၏ ဒလန် သူလျှိုတို့ စကားကို ယုံမိသည်။ ဒလန် လုပ်သူတွေကလည်း အယုံသွင်းရာ၌ တော်ကြသည်။ ထောင်ကြပ်တွေ ကိုယ်တိုင်ကပင် မိမိတို့ အကြံအစည်ကို အားပေးနေသည်။ အကျဉ်းထောင်ထဲရှိ မိမိတို့ အားလုံး အတွက် လွတ်မြောက်ရာလမ်းကို တွေ့နေပြီ၊ ထွက်ပြေးကြစို့ရဲ့။ ဤသို့ ဒလန်များက လိမ်လည်၍ ချောက်တွန်းကြလေသည်။

လူသတ်မှုတွေ အကြိမ်ကြိမ် ကျူးလွန်ခဲ့သော လူဆိုးဗိုလ် 'ရန်မင်း' သည် တိုင်တားမင်းကြီး၏ ဒလန်တွေ ပြောစကားကို အယုံကြီး ယုံမိတာ ထောင်ဖောက်ပြေးရန် စီမံကိန်းကို စနစ်တကျ ဆွဲလေတော့သည်။

၁၈၈၄ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့တွင် ရန်မင်း ခေါင်းဆောင်သော အကျဉ်းသားတစ်စုသည် ထောင်ကို ဖောက်ပြေးကြလေသည်။ ထောင်တံခါးမကြီး ပွင့်နေသည်ကို သူတို့ တွေ့ကြသည်။ ထို့ကြောင့် ယင်းတံခါးမကြီးမှ ထွက်၍ နန်းမြို့တွင်း ဆီသို့ ဦးတည် ထွက်ပြေးကြသည်။ သို့သော် သူတို့ အကြံအစည်မှာ အထမမြောက်ခဲ့ပေ။ ထောင်ထဲက ထွက်ပြေးလာသူတို့မှာ မကြာမီ အဆက်မပြတ် ပစ်ခတ်လိုက်သော သေနတ် ကျည်ဆန်များ အောက်တွင် အတုံးအရုံး သေဆုံးသွားကြသည်။ လူဆိုးဗိုလ် ရန်မင်းကား ထိပ်ဆုံးမှ ကျသွားရှာသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ရန်မင်း ခေါင်းဆောင်သော အကျဉ်းသားများ၏ ဘဝဇာတ်သိမ်းခန်းမှာ စင်စစ်တော့ နောက်ပိုင်းတွင် ပြုလုပ်မည့် ကွပ်မျက်ပွဲကြီးအတွက် အစမ်းလေ့ကျင့်ခြင်းမျိုးမျှသာ ဖြစ်သည်။

လာပါပြီ။

သို့သော် ပြည်သူတွေ၏ အမြင်တွင် သီပေါဘုရင် အုပ်စိုးသော ခေတ်ကို စိတ်မနှံ့သူ၏ လက်တွင် မီးတုတ် အပ်ထားရသကဲ့သို့ ရှိသည်။ နောက်က နေ၍ မိဖုရားကလည်း မြှောက်ပင့်ပေးနေသည်။

ဤအချိန်တွင် သီပေါဘုရင်ကို သူ့ပြိုင်ဘက် မင်းသားတစ်ပါးပါးက နန်းချလေမည်လား၊ သို့မဟုတ်လျှင် ပြင်သစ်က ဘေးထိုင် ကြည့်နေရာမှ ဝင်လာလေမည်လား. . . ။

သီပေါဘုရင် နန်းသက်၏ နောက်ဆုံးရက်များကို ကျော်လွန်လာရချိန်တွင် ဗန်းမော်ကို တစ်ဖက်နိုင်ငံမှ တပ်များက လာရောက် ထိပါးခဲ့သည်။ တစ်ချိန်တည်းမှာပင် ရှမ်းပြည်နယ်ကလည်း ထောင်ထားမှုများ ဖြစ်ပေါ်လာ၏။

အခြေအနေများ လှုပ်ရှားလာသည်ကို သီပေါဘုရင်နှင့် စုဖုရားလတ် မိဖုရားတို့သည် သောက တစ်စုံတစ်ရာ မရှိခဲ့ပေ။ ၁၈၈၅ ခု၊ ဇန်နဝါရီလတွင် ပြင်သစ်-မြန်မာ နှစ်နိုင်ငံစာချုပ် ချုပ်ပြီးပြီဆိုသည်ကို အရှင်နှစ်ပါး သိပြီးဖြစ်ကြ၏။ မြန်မာနိုင်ငံတော်အတွက် အရှေ့ကောင်းကင်ဆီတွင် အရုဏ်သစ် ပေါ်ထွန်းစပြုလေပြီဟု သူတို့ စိတ်ချ ယုံကြည်နေကြ၏။

စာချုပ်၏ အကျိုးကျေးဇူး သက်ရောက်မှု အကောင်အထည် ပေါ်လာချိန်ကို ဘုရင်နှင့် မိဖုရားတို့က မျှော်မှန်းကြည့်ရသည်။ မန္တလေးမြို့တွင် ပြင်သစ် ကောင်စစ်ဝန်ရုံး တစ်ရုံး အမြန်ဆုံး ဖွင့်ပေလိမ့်မည်။



အခြေအနေ ယိုယွင်းနေသော မြန်မာနိုင်ငံအတွက် ပြင်သစ်သည် ငွေနှင့် ခဲယမ်းမီးကျောက်များ မုချမသွေ ထောက်ပံ့ပေတော့မည်။

ဘုရင်မင်းမြတ်နှင့် တိုင်တားမင်းကြီးတို့သည် အနာဂတ် မြန်မာ နိုင်ငံအတွက် ဆုတောင်းမေတ္တာပို့ရင်း ယစ်ရွှေရည်ကို မှိဝဲလျက် စည်းစိမ် တွေ့နေ၏။ ဤကား ယဲ့ယဲ့သာ ရှိတော့သော နိုင်ငံတော်၏ နောက်ဆုံး အချိန်များသာတည်း။

●

www.burmeseclassic.com

www.burmeseclassic.com

# တတိယပိုင်း

# ဖြိတ်သျှအစိုးရ

www.burmeseclassic.com

www.burmeseclassic.com

## ပြင်သစ်သံမှူးနှင့် လျှို့ဝှက်စာချုပ်

မြန်မာပြည်ဆိုင်ရာ ပြင်သစ်သံမှူး 'အမ်ဟက်စ်' သည် ၁၈၈၅ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် မန္တလေး နေပြည်တော်သို့ ရောက်ရှိလာလေသည်။ သူသည် မိမိ၏ ထမ်းဆောင်ရမည့် တာဝန်ကို အောင်မြင်စွာ ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထား၏။ မန္တလေးနေပြည်တော်၌ မိမိ၏ တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်သည်နှင့်အမျှ ပြင်သစ်နိုင်ငံတော်၏ ကိုလိုနီအရှိန်အဝါ ထွန်းဝင်း တောက်ပလာမည် ဖြစ်၏။ အလားတူပင် မိမိသည်လည်း ချမြင့်က ကြာမြင့် ဆိုသကဲ့သို့ အမှုထမ်း ကောင်းသည့်အတွက် ဆုလာဘ်များ ရရှိမည် ဖြစ်ပေသည်။

အရေးကြီးသည်မှာကား မိမိနှင့် မြန်မာအစိုးရတို့၏ လျှို့ဝှက် ဆွေးနွေးမှုများကို အင်္ဂလိပ်အစိုးရက မသိစေရန်ပင် ဖြစ်၏။ ဤအတွက် သိပ်ပြီး ပူပင်သောက ရောက်နေရန်မရှိ။ အကြောင်းမှာ မန္တလေး နေပြည်တော်၌ ဗြိတိသျှသံအဖွဲ့ မရှိတော့၍ပင် ဖြစ်သည်။ သို့သော် အခြားသော ပုဂ္ဂလိကလုပ်ငန်းများကို လုပ်ကိုင်နေသည့် ဗြိတိသျှအမျိုးသား အချို့တော့ ရှိသေးသည်။ ဤသူများအနေဖြင့် မိမိတို့ လုပ်ငန်းဆောင်တာ ပြီးပတွင် သူလျှိုလုပ်ငန်းများ လုပ်လိမ့်မည်ဟု သံသယဝင်စရာ ကောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် မန္တလေးနှင့် ဗြိတိသျှပိုင် မြန်မာပြည်အကြား အချိန်မှန်မှန် ပြေးသွားလျက် ရှိသော ဧရာဝတီ ဖလုတ်တီလာ သင်္ဘောကုမ္ပဏီမှ သင်္ဘောကပ္ပိတန်များလည်း ရှိသေး၏။ ဤ သင်္ဘောကပ္ပိတန်များ ထဲမှ သူလျှို လုပ်မည်ဟု စိုးရိမ်ရန်မှာ အလွန် နည်းပါးပါသည်။ အီတလီ တောင်စစ်ဝန် 'ချီဗေလိုင်းယားအင်ဒရီနို' ဆိုသူ တစ်ဦးကတော့ သိပ်ပြီး မသေချာပေ။ သူသည် မန္တလေး နေပြည်တော်၌ ဧရာဝတီဖလုတ်တီလာ သင်္ဘောကိုယ်စားလှယ်လည်း လုပ်၏။ ထို့ပြင် ဘုံဘေဘားမား ထရိတ်ဒင်း ကော်ပိုရေးရှင်း အတွက်လည်း ကိုယ်စားလှယ် လုပ်လေသေး၏။ သူသည် နန်းတော်အတွင်းသို့ ဝင်ခွင့်ရထားသူ တစ်ဦး ဖြစ်ပြီးလျှင် အနေ ကြုံလျှင် မည်သည့်ဘက်ကို လိုက်ပါမည် ဆိုသည်မှာ အကဲခတ်ရန် အလွန် လွယ်ကူပေသည်။

ပြင်သစ်သံမှူး ဟက်စ် အနေဖြင့် မိမိလုပ်ငန်းများ ပေါက်ကြား သွားမည်ဟု စိုးရိမ်ရသူ တစ်ဦးတလေ နေပြည်တော်၌ ရှိသည်ဆိုအံ့ ထိုတစ်ဦးမှာ အင်ဒရီနိုမှ လွဲ၍ အခြားမည်သူမျှ မဖြစ်နိုင်ပေ။

ရက်သတ္တ ခြောက်ပတ်မျှအတွင်း ပြင်သစ်သံအဖွဲ့သည် အလုပ် တွေ တော်တော် ပြီးစီးသွားသည်။ လုပ်ငန်းကြီး နှစ်ရပ်အတွက် တိုင်ပင် ဆွေးနွေး သဘောတူညီမှု ရထားပြီ။ ပထမ သဘောတူချက်မှာ မန္တလေး နေပြည်တော်မှ နေ၍ ဗြိတိသျှပိုင် တောင်ငူမြို့သို့ မီးရထားလမ်း ဖောက်ရန် လုပ်ငန်းဖြစ်သည်။ ဤလုပ်ငန်းအတွက် ပြင်သစ်အစိုးရနှင့် ကုမ္ပဏီတစ်ခုက ဦးစီး ဆောင်ရွက်ပေးမည် ဖြစ်ပြီး၊ ကုန်ကျစရိတ်မှာ စတာလင်ပေါင် နှစ်သန်းခွဲ ဖြစ်လေသည်။ ဤသို့ ကုန်ကျခံထားရသော ငွေအရင်းအနှီးအတွက် အတိုးနှုန်းမှာ '၇' ရာနှုန်းခွဲ ဖြစ်၏။ ငွေတိုးကို မီးရထားလမ်း လွှဲပြောင်းရယူပြီးသည့် အချိန်မှ စပြီး မြန်မာအစိုးရက ပေးရမည် ဖြစ်သည်။ မီးရထားလမ်း ဖောက်လုပ်ရေး လုပ်ငန်းမှာ ခုနစ်နှစ် ကြာမည်ဟု ခန့်မှန်းသည်။



အခြား သဘောတူချက် တစ်ရပ်မှာ ပြင်သစ်အစိုးရနှင့် ကုမ္ပဏီ တစ်ခုတို့ ဦးစီးပြီး မန္တလေးနေပြည်တော်၌ ဘဏ်တိုက်တစ်ခု ဖွင့်မည်။ ယင်းဘဏ်တိုက်အတွက် ရှုပီးငွေ ၂၅ သန်းကို ရင်းနှီး မ,တည်ကြမည်။ မြန်မာဘုရင်က ၁၂ ရာခိုင်နှုန်းမျှသော ငွေကို နှစ်စဉ် ထည့်ဝင်သွားရမည် ဖြစ်၏။ ဘဏ်တိုက်သည် ငွေစက္ကူများကိုလည်း ထုတ်ဝေသွားမည်၊ မိုးကုတ်မြို့ရှိ ပတ္တမြားတွင်းများကိုလည်း ကြီးကြပ် ချုပ်ကိုင်သွားမည် ဖြစ်သည့်ပြင် ထင်ရှားသော မြန်မာ့ထွက်ကုန် ဖြစ်သော လက်ဖက်ခြောက် ရောင်းဝယ်ရေး လုပ်ငန်းကိုလည်း ဦးစီး လုပ်ကိုင်မည် ဖြစ်တော့သည်။

ပြင်သစ်သံ 'အမ်ဟက်စ်' မှာ သဘောအကျကြီး ကျနေလေပြီ။ လုပ်ငန်းတွေမှာ မိမိ မျှော်လင့်သည်ထက် ပိုမို အောင်မြင်နေ၏။ သို့သော် ယင်းလုပ်ငန်းများကို ပဲရစ်မြို့ရှိ ပြင်သစ်အစိုးရကပါ သဘောတူ အတည်ပြုရန် လိုနေသည်။ သီပေါမင်းမြတ်သည် ဤကိစ္စအတွက် ရတက်မအေး ဖြစ်နေ၏။ ထို့ကြောင့် ပြင်သစ်နိုင်ငံတွင် ပညာ သင်ကြား ဖူးသော ဖန်ချက်ဝန်မင်းကို ခေါင်းဆောင်စေလျက် မြန်မာသံအဖွဲ့ တစ်ဖွဲ့ ကို ပြင်သစ်နိုင်ငံသို့ စေလွှတ်ရန် စီစဉ်လေသည်။

သို့သော် ပြင်သစ်သံ အက်ဟက်စ်၏ လျှို့ဝှက်လုပ်ငန်းများကို ဧရာဝတီ ကိုယ်စားလှယ် အီတလီအမျိုးသား အင်ဒရီနိုက အမှတ်တမဲ့ မနေခဲ့ပေ။ သီပေါဘုရင်၊ တိုင်တားမင်းကြီး၊ ကင်းဝန်မင်းကြီးတို့နှင့် အမ်ဟက်စ် ဆွေးနွေး ညှိနှိုင်းသမျှတို့မှာ အင်ဒရီနို၏ ထံသို့ ရောက်လာခြဲ ဖြစ်သည်။ ဤသတင်းများ ရရှိအောင်လည်း နန်းတွင်းသို့ ပေါက်ပေါက် ရောက်ရောက် ရှိသော အမှုထမ်းများကို သူက တန်စိုးလက်ဆောင် ဆိုဆိုပိုပို့ ပေးလေသည်။ သို့ဖြစ်၍ ယင်း နန်းတွင်းအမှုထမ်းများသည် သတင်းမှန်မှန်နှင့် မြန်မြန် ရရှိရေးအတွက် စွန့်စွန့်စားစား ကြိုးစားပေး ကြလေ၏။ နန်းတွင်းအပျိုတော်၊ လွှတ်တော် စာရေးစာချီနှင့် ဝန်ကြီး မင်းကြီးများ၏ နောက်လိုက် နောက်ပါ အချို့ကို သူက လက်သပ်မွေး ထားပေသည်။

www.burmeseclassic.com



ဘဏ်တိုက်နှင့် မီးရထားလမ်း ဖောက်လုပ်ရေး လုပ်ငန်းများထက် အရေးပါသော သတင်းတစ်ရပ်ကို အင်ဒရီနို ထံသို့ သူ့ လူယုံတွေက ယူလာလေသည်။ ယင်းကား ပြင်သစ်သံ ဟက်စ် အနေဖြင့် နောက်ထပ် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ် ဖြစ်သည်။ ပြင်သစ် သင်္ဘောများ တို့ ရောဝတီမြစ် အတွင်းသို့ မောင်းနှင် ယူလာပြီး လက်ရှိ ပြေးဆွဲနေ သော ဧရာဝတီဖလုတ်တီလာ သင်္ဘောများ နေရာတွင် အစားထိုးမည် ဖြစ်၏။ ထို့ပြင် မန္တလေးနေပြည်တော်မှ ရှမ်းကုန်းမြေမြင့်ကို ဖြတ်သန်းပြီး တုံကင်မြို့ အထိ တိုက်ရိုက် ကုန်သွယ်မှုလုပ်ငန်းများ ဆက်သွယ် လုပ်ကိုင်ရန် အစီအစဉ် ရှိသည်ဟု ဆို၏။ အင်ဒရီနိုသည် ဤသတင်းများ အားလုံးကို ရန်ကုန်သို့ ပို့ပေးလိုက်လေသည်။

သို့သော် သည်ထက် ထူးသော သတင်းကြီးတစ်ပုဒ် ရှိသေးသည်။ ဇူလိုင်လကုန် တစ်ရက်တွင် နန်းတွင်းရှိ သူလျှိုတစ်ဦးက အင်ဒရီနို ထံသို့ အရေးကြီးသော စာတစ်စောင် ယူလာ၏။ စာမှာ ပဲရစ်မြို့တွင် ရေးသော စာဖြစ်ပြီး ၁၈၈၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် နေ့စွဲ တပ်ထား၏။ ဤနေ့စွဲမှာ ပြင်သစ်-မြန်မာ စာချုပ် ချုပ်ဆိုရန် သဘောတူညီမှု မရမီ နှစ်ရက်အလို ဖြစ်သည်။ စာမှာ မြန်မာအစိုးရ နိုင်ငံခြားရေးဝန်ကြီး ထံသို့ လိပ်မူထားပြီး၊ စာ၏ အောက်တွင် ပြင်သစ်ဝန်ကြီးချုပ် ကိုယ်တိုင်က လက်မှတ် ထိုးထားလေသည်။ စာကို တစ်ခေါက်မျှ ဖတ်လိုက်ရုံနှင့် မည်မျှ အရေးပါသည်ဟု သိနေသော အင်ဒရီနိုသည် ထိုစာကို ဗြိတိသျှပိုင် မြန်မာနိုင်ငံ၏ ဘုရင်ခံချုပ်ထံ ချက်ချင်း ပို့ပေးရမည်ဟု ကောင်းစွာ သိလည်ပေသည်။

စာတစ်ပိုဒ်က ဤသို့ ဖော်ပြထား၏။ "တုံကင်နယ်တွင် ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေး အခြေအနေများ ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် တုံကင်ကို ဖြတ်၍ မြန်မာပြည်တွင်းသို့ လက်နက် ခဲယမ်း ကျောက်များနှင့် စစ်သုံးပစ္စည်း အမျိုးမျိုး တင်ပို့ရေးကို စီစဉ်မည်"



ထိုအချိန်က တုံကင်တွင် ဆူပူထကြွမှုများ ဖြစ်နေ၍ ပြင်သစ် အစိုးရက နှိမ်နင်းနေရဆဲ ဖြစ်သည်။

ကဲ. . . ပြင်သစ် နိုင်ငံခြားရေးဝန်ကြီး အမ် ဖယ်ရီ အဖို့ ဘာများ ငြင်းချက် ထုတ်ဦးမည်နည်း။

အမ်ဂျူးဖယ်ရီက ဗြိတိသျှသံအမတ်ကို ကတိစကား ပြောကြားရာ၌ မြန်မာနိုင်ငံသို့ ပြင်သစ်အစိုးရက လက်နက်ပစ္စည်းများ ပေးပို့မည် မဟုတ်ပါဟု ပါရှိသည်။ ယခု သက်သေခံစာကို ရပြီ။ ဤစာကိုသာ အမ်ဂျူးဖယ်ရီထံ ပြလိုက်မည် ဆိုပါက နောက်ထပ် လိမ်လည် ဆင်ခြေ ပေးရန် အကြောင်းတစ်စုံတစ်ရာ ရှိတော့မည် မဟုတ်ချေ။

ဗြိတိသျှပိုင် မြန်မာနိုင်ငံတော် ဘုရင်ခံ၊ ဆာချားလ်ဘားနက်သည် ထိုသတင်းကို ကာလကတ္တားမှ တစ်ဆင့် လန်ဒန်သို့ ကြေးနန်းရိုက်ကြား ပေးပို့လိုက်၏။ အင်္ဂလိပ်အစိုးရ ကဲဘိနက် တစ်ဖွဲ့လုံး လှုပ်ခါသွား၏။ ပြင်သစ်သည် မြန်မာဘုရင့် နန်းတွင်းသို့ မြားပစ်သလို ထိုးဖောက် ဝင်ရောက်လာနေပြီ။

ဗြိတိန် ဝန်ကြီးချုပ်သည် လန်ဒန်ရှိ ပြင်သစ်သံအမတ် အမ်ဝတ်ဒင်တန်ကို နိုင်ငံခြားရေးရုံး၌ ခေါ်ယူ တွေ့ဆုံ၏။ ဝန်ကြီးချုပ်က သိမ်မွေ့သော ရာဇပရိယာယ်ကို အသုံးပြုလေသည်။ မိမိအနေဖြင့် အထက် ဖော်ပြပါ စာကို ကိုယ်တိုင် တွေ့မြင် ဖတ်ရှုရခြင်း မဟုတ်ပေရာ ထိုစာ အကြောင်း လုံးဝ မပြောဘဲ နေ၏။ ပြင်သစ်-မြန်မာ စီးပွားကုန်သွယ်မှု ဆွေးနွေး သဘောတူညီထားခြင်းများကိုသာ ထောက်ပြလေသည်။

ပြင်သစ်သံအမတ် အမ်ဝက်ဒင်တန်မှာ မြန်မာပြည်တွင် ဖြစ်ပေါ် နေသော ပြင်သစ်-မြန်မာ ဆွေးနွေးပွဲ သတင်းများကို ဘာမျှ မသိရပေ။ ထို့ကြောင့် သူ့ဘက်က သူ ခိုင်ခိုင်မာမာ ရပ်တည် ပြောဆိုသွားသည်။

ဗြိတိန် ဝန်ကြီးချုပ်ကလည်း မိမိဘက်က ရရှိထားသော သတင်းများမှာ ခိုင်မာနေသည် ဖြစ်ရာ ပြင်းထန်သော စကားလုံးများကို အသုံးပြု၍ ပြင်သစ်သံအမတ်ကို ရာဇသံ ပေးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာဘုရင့် နန်းတွင်းသို့ ထိုးဖောက် ဝင်ရောက်လျက် ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးကိစ္စများကို ဆောင်ရွက်နေခြင်းအတွက် ပြင်သစ်ကို မိမိတို့ လက်ပိုက်ကြည့်မနေနိုင်၊ ဗြိတိသျှအစိုးရသည် လိုအပ်ပါလျှင် ထိရောက်သော ကာကွယ်မှုများကို ရှေ့ခြေတစ်လှမ်း တိုးပြီး ဆောင်ရွက်ရလိမ့်မည်"

ပြင်သစ်သံအမတ် ဝက်ဒင်တန်မှာ အလွန် ဖုံ့ညြနေတော့သည်။ ထို့ကြောင့် ပြင်သစ်-မြန်မာ ဆက်ဆံရေး တိုးတက်မှုအတွက် ဘာတွေ လုပ်နေကြသလဲဟု သူ့နိုင်ငံသို့ ပြန်၍ စုံစမ်း မေးမြန်းလိုက်၏။

ထိုအချိန်တွင် ဗြိတိသျှအစိုးရ အဖွဲ့မှာ ဆွေ့ဆွေ့ခုန်နေပြီ၊ ပြင်သစ်တို့က ဗြိတိသျှအစိုးရ ဖြစ်နေပုံကို ပြည့်ပြည့်ဝဝ မသိကြ၊ ဗြိတိသျှသည် အလကား ခြိမ်းခြောက်နေခြင်း ဖြစ်သည်။ ခြိမ်းခြောက်ရုံထက် ပို၍ ဘာမျှ ဖြစ်စရာမရှိ။ ဤသို့ ပြင်သစ်က မြင်လေသည်။

ထို့ကြောင့်ပင် လန်ဒန်ရှိ ပြင်သစ်သံအမတ် ဝက်ဒင်တန် ထံမှ လှမ်း၍ စုံစမ်း မေးမြန်းသည်ကိုပင် ပြင်သစ်အစိုးရက အရေးယူ ပြန်ကြားရန် မလိုဟု ယူဆသည်။

မန္တလေးနေပြည်တော်တွင် ရှိနေသော ပြင်သစ်သံမှူး အမ်ဟက်စ်တိုယ်တိုင်ပင် မိမိတို့ ကိစ္စများ လူသိကုန်ပြီ ဆိုခြင်းကို မရိပ်မိသေးချေ။ ဗြိတိသျှအစိုးရကမူ ခိုင်ခိုင်မာမာ ဆုံးဖြတ်ပြီး ဖြစ်နေသည်။ အခြေအနေကို သည့်ထက်တိုးပြီး ဆိုးဝါးလာစေရန် ခွင့်မပြုနိုင်၊ ရှေ့သို့ ခြေတစ်လှမ်း တိုးမှ ဖြစ်တော့မည်။

●

## ဘီ - ဘီ - တီ - စီ

ဗြိတိသျှ-မြန်မာ နယ်စပ်အနီးရှိ မြန်မာနိုင်ငံတော် အစိုးရပိုင် နင်းကြမ်းသစ်တောမှ ကျွန်းသစ်တောကို ဘုံဘေဘားမား ရောင်းဝယ်ရေးကော်ပိုရေးရှင်း အမည်ခံ ဘီ- ဘီ- တီ- စီ က ကံထရိုက်အဖြစ် ခုတ်လှဲဝယ်ယူ ရောင်းချနေခဲ့သည်။ ခုတ်လှဲပြီးသမျှ သစ်လုံးများကို ရန်ကုန်နှင့် မောင်ငွသို့ သယ်ယူသွားပြီး ခေတ်မီ သစ်စက်များတွင် ဖြတ်တောက်လျက် ကမ္ဘာ့ဈေးကွက်သို့ တန်ဖိုးကြီးစွာဖြင့် ရောင်းချလေသည်။ မြန်မာပြည်ထွက် သစ်များမှာ ကမ္ဘာ့ဈေးကွက်တွင် မျက်နှာပွင့်နေသဖြင့် ဝယ်ယူမည့်သူက အဆင်သင့် ရှိနေ၏။

ဤတွင် ဘီ ဘီ တီ စီ သည် အခွန်ပေးဆောင်ခြင်း မရှိဘဲ သစ်လုံးများ ပိုမိုခုတ်လှဲ ယူခဲ့သည်ဆိုသော ပြဿနာတစ်ရပ် ပေါ်လာသည်။ မြန်မာဘုရင့်အစိုးရ အရာရှိများက ဤကိစ္စကို ဘုရင်မင်းမြတ်ထံ သံတော်ဦး တင်ကြလေ၏။ ဘီ ဘီ တီ စီ ၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေသော အင်ဒရီနီသည် ပြဿနာကို ပြေငြိမ်းစေရန် ကြိုးပမ်း၏။ သို့သော် အချည်းအနှီးသာတည်း။

ခိုးယူ ခုတ်လှဲသွားသော သစ်လုံးများအတွက် သင့်တင့်သော ဒဏ်ငွေကို ပေးဆောင်ရမည်ဟု ဘုရင့်အစိုးရက အမိန့်ချလေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၈၈၅ ခုနှစ် ဧပြီလတွင် ရန်ကုန်မြို့ရှိ ဗြိတိသျှအစိုးရ ထံသို့ အထက်ပါကိစ္စကို အစီရင်ခံလိုက်ကြသည်။ ဗြိတိသျှအစိုးရက မန္တလေး နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီး ထံသို့ ဆက်သွယ် မေးမြန်း၏။ မြန်မာအစိုးရ၏ ပြန်ကြားစာတွင် ဖော်ပြထားရာ၌ ဘီ ဘီ တီ စီ သည် ကျွန်းသစ် အလုံးပေါင်း 'ရှစ်သောင်း' ကို ခုတ်လှဲ ယူသွားသော်လည်း အမှန်တကယ် ပေးဆောင်သော အခွန်တော်ငွေမှာမူ သစ်လုံး သုံးသောင်း နှစ်ထောင် အတွက်သာ ဖြစ်သည်ဟု ဆိုသည်။

မြန်မာဘုရင့်အစိုးရနှင့် ဘီ ဘီ တီ စီ တို့အကြား ဖြစ်ပွားသော သစ်ခိုးမှုပြဿနာကို လွှတ်တော်က ကြားနာ စစ်ဆေးရန် စီစဉ်လေသည်။ လွှတ်တော်မှ ဤအမှုကိစ္စကို ကြားနာပြီးနောက် မြန်မာဘုရင့် သစ်တောမှ သစ်လုံးများကို စတာလင်ပေါင် တစ်သိန်း ခုနစ်သောင်း သုံးထောင်ဖိုးခန့် ခိုးယူ ခုတ်လှဲခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် ဒဏ်ငွေအဖြစ် မူလ တန်ဖိုးထက် နှစ်ဆ စတာလင်ပေါင် 'သုံးသိန်းသုံးသောင်း' ခန့် ထမ်းဆောင်စေဟု အမိန့်ချလိုက်လေသည်။

ဤသို့ အမှုအခင်း ဖြစ်ပွားနေသည်မှာ လန်ဒန်မြို့တွင် ဗြိတိန် ဝန်ကြီးချုပ်နှင့် ပြင်သစ်သံအမတ်တို့ အပြန်အလှန် စကားဆိုနေစဉ် ဖြစ်ပေသည်။

မန္တလေးနေပြည်တော်ရှိ ပြင်သစ်သံအမတ် အမ်ဟက်စ်သည် အခြေအနေကို နားလည်ပြီးသည့်နောက် ပွဲလန့်တုန်း ဖျာခင်းရန် ကြံလေ တော့သည်။

ဘုံဘေဘားမား ရောင်းဝယ်ရေး ကော်ပိုရေးရှင်းနှင့် အဆင်မပြေ လျှင် နင်းကြမ်းသစ်တော အတွင်းရှိ သစ်လုံးများ ခုတ်ယူခွင့်ကို ပယ်ဖျက် သင့်သည်။ ဤနေရာတွင် ပြင်သစ် အမျိုးသားများက ဝင်ရောက် တာဝန်ယူ လုပ်ကိုင်ပေးနိုင်ပါသည်ဟု သူက မြန်မာအစိုးရထံ တင်ပြလေ သည်။



မြန်မာ့လွှတ်တော်မှ အမိန့်ချမှတ်လိုက် ပြီးသောအခါ ကိုယ်စားလှယ် အင်ဒရီနီမှာ ဘာလုပ်ရမှန်း မသိ ဖြစ်သွားလေသည်။ ထို့ကြောင့် နန်းတွင်း မှ သတင်းတွေ ရအောင် သူ့ သူလျှိုများထံ ချဉ်းကပ်ရပြန်၏။ ယခုအခါ တွင် တိကျ ပြည့်စုံသော သတင်းများသည် သူ့အတွက် အဖိုးအတန်ဆုံး ဖြစ်နေလေပြီ။

သူ မျှော်လင့်သော သတင်းများကို ရ၏။ နင်းကြမ်းသစ်တောနှင့် ပြင်သစ်သံ ဟက်စ်၏ အကြံအစည်ကို ကောင်းစွာ သိရသည်။ ဗြိတိသျှပိုင် မြန်မာနိုင်ငံတွင်လည်း မြန်မာ့လွှတ်တော်၏ တရားစီရင်ချက်သည် မုန်တိုင်းတိုက်သကဲ့သို့ ရှိနေပြီ ဖြစ်လေသည်။

ထိုအချိန်တွင် ဗြိတိသျှ ဘုရင်ခံချုပ် ထံမှ မြန်မာဘုရင် ထံသို့ ပြန်ကြားလွှာ တစ်စောင် ထပ်၍ ပို့ပြန်လေသည်။ အမှုကိစ္စနှင့် ပတ်သက်၍ တရားသူကြီး တစ်ဦးကို သစ်တောအတွင်းသို့ ကွင်းဆင်း၍ လေ့လာစေ သင့်ကြောင်း၊ အမှုနှင့် ပတ်သက်၍ တရားစီရင်ရာတွင် လွတ်လပ်၍ တရားမျှတမှု ရှိမည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ အဆုံးအဖြတ်မှ သာလျှင် သင့်တော်မည် ဖြစ်ကြောင်း ပါရှိခဲ့၏။ ထိုစာကို ၁၈၈၅ ခု၊ ဩဂုတ်လကုန် တွင် မန္တလေးနေပြည်တော်၌ လက်ခံရရှိ၏။ သို့သော် မြန်မာအစိုးရက တစ်စုံတစ်ရာ အရေးယူ ပြန်ကြားခြင်း မပြုတော့ပေ။

ထိုနှစ် စက်တင်ဘာလ ၂၀ ရက်တွင် ဘီ ဘီ တီ စီမှ သစ်ဖောင် များကို ဧရာဝတီမြစ်အတွင်း မျှောချရန် စီစဉ်သောအခါ မြန်မာအစိုးရ အရာရှိများက တားဆီးတော့သည်။ တရားလွှတ်တော်မှ စီရင်ချက် ချထားသော ဒဏ်ငွေများကို ပေးဆောင်ခြင်း မပြုလျှင် မြန်မာဘုရင်ပိုင် သစ်တောမှ မည်သည့် သစ်လုံးကိုမှ ထုတ်ယူခွင့် မရှိဟု ဆိုလေသည်။ နောက် နှစ်ရက် အကြာတွင် ဘီ ဘီ တီ စီသို့ စာတစ်စောင် ရောက်လာ လေ၏။ ဒဏ်ငွေ၏ ပထမအရစ်ကို အမြန်ဆုံး ပေးဆောင်ရန် နှိုးဆော်ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပ် အခြေအနေ အားလုံးကို ကြည့်၍ ပြင်သစ်သံမှူး အမ်ဟက်စ် အဖို့ ကျေနပ်စရာ ကောင်းနေလေသည်။ သို့သော် ဟက်စ်သည် လန်ဒန်နှင့် ပဲရစ်မြို့တော်များတွင် ဖြစ်နေသော ပြဿနာကို လုံးဝ မသိချေ။ လန်ဒန်တွင် ပြင်သစ်သံအမတ် 'ဝက်ဒင်တန်' ရင်ဆိုင်နေရသော ပြဿနာရပ်များကို လုံးဝ နားမလည်။

ဤအခြေအနေတွင် ပြင်သစ်အစိုးရသည် လက်ရှောင်ရန် ဆုံးဖြတ်လေသည်။ ဘာမဟုတ်သော ပြဿနာကလေးအတွက် အင်္ဂလန်နှင့် ပြင်သစ် ပဋိပက္ခစစ်ပွဲ ဖြစ်ရန် မလိုလားပေ။ မန္တလေးနေပြည်တော်တွင် ပြင်သစ်သံမှူး ဆောင်ရွက်နေသော ကိစ္စရပ်များကို အမြန်ဆုံး ရပ်စဲလိုက်ရန် လိုနေပြီ။ ထို့ကြောင့် မန္တလေးနေပြည်တော်ရှိ အမ်ဟက်စ်ကို အမြန်ဆုံး ပြန်လာရန် သံကြိုးရိုက်လိုက်၏။

ဤနည်းဖြင့် ပြင်သစ်သံမှူး ဟက်စ်သည် မကျန်းမမာ ဟူသော အကြောင်းပြချက် ပေးကာ ပြည်တော် ပြန်ရလေတော့သည်။ သူ ပြန်သွားသည်မှာ အောက်တိုဘာလ စောစောပိုင်းတွင် ဖြစ်၏။

သူ ပြန်သွားသော်လည်း သီပေါဘုရင်မင်းမြတ်သည် လည်းကောင်း၊ တိုင်တားမင်းကြီးသည် လည်းကောင်း မိမိတို့ နောက်တွင် ပြင်သစ်အစိုးရ ရှိနေသေးသည်ဟု ရိုးသားစွာပင် ယုံကြည်နေကြဆဲ ဖြစ်၏။ ရန်ကုန်ရှိ ဗြိတိသျှဘုရင်ခံချုပ် ထံမှ စာရပြီး ရက်သတ္တပတ် များစွာ ကြာမှပင် မြန်မာအစိုးရက စာပြန်လိုက်သည်။

"လွှတ်တော်၏ တရားစီရင်မှုကို ဝင်ရောက် စွက်ဖက်ရန် အကြောင်းမမြင်၊ အလားတူပင် အချုပ်အခြာ အာဏာပိုင် မြန်မာဘုရင် အစိုးရသည် မည်သည့် ဗြိတိသျှတရားသူကြီး တစ်ဦး၏ အဆုံးအဖြတ်ကိုမျှ ခံယူစရာ မလိုတော့ပြီ"

●

## ဗြိတိသျှပိုင် မြန်မာနိုင်ငံတွင်

၁၈၈၀ ပြည့်နှစ် နောက်ပိုင်းမှ စ၍ ဗြိတိသျှပိုင် ရန်ကုန်မြို့သည် စီးပွားရေး အချက်အခြာကျပြီး တစ်ဟုန်ထိုး တိုးတက် ဖွံ့ဖြိုးလာခဲ့ပေသည်။ ရန်ကုန်မြို့တော်၏ မြစ်ကမ်းတစ်လျှောက်တွင် ဆန်စက်များ၊ သစ်စက်များသည် အချိန်မှန်မှန် လည်ပတ် ခုတ်မောင်းလျက် ရှိကြပြီး ကမ္ဘာ့ဈေးကွက် အတွက် မျက်နှာပန်းလှသော ကုန်များကို ထုတ်လုပ်နေခဲ့၏။

ရန်ကုန်မြစ် အတွင်း၌ ဥရောပတိုက်မှ နိုင်ငံခြား ပင်လယ်ကူး သင်္ဘောကြီးများ ဝင်ထွက် သွားလာလျက် ရှိကြပြီး ပူပူနွေးနွေး ဖွင့်လှစ်ပြီးခါစ စူးအက်တူးမြောင်းသည် ပင်လယ်ကမ်းရိုးတန်း နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့အတွက် များစွာ အသုံးတည့်နေတော့သည်။

ရန်ကုန်မြို့တော် တိုးတက် ဖွံ့ဖြိုးလာသည်နှင့်အမျှ မြို့တော်၏ ကျက်သရေဆောင် လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်မြတ်ကြီးမှာ တက်ထွန်းစ နေရောင်ခြည်တွင် ရွှေရောင်ဟာဝင်းဝင်းနှင့် ထွန်းလင်း တောက်ပစွာ စံပယ်လျက် ရှိပေသည်။

၁၈၇၇ ခုနှစ်တွင် ရန်ကုန်-တောင်ငူ မီးရထားလမ်းတို့ လုံးဝ ဖောက်လုပ် ပြီးစီးသွားခဲ့သည်။ ရေလမ်း၊ ကုန်းလမ်းတို့ဖြင့် ခရီးပေါက်နိုင်သော မြန်မာနိုင်ငံသည် စက်မှုထွန်းကားသော နိုင်ငံ တစ်နိုင်ငံ အဖြစ်သို့

www.burmeseclassic.com

www.burmeseclassic.com



တာစူနေပေပြီ။ သို့သော် မြန်မာနိုင်ငံ တစ်ဝန်းလုံးကို စက်မှုနိုင်ငံ ထူထောင်ရန်အတွက် အနှောင့်အယှက် အတားအဆီး တစ်ခုကို ဗြိတိသျှ အစိုးရက ကြုံတွေ့နေရသည်။ အထက်မြန်မာနိုင်ငံတွင် သီပေါဘုရင် အုပ်စိုးနေခြင်းပင်တည်း။

အမှန်ဆိုသော် အထက်မြန်မာနိုင်ငံကို တက်ရောက် တိုက်ခိုက် သိမ်းပိုက်ရန် ၁၈၇၈ ခုနှစ်ကပင် ဗြိတိသျှအစိုးရက စီမံကိန်း ချထားခဲ့ပေသည်။ ထိုသို့ သိမ်းပိုက်ရန်အတွက် အထက်မြန်မာနိုင်ငံတွင် အတွေ့အကြုံများခဲ့သော ဗိုလ်မှူးကြီး စလေဒင်ကို အသုံးချရန် စီစဉ်ခဲ့၏။

ဤကိစ္စနှင့် ပတ်သက်၍ စလေဒင်က နောင်တွင် အောက်ပါ အတိုင်း အစီရင်ခံစာ တင်သွင်းခဲ့သည်။

ကျွန်ုပ်တို့ သံရုံးကို မန္တလေးနေပြည်တော်မှ ပြန်လည် ရုပ်သိမ်းခဲ့ပြီးသည့် နောက်တွင် သီပေါဘုရင်သည် ကျွန်ုပ်တို့ကို အန်တုရန် အတွက် ဥရောပ အင်အားရှင်နိုင်ငံများနှင့် မဟာမိတ်ဖြစ်ရေးကို ကြိုးပမ်းလေသည်။ ထိုအချိန်က ဥရောပနိုင်ငံများသည် မြန်မာပြည်ကို စိတ်ဝင်စားခြင်း လုံးဝ မရှိကြသော်လည်း မြန်မာဘုရင်ကမူ ကျွန်ုပ်တို့၏ အရှိန်အဝါကို ဟန့်တားရန်နှင့် ဗြိတိသျှပိုင် မြန်မာနိုင်ငံကို အနည်းဆုံး ခြောက်လှန့်ရုံမျှ ဖြစ်စေ၊ ပြုလုပ်ရန် ရည်ရွယ်လျက်၊ ဥရောပနိုင်ငံများနှင့် လက်တွဲရန် ကြိုးပမ်းခြင်း ဖြစ်လေသည်။ အလားတူပင် ကျွန်ုပ်တို့ အနေဖြင့်လည်း မိမိဘာသာ မိမိ နားလည်လာရသော အချက်ရှိခဲ့ သည်။ ယင်းမှာ မိမိတို့ကို ဆန့်ကျင်နေသော အင်အားရှင်နိုင်ငံ တစ်နိုင်ငံနှင့် နယ်စပ်ချင်း ထိဆက်၍ နေခဲ့ခြင်းမှာ အလွန်ပင် မသင့်တော်သော ကိစ္စတစ်ရပ် ဖြစ်ပြီး ဤသို့ ရှိခြင်းဖြင့် ဥရောပနိုင်ငံ အချင်းချင်း အလွန် ရှုပ်ထွေးသော ပြဿနာများ ပေါ်လာနိုင်သည် ဆိုခြင်းပင် ဖြစ်သည်။

ယခုလတ်တလော အခြေအနေတွင်ပင် ကြည့်ဦး။ အများ၏ အမြင်တွင် ပြင်သစ်တို့သည် အထက်မြန်မာနိုင်ငံတွင် စိတ်ဝင်စားစရာ



ဘာမျှမရှိဟန် ထင်ရသော်လည်း ပြင်သစ်တို့သည် မန္တလေးနေပြည်တော် တွင် ကောင်စစ်ဝန်ရုံး တစ်ရုံးကို ဖွင့်လှစ် ထားရှိပြီးလျှင် မိမိတို့၏ နိုင်ငံရေး အခြေစိုက်စခန်းကို ဖွင့်လှစ်ထားခဲ့ပြီး ဖြစ်နေသည်။

တစ်ဖက်တွင်လည်း ဗြိတိသျှအစိုးရသည် အထက်မြန်မာနိုင်ငံ ၏ နိုင်ငံရေးနှင့် စီးပွားရေးရာများနှင့် ပတ်သက်၍ အတော်ကလေး ထိထိရောက်ရောက် စိတ်ဝင်စားလျက် ရှိသည်။ ယင်းသို့ စိတ်ဝင်စားမှု သည် ကျွန်ုပ်တို့အတွက် များစွာ အန္တရာယ်ရှိလှပေသည်။ အကြောင်းမှာ ကျွန်ုပ်တို့၏ နယ်ပယ်အသီးသီးနှင့် စီးပွားရေးရာ အခွင့်အလမ်းများကို ကာကွယ်ရန် မလုပ်မဖြစ်သော ရှေ့ခြေတစ်လှမ်း တိုးရမည့် လုပ်ငန်းများ ရှိနေခြင်းကြောင့်ပင်တည်း။

ဤအခြေအနေများ ကြုံတွေ့နေရစဉ်တွင် (၁) ကျွန်ုပ်တို့၏ နိုင်ငံရေးအရှိန်အဝါ ထွန်းလင်း တောက်ပလာစေရန်၊ (၂) လတ်တလော ကြုံတွေ့နေရသော ပြဿနာအရပ်ရပ် ပြီးပြေသွားစေရန်၊ (၃) အထက် မြန်မာနိုင်ငံတွင် လုံခြုံ တည်ငြိမ်မှု ရှိသော အစိုးရအဖွဲ့ ပေါ်ပေါက်လာ စေရန် စသော အရေးပါသည့် ဆောင်ရွက်ချက် တစ်ရပ်ကို အကောင် အထည်ဖော်ရန် လိုနေပြီဟု ကျွန်ုပ်က ထောက်ပြခဲ့သည်။

သို့ဆိုလျှင် မည်သို့သော အရေးပါသည့် ဆောင်ရွက်ချက်များ ကို လုပ်ကြမည်နည်း။

နည်းလမ်းသုံးသွယ် ရှိ၏။ ပထမတွင် သီပေါဘုရင်နှင့် စာချုပ် တစ်ရပ်ကို အနိုင်အမာ ချုပ်ဆို၍ နေပြည်တော်တွင် ဗြိတိသျှသံအဖွဲ့ ကို ပြန်လည် ထားရှိစေရန်၊ သို့မဟုတ် ဒုတိယ အစီအစဉ်မှာ သီပေါ မင်းမြတ်အား ကျွန်ုပ်တို့ သဘောဆန္ဒအတိုင်း လိုက်ပါ ဆောင်ရွက်ရန် တိုက်တွန်းပြီး ကျွန်ုပ်တို့ စိတ်ကြိုက် ရွေးချယ်ထားသော မင်းသား တစ်ပါးပါးကို နန်းတင်ရန် သို့မဟုတ် တတိယအစီအစဉ်မှာ ကျွန်ုပ်တို့ စိတ်ကြိုက် မင်းသားအား နန်းတင်ပေးရေးကို သီပေါဘုရင်အား [illegible] ခဲ့လျှင် မြန်မာနိုင်ငံကို ဗြိတိသျှ အစောင့်ရှောက်ခံ နိုင်ငံ တစ်နိုင်ငံ အဖြစ် လက်ခံ ဆောင်ရွက်ရန်ပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



စာချုပ်သစ် တစ်ရပ် ချုပ်ဆို၍ သံအဖွဲ့ကို ပြန်လည် ထားရန်မှာ နိုင်ငံရေးအရ အလွန် များယွင်းသော လုပ်ရပ်တစ်ခု ဖြစ်နေပေလိမ့်မည်။ ဤအစီအစဉ်မှာ လက်ရှိ ဖြစ်ပေါ်နေသော အခြေအနေတို့ကို ကုစားရန် မည်သို့မျှ တတ်စွမ်းမည် မဟုတ်ပေ။ မကြာခင်မှာပင် ယခင်ဖြစ်နေကျ ပြဿနာများ ပြန်လည် ပေါ်ပေါက်ပြီး နေမြဲအတိုင်း ပြန်၍ကြုံတွေ့လာကြရမည် ကေန်ဖြစ်သည်။

အကောင်းဆုံး ရွေးချယ်ရန်လမ်းမှာ စာချုပ်တစ်ရပ် ချုပ်ဆိုပြီး ဗြိတိသျှ အစောင့်အရှောက်ခံ နိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်စေရေးပင် ဖြစ်တော့သည်။

သို့ဆိုလျှင် မည်သို့သော အစောင့်အရှောက်ခံ နိုင်ငံမျိုးလဲ၊ မည်သို့သော အစိုးရအဖွဲ့မျိုး ဖြစ်လာမလဲ၊ အိန္ဒိယနိုင်ငံတွင် ကျင့်သုံးသော ပူးတွဲ အုပ်ချုပ်ရေးစနစ်မျိုးကို ကျင့်သုံးလျှင်ကော။ ဤစနစ်မျိုး မြန်မာနိုင်ငံတွင် အသုံးပြု၍ မဖြစ်နိုင်ပေ။ မြန်မာအမျိုးသားတို့မှာ ကိုယ့်ဘုရင်၊ ကိုယ့်သခင်ကို ကြည်ညို ချစ်ခင်စိတ် သန္ဓေတည်ရင်းစွဲရှိကြပေရာ၊ ဘုရင်နှင့် မင်းမျိုးမင်းနွယ်တို့၏ အရှိန်အဝါမှာ ညှိုးမှိန်သွားလိမ့်မည် မဟုတ်ပေ။ သို့ဆိုလျှင် အစောင့်အရှောက်ခံ နိုင်ငံတစ်နိုင်ငံအဖြစ် မြန်မာနိုင်ငံတွင် အုပ်ချုပ်မည် ဆိုပါက ဘုရင်နှင့် မိသားစုမျိုးနွယ်တို့အား အငြိမ်းစားလစာများ ပေးပြီး မျက်ကွယ်တစ်ထောင့် တစ်နေရာတွင် ထားရှိရမည် ဖြစ်သည်။ ထိုသို့ အုပ်ချုပ်ရာတွင် အနိုင်အထက် သိမ်းပိုက်ယူခြင်းမျိုး မဖြစ်စေရ။ ယင်းသို့သိမ်းပိုက်ယူခြင်းကား ကျူးလွန်မှုတစ်ရပ် ဖြစ်ပြီး၊ ခေတ်မမီတော့သည့် အစီအစဉ်တစ်ရပ် ဖြစ်နေပေလိမ့်မည်။

ဤစာတမ်းကို ရေးသားရာတွင် စလေဒင်သည် အခြေအနေကို ယထာဘူတကျကျ လေ့လာတင်ပြခဲ့ခြင်း ဖြစ်ရုံမက မြန်မာတို့၏ စိတ်နေသဘာဝကိုလည်း အမှန်အတိုင်း ရှုမြင်ခဲ့ခြင်း ဖြစ်လေသည်။ စလေဒင်က ဤစာတမ်းကို ရေးသားခဲ့ပြီးသည့် နောက်တွင် မြန်မာပြည်၌ အခက်အခဲ



တွေ့ တစ်ပြုံကြီးနှင့် ရင်ဆိုင်တိုးခဲ့ရလေသည်။ သို့သော် ဗြိတိသျှအစိုးရသည် စလေဒင် ကဲ့သို့သော လူတစ်ယောက်ကို တန်ဖိုးရှိစွာ အသုံးချခြင်း မရှိခဲ့ပေ။

စလေဒင်က ဤသို့သောစာတမ်းကို ရေးသား၍ အိန္ဒိယအစိုးရသို့ တင်ပြနေခိုက် အမျိုးမျိုးသော အငြင်းအခုံများ ဖြစ်ပေါ်နေချိန်ဝယ် ရန်ကုန်မြို့တွင် ဘီ ဘီ တီ စီနှင့် မြန်မာအစိုးရတို့၏ ပြဿနာကို အရက်ဆိုင်များ၊ ညစာစားပွဲများတွင် စိတ်ဝင်တစား ပြောဆိုလျက် ရှိကြသည်။

ပဲခူးကလပ်နှင့် ဂျင်မခါနာ ကလပ်များမှာ ဥရောပတိုက်သားများ ညအချိန်တွင် စုဝေးရာ ပျော်ပွဲစားရုံများ ဖြစ်ကြသည်။ ဘီလီယက်ထိုးပွဲများနှင့် အရက်ဝိုင်းများ ဝန်းကျင်၌ အထက်မြန်မာပြည်နှင့် ပတ်သက်၍ မဆုံးနိုင်သော စကားဝိုင်းများ ဖြစ်ပေါ်လျက် ရှိသည်။

အိန္ဒိယလူမျိုး အရပ်သားများနှင့် စစ်မှုထမ်းများကလည်း အတွင်းရေး သတင်းများကို စိတ်ဝင်စားစွာ လိုက်လံ မေးမြန်းနေကြသည်။ ဗြိတိသျှတို့က အိန္ဒိယအမျိုးသားများကို အဆင့်အတန်း ခွဲခြားဆက်ဆံသည် ဖြစ်ရကား သူတို့မှာ အရေးပါသော သတင်းများကို သိထားရန် မလွယ်ကူပေ။

သြဂုတ်လနှင့် စက်တင်ဘာလများကား မုတ်သုံရာသီ ဖြစ်၍ ရန်ကုန်မြို့တွင် မိုးသည်းထန်မြဲ ဖြစ်၏။ အပေါ်က မိုးက သဲကြီးမဲကြီး ရွာချနေစဉ် ဂျင်မခါနာကလပ်ရှိ အသင်းဝင် ဂုဏ်သရေရှိ လူကြီးများကလည်း ဗြိတိသျှအစိုးရ အပေါ်တွင် ဒေါသမုန်တိုင်း ဆင်နေကြလေသည်။

"ဝန်ကြီးချုပ် ဆာလစ်ဘရီနဲ့ ကဘီနက်က ဘာလုပ်နေသလဲမသိဘူး။ သူတို့ ဘာနားလည်လို့လဲ၊ ကျုပ်သာ သီပေါဘုရင်နဲ့ တွေ့လိုက်

www.burmeseclassic.com

www.burmeseclassic.com



ချင်တော့တယ်” စသည်ဖြင့် ဗြိတိသျှအစိုးရကို ပျော့ညံ့သည်ဟု ယူဆ၍ ဖြင်တင်စကား ဆိုနေကြသည်။

စတ်တင်ဘာလ ကုန်သည်နှင့် ရန်ကုန်မြို့၏ ရာသီဥတုမှာ ကြည်လင်လာတော့သည်။

ဤကား ဆောင်းရာသီတည်း။

ရန်ကုန်မြို့၏ ဆောင်းရာသီမှာ မြင်းပြိုင်ကွင်းသည် လူအစည်ကားဆုံး နေရာဖြစ်သည်။ မြန်မာ၊ တရုတ်၊ ဥရောပ၊ အိန္ဒိယ အမျိုးသား အပါအဝင် မြင်းပွဲတွင် စိတ်ဝင်စားသော ရန်ကုန်ပရိသတ်မှာ အကြိတ်အနယ် ပါဝင် လောင်းကစားရန် အားခဲနေကြပြီ။ အိန္ဒိယနိုင်ငံမှ ဥရောပတိုက်သား ဂျော်ကီများသည် ဘင်္ဂလားပင်လယ်အော်ကို ဖြတ်၍ မြန်မာပြည်သို့ ရောက်လာကြပြီ။

ရှေ့တွင် ဘာတွေပဲ ကြုံရ ကြုံရ အခက်အခဲတွေ၊ ပြဿနာတွေကို မြင်းပွဲတွင် ခေတ္တ မေ့ထားလိုက်ကြဦးမည်။ ပျော်ပျော်နေ သေခဲဆို မဟုတ်လား။

မြင်းပွဲ စမည့်နေ့ ရောက်လာ၏။

အစိုးရအထက်တန်း အရာရှိတစ်စုသည် မြင်းပွဲတွင် ပြေးမည့် စာရင်းကို ကြည့်နေကြပြီး မိတ်ဆွေ အပေါင်းအသင်းများ ထံမှ ပန်းဝင်နိုင်မည့်မြင်း ‘တစ်’ များကို တောင်းနေကြသည်။ ပြိုင်မြင်းပိုင်ရှင် တစ်ဦးသည် သူ့မြင်းကို စီးမည့် ဩစတြေးလျ အမျိုးသား ဂျော်ကီကို အသေးစိတ် ညွှန်ကြား ပြောဆိုနေ၏။

ပြိုင်မြင်းများ ထားသော ခြံထဲ၌ ချောမော လှပသော မြန်မာမိန်းမပျိုကလေး တစ်ဦး ရောက်ရှိလာ၏။ သူ့နာမည်ကား ‘မခင်မေ’. . .။

ချမ်းသာ ကြွယ်ဝသော ကုန်သည်ကြီး တစ်ဦး၏ ဇနီး မခင်မေသည် သူ့အလှနှင့် လိုက်လျောညီထွေ ရှိလေအောင် ဆံပင်ကို မန္တလေးနေပြည်တော်မှ မိဖုရားစုဖုရားလတ် ကဲ့သို့ ထုံးဖွဲ့ ပြင်ဆင်ထားပေသည်။ မင်းနေပြည်တော်၌ ဆိုပါက ဤ ဆင်ယင် ထုံးဖွဲ့မှုမျိုး တွေ့ရလျှင် ရာဇဒဏ်သင့်ပြီမှတ်. . .။ သို့သော် ရန်ကုန်မှ ‘မခင်မေ’ အတွက်ကား ဘေးမရှိ ရန်မသီပါ။



စုဖုရားလတ် ဆံထုံးမျိုးကို ရန်ကုန်၌ အခြားသော အမျိုးသမီးများ ကပင် လိုက်လံ အတုခိုး၍ ထုံးဖွဲ့နေကြပြီ ဖြစ်လေသည်။

မြန်မာပြည် မြင်းပွဲကား အင်္ဂလန်ရှိ မြင်းပွဲကဲ့သို့ ဆူညံခြင်း မရှိပေ။ အင်္ဂလန်မှာ ဆိုလျှင် အုပ်ဒိုင်များက ကြေးခရာများကို အသံကျယ်စွာ မှုတ်၍ ဆူဆူညံညံ လုပ်တတ်ကြ၏။ သည်မှာကား ထိုသို့ မရှိပေ။ လောင်းကြေး ကစားကြရာ၌ စီးပွားရေးလုပ်ငန်းတစ်ခု လုပ်သလို တည်တည်ငြိမ်ငြိမ်ပင် ရှိ၏။ ပြိုင်မြင်းများ ပန်းဝင်ခါနီးမှ လောင်းကစားသူတို့က စိတ်အား တက်ကြွစွာ အော်ဟစ် အားပေးကြသည်။

သို့သော် အော်ဟစ် အားပေးသံများ မကြာမီ ငြိမ်ကျသွား၏။ ‘မခင်မေ’ နှင့် သူ့ အပေါင်းအသင်းများသည်ပင် သူတို့ နိုင်လိုက်သော လောင်းကြေး လက်မှတ်များကို ကိုင်လျက် ပြုံးရုံမျှ ပြုံးနေကြသည်။ နိုင်သည် ဆို၍လည်း ဝမ်းသာ စိတ်လှုပ်ရှားမှုကို ထင်ထင်ရှားရှား ပြသရန် မလိုပြီ။

သို့သော် ဆောင်းရာသီ ပျော်ကြ ရွှင်ကြသည်မှာ တဒင် တစ်ခဏမျှသာ ဖြစ်၏။ ရန်ကုန်မြို့သည် အရေးပါသော လုပ်ငန်းများကို ပြန်လည် စတင် လုပ်ကိုင်ရန် လှုပ်ရှားစ ပြုလာပြန်လေပြီ။

“စစ်ကတော့ မရှောင်မလွှဲသာ ဖြစ်တော့မှာပဲ. . .”

အတွင်းသိများက ဤသို့ ပြောကြ၏။ သီပေါဘုရင် လုပ်နေတာတွေကို အင်္ဂလိပ်တို့က လက်ပိုက်၍ ကြည့်နေရန် မဖြစ်နိုင်တော့ပြီ။ ဗြိတိသျှတို့၏ စီးပွားရေးရာ လုပ်ငန်းများကို မြန်မာဘုရင်သည် ထိပါး ဖျက်ဆီးနေပြီဟု ဆိုကိုး။

စဉ်းစားရန် ရှိနေသည်မှာကား အချိန်သာ ဖြစ်၏။ မြန်မာဘုရင်နှင့် ပတ်သက်သော ပြဿနာကို အပြတ်ရှင်းဖို့ ‘[illegible] ပြေးတွေ့’ ရမည့် အချိန်ကိုသာ စောင့်ရန် လိုတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါတွင် မြန်မာ့နန်းတွင်းသို့ ပြင်သစ်သံ 'အမ်ဟက်စ်' ၏
ဒိုးဖောက် ဝင်ရောက်မှုမှာ လိုက်ကာချ ဇာတ်သိမ်းသွားပြီ ဖြစ်၏။
သို့သော် သူ စတင် ချထားခဲ့သော 'အမှိုက်' တစ်စသည် 'ပြာသာဒ်' ကို
ဘတ်၍ လောင်မြိုက်တော့မည့် စစ်မီးကြီးအတွက် လောင်စာ ဖြစ်ခဲ့လေ
၏။

●

# ရာဇဝံ

အောက်တိုဘာလကား မန္တလေးနေပြည်တော်အတွက် ပွဲတော်လး ပွဲတော်ရာသီပင် ဖြစ်၏။ သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၏ ဝါဆိုရက် ကုန်ဆုံးလေသည်။ အလားတူပင် မုတ်သုံ ရာသီလည်း ကုန်ဆုံးပြီ ဖြစ်ရကား စပါးသီးနှံများ ရိတ်သိမ်းရမည့် အချိန် လည်း ရောက်လာခဲ့ပေပြီ။ ပျော်စရာ ရွှင်စရာ အတိဖြင့် ပြည့်လျှမ်းနေ သော အခါရာသီပေတည်း။

သီတင်းကျွတ် ပွဲရာသီတွင် နန်းတော်တွင်း၌လည်း ဘုရင်မင်းမြတ် အား ပူဇော် ကန်တော့သည့်ပွဲကို ခမ်းနား ကြီးကျယ်စွာ ကျင်းပခဲ့၏။ ဤကန်တော့ပွဲကား ဘုရင်မင်းမြတ်အတွက် နောက်ဆုံး ကန်တော့ပွဲပင် ဖြစ်လေသည်။

နန်းတော် ညီလာခံခန်းမ အတွင်း၌ဝယ် မင်းသားများ၊ ဝန်ကြီးများ မြို့စားရွာစားများ၊ ရှမ်းစော်ဘွားများနှင့် အခြားပုဂ္ဂိုလ်များသည် ဘုရင် မင်းမြတ်ကို ဦးခိုက် ကန်တော့ရန် စုဝေး ရောက်ရှိနေကြပေသည်။

ကန်တော့ကြမည့် မင်းသား၊ မှူးမတ်၊ စော်ဘွားစော်ခံ၊ မြို့စား ရွာစားများ၏ ရှေ့တွင်ရှိသော သီဟာသနပလ္လင်မြတ်ဝယ် သီပေါမင်းတရား နှင့် မိဖုရားခေါင်ကြီး စုဖုရားလတ်တို့ ယှဉ်တွဲလျက် စံနေ၏။ ဘုရင်

www.burmeseclassic.com

www.burmeseclassic.com



မင်းမြတ်နှင့် မိဖုရားကြီးတို့အား ကန်တော့ရန် မင်းသား၊ မှူးမတ်၊ စော်ဘွားနှင့် မြို့စား ရွာစားများ ယူဆောင် ဆက်သလာကြသော ရွှေငွေ ရတနာ ပစ္စည်းများအား ဘုရင့်သံတော်ဆင့် အတွင်းဝန်က စာရင်းပြုလုပ်လျက် သီဟာသနပလ္လင်ပေါ်သို့ တင်ဆက်ထားရပေသည်။

သို့သော် ကန်တော့ ပူဇော်ပွဲသဘင်သို့ တက်ရောက်နေသော ကင်းဝန်မင်းကြီး၏ စိတ်အစဉ်ကမူ ဤအခမ်းအနား အတွင်း၌ မရှိဘဲ တစ်စုံတစ်ရာကို တွေးတောနေပေသည်။ သူ တွေးတောနေသည်ကား မြန်မာနိုင်ငံ၏ အနာဂတ်သည် ဘယ်လိုလဲ၊ ဘုရင်မင်းမြတ်အား ပူဇော် ကန်တော့ပွဲကို နောက်တစ်ကြိမ် ကျင်းပနိုင်ခွင့် ရှိမှ ရှိပါတော့မလား. . .။

အတွေ့အကြုံဖြင့် ရင့်ကျက်နေသော ဤဝန်အိုကြီးသည် သို့လော သို့လော တွေးတောပူပန်လျက် ရှိတော့သည်။

သူသည် ဦးခေါင်းကို ညွတ်လျက် ရှိနေစဉ် အတွေးပင်လယ် ဝေနေ၏။ ပြင်သစ်ပြဿနာ၊ ဘုံဘေဘားမား ပြဿနာတို့သည် သူ့အတွေးသံသရာတွင် ဝဲလည်နေပေသည်။ အကောင်းဆုံး ဖြစ်လာစေရန် သူ မျှော်လင့်၏။ သို့သော် နောက်ဆုံးအချိန်တွင် အင်္ဂလန်သည် အရှိန်အဟုန်ဖြင့် ပြတ်ပြတ်သားသား ထိပါး ပြုမူလာလေမည်လားဟု သူ စိုးရိမ်နေ၏။ မြန်မာ့ နန်းတွင်းရေး အခြေအနေများကို အတွင်းကျကျ သိရှိထားသော ကင်းဝန်မင်းကြီးသည် ကြုံလာမည့်ဘေးကို တွေးတော၍ သောက ပွေနေပေသည်။

"ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော၊ တရားမင်း အပေါင်းတို့၏ အရှင်သခင် ဖြစ်တော်မူသော၊ သူရိယနေတန္တန်း ကဲ့သို့ ရွှေဘုန်းတော် တောက်ပတော်မူပေထသော" စသည့် ဂုဏ်ထူး ဘွဲ့ထူး ဝိသေသထူးတို့ဖြင့် ဘုရင်မင်းမြတ်ကို ချီးမွမ်း ရွတ်ဆိုနေသော သံတော်ဆင့် အတွင်းဝန်၏ အသံမှာ တမင် လျှောင်ပြောင်၍ ရွတ်ဆိုနေသလားဟုပင် ထင်ရလေသည်။



နေပြည်တော် အတွင်း၌ ပျော်ပွဲရွှင်ပွဲများကို ရက်ဆက် ကျင်းပနေသည်။ ရိုးရာ ဝါကျွတ် မီးထွန်းပွဲတော် ဖြစ်ရကား စေတီပုထိုးများတွင် ရောင်စုံ စက္ကူမီးပုံးများကို ထွန်းညှိ ပူဇော်နေကြ၏။

လပြည့်ည၏ နေပြည်တော်မှာ ရယ်မောသံများ၊ တေးသံများဖြင့် လွှမ်းနေလေသည်။ ဝါကျွတ်ပွဲတော်၏ ပျော်စရာ ရက်အားများတွင် နိုင်ငံတော် အရေးအခင်းများကို စဉ်းစားနေရန် မရှိ။ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီး တို့သည်ပင် ဝါကျွတ်ပွဲတော်အတွက် အလုပ် များနေကြ၏။ လက်နက် ခဲယမ်း မီးကျောက်များ ပြဿနာ၊ ရောဝတီ မြစ်ကမ်းရှိ ခံတပ်များအရေး၊ တပ်မတော်သားများ လခရိက္ခာတော်ကိစ္စ စသည်တို့ အတွက် စဉ်းစား ဆောင်ရွက်နိုင်ရန်မှာ ပွဲတော်ပြီးလျှင် အချိန်တွေ အများကြီး ရှိနေသည်။

နေပြည်တော်ရှိ နိုင်ငံခြားသားများ အနေဖြင့်ကား ပွဲတော်တွင် မြူးပျော်နေကြသူတို့၏ စိတ်ဓာတ်ကို အံ့ဩမိကြ၏။ ဘုရင့်အစိုးရသည် စစ်ပွဲတစ်ပွဲ အတွက် ဘာမှ အသင့် ပြင်ဆင်ထားခြင်း မရှိသည်ကို သူတို့ သိထားကြသည်။ ဝါကျွတ်ပွဲတော် ပြီးဆုံးပြီ ဖြစ်၍ စော်ဘွားစော်ခံများ၊ မြို့စား နယ်စားများ သူတို့ နယ်ပယ်များဆီသို့ ပြန်သွားကြသည် အထိ နိုင်ငံတော်တွင် စစ်အတွက် ဘာမှ ပြင်ဆင်ခြင်း မရှိသေး။

ဘုရင်မင်းမြတ်သည် ဝန်ကြီးများနှင့် တွေ့ဆုံ၍ နိုင်ငံတော် တာကွယ်ရေး အစီအစဉ်များကို တိုင်ပင် ဆွေးနွေးခဲ့၏။ သို့သော် အင်္ဂလန်နှင့် စစ်ဖြစ်ရန် အခြေအနေ မရှိသေးဟု ယေဘုယျအားဖြင့် သဘောထားလျက် ရှိခဲ့သည်။ ထို့ပြင် မြန်မာတို့၏ အများကြီးတစ်ရပ်မှာ မည်သည့် ကျူးကျော်သူမှ မန္တလေးနေပြည်တော်သို့ တက်မလာနိုင်ဟု ယုံကြည်နေခြင်းပင် ဖြစ်၏။ ကြည်းတပ်သည် လည်းကောင်း ရေတပ်သည် လည်းကောင်း။ ဆိပ်ကမ်းခံတပ် အသီးသီးသည် လည်းကောင်း တက်လာသော ရန်သူများကို ခုခံ တားဆီးထားနိုင်ပေလိမ့်မည်။ ဘုရင်

www.burmeseclassic.com



အမှုတော်ကို ထမ်းရွက်လျက် ရှိကြသော နိုင်ငံခြား အင်ဂျင်နီယာများသည် ဧရာဝတီ မြစ်ကမ်းနဖူးပေါ်ရှိ ခံတပ်များအတွက် အာမခံချက် မပေးနိုင်ကြဘူးလား။

ဤမေးခွန်းကို အမေးခံကြရသော အင်ဂျင်နီယာတို့မှာ ကွန်မိုတီနှင့် မိုဟင်နာရီ အမည်ရှိ အီတာလျံ အမျိုးသားများ ဖြစ်ကြ၏။ သူတို့၏ စွမ်းဆောင်ချက် အရပ်ရပ်မှာ ဘာမျှ သံသယရှိစရာ မလို။ မည်သည့် ကျူးကျော်သူမှ မန္တလေးနေပြည်တော်သို့ ရေကြောင်းခရီးမှ ဆန်တက်လာရန် မမျှော်လင့်နိုင်ဟု သူတို့က ဆိုကြ၏။ သူတို့ အဆိုကို ထောက်ခံနေကြသူတို့ကား တိုင်တားမင်းကြီးနှင့် သီပေါဘုရင်၏ အားအထားဆုံး ဗိုလ်ချုပ်တစ်ဦး ဖြစ်သော လှေသင်းအတွင်းဝန်တို့ ဖြစ်၏။

အောက်တိုဘာ ၃၀ ရက်နေ့တွင် 'အက်ရှလေးအီဒင်' အမည်ရှိ ဗြိတိသျှ သင်္ဘောတစ်စင်းသည် မန္တလေးနေပြည်တော်သို့ ဆိုက်ရောက်လာသည်။ သင်္ဘောနှင့် အတူ စာတစ်စောင် ပါလာ၏။ စာကို အောက်တိုဘာ ၂၂ ရက် နေ့စွဲတပ်ထားပြီး အောက်မြန်မာနိုင်ငံ ဗြိတိသျှ အစိုးရ မဟာမင်းကြီး၏ အတွင်းဝန်က လက်မှတ် ရေးထိုးလျက် မြန်မာ အစိုးရ နိုင်ငံခြားရေးဝန်ကြီးသို့ လိပ်မူထားပေသည်။

စာပါ အကြောင်းအရာများမှာ ရှည်လျားလှသော်လည်း အဓိက သဘောမှာ ရာဇသံပေးထားခြင်း ဖြစ်၏။ စာ၏ နိဂုံးချုပ်တွင် ဤသို့ ဖော်ပြထားလေသည်။

"ဘုရင်မင်းမြတ်သည် အောက်ပါ အချက် သုံးချက်အား သဘောတူ မတူ ဆိုသည်ကို လူကြီးမင်း၏ ပြန်ကြားစာတွင် ထင်ထင်ရှားရှား ဖော်ပြပါရန် ကျွန်ုပ် ပန်ကြားအပ်ပါသည်။ ယင်း အချက် သုံးချက်မှာ ဤသို့ ဖြစ်ပါသည်။

(၁) မြန်မာအစိုးရနှင့် ဘုံဘေဘားမား ကုန်သွယ်ရေး ကော်ပိုရေးရှင်းတို့ အကြား ဖြစ်ပေါ်နေသော အငြင်းပွားမှုအား ဖြေရှင်းရန်



အိန္ဒိယဘုရင်ခံချုပ်က ခန့်အပ်သော သံအဖွဲ့ တစ်ဖွဲ့ကို မန္တလေးနေပြည်တော်တွင် ထားရှိရန်၊

(၂) နေပြည်တော်သို့ ထိုသံအဖွဲ့ မရောက်လာမီအတွင်း ဘုံဘေဘားမား ကော်ပိုရေးရှင်းအား ဆန့်ကျင် ပြုမူသော အပြုအမူအားလုံး ပယ်ဖျက်ထားရန်၊

(၃) အနာဂတ်ကာလတွင် မြန်မာအစိုးရနှင့် တိုင်ပင်ဆောင်ရွက်ရန်၊ အိန္ဒိယဘုရင်ခံချုပ်၏ ကိုယ်စားလှယ် သံအဖွဲ့ တစ်ဖွဲ့ကို မန္တလေးနေပြည်တော်တွင် အမြဲတမ်း ထားရှိပြီး ယင်းသံအဖွဲ့အား စောင့်ရှောက်ရန်၊ ဗြိတိသျှ ဂုဏ်ပြုတပ်ဖွဲ့ တစ်ဖွဲ့နှင့် သင်္ဘောတစ်စင်း ထားခွင့်ပြုရန်၊

အထက်ပါ အချက်သုံးချက်နှင့် ပတ်သက်၍ ထပ်မံ ဆွေးနွေးရန်အတွက်၊ မည်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့ကိုမျှ ရန်ကုန်မြို့ သို့မဟုတ် ဆင်းမလားမြို့သို့ စေလွှတ် ဆွေးနွေးဖို့ အိန္ဒိယအစိုးရက သဘောတူ လက်ခံမည် မဟုတ်ကြောင်းကိုလည်း ကျွန်ုပ်က အသိပေးလိုက်ပါသည်။

စာစောပိုင်းက ပေးပို့သော သဝဏ်လွှာများတွင် ဗြိတိသျှ သံအဖွဲ့သည် ရွှေတော်သို့ တံခါးမရှိ ဓားမရှိ ဝင်ရောက်ရန်၊ ဤသို့ ဝင်ရောက်ခွင့် ရတိုင်း ဖိနပ်စီး၍ ဝင်ခွင့်ပြုရန်၊ မြန်မာအစိုးရသည် နိုင်ငံခြား ဆက်ဆံရေးတွင် အိန္ဒိယဘုရင်ခံချုပ်၏ သဘောတူညီမှု မရဘဲ မိမိ သဘောဖြင့် ဆုံးဖြတ် ဆောင်ရွက်ခြင်း မပြုရန် စသော အချက်များ ပါရှိပြီး ဖြစ်ပေသည်။ နောက်ဆုံးအချက်မှာ မြန်မာ-ပြင်သစ် ဆက်ဆံရေး အတွက် ကန့်သတ် ချုပ်ချယ်ရန် ဖြစ်၏။

အက်ရှလေးအီဒင် သင်္ဘောမှာ မြန်မာတို့ ထံမှ ပြန်စာကို ရယူရန် နိုဝင်ဘာ ၅ ရက်နေ့ အထိ မန္တလေးနေပြည်တော်၌ စောင့်ဆိုင်းနေရမည် ဖြစ်သည်။ မြန်မာတို့၏ ပြန်ကြားစာမှာ မိမိတို့ လက်ခံနိုင်စရာ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပါလာမည် မလွဲဟု အောက်မြန်မာပြည်ရှိ ဗြိတိသျှမဟာမင်းကြီးက အပိုင်တွက်ထားပြီး ဖြစ်သည်။ ထို့ပြင် ထိုစာနှင့်အတူ ငြိမ်းချမ်းရေးအတွက် ဆက်လက် ဆောင်ရွက်ရန်သာ ရှိတော့သည်ဟု မဟာမင်းကြီးက မျှော်လင့်ထားလေ၏။

သီပေါဘုရင်မင်းမြတ်သည် ဗြိတိသျှတို့၏ ရာဇသံကို စဉ်းစားဆောင်ရွက်ရန် ညီလာခံတစ်ရပ် ခေါ်ယူလိုက်လေသည်။ ထိုညီလာခံသို့ စုဖုရားလတ် မိဖုရားနှင့် မယ်တော် ဆင်ဖြူမရှင်တို့ပါ တက်ရောက်၏။ ဤမိန်းမ နှစ်ယောက်၏ အမြင်မှာကား မြန်မာတို့ဘက်က အင်အားနည်းပါးခြင်း မရှိ၊ ထို့ကြောင့် ဗြိတိသျှတို့ တောင်းဆိုသမျှကို လက်ခံရန် လုံးဝ မလို ဟူ၏။ တိုင်တားမင်းကြီးနှင့် လှေသင်းအတွင်းဝန်တို့ ကိုယ်တိုင်ကလည်း ဤသို့ပင် ဆန္ဒရှိနေကြပေရာ စုဖုရားလတ်နှင့် မယ်တော် ဆင်ဖြူမရှင်တို့၏ ဆန္ဒသဘောထားများနှင့် တစ်ထပ်တည်း ဖြစ်နေပေ၏။

သူတို့နှင့် ဆန့်ကျင်၍ တစ်ဖက်သတ် ဆွေးနွေးသူကား ကင်းဝန်မင်းကြီးတည်း။

ဗြိတိသျှတို့၏ တောင်းဆိုချက်ကို လိုက်လျောပါရန် ကင်းဝန်မင်းကြီးက အကြောင်းအချက်ပြ၍ တင်လျှောက်လေသည်။ စစ်တိုက်ရန် ကြိုးစားလျှင် ရှုံးမိုက်ရာ ကျပေလိမ့်မည်ဟု သူက ထောက်ပြ၏။ ထိုသို့ တင်လျှောက်နေစဉ် သူ့သဘောထားကို ဆန့်ကျင်သူတို့၏ တီးတိုးသံများကို ဝန်ကြီး ကြားနေ၏။ ထို့ပြင် တိုင်တားမင်းကြီး၏ လှောင်ပြုံးကိုပါ သူ တွေ့မြင်လိုက်ပေသည်။ သို့စဉ်လျက် သူသည် ရဲဝံ့စွာပင် ဆက်လက် လျှောက်တင်နေ၏။

ထိုခဏတွင် ဝန်ကြီးတစ်ပါးက ကျယ်လောင်စွာ ပြောင်လှောင်ရယ်မောလိုက်၏။ ထို့ကြောင့် ကင်းဝန်မင်းကြီးသည် အံ့သြခြင်း ဖြစ်လျက် မိမိ တင်လျှောက်ချက်ကို ရပ်နားလိုက်သည်။ ထို့နောက် ဒေါသထွက်နေသော စုဖုရားလတ်၏ အသံက ဟိန်း၍ ထွက်လာလေသည်။



"သူရဲဘောကြောင်တဲ့ အဘိုးကြီးက အင်္ဂလိပ်ကို သိပ်ကြောက်နေတာကိုး။ ဒီအဘိုးကြီးက ကုလားဖြူ ဆိုရင် အမြဲ ကြောက်နေသေတော့ ဝန်ကြီးရာထူးနဲ့ မတန်တော့ဘူး။ ထဘီ ဝတ်ထားဖို့ပဲ တောင်းထယ်"

ဤသို့သော ရင့်သီးစွာ ရှုတ်ချသည့် စကားလုံးများဖြင့် စုဖုရားလတ်က ကင်းဝန်မင်းကြီးအား ပုတ်ခတ်လေသည်။ ဆင်ဖြူမရှင်ကလည်း အလားတူပင် ပုတ်ခတ် ပြောဆိုသွား၏။

ကင်းဝန်မင်းကြီးသည် လျှောက်တင်ဖွယ် ရှိသမျှတို့ ဆက်လက် လျှောက်တင်ရန် ကြိုးစားသေး၏။

သဘော်ပျက်ကိုဖြင့် ရတတ်သမျှ ဆယ်ကြည့်ဦးမည်။

သို့သော် အချည်းနှီးတည်း။

ဘုရင်မင်းမြတ်သည် ဝန်အိုကြီး၏ အကြံပေး လျှောက်တင်ချက်တို့ နားမဝင်ပြီ။

တို့ဘုရားသည် မယားဘက် ခပ်ပါပါ ဖြစ်နေမှကိုး။ စုဖုရားလတ်နှင့် သူ့ အသိုင်းအဝိုင်းတို့၏ အကြံပေးချက်သည်သာ လျော်ကန်သင့်မြတ်သည်ဟု သီပေါဘုရင်က တစ်ချက်လွှတ် ဆုံးဖြတ်လျက် အင်္ဂလိပ်မင်း၏ ရာဇသံကို အဖြေပေးရန် စီစဉ်လေတော့သည်။

ပြန်စာကား ဤသို့ ဖြစ်သည်။

အကြည်တော် မဟာမင်းကြီး၏ အတွင်းဝန် 'ဆိုင်းမ်' ထံမှ ပေးပို့သော သဝဏ်လွှာကို ရရှိသည်။ သဝဏ်လွှာပါ အကြောင်းအရာနှင့် ပတ်သက်၍ မှူးမတ်ဗိုလ်ပါစုံညီ တိုင်ပင် စည်းဝေးပြီးနောက် အောက်ပါအတိုင်း တညီတညွတ်တည်း ဆုံးဖြတ်လျက် အကြောင်းပြန်ကြားအစ်ပါသည်။

(၁) ဘုံဘေဘားမား ကုမ္ပဏီက ကျူးလွန်ခဲ့သော အမှုနှင့် ပတ်သက်၍ မြန်မာအစိုးရက ဒဏ်ငွေ ချမှတ်ခဲ့သည်မှာ သင့်မြတ် လျော်ကန်သော ဆုံးဖြတ်ချက် ဖြစ်သည်။ အင်္ဂလိပ် အမျိုးသား အမှုထမ်းများနှင့် အင်္ဂလိပ် သစ်တောခုံနှင့် ပတ်သက်သော

www.burmeseclassic.com

www.burmeseclassic.com



တိစွဖြစ်ခြင်းကြောင့် နိုင်ငံတော်မှ ချမှတ်ထားသော ဥပဒေပါ အချက်အလက်များနှင့် ညီညွတ်ရန် ဂရုပြုလျက် အမှုကို ကိုင်တွယ် စစ်ဆေးခဲ့ခြင်း ဖြစ်သည်။ ဤအချက်များနှင့် ပတ်သက်၍ ပြည့်စုံသော ရှင်းလင်းချက်ကို မဟာမင်းကြီးထံ ပေးပို့သော ယခင်စာ၌ ပါရှိပြီး ဖြစ်သည်။

(၂) ချမှတ်ထားသော ဒဏ်ငွေ နှစ်ဆယ့်သုံးသိန်းကျပ်ကို ဘုရင့်ရွှေတိုက်တော်သို့ တင်သွင်းပြီးသော အခါတွင် တောင်ငူ သစ်တောခရိုင်၌ နှစ်ပေါင်းများစွာ အလုပ် လုပ်ခဲ့ပြီး အခွန်တော်ငွေများ ပေးဆောင်ခဲ့ခြင်းကို ထောက်ထားလျက် နှစ်ဖက် အကျိုးကျေးဇူး ဖြစ်ထွန်းရေးကို မြော်မြင်ပြီး ဘုံဘေဘားမားကုမ္ပဏီကို လုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန် ဘုရင်မင်းမြတ်က ခွင့်ပြုမည် ဖြစ်သည်။ ထို့ပြင် ဘုံဘေဘားမားကုမ္ပဏီက ပြင်ဒဏ် စီရင်ချက်နှင့် ပတ်သက်ပြီး ဘုရင်မင်းမြတ်ထံသို့ အသနားခံလွှာ တစ်စောင် တင်သွင်းမည် ဆိုလျှင် ဘုရင်မင်းမြတ်က သက်ညှာစွာ ထောက်ထား ဆုံးဖြတ်ပေးမည် ဖြစ်သည်။ အထက်ပါအချက် နှစ်ရပ်ကို အထောက်အထားပြုလျက် ဘုံဘေဘားမား သစ်မှုနှင့် ပတ်သက်၍ နှစ်နိုင်ငံအစိုးရတို့ အကြား ဆွေးနွေးခြင်း၊ စေ့စပ်ခြင်း လုပ်ငန်းများမှာ နိဂုံးချုပ်သွားပြီဟု မှတ်ယူရပေမည်။

(၃) မန္တလေးနေပြည်တော်တွင် သံအဖွဲ့ တစ်ဖွဲ့ ထားရှိရန် ဗြိတိသျှအစိုးရက ဆန္ဒရှိခဲ့လျှင် ယခင်အခါများက ကဲ့သို့ပင် ထားရှိရန်သဘောတူ ခွင့်ပြုသည်။

(၄) မြန်မာနိုင်ငံ၏ အနာဂတ် နိုင်ငံခြားဆက်ဆံရေးနှင့် ပတ်သက်ပြီး မဟာမင်းကြီးအား သိရှိထားစေလိုသော အချက်မှာ လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးနှင့် ပြည်ပရေးတို့မှာ ထိုနိုင်ငံ၏ ရှိပြီး ဓလေ့ထုံးစံ ဥပဒေများနှင့်အညီ ဆောင်ရွက်ကြရမည် ဖြစ်သည်။ ပြင်သစ်၊ အီတလီ အပါအဝင် အခြားနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရမည် ဖြစ်သည်။ နိုင်ငံအစိုးရတို့၏ လုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေ ရှိရလေအောင် မြန်မာနိုင်ငံအစိုးရသည်လည်း ပြင်သစ်၊ အီတလီ၊ ဂျာမန် စသော နိုင်ငံ သုံးနိုင်ငံနှင့်



လက်တွဲလျက် နှစ်နိုင်ငံ အကျိုးတူကိစ္စများကို ဆောင်ရွက်ရပေမည်။ ဤကိစ္စနှင့် ပတ်သက်၍ ဗြိတိသျှအစိုးရသည်လည်း မြန်မာအစိုးရနှင့် တစ်သဘောတည်း ဖြစ်လိမ့်မည်ဟု ယုံကြည်သည်။

ရဲရင့် ပြတ်သားစွာဖြင့် ပြန်ကြားလိုက်သော ဤစာကို နိုဝင်ဘာလ ၉ ရက်နေ့တွင် အက်ရှ်လေးအီဒင် သင်္ဘောက ရန်ကုန်မြို့သို့ ယူဆောင်ရောက်ရှိပါလာ၏။ သို့သော် ရန်ကုန်မြို့သို့ ပြန်ကြားစာ မရောက်လာမီ နှစ်ရက် အလိုကပင် သီပေါဘုရင်မင်းမြတ်က ကျေးရွာ မြို့နယ် ခရိုင် အသီးသီးသို့ စစ်ပြင်ကြရန် နှိုးဆော်စာများ ပေးပို့ခဲ့လေသည်။

ကျေးရွာ မြို့နယ် အသီးသီးမှ သူကြီးများ၊ တရားသူကြီးများ၊ အကျဉ်းထောင်မှူးများ၊ ရွှေခွန်မှူး၊ ငွေခွန်မှူးများ အပါအဝင် အမှုထမ်းကျေးကျွန်များ အားလုံး သိရှိစေရန် အမိန့်တော် ထုတ်ပြန်လိုက်သည်။

မိစ္ဆာဒိဋ္ဌိ ကုလားဖြူများသည် ဘာသာ သာသနာတော်နှင့် ငါတို့၏ အမျိုးသားယဉ်ကျေးမှုကို ဖျက်ဆီးပြီး နိုင်ငံအားလုံးကို ကျွန်ပြုရန် စစ်ပြင်ဆင်လျက် ပြင်းထန်လှသော ရာဇသံကို ပေးနေလေပြီ။ တရားမျှတသော နိုင်ငံကြီးသား ပီသစွာဖြင့် ငါတို့၏ သဘောထားကို ယခုအခါ ပြန်ကြားလိုက်ပြီ ဖြစ်သည်။ မိစ္ဆာဒိဋ္ဌိ ကုလားဖြူများသည် တို့နိုင်ငံကို ဖျက်ဆီးရန်အတွက် အချိန်အခါ မရွေးရောက်ရှိလာနိုင်သည် ဖြစ်ရကား ရန်သူကို ရေကြောင်း၊ ကြည်းကြောင်းမှ ခုခံတွန်းလှန်ရန် ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ဘုရင်မင်းမြတ်ကိုယ်တိုင် ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်၊ အမြောက်တပ်၊ လေ့တပ်များကို ဦးစီးလျက် အရာရှိအရာခံ အကြွင်းတပ်သားများနှင့် အတူ စစ်ပြင်ဆင်မှုများကို ပြုလုပ်နေကြလေပြီ။

ဘုရင့်အမှုထမ်း အရာထမ်းများနှင့် ပြည်သူလူထု အပေါင်းတို့သည် နိုင်ငံတော်ကို မိစ္ဆာဒိဋ္ဌိများ၏ ရန်မှ ပူးပေါင်း ကာကွယ်ကြရမည်။ ကျေးရွာမြို့နယ်များအတွင်း ခါတိုင်းကဲ့သို့ ငြိမ်းချမ်း

www.burmeseclassic.com

www.burmeseclassic.com



သာယာ၍ ခိုးသား မုဒိန်း ဓားပြတို့၏ ရန်မှ ကင်းဝေးရန် မြို့စား ရွာစား၊ အရာထမ်း အမှုထမ်းတို့က တာဝန်ယူ၍ ကြီးကြပ် ကွပ်ကဲ ရမည်။

မန္တလေးရွှေမြို့တော်ရှိ မြန်မာ့တပ်မတော်ကို ခံတပ်အသီးသီးသို့ စေလွှတ် တိုက်ခိုက်စေမည်။ ဘာသာ သာသနာနှင့် အမျိုးသား နိုင်ငံတော်ကို ကာကွယ်လိုသော သူရဲကောင်းများသည် မိမိတို့နှင့် သင့်လျော်သော တပ်အသီးသီးတွင် ဝင်ရောက် အမှုထမ်းကြရမည်။ ထိုသို့ အမှုထမ်းကြသူတိုင်းကို ဆုတော် လာဘ်တော်များ ချီးမြှင့်မည်။ နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ထမ်းဆောင်လိုသည့် သူရဲကောင်း များ စာရင်းကို အရာထမ်း အမှုထမ်းတို့က ကောက်ယူပြီး သက်ဆိုင်ရာ သို့ အမြန် တင်ပို့ကြလော့။

မန္တလေး နေပြည်တော်၏ ပြင်ပတွင် စစ်မောင်းတဲ တဒူဒူဖြင့် မြန်မာ့တပ်မတော်သည် စစ်ရေးပြနေလေပြီ။

ဘုရင့် အမှုတော်ထမ်းများသည် တစ်ရွာဝင် တစ်ရွာထွက် သွားကြပြီး တပ်မတော်သားများ စုဆောင်းလျက် ရှိကြ၏။ မိသားစုတိုင်းသည် စစ်သား နှစ်ဦးကျစီ ပါဝင်ကြရမည် ဖြစ်ပြီး ထို စစ်သားများအတွက် လက်နက်ခဲယမ်း မီးကျောက်များနှင့် ရိက္ခာကိုပါ တာဝန်ယူရလေသည်။ မြန်မာ့တပ်မတော်အတွက် စစ်သားများ လုံလုံလောက်လောက် ရရှိအောင် မြို့စားရွာစားများသည် ဤနည်းဖြင့် လူစုကြရသည်။

ရေတပ်တွင် သင်္ဘောအနည်းငယ်နှင့် အမြောက်ငယ် အနည်းငယ် သာ ရှိ၏။ သို့သော် လက်ဖြင့် လှော်ရသော တိုက်လှေများတော့ ရှိသည်။ ခေတ်မီလက်နက်များ တပ်ဆင်ထားသော ရန်သူ ကုလားဖြူတပ်နှင့် ယှဉ်ရန်မှာကား မြန်မာ့ရေတပ်၏ လှေနှင့် သင်္ဘောတို့မှာ အလွန် အင်အား နည်းပါးလှပေ၏။ သို့စင်လျက် သီပေါဘုရင်မင်းတရားနှင့် သူ၏ ဝန်ကြီးများသည် ရေတပ်ပါရဂူ အီတလီအမျိုးသား မိုဟင်နရီ၏



ပြောစကားကို ယုံလျက် မိမိတို့ အင်အားကို အထင်ကြီးတစ်ခွဲသား ရှိနေ ခဲ့သည်။

နိုဝင်ဘာလ၏ စောစောပိုင်း ရက်များတွင် မန္တလေးရွှေမြို့တော်၌ တပ်မတော်သားများဖြင့် ပြည့်နေသည်။ ရေတပ်၊ ကြည်းတပ်သားများ အနေဖြင့် မိမိတို့ အောင်ပွဲရရေးမှာ ဘာမျှ မခက်ခဲလှဟု ထင်နေ၏။ ကုလားဖြူတို့၏ ထိုးစစ်ကို ခုခံနိုင်ရုံမျှမက သည်ကုလားဖြူများကို ပင်လယ်ထဲထိ မောင်းချနိုင်မည်ဟု မလွဲမသွေ ယုံကြည်နေကြပေသည်။

အင်္ဂလိပ်အစိုးရ၏ ရာဇသံအား ပြန်ကြားသော စာကို ယူဆောင် သွားသည့် 'အက်ရှလေဗီဇင်' သင်္ဘောသည် အစုန်တွင် သရက်မြို့၌ ရစ်နားသွား၏။ လျှို့ဝှက် လုပ်ဆောင်နေသော ကီစွပင် ဖြစ်စေကာမူ ပေါက်ကြားမှု ရှိလေရကား သရက်မြို့ရှိ ဗြိတိသျှ တပ်မတော် အသိုင်းအဝိုင်း တွင် သတင်းတစ်ရပ်သည် တိုးတိုးတိတ်တိတ် ပြန့်ပွားသွားခဲ့လေ၏။

"စစ်ဖြစ်တော့မည်. . ."

တပ်ဝင်းအတွင်းရှိ ဗိုလ်မှူးချုပ်မှ အစ တပ်သားများ အထိ လက်နက်ခဲယမ်းများ ပြင်ကြသည်။ ခြောက်လုံးပြူး သေနတ်မှ အစ လှံစွပ် များ အထိ တိုက်ကြ ချွတ်ကြနှင့် လာမည့် စစ်တစ်ပွဲအတွက် ပြင်ကြ ဆင်ကြလေပြီ။

●

www.burmeseclassic.com

www.burmeseclassic.com

# စစ်ပွဲ

မန္တလေးနေပြည်တော်သို့ စစ်ချီတက်ရန်အတွက် ဗြိတိသျှတပ်များကို သရက်မြို့တွင် စုရုံး ပြင်ဆင်လေသည်။ ဗြိတိသျှတပ်များကို ဦးစီးမည့်သူမှာ မေဂျာဂျင်နရယ် ပရင်းဒါးဂတ်စ် ဖြစ်ပြီး၊ ဗြိတိသျှတပ်မတော်တွင် အမြင့်ဆုံး သူရဲကောင်းဆု ဖြစ်သော ဗစ်တိုးရီးယားခရော့စ် 'ဗွီစီ' ဘွဲ့ရထားသူ ဖြစ်၏။ ထို့ပြင် သူသည် အိန္ဒိယပြည် တိုင်းရင်းသားတို့၏ တော်လှန်ရေးကို နှိမ်နင်းခဲ့သူ ဖြစ်ပြီး မဒရပ်တပ်မတော်၌ နာမည်ကျော်ကြားသူ ဖြစ်ပေသည်။ ပရင်းဒါးဂတ်စ်နှင့် အတူ ကာနယ်စလေဒင်လည်း လိုက်ပါမည်။ စလေဒင်မှာ မန္တလေးတွင် အတွေ့အကြုံရှိပြီးသူ ဖြစ်သဖြင့် ပရင်းဒါးဂတ်စ်ကို ကူညီနိုင်ပေမည်။

သီပေါဘုရင် ထံမှ အဖြေ အမည်း ကွဲကွဲပြားပြား ပြန်ကြားလိုက်ပြီးသော အချိန်တွင် ဗြိတိသျှတပ်မတော်ကို အသင့်ပြင်ဆင်ပြီး ဖြစ်နေလေပြီ။ ဗြိတိသျှတပ်မတော်တွင် ခြေလျင်တပ်မဟာ သုံးခု ပါဝင်ပြီး ယင်းတပ်မဟာများရှိ တပ်ရင်း တပ်ဖွဲ့များတွင် အိန္ဒိယတိုင်းရင်းသားများ နှင့် ဗြိတိန်အမျိုးသား တပ်သားတို့ကို ပူးတွဲ ဖွဲ့စည်းထားလျှင် အမြောက်တပ်နှင့် ရေတပ်ကိုပါ ပူးတွဲထားပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူးကျော် တိုက်ခိုက်မည့် တပ်ဖွဲ့များကို သယ်ဆောင်ရန် သင်္ဘောများနှင့် သမ္ဗန်ကြီးများကို အဆင်သင့် ပြင်ဆင်ထားပေရာ သင်္ဘောတို့က သမ္ဗန်ကြီးများကို ဆွဲယူမည် ဖြစ်သည်။

မြန်မာတပ်မတော်တွင် မည်သို့ ဖွဲ့စည်းထားသည်မှာ သေချာဝေခွဲပြရန် မလွယ်ကူသော်လည်း ပရင်းဒါးဂတ်စ်၏ တပ်များထက် အရေအတွက် များစွာ သာလွန်မည်ကား မလွဲပေ။ ပရင်းဒါးဂတ်စ်၏ တပ်များအနေဖြင့် ဤထိုးစစ်အတွက် အခက်အခဲနှင့် အန္တရာယ်ပေါင်း များစွာ ကြုံတွေ့ရမည်ကား သေချာလှပေတော့သည်။ မင်းလှမြို့နှင့် အခြား နေရာဌာန အများအပြားတွင် မြန်မာတို့သည် ခံတပ်ကြီးများ တည်ဆောက်ထားပြီး စစ်ရေးကျွမ်းကျင်သူ အီတလီအမျိုးသားများ ဖြစ်ကြသော ကွန်မိုတိုနှင့် မိုဟင်နာရီတို့၏ အကူအညီကိုလည်း ရရှိထားပေ၏။ မြန်မာ့တပ်မတော်၏ စစ်ဦးစီးချုပ်ကား လှေသင်းအတွင်းဝန် ဖြစ်ပေသည်။

မြန်မာဘုရင့် ရေတပ်မတော်တွင် တိုက်ရေယာဉ် အသင့်အတင့် ရှိသည်ကား မှန်၏။ သို့သော် ရေတပ်အတွက် ထားရှိသော သင်္ဘောများမှာ တိုက်ပွဲဝင်ရန် အသင့် ပြင်ဆင်ခြင်း မရှိသည့်ပြင် သင်္ဘောစက်များမှာလည်း စိတ်မချရပေ။ ရွှေပွင့်၊ ငွေပွင့်များ ခြယ်လှယ်ထားသော တိုက်လှေများလည်း အများအပြား ရှိ၏။ သို့သော် ထိုလှေတို့မှာ အားကိုးနိုင်သော အခြေ၌ မရှိ။

နိုဝင်ဘာလ ၁၄ ရက်နေ့တွင် အင်္ဂလိပ်-မြန်မာ စစ်ပွဲ၏ အကြိုလှုပ်ရှားမှုကလေး ကြုံတွေ့ရသည်။ သီပေါဘုရင်၏ သင်္ဘောအချို့သည် တိုက်လှေအချို့ လိုက်ပါလျက် သရက်နှင့် မင်းလှ အကြားတွင် သွားလာလှုပ်ရှားနေသည် ဆိုသော သတင်းတစ်ရပ် ရောက်လာ၏။ ဗြိတိသျှဘက်မှ ရေတပ်ကွန်မင်ဒါ 'ကာလပ်တားဘတ်စ်' သည် 'အိုင်ချ်အမ်အက်စ် ရောဝတီ' သင်္ဘောဖြင့် ချက်ချင်း လိုက်သွား၏။ သူ့ကို ကူညီရန် 'ကက်



သလင်း' အမည်ရှိ သင်္ဘောကို ထည့်လိုက်၏။ မြန်မာသင်္ဘောပေါ်တွင် အီတာလျံအမျိုးသား ကွန်မိုတို လိုက်ပါလျက် ရေကြောင်းမှ ပိတ်ဆို့ထားရန် အစီအစဉ်ရှိကြောင်း သိရသည်။

ကွန်မိုတို၏ အကြံအစည်မှာ လှေကြီးတစ်စင်းတွင် ချွန်ထက်နေသော သစ်သားချောင်းကြီးများ အပြည့်တင်လျက် မြစ်ကျဉ်း တစ်နေရာတွင် နှစ်မြှုပ်ထားရန် ဖြစ်၏။ ၁၀ ပေခန့် အရှည်ရှိသော သစ်ချောင်းများနှင့် လှေကြီးသည် မြစ်ကြောင်းကို ပိတ်ဆို့ထားနိုင်ပေလိမ့်မည်။

သို့သော် ကွန်မိုတို၏ အကြံ မအောင်ခဲ့ပေ။ လှေ နစ်မြှုပ်ထားရမည့် နေရာကို အေးအေးဆေးဆေး ရှာဦးမည်ဟု သူက တွေးထား၏။ ထိုစဉ်တွင် ဗြိတိသျှစစ်သင်္ဘော 'ရောဝတီ' နှင့် 'ကက်သလင်း' တို့သည် မြစ်ကြောင်းအတွင်း ရုတ်တရက် ပေါ်လာလေသည်။

ထိုသင်္ဘောများက စတင်၍ အမြောက်နှင့် ပစ်သည်တွင် စစ်အကြံပေးအရာရှိ ကွန်မိုတိုနှင့် သူ့ ရဲဘော်တို့သည် ကုန်းပေါ်သို့ တက်၍ ကိုယ်လွတ် ထွက်ပြေးရလေသည်။ ကွန်မိုတိုနှင့် သူ့ အဖော်များ စီးလာသော သင်္ဘောမှာ အင်္ဂလိပ်စစ်တပ်က ရသွားလေသည်။ ထိုသင်္ဘောမှ ကွန်မိုတို၏ စာရွက်စာတမ်း အများအပြားကို အင်္ဂလိပ်တို့ ရသွားသည်။

ဤတွင် ခံတပ်များ၏ အခြေအနေပြ သတင်းများနှင့် သီပေါဘုရင့် တပ်မတော်၏ စစ်ရေးစီမံကိန်းများမှာ ရန်သူ့ လက်သို့ ရောက်ရတော့သည်။

အင်္ဂလိပ်စစ်တပ်မှ ဂျင်နရယ် ပရင်းဒါးဂတ်စ် ထံသို့ ဆိုင်ရာမှ အမိန့် ရောက်လာပြီ။ မန္တလေးနေပြည်တော်သို့ အမြန်ဆုံး ချီတက် သိမ်းပိုက်ရန် နှင့် အဆုံးအရှုံး အနည်းပါးဆုံးဖြစ်အောင် ကြိုးပမ်းရန် ဖြစ်လေသည်။

ပရင်းဒါးဂတ်စ်တို့၏ တပ်များအတွက် အရေးအပါဆုံး အတားအဆီးမှာ မင်းလှခံတပ် ဖြစ်ပေရာ ဤခံတပ်ကို ဖြစ်သည့်နည်းဖြင့် ရှေးရှုရန် ဗြိတိသျှတပ်များ ကြိုးပမ်းကြရမည် ဖြစ်၏။ ခေတ်မီသေနတ်များ

www.burmeseclassic.com

www.burmeseclassic.com



တပ်ဆင်ထားသော ဗြိတိသျှတပ်၏ ထိုးစစ်ကို ခုခံရန် မြန်မာတပ်များ အဆင်သင့် မဖြစ်ကြသေး။ သို့ပါလျက် မင်းလှဝန်းကျင်တွင် ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပွားခဲ့လေသည်။

နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ဗြိတိသျှ စစ်သင်္ဘောများသည် နယ်စပ်မျဉ်းကို ဖြတ်ကျော်၍ အထက်အညာသို့ ချီတက်ခဲ့ကြသည်။ နောက်တစ်နေ့တွင် ဧရာဝတီမြစ်ကမ်း ဝဲ ယာတို့မှ ပြင်းထန်သော တိုက်ခိုက်မှုများကို ဗြိတိသျှတပ်များ ကြုံတွေ့ရလေ၏။ မြန်မာတပ်များသည် သစ်တပ်များမှ နေ၍ အပြင်းအထန် ခုခံကြသည်။ သို့သော် ခုခံရန် အင်အား နည်းပါးလှလေရာ မကြာမီပင် မြန်မာတပ်စခန်းများ ရန်သူ့လက်သို့ ကျသွားရာ မင်းလှသို့ ချီရာလမ်း ပွင့်သွားလေ၏။

မင်းလှမြို့သည် ဧရာဝတီမြစ် အနောက်ဘက်ကမ်း၌ ရှိပြီး မြို့စား တစ်ဦး ကွပ်ကဲ အုပ်ချုပ်နေ၏။ မြို့စားမင်း၏ ရုံးနှင့် အိမ်တော်မှာ ခံတပ်များ ဝန်းရံထားပေသည်။ မင်းလှနှင့် တစ်ဖက်ကမ်းတွင် ဂွေ့ချောင်း ခံတပ် ရှိပြီး ဤခံတပ်ကို သီပေါဘုရင်မင်းမြတ်၏ လက်စွဲတော် အီတာလျံ အင်ဂျင်နီယာများ၏ အစီအမံဖြင့် ခိုင်ခံ့စွာ တည်ဆောက်ထား၏။

နိုဝင်ဘာ ၁၇ ရက်နေ့ နံနက်စောစောတွင် ဤခံတပ်များ၏ အောက်ပိုင်း နေရာများမှ နေလျက် ပရင်းဒါးဂတ်စ်၏ တပ်များသည် ကမ်းပေါ်သို့ တက်ကြ၏။ တစ်ချိန်တည်းမှာပင် ဧရာဝတီမြစ် အတွင်းမှ အင်္ဂလိပ်စစ်သင်္ဘောများသည် မင်းလှခံတပ်နှင့် ဂွေ့ချောင်းခံတပ်များ ဆီသို့ အမြောက်များဖြင့် ပစ်ပေးနေရာ ခေတ်မမီတော့ပြီ ဖြစ်သော မြန်မာ အမြောက်ကြီးများကို ထိမှန် ဖျက်ဆီးနိုင်ခဲ့လေသည်။

ထိုအချိန်တွင် ကမ်းတက် ဗြိတိသျှတပ်သားများသည် တောအုပ်ကို ဖြတ်ကျော် ဝင်ရောက်၍ ဂွေ့ချောင်းခံတပ် ဆီသို့ ချီတက်လာကြလေရာ မြန်မာတပ်တို့ မခံမရပ်နိုင်ဖြစ်၍ ဆုတ်ရလေ၏။ ဒဏ်ရာရသူ မြန်မာတပ်သား အချို့ကို ဗြိတိသျှတပ်က ရလေသည်။



သို့သော် လက်ဝဲဘက်ကမ်းရှိ မင်းလှခံတပ် ဆီသို့ ချီတက်ရန်ကား ဂွေ့ချောင်းမှာကဲ့သို့ မဟုတ်တော့ချေ။ တောအုပ်မှာ ထူထပ်လှသေရွေ့သို့ ချီတက်ရာတွင် များစွာ အခက်အခဲ တွေ့နေရသည်။ တစ်ဦးနှင့် တစ်ဦး အဆက်အသွယ် ပြုရာပင် မလွယ် ဖြစ်နေ၏။ မြန်မာ့တပ်မတော်သားများကမူ ဤအခွင့်အရေးကို ထိထိရောက်ရောက် အသုံးချလျက် ဗြိတိသျှတပ်သားများ ဆီသို့ အမြောက်များဖြင့် သွန်ကြဲ၍ ပစ်ထည့်လေသည်။ သို့သော် နောက်ဆုံးတွင် ဗြိတိသျှတို့၏ တပ်သည် မြန်မာတပ်များ၏ ခုခံမှုကို တိုက်ဖျက်နိုင်ခဲ့ပြီး မင်းလှမြို့သည် မီးဟုန်းဟုန်း တောက်၍ နေတော့သည်။ မီးတောက်မီးလျှံတို့က ခံတပ်ကို တိုက်ခိုက်ရာတွင် မီးမောင်းထိုးပြလေ၏။

မြန်မာ့တပ်မတော်သားတို့သည် မင်းလှခံတပ် အတွင်းမှနေ၍ ခုခံကြသော်လည်း အခြေအနေ မလှတော့ရာ မကြာခင် လက်နက်ချသူ ချပြီး အချို့က ဆုတ်ခွာသွားကြ၏။ မင်းလှခံတပ်သည် ကျလေပြီ။

ဗြိတိသျှတပ်ကို ပြန်လည် စုရုံးပြီး မင်းလှတွင် ဆောင်ရွက်ဖွယ်များကို စီမံလျက် ခေတ္တနား၏။ နိုဝင်ဘာ ၁၉ ရက်နေ့တွင်မူ ဆက်လက်၍ မြစ်ကြောင်းမှ ချီတက်ကြပြန်လေ၏။

နောက်တစ်နေ့တွင် မကွေးအရောက် ချီတက်ရာ မြန်မာ့တပ်မတော်မှ အင်ဂျင်နီယာများ ဖြစ်ကြသော မိုဟင်နရီနှင့် ကွမ်မိုတို တို့သည် ဗြိတိသျှတပ်သို့ လက်နက်ချ ဝင်ရောက်လာကြ၏။ မင်းလှခံတပ် ပျက်ခဲ့ပြီးသည်မှ စ၍ သူတို့နှစ်ယောက်မှာ စိတ်အပျက်ကြီး ပျက်ခဲ့ကြပြီ ဖြစ်လေသည်။

မြန်မာတို့ကို ဗြိတိသျှတပ်မှား နောက်တစ်ကြိမ် ရင်ဆိုင်ရန် မှသည်မှာ ပုဂံတွင် ဖြစ်၏။ ဘုရားပုထိုး အများအပြား ရှိသော ပုဂံသည် ခံတပ် လုပ်ရန် အကောင်းဆုံးနေရာ ဖြစ်သည်ဟု ဗြိတိသျှတို့က ယူဆထားသည်။ သို့သော် မြန်မာတို့သည် ပုဂံဘုရားပုထိုးများကို ခံတပ်အဖြစ် မလုပ်ခဲ့ပေ။ ညောင်ဦး အနီးတွင် မြန်မာတို့က အမြောက်ကြီးများနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပစ်ခတ်ရန် ကြိုးစားကြသော်လည်း အောင်မြင်မှု မရှိခဲ့ပေ။ ဗြိတိသျှတပ်များသည် အထက်သို့ ချောမောစွာ ဆန်တက်သွားကြပြန်လေသည်။

နိုဝင်ဘာလ ၂၄ ရက်နေ့။

ဤနေ့ ညနေပိုင်းတွင် မြန်မာ့တပ်မတော်၏ ဗိုလ်ချုပ်ကြီး အဖြစ်တာဝန်ယူနေသော လှေသင်းအတွင်းဝန်သည် သီပေါဘုရင်မင်းမြတ်ထံသို့ ကြေးနန်းဖြင့် သတင်းပို့လိုက်၏။ "မြန်မာတပ်များက ဗြိတိသျှတပ်များကို အောင်ပွဲခံလိုက်ပြီ" ဟူ၏။

●

# ရွှေဘုန်းတော် ညိုးပါလို့

မန္တလေး ရွှေမြို့တော်တွင်ကား စစ်ဖြစ်နေသည်နှင့် မတူ။ ပွဲတမြိမ့်မြိမ့်ဖြစ်နေ၏။ ဗြိတိသျှကုလားဖြူတပ်များကို အောင်နိုင်သော အထိမ်းအမှတ်ဖြင့် အောင်ပွဲကြီး ကျင်းပရန် စီစဉ်နေပေသည်။

သီပေါဘုရင်မင်းမြတ်သည် နန်းတော်တွင်း၌ အပျော်ယမကာများဖြင့် မူးယစ် သောက်စားနေဆဲ နန်းတွင်းသဘင်သည်များက ဘုရင့်ဘုန်းတော်မြတ်ကို ချီးကျူး ဖွဲ့ဆိုသည့် တေးသီချင်းများ သီဆို တီးမှုတ်နေဆဲ။ အဘိုးအို ကင်းဝန်မင်းကြီးမှာကား မျက်စိမလှ မျက်နှာမလှဖြင့်ရှုတ်ချ ကဲ့ရဲ့ခံနေရဆဲ ဖြစ်၏။ စုဖုရားလတ်မိဖုရား ကိုယ်တိုင် ပက်ပက်စက်စက် အပြစ်တင် ပြောဆိုခဲ့သော စကားလုံးများက ဝန်အိုကြီးတို့အထိနာစေခဲ့ပေသည်။

နန်းတော်တွင်း၌ အသွားအလာ မပျက်၊ အစားမပျက် ရှိနေ၏။ ဖိနပ်တော်ကိုင်တွေ၊ ကွမ်းရေတော်ကိုင်တွေ၊ လက်ဖက်ရည် ဆက်ရသူတွေမှ အစ နန်းတော်တွင် မင်းမှုထမ်းတွေမှာ အခါတိုင်းလိုဝင်ဆောင်ရွက်ဖွယ်တွေကို ဆောင်ရွက်နေကြဆဲ ဖြစ်၏။ ပျော်ပျော်နေပျော်ပျော်စား၊ ပျော်ပျော် သွားလျက်၊ အကမပျက်၊ အဆိုမပျက် ရှိခဲ့၏။ ရွှေနန်းရှင် မင်းတရားသည် နယ်ချဲ့ကုလားဖြူများအား အောင်ပွဲ ခံတော်မူမည် ဆိုသည်တို့ကိုသာ ဟိုမှာ ဒီမှာ ပြောဆိုနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သီပေါဘုရင်သည် ရွှေကရားထဲမှ ယစ်ရွှေရည်ကို ငှဲ့ရင်း သို့မဟုတ် ကခုန်နေကြသော နန်းတွင်း ကချေသည်များကို ရှုစားရင်း နန်းမြို့တံခါး အပြင်ဘက်၌ ဘာတွေ ဖြစ်နေသည်ကို မစဉ်းစားမိပေဘူးလား။ နန်းတော်တွင်းသို့ နိုင်ငံခြားသားတွေ အခစား ဝင်ရောက်မှု နည်းပါး သွားသည်ကိုပဲ သတိမပြုမိလေရော့သလား။

ဤ နိုင်ငံခြားသားများတွင် ပထမဆုံး ပျောက်ကွယ်နေသည်မှာ ဗြိတိသျှသံအမတ်ကြီး ဟက်စ်ပင် ဖြစ်သည်။ နိုင်ငံခြားသား အချို့မှာ မန္တလေးနေပြည်တော်မှ စွန့်ခွာသွားခြင်း မရှိသေးသော်လည်း ယခုအခါ တွင် ကိုယ့်အိမ်တွင်းမှာ ခပ်ကုပ်ကုပ် နေသည်က အကောင်းဆုံးဟု နားလည်မိကြ၏။ အကယ်၍ အင်္ဂလိပ်တပ်တွေ ဝင်လာပြီ ဆိုပါတော့၊ နန်းတော်နှင့် ရင်းရင်းနှီးနှီး သိပ်ဖြစ်နေသည်ကို တွေ့သွားလျှင် မကောင်းဟု သူတို့က သဘောပေါက်သည်။ သို့သော် အင်္ဂလိပ်စစ်တပ်တွေ မန္တလေး နေပြည်တော်ကို သိမ်းမည်၊ မသိမ်းမည်ကား မသေချာသေးပေ။

ထိုစဉ် ကြေးနန်းသတင်း ရောက်လာ၏။ "မြန်မာ့ တပ်မတော်က နယ်ချဲ့ကုလားဖြူတွေပေါ်တွင် အောင်ပွဲခံလိုက်ပြီ" သည်သတင်းကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသည်။ ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီး တို့သည် ဝန်ကြီးများနှင့် အတူ မင်္ဂလာသတင်းကို ကြားနာရင်း ကောင်းချီး ဩဘာ ပေးကြလေ၏။

စုဖုရားလတ် မိဖုရားသည် ပြုံးရယ်လျက်နှင့် "အစက မပြော ဘူးလား. . ." ဟု သီပေါဘုရင်မြတ်ကို လျှောက်တင်လိုက်၏။ နယ်ချဲ့ ကုလားဖြူတွေကို ရင်ဆိုင်ရဲအောင် ဘုရင်မင်းမြတ်ကို မိဖုရားကြီးက အမြဲ အားပေးခဲ့ရသည်။ မိမိအနေနှင့်လည်း အမြဲ ယုံကြည်၏။ မြန်မာတပ်တွေ က နယ်ချဲ့တပ်တွေကို အမြဲ နိုင်ရမည်ဟု မိဖုရားကြီးသည် နှစ်နှစ်ကာကာ ယုံကြည်နေ၏။ ယခုလည်း မိမိ ထင်သည့်အတိုင်း မမှန်ပေဘူးလားဟု ဘုရင်အား လျှောက်တင်ရင်း တိုင်တားမင်းကြီးကို အဖော်ညှိသလို



လှည့်ကြည့်သည်။ အရိပ်သုံးပါး နားလည်သော တိုင်တားမင်းကြီးက မှန်ပါကြောင်း လျှောက်တင်ရှာလေသည်။

ထိုနေ့ညတွင် နန်းတော်တစ်ခုလုံး တက်တက်ကြွကြွ ဖြစ်နေလေ ၏။ ကပွဲခန်းမရှိ အပျိုတော် မင်းသမီးသည် မြန်မာတပ်မတော်တို့၏ အောင်ပွဲကို ချီးကျူး ဂုဏ်ပြုသော သီချင်းများကို အထူး ဖွဲ့နွဲ့ သီဆိုရသည်။ သီချင်းများမှာ ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူသော ဘုရင် မင်းမြတ်၏ တပ်မတော်သားများ သတ္တိကို ချီးကျူးရင်း သီပေါဘုရင်နှင့် စုဖုရားလတ်တို့၏ ဘုန်းတော် ကြီးမြတ်မှုကို တင်စား ဖွဲ့ဆိုထား၏။ ထို မင်းသမီးမှာ မကြာမီ ဘုရင်နှင့် မိဖုရားတို့၏ ရှေ့မှောက်သို့ ရောက်ရှိ သွားပြီး ရတနာအချို့ကို ဆုချီးမြှင့်ခြင်း ခံရလေသည်။

သို့သော် ပွဲကြည့်ပရိသတ်ထဲတွင် အချို့ပုဂ္ဂိုလ်တွေမှာ ရှုခင်းကို ကြည့်ပြီး စိတ်လက် မအီမသာ ဖြစ်နေကြ၏။

သူတို့ အမှန်တကယ် ကြားရသော သတင်းမှာ လှေသင်းအတွင်းဝန် ထံမှ လာသော ကြေးနန်းနှင့် တခြားစီ ဖြစ်နေသည်။ ဈေးထဲမှာ၊ အရပ် ထဲမှာ တီးတိုး ပြောနေသည်များက "ကုလားဖြူတပ်တွေ ပုဂံမြို့ ရောက် နေပြီတဲ့"

သည်သတင်းသာ မှန်လျှင် တို့ဘက်က ရှုံးနေပါပကော။ ရန်သူ တွေသာ ရှုံးနေလျှင် ဘယ့်နှယ် ပုဂံထိ တက်လာနိုင်ရသလဲ။ သို့သော် သည်စကားတွေကို နန်းတော်ထဲမှာ လေသံမျှ မဟဝံ့ကြပါ။ ကိုယ့်အသက် ကိုယ် နှမြောကြသူများ ဖြစ်ကြသော အပျိုတော်များ၊ မင်းမှုထမ်း ဝန်ကြီး ဝန်ငယ်တို့မှာ သည်သတင်းနှင့် ပတ်သက်၍ တုတ်တုတ်မျှ မလှုပ်ဝံ့ကြ သည်ကား အမှန်ပါ။

အီတလီ ကောင်စစ်ဝန် အင်ဒရီနိုမှာ သူ့ ရာထူးတွင် ကောင်းမွန်စွာ ရှိနေဆဲ ဖြစ်၏။ ဗြိတိသျှတွေ တက်လာလျှင် မိမိအနေဖြင့် လုံခြုံကောင်း ကောင်းပါရဲ့ဟု စိတ်ချလက်ချနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကင်းဝန်မင်းကြီးလည်း သတင်းစုံကို နေ့စဉ် ကြားနေရ၏။ မြန်မာတွေ အောင်ပွဲရသည် ဆိုသော သတင်းကို ကြားသော် ကင်းဝန်မင်းကြီးသည် မချိပြုံး ပြုံးရှာလေသည်။ အခြေအနေအရပ်ရပ်ကို နားလည်သော ဝန်အိုကြီးသည် ငြိမ်းချမ်းရေး ယုံပ်ရန်သာ ဆန္ဒရှိသည်။ သူ့စကားကို ဘုရင်မင်းမြတ်က လက်မခံသော အခါတွင်ကား သူက စိတ်မသက်မသာနှင့် တစ်ကိုယ်တည်း မှတ်ချက်ချ၏။ "မြန်မာ့ထီးနန်း လိုက်ကာချ ဇာတ်သိမ်းရချိန်တော့ နီးပြီပေါ့"

ထိုအချိန်၌ ဗြိတိသျှတပ်များသည် ရှေ့သို့ ချီတက်မြဲ ချီနေကြသည်။ သူလျှိုအထောက်တော်များ၏ သတင်းပေးချက်အရ မြင်းခြံမှ နေ၍ မြန်မာတပ်များ ပြင်းပြင်းထန်ထန် ခုခံကြလိမ့်မည်ဟု သိထား၏။ မြင်းခြံမှ နေ၍ ခုခံကြမည့် မြန်မာတပ်များကို လှေသင်းအတွင်းဝန်ပင် ကွပ်ကဲမည်။

နိုဝင်ဘာလ ၂၄ ရက်နေ့တွင် နယ်ချဲ့ ဗြိတိသျှ သင်္ဘောတပ်စုသည် မြင်းခြံမြို့၏ မြင်ကွင်းသို့ ဝင်လာလေသည်။ သင်္ဘောပေါ်မှ နေလျက် မှန်ဘီလူးဖြင့် ကြည့်သောအခါတွင် မြန်မာတပ်သားတို့ကို မြင်ရ၏။ မြစ်ကမ်း တစ်လျှောက်တွင် တပ်မတော်သားများ စီတန်းလျက် မြင်ရသည်။ ယင်းတို့၏ နောက်ရှိ တောင်တန်းများပေါ်၌မူကား တပ်ဖွဲ့များကို မြင်ရ၏။ မြန်မာ့တပ်မတော် ဗိုလ်ချုပ်ကြီး၏ ရွှေထီးတော်မှာ နေရောင်တွင် တပြောင်ပြောင် တလက်လက် ဖြစ်နေပေသည်။

အင်္ဂလိပ်စစ်သားများနှင့် အိန္ဒိယတိုင်းရင်းသား စစ်သားများသည် မြန်မာတပ် ဆီသို့ ဦးတည်လျက် တိုက်ပွဲကို စတင်လေသည်။ ထိုညနေ၌ ၇၀ ပေါင်ဒါ အမြောက်ကြီးများသည် ပစ်မှတ်များ ဆီသို့ မုန်တိုင်းတျသလို ကျရောက်သွား၏။ ဗြိတိသျှတပ်မှ အရာရှိအချို့က နောက်တစ်နေ့ နံနက်တွင် မိမိတို့သည် မြင်းခြံမြို့ပေါ်သို့ တက်၍ လက်တစ်ကမ်း တိုက်ပွဲများကို ဆင်နွှဲရန် လိုသည်ဟု ယူဆသည်။ သို့သော် အများစုကမူ ထိုသို့ ဆောင်ရွက်ရန် မလိုဟု သဘောပေါက်၏။ အမြောက်ကြီးများ၏



ထိုးနှက်ချက်သည် ပစ်မှတ်များကို တည့်မတ်စွာ ကျရောက် ပေါက်ကွဲခဲ့လေပြီ ဖြစ်ရကား နောက်တစ်နေ့ နံနက်တွင် မြင်းခြံတပ်မှာ ဘာမှ ကျန်ရှိတော့မည် မဟုတ်ဟု ဆိုကြ၏။ သူတို့ ယူဆချက် မှန်သည်။ နောက်တစ်နေ့တွင် ဗြိတိသျှတပ်များ မြို့ပေါ် တက်သောအခါ တပ်စခန်းများ၌ လူ မရှိတော့ပေ။

မြင်းခြံတိုက်ပွဲမှ အမြောက်ပစ်သံများကို မန္တလေးနေပြည်တော်မှ ကြားရလေသည်။ ဗြိတိသျှတပ်များ ချီတက်လာနေပြီ ဖြစ်ကြောင်းကို သီပေါဘုရင် ကောင်းစွာ နားလည်သွားပေပြီ။ စုဖုရားလတ် မိဖုရားသည်ပင် အခြေအနေမှန်ကို သိသွားပြီ ဖြစ်၏။ မင်း မိဖုရားတို့ ဝန်းကျင်တွင် ခစားနေကြသူတို့မှာ ထိတ်လန့်တကြား ဖြစ်နေကြပြီ။

ဘုန်းတော် ကြီးမြတ်သော တို့အရှင်မင်းမြတ်သည် တို့ကို သူ့ကျွန် ဖြစ်မည့်ဘေးမှ ကယ်တင်နိုင်ပါတော့မလား. . . ပြီးတော့ နန်းပလ္လင်ရဲ့ အနာဂတ်ကကော ဘယ်လိုလဲ. . . ဘယ်လိုလဲ. . .။

သီပေါဘုရင်မင်းမြတ်မှာ ကြံရာမရ ဖြစ်နေပြီ။ မိမိအနေဖြင့် ကင်းဝန်မင်းကြီးကို ဆင့်ခေါ် တိုင်ပင်ရန်မှ တစ်ပါး အခြား လုပ်စရာ မမြင်ဟု သိလာ၏။ ထို့ကြောင့် ပ,ထုတ်ထားသော ကင်းဝန်မင်းကြီးကို ညီလာခံသို့ သွင်းစေ၏။ နိုင်ငံတော် တည်တံ့ရေးအတွက် အကြံပြုပါဦးဟု သီပေါဘုရင်မင်းမြတ်က မိန့်ကြားတော်မူ၏။ စုဖုရားလတ် မိဖုရားသည်ပင် မိမိ ပြောထား ဆိုထားသော ရုန့်ရင်းသည့် စကားလုံးတွေကို မေ့ဝစ်လိုက်ပြီး ဘုရင်မင်းမြတ် ကဲ့သို့ပင် ကင်းဝန်မင်းကြီးကို ချဉ်းကပ် စကားဆိုခဲ့သည်။ "ကယ်နိုင်ရင် ကယ်ပါဦး။ ရွှေမြို့တော်နှင့် နန်းပလ္လင်ရဲ့ အကြမ္ဘာကို ကယ်တင်နိုင်ဖို့ ဆောင်ရွက်စမ်းပါဦး"

ကင်းဝန်မင်းကြီးက ထောက်ပြသည်။ ယခုအချိန် ရောက်မှတော့ နောက်ါလည်း ကျွမ်း၊ ဆေးလည်း ခန်းပြီ'။ အချိန်လွန်လေပြီ။ ဗြိတိသျှတပ်တွေ နောက်ကြောင်း ပြန်သွားအောင် လုပ်ရန်ကား မလွယ်ကူတော့ပြီ။ သို့သော် တစ်ခုတော့ရှိ၏။ ဗြိတိသျှတို့ တောင်းဆိုထားသမျှတို့ လိုက်လျော

www.burmeseclassic.com

www.burmeseclassic.com



ဝါမည်ဟု ဘုရင်မင်းမြတ်က ကတိပေးလျှင်ကော၊ ဘယ်လိုနေမလဲ။ သည်အခြေအနေ ရောက်မှ ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်နှင့် ကုလားဖြူ တပ်ဖွဲ့များသည် ရှေ့မတိုးဘဲ ရပ်နေပါ့မလား. . . ။

သံသယဖြစ်စရာတော့ ရှိနေ၏။

သီပေါဘုရင်မင်းမြတ်သည် ညီလာခံသို့ တက်လာကြသော ဝန်ကြီး ဝန်ငယ်တွေကို တစ်ဦးစီ လှောက်ကြည့်၏။ "သူတို့ မျက်နှာတွေ ကြည့်ရတာ မိမိအဖို့ ဘာမှ အသုံးကျမည့်ပုံ မပေါ်ကြောင်း" နားလည် လိုက်သည်။ သတ္တိကောင်းလှသော တိုင်တားမင်းကြီးသည်ပင်လျှင် ညှိုးညှိုးငယ်ငယ်ဖြင့် ငြိမ်ရှာနေလေသည်။

ဘယ့်နှယ်လဲ အားလုံး အလျှော့ပေးလိုက်ရမှာထက် ပိုပြီး ဘာများ အကြံပေးနိုင်ဦးမလဲ။ ကင်းဝန်မင်းကြီး မကြံတတ်တော့ဘူးလား။

ကင်းဝန်မင်းကြီးက ပြုံးရုံမျှ ပြုံးတော့သည်။ ရန်သူတို့မှာ အောင်မြင်သော ကျူးကျော်သူတို့ ဖြစ်နေပါပြီ။ သူတို့ အလိုဆန္ဒကို လိုက်လျောရုံမှ လွဲ၍ အခြား မျှော်လင့်ချက် ဆို၍ ဘာမှ မရှိတော့ပြီ၊ ယင်းအချက်ကိုသာ လျှောက်တင်ရပေသည်။

နောက်ဆုံးတွင် ဘုရင်နှင့် မိဖုရားတို့သည် တစ်ဦးနှင့် တစ်ဦး အကြည့်ချင်း ဖလှယ်ကြပြီး ဘုရင်က ကင်းဝန်မင်းကြီးကို တာဝန် လွှဲအပ် လိုက်လေတော့သည်။

"ကုလားဖြူတို့နှင့် စေ့စပ်ရေးအတွက် လိုအပ်သည်ဟု ယူဆသော လုပ်ရပ်များကို လုပ်ပိုင်ခွင့်ရှိစေ၊ နန်းပလ္လင်ကို ကာကွယ်ရန်နှင့် နေပြည်တော်တွင်းသို့ ကုလားဖြူတပ်များ ရောက်မလာစေရအောင် ကင်းဝန်မင်းကြီး သင့်လျော်သည် ထင်သလို ဆောင်ရွက်စေ"

ဤသို့ ဘုရင့် အမိန့်တော် ထုတ်ပြန်ပြီးနောက် မြန်မာ့ရေတပ်မှ လှေတစ်စင်းသည် အလံတလူလူ လွှင့်လျက် ဧရာဝတီမြစ်ကို စုန်ဆင်း သွား၏။ ထိုလှေတွင် အင်္ဂလိပ်ရေတပ်မတော် စစ်ဦးစီးမှူးထံသို့ လိပ်မူ ထားသော ကင်းဝန်မင်းကြီး သဝဏ်လွှာ ပါရှိလေသည်။



ထိုသဝဏ်လွှာ၌ "မြန်မာနိုင်ငံတော် အစိုးရသည် အင်္ဂလိပ်ပြည်သူ တို့နှင့် ချစ်ကြည် ရင်းနှီးလိုကြောင်း၊ ယခုကဲ့သို့ မိတ်ဆွေ မပီသဘဲ ကျူးကျော် တိုက်ခိုက်လာခြင်းအတွက် များစွာ စိတ်မကောင်း ဖြစ်မိ ကြောင်း၊ အင်္ဂလိပ်အစိုးရ ထံမှ ပေးပို့သော ရာဇသံပါ အချက်အလက် များ အားလုံးကို မြန်မာဘုရင်မင်းမြတ်က သဘောတူ လိုက်လျောမည် ဖြစ်ကြောင်း" စသော အချက်များကို အဓိကထား၍ ဖော်ပြထားသည်။

မြန်မာ အစိုးရအရာရှိ နှစ်ဦး ပါဝင်သော လှေတော်သည် မန္တလေး နေပြည်တော် အောက်ဘက် မိုင် ၂၀ ခန့် အကွာ ဧရာဝတီမြစ် အတွင်း၌ ရှိနေသော ဗြိတိသျှတပ်ဖွဲ့များ ဆီသို့ အထက်ပါ သဝဏ်လွှာကို ယူဆောင်သွားရာ ဗြိတိသျှတပ်မှ ကာနယ်စလေဒင်က သဝဏ်လွှာကို လက်ခံယူလေသည်။

သို့သော် ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်၏ ပြန်ကြားချက်မှာ အားရစရာ မရှိပေ။ "မြန်မာဘုရင်မင်းမြတ်နှင့် မြန်မာ့ တပ်မတော်က လက်နက်ချ အညံ့ခံမည် ဆိုလျှင်၊ ထို့ပြင် မန္တလေးနေပြည်တော်ရှိ ဗြိတိသျှ သံအဖွဲ့အား ဘေးအန္တရာယ် တစ်စုံတစ်ရာ မရှိ တွေ့မြင်ရလျှင် ဘုရင် မင်းမြတ်၏ အသက်အန္တရာယ် မရှိရန် ကတိပြုကြောင်း၊ ဤအချက်တို့ သဘောတူလျှင် နောက်တစ်နေ့ နံနက် လေးနာရီ မထိုးမီ အကြောင်းပြန် ရမည် ဖြစ်ကြောင်း၊ သို့မဟုတ်လျှင် ဗြိတိသျှတပ်များသည် အစီအစဉ် အတိုင်း မန္တလေးနေပြည်တော်ကို သိမ်းပိုက်ရန် ချီတက်ရလိမ့်မည် ဖြစ်ကြောင်း" ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်က ဤသို့ ပြန်ကြားလေသည်။

မြန်မာအရာရှိများသည် ထိုပြန်ကြားချက်ကို မြန်မာဘုရင်မင်းတရား ထံသို့ ကြေးနန်းဖြင့် ပို့ကြလေသည်။ ဗြိတိသျှစစ်တပ်သည် တစ်ဘား ရှစ်ထောင် ရှိသော အင်းဝခံတပ်ကို တိုက်ခိုက်ရန်အတွက် အသင့် ပြင်ထားကြောင်း သတင်းကိုလည်း တစ်ပါတည်း ပို့လိုက်၏။ ထို့နည်း ဗြိတိသျှ သင်္ဘောတစ်စုသည် အင်းဝခံတပ်၏ အောက်ဘက် ခုနစ်မိုင် အကွာတွင် စခန်းချကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက် လင်းသည်အထိ သီပေါဘုရင်မှ ပြန်ကြားစာတို့ ဗြိတိသျှတပ်က မရချေ။ ဤတွင် တိုက်ပွဲစရန် ဗြိတိသျှတပ်က အမိန့်ထုတ်လိုက်၏။ ထိုခဏတွင် မြန်မာ့ လှေတော်တစ်စင်း အလျင်အမြန်ပေါ်လာပြီး ဘုရင်မင်းမြတ် ထံမှ ကြေးနန်းစာကို ပေးအပ်လေသည်။

"မြန်မာဘုရင်မင်းမြတ်နှင့် တပ်မတော်သည် အကြွင်းမဲ့ လက်နက်ချအညံ့ခံလိုက်ပြီ" ဖြစ်ပါသတည်း။

သို့သော် သည်ဇာတ် သည်တွင် မသိမ်းပေ။

အင်းဝခံတပ်မှ မြန်မာ့တပ်မတော်သည် လက်နက်ချ အညံ့ခံလိုက်ရန် ဘုရင်မင်းမြတ် ထံမှ အမိန့်ကို အာဏာဖီဆန်လေသည်။ ဆယ့်တစ်မိုင် ကွာဝေးသော မန္တလေးနေပြည်တော်နှင့် အင်းဝခံတပ်တို့ အကြားတွင် ကြေးနန်း အသွား အပြန် ရိုက်နေကြ၏။ သီပေါဘုရင်မင်းမြတ်က မိမိ၏ ဩဇာကို နာခံပြီး လက်နက်ချလိုက်ရန် လူယုံတော်လွှတ်၍ အမိန့်စာ ပို့ပြန်သည်။ ယင်း အမိန့်စာ ရောက်ပြီး မကြာမီတွင် မြန်မာ့တပ်မတော်သားများသည် ခံတပ်ကို စွန့်ပြီး ကျေးလက်ဒေသသို့ ဆုတ်ခွာသွားကြလေသည်။ ဗြိတိသျှ တပ်မတော်သည် ခံတပ်ကို စီးမိရန် ကြိုးပမ်းသေး၏။ သို့သော် နောက်ကျသွားလေသည်။

သူ့ကျွန် မခံလိုသော မြန်မာ့တပ်မတော်သားတို့သည် လက်နက်များနှင့် အတူ ထွက်ခွာ လွတ်မြောက်သွားပါပြီ။

ဗြိတိသျှစစ်တပ်သည် အင်ဝခံတပ်နှင့် တစ်ဖက်ကမ်းရှိ စစ်ကိုင်းခံတပ်များရှိ လက်နက်ကြီးများကို ဖြုံချ ဖျက်ဆီးလိုက်၏။

အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲကား ပြီးဆုံးသွားလေပြီ။ အခုအခံအတားအကွယ် မရှိတော့သော မန္တလေးနေပြည်တော်သည်ကား ရှေ့သို့မိုင် အနည်းငယ် ချီရုံဖြင့် ရောက်ပေတော့မည်။

●

## လက်နက်ချပြီ

ဟိန်း၍ ထွက်ပေါ်လာသော အမြောက်ပစ်သံများသည် သီပေါဘုရင်၏နားတွင် အသုဘ ဆိုင်းတီးသံများကဲ့သို့ ကျက်သရေမင်္ဂလာ မဲ့နေပေသည်။ နန်းမြို့ရိုးအတွင်း၌ စံမြန်းနေရသော ဘုရင်မင်းမြတ်သည်ကုလားဖြူစစ်တပ် လက်တွင်းသို့ ကျရောက်ရမည့် အရေးကို တွေးပြီးထောင်ချောက်တွင်းသို့ ကျလုဆဲဆဲ သားကောင်ပမာ စိုးရိမ် ထိတ်လန့်လျက် ရှိတော့၏။

ယခုအခါတွင် နန်းတော်အဆောင် အသီးသီးဝယ် သာယာနာပျော်ဖွယ် တေးဂီတသံများကို မကြားရတော့ပြီ။ လှပသော ကချေသည်မကလေးများနှင့် လူရွှင်တော်တို့သည်လည်း ပျောက်ကွယ်သွားလေပြီ။ နန်းတော် အဆောင်များတွင် ခစားနေကျ ဖြစ်သော လုပ်မှုတော်နှင့် အပျိုတော်များသည်ပင် ခပ်ကျဲကျဲသာ တွေ့ရတော့၏။ နန်းတော်ကြီးတစ်လုံးမှာ စိုးရိမ် ပူပန်စိတ်များဖြင့် လွှမ်းခြုံနေလေပြီ။

စုဖုရားလတ် မိဖုရားသည် စက်ရာသလွန်မှ ခပ်စောစော[illegible] နိုးတော်မူနေ၏။ ယခင် ရက်များတုန်းကတော့ မိဖုရားသည် မိမိ[illegible] နေပြည်တော် လုံခြုံရေးအတွက် မျှော်လင့်ချက်များ ထားရှိခဲ့[illegible] နယ်ချဲ့ကုလားဖြူတွေကို မုန်းတီးနေသော စိတ်အား ထိန်း[illegible]

www.burmeseclassic.com

www.burmeseclassic.com



ရတား ဒင်းတို့ကို နိုင်ငံတော် ပြင်ပဆီ မောင်းထုတ်ကြမယ်ဟုလည်း ရဲရဲဝံ့ဝံ့ ဟစ်ကြွေးနေခဲ့သည်။ ယခု နောက်ဆုံးအချိန် နံနက် ၁၁ နာရီအထိပင် စုဖုရားလတ် မိဖုရားသည် မျှော်လင့်ချက် ထားတုန်းထားဆဲဖြစ်၏။ ဘုရင်မင်းမြတ်နှင့် မိမိတို့၏ လုံခြုံရေးအတွက် အခွင့်ထူးတစ်စုံတစ်ရာ ပေါ်လာလေဦးမလား။

ထိုအတွင်း သတင်း ရောက်လာ၏။ ပဟိုရ်စင် ထိပ်ဖျားမှ မျှော်ကြည့်လျှင် အင်္ဂလိပ် စစ်သင်္ဘောများ မြစ်ထဲတွင် ဆန်တက်လာသည်ကို မြင်ရသတဲ့။

စုဖုရားလတ် မိဖုရားက မယုံပါ။ ပဟိုရ်စင်ပေါ်က အမှုထမ်း မဟုတ်မဟတ် ပြောနေတာ ဖြစ်မည်။ "နေနှင့်ဦး... ကိုယ်တိုင်တက်ကြည့်မည်။ ပြောသလို မဟုတ်ရင်တော့ သင်းတို့ကို အပြစ်ဒဏ်ပေးရဦးမှာပေါ့။ ရန်သူ့ သင်္ဘောတွေကို မြင်ရမှာ မဟုတ်ပါဘူး"

စုဖုရားလတ် မိဖုရားသည် ကြားရသော သတင်းကို မယုံရကား ပဟိုရ်စည်စင်ပေါ်သို့ ကိုယ်တိုင် တက်ရောက်၍ ကြည့်လေသည်။ သူနှင့်အတူ အပျိုတော်အချို့ လိုက်ပါသွား၏။ သူသည် ပဟိုရ်စင် လှေကားကို တစ်ထစ်ချင်း နင်း၍ တက်သွားခဲ့သည်။

ပဟိုရ်စင်ပေါ် ရောက်၍ ငွေလွှာသင်ဖြူး ခင်းထားသော ဧရာဝတီမြစ်အတွင်းသို့ မျှော်ရှုလိုက်သော အခါတွင်ကား... သင်္ဘောတွေ... ရန်သူ့သင်္ဘောတွေ... ဆိပ်ကမ်းသို့ တဖြည်းဖြည်း ကပ်လာနေကြလေပြီ။

မိဖုရားသည် ချက်ချင်းပင် ပြန်လှည့်၍ ဆင်းလာ၏။ အပျိုတော်များသည် လေးစားမှု ပေးဆက်သည့် သဘောဖြင့် နောက် ခပ်ခွာခွာမှ လိုက်ဆင်းလာကြသည်။

"သွားပြီ... မျှော်လင့်ချက် မရှိတော့ပါကလား... အဏာအကွယ် ဆိုလို့ ဘာမှ မရှိတော့ပါကလား"



မိဖုရားသည် မြေပြင်တွင် ပုံလျက်သား ကျသွားရှာ၏။ ဝမ်းနည်းကြေကွဲစွာဖြင့် ငိုရှိုက်သံ တစ်ချက် ထွက်လာသည်ကို ကြားရသည်။ နိုင်ငံတော် ပြိုကွဲရခြင်းအတွက်၊ သီပေါဘုရင်မင်းမြတ် ရွှေထီးရွှေနန်း လက်လွှတ် ဆုံးရှုံးရခြင်းများအတွက် မိဖုရားသည် မိမိကိုယ်ကိုသာ အပြစ်ဖို့နေမိလေသည်။

ခဏအကြာတွင် မိဖုရားသည် ခြေစုံ ထရပ်၏။ ပြေလျော့ကျနေသော ဆံပင်ကို ပြန်၍ ထုံးလိုက်သည်။ ထို့နောက် မိမိ အဆောင်တော်ရှိရာသို့ ပြန်ကြွလာခဲ့၏။ ဤဖြစ်ရပ်ကား စုဖုရားလတ် အနေနှင့် ပထမဆုံးနှင့် နောက်ဆုံး မာန်လျှော့ချိန်တည်း။

ထို့နေ့ နံနက်တွင် ခပ်စောစော နိုးနေသူ တစ်ဦး နောက်ထပ်ရှိသေးသည်။ သင်္ဘောကိုယ်စားလှယ် အီတလီအမျိုးသား အင်ဒရီနိုဖြစ်၏။ သူသည် ယနေ့အဖို့ လုပ်ဆောင်စရာတွေ များလှစွာ၏။ သူ့အနေဖြင့် စိုးရိမ်သောက ကြီးစွာဖြင့် စောင့်ဆိုင်းနေရသော နေ့ရက်ကား ပျော်ပျော်ကြီး ရောက်ရှိခဲ့လေပြီ။ မိမိ နောက်ဆုံး ပို့လိုက်သော သတင်းမှာ တာနယ်စလေဒင် ထံသို့ သေချာပေါက် ရောက်ရှိသွားပြီး ဖြစ်ပေလိမ့်မည်။

သို့သော် ဗြိတိသျှတပ်များ ကမ်းပေါ်သို့ တက်ရောက်နေစဉ်ဝယ် ဖြစ်ရပ်အားလုံးကို မိမိ သိရှိထားရန် လိုအပ်သည်။ ယနေ့ နံနက်တွင်ပင် မိမိထံ သတင်းတစ်ရပ် ရောက်ရှိလာ၏။ သီပေါဘုရင်နှင့် သူ၏ အရေးပါသော အစိုးရအဖွဲ့ဝင်များသည် နေပြည်တော်မှ ရှောင်ခွာသွားကြလိမ့်မည်။ ဘုရင်မင်းမြတ်နှင့် နောက်ပါများအတွက် ဆင်များ အသင့်ထားရှိပြီး ဖြစ်သည်။ ပထမခရီး အနေဖြင့် ရွှေဘိုသို့ ထွက်ကြလိမ့်မည်ဟူ၍ သို့ သတင်းက အခိုင်အမာ ဆို၏။

သို့သော် အင်ဒရီနို၏ သူလျှိုများ ထပ်မံ စုံစမ်းရာ အထက်ပါ သတင်းမှာ မမှန်ချေ။ ဘုရင်နှင့် မိဖုရားတို့သည် နန်းတော်အတွင်း၌

www.burmeseclassic.com

www.burmeseclassic.com



စံနေတော်မူကြဆဲ ဖြစ်သည်။ နေပြည်တော် တစ်ခုလုံး လှုပ်ရှားမှု မရှိတုလည်း သူလျှိုတွေက အင်ဒရိုနီကို အာမခံလေသည်။

နံနက် ၁၁ နာရီတွင် ဗြိတိသျှတပ်များသည် မန္တလေးနေပြည်တော် ဆိပ်တမ်းသို့ ဆိုက်ရောက်ကြ၏။ သို့သော် ကင်းဝန်မင်းကြီး ရောက်လာမည် ဆို၍ အနည်းငယ် နှောင့်နှေး ကြန့်ကြာသွားရ၏။ ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်နှင့် ကင်းဝန်မင်းကြီးတို့ အရင် ပထမ တွေ့ဆုံပြီးမှသာလျှင် နေပြည်တော်ကို ဗြိတိသျှတပ်များ သိမ်းယူရန် စီစဉ်ထားသည်။

သို့သော် ကင်းဝန်မင်းကြီး နောက်ကျနေသောကြောင့် သူ့အကူအညီ မပါဘဲ နေပြည်တော်ကို သိမ်းယူရန် စီစဉ်ရပေသည်။

ဗြိတိသျှတပ်မဟာသည် ဘင်သံ တညံညံဖြင့် နေပြည်တော်တွင်းသို့ လမ်းမကြီးအတိုင်း ချီတက်လာလေ၏။ သူတို့ဘေးက ခွေးတွေ လိုက်ဟောင်နေသည်။ တပ်မဟာကို ဦးစီးလာသူမှာ ကာနယ်စလေဒင် ဖြစ်၍ သူနှင့်အတူ စကားပြန် မစ္စတာနီကိုလပ်စ်၊ ရောဝတီဖလုတ်တီလာ သင်္ဘောကုမ္ပဏီမှ ကပ္ပိတန်မော်ဂန်လည်း ပါလာ၏။ မော်ဂန်မှာ နေပြည်တော်အတွင်းနှင့် နန်းဆောင်များတွင် လမ်းခရီး ကျွမ်းကျင်သူ ဖြစ်သောကြောင့် သူ့ အကူအညီကို ယူရသည်။ ဘုရင်မင်းမြတ်နှင့် အမြန်ဆုံး သွားရောက် တွေ့ဆုံနိုင်ရန် မော်ဂန်က ကူညီနိုင်ပေမည်။

ကာနယ်စလေဒင်နှင့် အဖွဲ့သည် နန်းမြို့အတွင်းသို့ ဝင်လာကြ၏။ နန်းမြို့တံခါးဝတွင် သီပေါဘုရင်၏ အစောင့်တပ်သားများ စောင့်ကြပ်နေကြဆဲ ဖြစ်သည်။ သို့သော် သူတို့သည် စလေဒင်နှင့် အဖွဲ့ကို နန်းမြို့တွင်း မဝင်ရန် တားဆီးသမှု မပြုကြပေ။

ယခုအခါတွင် ဗြိတိသျှတပ်ဦးမှ ထွက်ပေါ်လာသော စစ်ခရာသံသည် အဝေးတွင် ကျန်ခဲ့ပြီ ဖြစ်၏။ စလေဒင်နှင့် သူ့အဖွဲ့သည် နန်းတော်ဆောင် အတွင်းသို့ ရောက်လာကြလေသည်။

အရှေ့တံခါးတွင် ကင်းဝန်မင်းကြီးနှင့် စလေဒင်တို့အဖွဲ့ တိုးမိကြပြီး ကင်းဝန်မင်းကြီးသည် စလေဒင်နှင့်အတူ နန်းဆောင်ထဲသို့ လိုက်ပါလာ



လေသည်။ စောစောကတော့ ကင်းဝန်မင်းကြီးသည် [illegible] စလေဒင်တို့ အဖွဲ့ကို နန်းမြို့ထဲတွင် လိုက်ရှာနေခဲ့၏။

ယခုတော့ ကင်းဝန်မင်းကြီးက စလေဒင်ကို ရှင်းလင်း ပြောပြနေ၏။ ဘုရင်မင်းမြတ်သည် စလေဒင်တို့ အဖွဲ့ကို ချက်ချင်း လက်ခံ တွေ့ဆုံမည်။ ထို့ပြင် လောလောဆယ် အချိန်အတွင်း နန်းတော်အတွင်းသို့ ဗြိတိသျှတပ်ဖွဲ့များ ဝင်ရောက်လာခြင်း မပြုရန်လည်း ကင်းဝန်မင်းကြီးက မေတ္တာရပ်ခံလေသည်။ စလေဒင်က ကင်းဝန်မင်းကြီး မေတ္တာရပ်ခံချက်ကို စာတစ်စောင် ရေးပြီး ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ် ထံသို့ ပို့လွှတ်လိုက်၏။

ကာနယ်စလေဒင်နှင့် အဖွဲ့သည် သီပေါဘုရင်၏ ညီလာခံနန်းမဆောင်သို့ ဝင်ရောက်လာ၏။ သို့သော် သူသည် ယခင်အကြိမ်များက သူ ဝင်ရောက် ခစားခဲ့တုန်းကလို ရှူးဖိနပ်ကို မချွတ်တော့ပြီ။

သီပေါဘုရင်သည် သီဟာသနပလ္လင်ထက်ဝယ် စံနေတော်မူနေ၏။ ဤသည်ကား မြန်မာနိုင်ငံ၏ သက်ဦးဆံပိုင် ဘုရင်မင်းမြတ် တစ်ပါးအနေဖြင့် နန်းပလ္လင်ထက်ဝယ် နောက်ဆုံး စံမြန်းခြင်းပင်တည်း။

ဘုရင်မင်းမြတ်သည် စိုးရိမ် ထိတ်လန့်နေသော မျက်လုံးများဖြင့် စလေဒင်ကို လှမ်းကြည့်နေသည်။ ထို့နောက် မိမိကိုယ်ကို တည်ငြိမ်မှု ရှိအောင် ထိန်းသိမ်းရန် ကြိုးစားသည့် အနေဖြင့် ဆေးပေါ့လိပ် တစ်လိပ်ကို ကောက်ယူ၍ ပါးစပ်သို့ ထိလိုက်၏။ သို့သော် သီပေါဘုရင်၏ လက်ချောင်းများသည် တုန်ခါလျက် ရှိနေပေသည်။ စုဖုရားလတ် မိဖုရားသည် ဘုရင်မင်းမြတ်၏ ဘေး၌ ရှိနေ၏။ လက်ဝတ်ရတနာများ [illegible] ဆင်ယင်ထားသော မိဖုရား၏ အမူအရာမှာ ယခုအခါ၌မူ [illegible] ခပ်တင်းတင်း ခပ်မာမာပင် ရှိနေသည်။ နန်းတော်ညီလာခံ [illegible] သို့ ရောက်နေသော စလေဒင်ကို မိဖုရားက သာမန် [illegible] ထက် ပို၍ အသိအမှတ်ပြုလိုဟန် မရှိပေ။ မိဖုရားသည် ဘုရင်မင်းမြတ်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး ရဲရဲရင့်ရင့် နေထိုင်ရန် တီးတိုး အားပေးစကား ပြောနေသည်။

နန်းတော်စောင့် တပ်သားများသည် ညီလာခံဆောင် အတွင်း၌ ဖြန့်ကြက်၍ တာဝန် ထမ်းဆောင်နေ၏။ ဝန်ကြီး အနည်းငယ်မျှနှင့် လတ်သုံးတော် အမှုထမ်း အချို့သည်သာလျှင် ဘုရင့် ရွှေဖဝါးတော်မြတ်ထို ဦးခိုက် ဝပ်တွားလျက် ရှိ၏။ သီဟာသနပလ္လင်ရှေ့တွင် ရှုးဖိနပ်စီးလျက် ရပ်နေသော စလေဒင်သည် ညီလာခံ၏ အသက်မဝင်သည့်ဟန်ကို သတိပြုမိလေသည်။ ဘုရင်မင်းမြတ်သည် ဖိုးရိမ် ထိတ်လန့်လျက်၊ မိဖုရားက တိုးတိုးတိတ်တိတ် အားပေးစကား ပြောနေလျက်၊ မိဖုရား၏ မယ်တော် ဆင်ဖြူမရှင် မိဖုရားသည် နန်းပလ္လင်၏ ဘေးတွင် စံမြန်းနေပြီး မိမိထံသို့ အရောင်တလက်လက် ထွက်သော မျက်လုံးအစုံဖြင့် ကြည့်ရင်းဒေါသအမျက် ချောင်းချောင်းထွက်လျက် . . .။

ဤအခြေအနေကို ကြည့်ပြီး မိမိနှင့် ဘုရင်မင်းမြတ် တွေ့ဆုံမှုကို အချိန်အနည်းငယ်နှင့် ပြီးစီးအောင် ဆောင်ရွက်သင့်ကြောင်း စလေဒင်နားလည်သွားသည်။

ဘုရင်မင်းမြတ်က မိမိနှင့် နိုင်ငံတော်သည် ခွင်းချက်မရှိ လက်နက်ချသော်လည်း မိမိအနေဖြင့် နေပြည်တော်မှ ယခု ထွက်ခွာခြင်း မပြုလိုသေး။ အချိန်ယူပြီး ပြင်ဆင်မှုများ ပြုလုပ်ပြီးမှ ခရီးသွားလိုကြောင်း မိန့်ကြားလေ၏။

ဘုရင်မင်းမြတ်၏ ဆန္ဒကို စလေဒင်က မလိုက်လျောနိုင်ပေ။ သူ့အနေဖြင့် အတတ်နိုင်ဆုံး ပြောနိုင်သည်မှာ ဘုရင်မင်းမြတ်ကို ယနေ့ချက်ချင်း ခေါ်ဆောင်သွားမည် မဟုတ်ကြောင်း၊ ယနေ့ည အဖို့ ဘုရင်မင်းမြတ်သည် နန်းတော် အတွင်း၌သာ စံမြန်းနေရန် လိုကြောင်းဖြင့် လျှောက်တင်လေ၏။

ထို့နောက် စလေဒင်သည် ဘုရင့် ညီလာခံမှ ထွက်ခွာလာပြီး ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ် ထံသို့ ပြန်လာခဲ့လေသည်။ နန်းမြို့ အပြင်မှ



နေ၍ ဗြိတိသျှဗိုလ်မှူးချုပ် ပိုက် ဦးစီးသော တပ်များက ဝိုင်းရံ စောင့်ကြပ်နေမည် ဖြစ်ပြီး နန်းမြို့အတွင်းသို့ တပ်များ ဝင်ရောက်ခြင်း မပြုကြသေး။

ညဉ့်မရောက်မီ အချိန်တွင် ဝန်ကြီးအချို့က ကာနယ်စလေဒင်ထံ သွားရောက်၍ မိဖုရားကြီး၏ အပျိုတော်များကို နန်းတော်တွင်းမှ ထွက်ခွာခွင့် ပြုရန်နှင့် ပြင်ပမှ အပျိုတော်များကို မိဖုရားကြီးထံ အခစား ဝင်ခွင့်ပြုရန် မေတ္တာရပ်ခံချက်ကို စစ်ဦးစီးမှူး ပရင်းဒါးဂတ်စ်ထံ တင်ပြ၏။

ထိုအချိန်က ကောလာဟလ သတင်းတစ်ရပ် ဖြစ်နေသည်။ သီပေါဘုရင်မင်းမြတ်သည် ရွှေဘိုသို့ ထွက်ခွာသွားလိမ့်မည်။ ရွှေဘိုမှာ အလောင်းမင်းတရား၏ မွေးရပ်ဌာနီ ဖြစ်ပြီး အလောင်းမင်းတရား၏ အနွယ်တော်များ စုစုဝေးဝေး ရှိနေရာ ဒေသဖြစ်သည်။ သီပေါဘုရင်မင်းမြတ်သည် ရွှေဘိုတွင် လူစု၍ မိမိ၏ နိုင်ငံတော် ပြန်လည် ရှင်သန်ရေးကို ကြိုးပမ်းလိမ့်မည် ဟူ၏။

ဤသတင်းကို ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်က ဝန်ကြီးများအား ပြန်ပြော၏။ ဘုရင်မင်းမြတ်သည် အပျိုတော် ကဲ့သို့ ဝတ်ဆင်၍ နန်းတော်တွင်းမှ ထွက်ခွာသွားရန် အရေးမှာ မခက်လှဟုလည်း ဗိုလ်ချုပ်ကြီးက ပြန်ပြောလေသည်။ နောက်ဆုံး၌ ဝန်ကြီးများက နန်းတော်အတွင်း၌ ဝင်ထွက်ခြင်း ပြုမည့် မိန်းမများကို အစောင့်များက တစ်ဦးစီ ဂရုစိုက် ရှာဖွေလျှင်ကောဟု စောဒက တက်လေသည်။

ဤတွင်မှ ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်က သဘောတူလိုက်လေသည်။ သို့သော် ဘုရင်မင်းမြတ် လုံခြုံစွာ ရှိနေရေးအတွက် ဝန်ကြီးများက တာဝန်ယူရမည် ဖြစ်ကြောင်း ပြန်၍ ချည်ပြန်သည်။ ထို့နောက် နန်းတွင်းသူတို့ ဝင်ထွက် သွားလာရေးကို ခွင့်ပြုလိုက်လေသည်။

ဗိုလ်မှူးချုပ် ပိုက်၏ တပ်များက နန်းတော်ကို ဝိုင်းထားလျက် ရှိစဉ် ကျန်တပ်ဖွဲ့များသည် သဘောဆီသို့ အိပ်စက် နားနေရန် ပြန်ကြလေ၏။

●

www.burmeseclassic.com

www.burmeseclassic.com

## ထွက်တော်မူ နန်းက ဆွာပြီ

မန္တလေးနေပြည်တော်တွင် နောက်ဆုံး စံနေခဲ့ရသော ထိုညမှာ သီပေါဘုရင်မင်းမြတ်နှင့် မိဖုရား စုဖုရားလတ်တို့အတွက် မေ့ရတ်နိုင်စရာမရှိသော ညတစ်ည ဖြစ်ခဲ့သည်။

ဘုရင်နှင့် မိဖုရားတို့သည် မိမိတို့၏ စက်ရာခန်းဆောင်တွင် စံမြန်းနေကြစဉ်ဝယ် အပြင်ဘက်မှနေ၍ တိုင်တားမင်းကြီးနှင့် ဘုရင့် ကိုယ်ရံတော်တပ်သားများက စောင့်ကြပ်လျက် ရှိ၏။

အရှင်နှစ်ပါးတို့၏ ရံရွေတော်များ အနေနှင့်မူ နန်းတော်ကို စွန့်ခွာသွားသူက သွားကြပြီ။ နောက်တစ်နေ့ နံနက်လင်းသော အခါတွင် နန်းတော်တွင်းရှိ ဦးရေ တစ်ရာခန့်ရှိသော အပျိုတော်၊ ရံရွေတော်များထဲမှ နှစ်ကျိပ်ခန့်မျှသာ ကျန်တော့သည်ကို တွေ့ရ၏။

ဗြိတိသျှဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်၏ အမိန့်အရ နန်းတွင်းသူတို့သည် နန်းတော်ကို စွန့်ခွာသွားကြခြင်း ဖြစ်၏။ သို့သော် သူတို့သည် လက်ချည်းသက်သက် သွားကြခြင်းကား မဟုတ်ပေ။ ဘုရင်နှင့် မိဖုရားတို့ စံမြန်းနေသော အဆောင်တွင်းသို့ ဝင်ရောက်ရန် မဝံ့ရဲကြသည် ဖြစ်ရကား အပြင်ဘက်ရှိ အဆောင်ဆောင် အခန်းခန်းတွင် ဆင်ယင်ထားသော အဖိုးတန် ကျောက်မျက်ရတနာများ၊ အခြား [illegible]ခံသော

www.burmeseclassic.com

www.burmeseclassic.com



များနှင့် လူတစ်နိုင် ဆွဲကိုင် ယူသွားနိုင်သော ပစ္စည်းများကို သူတို့နှင့်အတူ သယ်ယူသွားကြလေသည်။

နန်းတွင်းသူများ နန်းမြို့ အပြင်သို့ ရောက်သည်နှင့် သူတို့ ရရှိခဲ့ကြသော ဝတ္ထုပစ္စည်းများနှင့် ပတ်သက်သည့် သတင်းများသည် အများပြည်သူတို့ အကြားတွင် ပျံ့နှံ့သွားခဲ့၏။ ဤတွင် နွမ်းပါးသော ရပ်ကွက်များမှ အမျိုးသမီးအချို့သည် မကြာမီ နန်းတော်တွင်းသို့ ဝင်ရောက်လာကြပြီး နန်းတော်အတွင်းမှ ရနိုင်သရွေ့ ပစ္စည်းများကို သယ်ယူရန် အားထုတ်ကြပြန်သည်။

နန်းမြို့ အပြင်မှ စောင့်ကြပ်နေကြသော တပ်သားများ အနေနှင့်တား နန်းတော်သူတို့ ဝင်လိုက် ထွက်လိုက် လုပ်နေသော တံခါးဝတွင် နန်းသူနှင့် အရပ်သူကို ခွဲခြားရန် မလွယ်ကူပေ။

ထိုအချိန်တွင် သီပေါဘုရင်နှင့် မိဖုရားတို့မှာ တိုင်တားမင်းကြီးနှင့် ရဲဘော်များ၏ အစောင့်အရှောက် ကောင်းသဖြင့် ဘေးမသီ ရန်မခ ရှိနေကြသော်လည်း နန်းတွင်းသို့ မီးတိုင်တကားကားဖြင့် ဝင်ရောက် လုယူရှားနေကြသော အရပ်သူများကိုမူ မြင်ရလေသည်။ သူတို့၏ ကျယ်ကျယ်လောင်လောင် စကားပြောသံများ၊ ရယ်မောသံများသည် နန်းတော်ဆောင်များ၌ မကြားချင်အဆုံး ဖြစ်နေတော့၏။

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူသော ဘုရင်မင်းမြတ်နှင့် မိဖုရားတို့မှာ ဤမြင်ကွင်းကို လက်ပိုက်ကြည့်နေရုံမှ အပ မည်သို့မျှ တားဆီး ကန့်ကွက်ခြင်း မပြုနိုင် ဖြစ်နေသည်။ နောက်ဆုံးတွင် ဘုရင့်အမိန့်တော်ကြောင့် တိုင်တားမင်းကြီးသည် ကာနယ်စလေဒင်ကို သွားရောက် ရှာဖွေ ခေါ်ယူခဲ့သည်။ စလေဒင်မှာ လွှတ်တော် ခန်းမဆောင်၌ ညဉ့်အိပ်နားနေလျက် ရှိ၏။ ဤအတိုင်းသာ နန်းတော်တွင်း၌ တံခါးမရှိ ဓားမရှိ ဖြစ်နေပါက အင်္ဂလိပ်စစ်သားများ ဝင်ရောက်လာပြီး မိမိတို့အသက်ဘေးအတွက် လုံခြုံမှု ကင်းမဲ့လာမည့် အဖြစ်ကို ဘုရင်မင်းမြတ်က စိုးရိမ်တော်မူလေသည်။



စလေဒင်သည် နန်းတော်အဆောင်များ အတွင်းရှိ ထိတ်လန့်ဖွယ် အခြေအနေကို မျက်မြင်ကိုယ်တွေ့ ဖြစ်သွား၏။ ထို့ကြောင့် 'ဟမ့်ရှာရာ တပ်ရင်း' ကို ခေါ်ယူလိုက်ပြီး ဘုရင်နှင့် မိဖုရားတို့ စံမြန်းနေရာ အဆောင်တော်ကို အပြင်မှ ကာကွယ် ဝန်းရံထားရန် အမိန့်ပေးထားလိုက်သည်။ အရှင်နှစ်ပါးနှင့် မယ်တော် ဆင်ဖြူမရှင်တို့မှာ အဆောင် အသီးသီးဝယ် မိမိတို့ ပိုင်ဆိုင်သော အဖိုးတန် ရတနာများကို ထုပ်ပိုး စုဆောင်း သိမ်းဆည်းလျက် ရှိကြ၏။ မိမိ၏ လက်သုံးတော် အမှုထမ်းများ သာမက ဝန်ကြီးအချို့ကပင် စွန့်ခွာသွားခြင်း ခံနေရပြီဖြစ်သော သီပေါဘုရင်သည် စိတ်တိုလျက် ဆိုသံ မိန့်သံတို့မှာ ခက်ထန် မာကျောလျက် ရှိ၏။ ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ် စည်းစိမ်ဥစ္စာ၊ မင်းချမ်းသာကား ယခုအခါ ဘာမျှ မဟုတ်တော့ပြီကို နောက်ဆုံးအချိန်တွင် ဘုရင်မင်းမြတ် ကြုံတွေ့ နားလည်နေရပြီ။

သယ်ဆောင်သွားဖွယ်ရာ ပစ္စည်းအဝဝကို ထုပ်ပိုး ပြင်ဆင်ပြီးသော အခါတွင် ဥယျာဉ်တော် အတွင်းရှိ နွေရာသီစံနန်းတော်၌ အရှင်နှစ်ပါး ထွက်ကြွ စံမြန်းလျက် ရှိ၏။ မင်းမိဖုရားတို့နှင့် အတူ လိုက်ပါကြမည် ဖြစ်သော သစ္စာရှိ အမှုထမ်းအချို့လည်း အရှင်နှစ်ပါးနှင့် အတူ ရှိနေကြလေသည်။

ထိုအချိန်တွင် ယမန်နေ့က မန္တလေးဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့သော 'သူရိယ' သင်္ဘောမှာ ပါတော်မူ မင်းမိဖုရားတို့ကို သယ်ဆောင်သွားရန် အဆင်သင့် ဖြစ်နေ၏။ ဤအစီအစဉ်ကို အပူတပြင်း လုပ်ဆောင်နေကြသည်။ အကြောင်းမှာ အရှင်နှစ်ပါးကို သယ်ဆောင်သွားရန် နှောင့်နှေး ကြန့်ကြာခြင်း မရှိလို၍ ဖြစ်၏။ သီပေါဘုရင် နေပြည်တော်၌ ရှိနေတော့မှသာလျှင် နိုင်ငံတော်၌ တည်ငြိမ် အေးချမ်းစွာ အုပ်ချုပ်နိုင်မည်ဟု ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်က ယူဆထားပေသည်။ သည်တော့ သူ့အား ပြဿနာတက်မည့် ကိစ္စမျိုးကို ရင်မဆိုင်လို၊ ဘုရင်တို့ ပေါ ခေါ်မှ... ခေါ်သွားမှ...။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ယမန်နေ့ကလိုပင် သင်္ဘောမှ ဗြိတိသျှတပ်သားများသည် ဘင်ခရာအဖွဲ့က ရှေ့ဆောင်လျက် နန်းတော်သို့ တစ်ဖန် ချီတက် လာခဲ့လေသည်။

သီပေါဘုရင်မင်းမြတ်သည် နေပြည်တော်ကို စွန့်ခွာရတော့မည့် အချိန်သို့ ရောက်နေလေပြီ။

ဗြိတိသျှတပ်ဦးသည် နန်းတော် အရှေ့တံခါး၏ အပြင်ဘက်တွင် ရပ်လိုက်၏။ ဤနေရာတွင် ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်နှင့် သူ့အရာရှိများသည် ကာနယ်စလေဒင် ထံမှ သတင်းစကားကို စောင့်နေသည်။ ဘုရင်မင်းမြတ် လက်နက်ချ အညံ့ခံသည့် အခမ်းအနားနှင့် ပတ်သက်၍ စလေဒင်က အကြောင်းကြားမည် ဖြစ်သည်။ စလေဒင် ထံမှ သတင်းစကားမှာ တော်တော်နှင့် မလာ၊ ကြာညောင်းလှသည်။

ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်နှင့် သူ့တပ်သားများမှာ နေမွန်းတည့်ချိန် အထိ စောင့်ဆိုင်းနေကြသည်။ နောက်ဆုံးတွင်မှ စလေဒင် ရောက်လာ၏။ ဘုရင်မင်းမြတ်က နောက်တစ်ရက် ဆက်လက် နေထိုင်ခွင့်ပြုရန် တောင်းဆိုကြောင်းကို စလေဒင်က ပရင်းဒါးဂတ်စ်ကို ပြောကြားလေသည်။ ပရင်းဒါးဂတ်စ်က ခေါင်းခါပြ၏။ သူသည် ဘုရင်မင်းမြတ်၏ အလိုဆန္ဒကို မလိုက်လျောနိုင်ပေ။ စလေဒင်သည် မကြာခင် နန်းတွင်းသို့ ပြန်ဝင်သွားလေ၏။

နန်းတော် ပြင်ပမှ စစ်သားတွေလည်း နေပူထဲမှာ စောင့်ဆိုင်းနေကြရပြန်သည်။

နောက် စလေဒင်သည် နန်းတွင်းမှ ပြန်ထွက်လာပြီး ဘုရင်မင်းမြတ်သည် ဂျင်နရယ်ပရင်းဒါးဂတ်စ်ကို လက်ခံ တွေ့ဆုံမည်ဟု ပြောလေ၏။ ဤတွင် ဟမ့်ရှာရာ တစ်ရင်းသည် နန်းတော်တွင်းသို့ ချီတက်သွား၏။ တစ်ရင်းသည် ညီလာခံ ခန်းမဆီ အထိ ချီတက်သွားပြီး မျက်နှာချင်းဆိုင် စီတန်း၍ ရပ်နေကြရသည်။ ဗိုလ်ချုပ်ကြီး ပရင်းဒါးဂတ်စ်



နှင့် သူ့အဖွဲ့သည် ဝန်ကြီးများ လိုက်ပါလျက် ဥယျာဉ်တော် အတွင်းရှိ နွေရာသီ စံနန်းရှိ ဘုရင်မင်းမြတ် ထံသို့ သွားကြသည်။

ဘုရင်မင်းမြတ်သည် နွေရာသီ စံနန်းတော်ရှိ ဝရန်တာတွင် စံမြန်းလျက်ရှိသည်။ ဘုရင်မင်းမြတ်နှင့် အတူ စုဖုရားလတ်မိဖုရားနှင့် မယ်တော် ဆင်ဖြူမရှင်လည်း ရှိနေသည်။ သူတို့ နောက်ပါးတွင် အပျိုတော်များ ထိုင်နေကြ၏။

ပရင်းဒါးဂတ်စ်သည် ရှေ့တော်သို့ ရောက်သည်နှင့် ဘုရင်မင်းမြတ်ကို ဦးညွှတ်၍ အလေးပြုလိုက်ပြီး မိမိ၏ လက်တစ်ဖက်ကို ဘုရင်မင်းမြတ်ထံ ကမ်းပေးလိုက်သည်။ ဘုရင်မင်းမြတ်ကို လက်ဆွဲ နှုတ်ဆက်ရန် ကမ်းလာသော ပရင်းဒါးဂတ်စ်၏ လက်မှာ မကြာမီ ပြန်ရုပ်သွားပြီး လက်ပိုက်ထားလိုက်၏။ ဤဖြစ်ရပ်ကို ဝန်ကြီးများက မြင်ဟန်မရှိချေ။ အကြောင်းမှာ ဝန်ကြီးများသည် ကြမ်းပြင်တွင် ပြားပြားဝပ်မှ ခြေတော် ဦးခိုက်နေကြရ၍ ဖြစ်၏။

သီပေါဘုရင်မင်းမြတ်နှင့် ပရင်းဒါးဂတ်စ်တို့၏ အကြားတွင် စလေဒင်က စကားပြန်အဖြစ် ဆောင်ရွက်ရသည်။ ဘုရင်မင်းမြတ် တောင်းဆိုသည်မှာ မိမိနှင့် မိမိ၏ နောက်လိုက် နောက်ပါတို့၏ အသက်အန္တရာယ် လုံခြုံရေးပင် ဖြစ်၏။

နောက်ထပ် ဘုရင်မင်းမြတ်က မိန့်ဆိုသည်မှာ မိမိနှင့် မိမိအဖွဲ့အတွက် လမ်းခရီးတွင် လုံခြုံရေးဖြစ်သည်။ စလေဒင်က ဘုရင်မင်းမြတ်အတွက် သူရိယသင်္ဘောကို အဆင်သင့် ထားပြီးလျှင် သင်္ဘောသို့ သွားရာ ခရီးအတွက် မိမိ၏ တပ်သားတို့က ခြံရံ လိုက်ပါမည် ဖြစ်ကြောင်း ဖြောကြားလေသည်။

ထို့နောက် မေးခွန်းတစ်ရပ် ပေါ်ပေါက်လာ၏။ ဘုရင်မင်းမြတ်နှင့် အတူ ဝန်ကြီးများထဲက ဘယ်သူတွေ လိုက်ပါမည်နည်း ဆိုသော ပြဿနာဖြစ်သည်။ ခြေတော် ဦးခိုက်လျက် ပြားပြားဝပ်နေကြသော ဝန်ကြီးများသည် ထိုကိစ္စကို အချင်းချင်း တီးတိုး မေးခေါ် ပြောကြားနေ

www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ဘုရင်နှင့် လိုက်ပါမည့်သူ ဟူ၍ မရှိသလောက် ဖြစ်နေ၏။ ခဏကြာတော့မှ တိုင်တားမင်းကြီးသည် ခေါင်းမော့လာပြီး ဘုရင်မင်းမြတ်နှင့် အတူ မိမိ လိုက်ပါမည်ဟု ကြေညာ လျှောက်တင်လေ၏။

သီပေါဘုရင်က သူ့ ဝန်ကြီးတွေ၏ သဘောကို စနည်းနာရင်း ထင်းဝန်မင်းကြီးကော မလိုက်ပါတော့ဘူးလားဟု မေးနေ၏။ ကင်းဝန်မင်းကြီးကား ဘုရင်နှင့် လိုက်ပါရန် ဆန္ဒမရှိ။ သူ့ အနေဖြင့် ဆောင်ရွက်ဖွယ်တွေ ရှိသေးသည်။ ထို့ကြောင့် ချက်ချင်း အဖြေမပေးနိုင်။ အတော်ကြာမှ 'လိုအပ်သည် ဆိုလျှင်တော့ မိမိသည် ဘုရင်မင်းမြတ်နှင့်အတူ လိုက်ပါမည်' ဟု လျှောက်တင်လိုက်၏။ ဘုရင်မင်းမြတ်သည် စိတ်လက်မချမ်းမသာ ဖြစ်သွားသည်နှင့် သူ့ ဝန်ကြီးတွေကို နောက်ထပ် ဘာမျှ မပြောတော့ချေ။

နေမွန်းတိမ်းပြီ။

သို့သော် နွေရာသီ စံနန်းတော်မှ ဘုရင်မင်းမြတ်နှင့် မိဖုရား ခြွေရံသင်းပင်းတို့သည် တစ်စုံတစ်ရာ လှုပ်ရှားခြင်း မရှိကြသေး။ ပရင်းဒါးဂတ်စ်သည် စိတ်မရှည်ဟန်ဖြင့် လက်ပတ်နာရီကို ကြည့်၏။ ထို့နောက် ဆောင်ရွက်ဖွယ်တို့ကို မြန်မြန်လုပ်ရန် စလေဒင်ထံ လှမ်း၍ သတိပေးလေသည်။ သီပေါဘုရင်က အချိန် အနည်းငယ် ထပ်ပေးရန် တောင်းဆိုသည်။ သို့သော် မရတော့ပြီ။ ဆောင်ရွက်ဖွယ်တို့အတွက် နောက်ထပ် ၁၀ မိနစ်သာ အချိန်ရတော့မည် ဖြစ်ကြောင်း စလေဒင်က ပြောလေ၏။ ပရင်းဒါးဂတ်စ်နှင့် သူ့အဖွဲ့လည်း ထိုနေရာမှ ပြန်လည် ထွက်ခွာလာကြ၏။ သို့သော် အစောင့်တပ်သားတို့မှာမူ နေမြဲအတိုင်း ရှိနေခဲ့ကြ၏။

နောက်ဆုံးတွင် 'ထွက်တော်မူ နန်းက ခွာရန်' အချိန်သို့ ရောက်လာပြီ။ ဘုရင်မင်းမြတ်နှင့် အတူ မိဖုရား စုဖုရားလတ်သည် လည်းကောင်း၊ စုဖုရားလတ် မယ်တော် ဆင်ဖြူမရှင် မိဖုရားသည် လည်းကောင်း လိုက်ပါလာ၏။ သူတို့နောက်မှ အပျိုတော် အနည်းငယ်နှင့် မိန်းမငယ်ကလေးများ လိုက်လာကြသည်။ အပျိုတော်ကလေးများသည် လက်ဝတ် ရတနာ



များကို ဝတ်ဆင်လျက်၊ အချို့က ပန်းပန်လျက်၊ သူတို့ လက်ထဲတွင် သူတို့ပိုင် ပစ္စည်းဥစ္စာ အချို့ကို ထုပ်ပိုးထားသော အထုပ်ကလေးများ ကိုယ်စီနှင့် သူတို့အရှင် ဘုရင့် နောက်မှ ထက်ကြပ်မကွာ လိုက်ပါကြပြီး နန်းတော်၏ အဆောင်အသီးသီးကို ဖြတ်သန်းလာကြပေသည်။

ဘုရင်နှင့် မိဖုရားသည် ညီလာခံ ခန်းမသို့ ဝင်ပြီး သီဟာသနပလ္လင်ရှေ့တွင် ခေတ္တရပ်လိုက်သည်။ တောက်ပြောင် ဝင်းလက်သော၊ ရုလစ်မွန်းချွန်တို့နှင့် လက်ရာမြောက်လှသော၊ ပန်းပုလက်ရာ၊ ဟင်္သာ ဖြဒါးရောင် တောက်နေသော၊ ယွန်းအနုပညာ ယင်းတို့ဖြင့် ပြီးသော ဤ ရွှေနန်းပလ္လင်ကိုဖြင့် နောက်တစ်ကြိမ် ပြန်လည် ရှုမြင်ခွင့် ရတော့မည် မဟုတ်ပြီ။

ငယ်ရွယ်သေးသော ဘုရင်နှင့် မိဖုရားတို့သည်၊ သည် ပလ္လင်ရှုခင်းကို တဝကြီး ရှုကြည့်နေလေသည်။ သူတို့ အနီးတွင်ကား ဆင်ဖြူမရှင် မိဖုရားအိုကြီး ရပ်နေသည်။ ဤတဒင်္ဂဝယ် ဆင်ဖြူမရှင်သည် ဘာတွေးနေပါလိမ့်။ မိမိ ဆင်ခဲ့သော ဇာတ်သည် ဇာတ်သိမ်းခန်း မကောင်း ဖြစ်ရှာပြီကို တွေးနေလေမလား။

ကာနယ်စလေဒင်က သတိပေးနေ၍ သူတို့သည် အင်္ဂလိပ်စစ်သားများ စီတန်းနေသည့်ကြားမှ အရှေ့တံခါးဆီသို့ ထွက်ကြလာလေ၏။ သူတို့နောက်တွင် ဝင်လုဆဲဆဲ နေရောင်သည် နန်းတော်ကို ဖြန့်ကြက်မိုးကာရင်း ကျန်ရစ်ခဲ့၏။ မိနစ် အနည်းငယ်ကြာလျှင် ဘုရင်နှင့် မိသားစုသည် နန်းတော်တံခါးကို ဖြတ်ကျော်၍ အပြင်ဘက်သို့ ထွက်ခဲ့ကြလေသည်။

ဘုရင်မင်းမြတ်နှင့် မိဖုရားတို့ကို မြစ်ဆိပ် ဆီသို့ သယ်ဆောင်သွားရန် ဆေးရုံများတွင် သုံးသော လူနာတင် ထမ်းစင်များကို အသင့်ထားရှိ၏။ သို့သော် သီပေါဘုရင်သည် ထိုထမ်းစင်များကို ကြည့်ပြီး ယင်းတို့ကို အသုံးပြုရန် ခေါင်းခါလေသည်။ အမှန်ဆိုတော့ ဤထမ်းစင်များကို အသုံးပြုရန် စီစဉ်သူကို အပြစ်တင်သင့်သည် မှန်ပါ၏။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မင်းမြတ်နှင့် မိဖုရားတို့ကို လေးမိုင် ခရီးကွာသော သူရိယသဘော်ရှိရာ ဆိပ်ကမ်းသို့ ခြေလျင် ခေါ်ဆောင်သွားရန် မဖြစ်နိုင်ပါ။ မြန်မာဘုရင်များသည် ခြေလျင် ကြွလှမ်းခြင်းအမှုကို ပြုရန် ခဲယဉ်းကြသည် ဖြစ်ရာ ယာဉ် တစ်စုံတစ်ရာ မပါဘဲ သူတို့ကို လေးမိုင်ခရီးသို့ ခေါ်ဆောင်ရန်မှာ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်။

တော်ပါသေး၏။ နွားဆွဲသော ဗီရိုလှည်း တစ်စီးကို ရှာဖွေရလာသည်။ သည်တော့မှ ဘုရင်နှင့် မိဖုရားတို့ လှည်းပေါ် တက်ကြသည်။ ဘုရင်နှင့် မိဖုရားတို့ နောက်မှ ခြွေရံသင်းပင်းများ လိုက်ပါကြသည်။ သူတို့ကို ဗြိတိသျှ အစောင့်တပ်များက ဝန်းရံလိုက်ပါ၏။ ဘင်ခရာအဖွဲ့သည် မြိုင်မြိုင်ဆိုင်ဆိုင် တီးလျက် မှတ်လျက် မကြာမီ ခရီး စတင်ထွက်ခွာရလေသည်။

ဘုရင်နှင့် အဖွဲ့သည် မြို့တော်၏ တောင်တံခါးဘက်သို့ ဦးတည်၍ ထွက်ခွာလာ၏။ သဘော်ဆိပ်သို့ ချီတက်လာကြသော တပ်ဖွဲ့မှာ ခပ်ဖြည်းဖြည်းပင် သွားကြသည်။ လမ်းတွေကလည်း ဆိုးလှစွာ၏။ ဗီရိုလှည်းကို အစောင့်တပ်သားတို့က ကပ်၍ လိုက်ပါရသည်။ အမှန်ဆိုသော် ဤသို့ ကာကွယ်မှုပြုရသည်မှာ အပိုလိုဖြစ်နေသည်။ အကြောင်းမှာ အန္တရာယ်ပြုဖွယ် အစုအဝေး ဆို၍ ဘာမျှ မတွေ့ရ။

နှစ်မိုင်မျှ ခရီးနှင်ပြီးသော အခါ၌ကား ဘုရင်နှင့် မိဖုရားတို့ကို ဝိုင်းဝန်း ကြည့်ရှုကြသူများ ပို၍ များလာ၏။ အချိန်ကလည်း အမှောင်ဘက်သို့ နီးနေပြီ။ ထိုအခါတွင် ပရင်းဒါးဂတ်စ်နှင့် စလေဒင်တို့သည် တစ်စုံတစ်ရာကို တွေးတော၍ ထိတ်လန့်လာကြ၏။ ရုတ်ရုတ်သဲသဲဖြစ်ဖွယ် အခြေအနေများ တွေ့လာရလေမလား သူတို့ စိတ်ပူကြသည်။

စုဖုရားလတ်မိဖုရားသည် မိမိကိုယ်ကို မိမိ ထိန်းသိမ်းနိုင်စွမ်းရှိကြောင်း ပြသခဲ့သည်။ တစ်ကြိမ်တွင် ဗီရိုလှည်း ပြတင်းပေါက်ဝမှ စုဖုရားလတ် မိဖုရား၏ခေါင်း ပြူထွက်လာ၏။ သူ့ လက်ထဲ၌ ဆေးပေါ့လိပ် တစ်လိပ် ကိုင်ထားလျက်က ဆေးလိပ်ညှိရန် မီးခြစ် တောင်းနေသည်။



သူ့ လှည်းဘေးမှ လိုက်ပါလာသော စစ်သားတွေက မိဖုရားကို လှမ်းကြည့်နေစဉ် စစ်သားတစ်ဦးက သူ့တွင် ပါလာသော မီးခြစ်ကို သွားပေးလိုက်၏။

ပြုံးရယ်နေသော မိဖုရားသည် အင်္ဂလိပ်စစ်သား ထံမှ ရရှိသော မီးခြစ်ဖြင့် ဆေးပေါ့လိပ်ကို မီးညှိ၏။ အင်္ဂလိပ်စစ်သားကား ကြွားမည်ဆိုလျှင် ကြွားနိုင်ပေပြီ။ သူတို့ အင်္ဂလိပ်စစ်သားတို့က ရယ်စရာအနေဖြင့် 'ဆွပ်ပလိပ်' (ဟင်းချိုပန်းကန်) ဟု မပီမသ ခေါ်ခဲ့သော မိဖုရားစုဖုရားလတ်အား ဆေးပေါ့လိပ် မီးညှိရန် မီးခြစ် ပေးခဲ့ရသည်ကို ဂုဏ်ယူ၍ ပြောလိုလျှင် ပြောနိုင်ပြီ။

တပ်ဦး၏ ရှေ့တွင် သဘော်၌ ထွန်းညှိထားသော မီးထိန်ထိန်ကို မြင်ရ၏။ ချီတက်နေသော စစ်သားတို့၏ ခြေလှမ်းများက ပို၍ မြန်လာသည်။ နံနက်ချိန်က စ၍ တစ်နေ့လုံးလိုလို နေပူကျဲကျဲတွင် သူတို့ ရပ်ခဲ့သည်။ သူတို့ ယခုအခါ၌ စဉ်းစားနေသည်မှာ ဟာနေသော ဝမ်းဗိုက်ကို ဖြည့်ဖို့ စားစရာ သောက်စရာပင် ဖြစ်၏။ ခြေလှမ်း မြန်မြန် လှမ်းနေသော သူတို့ကို ကိုက်၁၀၀ ခန့်မျှသာ ရှိသော ခရီး၌ ပို၍ မြန်မြန် လှမ်းရအောင် ဘင်အဖွဲ့က ခပ်သွက်သွက် တီးပေးနေသည်။

ဗီရိုလှည်း နောက်က ခြေလျင် လိုက်ပါနေသော အပျိုတော်ကလေးများမှာ မပြုံးရယ်နိုင်ရှာပါ။ သူတို့မှာ မောပန်းနွမ်းလျနေပြီး တစ်ကိုယ်လုံး ဖုန်အလိမ်းလိမ်း ကပ်နေကြ၏။ သို့သော် သူတို့ စိတ်ဓာတ်မကျကြပါ။ ပြီးတော့ တစ်ဦးနှင့် တစ်ဦး လက်တို့၍ အားပေးရင်း သဘော်မီးရောင်များ ဆီသို့ လက်ညှိုး ထိုးနေ၏။

သဘော်ပေါ်သို့ ရောက်သောအခါတွင် သူတို့လည်း ပြည့်ပြည့်ဝဝ အနားယူနိုင်ကြမည် ဖြစ်ပေ၏။

နောက်ဆုံးတွင် တပ်ဦးသည် ဆိပ်ကမ်း ရောက်သည်နှင့် မြစ်ကမ်းနံဘေးတွင် ရပ်လိုက်သည်။ ဗီရိုလှည်းသည်လည်း သူရိယသဘော်ကို ချက်နှာချင်းဆိုင်လျက် ရပ်လိုက်၏။ ဗီရိုလှည်းပေါ်မှ ဘုရင်နှင့် မိဖုရား

www.burmeseclassic.com

www.burmeseclassic.com



တို့သည်လည်း ဆင်းလာကြသည်။ စစ်သားများ စီတန်းရပ်နေသည့် နောက်တွင် သီပေါဘုရင်နှင့် စုဖုရားလတ် မိဖုရားတို့ကို ကြည့်လို မြင်လို သူတွေ စုစုဝေးဝေး ဖြစ်နေ၏။ ဘုရင်နှင့် မိဖုရားတို့ နန်းတော်တွင်း၌ ရှိစဉ်က မော်ဖူးခွင့်မှ မရကြရှာသော စည်းကမ်းအသွယ်သွယ်ကို ယခုတော့ သူတို့ မေ့ထားနိုင်လိုက်ကြပြီကိုး။

ဘုရင်မင်းမြတ်နှင့် အဖွဲ့သည် နောက်ထပ် ဘာလုပ်ရဦးမလဲဟု ဝေခွဲမရ ဖြစ်ကာ ခေတ္တ နားနေလိုက်ကြသည်။

ထို့နောက် သူတို့ကို သူရိယသင်္ဘော ဆီသို့ ဆင်းစေ၏။

သီပေါဘုရင်သည် သင်္ဘောပေါ်သို့ တက်ရာတွင် ကျဉ်းမြောင်းလှသော ကုန်းပေါင်ပေါ်သို့ ဘုရင်မင်းမြတ် ခြေလှမ်းသည်နှင့် တစ်ပြိုင်နက် သူ စိုးစံ ပိုင်ဆိုင်ခဲ့သော မြန်မာနိုင်ငံ၏ မြေပထဝီကို တစ်ခါတည်း သူ စွန့်လွှတ်ပြီး ဖြစ်သွားပြီ။ မန္တလေးနေပြည်တော်ရှိ လူအများသည် မှောင်ရိပ်မှ နေ၍ နောက်ဆုံး မြင်ရသော ဘုရင်မင်းမြတ်ကို ကြည့်နေကြသည်။ မကြာမီ သူတို့သည် ထိုနေ့ ဖြစ်ရပ်များကို တစ်ယောက်တစ်ပေါက် ပြောဆိုကြရင်း အိမ်သို့ ပြန်သွားကြ၏။

သူရိယ သင်္ဘောပေါ်ရှိ အခန်းကျယ်ကြီးကို ဘုရင်နှင့် သူ့ အခြွေအရံများအတွက် သတ်မှတ်ပေးထားသည်။

အချိန်သိပ်မဖြုန်းလိုသည် ဖြစ်ရကား သူရိယသင်္ဘောမှ ကုန်းပေါင်များကို သိမ်းပြီးနောက် သင်္ဘောဆိုင်းကြိုးများကို ဖြုတ်လျက် သင်္ဘောသည် ဆိပ်ကမ်းမှ ခွာခဲ့လေသည်။ ထိုနေ့ညအဖို့ သင်္ဘောသည် ရေလယ်တွင် စခန်းချ ရပ်နားထားမည် ဖြစ်၏။

နောက်တစ်နေ့ နံနက် အရုဏ်လာသည်နှင့် သင်္ဘောသည် ကမ်းမှ ခွာလေသည်။ သင်္ဘောပေါ်တွင် ဘုရင်မင်းမြတ်ကို စောင့်ကြပ် လိုက်ပါလာသော စစ်သားများသည် မန္တလေးနေပြည်တော်ကို နောက်ဆုံး နှုတ်ဆက်သော အကြည့်ဖြင့် ကြည့်ကြသည်။ တချို့က ဝမ်းသာအားရ အော်ဟစ်နေကြသည်။ သူတို့သည် စစ်ဆင်ရေးတစ်ခုတွင် ပါဝင်ခဲ့ပြီး



ယခု ဘုရင်မင်းမြတ်နှင့် မိဖုရားတို့ကို သုံ့ပန်းများအဖြစ် ဖမ်းဆီးပြီး လာခဲ့ကြပြီ။ သည်အကြောင်းတွေကို နောက်ပိုင်းရှိ သူတို့ အပေါင်းအသင်းတို့အား ပြောပြရပေဦးတော့မည်။

သင်္ဘော ကုန်းပတ်ပေါ်တွင် လှုပ်လှုပ်ရှားရှား ဖြစ်နေသော အသံများကို ကြားရသဖြင့် စက်ရာမှ နိုးလာသော သီပေါဘုရင်နှင့် မိဖုရားတို့သည် မိမိတို့ အခန်းပြတင်းဝမှ အပြင်သို့ ငေးကြည့်၏။ ရောဝတီမြစ်ထဲတွင် သင်္ဘော စတင် ထွက်ခွာနေပြီကို တွေ့ရသည်။ တရိပ်ရိပ် ကျန်ခဲ့သော အဝေးဆီတွင် မန္တလေးနေပြည်တော်၏ ဘုရားစေတီများ၏ စုလစ်မွန်းချွန်များနှင့် ပြီးသော ပြာသာဒ် ထိပ်ဖျားများကို လှမ်း၍ မြင်နေရလေသည်။ ထွက်ပြူစ နေမင်းသည် ဝင်းလက် တောက်ပလျက် ရှိသည်ကိုလည်း တွေ့ရ၏။ ဤရှုခင်းသည်ကား မိမိတို့ စိုးစံခဲ့သော ရတနာပုံနေပြည်တော်ဟု တင်စား ခေါ်ဝေါ်ခဲ့သည့် မြို့တော်ကို နောက်ဆုံး ရှုမြင်ခွင့် ရခြင်းပင် ဖြစ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com

## လိုက်ကာချ ဇာတ်သိမ်းသောအခါ

ဗြိတိသျှတို့၏ မြန်မာနိုင်ငံ တစ်ဝန်းကို သိမ်းကျုံး အုပ်စိုးရေး လုပ်ငန်းမှာ လွယ်ကူလှသည်တော့ မဟုတ်ပေ။ မန္တလေးနေပြည်တော်မှာပင် ဖရိုဖရဲ နှင့် ဆူပူ လှုပ်ရှားမှုများကို တွေ့ကြုံခဲ့ရသည်။ သူခိုး ဓားပြတို့ အလွန် အမင်း ထကြွလာသည်။ သီပေါဘုရင် လက်နက်ချ အညံ့ခံသော ညမှာပင် လူဆိုး သူခိုးတို့သည် အတုမရှိ စေတီတော်မြတ် ရုပ်ပွားတော် နဖူးတွင် တပ်ဆင်ထားသော 'စိန်' ကြီးကို ဝင်ရောက် ခိုးယူသွားကြ၏။ စိန်ကြီးမှာ မင်းတုန်းဘုရင်မင်းမြတ် သက်တော်ထင်ရှား ရှိစဉ်အခါက တင်လှူထားခဲ့သော စိန် ဖြစ်သည်။ ဤစိန်ကြီးကို အခိုးခံရခြင်းနှင့် ပတ်သက်၍ တစ်မြို့လုံး လှုပ်ရှားသွားခဲ့လေသည်။

အထက်မြန်မာနိုင်ငံတော်ကို ဗြိတိသျှတို့ သိမ်းကျုံး အုပ်ချုပ်စဉ်ဝယ် အခက်အခဲများကို ကြုံတွေ့ရသည်။ ယင်းတို့မှာ တောတောင် ထူထပ်သော မြို့နယ်ခရိုင် အသီးသီးတွင် ပုန်ကန် ထကြွသူ အသင်းအဖွဲ့များ ပေါ်ပေါက်နေခြင်း ဖြစ်၏။ သီပေါဘုရင်၏ တပ်မတော်သားများ အပါအဝင် ပုန်ကန် ထကြွနေသော ဂိုဏ်းအသီးသီးသည် ကျေးလက် ဒေသများတွင် အုပ်စိုး ထောင်ထားနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မန္တလေးနေပြည်တော်၏ ထွန်းတောက်ချိန်ကား ကုန်ဆုံးခဲ့ပြီ ဖြစ်သည်။ ၁၈၈၆ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ် ဒပ်ဖရင်သည် စာတမ်း တစ်စောင်ကို 'ပြေပေါ်မှာ ရွှေကြော်ငြာ' ထုတ်ဝေလိုက်လေ၏။ ထိုစာတမ်းတွင် အိန္ဒိယဘုရင်ခံချုပ် ဒပ်ဖရင်က ဖော်ပြရာ၌ "တေရီဘုရင်မကြီး၏ အမိန့်အရ ထုတ်ပြန် ကြေညာလိုက်သည်မှာ သီပေါဘုရင် အုပ်စိုးခဲ့သော နယ်မြေအသီးသီးတို့သည် ဘုရင်မကြီး ပိုင်ဆိုင်သော ဒိုမီနီယံ နိုင်ငံတော် အတွင်းသို့ သွတ်သွင်းလိုက်ပြီ ဖြစ်သည်" စသဖြင့် ပါရှိခဲ့လေ၏။

ယခုအခါတွင် မန္တလေးနေပြည်တော်၌ အပြောင်းအလဲ များစွာ ဖြစ်ပေါ်ခဲ့လေသည်။

ဘုရင့် လက်ထက်က ဥပဒေဟောင်းများမှာ ယခုအခါ လုံးဝ ဖျက်သိမ်းပြီး ဖြစ်လေ၏။ အသစ် ပေါ်ပေါက်လာသော စီမံကိန်းအရ ဆင်ဖြူတော်အတွက် နေရာ သီးသန့် မရှိပြီ။ သူ့အတွက် ဆင်နန်းတော်ကို ထားမပေးနိုင်ပါ။ ပြီးတော့ ရွှေစားတော်ခွက်လည်း မပေးနိုင်တော့ပါ။ သူ့အတွက် ပေးထားသော ထီးဖြူနှင့် သူ့ ဘွဲ့ထူး ဂုဏ်ထူးတွေ ဆိုသည်မှာလည်း စိတ်ပြေလက်ပျောက် ကြည့်ရှုရန်မှ လွဲ၍ ဘာမျှ အသုံးမဝင်တော့ချေ။ သူ့အတွက် ပေးစားစရာ ဆိုသည်မှာလည်း ရိက္ခာ သယ်ပို့သော မြည်းတစ်ကောင် ကဲ့သို့ အချိုးကျ ရသမျှ ဝေစုသာ ရှိတော့၏။ ဆင်ဖြူတော်သည် ဘာမှ အသုံးမကျ၊ အရာမဝင်တော့ပြီ ဆိုသော အခါတွင် သူ့အဖို့လည်း သေဖို့သာ ကောင်းတော့၏။ မှန်ပါ၏။ ဆင်ဖြူတော်မှာ မကြာခင် သေဆုံးသွားခဲ့ရှာလေသည်။

ဆင်ဖြူတော်ကို အခမ်းအနား မပါဘဲ သင်္ဂြိုဟ်လိုက်ကြ၏။ သူ့ ရုပ်ကလာပ်ကို သင်္ဂြိုဟ်ရန်အတွက် ထူးထူးခြားခြား ဆို၍ ဘာမျှ ဆောင်ရွက်ပေးခြင်း မရှိကြ။ ကူလီများနှင့် အင်္ဂလိပ်စစ်သားတွေက ဝိုင်းဝန်းပြီး လမ်းပေါ်တွင် တရွတ်တိုက် ဆွဲသွားကြသည်။ ဆင် တစ်ကောင် သေလျှင် မြေကြီးထဲသို့ မြန်နိုင်သမျှ မြန်စွာ မြှုပ်နှံရသည်ဟု အယူရှိ၏။ ထိုအယူတိုင်းပင် ဘာမျှမခြားဘဲ ကျင့်သုံးကြပေသည်။



ကင်းဝန်မင်းကြီး အပါအဝင် ဝန်ကြီးအများစုက အင်္ဂလိပ် လက်အောက်တွင် ဆက်လက် အမှုထမ်းလိုပါသည်ဟု ဆိုကြ၏။ ထို့ကြောင့်ပင် သူတို့ကို လစာရိက္ခာတော် ပေး၍ သင့်တော်ရာ တာဝန်များအား ပေးအပ် ခန့်ထားရသည်။ တိုင်တားမင်းကြီးမှာ သီပေါဘုရင်နှင့် အတူ လိုက်ပါ၍ အိန္ဒိယနိုင်ငံ 'ကပ်တက်' တွင် သွားရောက် နေထိုင်ခဲ့သည်။ နောက်ပိုင်းတွင် ရန်ကုန်မြို့၌ လာရောက် နေထိုင်ခွင့် ရပေရာ ကုန်သည် အလုပ်ဖြင့် အသက်မွေး နေရင်း သူ့ ဘဝသက်တမ်းကို ကုန်ဆုံးခဲ့လေသည်။ သီပေါဘုရင် လက်ထက်တော်က စ၍ ဤလုပ်ငန်းတို့ အနည်းငယ် အစအန ရှိထားပေရာ ယခု တကယ် ကုန်သည် လုပ်ရမည် ဆိုသောအခါ၌မူကား တိုင်တားမင်းကြီးအတွက် 'ရေကန်အသင့် ကြာအသင့်' ဖြစ်သွားလေသည်။

ဗြိတိသျှအစိုးရကား မန္တလေးရွှေနန်းတော် အဆောက်အဦကို အလေးအမြတ်ထားခြင်း မရှိခဲ့ပေ။ မင်းတုန်းဘုရင်၏ စိတ်တိုင်းကျ တည်ဆောက်ခဲ့သော၊ ယွန်း အနုပညာနှင့် ရွှေတို့ဖြင့် မှုန်းခြယ်အပ်သော စုလစ်မွန်းချွန် ပြာသာဒ်အဆောက်တို့ကို ဗြိတိသျှတို့က တန်ဖိုးမထားခဲ့။ နန်းတော်အတွင်းရှိ ညီလာခံခန်းမဆောင်ကို ခရစ်ယာန်ဘုရားရှိခိုးကျောင်း အဖြစ် လည်းကောင်း၊ သီပေါဘုရင် နောက်ဆုံးစံခဲ့သော နွေရာသီ စံနန်းတော်ကို 'အပန်းဖြေကလပ်' အဖြစ်လည်းကောင်း၊ အခြား အဆောင် အသီးသီးကို ကော်မရှင်နာမင်းကြီးနှင့် အခြား အရာရှိ အသီးသီးအတွက် နေအိမ်အဖြစ် လည်းကောင်း အသုံးချလျက် ရှိသည်။ နောက်ပိုင်းတွင်ကား ပြုပြင် မွမ်းမံမှု မရှိသော နန်းတော်အဆောင် အသီးသီးမှာ အဆင်း အရောင် မှေးမှိန်ပြီး ကျိုးပဲ့ ပြိုကျသည်အထိ ဖြစ်ခဲ့ရလေသည်။

သီပေါဘုရင်နှင့် မိဖုရား စုဖုရားလတ်မှာ ရန်ကုန်သို့ ရောက်ရှိပြီးနောက် ပင်လယ်ခရီးအတွက် အခြား သင်္ဘောတစ်စင်းပေါ်သို့ ပြောင်းရွှေ့၍ စီးကြရ၏။ ဘုရင်နှင့် မိဖုရားတို့ လိုက်ပါသော ပင်လယ်ကူး သင်္ဘောသည် အိန္ဒိယပြည်သို့ ဦးတည်လျက် ခုတ်မောင်းသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သင်္ဘောသည် ဘုံဘေကမ်းခြေ၊ ရတနာဂီရိ ခံတပ်တွင် ခရီးဆုံးသည်။ ရတနာဂီရိတွင် နှစ်ပေါင်း ၃၀ ကျော် ကြာမျှ ရှိသော သီပေါဘုရင်၏ နန်းကျပြီး ရက်များတွင် စိတ်သုံ့ပန်းသဘောမျိုး နေထိုင်ခဲ့ရသည်။ သူတို့အတွက် အင်္ဂလိပ်အစိုးရ၏ ကြည့်ရှု ထောက်ပံ့မှုမှာ အနည်းအကျဉ်းမျှသာ ရှိခဲ့သည်။ သီပေါဘုရင်မင်းမြတ်သည် ၁၉၁၆ ခုနှစ်တွင် နတ်ရွာစံကံတော်ကုန်ရှာသည်။ သည့်နောက်တွင် မိဖုရားကြီး စုဖုရားလတ်မှာ အင်္ဂလိပ်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည် နေထိုင်ခဲ့လေသည်။ မိဖုရားကြီးအတွက် အင်္ဂလိပ်အစိုးရ ထောက်ပံ့ခဲ့သော တစ်လငွေကျပ် ၂၅၀၀ မှာ စင်စစ်ဆိုလျှင် များသည်ဟု မဆိုနိုင်ပေ။ မိဖုရားကြီး၏ လက်ရှိ အခြေအနေ အဆင့်အတန်းနှင့် ဆိုပါက မျှတရုံမျှသာ ရှိသည်။ အသက် အိုမင်း ရင့်ရော်လာခြင်းကြောင့် လည်းကောင်း၊ နန်းကျရက် ကြာညောင်းခြင်းကြောင့် လည်းကောင်း မိဖုရားကြီး၏ စိတ်ဓာတ် ကျဆင်းခဲ့ခြင်း မရှိပေ။ မိဖုရားကြီး၏ စိတ်ဓာတ်နှင့် အတူ အပြောအဆို အမူအရာတို့မှာ မာန်နှိမ့်ချခြင်း မရှိ။ ယခင်ကဲ့သို့ပင် ထန်ထန်မာမာ ပြောဆို ဆက်ဆံမှု ရှိခဲ့၏။ မြန်မာအမျိုးသားတို့မှာ မိဖုရားကြီးဘက်မှ ရပ်တည် အားပေးလျက် ရှိကြ၏။ သို့သော် တရားဥပဒေကို ထိပါးနိုင်လောက်သော ဆောင်ရွက်မှု တစ်စုံတစ်ရာကိုကား အစိုးရက မတွေ့ခဲ့ရပေ။

ဤသို့ဖြင့် ရန်ကုန်မြို့တော်၏ ခေတ်မီ အဆောက်အဦ တစ်ခုတွင် စံနေရင်း မိဖုရားကြီးသည် သူ၏ နောက်ဆုံးနေ့များကို ကုန်ဆုံးခဲ့ရလေသည်။ မိဖုရားကြီး နတ်ရွာစံသော အခါတွင် မြန်မာလူထုသည် ခမ်းနားကြီးကျယ်စွာဖြင့် နောက်ဆုံး ဂါဝရပြု၍ သင်္ဂြိုဟ်ခဲ့ကြသတည်း။ ။

●●●

တက္ကသိုလ်စိန်တင်

ရန်ကုန်မြို့၊
၁၉၇၃၊ ဇိဝင်္ဂဘာလ၊

www.burmeseclassic.com